www.burmeseclassic.com

# မဟူရာ

(လှိုင်ကော်)

## ပန်းတို့ဝေသော တောင်တန်းများ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကောင်ကန်းတွေမှာ


မောင် ဟန်းတွေကျိုးချင်တယ် ...

မောင့် ရွှေမင်းသမီးလေး ဖို့ အတွက်

မောင် ဟန်းတော်ကောက်ချင်တာက

ဟန်းတို့ဝေနေတဲ့

ကောင်ကန်းနဲ့ အမျှပါ ဖို ...။





အနုပညာတစ်ခုကို

ခံစားလျှင် ....

နှလုံးသားဆီမှ

မျက်ဝန်းဆီသို့

ကူးစက်ခံစားနိုင်စွမ်းအောင်

ရေးဆွဲနိုင်မှ ....

ထိုပန်းချီကားသည်

အသက်ဝင်သည် ...။

www.burmeseclassic.com


www.burmeseclassic.com

တစ်ခါမှာ ....
မေ့ဖျောက်မရနိုင်အောင်
စွဲလန်း စွဲထင်နေရစေသည့်
အဖြစ်တစ်ခုသည် ....
သာမန်ဖြစ်မနေနိုင်သော
တမ်းတစရာအဖြစ်
တည်ရှိနေတတ်သည်ဆိုတာ ....
နှစ်များစွာခံစားနေရပါသည့်
ခံစားချက်တွေက
သက်သေထူနေချေသည်တည့် ....။

သူ့ကဗျာလေးဆီမှ
အက္ခရာတိုင်းသည်
သူ့ရင်တွင်းဆီမှ
ချစ်ခြင်းများစွာတို့ကို
မို့ နှလုံးသားဆီသို့
ပို့ဆောင်အပ်နှင်းရမည့် တာဝန်ကို
နူးညံ့သိမ်မွေ့သော
ခြေလှမ်းလေးတွေ
လှမ်းနေရင်းဖြင့်
ဖြစ်တည်လာစေလိမ့်မည်ဟု
မို့ ထင်သည့် ....။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှချစ်ခြင်းဆိုသည်က

အရေးအကြောင်းကြုံလာတော့လည်း

ကြာရှည်ဟန်ဆယ်မထားနိုင်ဘဲ

ရှိသွားရချေသည်မို့....

ခေါင်းလေးညိတ်ပြလိုက်မိပြီ....

ထိုခေါင်းလေးတစ်ညိတ်ကို

နှလုံးသားက...

တိုက်တွန်းလိုက်ခြင်းပါတကား...။

မို မြတ်နိုးရသူ၏ လက်

မို့ ကို မြတ်နိုးသူ၏ လက်မှာ

မို့ လက်လေးတွေကို

ထွေးဆုပ်ထားပါစေလေတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့...

မှီသည်...

မောင် ဖန်တီးရာ


ပန်းတို့ဝေသော

တောင်တန်းများ၏

ပန်းတို့၏သခင်

ဖြစ်ရချေသည်တကား...









ရနံ့ဖုံ့ရာ ..
ပွင့်ဖတ်လွှာတို့၊ သင်းထုံညှိ့ဆိုင်း
ပွင့်တံကိုင်းမှာ ပွင့်နေကြတာ
မင်းတွက်ပါကွယ် ..။

ဥယျာဉ်တွင်းမှ ..
ပန်းလွှာလှဝေ့၊ ပေးဆက်ချေလျှင်
နည်းမည်ထင်လျက်၊ တောင်စခန်းဆက်ပြာ
တောင်တန်းပြာတွင် ..
ပန်းပင်ပျိုတွေ၊ မောင် ဖူးနေတာ
မင်းတွက်ပါကွယ် ..။

ဝတ်ရည်မွှေးရှိ
ပန်းလှပျိုများ၊ မောင့်နှလုံးသားတွင်
တောင်တန်းသွင်နှယ် ..
ရောင်စုံခြယ်ပွင့်၊ တောင်စခန်းဆင့်မှ
လှပစွာလေ ..
ချစ်သူ့ကောသာ၊ မင်းကောသာတွက်
ပန်းတော်ဆက်နေ ..
ပန်းတို့ဝေသော တောင်တန်းများ ..။

ပြော် ...
ပန်းတို့ဝေသော တောင်တန်းများ ..။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁)

အုန်းလက်နွားဆိုတာကို အုန်းခြံပိုင်ရှင် ဘဘထံမှ ဓားကို မျက်နှာချိုသွေး၍ ငှားလည်း ငှားသည်။ အုန်းပင်ပျို နိမ့်နိမ့်လေးဆီမှ အုန်းလက်စိမ်းတစ်လက်ကို ဓားဖြင့်လည်း လေးလေးဆွေ ခုတ်ချိုင်ခွင့်လည်း ဆောင်းခဲ့သည်။

ပြီးတော့ကျတော့ အုန်းလက်နွားဆိုတာကိုလည်း အုန်းလက်ရွက်စိမ်းရှည်ရှည်တွေကို ချိုင်၍ အုန်းလက်ခက်ကြီး တစ်ခုပဲကျန်အောင်လည်း လေးလေးဆွေ ပဲ လုပ်ပေးခဲ့သည်တည့် ..။

"ငါတို့ တောမလေ့မှာတော့ကွာ အုန်းလက်နွားလေးဆိုတာမျိုးနဲ့ ကစားကြသကွ ..၊ အလွန်ချစ်စရာကောင်းတဲ့ ဥစ္စာလေး သိရဲ့လား၊ မင်းတို့မြို့ကြီးက သူဌေးသားသမီးတွေလိုတော့ ကားငယ်လေးတွေ၊ ဆိုင်ကယ်ငယ်လေးတွေ၊ စက်ဘီးလေးတွေ အဲသလို ကစားစရာရယ်လို့တော့ ဘယ်ပေါပါ့မလဲ ငါ့လူရာ..၊ ဒီလို အုန်းလက်နွားဆိုတာနဲ့ ရွာထဲမှာ လမ်းပေါ်လဲ ပြေးဆော့သကွ ..၊ ခြံထဲလဲ ပြေးဆော့သကွ .. ဟောဒီ အုန်းလက်အရင်းပိုင်း ကော့တော့တော့နေရာလေးကို ဒီလို ခေါင်းနေရာလေး၊ နွားမျက်စိနေရာ၊ ချိုနေရာလေးတောင် စိတ်လိုလက်



www.burmeseclassic.com

www.burmeseclassic.com



ရှ ယောသလို ဓားဦးချွန်လေးနဲ့ ပုံဖော်လို့တောင် ရသကွ ..၊ တွေ့တယ် မဟုတ်လား၊ ဒါက နွားချိုလေး .. ဒါက နွားမျက်နှာ.. ဒါက နှာခေါင်း.. ဒါက ပါးစပ် .. ရော့ .. စီးပေရော့"

စိတ်ပါလက်ပါကြီးကို လက်စွမ်းပြ၍ အုန်းလက်နွားလေး လုပ်ပေးနေပါသည့် လေးလေးဆွေ လက်ထဲမှ အုန်းလက်ကို မယူသေးဘဲ ခန့်ထည်ဝါ နှာခေါင်းလေးရှုံ့၍ ခေါင်းလေးခါကာ ...

"လေးလေးဆွေ ရဲ့ နွားမျက်နှာက ခန့် နဲ့ မျက်နှာချင်းဆိုင်ကြီး ဖြစ်နေတယ်ဗျ ..၊ နွားဆိုတာ ပြေးရင် ဟိုဘက်ကြည့်ပြေးမှာပေါ့ လေးလေးရ ..၊ ခုဥစ္စာက ခန့် နဲ့ မျက်နှာချင်း တည့်တည့်ကြီးကြည့်ပြီး လည်လိမ်ပြေးသလို ဖြစ်နေတယ်"

အရေးထဲ တိကျနေသည့် ခန့်ထည်ဝါ ကို လေးလေးဆွေ အယ်ခနဲ ဖြစ်သွားရရင်း ခုကျတော့မှ ကိုယ့်လက်ရာ နွားမျက်နှာကို ငုံ့ကြည့်မိရပါသတည်း။ ဟုတ်သည် .. ဒါကတော့ အလွဲအမှား ဖြစ်နေပြီ။ နွားမျက်နှာက ဟိုဘက်မှာ ဖြစ်ရမည်။ အုန်းလက်ကော့ကော့ အရင်းဘက်နေရာ၏ ဟိုမှာဘက် မျက်နှာမှာ ဖြစ်ရမည်။ မတတ်နိုင် .. မျက်နှာကြီးပြုံးတုံးတုံးလုပ်၍ ...

"ငါ့လူပြေးတဲ့အခါ ကိုယ့်နွားမျက်နှာလေး ကြည့်ပြေးလို့ရအောင်ပေါ့ကွ .. ဒါမှ နွားစီးနေတယ်ဆိုတာ ခံစားရမှာပေါ့ ..၊ ဟိုဘက်မှာ မျက်နှာကြီး ငါလုပ်ပေးလိုက်ရင် ငါ့လူ ဘယ်နှယ့်လုပ် မြင်နိုင်ပါ့မလဲ.. နွားမျက်နှာကို .."

"ဟင့်အင်း .. ယုတ္တိမရှိဘူး ..၊ ဒီလို နွားမျက်နှာကိုကြည့်ပြီး စီးတယ်ဆိုတာ မမှန်ဘူးဗျ လေးလေးရ .."

ဟု ပြောတော့ လေးလေးဆွေ ကျွတ်ခနဲ စုတ်သပ်ကာ ဟိုမှာဘက် အုန်းလက်ကော့နေရာမှာ နွားမျက်နှာကို ဓားချွန်းဖြင့် ပုံဖော်ထွင်းရပြန်ပါ၏။ အုန်းခြံပိုင်ရှင် ဘဘကတော့ လေးလေးဆွေ ကို ပြုံး၍





ကြည့်လိုက် .. ကွမ်းလေးမြုံ့ဝါးလိုက်ဖြင့် ငြိမ်ကြည့်နေပါ၏။

"လေးလေးဆွေ ရဲ့နွားက မျက်နှာနှစ်ခုနဲ့နွား ဖြစ်နေပြီ"

ဟု အားလုံးကို ငြိမ်သက်၍ ဘေးမှာ ဆောင့်ကြောင့်လေး ထိုင်ကြည့်နေခဲ့ပြီးမှ .. နွားမျက်နှာ နောက်တစ်ကြိမ် လုပ်ပေးပြီးစီးသွားခါမှ .. ခေါင်းလေးတခါခါဖြင့် ခန့်ထည်ဝါ မှတ်ချက်ချတော့ လေးလေးဆွေ ကျွဲမြီးတိုစပြုလာပုံဖြင့် ...

"ဟော့ ဖိုးခန့် .. စီးချင်သပဆိုရင် စီး .. မစီးချင်လဲ သဘောကွာ၊ ခင့်နှယ် ငါမှာ တကန်တက နွားမျက်နှာကြီး ဓားဦးချွန်လေးနဲ့ သေချာကို ထွင်းပေးရတာကွ"

ဟု ပြောတော့မှ ကိုးနှစ်သား ခန့်ထည်ဝါ မျက်နှာနှစ်ခုနှင့် အုန်းသက်နွားကို ကောက်၍ စီးချေသတည်း။ ထိုအခါကျတော့မှပဲ လေးလေးဆွေ လည်း မျက်နှာ သာယာလာပါသည့်အဖြစ် ..။

အုန်းခြံပိုင်ရှင် ဘဘကို ကျေးဇူးတင်စကားပြောကာ လေးလေးဆွေ ဓားကို ပြန်အပ်သည်။ ပင်လယ်ကမ်းခြေဘက်ဆီသို့လည်း ခန့်ည်ဝါ ကို ခေါ်လာခဲ့ပါ၏။

ကမ်းခြေ သဲပြင်ရှည်လျားလျားဆီမှာဖြင့် စက်ဘီးအပျော်စီးနေကြသူတွေ .. ရေချိုးနေကြသူတွေ .. လမ်းလျှောက်နေကြသူတွေဖြင့် ည်နေပြီ။ ကလေးတချို့ကျတော့လည်း ပြေးလွှားဆော့နေကြသည်။ ချို့ကျတော့လည်း သဲဖြင့် အိမ်လေးတွေ ဆောက်နေကြတာလည်း သည်။

ဒါပေမယ့် သဲသောင်ပြင်ကမ်းခြေမှာ မျက်နှာနှစ်ခုဖြင့် အုန်းလက်ားဆိုတာကြီးကို ခွစီး၍ ဟန်ကျနေသည့်သူဆိုရင်တော့ဖြင့် ခန့်ထည် တစ်ယောက်ပဲ ရှိနေပါ၏။ ကလေးတွေက အားတကျကျဖြင့် မက်ာစွာ အုန်းလက်နွားဆိုတာကို တကြည့်ကြည့်ဖြင့် ကြည့်ကြည့်နေကြတော့မှ လေးလေးဆွေ မျက်နှာကြီး လန်းလာရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်မဟုတ်လား .. ငါ့အုန်းလက်နွား ဘယ်လောက် မျက်နှာပန်းပွင့်လိုက်သလဲ ..၊ ဟိုစက်ဘီးစီးနေတဲ့ ကောင်လေးတွေ ကောင်မလေးတွေ ငါ့အုန်းလက်နွားကို လိုချင် စီးချင်နေကြပြီ .. တွေ့ လား"

"အံမယ် ခန့် ရဲ့ မုန်းလက်နွားပါဗျ ..၊ လေးလေးဆွေ ရဲ့ဥစ္စာ မဟုတ်တော့ဘူး ..၊ ဒါ .. သားပိုင်ပြီ"

ခုကျတော့မှ နွားပိုင်ရှင် လုပ်နေသည့် ခန့်ထည်ဝါ ကို ခေါင်းလေး ထု၍ ...

"စီးပေရော့ .. စီးပေတော့ ...၊ နောက်ကိုလှည့်ကြည့် .. နွားရဲ့ ပြေးလမ်းကြောင်းလေး သဲပေါ်တန်းပြီး ကျန်ခဲ့သကွ ..၊ ရှေ့ကိုဆက် စီး .. လေကလဲ မျက်နှာကို တိုးသကွ ..၊ နွားမျက်နှာလေးလဲ မြင်ရ သကွ"

ဟု ပြောတော့ ဟုတ်တော့ဟုတ်နေသေးသည့် အဖြစ်။ ခန့်ထည်ဝါ တကယ်ပဲ နောက်ကို လှည့်ကြည့်လိုက်တော့ အုန်းလက်နွား၏ အဖျား ပိုင်း နေရာဆီမှ သဲပြင်ကို ဖြတ်မျဉ်းရှည်တစ်ကြောင်းအဖြစ် ရှည်လျား စွာ ထင်းကျန်ခဲ့လျက် ...။ ထိုမျဉ်းကြောင်းရှည်၏ တစ်ဖက်စီမှာဖြင့် ခန့်ထည်ဝါ ၏ ဖိနပ်ချွတ်ခြေရာလေးတွေ ထင်းကျန်နေခဲ့ချေသည် တကား...။

ဟုတ်သည် ...၊ ရန်ကုန်အိမ်မှာ ထိုသို့သော ပျော်စရာ ခံစားမှုမျိုး မရနိုင်။ ဤပင်လယ်ကမ်းခြေမှာမှ ခံစားရခြင်း ...။ ခုလိုကျတော့လည်း ခန့်ထည်ဝါ ပျော်လာသည်။ မျက်နှာ နှစ်ခုပဲရှိရှိ .. အုန်းလက်နွားလေး ကို စီးရတာ ဟန်ကျလာသည်။ ပြေးနေရင်းဖြင့် အုန်းလက်နွား၏ မျက် နှာကိုလည်း မြင်နေရသည်။

လေးလေးဆွေ ပြောသည့်နှယ် ပင်လယ်ကမ်းခြေမှ လေပြင်ကို ဖြတ်ခွင်းပြေးရသည်မို့ လေ၏ အတွန်းအတိုက်ကိုလည်း ခံရသည်။





နဖူးပြင်ပေါ်မှာ ဆံစတို့ ဘာမျှကို ဝဲကျနေရတာမျိုး မရှိအောင်ဘဲ ဆံပင်ပျော့ပျော့ရှည်ရှည်လေးတွေ နောက်ဘက်ကို လန်၍ လွင့်၍ နေတာကို ခံစားနေရတာကိုက ပျော်စရာ့ ပျော်စရာကြီး ဖြစ်နေပါ သတည်း။ လေးလေးဆွေ ကလည်း ဘေးမှ အပြိုင်ပြေး၍ လိုက်လာ သည်က ခန့်ထည်ဝါလေး ၏ ဖိနပ်လေးကို ကိုင်၍ပါ ...။

"ပြေး .. ပြေးကွ .. ဖေ့သားကြီး ပြေးကွ .."

ဟု အုန်းလက်နွားလေးကို ဘေးမှ အပြေးခိုင်းနေသည်ကဖြင့် အသံဝါကြီးဖြင့်ပါ ..။ ခန့်ထည်ဝါ ကလည်း တကယ့်ကို အုန်းလက်နွား ကို ကားယားလေးခွ၍ ကာကီရောင် ဒူးဆစ်ဖုံး ဘောင်းဘီလေးဖြင့် ဘေးကမြှောက်ပေးသမျှ အဟုတ်လုပ်၍ ပြေးနေသည်ပါပဲ။ ပြေး ကောင်းကောင်းနှင့် သဲသောင်ပြင် တပြန့်ရှည်လျားလျားကြီးမှာ ပြေး လာကြလေသမျှ နောက်ဘက်ကို လှည့်ကြည့်တော့ အားလုံးပြတ်ကျန် ခဲ့ပြီ။ စက်ဘီးစီးသူလည်း မရှိတော့ပြီ။ ပြေးသူလည်း မမြင်ရ။ လူရိပ် ပျောက်ကုန်ခဲ့ပြီတည့်။

"ဟေး .. မောသေးသကွ ..၊ ခဏနားကြရအောင် ငါ့လူရေ"

ဟုပြောကာ မောသံ ဟောဟဲလိုက်နေရင်း လေးလေးဆွေ သဲပြင် ပေါ် ဖင်ချထိုင်တော့ အုန်းလက်နွားလေး ဘေးချ၍ ခန့်ထည်ဝါ လည်း လေးလေးဆွေ နှင့် ဘေးချင်းယှဉ်၍ သဲပြင်ပေါ် ထိုင်ချမိရပါသတည်း။

ညနေခင်းတစ်ခု၏ ပင်လယ်ပြင်ရှုခင်းက ရတ်ချည်းပင် သိမ်း ကျုံး ညှို့ငင်လိုက်သည့်နှယ် ရှိသွားရလျက် ငေး၍ ကြည့်နေကြပါသည်။ လေးလေးဆွေ နှင့် ခန့်ထည်ဝါ တို့၏ ခံစားချက်ကလည်း တူတူပဲဖြစ် နေကြပါ၏။

"နေတော့ မဝင်သေးဘူး လေးလေးဆွေ ..၊ သားတို့ ကျောင်းစာ ထဲမှာ သင်ရတဲ့ မိုးကုတ်စက်ဝိုင်းဆိုတာ ဟိုးက ပင်လယ်နဲ့ မိုးကောင်း ကင်ထိတဲ့ နေရာပေါ့ လေးလေးရ ..၊ နေက အမြင့်မှာတော့ ရှိနေသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

ကိုးနှစ်သား ကောင်လေးကို မျက်စိစွေ၍ လေးလေးဆွေ ကြည့်လာပါ၏။ အသားဖြူဖြူ ပိန်ပါးပါးနှင့် ဆံပင်ပျော့ပျော့ထူထူလေးတွေနှင့် ရှိပါလေသော ချာတိတ်လေး ..။

"အံ့မယ် .. ငါ့လူက မိုးကုတ်စက်ဝိုင်းတွေ ဘာတွေတောင် ပြောနေတယ်ဆိုတော့ ကြီးလာရင် စာရေးဆရာ ဖြစ်မယ်ထင်တယ်၊ ဒါမှမဟုတ်ရင် ကဗျာဆရာ ဖြစ်မလား မသိဘူး၊ နှစ်ခုစလုံးဖြစ်ရင်တော့ ပိုကောင်းတာပေါ့ကွာ"

လေးလေးဆွေ ကို အကဲခတ်သလို ခန့်ထည်ဝါ ကြည့်လာပါ၏။ တကယ်ပြောခြင်းလား .. ခနဲ့ခြင်းလားဆိုတာကို ခွဲခြားနိုင်ဖို့ ကြိုးစားသည့်အကြည့် ..။

"မိုးကုတ်စက်ဝိုင်းဆိုတာက ခုလိုကြည့်ရင်တော့ ထိနေတာလေးလေး ရဲ့ .. တကယ်တမ်းကျတော့ အဲသလိုမြင်နေရတာဟာ တကယ်မဟုတ်ဘူးတဲ့ .. ဆရာမက ပြောပြတယ်လေ ..၊ ကမ္ဘာကြီးက လုံးတဲ့အတွက် ခုလို မိုးကုတ်စက်ဝိုင်းလို ဥစ္စာမျိုးက ဖြစ်လာရတာ"

"အင်း .. ငါကတော့ မိုးကောင်းကင်ကြီးကြည့်လိုက် .. ပင်လယ်ပြင်ကြီးကြည့်လိုက်နဲ့ ရှီးရှီးပဲရှိနေချိန်မှာ ငါ့လူက မိုးကုတ်စက်ဝိုင်းတို့ ကမ္ဘာကြီးလုံးတာတို့ကို လာပြောနေတော့ ငါ စဉ်းစားမိတယ်ကွ .. ငါ့လူ အတွေးအခေါ်ပညာရှင်များ ဖြစ်လာမလားမသိဘူး၊ အဲဒါတွေကို ငါ့လူလိုမျိုး ခုလိုအချိန်မှာ သတိရတတ်တဲ့သူက အရှားသားကွ ..၊ ငါ့လူလို ကောင်လေး ကောင်မလေးတွေ ဒီအရွယ်ဆိုတာ ဒီနေရာရောက်ရင် အဲဒါတွေ သတိရမနေတတ်ဘူးကွ .. ပျော်နေကြတာ ..၊ မင်းကတော့ကွာ နည်းနည်းလက်တွေ့ကျတဲ့ကောင် ..၊ ငါ့အနှန်းလက်နွားတောင့်မှ မျက်နှာနှစ်ခုနဲ့ နွားဆိုပြီး သဘာဝမကျတာတွေဘာတွေနဲ့ ကဲ့ကဲ့ရဲ့ရဲ့ လုပ်ချင်တဲ့ကောင် .."





လေးလေးဆွေ ဆိုတာက ဒက်ဒီ့ဒရိုင်ဘာဆိုပေမယ့် ရွှေစံအိမ်မှာပဲ တူတူနေရတာမို့ ဦးလေးတစ်ယောက်ပမာပဲ ရင်ထဲမှာ အရင်းအချာနိုင်နေတာတော့ အမှန်ပါ။

ရွှေစံအိမ်မှ ဒေါ်ကြီးခက် ကတော့ဖြင့် လေးလေးဆွေ ကို လူပျိုကြီး ဖြစ်နေပြီဟု ပြောတတ်သည်။ လေးလေးဆွေ က ရွှေစံအိမ်မှာ သီးခြားတန်းလျားငယ်လေးတစ်လုံးဖြင့် နေသူပါ။ စားသည်ကတော့ ဒေါ်ကြီးခက် ၏ လက်ရာတွေပဲ ဖြစ်ပါ၏။

အိမ်မှာက လူများသည်မှ မဟုတ်ချေသည်ပဲလေ..။ ထမင်းချက်အရမ်းကောင်းသည့် ဒေါ်ကြီးခက် ..။ ပန်းခြံလည်း ဂရုစိုက် ကားလည်းမောင်းပေးပါသည့် လေးလေးဆွေ။ ပြီးတော့ .. ဒက်ဒီနှင့် ခန့်ထည်တို့ အားလုံးပေါင်းမှ လေးယောက်ပဲ ရှိကြတာမို့ ဆွေမျိုးသားချင်းပမာ ရှိကုန်ကြရသည်ပါပဲ။ ဒက်ဒီ့ကို ချစ်ကြသည့်နှယ် .. ခန့်ထည် ကိုလည်း ချစ်ကြသည်ပါပဲ။

"ဒက်ဒီက ပြောတယ် .. ဟို မိုးကုတ်စက်ဝိုင်းကြီးရဲ့ တစ်ဖက်မှာ မေမေ ရောက်နေတာတဲ့"

ရုတ်ခနဲ ခန့်ထည်ဝါ ပြောလာတော့ လေးလေးဆွေ မျက်နှာမကောင်း။ ခြောက်နှစ်အရွယ်လေးမှာ အမေဆုံးခဲ့ပါသည့် ခန့်ထည်ဝါ ဆိုတာကို မိတဆိုးလေးအဖြစ် ရွှေစံအိမ်မှ အားလုံးက အသနားပင်ပို၍ ချစ်ကြရသည် မဟုတ်ပါလား။ ခုလည်း အမေကို တမ်းတနေပါသည့် ချာတိတ်ငယ်လေး၏ ပခုံးကို ခပ်ဖြည်းဖြည်း ဖက်လိုက်ကာ ကလေးနှင့် ရောနှော၍ ရင်ထဲဆို့နေရသည်ကလည်း လေးလေးဆွေ ပါ။

"ဟာ .. ငါ့လူ မိုးတွေညို့လာတယ်၊ ပြန်ကြရအောင်"

လှိုင်းတွေ တရိပ်ရိပ် ပြေးတက်လာလိုက် ပြန်ပြေးဆင်းသွားလိုက်နှင့် ရှိနေသည့် ပင်လယ်ပြင်ကြီး၏ ကမ်းစပ်အလှကို ကြည့်နေရာမှ မိုးတွေညို့တက်လာတာကို သတိထားမိရင်း ခပ်လောလောကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောကာ ခန့်ထည်ဝါ ၏ လက်လေးကို ဆွဲထူ၍ ရပ်သည်မို့ အုန်းလက်နွားကို လက်တစ်ဖက်ဖြင့်ကောက်၍ တရွတ်ဆွဲသယ်ခဲ့ကာ လေးလေးဆွေ ဆွဲခေါ်ရာသို့ ပါလာရသည်က ခန့်ထည်ဝါ ပါ..။

"အဲဒါမှ ငါ့ခေါင်းကို မိုးကြိုးပစ်တော့မှာပဲကွာ ..၊ မင့် ဒက်ဒီက တော့ မင့်ကို မိုးမိရမလားဆိုပြီး အပြစ်တင်တော့မှာပဲ"

သားကို အရမ်းချစ်သော ဒက်ဒီအကြောင်း သိတာမို့ လေးလေးဆွေ ညည်းခိုက် ...

"မိုးရွာတော့လဲ ဘာဖြစ်လဲ လေးလေးဆွေ ကလဲ .. မိုးရေထဲ ဆော့ဖို့ဆိုတာ ဘယ်တုန်းကမှ ဒက်ဒီဆီက မရခဲ့တာ .. ခုမှ ရတော့မှာဗျ ..၊ ရုပ်ရှင်ထဲမှာ မင်းသားမင်းသမီးတွေ မိုးရေထဲ သီချင်းဆိုလိုက် .. စကားပြောလိုက်နဲ့ ပြေးလိုက် .. သစ်ပင်အောက်နေလိုက်နဲ့ ရှိကြတာ၊ အဲဒါ လေးလေးဆွေ ပဲ ကြည့်ကောင်းတယ်ဆို"

"အဲဒါက ရုပ်ရှင်ကွ ..၊ ဒါက .. မိုးမိတာ .. ဟိုဟာက မိုးမိတာ မဟုတ်ဘူး၊ ဟိုတယ်က လှမ်းတယ်ကွ ..၊ ခုကွတော့ နင်းပြီ .. တွင်းနက်နက်ကို နင်းပြီ၊ ငါတော့ ခြေတစ်ဖက်ကျိုးပြီကွ၊ မင်းကို ဒီအုန်းလက်နွားလေး ငယ်ဘဝ လှမ်းလွှမ်းပြီး အတတ်ဆန်းလုပ်ပေးမိတာ မှားပါရောလား၊ အဲဒါကြီး စီးပြီး မင်းကပြေးတယ် .. ငါကလဲ ဘေးက ပြေးလိုက်လာတယ်၊ အပြေးကောင်းလို့ ခုတော့ ဟိုတယ်နဲ့ ဝေးနေပါရောလား"

ရင်ခေါင်းသံပါအောင် ညည်းရင်း လေးလေးဆွေ ခေါ်ရာနောက်သို့ အုန်းလက်နွားကြီး လက်တစ်ဖက်ဖြင့် တရွတ်ဆွဲရင်း လိုက်လာတော့ ခရီးမတွင် ..။

"မင့်ဦးစွာကြီး ချထားခဲ့ကွာ၊ ပြေးကြရအောင် ဟိုတယ်ဆီကို.."

"ဟာ!.. ဘာလို့ ချထားခဲ့ရမှာလဲ ..၊ ဒီအုန်းလက်နွားကို ရန်ကုန်ထိသယ်မှာ .. မရဘူး .. သယ်ကိုသယ်မှာ .."





ပေကပ်ကပ်ဖြင့် အုန်းလက်ကို လက်ကမလွှတ်ဘဲ ခေါင်းမာနေသည့် ခန့်ထည်ဝါလေး ကို စိတ်မောမောဖြင့် ကြည့်ကာ ပြောမရမှာသည်း သိရင်း စိတ်လျှော့လိုက်ရှာပါ၏။ မကြာလိုက် .. မိုးပေါက်တွေ စတင်၍ ကျလာပြီ။ ကမ်းခြေမှာ လူရိပ်ပင် မကျန် .. အားလုံး ပြန်ကြပြီ။

"အုန်းခြံဘက်က ဖြတ်ပြန်မယ် .. လာ .."

ဟုပြောကာ ခန့်ထည်ဝါ ၏ လက်လေးကိုဆွဲ၍ ခပ်သုတ်သုတ် လျှောက်တော့ အုန်းလက်ကြီး ဆွဲကာဆွဲကာဖြင့် ခန့်ထည်ဝါ ပါလာ သတည်း။ အုန်းခြံကျယ်ကြီးအတိုင်း လျှောက်လာစဉ်ခိုက် ...

"ဟော့ .. ဟိုမှာလဲ ငါတို့လို မိုးမိလာတဲ့လူရှိတယ်ကွ..၊ မတူတာက တို့မှာ ထီးနှစ်လက်ပါတယ်၊ ငါတို့မှာက ထီးတစ်လက်မှ မပါတာဘဲ ရဲ့လား .."

ခပ်လှမ်းလှမ်းဆီမှ မျက်နှာမူလျှောက်လာနေပါသည့် အမျိုးသမီး ကြီးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်။ အမျိုးသမီးကြီးမှာ လူကြီးဆောင်းသည့်ထီးတစ်လက် ဆောင်းထားသည်။ ကောင်မ လေးကျတော့ ကလေးဆောင်းသည့် ထီးလေးတစ်လက်ကို ဆောင်း ထားပါ၏။ နီးလာတော့ မိုးစက်တွေ ပြင်းလာချိန်မှာ တစ်ယောက်နှင့် တစ်ယောက်တော့ ကြည့်မိကြပါ၏။ အမျိုးသမီးကြီး၏ လက်တစ်ဖက် အပြာရောင် ပလက်စတစ်ဆွဲခြင်းကို ဆွဲထားပါ၏။ ကောင်မလေး တော့ အဝါရောင်ထီးလေးနှင့် အရောင်တူသည့် မိုးရေတွေ စိုစွတ် နေပြီဖြစ်သည့် အဝါရောင်ဂါဝန်လေးကို ဝတ်ဆင်ထားပါ၏။ ကောင်မလေးက ဖြူဖြူလေး .. ဝကစ်ကစ်လေး။ အနီရောင် သားရေ ...နှပ်လေးကို စီးထားသည်။ အမျိုးသမီးကြီး၏ ထဘီစကို တစ်ဖက် ဆွဲထားလျက် ထီးလေးကိုလည်း လက်ကလေးတစ်ဖက်ဖြင့် ကိုင် ဆောင်းထားပါသည့် ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ – ဒီက အစ်ကိုလေးကို ထီးလေးပေးလိုက်နော် .. မိုးရေ
အရမ်းစိုကုန်ပြီကွယ့် ...၊ ကလေး ထီးယူသွားနော်.. မြန်မြန်ပြန် .. မိုး
ကြီးလာဦးမှာ သုတ်သုတ်ပြန်ကြတော့နော်"

ဘယ်လိုမှ မထင်မှတ်သည့်အဖြစ်။ ထိုသို့ သဘောကောင်း
စာနာစိတ်ဖြင့် ထီးလေးကို ပေးလာမည်ဟုပင် လေးလေးဆွေ
ခန့်ထည်ဝါ ရော မထင်ထားမိကြ။ ဆွဲခြင်းကို မြေပြင်ပေါ်ချလိုက်
ကောင်မလေး၏လက်ထဲမှ ထီးကိုယူတော့လည်း ကောင်မလေး
အသာတကြည်ပင် ပေးလိုက်သည်ပါပဲ။

ခန့်ထည်ဝါ အံ့သြသွားရပါ၏။ ဤမျှထိ သဘောကောင်းသည
ကလေးမ။ ရုပ်ကလေးကလည်း ဖြူဥဥလေးနှင့် ချစ်စရာလေးပါ။
လေးကို အနှမြောမရှိ ပေးလိုက်ပုံကလေးကိုက သဘောကောင်း မ
ကောင်းလေးဆိုတာ သိသာနေသည်ပါပဲ။ ထီးငယ်လေးကို အမျိုးသ
ကြီးက ပြုံး၍ ကမ်းပေးလာသည်။ ဆံပင်တွေကို နဖူးပြင်လေးပေါ်အော
နောက်လှန်ဖြီးသင်ထုံးဖွဲ့ထားသော ထိုအန်တီ၏ မျက်နှာကလည်း စိ
ရင်းကောင်းသူဖြစ်မှန်း သိသာနေသည်ပါပဲ။

"သမီးကို ကျေးဇူးပိုးမယ်နော် .. ထီးကို အဲဒီ ကိုကို ယူသွားပါ
တော့"

ဟု တစ်ချက်ထိုင်၍ ကောင်မလေးကို ကျောကုန်းပေါ် ကိုယ်
ဖေးမိုကပ်စေကာ ကုန်းပိုး၍ ဆွဲခြင်းကို လက်တံတောင်မှာ ချိတ်လို
ကာ ထီးကို ထိုလက်ဖြင့်ပဲကိုင် .. ကောင်မလေးကို လက်တစ်ဖ
ဖြင့်ထိန်း၍ အန်တီ နှုတ်ဆက်သလို ပြုံးပါ၏။ မျက်ဝန်းတွေ ရွှန်း
နက်မှောင်သော ထိုအန်တီ၏ မျက်နှာက ချိုမြနေသည်ပါပဲ။

"မိုးတွေ သည်းလာပြီ .. ပြန်ကြတော့၊ ကျွန်မတို့လဲ ပြန်ကြမယ်"

မိုးရေကြီးထဲမှာ ကြာနေ၍ မကောင်းတာမို့...။ ထီးငယ်လေး တ
လက်ကို ခန့်ထည်ဝါ ဆောင်းရကာ .. လေးလေးဆွေ ကလည်း





ထည်ဝါ ကို ကုန်းပိုး၍ ခေါ်ခဲ့တာမို့ .. လက်ထဲမှာ တစ်လျှောက်လုံး
ပါလာသည့် အုန်းလက်နွားလေးလည်း ကျန်ခဲ့ရသည်ပါပဲ။

ခန့်ထည်ဝါ .. လေးလေး၏ကျောပေါ်မှာ ပါသွားရရင်းမှ နောက်
ဘက်ကို လှည့်ကြည့်မိသည်။ ကောင်မလေးကလည်း လက်လေးတွေ
ဖြင့် ပခုံးတွေကို သိုင်းငင်ဖက်ထိန်းထားကာ မိုးရေထဲမှာ ကုန်းပိုးပုံစံ
လေးဖြင့် ပါသွားသည့်နယ် ...။

မိုးရေစက် မြားတန်းများကြားမှာ အုန်းလက်နွားလေးသည်လည်း
ငြိမ်သက်ကျန်ခဲ့ရပါ၏။ ရင်ထဲမှာ နှမြောနေမိသည်။ စောစောတုန်းက
လေးလေးဆွေ ကို အုန်းလက်နွားလေးနှင့်ပတ်သက်၍ မျက်နှာနှစ်ခု
သည်တွေ ဘာတွေပြောကာ ကဲ့ရဲ့ခဲ့ပေမယ့် တကယ်တမ်းကျတော့
ယောဇဉ် ဖြစ်နေပြီ။ အုန်းလက်လေးကို တကယ့်ကိုပဲ ရန်ကုန်သယ်
န်ချင်နေတာလည်း အမှန်။ ဖေဖေ့ကားနောက်ခန်းထဲမှာ ထည့်ထား
ရနိုင်သည်ပဲလေ..။ မနက်ဖြန်ကျတော့မှ အုန်းလက်နွားလေးကို သွား
န်ယူမည်။

"ငါတော် ငါ့အုန်းလက်နွားကို နှမြောနေတာ ကောင်မလေးလဲ
သူ့ထီးလေးကို နှမြောမှာ"

အတွေးဖြင့် ထီးလေးကို မော့ကြည့်မိတော့ မိုးရေတွေ ဖြောင်း
ဖြောင်းကျနေသည့် ထီးလေးက အဝါရောင်အခံမှာ မှိုပွင့်ရောင်စုံလေး
တွေ ပါသည့် ပုံလေးဖြင့် ချစ်စဖွယ်လေး ရှိနေတာ။ ထီးအနားလေးက
အဝါရောင်လေးဖြင့် ဝိုက်ဝိုက်ကွေးကွေးလေးတွေ ပုံဖော် ကပ်ချုပ်
ထားတာ။ အားလုံးကို မြင်နေရရင်းမှ ...

"ဟုတ်တယ် .. သူ့ထီးလေးက ချစ်စရာလေး နှမြောမှာ သေချာ
တယ်၊ ငါ့ထက်လဲ ငယ်တာ သိသာတယ်၊ အဲဒါတောင်မှ ကောင်မလေး
က သူ့ထီးလေးကို မငိုမယိုဘဲ ပေးလိုက်ရှာတာပါလား၊ သနဲ့ပါလာ
တာ သူ့အမေဖြစ်မှာ .. အမေက ပေးလိုက်ဆိုတာနဲ့ ပေးလိုက်တာပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ငါဆိုရင် ဒက်ဒီက ပေးလိုက်ဆိုရင် ငါ့အရုပ်လေးတွေ ဘာတွေကို ပေးချင်မှာ မဟုတ်ဘူး"

ကောင်မလေးက ကိုယ့်ထက်ပို၍ တော်နေသည်ဟုပင် ခံစားလာနေမိပါသည့်အဖြစ်။

"ငါ့လူရေ မိုးလုံအောင် ထီးလေးနဲ့ ကွယ်ထား ဆောင်းထားကွ..၊ အရေးအကြီးဆုံးက ငါ့လူ တစ်ကိုယ်လုံး ကြွက်စုတ် မဖြစ်ဖို့ပဲကွ"

"ကြွက်စုတ်က ဖြစ်ပြီးသားပါ လေးလေးရ ..၊ စောစောကတည်းက မိုးမိထားပြီပဲ ဥစ္စာ"

"အခု ထပ်မမိဘူးကွာ .. အခု မမိဖို့လိုတယ် .. ခေါင်းကို လုံအောင် ဆောင်းထား ..၊ အေးကွ .. ဟိုသားအမိ အတော်သဘောကောင်းတယ်ကွ..၊ ငါတို့ကို ဧည့်သည်တွေမှန်းလဲ ရိပ်မိပုံရတယ်.. ကူညီတာကွ"

ဟု ပြောနေပါသည့် လေးလေးဆွေ မှ သူ့ကို ကုန်းပိုးထားရင်း ဟိုတယ်သို့ သုတ်သုတ်နှင်လေ၏။

ဟိုတယ်သို့ရောက်တော့ စက်လက်စိုကျနေပြီဖြစ်သည့် ထီးကို ပိတ် .. ဟိုတယ်ခန်းသို့ ခတ်လှေကားဖြင့်တက် ..။ အခန်းတံခါးဖွင့်ကာ စိတ်လက်ပူရင်း မျှော်နေသည့် ဒက်ဒီကိုလည်း လေးလေးဆွေ မျက်နှာငယ်လေးဖြင့် ကြည့်ကာ ...

"ခန့်ထည်လေး ကို အဝတ်ခြောက်တွေ မြန်မြန်လဲပေးမှ ဖြစ်မှာ အစ်ကိုကြီး"

မျက်နှာပျက်ပျက်ဖြင့် ပြောရှာပါသည့် လေးလေးဆွေ ကို ဒက်ဒီ အပြစ်တင်ကြည့်ဖြင့် မကြည့်ပါ ...။

"ကဲ .. ကဲ မောင်သက်ဆွေ အခန်းပြန်နား .. ရေပူပူနဲ့ ရေချိုးပစ်လိုက် ..၊ သားကိုလဲ အစ်ကိုကြီး ရေပူပူနဲ့ ရေချိုးပေးလိုက်မယ်..၊ ပြီးရင် အစ်ကိုကြီးအခန်းကို မင်း လာခဲ့ .. ကော်ဖီပူပူသောက်ကြရအောင်"





ဟုပြောတော့မှ မျက်နှာလေး ပြန်လန်းလာရှာသည်က လေးလေးဆွေပါ ..။ ဒက်ဒီမှ အရမ်းကို စိတ်ဆိုးနေမှာ လေးလေးဆွေ စိုးရိမ်ရှာလည်း သိသာနေသည်ပါပဲ။ တကယ်ပဲ ခန့်ထည်ဝါ ကို ဒက်ဒီမှ ရေချိုးဇလားကြီးထဲမှာ ရေပူပူ စိမ်၍ ချိုးစေသည်။ အဝတ်ထူထူ ဝတ်စေသည်။ နွေးနွေးထွေးထွေး ရှိစေသည်။

ခန့်ထည်ဝါ အဝတ်အစားလဲပြီးချိန်လေးမှာ လေးလေးဆွေ သုတ်သုတ်ရောက်လာပါ၏။ ဒက်ဒီ့ကို ကော်ဖီပူပူလေး လာဖျော်ပေးခြင်းပါ။ ကော်မီမစ်ထုပ်ဖောက်၍ ခွက်ဘူးထဲမှ ရေနွေးပူဖြင့် ကော်ဖီသုံးခွက် ဖျော်ပေးပါ၏။

"တော်သေးတယ်ကွ .. မိုးက အတော်ကြီးလာတာပဲ၊ အပန်းဖြေရမယ်လို့ သား သီတင်းကျွတ်ကျောင်းပိတ်တုန်း လာလိုက်တာ၊ ပြန်ရက်က မနက်ဖြန်ဆိုကာမှပဲ မိုးနဲ့တိုးတော့တာကိုး .."

ဟု ဒက်ဒီပြောလာချိန်မှာ ခန့်ထည်ဝါ ၏အကြည့်က ရေစိုခြောက်အောင် စောစောက လေးလေးဆွေ ဖွင့်၍ အခန်းထောင့်နေရာလေးမှာထားပါသည့် ထီးဝါဝါလေးဆီသို့ ရောက်၏။ မနက်ဖြန် ပြန်ရတော့မည်တဲ့ .. ဒက်ဒီ ပြောလာပြီ။ အနှီးလက်ကိုင်ပုဝါလေးလည်း ကျန်ခဲ့တော့မည်။

ပြီးတော့ ဤထီးပိုင်ရှင် ကောင်မလေးကိုလည်း ထီးလေးပြန်ပေးရတော့မည် မဟုတ်။ ထီးပိုင်ရှင်၏ အိမ်နေရာကို မသိသည်မို့ လိုက်ရှာရမည့်ကိစ္စ ..။ နက်ဖြန်တော့ .. အိမ်လည်း မရှာနိုင်တော့ပြီ။ ထီးလေးလည်း ပြန်မပေးနိုင်တော့ပြီ။

"ကောင်မလေး အရမ်းနှမြောရှာမှာ သေချာတယ်၊ ကြည့် .. ထီးက အသစ်လေးပါလား .. သူ့ထီးလေးကို မမေ့တော့မှာ သေချာတယ်"

ဟု ခန့်ထည်ဝါ တွေးမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နာခေါင်းကိုပင် မသိခဲ့ရပါသည့် ထိုကောင်မလေး၏ ဖြူဥဥနှ
တောက်ကစ်ဖြင့် ချစ်စရာ ချစ်စရာ မျက်နှာလေးကိုလည်း မမေ့နိုင်အ
ဖြစ်နေရသည်သို့ ..။

ထိုကောင်မလေးသည့် အရုပ်လေးတစ်ရုပ်နှယ် ချောမွေ့မွေ့လေ
ရှိနေတာကိုလည်း ခုကျတော့မှ အာရုံထဲ တိုးဝင် မှတ်ထင်ရှိသွားရပ
သတည်း။ ထီးကလေးကိုတော့ အသေအချာ သိမ်းထားလိုက်မည်
ခန့်ထည်ဝါ ဆုံးဖြတ်မိရပါသည့်အဖြစ် ..။

"သူ့နာမည် ဘယ်လိုများ ခေါ်ပါလိမ့် ..၊ သူ့အမေ နာမည်
ဘယ်လိုခေါ်ပါလိမ့်"

တစ်ခါသာ မြင်ကြုံရဖူးပါလျက် .. မမေ့နိုင်သူနှစ်ယောက်အဖြ
ရှိသွားရပေမယ့် ပို၍မမေ့နိုင်သည်က ကောင်မလေးပဲ ဖြစ်သည်။

ထီးဝါဝါအသစ်လေးတစ်လက်သည် ခန့်ထည်ဝါ နှင့် ထိုကောင်
လေးတို့အကြားမှာ မမေ့ရက်စရာအဖြစ် ထင်ကျန်နေမှာတော့ အသေ
အချာပဲ ဖြစ်လေသည်။

ဤသို့ ယုံကြည်နေမိရသည်ကလည်း ခန့်ထည် ပါတကား ..။







သတိရခြင်းဆိုမှ
အမြဲတသသစိတ်
နှလုံးသားမှ ယိုဗိုတ်လာ ..
ငယ်စဉ်အခါက အဖြစ်
လွမ်းရစ်ဖို့ပဲ ကြုံလေမလား ..၊
မင်းမျက်နှာ ငယ်နုသွေး
တစ်ခါလေးပဲ မြင်ခဲ့သမျှ
ပိုးတဝါးပဲ မြင်နေနေ
ပိုးတဝါးပဲ ထင်နေနေ
မေ့မနေတာက အမှန်စကား ..၊
ဆုံမှား ဆုံနိုင်ပါ့မလားလေ
မျှော်လင့်ထားနေတဲ့စိတ်
တိတ်တဆိတ် နှစ်ရှည်ကြာခဲ့
မင်းနဲ့ငါ ဆုံပါရစေ ..၊
ကြော် ...
မင်းနဲ့ငါ ဆုံပါရစေ ..၊





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဒက်ဒီ့သားအတွက် ဒက်ဒီပေးတဲ့ မွေးနေ့လက်ဆောင်ပဲ သား
မြိုင်ကမ်းသာမှာ ဟိုတယ်တစ်ခု ဆောက်ချင်တယ်လို့ ပြောပြော
တတ်တဲ့ ခန့်ထည်ဝါ .. ဒက်ဒီ့သား မသိအောင် ဒီဟိုတယ်မြေနေရာ
ဒက်ဒီဝယ်ခဲ့သလို သား မသိအောင် ဒီဟိုတယ်ကိုလဲ ဒက်ဒီ ဆောက်
တာပဲ ..၊ ဒက်ဒီ့သားဟာ အင်ဂျင်နီယာတစ်ယောက်လဲ ဖြစ်နေပြီ
အသက်လဲ နှစ်ဆယ့်ငါးဆိုတဲ့အရွယ်ကို ရောက်ပြီ .. ဒီဟိုတယ်ကြီး
နိုင်နိုင်နင်းနင်းနဲ့ တိုးတက်အောင် လုပ်ပေရော့"

သူ့ရင်ထဲမှာ အံ့သြခြင်းလည်း ဖြစ်ရသည်။ ဒက်ဒီ့မျက်နှာကို မ
နိုင်သလိုကြီး ငေးကြည့်နေမိရသည်ကလည်း မှင်မှင်တက်တက်
ဘုရားရေ .. ဤမျှလှပခန့်ထည်သော ဟိုတယ်ကြီးတစ်ခုကို ဒက်ဒီသ
သူ့အတွက် မွေးနေ့လက်ဆောင်အဖြစ် ပေးချေသည်တဲ့လား။

ရွှေစံအိမ် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကို နှစ်ပေါင်းများ
လုပ်ကိုင်လာခဲ့ပါသော ဒက်ဒီ..၊ ဤ မြိုင်ကမ်းသာမှာ ဟိုတယ်ကြီး
ဆောက်နေခြင်းမှာ တစ်ယောက်ယောက် အလုပ်အပ်၍ ဆောက်
ခြင်းဟုပဲ သူ ထင်နေမိခဲ့သည်ပဲ။





ပြီးတော့ ဒက်ဒီသည် ဤမြိုင်ကမ်းသာမှာ ဟိုတယ်ကြီးကို ဒက်ဒီပဲ ဦးစီး၍ ဆောက်လုပ်ခဲ့တာ။ သူ့ကိုတော့ ရန်ကုန်မှ လုပ်ငန်းတွေကိုပဲ လုပ်ကိုင်နေစေခဲ့တာမို့ မြိုင်ကမ်းသာကို သူ မရောက်နိုင်ခဲ့တာပင် တစ်နှစ်ကျော်လာခဲ့ပြီ။

ဒါပေမယ့် အရင်တုန်းက မြိုင်ကမ်းသာသို့ သူ ရောက်ရောက်လာခဲ့ရခြင်းသည်လည်း အလုပ်ကြောင့် မဟုတ်ပါ။ ကောင်မလေးကြောင့်.. ဟုတ်သည် .. ကောင်မလေးကြောင့်ပါတည့်။ ထိုအဖြစ်ကိုတော့ ဒက်ဒီ မသိနိုင်စွမ်းခဲ့ ..။

အထက်တန်းကျောင်းသားဘဝ ရောက်ကတည်းက ကျောင်းပိတ်ရက်ဆို မြိုင်ကမ်းသာသို့ အလည်သွားချင်ပါသည်ဟု ဒက်ဒီကို ပူဆာခဲ့မြဲ ဖြစ်ခဲ့တာ ..။ လေးလေးဆွေ နှင့်အတူ မြိုင်ကမ်းသာသို့ ရောက်ခဲ့တတ်ရတာ ..။ ရောက်သည့်အခါတိုင်းမှာလည်း အုန်းပင်အုန်းတောကြီးတွေနှင့် ယှဉ်၍ရှိနေရာ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ထက်မှာ လျှောက်ရင်း ကောင်မလေးအကြောင်း စဉ်းစားနေမိရတတ်တာ။ အသားဖြူဖြူ ဝဝကစ်ကစ်လေးနှင့် ကောင်မလေးတွေ့ တွေ့ တိုင်း ထီးဝါဝါလေး၏ အရှင်သခင် ကောင်မလေးများ ဖြစ်လေနိုးရယ်နှင့် ကြည့်ကြည့်မိတတ်တာ။ ထိုအဖြစ်တွေကို ဒက်ဒီလည်း မသိ။ လေးလေးဆွေ လည်း မသိ။ သြော် .. သူသည်သာ သိနေရချေသည်တကား။

မြိုင်ကမ်းသာမှာ တစ်နေ့ကျလျှင် ဟိုတယ်ကြီးတစ်ခုလုံးကို တည်ဆောက်ချင်ပါသည်ဟု ပြောပြောနေမိခြင်းကိုက ကောင်မလေးကို ပြန်ဆုံရလေနိုးဖြင့်ဆိုတာလည်း သူပဲ သိနေရသည်ပါပဲလေ။

ခုကျတော့ .. ဒက်ဒီသည် သူ့အတွက် ဟိုတယ်ကြီးတစ်လုံးကို တကယ့်ကိုပဲ တည်ဆောက်ပေးခဲ့ချေပြီတကား ..။

"သား .. သားက .. ကိုယ်တိုင် တစ်နေ့မှာ ဆောက်ချင်တယ်လို့ ပြောမိတာပါ ဒက်ဒီ ..၊ ဒက်ဒီ့ကို ငွေကုန်များအောင် ဆောက်ခိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သမိုးကြီး ဖြစ်နေပါပြီ ..၊ တကယ်က သားအလုပ်လုပ်ပြီး ငွေစုဆောင်းဆောက်မယ်လို့ ဆုံးဖြတ်ထားတာပါ''

ဟု အနေရခက်သည့်နှယ် သူ ပြောတော့ ဒက်ဒီ ရယ်သည်။ သူ့ပခုံးကို လက်ဖဝါးတင်၍ ခပ်သာသာပုတ်သည်။

''ဒက်ဒီ့သားဟာ မြိုင်ကမ်းသာ ကမ်းခြေနေရာကို ဘယ်လောက်အထိ စွဲလမ်းမြတ်နိုးသွားတယ်ဆိုတာ ဒက်ဒီ သိတာပေါ့ သားရယ်၊ အရွယ်လေး ရလာကတည်းက ဒီကိုပဲ ကျောင်းပိတ်ရက်ဆို အလည်ရောက်ရောက်နေခဲ့တာ မဟုတ်လား၊ ဒက်ဒီ့ စည်းစိမ်ချမ်းသာဆိုတာ သားအတွက်ပါပဲကွယ်၊ ခုလို .. အလုပ်လုပ်ကိုင်လိုတဲ့ဇောနဲ့ ရည်မှန်းချက်ကြီးတာကိုပဲ ဒက်ဒီက နှစ်ထောင်းအားရ ဖြစ်ရလှပါပြီ''

ဟု ပြောနေတော့ သူ ဒက်ဒီ့လက်မောင်းကြီးကို အင်အားတစ်ခုနှယ်ပင် ဆုပ်ကိုင်လိုက်မိရပါပြီတည်း။

ကျယ်ဝန်းသော ဟိုတယ်ဝန်းကျယ်ကြီးထဲမှာ ကျောက်လုံးချောလေးတွေ ခင်းထားပါသည့် လမ်းသွယ်လေးအတိုင်းသာ သားအဖနှစ်ယောက် တူတူလျှောက်နေကြခြင်း။ မြင်နေရပါသည့် ငါးထပ်အဆောက်အအုံ ဟိုတယ်မြင့်မြင့်ဖြူဖြူကြီးကိုလည်း သူ ငေးကြည့်မိရသည်။ အနောက်တိုင်းဘက်ကိုနွယ်သော အဆောက်အအုံ မြင့်မြင့်ကြီး ..။

ပြီးတော့ ရှေးလက်ရာဘက်ကို ပိုနွယ်သော ဗိသုကာလက်ရာ .. သူ့လက်ရာ။

''ဒက်ဒီက ဟိုတယ်တစ်ခုပုံစံ ဆွဲပေးပါ .. ငါးထပ်အဆောက်အအုံ ဖြစ်ရမယ်လို့ ပြောလာတုန်းက သားရင်ထဲမှာ ဖြစ်တည်နေတာကြာပြီဖြစ်တဲ့ ဒီပုံကိုဆွဲပေးမိတာ ..၊ ခုကျတော့ ဒက်ဒီက သားအတွက်အားလုံး ကျိတ်လုပ်သွားတာကိုး ..''

ဟု သူပြောတော့လည်း ဒက်ဒီ ရယ်နေသည်ပါပဲ..။ ပုံဆွဲ ဗိသုကာပညာရပ်ကို အရမ်းမြတ်နိုးစွာ သင်ယူခဲ့ပါသည့် သူ့လက်ရာသည်





တကယ်တမ်းကျတော့ သူ့အတွက် ဖြစ်တည်လာသည့် ဟိုတယ်ကြီးတစ်ခု ဖြစ်နေချေသည်တကား ..။

''သားကို မနေ့ညက ဒက်ဒီ ဖုန်းဆက်လာပြီး ညတွင်းချင်း လေးလေးဆွေ နဲ့ မြိုင်ကမ်းသာကို လာခဲ့ဆိုပြီး ခေါ်တုန်းက ဒီကိစ္စ သားမသိဘူး ဒက်ဒီရာ ..၊ တကယ်တမ်းကျတော့ အသက်ရလာပြီဖြစ်တဲ့ ဒက်ဒီ့ကို ငွေကုန်ကြေးကျလဲ များလွန်းတဲ့ ဒီဟိုတယ်ကြီးတစ်ခု တည်ဆောက်ပေးဖို့ ပူဆာလိုက်သလို ဖြစ်နေခဲ့ပြီဗျာ ..၊ အဲသလိုမှန်းသိရင် သားလေ မြိုင်ကမ်းသာမှာ ဟိုတယ်တစ်ခုဆောက်မယ်ဆိုတဲ့ စကားနဲ့ ရည်မှန်းချက်ကြီးကို ဒက်ဒီ့ကို ပြောပြောပြနေမိခဲ့မှာ မဟုတ်ပါဘူးဗျာ''

ဟု ပြောမိရင်း ကလေးလိုပင် ဒက်ဒီ့ရင်ခွင်ထဲ ကိုယ်ကြီးကိုင်းချ၍ တိုးဝင်တော့ ဒက်ဒီ့လက်တွေက သူ့ပခုံးကို ဖွဖွပုတ်ပေးလာပါ၏။

''အမိမဲ့သား .. ဒက်ဒီ့ချစ်တဲ့သားကို ဒက်ဒီ သိတာပေါ့ကွယ် ..၊ ဒီနေရာလေးကို အလွန်မြတ်နိုးနေတဲ့သား ဒီနေရာမှာ စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို အခြေချပြီး တိုးတက်အောင် လုပ်ချင်တဲ့ သား၊ သားချစ်ရာ မြတ်နိုးရာ အရပ်မှာလဲ နေစေ .. တိုးတက်ကြီးပွားအောင်လဲ လုပ်စေဆိုတဲ့ဇောနဲ့ ဒက်ဒီ စီမံတာဟာ တစ်ခုတည်းပဲရှိတယ်၊ ခန့်ထည်ပါ ဆိုတဲ့ ဒက်ဒီ့သားရေ .. သားဖြစ်ချင်တဲ့ အိပ်မက်ကြီးတစ်ခုကို ဒက်ဒီ ခန့်ဆင်းပေးလိုက်ချင်တာ တစ်ခုတည်းပဲ ရှိတယ်၊ ဒက်ဒီ့ ချမ်းသာမှုဟာ သားအတွက်ပဲ မဟုတ်လား၊ ပြီးတော့ သားဟာ လုပ်ငန်းကိုင်ငန်းမှာလဲ ဒက်ဒီ့ရွှေစံအိမ်ဆောက်လုပ်ရေးလုပ်ငန်းမှာ စိတ်ကိုနှစ်ပြီး လုပ်ကိုင်ပေးနေခဲ့တာပဲလေ၊ ဒါကြောင့်မို့လဲ ဒက်ဒီ လက်ခံထားတဲ့ အလုပ်တွေကို သားလက်ထဲ လွှဲထားပေးခဲ့ပြီး ဒီဟိုတယ်ကြီးကို ဒက်ဒီ ဆောက်နိုင်တာပေါ့ ..၊ ဒီအတောအတွင်းမှာ သားလဲ ဟိုကအလုပ်တွေနဲ့ လုံးချာ ပင်ပန်းနေရတာမို့ ဒီမြိုင်ကမ်းသာကို မရောက်နိုင်ပဲ ဖြစ်ခဲ့ရတာပေါ့ သား ..''



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကတော့ သားအတွက် အိပ်မက်ကြီးတစ်ခုကို လက်တွေ့ ဖြစ်တည်အောင် ဖန်ဆင်းပေးလိုက်ရသူတစ်ဦးနှယ်ပင် ပီတိဖြစ်နေရှ သည်ပါပဲ။ သားအဖနှစ်ယောက် ဟိုတယ်ဆီသို့ ပြန်လျှောက်လာကြ သည်။

ဟိုတယ်ကြီးကို နောက်သုံးရက်နေလျှင် ဖွင့်ပွဲအခမ်းအနား ကျင်းပ မည်၊ ဒက်ဒီ စီစဉ်ထားသည်။ ပိုင်ဆိုင်မှု စာရွက်စာတမ်းများအားလုံး ကို သူ့လက်ထဲ ညှိနေ့မှာပဲ ဒက်ဒီ အပ်ခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် ညှိမှုအထ ဒက်ဒီ့ငွေတွေကို ရင်းနှီး၍ သူ့အတွက် အကုန်အကျခံ ပေးချေသမျှက လက်ဝါးလေးဖြန့်၍ အလွယ်တကူ လက်လွှဲယူလိုရသည့်အတွက်တော့ သားတစ်ယောက်အနေဖြင့် ဒက်ဒီ့ကို အားနာသည်။

တကယ်ဆို ညှိအချိန်မှာ သူက ဒက်ဒီ့ကို အစစ တာဝန်ယူပေး ကောင်းနေပြီ ..၊ ဒက်ဒီ နားသင့်ပြီ၊ ခုကျတော့ ဒက်ဒီက သူ့အတွက် မိဘဝတ္တရားတွေ ကျေနေရဆဲဖြစ်နေချေသည်တကား ..။ တာဝန်ယူ ရဆဲလည်း ဖြစ်နေချေသည်ကောလေ ..။

"အခုံ လုပ်လက်စ အလုပ်တွေအားလုံး ဖြတ်ပြီးရင် ဒက်ဒီ နာ တော့မယ် သား .. ရန်ကုန်က ရွှေစံအိမ်မှာတစ်လှည့် သားရဲ့ ဒီတော်ဝ ဟိုတယ်ကြီးမှာ တစ်လှည့်နေရင်း နားတော့မယ်၊ ဘဏ်မှာလဲ သာ ဘာပဲလုပ်ချင်ချင် ထုတ်သုံးနိုင်ဖို့ ငွေစုစာအုပ် ရှိပြီးပြီ၊ ဘဏ်အပ်ငွေ တွေအားလုံးဟာ သားနာမည်နဲ့ ပြောင်းထားလိုက်တော့မှာ ..၊ ဒက် ဘာမှ သုံးဖို့ မလိုတော့ပါဘူးကွာ .."

ဟု ပြောလာတော့ သူ့ရင်ထဲ လေးခနဲ ဖြစ်လာသည်။ ဒက်ဒီသည် ဆံပင်နက်မှောင်မှောင် အရပ်မြင့်မြင့်၊ ကျစ်လစ်သော ကိုယ်ဟန်တို့ဖြ များစွာ အရွယ်တင်သောသူတစ်ယောက် ဖြစ်နေပေမယ့် အသက်အရွယ ဆိုသည့်အရာကို တွေးတောထားပြီးသူတစ်ယောက် ဖြစ်နေချေပြီလား

အချိန်မရွေး တိမ်းပါးကွယ်လွန်နိုင်ချေသည်ဟုများ တမလွန်





သည့်အရာကို လှမ်းမျှော်ထားသူတစ်ယောက် ဖြစ်နေချေပြီလား ..၊ ရင်ထဲ မှာ မကောင်းနိုင်တော့ပြီ။

"ဒက်ဒီ အဲသလောက်ကြီး အားလုံး လွှဲပြောင်းပေးနေတာမျိုး မလုပ်ပါနဲ့ဗျာ ..၊ ငွေကြေးဆိုတာကြီးကိုလဲ သား မမက်မောပါဘူး၊ သားအတွက် ဒက်ဒီရှိနေဖို့ပဲ အရေးကြီးတာပါ"

သူ မျက်ရည်လည်တက်လာရင်း ပြောလိုက်တော့ ဒက်ဒီ အေးချမ်း စွာပြုံး၍ သူ့ပခုံးပေါ် လက်ကိုတင်ကာ သားအဖနှစ်ယောက် နောက် ကြောင်းပြန်လျှောက်လာရပါ၏။

လှပသော မြက်ခင်းပြင် ကျယ်ပြန့်ပြန့်၊ အမျိုးစုံလျက် အရောင် အသွေးစုံလင်လှသော ပန်းတို့ပွင့်ဝေရာ ဥယျာဉ်ကျယ်၊ အဲဗာရင်းပင် တန်းများ၊ စံကားဖြူနီ ပင်တန်းများ၊ စံပယ်ရုံတန်းများနှင့် စက္ကူပန်း ရောင်စုံတန်းများကလည်း ဟိုတယ်ကြီး၏ ကျယ်ဝန်းရာ ခြံမြေဝန်း တွင်းမှာ ပျော်ခြင်းမကပျော် .. ပွင့်ခြင်းမက ပွင့်ဝေနေရင်းဖြင့် ဟိုတယ် တစ်ခု၏ အလှတရားကို ဖြည့်ဆည်းပေးနေကြသည်တည့်။

ဟိုတယ်ကြီး၏ အပေါ်ဆုံးအထပ်မှာက စည်းဝေးခန်းမဆောင် ရှိသည်။ ပြီးတော့ ဒက်ဒီ့အတွက် ခန်းဆောင်ကျယ်ကြီးများ၊ သူ့အတွက် အလုပ်ခန်းနှင့် သူနေထိုင်ရာ ခန်းဆောင်များဖြင့်သာ ရှိနေပါ၏။ ဒက်ဒီ့ အတွက် စာကြည့်ခန်းကျယ်ကြီးလည်းရှိသော ထမင်းစားခန်းဆောင် ကျယ်ကြီးနှင့် ဧည့်ခန်းကျယ်ကြီးလည်းရှိသော နားနေဆောင် လသာ ဆောင်ကျယ်ကြီးနှင့် အိပ်ခန်းကျယ်ကြီးလည်းရှိသော အပေါ်ဆုံးထပ် နေရာသည် သားအတွက်လည်း ထိုနည်းနှယ်ပင် အခန်းတွေ ဖွဲ့စည်း ထားရာနေရာနှင့် သီးခြားအလုပ်ခန်းကြီးတစ်ခု ရှိနေစေသည်က ဒက်ဒီ့ အစီအစဉ်ပါ။ ဒက်ဒီသည် သားဖြစ်သူနှင့် အပေါ်ဆုံးထပ်မှာ နေထိုင် သည့်အချိန်များကို အနာဂတ်မှာဖြစ်တည်စေဖို့ မျှော်လင့်ထားခဲ့ပြီးဖြစ် နေသည်တည့်။



www.burmeseclassic.com

www.burmeseclassic.com



သဘောဆောင်မှ ကြည့်လိုက်လျှင် ရေကူးကန်ကျယ်ကြီးကို ပြာလဲ့စွာ မြင်နိုင်သည်။ အပျော်တမ်း ဂေါ့(ဖ်)ရိုက်နိုင်ရာ ဂေါ့ဖ်ကွင်းငယ်ကိုလည်း မြင်နိုင်သည်။ ပြီးတော့ ကျယ်ပြန့်လွန်းသော ပင်လယ်ပြင်ကြီးကိုလည်း ပြာလဲ့စွာ မြင်နိုင်သည်။

လသာဆောင်များက ဟိုတယ်အထပ်တိုင်းမှာ အရှေ့နှင့်အနောက်ဘက်တိုင်းမှာ ရှိနေကြတာမို့ နေထွက်ချိန်ကိုလည်း ငေးနိုင်သည်။ နေဝင်ချိန်ကိုလည်း ငေးနိုင်သည်သာ ..။

"ကဲ .. နားလိုက်တော့ သား .. ဒက်ဒီလဲ နားမယ်၊ နေ့လယ်စာလဲ စားပြီးကြပြီဆိုတော့ ညနေစာ စားချိန်ကျတော့မှပဲ ဆုံကြတာပေါ့၊ ဒက်ဒီ နားချင်တယ် ခန့်ထည့်ဝါ"

အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားဖြင့် သားအဖနှစ်ယောက် တက်လာကြပြီးသည့်နောက်မှာ ဒက်ဒီ ပြုံး၍ပြောကာ ဒက်ဒီ့အခန်းတွင်းသို့ ဝင်သွားတော့ သူလည်း ကိုယ့်အခန်း ကိုယ် ဝင်ခဲ့ရသည်ပါပဲ။

ဟိုတယ်ရှိ ဝန်ထမ်းတွေကတော့ မကြာမလင့်မီမှာ ဖွင့်လှစ်တော့မည့် ဟိုတယ်ကြီးတစ်ခုအတွက် အလုပ်များနေကြသည့်အချိန်။ အထူးသဖြင့် ဟိုတယ်မန်နေဂျာ အန်ကယ် ဦးအောင်မြင် မှ ထောင့်စေ့အောင် စီမံကွပ်ကဲနေရချိန်ပါ။ ဒက်ဒီက .. အစစ စီမံပြီးမှ သူ့ကို မြိုင်ကမ်းသာသို့ ခေါ်ခဲ့တာမို့ပါ။ လောလောဆယ်မှာ ဒက်ဒီ့ဆန္ဒအတိုင်း သူ ငြိမ်နေရပါသည့်အဖြစ်။

"ဟိုတယ်ဖွင့်ပြီးချိန်ကစပြီး သား အလုပ်လုပ်ပေတော့ ဖွင့်ပွဲအခမ်းအနားအတွက် ဧည့်သည်ဖိတ်တာ၊ အထိမ်းအမှတ်တစ်ခုအနေနဲ့ရော၊ ဒီက လူထုတွေရဲ့ အားပေးမှုရဖို့အတွက်ရော အဆိုပြိုင်ပွဲတစ်ခု စီစဉ်ခဲ့တာတွေအားလုံး မန်နေဂျာ ကိုအောင်မြင် နဲ့ တိုင်ပင် စီစဉ်ထားခဲ့ပြီးပြီ၊ သား စိတ်အေးလက်အေးနဲ့ ဒီဖွင့်ပွဲမှာ ဖဲကြိုးဖြတ်တာ တစ်ခုပဲ လုပ်ပေး .. နောက်ပိုင်းကျရင် ဟိုတယ်ကြီးတစ်ခုရဲ့ များပြောင်လှတဲ့ အလုပ်တွေ





ကြားထဲမှာ ဒက်ဒီ့သား ကျင်လည်ပေတော့"

ဟု ပြောခဲ့သည် မဟုတ်ပါလား။

သူ ကိုယ့်အခန်းတံခါးရှေ့မှာရပ် .. အခန်းတံခါးကို သော့ဖွင့်၍ ဝင်ရတာဖြင့်ပင် အနာဂတ်ခရီးတစ်ခုဆီသို့ ခြေလှမ်းတို့ စတင်ရချေပြီဟု ခံစားဖြစ်၏။

ဧည့်ခန်းကျယ်ကြီးက အနီရင့်ရောင် သားမွေးကော်ဇောကြီး ခင်းကျင်းထားရင်း သစ်လွင်သော ဟိုတယ်တစ်ခုဆီမှ တောက်ပမှုတို့ဖြင့် ကြိုလင့်သည်။ အနီရင့်ရှောင် ဆိုဖာကြီးများ၊ ကနုတ်ထွင်း ဆက်တီစားပွဲ၊ လှပသော ပန်းကနုတ်ထွင်း ငွေပန်းအိုးဆီမှ အဖြူရောင် နှင်းဆီပွင့်ကြီးများ၏ အလှနှင့် ရနံ့သင်းသင်း။ လင်းချင်းသော မှန်ပြတင်းကျယ်ကြီးများနှင့် အဝါရောင် ဓာခန်းဆီးကြီးများ လေအေးစက်နှင့် ပန်ကာ၊ တီဗွီစကန်ကြီးကြီးနှင့် စကိုင်းနက် တပ်ဆင်ထားမှု၊ အပျော်တမ်း ဂေါ့ဖ်ရိုက်ကစား လေ့ကျင့်နိုင်ရာ ကွင်းငယ်လေးတစ်ခု၊ စန္ဒရားကြီးတစ်ခု၊ ဒက်ဒီနှင့်မာမီ့ပုံ တွဲရိုက်ထားရာ ဓာတ်ပုံကြီး ချိတ်ထားရာ နံရံပြာနုနု၊ ပန်းချီကားများ ချိတ်ထားရာ ဧည့်ခန်းဆောင်ကျယ်ကြီးသည် အမြင်တွင် ရှင်းလျက် လှလည်းလှနေသည် ..၊ ပြည့်စုံနေသည်။

တစ်ဖက်မှာကျတော့ ထမင်းစားခန်း၊ တစ်ဖက်မှာ မီးဖိုဆောင်ငယ်လေးတစ်ခု၊ မီးဖိုအသုံးအဆောင် စုံလင်နေသော နေရာလေးသည် သပ်သပ်ခပ်ခပ်လေးနှင့် ချစ်စဖွယ်ပင် ဖြစ်နေသေးသည်။ သူ စိတ်ကူးပေါ်လျှင် ကိုယ်တိုင် ချက်ပြုတ်စားသောက်နိုင်ဖို့အထိ ဒက်ဒီ စီမံထားခြင်း ..။ ဤအပေါ်ထပ်ဆောင်၏ ဖွဲ့စည်းမှုသည် သူ့စိတ်ကူးထဲမှာပါခဲ့သော ဖွဲ့စည်းမှုမဟုတ်။ ဒက်ဒီပြင်ဆင်ခဲ့သည့် အစီအစဉ်ပါတည်း။ အိပ်ခန်းကြီးကလည်း ကျယ်ကျယ်လွန့်လွန့် ရှိသည်။ ဗီရိုကြီးထဲမှာ အဝတ်အစား အားလုံး အသင့်ရှိနေပြီ။ ညဝတ်အင်္ကျီကအစ ရှိနေသည်။ ရေပူရေအေးစနစ်ပါသော ရေချိုးခန်းကျယ်ကြီးနှင့် ကြွေ ရေချိုးဇလား



www.burmeseclassic.com

www.burmeseclassic.com



ဘြီးရှိရာ နေရာသည် အိပ်ခန်းနှင့်တွဲလျက် ရှိနေသည်။ တစ်ဖက်မှာကျတော့ တံခါးက ထွက်လိုက်လျှင် ပန်းအိုးတွေ အမယ်စုံဖြင့် ပွင့်ဝေရာ အဆောင်လေးဆီသို့ ရောက်၏။ တကယ့်ဥယျာဉ်ငယ်လေးဆီသို့ ဝင်ရောက်လိုက်ရသည့်နှယ်ပါတည့်။ ခင်းထားသည့် အခင်းသည် မြက်ခင်းတု ဖြစ်နေသည်။

"ဒက်ဒီဟာ ငါ့ကို အရမ်းချစ်တာပါပဲလား ... ငါ သိနေတဲ့ အချစ်တွေဆိုတာထက် နှိုင်းမရအောင် ပိုနေပါရောလား ဒက်ဒီရယ်၊ တာဝန်ကျေလွန်း ချစ်လွန်းနေသမျှကို သိနေရလေလေ ဒက်ဒီ့ကို တာဝန်တွေပိစေတဲ့ သား ဖြစ်နေပါရောလားလို့ ရင်ထဲ အနေခက်လာရတာပါပဲ ဒက်ဒီရယ် ... ဒက်ဒီ့အပေါ် သားတစ်ယောက်အနေနဲ့ ဘယ်လောက်ပဲ တာဝန်ကျေအောင် ကြိုးစားနေစေဦးတော့ .. ဒက်ဒီ့အချစ်ကို မမှီနိုင်တဲ့ ခန့်ထည်ဝါ ပဲ ဖြစ်နေရှာတော့မှာပါ ဒက်ဒီ"

ဘုရားဆောင်သို့ ရောက်စဉ်နိုက် သူ မျက်ရည်ကျလာနေရပါပြီတည်း။

သူနေထိုင်ရာ အပေါ်ဆုံးထပ်နေရာသည် အိမ်ကြီးတစ်လုံးမှာသက်သောင့်သက်သာနေရသူ တစ်ယောက်နှယ် အရာရာ ပြည့်စုံနေစေသည့်နေရာတစ်ခု ဖြစ်နေချေသည် တကား။

လက်တွန်းပါသော ဘီးတပ်အဝတ်အစားသေတ္တာသည် အိပ်ခန်းမှာ ရှိနေပြီ။ သားအဖနှစ်ယောက် မြိုင်ကမ်းသာမှာ တွေ့ချိန်သည် နေ့လယ်စာ စားချိန် ကပ်နေပြီ။ စားသောက်ပြီးကြတော့ ခြံထဲဆင်းကြရသည်။

တစ်ခါ ဒက်ဒီသည် အန်ကယ်ဦးအောင်မြင့် မှ စီစဉ်ထားပေးပါသော ရှေ့နေရှေ့ရပ်များ၏ ကြိုတင်စီစဉ်ထားပါသည့် စာရွက်စာတမ်းတွေမှာ ဒက်ဒီက လက်မှတ်ထိုး၊ သူက လက်မှတ်ထိုးနှင့် ဟိုတယ်ကြီး၏ ပိုင်ဆိုင်မှုကို လွှဲပြောင်းရယူသည့်ကိစ္စ ဖြစ်တည်လာသည်။





အအေးသောက်ကြပြီးသည့်နောက်မှာ ဒက်ဒီသည် ခြံထဲသို့ ပြန်ဆင်းကာ ကျယ်ဝန်းသော ဟိုတယ်ဝန်းကြီးမှာ အေးအေးလူလူပင် သားနှင့်သူနှင့် ကြည်ကြည်နူးနူး လမ်းလျှောက်သည်။

ခုတော့ ဒက်ဒီ နားနေပြီ။ သူသည်လည်း သူ့အတွက် အသစ်စက်စက် အခန်းကျယ်၊ အဆောင်ကျယ်ကြီးဖြင့် တည်ရှိနေရာမှာ မျက်ရည်ဝေ့ဝေ့ဖြင့် ရှိနေရပါ၏။ ဘုရားဆောင်မှာ ဘုရားဝတ်ပြုစဉ်နိုက်မှာ ... ည်း ပန်း၊ ဆီမီးတို့ ဝေနေရာ ဘုရားရှင်တော်မြတ်အား မော့ဖူးမြော်... ...

"ဒက်ဒီ အသက်ရှည်ပါစေဘုရား၊ တပည့်တော်နှင့် နှစ်များစွာ ...တူတကွ နေရပါစေဘုရား"

ဟု လက်အုပ်ချီ၍ ဆုတောင်းမိရသည်ပါပဲ ...။

နောက်တော့လည်း ဘုရားဆောင်မှ ထွက်ခဲ့ကာ အိပ်ခန်းမှာ တစ်...က်လှဲမိရပါ၏။ အိပ်ခန်းကျယ်ကြီးသည်လည်း နှင်းဆီပန်းအိုးဆီမှ ...တသင်းသင်းဖြင့် ရှိနေဆဲ။ ဘုရားဆောင်ဆီမှ နှင်းဆီရနံ့သည်လည်း ...မြဲဝေနေမြဲ။ ဧည့်ခန်းဆီမှလည်း နှင်းဆီရနံ့က လွင့်မျောလာနေပါ... ခြော် .. နှင်းဆီ၏ရနံ့တို့ ပျော်မွေ့စီးမျောရာ နေရာတစ်ခုပါ...ား ...။

သူ အပြာရောင် ဖဲသားခင်း အိပ်ရာကြီးမှာ တစ်အောင့်ပဲ လှဲနေ...ါ၏။ အာရုံထဲ တိုးဝင်လာသည်က သူ တသသ ထားမိရပါသည့် ...ည်းလေးတစ်ခု။ ကမန်းကတန်း ဝေ့ဝဲ၍ ကြည့်မိသည်ကလည်း ...ည်းလေး ကားထဲမှာများ ကျန်နေချေသည်လားဟု တွေးမိလျက်...ါ ...။ လေးလေးဆွေ အားလုံးတော့ သယ်လာလိမ့်မည်ဟုတော့ ...င်သည်။

သူ့အဝတ်အစားသေတ္တာ၏ ဘေးဘက်မှာ နံရံကို မှီထောင်ထား... ဘူးရှည်မျောမျောလေး...၊ ကတ္တီပါဘူး ရှည်မျောမျောသည် ...နှင့်



www.burmeseclassic.com

www.burmeseclassic.com



အကျွမ်းတဝင် ရှိခဲ့သည်မှာ ကြာလွန်းလှပြီကောလေ ..။ အပြာရောင်ဘူး ရှည်မျောမျော၏ ထိပ်ဘက် အဖွင့်ကတ်ထူကို ဖွင့်လိုက်ကာ အသာလေး လျှောချထုတ်လိုက်တော့ လျှောခနဲ ကျလာသည့် အဝါရောင် ထီးကလေးတစ်လက်။ ရောင်စုံမှိုပွင့်လေးများဖြင့် ချစ်စဖွယ် ချစ်စဖွယ်လေး ရှိနေပါသည့် ကလေးဆောင်းထီးလေးတစ်လက် ..။ သူ တယုတယ ထီးလေးကို ကိုင်ကြည့်နေမိသည်။

အကြည့်က ထီးလေးထက်မှာပဲ နူးနူးညံ့ညံ့ အတန်ကြာမျှ ရှိနေ၏။ ထီးလေးကို လက်ဖြင့် သာသာဖွဖွ ဖေးသပ်နေမိရာမှ ဖွင့်လိုက်မိရပြန်သည်။ မှိုပွင့်ရောင်စုံလေးတွေက ပို၍ ပေါ်လာသည်။ အဝါရောင် ထီးလေးကလည်း ချစ်စရာ ပိုကောင်းလာသည်။

“မင်းရဲ့ထီးလေးကို နမ်းမြောနေတုန်းပဲ ဖြစ်နေမှာလား ကောင်မလေးရေ .. ဒီလောက် ချစ်စရာကောင်းတဲ့ ထီးသစ်လေးတစ်လက်က မင်းလေး မေ့မရနိုင်အောင် ဖွဲ့လမ်းနေမယ်လို့ ငါထင်တယ်၊ အသားဖြူဖြူ မျက်လုံးနက်နက်လေးတွေနဲ့ ကောင်မလေးတွေ မြင်တဲ့အခါ ဆံပင်လေး ကျောလယ်လောက် ကျစ်ချထားတဲ့ ကောင်မလေးကို မြင်ရတဲ့အခါ မင်းများဖြစ်နေမလားလို့ ငါ တွေးနေမိတတ်တာဟာ အသားတကျ ရင်ထဲမှာ ရှိနေသလိုပါပဲလားကွယ်၊ ဘာလို့ မမေ့နိုင်ဘဲ ဖြစ်နေရလောက်အောင် ဒီထီးလေးရဲ့ အရှင်သခင် မင်းလေးကို သတိတရဖြစ်နေရတယ်ဆိုတာ ငါ မတွေးတတ်ဘူး၊ အမြဲတသသ ဖြစ်လောက်အောင် သတိရနေမိတာတွေဟာ လွမ်းရစ်ဖို့ပဲ ဖြစ်နေမလား ကောင်မလေးရေ ..”

ထီးလေးကို ငေးစိုက်ကြည့်ရင်း တိုးဖွဖွ ပြောနေမိရသည်က ခေထည်ဝါ ..၊ မိုးသည်းသော ညနေခင်းတစ်ခု .. မျက်လုံးနက်နက်နှင့် ကောင်မလေး။ အဝါရောင်ထီးလေးကို အလွယ်တကူပင် ပေးလိုက်ရပါသည့် သဘောကောင်းသော မိန်းကလေး ..။





ထိုအဖြစ်တစ်ခုသည် သာမန်အဖြစ်အပျက်တစ်ခုအဖြစ် မေ့ပျောက်သွား၍ မရနိုင်ဘဲ သူ့ရင်ထဲမှာ ထင်ကျန်နေတာကိုက ထူးခြားသော ညို့ငင်မှုတစ်ခုထဲမှာ နစ်မြုပ်နေရတာနှင့် တူနေသည်။

ကောင်မလေးကို သူ ခုအချိန်မှာ မြင်လျှင် မှတ်မိနိုင်ဖို့ ခဲယဉ်းသည်ဆိုတာကိုလည်း သိနေသည်။ တစ်ခါသာ မြင်ခဲ့ရပါသည့် ကောင်မလေး ..၊ ပုံလေးက ဝိုးတဝါးပဲ ထင်နိုင်တော့မည်။ ဒါပေမယ့် မေ့မရဘာက ခက်သည်။

“ဆုံနိုင်ပါတော့မလားကွာ ..၊ မင်းကို ငါ ဆုံပါရစေ ကောင်မလေးယ် ..၊ ဒီထီးလေးကို ပြန်ပေးလိုက်ချင်တယ်၊ ငယ်စဉ်မှာ ဖွဲ့လမ်းရှင်းပျောက်မရအောင် ထီးလေးကို နမ်းမြောနေမယ့် မင်းရဲ့ရင်ထဲက ခံစားလေးကို ငါ ဖြေပြေလိုက်စေချင်တယ်”

သူ တိုးဖွဖွ ပြောနေမိရဆဲ ..။

တစ်ခါတစ်ခါမှာ မေ့ပျောက်မရနိုင်အောင် ဖွဲ့လမ်းစွဲထင်နေရစေသည့်အဖြစ်တစ်ခုသည် သာမန်ဖြစ်မနေနိုင်တော့ဘဲ တမ်းတရာတစ်ခုအဖြစ် တည်ရှိနေတတ်သည်ဆိုတာ နှစ်ပေါင်းများစွာ ခံစားနေရပါသည့် သူ့ခံစားချက်တွေက သက်သေထူနေချေသည်တည့် ..။

“ငါ ငယ်ငယ်ကတည်းက မင်းကို သတိရနေတာပါကွာ ..၊ ဆက်တန်းကျောင်းသားဘဝ ရောက်ကတည်းက မင်းကို ဒီမြို့ကမ်းမှာ လာလာရှာနေမိတာကိုက မဖြစ်နိုင်တဲ့အရာတစ်ခုကို မျှော်လင့်ဖြစ်လာနိုင်မလားလို့ ကြိုးစားနေတဲ့သူတစ်ယောက်နဲ့ တူနေတယ် ကောင်မလေးရေ ..၊ မင်းကို ငါ ဘယ်လိုမှတ်မိနိုင်မှာလဲ .. ငါမြင်ထားဝကစ်ကစ်နဲ့ အရုပ်လေးလို ချစ်စရာကောင်းတဲ့ မင်းရဲ့မျက်နှာလေး ငါ ခုအချိန်မှာ မြင်ရရင်တော့ မှတ်မိနိုင်တန်ကောင်းရဲ့လို့ မျှော်လင့်မိတာဟာ စိတ်ကူးယဉ်ဆန်နေတာများ ဖြစ်နေမလား ..”

သူ့ထီးလေးကို ပြန်၍ ပိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထီးသက်လေးဖြင့် ပြန်၍ သေသေသပ်သပ်စည်းဖိတ်သည်။ နောက်တော့ အပြာရောင် ဘူးရှည်ရှည်မျောမျောလေးမှာ ပြန်ထည့်လိုက်မိရပါသတည်း။

အာရုံထဲ တိုးဝင်လာသည်က မျက်နှာနှစ်ခုနှင့် အုန်းလက်နွားလေးကိုစီး၍ ပျော်နေသည့် ကောင်လေး ခန့်ထည်ဝါ ..၊ မိုးသည်းသောညနေခင်း .. ပြီးတော့ အဝါရောင်ထီးနှင့် ကောင်မလေး ...။

ဆုံများ ဆုံနိုင်ပါ့မလားလေ ..
ပျော်လင့်ထားနေတဲ့ စိတ်
တိတ်တဆိတ် နှစ်ရှည်ကြာခဲ့
မင်းနဲ့ငါ ဆုံပါရစေ ...။
ဪ ...
မင်းနဲ့ငါ ဆုံပါရစေ ...။

သူ ရေးစပ်မိခဲ့ရာ ကဗျာတစ်ပုဒ်၏ အဆုံးပိုဒ်လေးက ရင်ထဲသို့ တိုးဝေ့ဝေ့ ...။





အခန်း (၃)

"ဂျုံမှုန့်ရယ် .. အာလူးရယ် .. ကြက်ဥရယ် .. ပြီးတော့ ထော ..."

လဝန်းမို စာရွက်လေးထဲ မှတ်နေရင်းမှ ဒေါ်လေးထား ကို မော့တော့ ပြုံး၍ကြည့်နေတာနှင့် တိုးသည်။ နဖူးပြင်လေးပေါ် ပြို့ကျသည့် ဆံပင်လေးတွေကို သပ်ပေးကာ ...

"ခေါင်းလေး သေချာဖြီးပါဦး မို ရယ် .. သနပ်ခါးလေးလဲ လူးသွား .. ပြီးမှ စာရင်းမှတ် .."

ဒေါ်လေးထား ပြောနေရင်းမှ အင်းခန် တစ်ချက် ညည်းတွားသံလိုက်ကာ ကိုယ်တိုင်ထ၍ ခေါင်းဖြီးလေး ယူလာကာ လဝန်းမို၏ ထောက်ဆံပင်နက်နက်ထူထူလေးကို ဖြီးပေးပါသတည်း။

"မို ရယ် အပျင်းမထူစမ်းပါနဲ့ .. မိန်းကလေးဆိုတာ သနပ်ခါးဝင်းလဲ့လဲ့ .. ပြီးတော့ ဆံပင်တိုတိုပဲဖြစ်ဖြစ် ရှည်ရှည်ပဲဖြစ်ဖြစ် သသပ်သပ်လေး ဖြီးသင်ရတယ်ကွယ့်"

ဟု ပြောလာတော့ လဝန်းမို တစ်ချက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးချိုင့်လေး ခွက်ခွက်ပါအောင် ပါးနှစ်ဖက်မှာ ထင်းခနဲပေါ်လာ သည့် လဝန်းမှီ ၏ မျက်နှာလေးမှာ ချစ်စရာချစ်စရာလေး ဖြစ်နေသည် မှာတော့ အမှန်ပါ။

သွယ်နွဲ့နွဲ့ကိုယ်လေးပေမို့လည်း အသားဖြူဝင်းဝင်းလေးနှင့် လဝန်းမှီ သည် ဆံပင်တိုတို ကုပ်ထောက်လေးကြောင့်မို့ ကလေးမျက် နှာလေးနှင့် ပိုတူနေသည်။ မြန်မာစာအမိကဖြင့် ကျောင်းပြီးထားသူ လေးဟု ထင်စရာကို မရှိ။ အထက်တန်းကျောင်းသူလေးမျှပဲ ထင် ချသည့်အဖြစ်။

ပြီးတော့ ဆုတောင်းကောင်းသူလေးပဲမှာ မခြယ်မသဘဲနှင့် မွတ် ဝင်းနေအောင် လှသူလေးလည်း ဖြစ်ပါချေ၏။

"ငယ်တုန်းက ဝကစ်ကစ် တုတ်ခဲခဲလေး ရှိခဲ့သလောက် ခု တော့လဲ ပိန်သွယ်သွယ် ရှိလွန်းလှတယ် မှီ ရယ် .. အစားအသောက် နည်းလို့ ပိန်တယ် ပြောရအောင်ကျတော့လဲ စားနေတာပဲဥစ္စာ၊ ဒေါ်လေး ထား ကလေ မှီလေး ကို ဟိုးငယ်ငယ်တုန်းကလို တုတ်အိအိလေး အရုပ်လေးလို ဖြစ်နေတာမျိုးလေး ပိုဖြစ်ချင်တာ"

ဟု ပြောလာတော့ လဝန်းမှီ စာရင်းဆ က်မှတ်နေရင်းမှ ...

"ပိန်ပါဘူး ဒေါ်လေးရာ .. မှီ့ ကိုဖြင့် သူငယ်ချင်းတွေက အား နေကြတာ သိရဲ့လား၊ အရိုးအဆစ်လဲ မမြင်ရဘူးတဲ့၊ ပိန်ညောင် ဂေါ် ဂင်ကြီး မဟုတ်ဘူးတဲ့၊ ဒေါ်လေးထား တို့ ငယ်တုန်းက အရမ်းလှ ဝါဝါဝင်းရွှေ ကိုယ်လုံးမျိုးလေးဆို .. ဒေါ်လေးထား ပဲ ပြောပြီးတော့ မေ့တတ်လိုက်တာ လွန်ပါရော၊ မှီ့ ကို စိတ်ဓာတ်ကျအောင် မလုပ်ပါနဲ့ ဒေါ်လေးရာ .. ဒီလို ခပ်ပါးပါးလေးနဲ့ လှနေတယ်လို့ပဲ ပီတိဖြစ်နေပါ ရစေ"

ပါးချိုင့်လေးဆိုတာကလည်း စကားလေး ပြောလိုက်ချိန်မှာ ပျ လေးပဲ ပြုံးရိပ်သမ်း၍ ပြောစဉ်းတော့ ခွက်နေအောင် ပေါ်လာတတ်





သာမို့ လဝန်းမှီ ၏ မျက်နှာလေးမှာ ပါးချိုင့်လေး မပေါ်ဘဲ မရှိသ လောက် ဖြစ်နေတတ်သည်ပါပဲ ..။ ပင်ကိုမျက်နှာလေးကိုက အရုပ်းချို သည်မို့ လဝန်းမှီ နှင့် ပါးချိုင့်လေးဆိုတာ အမြဲယှဉ်တွဲ၍ ရှိနေတတ် သည်။

"မှီလေး ခနော် .. သနပ်ခါးလူးဖို့ ပြောတဲ့ကိစ္စကို စကားမျှောက် မေ့စမ်းပါနဲ့ ..၊ ဒေါ်လေးထား တို့ရဲ့ မင်းသမီး ဝါဝါဝင်းရွှေဆိုတာ အရမ်းကို မှုန်နေအောင်လဲ လှတယ်၊ မိန်းကလေးလဲ ဆန်တယ်၊ နန်း ဆန်ဆန်လှတာ မှီ့ လို အလှအပဆိုတာကို မြတ်နိုးရမှန်းမသိတဲ့သူမျိုး နဲ့ နှိုင်းဖို့မကောင်းဘူး သိရဲ့လား"

ဒေါ်လေးထား က အရမ်းကို ချစ်ရပါသည့် မင်းသမီးပေမို့ ရှင်း ခနဲ့နေအောင် ယဉ်ပြလိုက်ခြင်းပါ။ လဝန်းမှီ ကတော့ ထုံးစံအတိုင်း ယ်နေသည်ပါပဲ။ ဘလောက်အင်္ကျီဖြူလက်တိုလေးနှင့် အပြာရောင် တိတ်ပွင့်ရိုက်လေးကို ဝတ်ထားပါသော လဝန်းမှီ ၏ မျက်ဝန်းလေး ဆွ ပို၍ လက်တောက်လာရင်းမှ ...

"ချမ်းသာပါရစေဦး ဒေါ်လေးထား ရယ် .. ပိုက်ဆံစုရမယ် လုပ် န်းတိုးချဲ့ရမယ် ဆိုင်လဲ ချဲ့မယ်၊ ဟိုးဘက်နေ့ရာလေးမှာ တိုက်ပုပုလေး စ်လုံးလဲ ဆောက်ချင်သေးတယ်၊ ဒေါ်လေးထား နဲ့ အဲဒီတိုက်ပု သစ်ချက်ချွတ်လေးမှာ စတိုင်လေးနဲ့လဲ နေချင်သေးတယ်၊ အလှပြင် ဆက် အလုပ်လုပ်ဖို့လိုတာ ဒေါ်လေးရ ..၊ လောဘကြီးတယ်ဆိုတာနဲ့ ကြိုးစားတယ်ဆိုတာကို ခွဲခြားတတ်ရမယ်လေ ..၊ မှီ က လောဘကြီး တာ မဟုတ်ဘူး၊ တိုးတက်ချင်တာ .. ကြိုးစားတာ .."

ပြောပြီးတာနှင့် ဒေါ်လေးထား ကို ဖက်လိုက်ကာ ...

"မှီ ချမ်းသာတဲ့အခါကျရင် သနပ်ခါးကို မှုန်နေအောင်လူးပြီး ဒေါ်လေးထား အလွန်ချစ်တဲ့ အန်တီဝါ လို လှအောင်နေမှာ သိရဲ့လား ဒီတော့မှ မှီ့ ကို ဝ,အောင် တသသကြည့် .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် အလှဆင်ပန်းအိုးလေးတွေကို ကားနောက်ခ
မှာ လဝန်းမှီ သွားထားနေသည်မို့ မနေသာပြန်သည့် ဒေါ်လေးထ
သယ်ကူရသည်ပါပဲ။

သဘာဝသစ်ကိုင်းလေးတွေကို ဆေးထပ်သုတ် .. ကိုင်းတံ
မှာ အပေါက်လေးတွေဖောက်၍ ပန်းတုပန်းခိုင်လေးတွေကို သဘ
ပန်းပင်နှယ်ဖြစ်အောင် လုပ်သည့် လဝန်းမှီ ..။ ပလတ်စတစ် ပန်းအ
စဥ့်ပန်းအိုးတွေမှာ သဲထည့် .. ကျောက်စရစ်လုံးလေးတွေ အပေါ်
ထား၊ ပန်းတုအပင်လေးပမာရှိနေသည့် မှီ့ လက်ရာ ပန်းပင်လေး
ကို စိုက်ထည့်။

မြိုင်ကမ်းသာ စတိုးဆိုင်ကြီးတွေမှာ သွားပို့ပါသည့် လဝန်းမှီ
ဖြင့် အမှာများနေ၍ လုပ်သမျှ အရာထင်နေသည့်အဖြစ် ..။ တကယ
လည်း ပိုက်ဆံစုနေရှာပါသည့် လဝန်းမှီ ကို ဒေါ်လေးထား သနားလ
သနားနေပုံရသည်။ အလုပ်လောဘဖြင့် ဇောကပ်နေသမျှ တားမ
သည်အထိပေကိုးလေ ..။

ပန်းအိုးလေးတွေက အကြီးအသေး ဆိုဒ်စုံသည့်နှယ် ..၊ ပန်း
တုလေးတွေကလည်း အရွယ်စုံသည်။ ကားနောက်ခန်းမှာ ပန်းခင်း
ဖြစ်နေသည့်နှယ် ရှိနေသမျှလည်း ကြည်ကြည်နူးနူး ပီတိဖြင့် ကြ
သည့်ဟန်က အနုပညာသည် ဆန်သည်။ ပန်းချီဆရာတစ်ယောက်
ကိုယ်ရေးဆွဲထားရာ ပန်းချီကားချပ်များကို ကြည့်နေသည့်နှယ် ..
ပန်းပုဆရာတစ်ယောက်က ကိုယ်ထုဆစ်ထားရာ ပန်းပုရုပ်
လေးကို ကြည့်နေသည့်နှယ် ..၊ အကြည့်သည် နူးညံ့ခြင်းဘက်ကိုလ
နှယ်၏။ ကြည်နူးခြင်းကိုလည်း သမ်း၏။ အကြည့်သည် တမြတ်တ
နိုင်သည် ..၊ တမက်တမော ရှိသည်။

ပန်းတုလေးတွေ၏ ဝတ်လွှာလေးတွေကလည်း ချည်သား၊
သား၊ ဇာတို့ဖြင့် တကယ့်ပွင့်ဖတ်လွှာများနှင့်မခြား။ သစ်ရွက်သစ်ခ





လေးတွေကလည်း တကယ့် ရွက်လက်ခက်များနှယ် ပိုးသား၊ ချည်သား
တို့ဖြင့် တုလွှန်းနေသည်။

နှင်းဆီ၊ သစ်ခွ၊ သဇင်၊ ချယ်ရီနှင့် ရွက်လှပင် အိုးလေးတွေအထိ
လက်ရာလေးတွေက စုံနေလျက် ..။ အစစ်နှင့်မခြားသော ပန်းတုလေး
တွေ၏အလှကလည်း လူတို့ကို ညို့ငင်ထားနိုင်စွမ်းသည်ပါပဲ။

သစ်ခွဆိုလျှင်လည်း အရွယ်စုံ၊ အမယ်စုံ၊ အရောင်စုံမျှ သစ်ခွအိုး
လေးတွေဖြင့်ပင် အစစ်များနှယ်ရှိနေသည်က သစ်ခွအိုးလေးတွေ စီသွယ်
ချိတ်တန်းထားလိုက်ရုံအထိ လဝန်းမှီ ၏ လက်ရာလေးတွေက ပြည့်စုံနေ
သည်ပါပဲ။

ခရစ္စမတ်နီးလျှင် ခရစ္စမတ်ပန်းအိုးနီလေးတွေ ဆိုဒ်စုံ အရမ်းကို
ရောင်းရသွက်တတ်ပါ၏။ တောင်းအော့(စ်)ကား နောက်ခန်းတံခါးကို
ဖွင့်၍ စီချထားရာနေရာလေးမှာဖြင့် ပန်းအိုးတွေက ပြည့်နေပြီ။

ပန်းရိပ်မြုံဟု အမည်လှလှလေး ပေးထားရာ ဆိုင်လေးသည် လတ်
ဆတ်သော အဆာပြေမုန့်နှင့် လက်ဖက်ရည်၊ ကော်ဖီကိုလည်း ရသည်။
ပန်းအလှဆင် ပန်းတုမျိုးစုံကိုလည်း စားသောက်ခန်းလေး၏ ဘေးဘက်
မှာ မှန်ခန်းကာ အခန်းကျယ်တစ်ခုဖြင့် ခင်းကျင်းရောင်းချတာမို့ ပန်းရိပ်
မြုံသည် လူတော့ စည်ကားနေတတ်သည်ပါပဲ..။ စားရသည့် အစား
အသောက်သည် သန့်ရှင်းလတ်ဆတ်သည်။ ပန်းလေးတွေ၏ အလှက
လည်း ညို့ငင်သည်လေ ..၊ အပန်းဖြေခရီး ထွက်လာသူတို့၏အာရုံကို
ပန်းရိပ်မြုံသည် ဖမ်းစားထားနိုင်စွမ်းခဲ့ပြီတည့်။

ပန်းရိပ်မြုံမှာ လောလောဆယ် အလုပ်များ ကျန်ခဲ့သည်ကတော့
လုံး ပါ။ နောက်ထပ် စားသောက်သူတွေ ဝင်လာတာမို့ ဒေါ်လေးထား
ဆိုင်လေးဆီသို့ ကမန်းကတမ်းလေး လျှောက်သွားလိုက်ရပါပြီ။ တီး
ဆရာဆိုတာကတော့ ဒေါ်လေးထား စိတ်ချအားကိုးရသည့် တပည့်ပါ။
လုံး ၏ ဘကြီးလည်း ဖြစ်သည်မို့ .. ပန်းရိပ်မြုံဆိုင်လေးသည် သားစု



www.burmeseclassic.com

www.burmeseclassic.com



ဆန့်စွာပဲ လည်ပတ်နေပါသည့်အဖြစ်။ မုန့်တွေကတော့ ဒေါ်လေးထား၏ လက်ရာတွေပါ ..။

အာလူးကတ္တလိတ်၊ ပူတင်း၊ ပေါင်မုန့်ကြော်၊ ဘဲသားမုန့် ကောက်ညှင်းရွှေထမင်း၊ ကောက်ညှင်းငချိတ်နှင့် ငါးကြော်၊ အုန်းသီး နိုင်နိုင်ဖြင့် လုပ်ထားသော မုန့်သိုင်းခြုံအထိ ရသည်။ ကောင်တာက တော့ ဒေါ်လေးထား နှင့် လဝန်းမှီ တို့ ကြုံသလို ထိုင်ဖြစ်ကြပါ၏။

ခုလည်း တူမတော်အကြောင်းကို သိပါသည့် ဒေါ်လေးထား ခများ အိပ်ခန်းထဲ လိုက်လာခဲ့ကာ ခေါင်းလေး ဖြီးပေးရ၊ သနပ်ခါးလူးဖို့ ပြော နှင့် အလုပ်များခဲ့ရရင်းမှ ပန်းအိုးတွေပါ သယ်ကူခဲ့ရပြီးသည့်နောက်မှ ဆိုင်လေးသို့ ဝင်ရပြန်ပါ၏။

ပန်းရိပ်မြုံသည် ဆိုင်ခန်းနှင့် ပန်းအရောင်းဆိုင်လေးက ရှေ့မျက်နှာ စာဘက်မှာရှိကာ နောက်ဘက်ကျတော့ မီးဖိုဆောင်၊ ထမင်းစားခန်းနှင့် အိပ်ခန်းလေးတွေ ရှိသည်။ ပန်းရောင်းဆောင်၏ တစ်ဖက်မှာ ဧည့်ခန်း နှင့် ဘုရားစင် .. ပြီးတော့ အိပ်ခန်း ရှိသည်။

ဧည့်ခန်းဆီမှ စားသောက်ဆိုင်ဘက်ကိုရော ပန်းအရောင်းခန်း လေးကိုရော ကူးနိုင်သည့် တံခါးလေးတွေ ရှိသည်။ သေးသေးလေးဖြစ် ချစ်စဖွယ်ရှိပါသည့် ပန်းရိပ်မြုံပါ။ လဝန်းမှီ ကားလေး မောင်းထွက်လာ မိခဲ့ရပါ၏။

"အပြန်ကျရင် ဒေါ်လေးအတွက် ရှင်မတောင်သနပ်ခါးတစ်တုံး ဝယ်ရမယ်၊ အပွေးကောင်းကောင်းနဲ့ ဝယ်မယ်၊ ဒေါ်လေးခများ သနပ် ခါးကို အရမ်းကြိုက်တာ၊ ဘယ်တော့မဆို သနပ်ခါးလေး တဝင်းဝင်းနဲ့ မွှေးနေတာပဲ .. အဝတ်အစားတို့ဘာတို့ကျတော့ ချွေတာရှာတယ်၊ သန့် ပြန့်နေအောင် လျှော်ဖွတ်မီးပူတိုက်ဝတ်ရင်း သပ်ယပ်နေပေမယ့် တန်ဖိုး ကြီး အဝတ်အစားရယ်လို့ မရှိရှာဘူး၊ ပါတိတ်ဝမ်းဆက်လေးတွေပဲ ပတ်ရှာတာ"





ကားလေးမောင်းနေရင်း လဝန်းမှီ တွေးနေမိရပါ၏။ ငယ်က တည်းက ဒေါ်လေးလက်ထဲ ကြီးလာရသည်ပဲလေ ..။ ဖေဖေနှင့် မေမေ တို့ ကွယ်လွန်ခဲ့သည်က လဝန်းမှီ ငယ်ကတည်းကပဟု၍သာ သိထားရ တာပဲ ရှိသည်။

ဖေဖေနှင့် မေမေ ဆုံးတော့ ဤနေရလေးသို့ ဒေါ်လေးသည် မှီ့ ကို ခင်းနှီးထုပ်ဖွေးဖွေးအရွယ်လေး ပွေ့၍ ခေါ်လာကာ အခြေချခဲ့သည် တဲ့..။

စဖွင့်ကာစက မုန့်ဟင်းခါးဆိုင်လေးပဲ ဖွင့်ခဲ့သည့် ဒေါ်လေးသည် နောက်များမှာ လတ်ဆတ်သော မုန့်နှင့် လက်ဖက်ရည်၊ ကော်ဖီဆိုင် လေးကို ဖွင့်ခဲ့သည်။

ခုကျတော့ စားသောက်ဆိုင်လေးကလည်း အရမ်းကို လူကြိုက် များ လူသိများလာပြီ။ ပြီးတော့ လဝန်းမှီ သေချာ သင်တန်းသွားတက် လာခဲ့ပါသည့် ပန်းအလှဆင် ပန်းတုလေးတွေလုပ်သည့် အလုပ်ရှိုတာ လည်း အဆင်တပြေ ဖြစ်နေရပြီ ..။

"မှီ ကတော့ တစ်ထပ်တိုက်လေးတစ်လုံးနဲ့ နေချင်တာပါပဲ ..၊ ဒေါ်လေးလဲ ပင်ပန်းလှပါပြီ၊ အဲဒီအခါကျရင် ဒေါ်လေးကို နားခိုင်းမယ်၊ ဆိုင်အတွက်လဲ အလုပ်သမား ထပ်ရှာရမှာပေါ့၊ မှီ လဲ ဒီပန်းတု အလုပ် အတွက် အလုပ်သမား လေးငါးယောက်လောက်ကို တိုးချဲ့ထားပြီး လုပ် နိုင်အောင် ကြိုးစားရဦးမှာ .."

ဖောက အနာဂတ်မှာ ဒေါ်လေးကို အေးအေးချမ်းချမ်း နေချင်တာ တွေဖြင့်ပဲ ပြည့်လျှံနေရပါသည့် အဖြစ် ..။

"ဒေါ်လေးခများ ဘယ်လောက် ကြိုးစားခဲ့ရရှာသလဲ ..၊ အပျိုကြီး ဘဝနဲ့ ငါ့ကို စောင့်ရှောက်ခဲ့တာကလဲ ငါ့ကိုချစ်လွန်းလို့ အိမ်ထောင်ကို မပြုခဲ့တာပေါ့၊ ဒေါ်လေးကို လာလာပိုးတာ မှီ ငယ်တုန်းကရော အထက် တန်းကျောင်းသူ ဖြစ်လာတဲ့အချိန်ထိရော မြင်မြင်နေရတာပဲလေ.. အို..



www.burmeseclassic.com

www.burmeseclassic.com



ခုထိ လာပိုးနေတဲ့ လူပျိုကြီးတွေ ရှိနေတုန်းပဲဥစ္စာ ..၊ မို့ အတွက် အရင်ကို ငဲ့ရှာတာ"

ကားမောင်းနေတာမို့ လူက စကားပြောဖော်လည်း မရှိချိန်မှာ အတွေးက ဝင်နေပြီးရင်း ဝင်နေရင်းဖြင့် ရှည်လျားလာနေပြီ ..။

"ကြိုးစားရင်းနဲ့ စုဆောင်းလို့လဲ ခုလို တောင်းအေ့စ်ကားဟောင်းလေးတစ်စီး ဝယ်နိုင်တာပေါ့ ..၊ ခုလို မို့ ပုန်းလေးတွေ လုပ်ကိုင်ရောင်းဖို့ကိစ္စမှာ မြိုင်ကမ်းသာ စတိုးဆိုင်တွေကို ဖောက်သည်ပို့ရတဲ့အခါ မျက်နှာမငယ်ရတော့ဘူး"

အတွေးက ဒေါ်လေးထား ၏ကျေးဇူးတရားပဲ ဖြစ်နေသည်။

"အရင်တုန်းကဆို ဒေါ်လေးခမျာ ဈေးခြင်းလေးဆွဲ .. ဈေးသွား၊၊ မို့ ကို လက်လေးဆွဲခေါ် ဈေးသုံး .. ပြန်လာတဲ့အခါ ရေခဲသေတ္တာထဲ ထည့်တန်တာထည့် မုန့်ဟင်းခါးချက်ဖို့ စီစဉ်တာစီစဉ်နဲ့ တစ်ယောက်တည်း လုပ်ရရှာတာ ဘယ်မှာ အလုပ်သမားရှိလို့လဲ"

အတွေးသည် ဖျတ်ခနဲ အာရုံတစ်ခုကို နှိုးဆွလိုက်သည့်နှယ် ရှိသွားရပါ၏။ စွဲလမ်းသောအာရုံတစ်ခု၊ ထီးဝါဝါလေး ဟုတ်သည် ..၊ ရောင်မှိုပွင့်လေးတွေပါသော ထီးဝါဝါအသစ်လေး ..။

ထိုနေ့ကို မမေ့..၊ ဒေါ်လေးထား ဈေးသို့သွားသည်။ ညနေဘက်ပြန်လာကြသည်။ မနက်ဖြန်အတွက် ဝယ်ခြမ်းလာသော ဈေးခြင်းက ဒေါ်လေးထား လက်ထဲမှာ ..၊ မို့ ကတော့ ဒေါ်လေးထား အရင်ရက်က မှ ဝယ်ပေးခဲ့သော ထီးဝါဝါအသစ်လေးကို ဆောင်း၍ တပျော်ပျော်ဖြင့် လိုက်လာသည်ပဲလေ ..။ မိုးမရွာသေးပေမယ့် ထီးဆောင်းချင်တာ ကလေးပီပီ ထီးလေးဖွင့်ကာ လက်ကိုင်လေး ချာလည်လည်လုပ်ရင်း ဒေါ်လေးဘေးမှာ ခုန်ပေါက်ပျော်ပြီး လိုက်ခဲ့ပါသည့် ထိုညနေခင်း ..

ညနေဈေးသို့ ဒေါ်လေးသွားချိန်မှာလည်း ထီးသစ်လေး တကိုင်ကိုင်ဖြင့် တက်ကြွစွာ လိုက်လာခဲ့မိသမျှ .. အပြန်မှာလည်း ထီးလေး





တဖွင့်ဖွင့်ဖြင့် ပျော်လာခဲ့သမျှ မိုးကဖြုတ်ဆို ရွာချလာတော့ ဒေါ်လေးက ထီးတစ်လက် .. မို့ က ထီးတစ်လက်ဖြင့် မိုးထဲရေထဲမှာ အုန်းတောကိုဖြတ်၍ လျှောက်လာကြချိန်မှာ ...

ခပ်လှမ်းလှမ်းဆီမှ ထီးမပါဘာမပါဖြင့် လူနှစ်ယောက် အပြေးတစ်ပိုင်း လာနေကြသည်။ တစ်ယောက်က လူကြီး .. တစ်ယောက်ကတော့ ကောင်လေးတစ်ယောက်..။ မို့ ထက်ကြီးသော ကောင်လေးဆိုတာ မိုးရေထဲ ပြေးလာနေရင်း နီးလာကြပါသည့် ထိုနှစ်ယောက်ကိုမြင်တော့ ခွဲခြား၍ မို့ သိလာသည်။ ကောင်လေးလက်ထဲမှာ အုန်းလက်နွားလေးတစ်လက်က တရွတ်ဆွဲ၍ ပါလာပါ၏။

နှစ်ယောက်စလုံး မိုးရေတွေ စိုစိုနစ်နေကြပြီ ..။ ဒေါ်လေးက မို့ ထီးလေးကို ထို ကိုကို ကောင်လေးကို ပေးလိုက်ဖို့ ပြောလိုက်တော့ မို့ နှမြောသည်ပေါ့။ ဒါပေမယ့် မိုးမိထားကာ မျက်နှာလေးပဝ် ပြာရိပ်သမ်းနေအောင် အေးနေပြီဖြစ်သည့် ထို ကိုကိုကောင်လေးကို သနားသွားမိရသည်မို့ .. အလွယ်တကူမျှပင် ထီးလေးကို ကမ်းပေးလိုက်မိရပါသည့် ထိုနေ့ကို မို့ မမေ့ပါ။

မို့ ကို ဒေါ်လေးက ကျောကုန်းထက်မှာ ကုန်းပိုး၍ ခေါ်သွားခဲ့သည့်နှယ် ထို ကိုကိုကောင်လေးကိုလည်း ဦးဦးက ကုန်းပိုး၍ ခေါ်သွားသည်ပါပဲ။ ကိုကိုကောင်လေးကတော့ ထီးလေးဆောင်း၍ ပါသွားသည်ပါပဲ။

"မို့ ထီးလေးကို နှမြောနေတာ ခုထိပဲ ..၊ ဒေါ်လေး နောက်ထီးတစ်လက် ဝယ်ပေးတော့ အဲလို အဝါရောင် မှိုပွင့်ရောင်စုံထီးမျိုးလေး ကုန်သွားပြီမို့ အနီရောင်ထီးလေးပဲ ဝယ်ပေးနိုင်ခဲ့တာပဲလေ..။ ထီးနီလေးမှာက ဘောလုံးပုံလေးတွေပဲ ပါနေတာ .. မှိုပွင့်လေးတွေမှ မဟုတ်တာ ..၊ မို့ ထီးလေးကို ခုထိ လွမ်းနေတုန်းပဲ"

အတွေးဖြင့် ကားလေးကို မောင်းနေရင်း ထိုဘောလုံးထီးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားတုန်းက အလွယ်တကူပဲ အနှေးမြောမရှိစွာ အမှိုက်ပုံးထဲ ပစ်ထည့်
လိုက်နိုင်ခဲ့သည်ပဲလေ..။

ဒေါ်လေးက အနားလေးတွေ ယောင်းနေသည့် ထီးလေးကို အမှိုက်
ပုံးလေးထဲထည့်ခဲ့ကာ နောက်ထပ် ထီးတစ်လက် ဝယ်ပေးချိန်သည်
လဝန်းမှီ ခြောက်နှစ်ကျော်အရွယ်လေးပင် ရောက်ခဲ့ပြီ။ လေးနှစ် အရွယ်
လောက်က စွဲလမ်းခဲ့သော အဝါရောင်ထီးလေးသည် အခု မြန်မာစာဘွဲ့
နှစ်ဆယ့်တစ်နှစ်ထဲ ဝင်လာနေပြီဖြစ်သည့် လဝန်းမှီ ၏ စိတ်ထဲမှာ
အပြောင်းအလဲမရှိစွာပဲ တည်မြဲနေဆဲဖြစ်နေတာကလည်း အံ့သြဖို့ပင်
ကောင်းနေသည်။

ထိုထီးငယ်ငယ်လေးကို ပြန်ရပါပြီတဲ့ မှီ ဆောင်းနိုင်တော့တာ
လည်း မဟုတ်။ ဒါပေမယ့် နှမြောနေဆဲ .. လွမ်းနေမြဲ ..။

ထိုကိုကိုကောင်လေးဆိုတာ၏ မျက်နှာကိုလည်း လဝန်းမှီ မမှတ်
မိ။ လေးနှစ်အရွယ်လေးမှာ ဆုံရခိုက် .. မိုးကလည်း ရွာသည်၊ ထီးလေး
လည်း ပေးလိုက်ရသည်။ ကြာကြာလည်း တွေ့ခဲ့ကြရတာ မဟုတ်
အသားဖြူဖြူနှင့် မျက်ခုံးထူထူလေးဟု ဇဝိုးဇဝါးလေးပဲ မှတ်မိသည်
ရုပ်ကို အပီအပြင်မြင်၍ မရတော့ပြီ။

"မှီ က အရမ်းကို ငယ်သေးတာပဲ၊ အဲဒီကိုကို အသားတွေ ဖြူနေ
တာ .. ချမ်းနေတာတော့ မှတ်မိနေတယ်၊ ဆံပင်တွေ စိုကပ်နေတာပဲ
နဖူးပေါ်မှာ ဆံပင်တွေ အုပ်ကျနေတာ"

ထိုမျှလောက်ပဲ လဝန်းမှီ မှတ်မိသည်။ နောက်ထပ်အာရုံထဲ ပေါ်
မလာနိုင်တော့ပြီ။ မှီ တို့၏ ပန်းရိုပ်မြုံဆိုတာ အရင်နေရာလေးမှ နောက်
ထပ် နေရာကောင်းလေးတစ်ခုကို ပြောင်းခဲ့တာ။ ထိုပင်လယ်ကမ်းခြေ
မြေကွက်လေးက အုန်းပင်တန်းတောအုပ်လေး၏ တစ်ဖက်လမ်းဆီမှာ
ဖြစ်လျက် ထိုလမ်းလေးအတိုင်း အပျော်ခရီးထွက်လာကြသည့်သူတွေ
မောင်းလာကြသည့် ကား၊ စက်ဘီး၊ ဆိုင်ကယ်လေးတွေ နားနေချိန်





ရာ နေရာလေးတစ်ခုလည်း ဖြစ်နေသည်ပါပဲ။

အတန်အသင့်ကျယ်သည့် ခြံဝန်းလေးထဲမှာ ပန်းရိုပ်မြုံသည် ပန်း
လေးတွေ တဝေဝေဖြင့် လှပနေတတ်ပါ၏။ မွှေးမြနေတတ်ပါ၏။ ပြီး
တော့ မှီ့ ပန်းတုဆောင်လေး .. မပန်းတုလေးတွေကလည်း တဝေဝေမျှ
အသွေးစုံ အမယ်စုံ ရှိနေသည်မို့ ပို၍ ခရီးသွားတို့ကို ဆွဲဆောင်နိုင်စွမ်း
သော ပန်းရိုပ်မြုံ ဖြစ်လာရပါသည့်အဖြစ်။

ဟိုတယ်မှာ တည်းခိုကြသူတွေ၏ တစ်ဖွယောက်စကား တစ်
ယောက်နားဖြင့် ဤတစ်နှစ်ကျော်အတွင်းမှာ ပို၍ ရောင်းအားကောင်း
လာရခြင်းပါ။ နေရာကလည်း ပို၍သာသည်ကိုလေ ..။

"ဟော .. မိုးက ရွာတော့မယ်"

ညို့လာသည့်မိုးကိုကြည့်ကာ မှီ တစ်ချက် ညည်းမိပါ၏။ ကား
... မိုးလေလုံသည်မို့ နောက်ခန်းမှ ပန်းအိုးတွေအတွက် စိတ်မပူရပေ
မယ့် ထိုသို့ မိုးညို့လာ ရွာလာတိုင်းမှာ ထီးဝါလေးကို လွမ်းရစိတ်က
ပျောက်မရနိုင်ဘဲ ရှိနေတတ်တာမို့ နည်းနည်းတော့ လဝန်းမှီ စိတ်ညစ်
သည်ချည်းသာ ..။

တကယ်ပဲ မိုးစက်မိုးပေါက်တွေ ကျလာသည်။ လမ်းဘေးဝဲယာ
... တွေအားလုံးကတော့ ပြတင်းတွေ ပိတ်ထားကုန်ကြပြီ။ အုန်းတော
... ကို တခဏဖြတ်မောင်းလာပြီးသည့်နောက်မှာ အိမ်တန်းတွေ တစ်
... ရံနေသော ကတ္တရာလမ်းအတိုင်း မှီ ဆက်မောင်းလာခြင်းပါ။

အုန်းတောတန်းမှာကျတော့ ကျောက်စရစ်ခင်းလေးတစ်ခုက ရှိ
သည်လေ။ အုန်းခြံမှာ အုန်းရည်လာသောက်ကြသူ အများစုသည် ပန်း
ရိုပ်မြုံသို့ ရောက်ရောက်လာကြရတာမို့ ထိုအုန်းတောသည်လည်း မှီ
အတွက်ကတော့ ကျေးဇူးရှင်ပဲ ဖြစ်နေသည်။

အရင်ဆိုင်နေရာလေးထက်လည်း ဤနေရာလေးက ပို၍ အခွင့်
... နေသည်တည့်။ တစ်နှစ်ကျော်အတွင်းမှာ ဤကားဟောင်းလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ခင်းတော့ ဝယ်ဖြစ်နိုင်ခဲ့သည်လေ ..။

ထိုစဉ်ခိုက် လူတစ်ယောက် စက်ဘီးတွန်း၍ လမ်းဘေးမှာ သွားနေတာနှင့် ကြုံလိုက်ရသည်က လဝန်းမှီ ပါ ..။ ကားမောင်းရင်း ငုံကြည့်တော့ စက်ဘီးဘီးပေါက်နေခြင်းပါလားဟု သိလိုက်ရပါ၏။

လူကတော့ မိုးရေနစ်နေပြီ။ နဖူးပြင်ထက်မှာ ဆံပင်တွေ ပြိုကျနေကြပါသည့် ထိုသူကလည်း လက်တားလာသည်က မိုးရေထဲ ဆက်သွားရမည့် ခရီးရှည်နေ၍ပဲ ဖြစ်ချေမည်ဟု တွေးမိသည်က လဝန်းမှီ ပါ..။ တင်ထားသော ကားတံခါးမှန်ကိုချ၍ လဝန်းမှီ ခေါင်းလေး မိုးရေလွတ်အောင်ထားရင်း ...

"ဘာဖြစ်တာလဲ .."

ဟု အော်မေးမိရပါ၏။ မိုးကကြီးသည်ကိုးလေ ..။ သူကလည်း ကားမောင်းသူကို မိန်းကလေးဖြစ်မည်ဟု ထင်ထားပုံမရ။ မှီ ကို မြင်တော့ အားနာသွားပုံဖြင့် ...

"ရပါတယ် စက်ဘီး ဘီးပေါက်သွားတာပါ ..၊ ကျွန်တော်က ယောက်ျားလေးတစ်ယောက်ယောက် မောင်းလာတဲ့ကား ထင်လို့ပါ၊ အဲဒါကြောင့် တားမိတာပါ"

ဟု နဖူးပေါ်ဖေးကပ်တင်နေသည့် ဆံပင်တွေကို လက်ဖဝါးဖြင့် တိမ်းဖယ်ရင်း ပြောလာပါ၏။ အသားဖြူဖြူ၊ ပါးမြိုင်းမွေး စိမ်းသဲ့သဲ့နှင့် ထိုသူ၏ မျက်ဝန်းတွေမှာ အားနာတောင်းပန်ရိပ် ထင်နေ၏။ မိန်းကလေးတစ်ယောက်ကို ကားရပ်ဖို့ တားလိုက်သည့်နှယ် ဖြစ်သွားရသည်ကိုးလေ..။ စက်ဘီးလက်ကိုင်လေး ကိုင်ရပ်ရင်း မှီ ကိုပြောနေပုံက အရမ်းကို တောင်းတောင်းပန်ပန်လေး ကြည့်နေတာမျိုး ဖြစ်နေသည်။

"ကျွန်တော် ဒီတိုင်းပဲ စက်ဘီးတွန်းသွားလိုက်ပါတော့မယ် ..၊ ခုလို ကားရပ်မေးလာတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟု ပြောလာတော့ မှီ ထိုသူကို ရိုးသားသူအဖြစ် သတ်မှတ်လိုက်





သည်ပါပဲ..။

"နောက်ခန်းမှာ မှီ့ ပန်းအိုးတွေရှိတယ်၊ လွတ်တဲ့နေရာလေးမှာ စက်ဘီးကိုသာ ထားလိုက်ပါ ..၊ မိုးက ကြီးနေဦးမှာ .. နောက်ခန်း တံခါးရွက်ကို တွန်းရွှေ့ပြီး စက်ဘီးကို ထည့်လိုက်တော့"

ဟုပြောတော့ သူ တစ်ချက်ခေါင်းခါသည်။ အားနာနေဆဲပုံကြီး မိုးရေထဲ ရပ်နေဆဲ။ မှီ ခပ်တည်တည်လေး ကြည့်လိုက်မိရပါပြီ။

"ဒါဆိုရင်လဲ သဘောပဲလေ .. အားနာလို့ မိုးရေထဲ ကျန်နေခဲ့ ဆိုရင်လဲ သဘောပါပဲ၊ မှီ က ရှင့်ကို ညှိသည်မှန်းသိလို့ ကူညီတာ ရှင့်ကို ဒီမြို့မှာ မမြင်ဖူးဘူးရလေ၊ မှီ တို့က ကိုယ့်မြို့သားချင်းဆိုရင် လမ်းတဝင်ကြီး မဖြစ်ကြရင်တောင် မျက်မှန်းတော့ တန်းမိကြတာ ပဲ"

ပေါက်ဆတ်ဆတ်လေး ပြောတော့ သူ အံ့သြသလို ကြည့်လာ ။ ထိုသို့ ရင်ဆိုင်လိုက်ရချေလိမ့်မည်ဟုလည်း ထင်ထားပုံမရ။ မိုးကို တစ်ချက်မော့ကြည့်သည်။ မျက်နှာထက်မှ မိုးရေစက်တွေကို လက် သပ်ချသည်။

နောက်တော့ လဝန်းမှီ ပြောသည့်နှယ် နောက်ခန်းတံခါးရွက်ကို ရွှေ့ဖွင့်ပြီး စက်ဘီးကို ပန်းအိုးတွေလွတ်အောင် ဂရုတစိုက် သေချာ င်သည်။ ရှေ့ခန်းတံခါးကိုဖွင့်၍ ဝင်ထိုင်ရင်းမှ တောင်းပန်သလို ကာ ...

"မိုးတွေစိုထားတာ ထိုင်ခုံတွေ စိုကုန်ပြီဗျာ .. ဆောရီးပါ ခင်ဗျာ"

ဟု တောင်းပန်သည်က အားနာမဆုံးနိုင်သည့်နှယ် ဖြစ်နေသည်။ မှီ ပြုံးလိုက်ပါ၏။ ပါးချိုင့်လေး ခွက်ခနဲ ထင်းနေအောင် ပေါ် ာ သူ ဤကောင်မလေးကို ဖြူဖြူစင်စင် ချစ်စရာကောင်မလေး မှတ်မှတ်ထင်ထင်ကြီး ပို့ဖြစ်သွားရသည်ပါပဲ။

ဆံပင်တိုတို ထူထူအုပ်အုပ် ကုပ်ဆောက်နှင့် သွယ်လျလျ ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေး။ မျက်ဝန်းနက်နက်လေးတွေနှင့် မျက်တောင်ထူစင်းစင်း ရှည်ရှည်လေးတစ်စုံကို ပိုင်ဆိုင်သည့် ကောင်မလေး ..။ သူ တစ်ချက် တွေ့ခနဲ ဖြစ်၏။ ဤမျက်ဝန်းလေးတွေကို သူ မြင်ဖူးနေသည့်နှယ် ဘာ့ကြောင့် ခံစားလာနေရပါသတဲ့လဲ။

သူ ရှာနေမိရပါသည့် ကောင်မလေးပေလားလေ ..။

ဒါပေမယ့် ဟိုကလေးမလေးက ဝကစ်ကစ်လေး။ ဤမိန်းကလေး က သွယ်လျလျလေး။ သူတွေ့ခဲ့သည့် ကောင်မလေးက ဆံပင်ကျော လည်ထိအောင် ဆံပင်လေးကျစ်၍ နှစ်ဖက်ချထားကာ အရုပ်လေးနှ တူသည့် ကလေးမ။

ဤကောင်မလေးက ဆံပင်ကုပ်ထောက်လေးနှင့် ဖြစ်နေသည် သူ့ကောင်မလေးဆိုလျှင်ဖြင့် ဆံပင်လေးတွေ ခုဆို အတော်ပင် ရှည် လောက်ပြီဟု တွေးမိရပြန်ပါ၏။ မဟုတ်နိုင်သည်ပဲဟု တွေးကာ ရင်ထဲ မှာ မောခနဲ ဖြစ်သွားရပြန်သည်တည့်။

"မို့ ကားက အတော်လေး ဟောင်းနေပါပြီ၊ ဟောင်းသွားပြီဆိုရ ပိုပြီး အကြမ်းပဖမ်းခံနိုင်ရည် ရှိလာသလိုပဲရှင့် ..၊ ဆိုဖာတွေ ပြန်ခြော သွားမှာပါ .. စိတ်မပူပါနဲ့"

ပြုံး၍ပြောနေသည့် ကောင်မလေး ..၊ မို တဲ့လားလေ ..။ မို ဆိုတာ လေးကို ထည့်ထည့်ပြော၍သာ သိလိုက်ရပေမယ့် နာမည်အပြည့်အစုံ တော့ သူလည်း မမေးရဲ။ မို ကလည်း မပြော။ မိတ်ဆက်တာတွေ ဘာတွေလည်း မို့ ဘက်က လုပ်လာတာ မရှိ။ လမ်းကြုံ၍ လူတ ယောက်ကို ကူညီလာသည့်သဘောပဲ ဖြစ်နေသည်။

သူကလည်း ကိုယ့်နာမည်တွေဘာတွေ အာချောင်၍ မိတ်မဖွဲ့ရဲ မိန်းကလေးတစ်ယောက် ကူညီလာသည့်အချိန်လေးမှာ အရမ်းဝင်ရော နေသည်ဆိုတာမျိုး ဖြစ်သွားမှာလည်း လန့်နေမိရသည်လေ။

"မို့ ပန်းတွေကို စတိုးဆိုင်နှစ်ဆိုင်ကို ပို့ပေးရမှာလေ ..၊ နှစ်ဆိုင်လုံး





ပြီးသွားရင် ရှင့်ကို တည်းခိုတဲ့နေရာ လိုက်ပို့ပေးနိုင်ပါတယ်၊ ဘယ် ည်းတာလဲ ဒီမှာက ဟိုတယ်တွေ အများသားရှင့်"

"နေပါစေ စက်ဘီးပြင်ဆိုင်လေး တစ်ဆိုင်ဆိုင်ရှေ့မှာ ချထားပေး ာ ..၊ အားနာလှပါပြီ"

မို တစ်ချက်ကြည့်လိုက်မိရင်းမှ ခပ်အေးအေးပင် ဆက်မောင်းနေ ်သည်ပါပဲ။ ကာယကံရှင်သဘောဆိုသည့် ဟန်လေးဖြင့် ဆက် င်းနေပုံလေးက စက်ဘီးပြင်ဆိုင်ရှေ့ရောက်လျှင် ချထားပေးဖို့ ဆုံး ထားပုံလေး ဖြစ်နေသည်။

စက်ဘီးပြင်ဆိုင်လေးရှေ့မှာ ချထားပေးခဲ့ခြင်းဖြင့် ဤကူညီသော ည်းမှုလေးတစ်ခုသည် အဆုံးသတ်သွားချေပြီဟုလည်း သတ်မှတ် ချေမှန်း သိသာနေသည်။

"အရေးအကြီးဆုံးကတော့ စက်ဘီးကို လဲမကျအောင် သေချာ င်ထားခဲ့ရဲ့လားဆိုတာပါပဲ ..၊ မို့ ပန်းတွေပေါ် မကျဖို့ပဲ လိုတာ

ဟု အလုပ်သဘောဆန်သောစကားကို တမင်တကာပဲ မို ပြော ်သည်ပါပဲ။ ဒါမှလည်း မတော်တဆ ထိုသူ့စက်ဘီး မို့ ပန်းအိုး တွေပေါ် ကျသွားလျှင်ဖြင့် အလျော်တောင်းဖို့ အဆင်ပြေချေမည်

"စိတ်ချပါ .. မကျစေရပါဘူး၊ အကယ်၍ကျသွားရင်လဲ ကျွန် လျော်ပေးပါ့မယ်"

သူကလည်း လွှတ်ခနဲ ပြုံးကာ ပြောလာပါ၏။

"စတိုးဆိုင်တစ်ဆိုင်ကို အရင်ရောက်မှာ ..၊ အဲဒီမှာ ပန်းပို့ပြီးရင် ်တစ်ဆိုင်ကို သွားတဲ့အခါကျတော့ စက်ဘီးပြင်ဆိုင်လေးကို ရောက်မှာ အဲဒီမှာ ရှင့်ကို မို ပို့ပေးပြီးမှ နောက်စတိုးဆိုင်ကို သွားလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မို့ ဆက်ပြောကာ ကားလေးကို ဆက်မောင်းနေတော့ သူ ငဲ့ကြည့်မိပါ၏။ အတော်လေးကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်သည့် မို့ပေပဲဟုလည်း တွေးမိသည်။

သူတွေ့ခဲ့ရာ ကောင်မလေး၏ အခြေအနေနှင့် ခုတွေ့နေရသည့် မို့ အခြေအနေက ကွာသည်။ သူ့ကောင်မလေးက အမေဖြစ်ဟန်တူ သူနှင့် မိုးရေထဲမှာ ထီးလေးဆောင်း၍ အုန်းတောတန်းထဲမှ လာရသူ။ ခုတွေ့ရသည်က ကားလေးနှင့် ပန်းတွေပို့နေသည့် မို့။ ပြီးတော့ - သူ့ကောင်မလေးက ထီးလေးကို အလွယ်တကူလေးပဲ ပေးလိုက်ရှာပါသည့် စိတ်ထားနုနုလေးနှင့် ကောင်မလေး ...။

ခုတွေ့ရပါသည့် မို့ က စိတ်မြန်လက်မြန်လေးလည်း ဆန်ကာ ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ်လေး နေတတ်ပုံလည်း ရသည်။ သွက်သွက် လက်လက်လေးဖြင့် ကားလေးကို မောင်းနေသည့် ထက်မြက်သော မို့ ဖြစ်နေသည်တည့်။

သူ့ကောင်မလေးသည် နူးညံ့သိမ်မွေ့နေသော ခပ်အေးအေး ကောင်မလေးတစ်ယောက်အဖြစ်ပဲ စိတ်ထဲမှာ မျှော်လင့်ထားနေမိ သည်လေ ...။ ဒါပေမယ့် မို့ မျက်ဝန်းနက်လေးတွေကို ရင်ထဲမှာ သိ သည့်နှယ် ခံစားနေရသည့်အဖြစ်...။

ထိုစဉ်ခိုက် ကားလေးက မိုးစက်မေ ဆိုသည့် စတိုးဆိုင်လေးတ ဆိုင်ရှေ့မှာ ရပ်လိုက်ပါချေ၏။ ကားပေါ်မှ မို့ ဆင်းသည်။ သူလည်း လိုက်ဆင်းမိရသည်ပါပဲ ...။ ပန်းအိုးတွေ သူလည်း သယ်ကူရမည်လေ သယ်ကူပေးသင့်သည့်ကိစ္စလည်း ဖြစ်နေသည်။

မို့ လက်ကလေး ကာလိုက်ရင်းမှ ...

"ဘယ်ပန်းအိုးကို သယ်ပို့ပေးရမယ်ဆိုတာ မို့ ပဲ သိတာ၊ နေပါ- နေပါ"

ဟု ပြောပေမယ့် မရ ...။ မို့ သယ်ချလိုက်သည့် ပန်းအိုးလေးတွေ





သူ ဖွတ်သယ်၍ စတိုးဆိုင်လေးထဲ လိုက်ပို့ပေးနေမိရသည်ပါပဲ။ သေးသည် .. မိုးက ခပ်ဖွဲဖွဲ ဖြစ်လာသည်မို့ ပန်းတွေ ရေအရမ်း ဖြစ်သွားရသည်တည့်။

ဆိုင်ထဲမှ ကောင်လေးနှစ်ယောက်လည်း ပြေးထွက်လာကြကာ အိုးလေးတွေ မို့ ပြသမျှကို သယ်ကူကြပါ၏။ သိပ်မကြာလိုက် ကိစ္စ ပြတ်သွားသည်။ လက်လေးနှစ်ဖက်ကို ဖုတ်ဖက်ခါသလိုလေး ပြီး မို့ သူ့ကို ကြည့်လာပါ၏။

"ခဏစောင့်ပါ ...၊ မို့ မှန်းအိုးလေးတွေရဲ့ ပန်းဖိုးသွားယူလိုက်ဦး မိုးဖွဲနေတယ် .. ကားထဲကပဲ စောင့်ပေါ့"

ဟုပြောတော့ သူ ခေါင်းညိတ်ကာ ကားရှေ့ခန်းထဲမှာ ပြန်ဝင်ထိုင် ရသည်ပါပဲ။ တစ်ယောက်တည်း ထိုင်သည့် လူ့သဘာဝ ...၊ ကား န်းအံလေးကို ဖွင့်လိုက်မိတော့ လိပ်စာကဒ်လေးတွေ ထည့်ထား လတ်စတစ် ကြည်ကြည်အိတ်လေးကို တွေ့တာမို့ ယူကြည့်လိုက် ပြီ။

ပန်းရိပ်မြုံဆိုသည့် နေရာလေးတစ်ခု၏ လိပ်စာ။ စားသောက် လေးတွေပင် ရနိုင်သည်ဟု ပါရှိသည့် လိပ်စာ။ ပန်းအလှလေး ယ်နိုင်ကြောင်း ပါရှိသည့် လိပ်စာကတ် အထပ်လေးထဲမှ တစ် အလိုလို ထုတ်ယူလိုက်မိပါပြီ။

ကိုယ့်အပေါ် ကျေးဇူးရှိသည်လေ ...၊ တစ်နေ့ သွား၍ လက်ဆောင် ဖြစ်ဖြစ် တုံ့ပြန်ကျေးဇူးဆပ်ရမည်ပေါ့။ နေသားတကျ လိပ်စာ လေးတွေ ပြန်၍ထားလိုက်မိကာ လက်ထဲမှ ကတ်လေးကိုတော့ အိတ်ကပ်ထဲ ထည့်လိုက်မိရသည်ပါပဲ။

မို့ ထွက်မလာသေး။ ဟိုဟိုသည်သည်ကြည့်မိတော့ တစ်ဖက်လမ်း မှာ ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်ဆိုတာကို မြင်ရသည်မို့ သည်း ချမ်းနေသည့်အချိန်မှာ လက်ဖက်ရည်ပူပူလေးတစ်ခွက်ကို



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ချင်စိတ်က ချက်ချင်း ဖြစ်တည်လာသည်။ မှီ လည်း ထွက်မလာသေး။ ဆိုင်ကလည်း လမ်းလေးပဲခြားတာမို့ သိပ်လည်း ကြာမည့်ကိစ္စ မဟုတ်။

ကားပေါ်မှဆင်းလိုက်ကာ လက်ဖက်ရည်ဆိုင်ဆီသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သည်။ လက်ဖက်ရည်တစ်ခွက် မှာသည်။ လက်ဖက်ရည်ဖျော်သည့် ကောင်တာနေရာမှာပဲ ရပ်ကာ ရပ်ထားသော ကားရှိရာဘက်ကို မျက်နှာမူရင်း လက်ဖက်ရည်ကို မှုတ်သောက်လိုက်ရသည်ပါပဲ။

မှီ ထွက်မလာသေး ...၊ စာရင်းအင်းများနှင့် စတိုးဆိုင်ရှင်နှင့် မှီ ကြားမှာ မှတ်ကြပြုကြတာတွေများ ရှိချေသည်လားဟုလည်း တွေးမိရပါ၏။ လက်ဖက်ရည်ဝင်သွားတော့ ကိုယ်ထဲမှာ ဝမ်းထဲမှာ နွေးလာသည်။

"သူလဲ မိုးနည်းနည်းမိထားတော့ သူ့ကိုလဲ လက်ဖက်ရည်လေး တစ်ခွက်လောက် တိုက်လိုက်ချင်တယ်"

ဟု စေတနာစောသည် တုံ့ပြန်ချင်သော ကျေးဇူးဆပ်လိုမှု တစ်ခုတည်းဖြင့်ပင် ဖြစ်တည်လာရပါချေသည့်အဖြစ်။ လက်ဖက်ရည် တစ်ခွက်ထပ်မှာမိကာ ...

"ကျွန်တော် ဟိုဘက်ဆိုင်လေးကို ခဏ လက်ဖက်ရည် သွားပို့လိုက်ချင်လို့ပါ ရမလား ခင်ဗျာ"

ဟု မေးတော့ ဆိုင်ရှင်လည်း ဖြစ်ပုံရပါသည့် တီးဆရာက ခေါင်းညိတ်သည်။ သူ လက်တစ်ဖက်က လက်ဖက်ရည်ခွက်ကိုကိုင်ကာ လမ်းဖြတ်ကူးမိရပါ၏။ ဆိုင်ထဲမှ မှီ ထွက်လာတာကို လှမ်းမြင်လိုက်ရတော့ လက်ထဲမှ လက်ဖက်ရည်ခွက်ကို အလောတကြီး မြှောက်ပြလိုက်မိရပါ၏။ လက်ဖက်ရည် ယူလာသည့် ဆိုသည့်သဘော ...။ သောက်စေချင်သည့် သဘော။





ခြေလှမ်းကလည်း ခပ်သုတ်သုတ် လမ်းကိုကူးသည်။ အကြည့်ကလည်း မှီ့ ထံမှာပဲ ရှိနေသည်။

မှီ တစ်ခုခုကို မြင်လိုက်ပုံဖြင့် လှမ်းအော်တားလိုက်တာကိုလည်း မြင်လိုက်ရသည်။ မှီ့ မျက်ဝန်းလေးတွေမှာ စိုးရိမ် ထိတ်လန့်ရိပ်ပေါ်နေတာ ...၊ မှီ့ မျက်နှာထက်မှာ အလန့်တကြားအရိပ်တွေ ရုတ်ချည်းအုပ်မိုးသွားတာ သူ တွေ့လိုက်ရပြီးသည့်နောက်မှာ တစ်ဖက်ဆီမှ ရိပ်ခနဲ ကူးလာသည့် ကားတစ်စီးနှင့် အတွေ့အတိုက်ခံလိုက်ရချေသည်ဆိုတာကို တင်နားလည်သိလိုက်ရပြီးသည့်နောက်မှာ သူ့ကိုယ်ကြီး လမ်းပေါ် ပြုကျသွားတာ ...ကားဘရိတ်အုပ်လိုက်သံနှင့် ကားဘီး ကတ္တရာလမ်းတို့ ပွတ်ဆွဲလိုက်သည့် အသံတွေကြားလိုက်ရတာနှင့် ကြုံလိုက်ရပါချေသတည်း။

သူ့လက်ထဲမှ လက်ဖက်ရည် ကြွေခွက်သည် လွတ်ကျဖင်၏။ သူ ကျရာ မလှမ်းမကမ်းမှာ ကတ္တရာလမ်းပေါ်မှာ တစ်စစီ ဖြစ်နေသည့် လက်ဖက်ရည်ခွက်ကို သူ့ခေါင်းအကျ ကတ္တရာလမ်းမှာ ထိစုပ်မိချိန် အနီးတကပ် မြင်နေရသည်။

သူ့ခေါင်းဆီမှ အရမ်းကို နာကျင်သည့် ခံစားမှု တိုးဝင်လာသည်။ ပြေးလာနေတာကိုလည်း တွေ့နေရသည်။ နောက်တော့ မိုက်ခနဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မို့ စိတ်ဇောဆောင်ရင်း ပြေးလာမိရသည်က အရမ်းကို ပူပန်
ိတ်ဖြင့်ပါ။ ကားနှင့်တိုက်မိသည်ဆိုရာမှာ ကား ဘရိတ်ဆွဲ မြန်လွ
ဘမို့ လူကို ပစ်တိုက်လိုက်တာမျိုး ဖြစ်မသွားရပေမယ့် ရှေ့ပိုင်း
လူတိုက်မိချိန်မှာ လက်တစ်ဖက်က ယက်ဖက်ရည်ခွက် ကိုင်ထား
လာနေသည့် သူ့လက်ထဲမှ ခွက်လည်း ပြုတ်ကျကွဲ .. လူလည်း အ
ကြီး တိုက်ချခံလိုက်ရသည့်နှယ် အထိန်းအကိုင်မရှိရာ လမ်းပေါ်
ခေါက်ခန့် စောင်းကျသွားရသမျှ မြင်နေရသည့် မို့ ..။ ခေါင်းနှင့် က
ရာလမ်း ရိုက်ခတ်မိတာကိုလည်း တွေ့ရတာမို့ ဒဏ်ရာပြင်းချေမည်လာ

အသက်ပါ ဆုံးရှုံးသွားချေမည်လားဟု ပူပန်ဇောဖြင့် ပြေးလာ
သည်က ဇောဆောင်သည်။ မြန်လွန်းနေသည်ပါပဲ ..။

မို့ အတွက် လက်ဖက်ရည်ခွက်လေး သယ်ယူလာရင်း ဖြစ်ရသ
ကိစ္စ..၊ မို့ ဘယ့်နှယ်လုပ်၍ စိတ်ထဲ ကောင်းနိုင်ပါ့မည်တဲ့လဲ ..။ 
သေးသည်။ ကားသမားကလည်း .သတိကောင်းသည့်ကားသမ
ဘရိတ်ထိန်းနိုင်သည်။ မို့ သူ့ကို ကမန်းကတမ်း ပွေ့ထူချိန်မှာ သူ့
ဝန်းတွေ ပွင့်လာနေပြီ။ ကမန်းကတမ်း ခေါင်းကို စမ်းကြည့်မိ





လည်း သွေးထွက်တာ မရှိ။ တော်သေးသည်ပဲဟု တစ်ချက်တော့ စိတ်
ထဲ ပေါ့သွယောင်ယောင် ရှိသွားရပေမယ့် ...

"ဟင်!... အတွင်းဒဏ်ရာရှိနေရင် ဘယ့်နှယ်လုပ်ရပါ့"

ဟု တစ်ကျော့ပြန် စိတ်ပူမိသွားရပြန်သည်။ ကားသမားခမျာမှာ
လည်း မျက်စိမျက်နှာပျက်ကာ မျက်နှာငယ်ငယ်လေးဖြင့် ဘေးမှာ
ရောက်လာပြီ။ ကိုယ်ကိုင်းကာ ရောယောင်၍ သူ့ကို ပွေ့ထူပေးရှာသည်။

"ဒီက ညီလေး ခုလို ဖြတ်ကူးမယ်လို့ကို မထင်မိတာ..၊ အစ်ကို့
ဘား ရှေ့ကွေ့လာနေတာကို မြင်မယ်လို့ ထင်မိတာ ..၊ ညီလေး ကိုယ်တိုင်
ာ ကားရှေ့ဖြတ်ဝင်သလို ဖြစ်သွားတာပါ"

ဟု အပြစ်တင်ခံရမှာ လန့်နေရင်းလည်း ပြောလာသည်။ ဟုတ်
တာ့လည်း ဟုတ်နေသည်ဟု မို့ ထင်သည်။ သူ့အာရုံက လက်ဖက်ရည်
ခွက်နှင့် မို့ ပဲ ဖြစ်နေပုံရပါ၏။ ဒါကြောင့်လည်း ကားကိုမမြင်ဘဲ ဖြတ်
ဝင်တာမျိုး ဖြစ်ကုန်ရခြင်းပါ။ ၎င်းအတွက်လည်း မို့ ရင်ထဲ ပိုခံစားရ
သည်။ တော်သေးသည်ပဲလေ ..၊ သူသာ ကတိမ်းကပါးဖြစ်သွားခဲ့ရင်
ပို၍ရင်ထဲထိမှာ အမှန်ပဲဖြစ်၏။ ကိုယ့်ကို ကျွေးမွေးချင်ဇောဖြင့် လာ
သည့်သူတစ်ယောက် သေဆုံးသွားရသည်ဆိုတာမျိုးကိုတော့ အတွေးထဲ
ထင် ကြာကြာအဖြစ်မခံနိုင်ရက်ဘဲ ရှိနေရပါ၏။ သူ လူးလဲ၍ထသည်။
လည်း ထိုအခါမှ သူ့ကို ပွေ့ထားမိသမျှ အပျိုငယ်လေးပေမို့ ရှက်အမ်း
မ်းကြီးဖြစ်သွားရကာ လက်လေးတွေ ပြန်ရုပ်လိုက်မိရပါ၏။

သူကလည်း မို့ ရင်ခွင်ထဲရောက်နေတာကို အားနာစကြီးဖြင့်
လဲထထိုင်ရှာမှန်းလည်း သိသာနေသည်။ သူ့လက်က ခေါင်းကိုမွတ်
သည်။ နာနေမှန်းလည်း မို့ ရိပ်မိနေရပါ၏။ သူ ဘေးဘီကြည့်တော့
ခွဲ့ပွဲလေးရှာနေချိန်မို့ လမ်းပေါ်မှာ လူသွားလူလာ သိပ်မရှိကြ ...။

"မှတယ် အစ်ကို .. ကားမောင်းသွားလိုက်တော့ ..၊ ကျွန်တော်လဲ
ဘာမှ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု မော့ပြောကာ ထရပ်သည်။ တစ်ချက် နည်းနည်း မူးနော
နောက်ဖြစ်နေတာမို့ ထိန်းရပ်လိုက်ရပေမယ့် ကိုယ်လက်တွေလည်
အထိအခိုက်မရှိ ကောင်းနေတာမြင်ရသည်မို့ မှီ လည်း မျက်နှာလေ
လန်းသွားသည်။ ကားသမားလည်း ဝမ်းသာအားရဖြင့် ကားပေါ်တ
ကာ မောင်းသွားရသည်ပါပဲ။ နောက်မှ သတိရပုံဖြင့် ကားကို ပြန်ဆု
မောင်းလာပြန်ကာ ..

"ဆေးခန်း လိုက်ပြရမလား ညီလေး"

ဟု မေးလာတော့ သူ ခေါင်းခါသည်။ မှီ ကလည်း ကားသမ
ကို ကြည့်ကာ ...

"မှီ့ မှာ ကားပါလာပါတယ် အစ်ကို"

ဟု ပြောတော့ ကားသမားမှာ ပို၍ စိတ်အေးသွားရှာပုံရသွားရ
မှ ...

"တော်သေးတယ် ညီရာ .. ဆိုးဆိုးဝါးဝါးတွေ မဖြစ်ကုန်လို့
အစ်ကိုက ဟိုဘက်က မြတော်ကန့်ရွာကို သွားရမှာ .. အမေ ဆုံးတ
ဖုန်းလာလို့ ရန်ကုန်က ဒီမနက်ပဲ ထွက်လာရတာ ညီရယ် .."

ဟုပြောတော့ သူ့မျက်နှာမကောင်း ...၊ နာရေးကိစ္စနှင့် လာသ
သူတစ်ယောက်မှန်း သိရသည်မို့ လက်လေးကာပြကာ ...

"ရတယ် အစ်ကို .. သွားပါ .. သွားပါ .. ကျွန်တော် ဘာမှမဖြ
ပါဘူး၊ အားလုံးကောင်းနေတာပဲ ဥစ္စာ၊ ခေါင်းပဲ နာနေတာ တစ်ခု
ရှိတယ်၊ သွေးလဲ မထွက်ပါဘူး"

ဟု သူကပဲ တစ်ဖက်သား စိတ်အေးအောင် ပြောပေးရှာနေတော
မှီ သူ့စိတ်ရင်းကောင်းပုံကြီးကို အထင်တကြီးနှင့် လေးစားသွားရသည
ပါပဲ။ ကားသမားလည်း ကျေးဇူးတတင်ဖြင့် အိတ်ကပ်ထဲမှ ပိုက်
တချို့ကို နှိုက်ယူကာ ကားပေါ်မှ ပြန်ဆင်းလာရင်း ...

"အမေဇာနဲ့ စောစောက ချက်ချင်း ကားပေါ်တက်မောင်းထွက





သွားမိတာ ညီရယ် .. ရှိုင်းသလိုတောင် ဖြစ်ကုန်ပါပြီ၊ ဆေးဖိုးဝါးခလေး
တော့ ယူပါ ညီရယ်"

ဂျင်းဘောင်းဘီပြာ၊ ရှပ်လက်ရှည်အစင်းနှင့် သူ့ကို ငွေကြေးများ
သိုနေချေမည်လားဟု တွေးရမိပုံဖြင့် ကားသမား အစ်ကိုကြီးခမျာ ပေး
လာတော့လည်း သူ လက်ကာသည်။

"မဟုတ်တာဗျာ ..၊ အစ်ကိုက အမေဆုံးထားတာ သွားပါ .. သွား
ပါ၊ ကျွန်တော်ကြောင့် ခရီးဖင့်ရတာကိုတောင် ပြန်အားနေမိရတာပေါ့"

ဟု ပြောတော့ ကားသမား ကားပေါ်တက်မောင်းသွားသည်က
သူ့လက်ကို ကျေးဇူးတတင် ဆုပ်ကိုင် နှုတ်ဆက်ပြီးမှပါ ...။

"ကဲ .. ဘာမှမဖြစ်ရင်လဲ ကားပေါ်တက်ပါတော့ရှင် ..၊ လူတွေ
ရောက်လာရင် ဟိုတစ်ပေါက် သည်တစ်ပေါက်နဲ့ မေးကြမြန်းကြနဲ့
ရှင် ဖြေလို့ကို ဆုံးတော့မှာ မဟုတ်ဘူး၊ ဆေးခန်းတော့ ဟိုဘက်နားမှာ
ရှိတယ် .. ပြလိုက်ရင်တော့ ကောင်းမယ်ထင်တယ်၊ မှီ့ အတွက် လက်
ဖက်ရည်ယူလာရင်း ဖြစ်တာမို့ မှီ ပဲ ရှင့်အတွက် ဆေးဖိုးဝါးခ ရှင်းပေး
ပါရစေ၊ ကားပေါ်တက် နားနေလိုက် ..၊ မှီ လက်ဖက်ရည်ဆိုင် ခဏ
သွားလိုက်ဦးမယ်"

ဟု ပြောကာ လက်ဖက်ရည်ခွက် ကွဲသွားတာနှင့် လက်ဖက်ရည်
ဖိုး ရှင်းရမှာတွေအတွက် သွားမည်ပြုတော့ ...

"ရတယ် .. ရတယ် .. ရှင်းမနေနဲ့၊ ငါ့ညီမရဲ့ အမျိုးသားကိုသာ
ဆေးခန်းပို့ပေးလိုက်"

ဟု လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဖြစ်ဟန်တူသည့် ခပ်ဝဝလူကြီး
တစ်ယောက်က ပလက်ဖောင်းမှာ ရပ်နေရင်း ပြောလာတော့ မှီ့ မျက်
နှာလေး အမ်းသွားရသည်ပါပဲ။ လက်ဖက်ရည်ဆိုင်ရှင်ဆိုအောကလည်း
ခုမှ တခြားမြို့မှ ပြောင်းလာကာ ဆိုင်ဖွင့်စ။ မှီ့ ကိုလည်း သိတာ မဟုတ်။
ဆင်ရာပြောလိုက်ခြင်းပါ။ မိုးရွာနေတာမို့ လမ်းပေါ်မှာကလည်း လူသွား



www.burmeseclassic.com

www.burmeseclassic.com



လှလာကြပါးနေသည်မှာ မရှိသလောက် ဖြစ်နေသည်။ မှီ ပန်းပို့ပေးရ
မိုးစက်မေသည်ပင်လျှင် အဝင်တံခါးမှန်ချပ်ကြီးတွေ ပိတ်ထားက
ဘာမှမသိလိုက်ဘဲ ရှိနေသည့်မို့..။

ခုလောက်ဆို ဝန်ထမ်းမိန်းကလေးတွေကလည်း မိုးအေးအေးမှာ
ထမင်းစားနေကြလောက်ပြီ။ စောစောကတည်းက ချိုင့်လေးတွေ စာ
ပွဲပေါ်မှာ တင်ထားကြချိန် ဖြစ်နေသည်ပဲ..။ ထမင်းစားဖို့ သတ်မှတ်
ထားရာ တစ်ဖက်ခန်းနေရာလေးဆီသို့ သွားလုလုအချိန်လေးမှာ
ရောက်သွားရခြင်းပါ။ ခုလည်း ထမင်းစားနေကြလောက်ပြီ။ အပြင်မှာ
ဘာတွေဖြစ်ပျက်ခဲ့သည်ဆိုတာ သိလိုက်ကြပုံ မရ ..။

မိုးရွာတာမို့ အိမ်တွေကလည်း ပြတင်းတံခါးတွေ ပိတ်ထားကြ
တာ များသည်လေ..။ မနက်က မိုးလင်းချင်းနေသမျှ ကောင်းကင်
က ရွာချသည့်မိုးက အရှိန်လည်း ရခဲ့သည်။ နောက်တော့လည်း တဖွဲ
တစွေစွေဖြင့် အေးစက်စက်လေးတွေနှင့် ပင်လယ်ကမ်းခြေ မြို့တစ်မြို့
၏ သဘာဝတရားကို ထိန်းထားနေသည့်အဖြစ် ..။

"သွားတော့ .. သွားပြုလိုက်တော့"

ဟု ဆိုင်ရှင်က ပြောကာ လက်ဖက်ရည်ခွက် အကွဲအစအနတွေ
ကို လမ်းပေါ်မှ ကောက်သိမ်း၍ ဆိုင်ဘက်ကို ပြန်လျှောက်သွားဟာမို့
မှီ မျက်နှာလေး ရဲအမ်းအမ်းဖြင့် ကားတံခါးကို ဖွင့်၍ တက်လာမိရပါ
၏။ တော်သေးသည် ကားတံခါးက မှန်တွေတင်ထားတာမို့ ကားထဲမှာ
ကားကူရှင်ကိုမှီ၍ ငြိမ်နေသော သူလည်း ဘာမှကြားခဲ့ပုံမရ။

ရှင်းပြနေလျှင်လည်း လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ချစ်သူတွေလား
ဟု ဆက်လေရှည်နေလျှင် ပိုဆိုးကုန်မှာမို့ ကမန်းကတမ်းပင် ကားပေါ်
တက်လာခဲ့ရပါသည့် မှီ ပါ ..။

ဆေးခန်းသို့ မှီ အရင်မောင်းသည်။ ဆေးခန်းကို ပြပြီးမှပဲ ကျန်
သည့် ပန်းတွေ မြဖူးငုံ ပန်းစတိုးဆိုင်လေးသို့ ပို့လိုက်တော့မည်ဟု ဆုံး





ဖြတ်ထားသည်။ ပြီးလျှင် ထိုသူတည်းခိုရာ ဟိုတယ်ပဲဖြစ်ဖြစ်၊ နေအိမ်ကို
ပဲဖြစ်ဖြစ် လိုက်ပို့ပေးတော့မည်။ မတတ်နိုင် .. ကူညီရမည့် ဝတ္တရား
တစ်ခု ရှိလာသည်ဟု မှီ မှတ်ယူသည်။ လူတစ်ယောက် ကိုယ့်မြို့ကို
ဧည့်သည်အဖြစ် ရောက်လာချိန်မှာ ခုလိုအဖြစ်မျိုးကြုံလျှင် မှီ ကူညီ
ရမည်သာ ..။ ဤသည်မှာ မြို့ခံတို့၏ဝတ္တရား ..၊ ဆေးခန်းရှေ့ရောက်
တော့ မှီ စိတ်ညစ်သွားသည်။ ဆေးခန်း ပိတ်ထားသည်ပဲ ..။

"ဒီဆေးခန်းက ဆရာဝန်မလေး ခရီးများ ထွက်သွားသလား"

ဟုတွေးမိကာ၊ သူ့ကိုကြည့်တော့ မျက်စိမှိတ်၍ငြိမ်နေတာကို မြင်ရသည်။

"ဒီမှာ ဆေးခန်းတော့ ပိတ်ထားတယ်ရှင့် ..၊ ဆေးရုံလိုက်ပို့ပေး
ရမလား .. ဒါမှမဟုတ် ရှင်တည်းတဲ့နေရာကို လိုက်ပို့ပေးရမလား"

ဟု မေးတော့မှ သူ့မျက်ဝန်းတွေ ပွင့်လာသည်။ ကားမောင်းနေ
သည့် မှီ့ ကို ကြည့်ကာ ..

"ဆေးရုံ .. ဟာ!... မသွားချင်ပါဘူးဗျာ"

ဟု အရင်ဆုံး ငြင်းသံ ထွက်ကျလာသည်။ မသွားချင်တာလည်း
သိသာနေသည်။

"ဒါဆို ဘယ်ကိုပို့ပေးရမလဲ ပြောလေ .. မှီ ပို့ပေးမယ်"

မှီ့ လည်း သွားရင်းလာရင်း လူတစ်ယောက်မိုးမိတာကို တင်လာ
ခဲ့ရာမှ ခုကျတော့ ရေဆုံးမြေဆုံး လိုက်ကူရသူတစ်ယောက် ဖြစ်မှန်း
မသိ ဖြစ်လာနေရချေသည်တည့်..။ သူ တစ်ချက်တွေ၍ စဉ်းစားသည်။
ခေါင်းကိုလည်း လက်ဖြင့်အုပ်ထားကာ မျက်ခုံးကြီးတွေတွန့်၍ ဘာကို
မှန်းမသိ အသည်းအသန် စဉ်းစားသလိုကြီး လုပ်နေတော့ မှီ လန့်လာ
သည်။ ဘုရားရေ .. ရုပ်ရှင်ထဲကလိုမျိုး ဒဏ်ရာကြောင့် အတိတ်မေ့သည်
ဆိုတာမျိုး ကြုံလျှင်တော့ ဒုက္ခပဲဟု လန့်လာရပါပြီတည်း။

သူ တစ်ချက် မှီ့ ကို ကြည့်လာသည်။

နောက်တော့ အိတ်တွေထဲ လက်နှိုက်၍ ဟိုဟိုသည်သည် ဘာမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိရတာကိုရှာနေသူတစ်ယောက် ဖြစ်နေပါ၏။ ဘောင်းဘီအိတ်က ထဲက ပိုက်ဆံတွေ ပါလာသည်။ တစ်ထောင်တန်တချို့၊ ငါးရာတန်နှ နှစ်ရာတန် တချို့ ပါလာသည်။ သိပ်တော့ မများလှ .. နောက်ထ အကျီအိတ်ကပ်ကို နှိုက်ပြန်သည်။ လိပ်စာကတ်တစ်ခု ပါလာသည် ကားမောင်းနေရင်း သူ့ကိုလည်း လှုပ်ရှားမှုမှန်သမျှ လိုက်ကြည့်နေသည် မှီ ..။ သူ့လက်ထဲရောက်နေသည့် လိပ်စာကတ်မှာ ပန်းရိပ်မြုံ ၏ လိပ် ဆိုတာ ချက်ချင်းသိလိုက်ရပါသည့်အဖြစ်။ မသိဘဲ ဘယ့်နှယ့်ရှိပါ့မည် တဲ့လဲလေ ..။

ကိုယ့်လိပ်စာကတ်ဆိုတာ အဝေးကပဲကြည့်ကြည့် သိနိုင်သည် ကိစ္စ။ ခုဥစ္စာက အနီးတကပ်ကြီး ရှိနေသည်ပဲ။ ကားရှေ့ခန်းမှာ န ယောက်သား ယှဉ်၍ထိုင်နေရသည့်သူ နှစ်ယောက်။ တစ်ယောက်က ကားမောင်းနေသည်။ တစ်ယောက်က အိတ်ကပ်တွေနှိုက်ရင်း ဟို သည်ရှာနှင့် လုပ်နေသည်။ ပန်းရိပ်မြုံ၏ လိပ်စာကတ်လေးက ပန်း လေးတွေလည်း ထည့်ရိုက်ထားတာမို့ လှမ်းကြည့်တာနှင့်ပင် အရော ကာလာလေးတွေ ပန်းလေးတွေဖြင့်ပင် သိသာနေပါသည့်အဖြစ်..။

"သိပြီ .. ကျွန်တော်နေတာ ဒီမှာပဲ ဖြစ်မယ် ..၊ လိပ်စာတွေ့တာ မဟုတ်လား"

ဟု ပြောတော့ မှီ လန့်သွားရကာ ကားကို လမ်းဘေးသစ်ရိ အောက်မှာ ထိုးရပ်လိုက်မိရပါပြီ။

သူကလည်း သေချာပေါက်ပုံကြီးဖြင့် ပြောလာသည်။ အသက်ရှ တွေဘာတွေ ချောင်သွားသည့်ပုံပင် ပေါက်နေသေးသည့်အဖြစ်။ မှ သူ့မျက်နှာကို သေချာကြည့်သည်။ စေ့စေ့ပါအောင် ကြည့်သည်။

သူ့ပုံစံက ရွှတ်နောက်နောက်လုပ်နေတာနှင့် တူမနေ ..။ တကယ် ကို အတည်ပေါက်ပြောနေပုံကြီး ဖြစ်နေသည်။

"ဒုက္ခပါပဲ .. အဲဒါ .. ရှင့်လိပ်စာ မဟုတ်ဘူးရှင့်"





မှီ ခပ်ညည်းညည်းပြောတော့ သူ မျက်နှာပျက်သွားကာ မှီ့ ကို းကိုးသလိုကြီး ကြည့်လာကာ ...

"ဒါဆို ကျွန်တော့်လိပ်စာက ဘယ်မှာလဲ"

ဟု ပြန်မေးလာတော့ မှီ မျက်လုံးလေး ပြူးသွားရပါပြီ။

"ရှင် နောက်တောက်တောက် မလုပ်နဲ့နော်"

ဟု အသံလေးမာ၍ ပြောပစ်တော့ သူကလည်း စိတ်လက်ညစ် ဖြင့် မှီ့ ကိုကြည့်ကာ ..

"တကယ်ပြောတာဗျ .. ကျွန်တော် ဒီတစ်ခုပဲ သိတာ ..၊ ဒီလိပ်စာ တ် ကျွန်တော့်ဆီမှာ ရှိနေတာဆိုတော့ ကျွန်တော်နဲ့ပတ်သက်လို့ပေါ့ - အဲဒီကို ပို့ပေးဗျာ ..၊ ကျွန်တော် ဆင်းနေခဲ့မယ်"

ဟု ပြောနေတော့ မှီ ငိုချင်လာသည်။ နေ့ရင်းထိုင်ရင်း ပြဿနာ ခို ဘက်ကို လာပတ်နေပြီ။ ရုပ်ရည်လေး မွန်မွန်ရည်ရည်နှင့် လူတစ် က် .. အတိတ်တွေ ဘာတွေများ မေ့နေပြီလား မသိ။ ခက်တော့ နေပြီ။ ခေါင်းလေးကုတ်မိကာ ...

"အဲဒါ မှီ့ လိပ်စာ .. မှီ့ လိပ်စာ ..၊ ဘယ့်နှယ်လုပ်ပြီး ရှင့်အိမ်ဖြစ် လဲ ..၊ ရှင်နဲ့ မှီ ဘယ်တုန်းကမှ သိခဲ့ကြတာ မဟုတ်ဘူးရှင့်"

ဟုပြောတော့ သူ လက်မခံနိုင်သလို ကြည့်လာသည်။ မျက်နှာ ားကိုးရာပျောက်နေတာမျိုးလည်း နိုင်နေသည်။ စိတ်တွေရှုပ်ထွေး တာလည်း သိသာနေသည်။ ခေါင်းမာရိပ်လည်း ပေါ်လာနေပြီ။

"ဒါဖြင့် ဒီလိပ်စာကတ်က ဘယ့်နှယ့်လုပ်ပြီး ကျွန်တော့်ဆီမှာ မှာတဲ့လဲ ..၊ ကဲ .."

ဟု အပိုင်ပေါက်ဖြင့် မေးလာတော့ ...

"ရှင် .. အဲဒီရှေ့ ကားအံထဲက ယူကြည့်ပြီး ထည့်ထားတာ နေမှာ ဒီမယ် အူကြောင်ကြောင် မလုပ်နဲ့နော် ..၊ မှီ က ရှင့်ကို နာမည် င် သိခဲ့သေးတာ မဟုတ်ဘူး၊ မှီ့ မှာ အဒေါ်နဲ့ နှစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ ရှင့်ကို ဘယ့်နှယ်လုပ် ခေါ်သွားရမှာလဲ၊ လမ်းမှာ မိုးမိတာ ကြောင့်ရယ် .. ရှင့်စက်ဘီး ဘီးပေါက်လို့ရယ် ကူညီမိတာပဲ ရှိတယ်၊ ဒုက္ခပါပဲ .. စိတ်များရယ် ညစ်လိုက်ပါရဲ့"

ဟု ပြောကာ ကားကို ဆက်မောင်းသည်။ သူကလည်း ဘေးမှ တောင်ကြည့်မြောက်ကြည့်ဖြင့် ပါလာရင်းမှ ..

"ဟာ!... ဘယ်ကိုမောင်းမှာလဲဗျ"

ဟု မေးလာတော့ ...

"ဆေးရုံကို မောင်းရမှာပေါ့ရှင့် ..၊ ရှင့်ကို ဆေးရုံတင်ထားခဲ့ရလိမ့်မယ် .. ဒါပဲ ရှိတယ်၊ အဲဒါ မှီ အကူညီနိုင်ဆုံး ကိစ္စပဲ"

"ဟာ .. အဲလိုဆို ကျွန်တော့်ကို ဘယ်သူက လာကြည့်မှာလဲဗျ..၊ အရေးထဲ အားလုံး စဉ်းစားမရဖြစ်နေတာ ဆိုးတယ် မမှီ ..၊ ဆေးရုံမှာ ကျွန်တော့်ကို ထားပစ်ခဲ့မလို့လား"

မှီ ကားအရှိန်ကို လျှော့မိကာ သူ့ကို ကြည့်မိပြန်သည်။ အရမ်းစိတ်ထိခိုက်နေမှန်း သိနေရပြန်တော့လည်း ရင်ထဲ မကောင်းပြန်။

"ကျွန်တော် ခင်ဗျားနဲ့တော့ ပတ်သက်တယ်ဗျ..၊ မှီ ဆိုတာ ကျွန်တော် သိနေတယ်လေ..၊ ခင်ဗျားနာမည် မှီ အဲဒါကိုတော့ သိနေတယ်"

ဟု ပြောလာတော့ မှီ စိတ်လေးပြန်ဆိုးသွားရပါပြီ။ ဘယ့်နှယ်.. မှီ ကပဲ တမင်လိမ်နေရာ ရောက်နေသည်ကိုးလေ ..။

"အဲသလိုတော့ မပြောနဲ့လေ..၊ မှီ က မှီ့ နာမည်လေး ထည့်ထည့် ပြောတတ်တော့ ရှင် ကားတိုက်ခံရပြီးချိန်မှာလဲ ဒီ မှီ ဆိုတဲ့ နာမည်လေး မှီ ထည့်ထည့်ပြောမိတာ ရှင်ကြားထားတာကိုး ..၊ ဒီမယ် .. အတည် ပေါက်ကြီးတော့ မပြောနဲ့ .. အပိုင်မပြောနဲ့.. မှီ ရှင့်ကို ခေါ်မသွားနိုင်ဘူး သိရဲ့လား"

ဟု ပြောတော့ သူ ခေါင်းကိုက်သလိုကြီး ဖိကာ ..

"ကားတိုက်ခံရတယ် .."





ဟု ခပ်ညည်းညည်းပြောနေပုံက အမှတ်မရသလိုကြီး ဖြစ်နေတော့ ပို၍လန့်လာသည်။ သူ့ကိုလည်း မျက်လုံးလေး ပြူးဝိုင်း၍ ကြည့်မိရ၏။

"ဒီလူ ရုပ်ရှင်ထဲကလိုများ တကယ်ပဲ သူ့အတိတ်ကို မေ့နေတာ လား ဒုက္ခပါပဲ..၊ မှီ တော့ နေရင်းထိုင်ရင်း ချောက်ပေါက်တိုးပြီ၊ ေလးကတော့ ဆူတော့မှာပဲ .. လူတစ်ယောက်ကို ဘာမသိညာမသိ ကားပေါ်တင် ခေါ်သွားရမလားဆိုပြီးတော့ ..၊ ခုတော့ ဒီလူ မှီ တို့ သောင်တင်နေတော့မယ်၊ ဒေါ်လေးက လက်ခံမှာမဟုတ်ဘူး"

ဟု တွေးကာ ...

"ဒုက္ခပါပဲ"

ဟု ခေါင်းကို ကုတ်ဖွရင်း ခြူသံပါအောင် ညည်းမိချိန်မှာ သူက း စိတ်လက်ညစ်နေပုံကြီးဖြင့် ...

"အဖြစ်အပျက် ပြောပြစမ်းပါဦး"

နှင့် ခိုင်းနေပြန်သည်။ မတတ်နိုင် ..၊ မှီ အားလုံး ပြန်ပြောပြရ ၊ စတွေ့သည်မှစ၍ ကားတိုက်ခံရသည့်အဆုံး ယခု လက်ရှိပုံစံ ပြောပြတော့ သူ ငြိမ်၍ နားထောင်သည်။ နောက်တော့ မျက်စိ သပျက်ကာ ...

"ဟုတ်လား .."

ဟု အသံထွက်ကျလာပါ၏။ သွားပါပြီ ..၊ တကယ့်ကို ဘာမှ မှတ်မိပုံမရဘဲ ဖြစ်နေသည့်အချိုး ..။

"အေးလေ"

ဟု သူ တစ်ချက်ညည်းကာ တွေးသလိုကြီး ငြိမ်နေရာမှ မှီ့ ကို သည်။

"မှီ ပြောတာတွေကို ကျွန်တော် ယုံပါတယ်၊ ဒါပေမယ့် လော ယ်မှာ ကျွန်တော့်နာမည်ကိုတောင် ကျွန်တော် မသိဘဲ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ် မှီ၊ ကျွန်တော် သိတာဆိုလို့ မှီ ပဲ ဖြစ်နေတယ်၊ လူကိုလဲ သိနေတယ် .. နာမည်ကိုလဲ သိနေတယ်၊ ဟောဒီလောကကြီးမှာ ကျွန်တော်ဟာ ကိုယ့်ကိုယ်သာ မသိဘဲ ရှိနေတာ ..၊ မှီ တစ်ယောက်တည်းကိုပဲ သိနေတဲ့သူအဖြစ်တော့ ရှိနေတယ် မှီ”

ဟု ပြောလာတော့ မှီ ရင်ထဲ မကောင်း၊ သနားလာမိတာကလည်း အမှန်။ ဒါပေမယ့် သူတို့ မှီ ခေါ်လည်း မသွားနိုင်။ ခေါ်လေးက ဆူမှာ သေချာနေပြီ။

“ဒီလိုလုပ်ဗျာ .. ကျွန်တော့်ကို ဆေးရုံလဲ မပို့ပါနဲ့၊ ဟိုရောက်ရင်လဲ ဘယ်သူ့ကိုမှ ကျွန်တော် သိထားတာမှ မရှိတာ၊ အဲဒီမှာ ကျွန်တော်နေမှာလဲ မဟုတ်ဘူး၊ ဆေးရုံလဲ အတင်မခံနိုင်ဘူးဗျာ၊ ဒီတော့ ကားရပ်လိုက်ပါ ..၊ ကျွန်တော် ဆင်းနေခဲ့မယ်၊ လက်ထဲမှာ ပိုက်ဆံ အနည်းအကျဉ်းတော့ ရှိနေတာပဲ၊ ထမင်းတော့ မငတ်နိုင်ပါဘူး”

ဟု ပြောလာတော့ မှီ ရင်ထဲမကောင်း။ ဒါပေမယ့် ဤလမ်းပဲ ရှိသည်လေ။ သူ့ကိုလည်း မှီ သိတာမဟုတ်။ ဘယ်ကလာမှန်းလည်း မသိ။ ဘယ်လိုလူမျိုးမှန်းလည်း မသိ။ ပန်းရိပ်မြို့သို့ ခေါ်သွား၍ကို မဖြစ်သည့်ကိစ္စ။ ကားကို ရပ်ပေးလိုက်ကာ ...

“နောက်ခန်းမှာ ရှင့်စက်ဘီး ရှိတယ် ..၊ ယူလိုက်ပါဦး”

ဟု ပြောမိရပါ၏။ သူ ကားပေါ်မှဆင်းသည်။ မိုးရေထဲမှာပဲ ကားနောက်ခန်းတံခါးရှက်ကိုဆွဲ၍ ဖွင့်ပါ၏။ စက်ဘီးကို ထုတ်သည်။ နောက်တော့ မိုးရေထဲမှာ သူ ရပ်ကျန်ခဲ့ပါ၏။ မှီ ကားကိုမောင်းထွက်ခဲ့ရင်းမှ သူ့ကို ကားနောက်မှန်ဆီမှ ကြည့်မိသည်။ မိုးရေထဲမှာ ခုထိသူ ရပ်နေဆဲ..။ စက်ဘီးကိုကိုင်ထားရင်း ငြိမ်သက်၍ ရပ်နေသည့် သူ့ပုံရိပ်က မလှုပ်မယှက်။ မှီ ကားကို ဆက်မောင်းလာမိရပေမယ့် စိတ်က မငြိမ်မသက်။ အာရုံထဲ တိုးဝင်လာသည်က လက်ဖက်ရည်ခွက်ကိုမြှောက်ပြရင်း လျှောက်လာသည့် သူ့ပုံရိပ် ..။





မကြာမတင်လေးကပင်လျှင် မြင်ခဲ့ရပါသည့်ပုံရိပ်..။ မှီ့ ကို လက်ဖက်ရည်ပူပူတစ်ခွက် တိုက် ချင်ဖော်ဖြင့် လာသည့်သူ။ ကားတိုက်ခံရသည်။ လက်ဖက်ရည်ခွက် ကျကွဲရာ ကတ္တရာလမ်းပေါ် သူ အရုပ်ကြီးတစ်ခုနှယ် ကျသွားတာကို မြင်နေရမိဆဲ ..။

“သူ .. မှီ့ အတွက် လက်ဖက်ရည်ခွက်လေး ယူမလာရင် ခုလိုဖြစ်ရမှာ မဟုတ်ဘူး”

ဆိုသည့် အသိတရားက ရင်ကိုလာ၍ ဆောင့်နေသည်။ နှလုံးအိမ်ထိခိုက်လာနေစေပြီ။ မှီ့ နောက်ကို ထပ်ကြည့်မိစဉ်မှာလည်း စောစောက နေရာမှာ သူ ရပ်နေဆဲ..။ မိုးရေထဲမှာ ရပ်နေသည့် သူ့အသွင်က ဘယ်ကိုခရီးဆက်ရမှန်း မသိသည့်သူတစ်ယောက်အဖြစ် ရပ်တည်နေရသည့်ပုံမျိုး။ သူ့ရင်ထဲမှာ ရှုပ်ထွေးပင်ပန်းရင်း ကြေကွဲနာကျင်နေချေမည်လား..၊ မှီ ရှေ့ဆက်၍ မောင်းနေမိရပေမယ့် စိတ်က နောက်ဘက်မှာ ကျန်နေပြီ..။ မောင်း၍မရနိုင်အောင် ရင်ထဲနာကျင် မွန်းကျပ်လာသည်။

ဟင့်အင်း .. ဤမျှအထိတော့ မှီ မရက်စက်နိုင်ပြီကောလေ..။ ကားကို ပြန်ကွေ့မိလိုက်ရစဉ်အထိ သူကတော့ မိုးရေထဲမှာ ရပ်နေဆဲ..။ စောစောက ရှိနေသည့်နေရာမှာ မရွေ့မလျားကြီး ရပ်နေမြဲ..။ မိုးက ပို၍ပင် သည်းလာချေသည်တည့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

မို့ အပေါ် သူထားတဲ့ စေတနာဓာတ်ခုကြောင့် သူ အတိုက်နဲ့ခဲ့ရတာမို့ သူ့ကို မိုးထဲရေထဲ ချန်မထားသင့်ဘူးလို့ မို ခံ တယ် ဒေါ်လေး..၊ ဒါကြောင့် သူ့ကို မို ခေါ်လာလိုက်တယ်"

အိပ်ခန်းထဲ ဒေါ်လေးထား ကို ခေါ်လာကာ တိုးတိုးတိတ်တိတ် အဖြစ်စုံကိုလည်း ပြောပြ..၊ စကားကိုလည်း အဆုံးသတ်လိုက်ချိန် ဒေါ်လေးထား ခမျာ မို့ ကို အံ့ဩမှင်တက်သလိုကြီး အတန်ကြာ အသံတိတ်ကျနေရင်း ငေးစိုက်ကြည့်နေရာမှ ဖြန်းခနဲ ရင်ဘတ်ကို ချခြင်းဖြင့် စတင်လှုပ်ရှားလာပါသည့်အဖြစ်..။ မို ပင် ဒေါ်လေး ၏ရင်ဘတ်ရိုက်သံ ဖြန်းခနဲပေါ်လာတာကြောင့် လန့်သွားရသည်ပါ

"အံမယ်လေး မို ရယ် .. သူ့ကို မသိဘဲနဲ့ ခေါ်လာတယ် တဲ ငါ့နှယ် အံ့ပါရဲ့ဟယ် .. ဒီကောင်လေး လူဆိုးဖြစ်နေရင် ဘယ့်နှယ် မလဲ၊ သူ့နောက်ကြောင်းတွေ ဘာတွေ ရှင်းမှရှင်းရဲ့လားလဲ မသိ တော်နေကြာ ‹ ဒိုယ့်အမှုပတ်နေမယ်နော် မို .."

ဟု ဟီးချ၍ ညည်းပြီး ပြောလာတော့ မို စိတ်ထဲ မောကျနေ ပါပဲ ..။ မတတ်နိုင် .. သူ့ကိုတော့ မို ပစ်မထားနိုင်တော့ပြီပဲလေ





"လူရည်မွန်လေးဆိုတာ ရုပ်ရည်ကြည့်ရင် သိပါတယ် ဒေါ်လေး ယ် .. မိုးထဲရေထဲ ဆင်းနေခဲ့တာပါ၊ မို မကြည့်ရက်လို့ ပြန်ခေါ်မှ ပါ တာပါ၊ သူ့မှာ အားကိုးရာဆိုလို့ မို ပဲ ရှိတယ်၊ တဖြည်းဖြည်းနဲ့ နောက်ကြောင်းတွေ ပြန့်သတိရလာမှာပါ ဒေါ်လေးရယ်၊ သူ့ကို ဆေး း:လဲ ပြမှာပေါ့"

"မိချွေလဝန်းမို .. ရှင်က သူ့ကို ဆေးကုပေးဦးမယ်ဆိုပါတော့ း:လေးဟာလေ .. လူတစ်ယောက်ကို မိုးမိနေလို့ စက်ဘီးပျက်နေလို့ ပြီး ကားပေါ်ခေါ်လာခဲ့တယ်၊ ပြီးတော့ ခု .. ကားတိုက်ခံရလို့ဆိုပြီး ပေါ် ခေါ်လာပြန်ပြီ၊ ဆေးလဲ ကုပေးဦးမယ်၊ အရေးကြီးတာက သူ့ ကြောင်းကိုစွ .. အဲဒါ မရှင်းရင် ဘယ့်နှယ့်လုပ်ကြမလဲ"

ဟု ဒေါ်လေးထား ရင်ထဲလေးနေပုံကြီးဖြင့် ပြောလာတော့ မို ပြင်းလေးရှိုက်လိုက်ကာ ...

"ဒီသုံးလေးရက်လောက်တော့ ခဏခေါ်ထားပါ ဒေါ်လေးရယ်.. တစ်မျိုးစီစဉ်တာပေါ့၊ ခုံ မိုးလည်း ရွာနေတယ်၊ သူ့မှာ မိုးတွေစိုနေ ဖျားတောင် ဖျားမလား မသိဘူး၊ ဘာဘာညာညာဆီက အဝတ်တောင်းပြီး င်းရမှာ ဒေါ်လေးရဲ့ .. ကြာရင် ဖျားဖို့ ပိုနီးလာလိမ့်မယ်"

ဟု ပြောပြောဆိုဆိုလေး ထထွက်သွားတော့ ဤလူစိမ်းကောင်လေး အိမ်မှာထားဖို့ကိစ္စ နောက်ဆုတ်တော့မှာ မဟုတ်တာ ဒေါ်လေးထား တ်ပုံဖြင့် ...

"ဒါဆို သူ့ကို ကားဂိုဒေါင်ထပ်ခိုးမှာပဲ နေခိုင်း"

ဟု စိတ်လျှော့လက်လျှော့ဖြင့် ပြောလာတော့ မို ပြုံးသွားကာ လေးထား ဆီသို့ တစ်ကျော့ပြန်လျှောက်လာပြီး ပါးလေးကို နမ်း ပါချေသတည်း။

"ဒါဆို သူ့ကို အဝတ်အစား လဲခိုင်းမယ်၊ ဖိုးလုံး နဲ့ ကားဂိုဒေါင် ထပ်ကိုလည်း ထပ်ပြီး လှဲကျင်းခိုင်းထားလိုက်မယ်၊ အိပ်ရာအိပ်



www.burmeseclassic.com

www.burmeseclassic.com



ခင်းဆိုတာကလဲ အိမ်မှာ အပိုရှိတာပဲ ဒေါ်လေးရာ .. လူတစ်ယောက်ကို ခုလို ကူညီတာ ကောင်းပါတယ်၊ မို တို့တောင်မှ ကံတွေဘာတွေက ကောင်းချင်ကောင်းလာဦးမှာ .. ခုလို အားကိုးရာပျောက်နေတဲ့သူကို ကူညီတာမျိုးက ကုသိုလ်ပိုရတယ် ဒေါ်လေးရဲ့ ..''

"အေး .. လူကို ကုသိုလ်နဲ့ ပြပြီး ခေါင်းညိတ်ခိုင်း ညည်း အလွန် စကားတတ်တယ် မို"

ဟု ဒေါ်လေး ညည်းပြီးမှ ...

"အေး .. သူ့ကို ဆိုင်မှာတော့ ခိုင်းတာတွေ ဘာတွေလုပ်မှ ဘား လူအဖြင်လဲ သင့်မယ် မို ..၊ ဆိုင်မှာ စားပွဲထိုး .. ဈေးဝယ်တာတို့ ဘာ တို့ ခိုင်းရမယ်၊ အဲဒါမှ သူ့ကိုလဲ လခလေးဘာလေး ပေးလို့ဖြစ်တယ်၊ သူလိုတာလဲ ဝယ်လို့ရတယ်၊ သူ့ကို မြန်မြန်ဆေးခန်းပြ .. အတိတ်ကို ပြန်ပြီး မြန်မြန်သတိရလေ ကောင်းလေပဲ''

ဟု ဒေါ်လေးမှာ စိတ်တုံးတုံးချလိုက်သည့်နှယ်ပြောပြီး ရှေ့မှ အရင် ထွက်တော့ မို ပျော်လျက် နောက်မှလိုက်လာမိရသည်ပါပဲ။ ဒေါ်လေး ထား ခွင့်ပြုလိုက်ချေပြီကိုးလေ ...။ ဧည့်ခန်းငယ်လေးရှိ ဆက်တီကုလား ထိုင်မှာ သူ ငြိမ်ငြိမ်သက်သက် ထိုင်နေသည်။ လက်နှစ်ဖက်က ပေါင် နှစ်ဖက်ပေါ်မှာ တစ်ဖက်စီတင်ထားတာ ငြိမ်လွန်းစွာထိုင်နေခြင်း။ မိုးရေ စိုနေသည့်အဝတ်တွေကြောင့် မထိုင်လိုပါဟု အတန်တန် သူ ငြင်းခဲ့ပေ မယ့် မို အတင်းထိုင်ခိုင်း၍ ထိုင်နေခြင်း။ ဒါပေမယ့် ထိုင်ခုံ အဖျားစွန်း လေးပေါ်မှာ ထိုင်သည်ဆိုရုံလေး ရှေ့ဘက်မှာ ထိုင့်နေခြင်းမျိုး ဖြစ်နေ သည်။ မို နှင့် ဒေါ်လေး ဧည့်ခန်းဆီသို့ ထွက်လာတော့ မျက်နှာညှိုးဖျော့ ဖျော့ဖြင့် သူ ကြည့်လာပါ၏။ မို ပြုံးပြလိုက်ကာ ...

"ရှင့်ကို ဒေါ်လေးထား ကလဲ နေခွင့်ပြုတယ်၊ ရှင် နေရမယ့်နေရာ ကို မို လိုက်ပြမယ်၊ ဖိုးလုံး ရေ .. လာခဲ့''

ဟုလည်း ဖိုးလုံး ကို လှမ်းအော်ခေါ်ရင်း ဆိုင်လေးဘက်သို့ ကူး





ိုက်တော့ နောက်မှ တကောက်ကောက် သူ ပါလာသည်။ မို ရပ်လျှင် ာက်ပါးမှာ လက်တစ်တမ်းစာခွာ၍ ကပ်ရပ်သည်။ မို လျှောက်လျှင် ူလည်း နောက်မှ လိုက်လာပြန်သည်။ ဘဘညို ကို မို ကြည့်ကာ...

"ဘဘညို အဝတ်အစားစုံလောက် ပေးပါလား ..၊ အင်္ကျီထူတစ် ည်လောက်လဲ ထည့်ပေးနော် ..၊ မို .. အသစ်ပြန်ဝယ်ပေးပါ့မယ်''

ဟု ပြောတော့ ဘဘညို ဘာမှ ပြန်မေးတာတွေဘာတွေ မလုပ် ား မို သူ့ကို ကြည့်ကာ ...

"ဧည့်ခန်းမှာ ခဏပြန်ထိုင်နေ .. မို့ နောက် တကောက်ကောက် ိုက်မနေနဲ့''

ဟု လှည့်ပြောမိရသည်က ဆိုင်ထဲမှာ လူတွေစားသောက်နေကြ၍ ၊ သူ အတိတ်မေ့နေတာတွေ ကားတိုက်ခံခဲ့ရတာတွေကို ဘားလူတွေ သိစေချင်။ ဒါကြောင့်မို့လည်း ဧည့်ခန်းမှာ ပြန်ထိုင်နေဖို့ ပြောရခြင်းပါ။ ပြောလိုက်တော့လည်း သူ နာနာခံခံလေးပဲ တစ်ဖက်မှာရှိ နေသည့် ည့်ခန်းဘက်ဆီသို့ ပြန်ကူးသွားသည်ပါပဲ...။

"ဆိုင်အတွက် လူသစ်တစ်ယောက် ခေါ်လာတာ ဘဘညို''

ဟု ဆိုင်ထဲမှာ စားသောက်နေသူတို့ စိတ်ထဲရှင်းသွားအောင် မို ပြောလိုက်ရပါ၏။ တချို့ကတော့ စိတ်ဝင်တစား အစကတည်းကကို ကြ။ ကိုယ့်ဘာသာ စားသောက်လိုက် .. စကားပြောလိုက်နှင့် အစား သောက်ကိစ္စကို အချိန်လေးပင်ဆွဲ၍ နေကြပါသည်။ မိုးတိတ်အောင် ောင့်ရင်း စားသောက်နေတာမျိုးပင် ဆန်နေသည်။ တချို့ကျတော့ ည်း လှုပ်လှုပ်ဆို စပ်စုတတ်ပုံမျိုးဖြင့် ကြည့်ကြသူ တချို့လည်း ရှိနေ ည်ကိုးလေ...။

ဘဘညိုမှ အဝတ်ခြောက် တစ်စုံ မီးပူတိုက်ထားတာကို နောက် ာက်မှ သွားယူလာပေးတော့ မို ယူလိုက်ကာ ဧည့်ခန်းသို့ ပြန်ကူးခဲ့ ၏။ သူကတော့ စောစောကနေရာမှာ စောစောကပုံအတိုင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံအဖျားလေးမှာ ထိုင်ရုံလေးထိုင်၍ ပေါင်တစ်ဖက်စီမှာ လက်ဖဝါး တစ်ဖက်စီတင်၍ ငြိမ်ငြိမ်လေး ထိုင်နေသည်။

မို့ ကို ကြည့်သည့် အကြည့်ထဲမှာလည်း အရမ်းကို ကျေးဇူးတင်သည့်အရိပ်တွေ ပြည့်သိပ်နေကြသည်ပါပဲ..။ လောလောဆယ်မှာ ကျော တစ်နေရာစာ ရရှိလိုက်သည့် ကူကယ်ရာ ပျောက်နေသူတစ်ယောက်၏ မျက်နှာ ..၊ ဒါကို မို နားလည်နေမိရပါ၏။ နောက်မှ လိုက်လာသည့် ဖိုးလုံး ကို မို ကြည့်ကာ ...

"ဖိုးလုံး ကားဂိုဒေါင်ထပ်ခိုးနေရာကို မမမို နေ့တိုင်း ရှင်းတာနော်၊ ဒီနေ့ .. ဖိုးလုံး သေချာထပ်ပြီး တံမြက်လှည်းထား၊ ဒီအဝတ်ကိုလဲ ဖိုးလုံး ရဲ့ ကိုကို ဝတ်ပါစေ၊ ဒီမှာ ရော့ .. ဒီဥစ္စာတွေ ယူသွား .. အဝတ်အမြန် လဲထားလိုက်တော့ .. မို အိပ်ရာတွေဘာတွေ ယူလာခဲ့မယ်၊ ဖိုးလုံး .. တံမြက် မြန်မြန်သွားလှည်း .. ပြီးရင် မမမို ကို အိပ်ရာတွေ ဘာတွေ လာသယ်ကူဦး၊ ဒီမယ် .. ရှင် လိုက်မလာနဲ့ မှာထားပါရဲ့"

မို သူ့ကို ထပ်မှာရသေးသည်။ ဘာကြောင့်ဆို အိပ်ရာမွေ့ရာတွေ ဘာတွေဆိုတာက မို နှင့် ဒေါ်လေးတို့၏ အိပ်ခန်းရှိ ဘီရိုကြီးထဲမှာ ရှိသည်ကိုးလေ။ မို တို့ အိပ်ခန်းထဲထိ သူလိုက်လာကာ ပစ္စည်းတွေဘာတွေ ဝင်သယ်ကူတာမျိုးအထိတော့ မို လည်း အဖြစ်မခံပါ။

ဒေါ်လေးကလည်း ကြိုက်မှာမဟုတ်တာ မို သိနေသည်ပါပဲ။ သူ မျက်နှာမကောင်း၊ မို ပြောသမျှ ခေါင်းပဲညိတ်ကာ ဖိုးလုံး နောက်သို့ လိုက်ပါသွားပါလေ၏။ သွားရင်းဖြင့်လည်း မို့ ကို တစ်ချက်တော့ လှည့် ကြည့်လှည့်ကြည့်နှင့် လှပ်သွားသေးသည်။ မို အိပ်ခန်းထဲ ဝင်သည်။ မွေ့ရာခင်းကြီးကို အရင်ထုတ်သည်။ ခုတင်ပေါ်တင်ပြီးမှ ခေါင်းအုံးတွေ၊ စောင်တွေ၊ အိပ်ရာခင်းတွေ၊ ခြင်ထောင်တွေ ထုတ်ရပါ၏။ အိမ်မှာ ဧည့်သည်လာလျှင် အိပ်နိုင်ဖို့ သီးသန့်ထားပါသည်။ ပရုတ်လုံးရနံ့သင်း နေသော အိပ်ရာအခင်းအကျင်းတွေကိုထုတ်ပြီး ခုတင်ပေါ် စီထပ်တင်





သည်။ မို တစ်နိုင်စာ ခေါင်းအုံးစွပ်၊ စောင်နှင့် ခြင်ထောင်ခေါက်ကို ပိုက်၍ အခန်းထဲမှ ထွက်လာရပါ၏။ ကားဂိုဒေါင်ထပ်ခိုးသို့ တက်ရာ လှေကားရင်းသို့ရောက်တော့ မော့၍ ...

"ဖိုးလုံး .. ဖိုးလုံး .."

ဟု ခေါ်ရသည်က သူ အဝတ်အစားလဲနေတာမျိုးနှင့် မို တိုးမှာ စိုး၍ပါ။

"ဟုတ်ကဲ့ မမို .. ကျွန်တော် တံမြက်စည်း လှည်းပြီးပြီဗျ ..၊ ခုပဲ ဆင်းလာတော့မလို့ .. ဘာတွေ သယ်ရမှာလဲဟင်"

ဟု ဖိုးလုံး ဆင်းလာရင်း မေးလာတော့ ...

"နင့်ကိုကို အဝတ်အစား လဲပြီးပြီလား"

"မလဲသေးဘူး မမမို ရှက်လို့တဲ့"

ဟု ဖြေလာတော့ ဖိုးလုံး ကို စောင်ခေါက်နှစ်ထည်ကို မို ပိုက်ပွေ့ ထားသည့်အထဲမှ ယူစေကာ အပေါ်ထပ်သို့ တက်လာရသည်က ဘေး မှာ အဖော်အဖြစ် ဖိုးလုံး ပါလာအောင်ပါ။

သူကတော့ ထပ်ခိုးပြတင်းအနီးမှာ ငြိမ်ငြိမ်သက်သက် ရပ်နေ သည်။ မိုးရေစိုထားသည့် အဝတ်တွေနှင့် ချမ်းနေပြီဖြစ်သည့် သူ့ကို မို ကြည့်ကာ မျက်မှောင်လေးကုတ်၍ ...

"ရှင် အဝတ်ခြောက်တွေ မြန်မြန်လဲသင့်ပြီ သိရဲ့လား၊ ဖိုးလုံး နဲ့ မို အခု အောက်ဆင်းတော့မှာ ..၊ စိတ်ချလက်ချ အဝတ်အစားလေး ဆော့ လဲလိုက်ပါတော့ရှင်၊ လာ ဖိုးလုံး .. ဒီဥစ္စာတွေ ဒီခုံလေးပေါ် တင်ထားခဲ့"

ဟု ပြောပြောဆိုဆို ခုံပုလေးတစ်လုံးထက်မှာ အိပ်ရာခင်းနှင့် ခြင် ထောင်ခေါက်တွေကို ခေါင်းအုံးစွပ် ဇာနားကွပ်လေးတွေနှင့်အတူ မို လည်း တင်သည်။ ဖိုးလုံး ကိုလည်း စောင်ခေါက်လေးကို အပေါ်မှာ ထပ်တင်လိုက်စေသည်ပါပဲ..။ ခုထိ မျက်နှာငယ်လေးဖြင့် ငြိမ်ရပ်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



မို့ ကို ကျေးဇူးတင်သည့်မျက်ဝန်းတွေဖြင့် ကြည့်နေပါသည့်သူ့ကိုလည်း မို သနားသွားမိရသည်ပါပဲ။ မို ဆူလျှင်လည်း ငြိမ်၍ခံသည့်အဖြစ် ...။

"သေချာမှာခဲ့ပါရဲ့နော် .. အဝတ်အစား မြန်မြန်လဲပါ"

ဟု နောက်တစ်ကျော့ ထပ်မှာပြီး ဖိုးလုံး နှင့် မို အောက်သို့ ပြန်ဆင်းခဲ့ရပါ၏။

"အဲဒီကိုကို အရမ်းရှက်တတ်တာပဲဗျ .. အဝတ်အစားလဲပါဆိုတော့ ဟိုကြည့်သည်ကြည့်နဲ့ လုပ်နေတာ ...၊ ပြီးတော့ ဖိုးလုံး ကို ဘာမေးတယ်ထင်လဲ .. အဝတ်လဲခန်း မရှိဘူးလားတဲ့၊ ဒီနေရာမှာ မလဲရဲဘူးတဲ့.. ရှက်တယ်တဲ့"

ဟု ပြောလာတော့ မို ပင် စိတ်လက်ညစ်နေသည့်ကြားထဲမှ ရယ်မိရသည်ပါပဲ ...။

"သူ့နာမည်က ဘာတဲ့လဲ မမမို .. မျက်နှာက မင်းသားမျက်နှာနော် .. ချောတယ်ဗျ"

ဟု မေးလာတော့မှ သူ့နာမည် ဘယ်လိုပေးလျှင် ကောင်းမည်လဲဟု ခုမှ မို သတိရလာပါ၏။ မိုးကြောင့် တွေ့ရသည့်သူ .. သူ့ဘဝမှာ မိုးကြောင့်ပင် ခုလိုအဖြစ် ကြုံရသည့်သူ။ အနာဂတ်တွင်တော့ သူ့ဘဝကို ခါးသီးသောဘဝထဲမှ လွန်မြောက်တာပဲ ဖြစ်စေချင်သည်။ မိုးချိုသာ.. ဟုတ်သည် .. မိုးချိုသာ။ ချိုသောမိုး .. သာယာသောမိုးဖြင့် ဘဝချိုချိုကိုပဲ ပြန်ရောက်စေချင်သည်။

"သူ့နာမည်က မိုးချိုသာ တဲ့ .. မှတ်ထား ...၊ ခေါ်ရင်တော့ ကိုကို လို့ပဲ ခေါ်ပေါ့ ...၊ ဖိုးလုံး ထက် အများကြီး ကြီးတဲ့ဥစ္စာ"

"စိတ်ချပါ မမမို ရ .. ကိုကိုလို့ပဲ ခေါ်မှာပါ ...၊ မမမို လို့ ခေါ်သလိုပေါ့"

လူတတ်ဖိုးလုံး ကတော့ ဘာမဆို လေလေးတော့ ရှည်ပေးရမှ စားကောင်းသောက်ကောင်းဖြစ်သည့် ကောင်လေးပါ။ ပေါတောတော





လေးပေမို့လည်း မို ချစ်ရသည်ပါပဲ။ ခု ခြောက်တန်းရောက်ပြီ။ ဒေါ်လေး ကတော့ ဆိုင်မှာခိုင်းသည်ဆိုပေမယ့် ဖိုးလုံး ကို ကျောင်းတော့ထားပေးသည်ပါပဲ။ ကျောင်းမတက်ခင် လုပ်နိုင်သမျှလေးတွေ လုပ် .. ပြန်လာတော့လည်း လုပ်ကိုင်ပေးနိုင်သမျှ လုပ်။ ညစာစားပြီးချိန်ဆိုလျှင်တော့ ဖိုးလုံး ကျောင်းစာအုပ် မကိုင်၍ကို မရ..။ ဒေါ်လေးထား ၏စည်းကမ်းက ခပ်ပြင်းပြင်းထဲက ဖြစ်သည်။ လုံးဝ စာကြည့်စားပွဲမှာ ရှိနေရမည်၊ စာကျက်ရမည်။ ခပ်ပျော်ပျော်နေတတ်၍လား မသိ လူတော်ကြီးမဟုတ်ပေမယ့် စာဝေ့လိုက်နိုင်သည့် ဖိုးလုံးပါ။ အတန်းထဲမှာ အဆင့်တစ်ဆယ်လောက်တော့ချိတ်သည့် ဖိုးလုံး ပါ။ တစ်နှစ် တစ်တန်းလည်း အောင်သည်။

ဒါကြောင့်လည်း ဘဘညို က ဒေါ်လေး နှင့် မို တို့ကို ပို၍ကျေးဇူးတတင်ဖြင့် သားချင်းပမာ ချစ်လည်းချစ် ဘာမဆို လုပ်ကိုင်ပေးရှာသည့် ဘဘညို ပါ။ ဘဘညို ဆိုတာက ယခင်ဆိုင်ဟောင်းလေးမှာ ကတည်းက ဒေါ်လေး ခေါ်ခိုင်းခဲ့ရာ တီးဆရာအဖြစ် ရှိခဲ့သူပါ။ ဤဆိုင်လေးသို့ ပြောင်းလာပြီးချိန်ကျတော့မှ ဖိုးလုံး ကို ဘဘညို ခွင့်တောင်း၍ ခေါ်ခဲ့ခြင်းပါ။ ဖိုးလုံး ၏ဖခင် ဘဘညို ၏ညီဖြစ်သူ ဆုံးခဲ့သည်မို့ အစကတည်းက မိတဆိုးဖြစ်ရပါသည့် ဖိုးလုံး ကို မခေါ်၍ မဖြစ်သည့်အဖြစ်ကိုပါ ရှင်းပြ ခွင့်ပန်ခဲ့ခြင်းပါ။ ခုတော့ ဖိုးလုံး သည်လည်း ပန်းရိုပ်မြို့မှာ နေသားတကျဖြင့် ပျော်နေပါပြီ။ မို နှင့် ဒေါ်လေးကိုလည်း ချစ်ရှာသည်။

"လောလောဆယ်မှာ ကိုမိုးချိုသာ ကို ဟိုမေးသည်မေးတွေ လျှာမရှည်မိစေနဲ့ ဖိုးလုံး ...၊ ခုမှ စရောက်တဲ့သူကို မေးခွန်းတွေ သိပ်မမေးရဘူးကွယ့် ...၊ အဲသလိုမေးရင် တချို့က မကြိုက်ဘူး သိရဲ့လား"

"အင်း .. မမေးပါဘူး မမမို ရဲ့ .. စိတ်ချပါ အဲဒီကိုကိုက မေးခွန်းမေးရင် မကြိုက်ဘူးလား"

ထုံးစံအတိုင်း ပေရှည်နေသည့် ဖိုးလုံး ကို ချစ်စနိုးလေး ခေါင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ခေါက်ပြီးမှ ..

"မမေးနဲ့ဆိုဟယ် .. နင်ကလဲ .."

ဟု ပြောတော့မှ ဇက်ကလေး ပုသွားပါ၏။ နောက်တော့လည်း အခန်းထဲရောက်ကြ ..။ ဖိုးလုံး က ခေါက်သားတကျရှိသည့် မွေ့ရာခင်းကြီးကို လက်ဖြင့် သိမ်းမွေ့ပိုက်သယ်လာချိန်မှာ .. မီ ကတော့ စတီးလ်ခေါက်ခုတင်လေးကိုယူ၍ ရှေ့မှ လျှောက်လာမိရပါ၏။

"မွေ့ရာသယ်ပြီးရင် ခေါင်းအုံးတွေ သယ်လာခဲ့ .. ကြားလား"

ဟု ပြောတော့လည်း ဖိုးလုံး ခေါင်းပဲ ညိတ်သည်။ မီ နှင့် ဖိုးလုံး ကားဂိုဒေါင်သို့ ပြန်ရောက်ချိန်မှာ အဝတ်ခြောက်တွေနှင့် ဖြစ်နေပြီဖြစ်သည့် သူ့ကို ကားဂိုဒေါင်ရှေ့မှာ အသင့်ရပ် စောင့်ကြိုနေတာကို မြင်နေရသည်။ ခပ်သုတ်သုတ် လျှောက်လာကာ မီ့ လက်ထဲမှာ ခေါက်ခုတင်ကို ယူသည်။ ဖိုးလုံး ပိုက်မွေ့ရာ မွေ့ရာအခင်းကြီးကိုလည်း ယူဖို့ ပြင်နေသည်။

"နှစ်ခုစလုံး ဘယ့်နှယ်လုပ် သယ်မလဲ ..၊ ဖိုးလုံး .. အပေါ်ထပ်ကို သွားလိုက်တော့ မမမီ ပဲ ခေါင်းအုံး ယူလာလိုက်တော့မယ်"

ဟု ပြောပြောဆိုဆို နောက်တစ်ကျော့ ခေါင်းအုံးတွေယူကာ ပြန်လာခဲ့ရသည်က မီ ပါ ..။ မီ ထပ်ခိုးသို့ရောက်တော့ ခေါက်ခုတင်လေးလဲ ခင်းကျင်းပြီးနေပြီ။ မွေ့ရာငယ်လေးလည်း ခေါက်ခုတင်ပေါ် ရောက်နေပြီ။ အိပ်ရာခင်းကိုပင် ပြန့်နေအောင် သူ ခင်းထားကာ ပိုသည့်အနားတွေကို မွေ့ရာငယ်လေးအောက်ဆီသို့ သူ သပ်သပ်ယပ်ယပ် ခေါက်ထည့်သွင်းနေတာကို မြင်ရပါ၏။ ခေါင်းအုံးကို သူကိုယ်တိုင် မီ့ ထံမှ လာယူသည်။ ခေါင်းအုံးစွပ် စွပ်သည်။ ပြီးတော့ အိပ်ရာထက်မှာ သေသေသပ်သပ် တင်သည်။ စောင်နှစ်ထည်ကလည်း ခုတင်ငယ်လေး၏ ခြေရင်းမှာ ခေါက်သားတကျ ရှိနေပါ၏။ ပရုတ်လုံးရနံ့က အခန်းလေးထဲမှာ သင်း၍ပျံ့နေပါသည့်အဖြစ် ..။





"ဖိုးတာ .. မမမီ မောတယ်ဟယ် ..၊ ကော်ဖီသုံးခွက် .. ကိုင်းခွက်ကြီးနဲ့ ယူလာခဲ့ ..၊ နင့်အတွက်လဲ ယူလာ .. ဘဲသားမုန့်လဲ သယ်လာ၊ မမမီ ဒီကပဲ စောင့်နေတော့မယ်"

ဟု ပြောတော့ ဖိုးလုံး ခေါင်းညိတ်ကာ ခပ်သုတ်သုတ်လေး တက်ကြွစွာ ဆင်းသွားပါ၏။ အစားမက် ဖိုးလုံး ကျောင်းပိတ်ရက် ဤနေ့မှာ ကော်ဖီ ဖန်ကိုင်းခွက်ကြီးနှင့်လည်း သောက်ရမည်။ ဘဲသားမုန့်လည်း စားရမည်မို့ ပျော်နေသည်ပေါ့ ..။

"တော်သေးတယ် .. လောလောဆယ် မိုးတိတ်နေလို့ .. ခုလို ပစ္စည်းတွေသယ်ရတာ အဆင်ပြေတာ"

ဟု မီ ပြောတော့ သူ ခေါင်းပဲ ညိတ်ပါ၏။ မိုးကတိတ်သွားပေမယ့် ညို့မှောင်နေသော ကောင်းကင်ပြင်ကြီးကတော့ မကြာမီမှာ နောက်တစ်ကျော့ မိုးရွာချဦးမည်ဟု ကြွေးကြော်နေတာနှင့် တူနေသည်။

သူ့ကို မီ ကြည့်မိရပါ၏။ အဘညို ၏အဝတ်တွေက အတော်ကြီးကို ချောင်နေသည်။ အကျႌထူကြီးကလည်း ပွလွန်းနေသည်။ ဘဘညို ၏ ခပ်နွမ်းနွမ်း ပုဆိုးအညိုကွက်စိပ်ကို ဝတ်ထားသော သူ့ကိုကြည့်ရတာ အဝတ်ပွချောင်ချောင်ကြီးတွေနှင့်မို့ သိပ်တော့ ကြည့်မကောင်းလှ။ ဒါပေမယ့် နွေးနွေးထွေးထွေးတော့ ရှိချေမည်ပေါ့။ မတတ်နိုင်.. အဝတ်အစားပါ ဝယ်ပေးရချေဦးတော့မည်ပဲဟု နောက်ဆက်တွဲ တာဝန်ဆက်ယူရချေမည့်ကိစ္စက ခေါင်းထဲ ဝင်လာရပြန်သည်။ သူ့ကို ကော်ဖီပူပူနှင့် အစာလေးလည်း ဝင်သွားစေချင်သည်။ ဒါမှ ပို၍ နွေးထွေးသွားချေမည်ပေါ့။ မီ လည်း ပစ္စည်းတွေ သယ်ဟယ်ပြုဟယ်နှင့် တကယ်လည်း မောလာသည်မို့ ကော်ဖီသောက်ချင်လာရသည်ပါပဲ။ ပြီးတော့ ဖိုးလုံး ရောက်မလာမီ သူနှင့် မီ ဇာတ်တိုက်စရာတွေ ရှိနေသေးသည်လေ ..။

"ရှင့်ကို မိုးချိုသာ လို့ မီ နာမည်ပေးထားတယ် သိရဲ့လား..၊ အဲဒါကို မှတ်ထားဦး ..၊ ရွာကနေပြီး အလုပ်လာရှာရင်း မီ နဲ့ မိုးစက်မေစတိုး



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှာတိုးရာ၊ ဒီမှာ အလုပ်ရသွားတာလို့ ပြောလိုက်.. ဒီလိုပဲ ပြောထား ..”

ဟု သင်နေတော့ သူ ငြိမ်သက်၍ မှီ့ ကို ကြည့်သည်။ ခေါင်းကို လက်ဖြင့်ဖိကာ ...

“ခေါင်းထဲမှာ ဘာမှကို ပေါ်မလာသေးတာပါ မှီ ..၊ ကျွန်တော် သတိပြန်ရတာနဲ့ မှတ်မိတာနဲ့ ချက်ချင်း ဒီက ထွက်သွားပါ့မယ်ဗျာ၊ ဒီမှာလဲ ဘာမဆို လုပ်ပါ့မယ်..၊ ဆိုင်မှာ အားလုံး လုပ်ပါ့မယ်ဗျာ”

ဟု ပြောနေတော့ မှီ ရင်ထဲမကောင်း ..။

သူ ရုတ်ခနဲ သတိရလာပုံကြီးဖြင့် မှီ့ ကို ကြည့်လာတော့ မှီ ပင် ယောင်တောင်ပေါင်တောင်ဖြင့် ဝမ်းပဲသာလိုက်ရမလို ဖြစ်သွားရသည်ပါပဲ ..။ ဘုရားရေ .. သူ့အတိတ်များ ပြန်သတိရချေပြီလားလေ..။

“ပြောထားဦးလေ .. ကျွန်တော်က ဘယ်ရွာက ဒီကိုလာတယ်ဆိုတာ ..”

ဟု မေးလာတော့ မှီ့ မှာ ရယ်ပဲ ရယ်လိုက်ရမလို .. သူ့ကို သနားငေးပဲငေးလိုက်ရမလို ဖြစ်သွားရပါပြီ။ ကြည့် .. မှီ က သူ့နောက်ကြောင်းတွေများ ပြန်သတိရပြီလားဟု ပျော်လဲ ပျော်မိ .. မျှော်လင့်လိုက်မိချိန်မှာ သူက အလန့်တကြားကြီး သတိရလိုက်သည်က သူ ဘယ်ရွာကလာသည်ဆိုတာကို ဘေးလူတွေမေးလျှင် ဘယ်လိုဖြေရမည်လဲဟု သင်ပေးဖို့ မှီ့ ကို ပြောနေသည်ကိုးလေ ..။

“အင်း .. ရွာဆိုတော့ ဒီမြို့ကမ်းသာနဲ့ သိပ်နီးလို့တော့ မဖြစ်ဘူး၊ ရှင် အဲဒီရွာက မဟုတ်ဘူးဆိုတာ လူတွေ သိသွားနိုင်တယ်၊ ဒီတော့ နည်းနည်းဝေးမှဖြစ်မှာ .. အုန်းပင်လှရွာကလို့ ပြော ..”

အတော်လေးကို လှမ်းသည့်ရွာကို မှီ တွေးပြောတော့ သူ မျက်စိမှိတ်၍ ...

“အုန်းပင်လှ .. အုန်းပင်လှရွာ ..”





ဟု အထပ်ထပ် ခပ်တိုးတိုး ရွတ်နေပုံက စာကျက်နေတာနှင့်ပင် တူနေသေးသည့်အဖြစ်..။ ထိုခိုက် ဖိုးလုံး ကောက်ဖီသုံးခွက်နှင့် ဘဲသားမုန့်ပါသော လင်ပန်းကြီးဖြင့် ရောက်လာသည်။

“အစ်ကို မိုးချိုသာ .. ဆာနေပြီ မဟုတ်လား ..၊ ကော်ဖီပူပူလဲ သောက်လိုက်ပါဦး .. နွေးသွားတာပေါ့၊ မှီ လဲ ဆာနေတယ်၊ ဖိုးလုံး ဟိုထောင့်နားက သင်ဖြူးဖျာလေး ခင်းလိုက်”

ဖိုးလုံး လက်ထဲမှ လင်ပန်းကိုယူကာ မှီ ပြောတော့ ဖိုးလုံး ခပ်သုတ်သုတ်ပင် ဖျာလိပ်လေးကို သွားယူဖြန့်ခင်းလိုက်ပါ၏။ ထိုစဉ်ခိုက် မိုးက ဖြုန်းဆို ထပ်၍ ရွာချလာပါ၏။

မိုးတွေ တသောသော ရွာချချိန်မှာ သူသည် မှီ တို့နှင့်အတူ ကိုင်းတပ်ဖန်ခွက်ကြီးမှ ကော်ဖီပူပူကို မနားတမ်း မော့သောက်လိုက်သမျှ မှီ ငေးကြည့်မိရင်း ရင်ထဲမှာ သနားမိရသည်။ မုန့်ပန်းကန်ကို သူ့ဘက်သို့ မှီ တွန်းပို့ပေးမိကာ မှီ ကိုယ်တိုင်လည်း ဘဲသားမုန့်ကို တစ်ကိုက်ကိုက်လိုက်မိရပါ၏။

မိုးကတော့ သည်းသည်းရွာနေဆဲ ..။ သူနှင့် မိုးသည် မှီ့ ဘဝတွင်းသို့ ဆုံစည်းစေရာ တစ်ခုအဖြစ် ဖြစ်တည်ရောက်ရှိလာစေသည့် နှယ်ပါတကား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ညစာ စားသောက်နေသူတို့ အားလုံးသည် တိတ်ဆိတ်ခြင်းဘက်ဆီသို့ နှယ်နေသည့်ဟန်တွေပဲ ဖြစ်နေကြပါ၏။ ဟန်ဆယ်၍ စားနေရသည်က ဦးဇေယျ ပါ။ မျက်နှာချင်းဆိုင်မှာ ရှိနေသည့် အလင်းနု ကို ကြည့်လိုက်တော့လည်း မျက်နှာလေး မသာမယာဖြစ်နေတာကိုပဲ ကြုံရသည်။ ခက်သည်က ခုထိ သားတော်မောင် ပြန်ရောက်မလာခြင်းပဲ ဖြစ်ပါ၏။

နေ့လယ်စာ ထမင်းပြန်လာမစားပဲ ရှိနေကတည်းက ခေါင်းတောက်အောင် စိတ်လက်ပူနေရင်း လိုက်ရှာခဲ့သည် မဟုတ်ပါလား။ လူကသာ ဟန်မပျက် ဟိုတယ်မှာ အလင်းနု နှင့် စကားစမြည်ပြောနေရတာ ရှိခဲ့ပေမယ့် ဟိုတယ်မန်နေဂျာ ဦးအောင်မြင် ရော လူရင်းထဲဖြစ်သည့် သက်ဆွေ ရော မြို့ထဲသွားရှာကြ .. ကားတစ်စီးစီဖြင့် လမ်းတကာ မောင်း၍ ရှာကြနှင့် ရှိခဲ့ကြသည့်အဖြစ် ..။

ခုလည်း သက်ဆွေ တစ်ယောက် ထပ်၍ ကားဖြင့် ညနေပိုင်းက ထွက်သွားတာ ပြန်ရောက်မလာသေး ..။

"ကိုကို ဘာလို့ ရောက်မလာသေးတာလဲ အန်ကယ် .."





အလင်းနု ကိုယ်တိုင်သည်လည်း ထမင်းစားလိုစိတ် ရှိမနေနိုင်တော့သည့်နှယ် ဇွန်းခက်ရင်းကို ချ၍ မေးလာပြန်တော့ ဦးဇေယျာ သက်ပြင်းရှိုက်ကာ ...

"ဒီကောင် .. ဒီလိုပဲ သမီး ..၊ စိတ်ထဲပေါက်ရင် ပေါက်သလို သူ့စိတ်ထဲထင်ရာကို သွားချင် သွားပစ်တာ ..၊ ခုလဲ သမီးရောက်လာမှ ရုတ်တရက်မြင်ပြီး ဝမ်းသာအောင်ဆိုတဲ့စိတ်နဲ့ သားကို ကြိုတင် မပြောထားမိဘူးလေ..၊ ဒါကြောင့် သား မသိခဲ့တာမို့ သမီးကိုလည်း မကြိုနိုင်ခဲ့ဘူး .. ခုထိလဲ ပြန်မရောက်လာသေးပဲ ဖြစ်နေတာ၊ ပန်းချီဆွဲတဲ့ဥစ္စာတွေများ သူ့စက်ဘီးမှာ သယ်သွားသလား မသိလိုက်ပါဘူးကွယ် ..၊ ဒီကောင် ဘယ်နေရာမှာများ ပန်းချီဆွဲနေသလဲ မသိပေါင်ကွယ်၊ ပြန်ရောက်လာမှပဲ သိရတော့မှာပဲ ..၊ အန်ကယ့်ဘက်က အလင်းနု လာမယ်ဆိုတာကို မပြောပြမိတာကိုက မှားတာပဲ ..၊ သိရင် ဒီကောင် ဘယ်မှ သွားဖြစ်မှာ မဟုတ်ဘူး ..၊ သမီးကို ကြိုနေမှာ"

ဟု ပြောနေပေမယ့် ဦးဇေယျာ ပြောသည့်စကားကို အလင်းနု ယုံကြည်ပုံ မရ..။ မျက်နှာလေး အတန်မျှတော့ မကြည်မလင် ဖြစ်နေသည်။ မခံချိမခံသာဟန်လေးဘက်ကို စွန်းနေသည့် မျက်နှာလေး ..။

"အလင်းနု ကတော့ အဲသလို မထင်ဘူး အန်ကယ်..၊ အလင်းနု လာမယ်ဆိုတာ သိလို့များ တမင်ရှောင်သွားတာလားလို့ တွေးမိတယ်၊ မနက်ဖြန်မနက်ထိ ကိုကို ပြန်ရောက်မလာဘူးဆိုရင်တော့ အလင်းနု ပြန်မှကောင်းတော့မယ် ထင်တယ်၊ ဘာလို့လဲဆိုတော့ အလင်းနု ရှိနေမှာဖြစ်တဲ့အတွက် ကိုကို အဲဒီဟိုတယ်ဖွင့်ပွဲကိုတောင် ရောက်လာပြီး ဖဲကြိုးဖြတ်ပါ့မလားလို့ စိုးရိမ်လို့ပါပဲ"

အလင်းနု ပေပဲလေ.. ရွှေဘိုသာလမ်းမှာ ရွှေဝတ်မှုဆိုသည့် ရတနာဆိုင်ကြီး ဖွင့်ထားပါသည့် ဦးဘုန်းထက် ၏ တစ်ဦးတည်းသော သမီး ပေပဲ..။ ခုလို ရင်ဆိုင်လိုက်ရပါသည့်အဖြစ်တစ်ခုကို လက်မခံနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ် ပြောချလာတော့ ဦးဇေယျာ မှာ မျက်နှာမကောင်းရှာ။ ဦးဘုန်းထက် ၏ ရွှေဝတ်မှုံအိမ်ကြီးကို သံလွင်လမ်းခြံကျယ်ကြီးမှာ ဦးဇေယျာ တာဝန်ယူဆောက်ပေးခဲ့ရာမှ သိကျွမ်းခဲ့ရပါသည့် ဦးဘုန်းထက် ..၊ အရှမ်းကို ချမ်းသာသည့်သူတစ်ယောက်။ အလင်းနု ဆိုတာ ကလည်း မိတဆိုးသမီးလေးပေမို့ အလိုလိုက်ခံရလေသမျှ ဆယ်တန်းပင် မအောင်နိုင်တော့ဘဲ ဘဝတစ်ခုကို ဈေးဝယ်ထွက်ခြင်းနှင့် လက်ဝတ် ရတနာမျိုးစုံကို စိတ်တိုင်းကျ ညှတ်နေအောင် ဝတ်ခြင်းတို့ဖြင့် အလှ ခြယ်ထားသော အလင်းနု အဖြစ် ဖြစ်သန်းလာခဲ့သည့်အဖြစ်။ ပြီးတော့.. ရွှေဝတ်မှုံကို ဦးဇေယျာ ဆောက်စဉ်တုန်းက ရောက်ရောက်လာတတ်ပါ သည့် ခန့်ထည်ဝါ ကိုလည်း စိတ်ဝင်စားနေသည့် အလင်းနု လည်းဖြစ် နေပါ၏။

အိမ်ကြီးတစ်လုံးကို တည်ဆောက်ပေးရသည့်တာဝန်ကို ယူပါ သော ရွှေစံအိမ် အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ် သည့် ဦးဇေယျာ ဆိုတာကလည်း မျိုးရိုးစဉ်ဆက် ကြွယ်ဝချမ်းသာလာ သူ ဖြစ်ချေသည်မို့ ဦးဘုန်းထက် ကလည်း သမီးနှင့် ခန့်ထည်ဝါ ကို နေရာချပေးချင်သည်။ လူချင်းသိရသည်ကတော့ အိမ်ဆောက်သည့်ကိစ္စ ကြောင့် ဖြစ်ရပေမယ့် .. ထိုမှနွယ်၍ သားရေးသမီးရေးကိစ္စကို ဦးဘုန်း ထက် ဘက်ကပင် စကားရိပ်သန်းလာခဲ့သည် မဟုတ်ပါလား။

ဦးဇေယျာ ဘက်ကလည်း သဘောမမျှချင်စရာ ဘာမျှကိုမရှိ။ အရှမ်းကိုချမ်းသာသည့် ဦးဘုန်းထက် ..။ မိုးကုတ်မှာ ရတနာတွင်းတွေ ပိုင်သည့်သူတစ်ယောက် .. ထိုသူ၏သမီးနှင့် ဘာများ သဘောမမျှချင် စရာ ရှိချေမည်တဲ့လဲ ..။ မျိုးရိုးကလည်း ချမ်းသာသည်။ နှစ်ဖက်စလုံး ၏ စည်းစိမ်ချမ်းသာဆိုတာကလည်း ဤသားနှင့် ဤသမီးပဲ ရဖို့ရှိကြ တာမို့ နှစ်ဖက်ချမ်းသာပေါင်းလျှင် ရွှေချင်းထပ်တော့ မြတ်သည်ဆိုတာ မျိုးပဲ ဖြစ်ချေမည်မို့ ဦးဇေယျာ ကလည်း သားနှင့် အလင်းနု ကို နေရာချ





ပေးချင်သည်ပါပဲ ..။ ခုလည်း ဦးဘုန်းထက် နှင့် အလင်းနု ကို ဖိတ်ကြား သည့်ဧည့်သည်တွေထဲမှာ ထည့်ဖိတ်ထားသည်။ ဦးဘုန်းထက် ကတော့ မနက်ဖြန်မနက်အမီ ရောက်လာမည်ဟု ဆိုသည်။ ဟိုတယ်ဖွင့်ပွဲမှာ သား အဖနှစ်ယောက် ရှိနေကြချိန်မှာ ဟိုတယ်ပိုင်ရှင် ခန့်ထည်ဝါ ရှိမနေတာ ချိုးကြုံရလျှင် ဦးဘုန်းထက် သဘောတွေ့မှာ မဟုတ် ..။

"အလင်းနု .. ခဏနားချင်ပါတယ် အန်ကယ် ..၊ ဖေဖေ့ကိုလဲ အလင်းနု ဖုန်းဆက်လိုက်ပါ့မယ်၊ ကိုကို ရှိမနေတာကိုပါ"

ဟုပြောကာ ထရပ်တော့ ဦးဇေယျာ မျက်နှာမကောင်း ..။

"သမီးလာမယ်ဆိုတာ ထည်ဝါလေး တကယ့်ကို မသိတာပါ ကွယ်"

ဟုပြောတော့ ပြုံး၍ကြည့်လာသည်။ မခံချင်ဓောဘက်ကို နွယ် နေသည့် အပြုံးမျိုးဖြင့်ပါ ..။

"ဒါပေမယ့် သူ တကယ့်ကိုရှိမနေတာကိုလဲ အမှန်ပါပဲ အန်ကယ်"

ဟုပြောကာ ထမင်းစားဆောင်ကျယ်ကြီးအတွင်းမှ ထွက်သွား တော့ ဦးဇေယျာ မှ သက်ပြင်းရှိုက်၍ ကျန်ခဲ့ရသည်ပါပဲ ..။ ဟိုတယ် ဝန်ထမ်းထဲမှ မိန်းကလေးတစ်ယောက်ကိုလည်း မန်နေဂျာ ဦးအောင် မြင့် မှ အလင်းနု နောက်သို့ လိုက်သွားဖို့ .. ဟိုမှာ လိုအပ်သည်များကို လိုက်၍ လုပ်ကိုင်အဖော်လုပ်ပေးနေဖို့တွေ အရေးတကြီး သွားပြောနေ တာကိုလည်း ဦးဇေယျာ မြင်နေ ကြားနေရပါ၏။

ကိုယ်တိုင်လည်း ထမင်းဆက်စားချင်စိတ် မရှိတော့တာမို့ အခန်း ထဲမှ ထွက်လာတော့ ဘေးမှလိုက်လာသည့်က ဦးအောင်မြင့် ပါ ..။ ဦးဇေယျာ ၏အခန်းသို့ ရောက်တော့ ...

"ညစာစားပွဲမှာ တာဝန်ယူပေးနေကြတဲ့ ဝန်ထမ်းတွေလောက်ပဲ အလင်းနု ရဲ့ စကားကို ကြားခဲ့ကြရတာမို့ ခန့်ထည်ဝါ မရှိဘဲ ဖြစ်နေတဲ့ ကိစ္စကို သိသွားကြရတာပါ ..၊ ခန့်ထည်ဝါ ရောက်မလာတာကို သိုသို



www.burmeseclassic.com

www.burmeseclassic.com



သိပ်သိပ်နဲ့ ကျွန်တော်တို့ လိုက်ရှာနေကြတာပါ အန်ကယ် ...၊ ခုလို ဟိုတယ်ဖွင့်တဲ့ကိစ္စမှာ ဟိုတယ်ပိုင်ရှင်ကိုယ်တိုင်က လာမဖွင့်ဘူးဆိုတာ မျိုးကိုတော့ ဘေးပတ်ဝန်းကျင်က မသိကြတာပဲ ကောင်းပါတယ်၊ ဘာကြောင့်လဲဆိုတာတွေ တွေးကုန်ကြမှာ .. ကျွန်တော့်အထင် ပြောရရင်တော့ အလင်းနု လာမယ်ဆိုတာကိုများ ခန့်ထည်ဝါ တစ်နည်းနည်းနဲ့ သိသွားသလားလို့ပါ"

ဦးဇေယျာ သက်ပြင်းရှိုက်ကာ ငိုင်နေပါ၏။ ငြိမ်လည်း အံရှမ်းငြိမ်နေသည်။

"အလင်းနု တို့သားအဖကို ဖိတ်ထားတယ်ဆိုတာ သိသူဆိုလို့လဲ အန်ကယ်နဲ့ ကိုအောင်မြင် တို့ပဲ ရှိကြတာ ...၊ သားက ဘယ့်နှယ်လုပ်ပြီး သိသွားတာတဲ့လဲဗျာ၊ သားကို ကိုအောင်မြင် ပြောပြမှာ မဟုတ်ဘူးဆိုတာကိုလဲ အန်ကယ် ယုံတယ်၊ ခက်တာက ဒီကောင် သိသွားပြီဆိုတဲ့ အချက်ပဲဗျ ..၊ ရန်ကုန်က ရွှေစံအိမ်ကို အဲဒီရွှေဝတ်မှုက ဦးဘုန်းထက်နဲ့ အလင်းနု တို့သားအဖ ရောက်လာကြတုန်းက ထမင်းစားဖိတ်တဲ့ ကျွန်တော်က သားနဲ့ အလင်းနု ကို ပိုရင်းနှီးစေချင်လို့ အလင်းနု ရဲ့ကိုကိုဆိုပြီး ထည့်ပြောခဲ့ပေမယ့် အလင်းနု ကသာ ကိုကိုလို့ ခုထိ ခေါ်နေတာ၊ သားက မအလင်းနု မအလင်းနု နဲ့ ခေါ်နေတာ ကိုအောင်မြင် လဲ အသိပဲ..၊ အဲဒီတုန်းက ကိုအောင်မြင် လဲ အန်ကယ့်လူယုံကြီးအဖြစ် ရန်ကုန်မှာ ရှိနေခဲ့ရတာပဲလေ..၊ ဒီဟိုတယ်ဆောက်တော့မှ ဒီကိုတောက်လျှောက်ရောက်လာခဲ့ရတာ၊ ခုလို မန်နေဂျာတာဝန်လဲ ယူရတော့တာ၊ ကိုအောင်မြင် အပေါ်မှာ အန်ကယ်ယုံပါတယ်၊ ယုံကြည်လို့လဲ ဒီဟိုတယ်ကြီးမှာ သားနဲ့အတူရှိနေဖို့ မန်နေဂျာတာဝန်ကိုပါ ပေးခဲ့တာပေါ့"

ဦးဇေယျာမြင့် သက်ပြင်းချရင်း ပြောနေတော့ ဦးအောင်မြင် ငြိမ်နားထောင်နေပါ၏။

"သားက အိမ်ထောင်ရေးကို စိတ်မဝင်စားဘူးလို့ ရိပ်ဖမ်းသံဖမ်း





ပြောထားတာကိုက အလင်းနု နဲ့ နေရာချမှာမျိုးကို ပြောလာမှာ စိုးရိမ်လို့ ဖြစ်မှာ ..၊ အလင်းနု က ဆယ်တန်းမအောင်တာ တစ်ခုကလွဲလို့ အရာရာပြည့်စုံနေတာပဲကို အောင်မြင်ချမ်းသာတယ်၊ ရုပ်အဆင်းလှပတယ် .. သားကိုလည်း မြတ်နိုးတယ်"

ဟု ဆက်ပြောနေတော့ ဦးအောင်မြင် စိတ်ထဲ တစ်ခုခုကို ချင့်ချိန်တွေးဆနေသလိုကြီး ငြိမ်နေသေးသည်။ နောက်တော့မှ ဆုံးဖြတ်လိုက်ပုံဖြင့် ...

"မောင်ခန့်ထည်ဝါ က သူ့အတွက် အဲဒီချမ်းသာတာတွေ ဘာတွေကို သိပ်အလေးအနက်ထားနေမှာ မဟုတ်ဘူး အန်ကယ်..၊ ဘာလို့လဲဆိုတော့ သူကိုယ်တိုင်က ချမ်းသာပြည့်စုံနေတာကိုး၊ အလင်းနု ကို သူ့ဇနီးသည်တစ်ယောက်အဖြစ် လက်တွဲဖို့အတွက် ဝန်လေးနေတယ်ဆိုတာ တကယ်ပဲ သူ့ရင်ထဲမှာ ဖြစ်နေတယ်ဆိုရင်တော့ အဲဒီ ဝန်လေးနေတာကို သူ ဘယ်တော့မှ အလျှော့ပေးမှာ မဟုတ်ဘူး အန်ကယ်..၊ အန်ကယ့်သားရဲ့စိတ်ဓာတ်ကို အန်ကယ် သိပါတယ်၊ ကျွန်တော့်ထက် ပိုသိပါတယ်၊ အန်ကယ်ကိုယ်တိုင်ကလဲ ခန့်ထည်လေးကို မိတဆိုးသားအဖြစ် အလွန်အလိုလိုက်ခဲ့တာပဲ မဟုတ်လား၊ သူ မကြိုက်တာကို ဇွတ်စီမံတာမျိုး ဒီအရွယ်မှာ အန်ကယ်လုပ်ရင် သူ လက်ခံမှာ မဟုတ်ဘူး"

ဟုပြောတော့ ဦးဇေယျာ တစ်ချက် မျက်ခုံးကြီးတွန့်သွားကာ...

"သူ့ရှေ့ရေးအတွက်ပဲ မဟုတ်လား ကိုအောင်မြင်..၊ သား နားလည်ရမှာပေါ့၊ သားအတွက် ကောင်းတာကို သင့်တာကို အဖေကစီမံပေးတာ၊ အဖေ့စကား သူ နားလည်လက်ခံပေးရမှာပေါ့၊ ခုလို ရှောင်သွားတာမျိုးတော့ ရင်ထဲ မကောင်းဘူးဗျာ၊ ခက်တာက .. ဒီကောင် အလင်းနု ရောက်လာမယ်ဆိုတာ ဘယ့်နှယ်လုပ် သိသွားသလဲဆိုတာပဲဗျ..၊ ဖဲကြိုးဖွင့်တဲ့အခါ ကတ်ကြေးဗန်းလေးကို အလင်းနု က ဘေးကကိုင်နေပေးဖို့ စီမံထားတာကိုက တစ်နေ့မှာ သူတို့ အတူတူနေကြရမယ့် ဘဝဖော်ပဲ

www.burmeseclassic.com



ဆိုတာ သား နားလည်ဖို့ စီမံထားတာ..၊ ခုတော့ .. လူကြီးချင်းလဲ မျက်နှာပျက်ရပြီ”

ဟု ဆက်တိုက်ပြောနေတော့ ဦးအောင်မြင် ငြိမ်နေလိုက်ရပါပြီ။

သားကို ချမ်းသာသည့် မိန်းကလေးနှင့် လက်ဆက်စေလိုသည့် ဆန္ဒဖြင့် ပြောနေသည့် ဖခင်တစ်ယောက်၏ ရင်ထဲမှ ခံစားချက်ကိုလည်း နားလည်ပေးရသည်သာ..။

“ရဲစခန်း လူပျောက်တိုင်ရအောင်ကလဲ အလင်းနု ကြောင့် ဒီကောင် ရှောင်သွားတာမျိုးဖြစ်နေရင် မကောင်းပြန်ဘူး၊ အင်း .. တစ်ခုခုများ အန္တရာယ်ကြုံလာသလားလို့ ပြောရအောင်ကလဲ ဒီမြို့လေးက အရမ်းအေးချမ်းတာ၊ ပြီးတော့ အက်ဆီးဒင့်တွေ ဘာတွေများ ဖြစ်လို့လားဆိုပြီး ဆေးရုံကို သွားစုံစမ်းတဲ့ သက်ဆွေ လဲ ပြန်ရောက်လာပြီးပြီ၊ ဘာလူနာမှ အဲသလို ရောက်လာတာ မရှိဘူးဆိုတော့ ဘယ့်နှယ့်လုပ်မလဲ ..၊ ဒီကောင် ဟန်းဖုန်းတောင် ချန်ပစ်ခဲ့တာ .. သူ့ကို ဖုန်းဆက်လို့တောင် မရအောင် လုပ်သွားပုံရတယ်၊ တောက်!..”

သားကို ချစ်လွန်း၍ ဟိုတယ်ကြီးတစ်ခုကိုပင် တည်ဆောက်၍ သား၏မျှော်လင့်ရာ အိပ်မက်ကြီးတစ်ခုကို ဖြစ်တည်လာစေသည့် အဖေတစ်ယောက်၏ ဒေါသသင့်ရာ တက်ခေါက်သံက အခန်းကျယ်ကြီးထဲမှာ စိတ်မချမ်းမြေ့ဖွယ်ရာ ပေါ်လာစဉ်မှာ အခန်းတံခါးခေါက်သံ ပေါ်လာပါ၏။ ဦးအောင်မြင် သွားဖွင့်ပေးတော့ မျက်နှာမကောင်းဘဲ အခန်းထဲဝင်လာသည့် ကိုသက်ဆွေ ကို တွေ့ရသည်။ ခန့်ထည်ဝါ အပေါ် တစ်လျှောက်လုံး ကားမောင်း၍ လိုရာပို့ပို့ပေးရပါသည့် ဒရိုင်ဘာပေမယ့် သားချင်းပမာရှိနေအောင် သံယောဇဉ်ကြီးနေရသူမို့လည်း ကိုသက်ဆွေ မျက်နှာမကောင်းနိုင်ရှာတော့ပြီ။ မျက်နှာမြင်ရုံဖြင့် ခန့်ထည်ဝါ သတင်း ဘာမျှမရခဲ့ဆိုတာ ဦးဇေယျာ သဘောပေါက်သွားရသည်ပါပဲ။

“မြို့ထဲမှာ ဖွင့်ထားတဲ့ အပြင်ဆေးခန်းတွေအထိ ကျွန်တော် သွား





စုံစမ်းခဲ့ပါတယ် အစ်ကိုကြီး ..၊ ခန့်လေး နာမည်နဲ့ ဘယ်လူနာမှ မရောက်ခဲ့ပါဘူးတဲ့၊ ဒုက္ခပါပဲ .. ဘယ်များသွားနေပါလိမ့်မလဲလေ”

ကိုသက်ဆွေ ညည်းရှာပါ၏။ ဒါပေမယ့် တစ်ခုတော့ရှိသည်။ အလင်းနု ရောက်လာတာကို မြင်ရသည့်နောက်မှာ ကိုသက်ဆွေ လည်း တစ်ခုခုကို တွေးနေသလိုတော့ ရှိနေသည်ပါပဲ..။ အလင်းနု ကို ရင်းနှီးလိုစိတ် ခန့်ထည်ဝါ မှာ မရှိတာကို ပို၍သိသည်က ကိုသက်ဆွေ ပါ။ အတူတူနေကြသည်က တူဝရီးနှယ်ပင် မဟုတ်ပါလား။

“သူ.. တစ်ယောက်ယောက်ကိုမတွေ့ချင်လို့များလား အစ်ကိုကြီး”

ဟု မဝံ့မရဲမေးလာတော့ ဦးဇေယျာ စာနာ့သည့်အကြည့်ဖြင့် လှမ်းကြည့်ကာ ...

“အဲဒီစကားကို ယောင်လို့တောင် အလင်းနု ရှေ့မှာ မပြောမိပါစေနဲ့ သက်ဆွေ”

ဟု ပြောကာ ခေါင်းခါ၍ ...

“ကဲ .. ကဲ .. နားတော့ .. နားတော့ .. တစ်နေကုန် ရှာရတာ စိတ်မောကိုယ်မော ရှိလှရောပေါ့၊ ထမင်းစားပြီး နားလိုက်တော့၊ အခန်းထဲမှာပဲ နေလိုက်တော့၊ အခန်းထဲကို ထမင်းပို့ခိုင်းလိုက်ဖို့ ကိုအောင်မြင် စီစဉ်ပေးလိုက်ပါဗျာ”

ဟုပြောကာ နုံးချိနေသောဟန်ဖြင့် ဆိုဖာရှည်ကြီးမှာ ဦးဇေယျာ ထိုင်ချလိုက်ပါပြီ။

“ဖုန်းဆက်တော့လဲ ဖုန်းမကိုင်တာမို့ သူ့အခန်းထဲ ဝင်ရှာတော့ ခုတင်ပေါ်မှာ သူ့ဟန်းဖုန်း ကျန်ခဲ့တာပဲ ကြုံရတယ် .. ဒီကောင်ကွာ..”

ဟု ဦးဇေယျာ ညည်းနေခိုက်မှာ ဦးအောင်မြင် မှ ကိုသက်ဆွေ ကို ခေါ်၍ အခန်းပြင်သို့ ထွက်သွားပါပြီ။

“တောက်!.. ဒီနေ့ဖြစ်မှာပဲ ဟိုတယ်ကို ဖဲကြိုးဖြတ်ရတော့မယ်ထင်တယ်၊ သီချင်းပြိုင်ပွဲတွေဘာတွေတောင် ကျင်းပဖို့ လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဘာ၊ ဒီမှာ အားလုံးပျော်ဖို့ ဒီက ဒေသခံ ဝါသနာရှင်တွေအတွက်လဲ အခိုတစ်နေရာလေး ရွေးချယ်ထားနိုင်ဖို့ စီစဉ်ထားသမျှလဲ ဒီကောင် မရှိဘဲ ငါပဲ အားလုံး လုပ်ရတော့မှာ"

ဟု ဦးဇေယျာ တွေးနေရင်း သား၏အခန်းမှ ယူလာပါသည့် ဖုန်းလေးကို ငေးကြည့် ငြိမ်ကျနေရပါ၏။ စားပွဲထက်မှာ ဖုန်းလေးက ငြိမ်သက်နေသည်။ ဦးဇေယျာ ၏ စိတ်တွေကတော့ ယောက်ယက်ခတ်နေရပါ၏။

နောက်မှ အလင်းနု ကို ဖြေသိမ့်ပြောပြစရာ အကြံလေးပေါ်လာရတာမို့ သား၏ဟန်းဖုန်းကို ကိုင်လိုက်မိရပါ၏။ အဖေဖြစ်သူ၏ဖုန်းထဲ သားဖြစ်သူက မက်ဆေ့ချ်ပို့သည့်သဘောမျိုးပဲ လုပ်ဖို့ပဲရှိတော့သည်လေ။

ဒက်ဒီ ...

ဟိုတယ်ဖွင့်ပွဲဆိုတာ ဒက်ဒီပဲ လုပ်သင့်ပါတယ် ဒက်ဒီ၊ ဒက်ဒီက နောက်မှာရပ်နေပြီး သားက ဖဲကြိုးဖြတ်တာတော့ မလုပ်ပါရစေနဲ့ဗျာ၊ သားဆွဲတဲ့ ပန်းချီကားတွေပြီးတဲ့အခါမှာ ဟိုတယ်ကို ပြန်လာပါ့မယ်၊ ဟိုတယ်မှာ သားရဲ့ပန်းချီကားတွေ ချိတ်ပြီးတဲ့အခါမှာ ဒက်ဒီ မျှော်လင့်တဲ့အတိုင်း တော်ဝင်ဟိုတယ်ကြီးကို သား အားလုံးတာဝန်ယူနေတဲ့သူ .. ထက်မြက်တဲ့ ခန့်ထည်ဝါ ဖြစ်စေရပါမယ် ဒက်ဒီ၊ သားရဲ့ ဖုန်းကို ပြီးရင် စက်ပိတ်ထားလိုက်တော့မယ်၊ ပန်းချီဆွဲပါမယ် ဒက်ဒီ..။

ခန့်ထည်ဝါ

ဆိုသည့် မက်ဆေ့ချ်ကို သား၏ဖုန်းမှ ဦးဇေယျာ ကိုယ်တိုင် ပို့လိုက်ရပါသတည်း။ ဤမက်ဆေ့ချ်ကို အလင်းနု ကို ပြကိုပြရမည်။ ဤတစ်ကြိမ်မှာတော့ ဦးဇေယျာ သည် သားဖြစ်သူ ခန့်ထည်ဝါ ၏ ဟန်းဖုန်းလေးကို စက်ပိတ်ထားလိုက်ရပါပြီတည်း။





ဒါမှ အလင်းနု ဖုန်းဆက်ကြည့်သည်ပဲ ရှိစေ၊ စက်ပိတ်ထားပါသဖြင့် ဆိုသည့် အဖြေတစ်ခုကို ယုတ္တိရှိစွာ အလင်းနု ကြားလိုက်နိုင်စေမည် မဟုတ်ပါလား ...။

သားဖြစ်သူကို နောင် ပြန်လာချိန်မှာတော့ အတော်ကြီးကို ဆူပစ်လိုက်ဖို့ ဤတစ်ကြိမ်မှာတော့ ဦးဇေယျာ ဆုံးဖြတ်ထားမိလိုက်ရပါပြီ။ နည်းနည်း မသင်္ကာချင်သည်က ဦးသက်ဆွေ ...။

"ငါ .. မနေ့က လွှတ်ခနဲ အလင်းနု လာမယ့်ကိစ္စ သက်ဆွေ ကို ပြောပြလိုက်မိတယ်နဲ့ တူပါရဲ့ ...၊ ဒီကောင် သက်ဆွေ ငါ့အတွက် ဆေးသွားဝယ်ပြီး ငါ့အခန်းကို လာပို့တုန်းက ငါပြောမိတယ် ထင်ပါရဲ့ ...၊ လွှတ်ခနဲ ပြောမိလိုက်တယ် ထင်ပါရဲ့"

ဟု ဇဝေဇဝါ စတင်တွေးလာမိရင်းမှ သက်ဆွေ ကို ပို၍ မသင်္ကာဖြစ်လာမိရပါသတည်း။ သောက်နေကျ ပလူဘင်မင် ဆေးသွားဝယ်ခိုင်းမိခဲ့သမျှ ...။

ဆေးလာပို့သည့် သက်ဆွေ ကို လွှတ်ခနဲ ပြောမိခဲ့ချေသည်လားဟု ခုကျတော့ တွေးတောရင်း စိတ်မောနေရသည်ကလည်း ဦးဇေယျာ ပါတည့် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"ဘာပဲဖြစ်ဖြစ် လူငယ်တစ်ယောက်ကို ပန်းရိပ်မြုံမှာ ခေါ်ထားရမယ့်ကိစ္စဖြစ်နေတော့ ဒေါ်လေးသဘော ပြောရရင်ဖြင့် ဒေါ်လေးနဲ့ ဆွေမျိုးနီးစပ်တော်နေတဲ့သူတစ်ယောက် ဖြစ်တယ်လို့ ပတ်ဝန်းကျင်ကို သိစေလိုက်တာဟာ မို့ အတွက်ရော မောင်မိုးချိုသာ တို့ နှစ်ယောက်စလုံးအတွက် ပိုကောင်းမယ်လို့ မှတ်ယူတယ်၊ ဒါကြောင့် အဲသလိုပဲ ပြောရလိမ့်မယ်၊ စောစောက မို ပြောခဲ့တာရှိတယ်၊ ဆိုင်အတွက် လူတစ်ယောက်ခေါ်လာတယ်လို့ ဘဘညို ကို ပြောခဲ့တဲ့ကိစ္စ .. အဲဒါကိုလဲ ဒေါ်လေးရဲ့အမျိုးဆိုရင် ဘဘညို တို့ ဆက်ဆံရာမှာ တလေးတစားထားနေရမှာမျိုး ဖြစ်မှာစိုးတာမို့ အဲသလို စကားလုံအောင် ပြောခဲ့တာလို့ ဒေါ်လေး ဘဘညို တို့ကို ပြန်ပြောပြလိုက်မယ် .. ဟုတ်ပလား"

ပန်းရိပ်မြုံမှာ ခေါ်မထားလျှင် မဖြစ်တော့ပြီဆိုတာကို သိနားလည်ရင်း စိတ်တုံးတုံးချထားလိုက်ပုံရပါသည့် ဒေါ်လေးထား မှ ရှေ့ဆက်ရမည့် နေ့ရက်များအတွက် တူမပျိုလေးအတွက်လည်း ဘေးလူဘက်က အပြောကင်းအောင် ကြံရတွေးရနှင့် စီစဉ်ရပြန်သည်ပါပဲ။ ညှော်ခန်းငယ်လေးမှာတော့ ဒေါ်လေးထား၊ မို နှင့် သူတို့သုံးယောက်ပဲ ရှိနေသည်။





ညှော်ခန်းဆီသို့ကူးရာ တံခါးရွက်ကို ပိတ်ထားတာမို့ ဆိုင်ဘက်မှ ကူးလာ၍လည်း မရတော့သည်မို့ အေးအေးဆေးဆေး ဒေါ်လေးထား ပြောနေခြင်းပါ။

သူကတော့ အားနာနေသည့်မျက်နှာဖြင့် ငြိမ်သက် နားထောင်နေသည်ပါပဲ။ ဤနေရာလေးမှာ နေနေရဖို့ကျတော့လည်း အားနာနေမှန်းသိသာသည်။ မနေဘဲ တခြားသွားဖို့ကျတော့လည်း ဘယ်သွားရမှန်းမသိဘဲ ဖြစ်နေသည့်သူတစ်ယောက်၏ ရင်ထဲမှ ခံစားမှုကို မို နားလည်စာနာမိသည်ပါပဲ ..။

"နေတာက ထန်းတောရွာကလို့ ပြော .. မိတ္ထီလာဘက်ကလို့ ပြော..၊ အဲသလိုဆို ဒီနားဝန်းကျင်က လူတွေလဲ ဘယ်လိုမှ ဆက်စပ်မေးမြန်းကြည့်ဖို့ လူသူရယ်လို့ကို အနီးအနားမှာ မရှိတာမို့ မို ရော မောင်မိုးချိုသာ ရော သားချင်းတွေဖြစ်တယ်ဆိုတာမျိုး ဖြစ်သွားလိမ့်မယ်"

"ထန်းတောရွာ မိတ္ထီလာနားက ရွာ .."

ဟု ပြန်၍ ကျက်မှတ်နေသည့်နှယ် ရှိသွားရပြန်ပါ၏။ စောစောက မို သင်ထားသော အုန်းပင်လှဆိုသည့် ရွာအမည်ကို မှတ်ထားရသည့် မှတ်ဉာဏ်ကို ပြန်၍ ထန်းတောရွာဟု မှတ်နေရတာကလည်း လောလောဆယ်မှာ အာရုံထဲ အတန်မျှတော့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေသည့်ဟန် ..။ ဒေါ်လေးထား ကျတော့လည်း တကယ်တမ်း သူ့ကို ခေါ်ထားရတော့မည်ဆိုတော့ ဘယ်လိုစကားမျိုး လေသံလေးပစ်ပြီး ခေါ်ထား၍ ကောင်းမည်လဲဆိုတာ ဉာဏ်တွေဘာတွေ ထုတ်နေခဲ့ဟန်ဖြင့် ..။

ခုလို မို တို့နှစ်ယောက်ကို ညှော်ခန်းထဲ ခေါ်၍ ပြောရခြင်းပါ။

"ဒါဆို ညစာစားချိန်လဲ ရောက်နေပြီ .. မို ထမင်းပွဲပြင်တော့ .. မောင်မိုးချိုသာ လဲ စောစောက ဒေါ်လေးထား ပြောတာကို မမေ့နဲ့ သိလား၊ ဒေါ်လေးနဲ့ ဆွေမျိုးနီးစပ်တော်တယ်လို့ ပြော .."

"ဘယ်လိုနီးစပ်တော်သလဲလို့ ဘဘညို မေးလာရင် ဘယ်လိုပြော



www.burmeseclassic.com

www.burmeseclassic.com



ရပါမလဲ-ခင်ဗျာ"

အံမယ် .. ဒါကျတော့ မဆိုး။ ခုကတည်းက စာတိုက်နေသည့် မိုးချိုသာ ဖြစ်နေပြီ။ ဒေါ်လေးထား တစ်ချက်စဉ်းစားကာ ...

"အင်း .. ဟုတ်သားပဲ၊ အားလုံး တစ်လေသံတည်း ဖြစ်ရမှာ၊ ဒီလိုပြော.. ဒေါ်လေးရဲ့အစ်ကိုကြီး ဦးဘသာ ရဲ့သားလို့ ပြော ..၊ ဒေါ်လေးလဲ အဲသလိုပဲ ဘဘညို တို့ကို ပြောလိုက်မယ်၊ မိုးချိုသာ ဆိုတော့ အဖေက ဦးဘသာ ပေါ့ .. ဟုတ်ပလား၊ အမေကတော့ ဒေါ်မိုး လို့ပြောလိုက်၊ မှတ်ရလွယ်တာပေါ့ .. ငယ်ကတည်းက အမေဆုံးခဲ့ပြီလို့သာ ပြောလိုက်ကွယ်"

မို ထပ်ပြုံးရပြန်သည်။ ဒေါ်လေးထား ခမျာ လက်ခံမည်ဟု ဆုံးဖြတ်လိုက်ရပြီမို့လည်း ခုကျတော့ စာတ်ဆရာတွေဘာတွေဝင် ဖြစ်နေရပါပြီကောလေ ..။ အကွက်ပင်စေ့နေသေးသည့်အဖြစ်၊ ဘာတဲ့ .. အဖေက ဦးဘသာ .. အမေက ဒေါ်မိုး ..၊ ဒါကြောင့် သူ့နာမည်က မိုးချိုသာ ..။ ဟန်ဝင်ကျနေသေးသည့်အဖြစ် ..။

"ကျွန်တော် အားလုံးလုပ်ပါ့မယ် ဒေါ်လေး.. ခိုင်းပါခင်ဗျာ.. ဆိုင်မှာ ဘာပဲခိုင်းခိုင်း ကျွန်တော် လုပ်ပါ့မယ်၊ ထမင်းစားရနေရင် ကျေးဇူးကြီးလှပါပြီ၊ နောက်ကြောင်းကို ပြန်သတိရတာနဲ့ ကျွန်တော် ပြန်ပါ့မယ် ဒေါ်လေးခင်ဗျာ..၊ ခုလော ဒေါ်လေးကို ကျွန်တော် ကန်တော့ပါတယ်"

ဟု ပြောကာ ကန်တော့သည်က ချက်ချင်း ကြမ်းပြင်မှာ ထိုင်ချ၍ ကန်တော့ခြင်းပေမို့ အနေအထိုင် ယဉ်ကျေးသည်ပဲဟု သူ့အပေါ် နားလည်မိရင်း ဒေါ်လေးထား မျက်နှာထက်မှာ အကြင်နာရိပ်တွေ သမ်းလာပါချေ၏။ သူ ကန်တော့နေသည့် ဒေါ်လေးနှင့်ဝေးရာ အခန်းထောင့်နေရာလေးသို့ မို သွားရပ်နေလိုက်သည်ပါပဲ။ ဒေါ်လေးကို သူ ကန်တော့နေချိန်မှာ မို က ဆက်တီခုံနေရာလေးမှာ ငြိမ်ထိုင်နေ၍ မကောင်း။ သူ့ထက် မို က ငယ်သည်ဆိုတာ သိသာနေသည်ပဲလေ..။ ရောနှော





ကန်တော့ရာရောက်အောင် ထိုင်နေသလိုကြီးဖြစ်မှာ မို စိုးရိမ်သွားရသည်ကိုးလေ ..။

"အေးကွယ် .. အမြန်ဆုံး ကျန်းမာပါစေ .. မိဘရပ်ထံ ပြန်ရပါစေလို့ ဒေါ်လေး ဆုတောင်းပေးပါရဲ့ကွယ် .."

ဟု ပြောပြီး ဒေါ်လေး တစ်ချက် တွေခနဲ ဖြစ်သွားပြန်ကာ ...

"နေဦး ငါတို့သုံးယောက် ဆက်စာတ်တိုက်ဖို့ လိုနေသေးသဟဲ့..၊ မောင်မိုးချိုသာ ဒီကိုလာမယ်ဆိုတာ ဒေါ်လေးတို့ မသိသေးဘူးလို့ ပြော၊ အဖေဖြစ်တဲ့ ဦးဘသာ က လွှတ်လိုက်တာမို့ လိပ်စာမေးပြီး လာဖို့ဥစ္စာ လမ်းမှာ မိုးလဲ မိ .. မို နဲ့ တိုးရင်း မေးတော့ ပန်းရိပ်မြုံက မို တို့ပဲဆိုတာ သိပြီး ပါလာရတာလို့ ပြော .."

ဟု ဟာနေသည့် စာတ်ကွက်ကို ပြန်ဖြည့်ရင်း ပြောပြီးမှ ခေါင်းခါလိုက်ကာ ..

"ထမင်းပွဲမှာ ဒေါ်လေးပဲ ဘဘညို တို့ကို ပြောလိုက်မယ်၊ မို ရော မိုးချိုသာ ရော ငြိမ်နားထောင်နေကြ .. ပြီးတာပဲ .. အဲဒါ နားအေးပါတယ်၊ ဒေါ်လေးပြောတာဆိုတော့ ဘဘညို နဲ့ ဖိုးလုံး တို့ဇာလဲ သိပ်ပြီး ဟိုမေးသည်မေး လုပ်နေကြတော့မှာ မဟုတ်ဘူး၊ အမျိုးတွေပဲဆိုပြီး နားလည်သွားကြမှာပဲ"

ဟု ပြောကာ ထရပ်တော့ သူရော မို ရော ဒေါ်လေးနောက်မှ ဆိုင်ခန်းဆီသို့ ကူးလာကြရသည်ပါပဲ..။

ဆိုင်ထဲမှာတော့ လူသူရှင်းနေပြီ ..။ ညခင်းဘက်ရောက်နေသည်မို့ ညစာထမင်းစားချိန်မျိုး ဖြစ်နေချေပြီပဲလေ..။ ထမင်းစားခန်းငယ်လေးဘက်ဆီသို့ ဆက်ကူးလာခဲ့ကာ မို ထမင်းပွဲပြင်ချိန်မှာ ဘဘညို တို့ဇာတိုးရီး ရေမိုးချိုးပြီးစ လန်းလန်းဆန်းဆန်းပုံလေးတွေဖြင့် ဝင်လာကြသည်။ မီးပုံကျအဝတ်လေးကိုယ်စီဖြင့် ဘဘညို နှင့် ဖိုးလုံး တို့ကတော့ သပ်ယပ်နေကြသည်ပါပဲ။ မသပ်ရပ်သူက သူ..။ ဘဘညို၏ အင်္ကျီပွ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ရှိနေသည်။ မှီ ခူးခပ်ထည့်သမျှ ပန်းကန်တွေကို သူ တရိုတသေလေး စားပွဲမှာ သွားသွားထားနေချိန်မှာ ဘဘညို တို့ ရောက်လာကြခြင်းပါ။

"ဖိုးလုံး သွား.. ပန်းကန်တွေ သယ်ချေ..၊ အဲဒါကြောင့် ငါ ပြောတာ ရေ မြန်မြန်ချိုးဆိုတော့လဲ ချေးတွန်းတာက တစ်နာရီ .. မျက်နှာကို မိုးပွင့်လူးရတာနဲ့ .. ခေါင်းကို ဆီလူးရတာနဲ့ .. ရှိုးများနေဖို့ပဲ သိတယ်"

ဟု ပြောပြောဆူဆူဖြင့် ဘဘညို လည်း ထမင်းပန်းကန် ဝင်သယ်ရှာပါ၏။ ဒေါ်လေးထား မှ ပြုံးကာ ...

"ထိုင်နေပါ ဘဘညို ရယ် .. ကလေးတွေ လုပ်ကြပါစေ ..၊ ထား တို့ကို သူတို့လေးတွေက ဒီအချိန်လေးမှာတော့ ခူးခပ်ကျွေးကြပါစေပေါ့"

ဟု ပြောရသည်ပါပဲ..။ ဒါပေမယ့် ဘဘညို သည် ဒေါ်လေးအပေါ်မှာ အလွန် တလေးတစားထားသူပေမို့ ဘယ်တော့မဆို အခန့်သားထိုင်စောင့်စားတာမျိုး အရင်တုန်းကလည်း မလုပ်ခဲ့ရှာပါ။ ခုလည်း ဟင်းခွက်တွေ သယ်နေသည်ပါပဲ..။ အားလုံးထဲမှာ မိုးပွင့်ရနံ့ သင်းသင်းမွှေးမွှေးဖြင့် ရှိုးအများဆုံး လူကတော့ ဖိုးလုံး ဖြစ်နေသည်ပါပဲ ..။

ဒေါ်လေးထား က မိသားတစ်စုပမာပဲ သတ်မှတ်ကာ စားသောက်တာကအစ တူတူစားသောက်ခဲ့သည်က ပန်းရိပ်မြုံ၏ အစဉ်အလာပင်ဖြစ်နေပါပြီ။ ငါးကြော်ချက် .. ငါးပိရည်ကျို မွှေးမွှေး .. သခွားသီးစိတ်တို့စရာ.. ချဉ်ရည်ဟင်းဖြင့် ထမင်းပွဲကတော့ မြိန်မှာ သေချာနေသည်။

ထိုင်ကြတော့လည်း အားလုံးထိုင်ကြပြီးမှ လွတ်သည့်ကုလားထိုင်လေးကို စောင့်ကြည့်ပြီး သူ ဝင်ထိုင်ရှာသမျှ မှီ ကြည့်ကာ ရင်ထဲမှာမကောင်း ..၊ သနားမိရသည်ပါပဲ။

"သူ့ခမျာ မှီ့အတွက် အဲဒီလက်ဖက်ရည်တစ်ခွက်ကို တိုက်ချင်ဇော မဝင်ခဲ့ရင် ခုလောက်ဆို သူ့စက်ဘီးလေးနင်းပြီး သူနေထိုင်ရာကို





ရောက်နေလောက်ပြီ၊ မှီ့ ကြောင့် သူ ကားတိုက်ခံလိုက်ရတာ"

ဟု တွေးမိရင်း သနားမိရသည်ပါပဲ ..။ ဖျတ်ခနဲ ကြည့်မိသည်ကလည်း သူ့လက်တွေကိုပါ ..။ လက်တွေက ဖြူဥဥနှင့် နုနုနယ်နယ်နိုင်နေသည်။ အလုပ်ကြမ်းလုပ်ရသည့်လက်မျိုး မဟုတ်တာက သိသာနေသည်ပဲလေ ..။

"သူ့ဘာသာသူ ဘီးပေါက်နေတဲ့ စက်ဘီးလေးတွန်းပြီး မိုးထဲရေထဲကို ဒုက္ခခံ လျှောက်သွားတာမျိုး ကြုံခဲ့တာကမှ သက်သာဦးမယ်၊ မှီ နဲ့တိုးပြီး မှီ့ ကားနဲ့ ကားကြုံလိုက်လာမိတာကိုက သူ ကံဆိုးမိုးမှောင်ကျတာ"

ဟု ဆက်တွေးမိရပြန်သည်။ သူကလည်း ဟင်းအမယ်တွေကို ဘယ်တစ်ခွက်မှ အရင်နှိုက်လိုက်တာ မရှိ ..။ ဘဘညို ကို ဒေါ်လေးထားမှ ကြီးသူအဖြစ် ဦးချပြီး ထမင်းစ,စား၊ ဟင်းနှိုက် ဟင်းခပ်လုပ်တော့မှ ငါးပိရေကျိုတစ်ခုကိုပဲ ခပ်၍,စားရှာသည်။ ဒေါ်လေးထား ရင်ထဲမကြည်ဖြူမှာကို စိုးရိမ်နေရှာမှန်း မှီ သိသည်ပေါ့ ..။ ပြီးတော့ သိမ်ငယ်နေသည့် ခံစားချက်ကလည်း ရှိနေချေမည်သာ ..။

"မိုးချိုသာ .. ငါးဟင်းခပ်စားပါကွယ့် ..၊ ဘဘညို ရေ.. မှီ ကထားရဲ့တူလေး .. ထား ရဲ့သားချင်းဆိုတာကို ဘဘညို တို့ကို ပြောပြလိုက်ရင် တရိုတသေတွေ ထားနေမှာစိုးလို့ ဆိုင်အတွက် လူခေါ်လာတယ်လို့ စောစောပိုင်း ဘဘညို ကို ပြောပြလိုက်တာတဲ့၊ အဲဒါ ထားက မှီ့ ကိုရော မိုးချိုသာ ကိုရော ပြောရတယ်လေ .. အမှန်အတိုင်းပြောရမှာပေါ့လို့၊ သားက ထား ရဲ့အစ်ကိုကြီး အစ်ကို ဘသာ ရဲ့သား မိုးချိုသာ လေ ..၊ အစ်ကိုက ထား ဆီကို လွှတ်လိုက်တာတဲ့ .. ဆိုင်မှာလာလုပ်ဖို့တဲ့ ..၊ ဟိုမှာကလဲ လုပ်ငန်းကိုင်ငန်း သိပ်မကောင်းဘူးတဲ့ ဘဘညို ရေ.. အဲဒါ ဖွင့်ထားတဲ့ ကုန်ခြောက်ဆိုင်မှာနေရာပေးမှာ ထားလိုပဲ စားသောက်ဆိုင်လေးဖွင့်နိုင်အောင် ဒီမှာလာသင်ဖို့အတွက် လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာတဲ့၊ ထား ကိုလဲ အကြောင်းမကြားဘူးဆိုတော့ မသိဘဲ ရှိနေတာ၊ လမ်းမှာ မိုးမိနေတဲ့ မိုးချို ကို မီ ခေါ်တင်လာလိုက်တာတဲ့၊ မိုးချိုသာ က သူ့အမေ မမိုး ဆုံးတာ ငယ်ကတည်းကမို့ အဖေလက်ထဲကြီးရတာဆိုတော့ ဘဘညို တို့လဲ ဆုံးမဖို့ မြင်ရင် ဆုံးမပေးပါ”

ဟု ထမင်းစားနေရင်း ဒေါ်လေး တည်တည်ငြိမ်ငြိမ် ပြောတော့ လူရိုးကြီး ဘဘညို မှာ ခေါင်းလည်း ညိတ်သည်။ သူ့ကိုလည်း သနားသလို ကြည့်ရှာပါ၏။

“နေတာတ မိတ္ထီလာဘက်က ထန်းတောရွာလေးမှာ နေတာ .. ကားလမ်းဘေးရွာလေးပါ၊ အဲဒီမှာ ဒီလိုစားသောက်ဆိုင်လေးဖွင့်ရင် အဆင်ပြေမလားဆိုပြီး ပညာသင်ဆိုပြီး လွှတ်လိုက်တာ၊ မိုးချိုသာ ကို အရင်ဆုံး စားပွဲထိုး ဂျုံနယ်တာတွေ အရင်သင်ပေးရမှာ”

ဟုပြောတော့ မီ ရင်ထဲမကောင်း။ နုနုနယ်နယ် သူ့လက်တွေက ဂျုံလေး,ငါးပိဿာကို နယ်နိုင်ပါမည်တဲ့လားလေ..။ သူကတော့ အလုပ်တွေဘာတွေခိုင်းမည်ကြား၍ ဝမ်းသာနေပုံပင် ရနေပါသည့်အဖြစ်။ နောက်ကြောင်းမေ့နေသည့် သူ့ကို ခုလို နေခွင့်စားခွင့်ပေးလိုက်တာကို အရမ်းကျေးဇူးတင်နေမှန်း သူ့မျက်ဝန်းအကြည့်တွေဖြင့်ပင် မီ သိနေရပါ၏။

“ဘဘညို က လက်ဖက်ရည် အဖျော်ကောင်း .. ကော်ဖီအဖျော်ကောင်း .. ဂျုံအနယ်ကောင်းကွယ့်၊ မိုးချိုသာ သေချာလိုက်လုပ် .. ဆရာမရှိဘဲ တတ်တဲ့ပညာဆိုတာ မရှိဘူး မိုးချိုသာ ..၊ ဒေါ်လေးလဲ မုန့်လုပ်နည်းတွေ သင်ပေးမှာပေါ့၊ တကန်တက သင်နေစရာလဲ မလိုဘူးလေ၊ ဒေါ်လေးဆိုင်အတွက် လုပ်ကိုင်နေချိန်မှာ ဘေးက လိုက်လုပ်ကူရင်း အလိုလို နားလည်လာမှာ..၊ နောက်ပိုင်းကျတော့လဲ လက်တွေ့ လုပ်ကိုင်ကြည့်ပေါ့”

ဟု ပြောတော့လည်း သူ ဝမ်းသာအားရ ခေါင်းညိတ်ရှာသည်က





စိတ်ပါလက်ပါကြီးပါ။ သူ့ကို ထမင်းကျွေး အိပ်ရာနေရာလေးပေးပြီး ခိုင်းစားသလိုမျိုးများ ဖြစ်ကုန်ချေမည်လားဟု မီ ရင်ထဲ လေးခနဲ ဖြစ်သွားရပါ၏။

“မိုးချိုသာ လဲ အသုံးအစွဲလေး လိုမှာဆိုတော့ ဒေါ်လေး တစ်လတစ်လမှာ အသုံးစားရိတ်လေးလဲ ပေးမယ်၊ ဒေါ်လေးရဲ့ အစ်ကိုကြီးသားဆိုပေမယ့် အဲသလိုတော့ ဒေါ်လေးပေးဖို့ တာဝန်ရှိသကွယ့်၊ မင်းရဲ့ အဖေပေးလာတဲ့ ပိုက်ဆံ သိမ်းသာထား .. ဟုတ်ပလား”

ဟု မှင်သေသေ ဒေါ်လေးဆက်ပြောတော့ မီ ဝမ်းသာသွားရသည်ပါပဲ။ သူက ကမန်းကတန်း ခေါင်းခါလိုက်သည်က ပိုက်ဆံယူရမှာကို လက်မခံနိုင်သည့်ပုံ .. အားနေသည့်ပုံပါ။ နေလည်းနေ စားလည်းစား ပိုက်ဆံလည်းယူသည်ဆိုတာမျိုးဖြစ်သွားမှာကို သူ့ဘက်ကလည်း အဖြစ်မခံနိုင်ဘဲ အားနာမဆုံး အခံနေခက်မဆုံးနိုင်ပုံကြီး ဖြစ်နေရှာပါပြီ ..။

“ဟုတ်သားပဲ .. အစ်ကိုမိုးချို ကလဲ ဘကြီးပေးလာတဲ့ ပိုက်ဆံ အစ်ကိုမိုးချို့ တခြားလိုတာရှိရင်လဲ သုံးချင်သုံးပေါ့”

ဟု မီ ပြောတော့ ပိုက်ဆံကိစ္စ ဘာမျှ ဘဘညို တို့ ရှေ့မှာ သူ့ဘက်က စကားမဆက်တော့ဖို့ မီ သတိပေးနေခြင်းပေပဲဟု နားလည် သဘောပေါက်သွားပုံဖြင့် သူ ငြိမ်သွားရှာပေမယ့် မျက်နှာကတော့ ပျက်နေရှာသည်ပါပဲ..။

စားသောက်တော့လည်း မြန်မြန်စားကာ အားလုံး၏ ပန်းကန်ကို စောင့်သိမ်းပေးသည်မှ ဖိုးလုံး ၏ပန်းကန်ပင် မကျန်အောင် ဖြစ်နေသည်။ ပန်းကန်တွေ မီးဖိုဆောင်ရှိ ပန်းကန်ဆေးရမည့်နေရာလေးမှာ သွားထားလိုက် .. ပြန်လာ၍ ပန်းကန်လေးတွေ စောင့်သိမ်းလိုက်နှင့် ရှိနေပါ၏။ မီးဖိုဆောင်ထဲ ပန်းကန်လေးကိုင်ကာ ဝင်သွားပြီဆိုကတည်းက ပန်းကန်ဆေးရမည့် အုတ်ကန်အနီးနေရာလေးကိုတော့ သူ ရှာတွေ့ချေမည်သာ..။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးလုံး ပန်းကန်ဇုတွ သွားဆေး ..၊ မင်း အငယ်ဆုံး"

ဟု ဘဘညို ပြောတော့ သူ ခေါင်းလေးခါ၍ ..

"ကျွန်တော် ဆေးပါ့မယ် ဘဘရယ်"

ဟု ပျာပျာသလဲ ပြောရှာသည်။ ပိုနေသည့် ဟင်းတွေ့ကို အိုးထဲ ပြန်ထည့်ရင်း မီ ကြည့်မိသည်က ဒေါ်လေးကိုပါ ..။ ဒေါ်လေးမှ ချောင်းဟန့်၍ ...

"မောင်မိုးချို .. ဖိုးလုံး ဆေးပေ့စေ .. သူ ဆေးနေကျ၊ အိုးတွေတော့ မီ တိုက်နေကျ..၊ ဒီတော့ မိုးချိုသာ ဒီနေ့မှရောက်တာ ပြန်နားလိုက်တော့၊ စောစောအိပ်ရာဝင် .. နောက်နေ့တွေကျတော့ လုပ်ရမှာပေါ့၊ အလုပ်တွေမှ အများကြီးရယ် .."

ဟု ပြောလာသည်။ ဘဘညို ၏ အင်္ကျီပွကြီးနှင့် ပုံပန်းမကျရှိနေပေမယ့် သူ့မျက်နှာသည် မီးရောင်အောက်မှာ အသားအရည်က အစ ဝင်းနေတာမို့ ...

"သူ လူချမ်းသားထဲကများ ဖြစ်နေမလား၊ ဒါဆိုရင်လဲ ဘာလို့ ကားမစီးဘဲ စက်ဘီးနင်းနေရမှာတဲ့လဲ..၊ အရမ်းချမ်းသာတဲ့သူဆိုရင်ဖြင့် ဒီကို အလည်လာတယ်ပဲ ထားပါတော့ သူကိုယ်တိုင် သူ့ကားပဲ မောင်းပြီး ဟိုဟိုသည်သည် လည်မှာပေါ့"

ဟု တွေးမိရသည်က မီ ပါ ..။

"အစ်ကိုမိုးချိုသာ ကတော့ အရမ်းရိုးတာ ဘဘညို၊ ဒီကိုလာတာ ဘူတာမှာ ရထားရပ်တော့ ဆင်းတယ်တဲ့..၊ လက်ဖက်ရည်သောက်တာတဲ့၊ ခဏပဲရပ်တဲ့အချိန်လေးမှာ သူ့အဝတ်အစားအိတ် သူများခိုးသွားတာတဲ့လေ ..၊ အဲဒါ အိတ်ကပ်ထဲ ပိုက်ဆံတွေပါလို့သာ ဒီကိုရောက်လာနိုင်တာ ဘဘညို ရဲ့ .. ရထားတစ်တန် အဲဒီကနေ ဘက်စ်ကားနဲ့ လာတဲ့ခရီးမှာ သူ့ကိုယ်မှာပါတဲ့ အဝတ်တစ်စုံပဲ ကျန်တာလေ"

ဟု ဘဘညို ၏ အဝတ်တွေ ယူဝတ်သည့်ကိစ္စကို ရှင်းပြသလို





လေး မီ ပြောတော့ ဒေါ်လေး ခေါင်းညိတ်ပါ၏။ ဟုတ်သည်၊ ထိုကိစ္စကိုကျတော့ ဒေါ်လေး မေ့နေသည်လေ။ ဘကြီးက လွှဲဟ်လိုက်သည့်နှယ်ရှိသည့်ကိစ္စ..၊ အဝတ်အစားတွေ ပါမလာဘဲ ရှိပါ့မည်လားဟု ဘဘညို တွေးမှာ မီ ခုမှ သတိရလာတာမို့ ပြောပြရခြင်းပါ။ ခုလိုဆိုတော့လည်း အရာရာသည် ဘဘညို အတွက် တွေးစရာမကျန်တော့သလောက်ပင် ရှင်းသွားသည့်နှယ် ဖြစ်သွားရပါပြီ။

သူကပြောတော့ မီ ပြောသမျှကို ခပ်ငေးငေးကြည့်ရင်း ငြိမ်နေရှာပါ၏။ ခုလို ဒေါ်လေး နှင့် မီ တို့နှစ်ယောက် သူ့အတွက် အစစအရာရာ တွေးပေးရင်း ဟိုညာသည်ညာနှင့် လုံ့ညာလေးတွေ ဖြစ်ကုန်ကြရတာကိုလည်း အားနာနေပုံလည်း ရသည်။ ကျေးဇူးတင်နေတာလည်း သိသာသည်။ သူ့မျက်ဝန်းတွေထဲမှာ အမြဲ ရှာဖွေတွေ့ရှိနေရသည်က ကျေးဇူးတင်ခြင်းနှင့် အားနာခြင်းဆိုသည့် ခံစားချက်တွေချည်းပဲ ဖြစ်နေတတ်ပါ၏။

"အေး .. ညည်းအစ်ကိုကို မနက်ဖြန် ကုန်တိုက်မှာ အဝတ်လေး ဘာလေး သွားဝယ်ပေးလိုက်ဦး"

ဟု ပြောလာသည်က ဒေါ်လေးပါတည့်။ မဝယ်၍လည်း မဖြစ်ချေပြီကိုးလေ..။ ဤပန်းရိပ်မြုံနေရာလေးမှာ နေရမည့်ကာလသည် ဘယ်လောက်ကြာမည်ဆိုတာကို မသိနိုင်။ ကြာကြာနေဖို့က လမ်းများနေပြီ။ သည်တော့ အဝတ်အစားလေးတော့ အလဲအလှယ်ရှိဖို့ လိုသည် မဟုတ်ပါလား ..။

"ဟာ!... ရပါတယ်၊ ကျွန်တော့်အဝတ်တွေ ခြောက်သွားရင် အဲဒါ ဝတ်ပါ့မယ်၊ ဒီမှာကလဲ ဘဘညို ရဲ့အဝတ်ရှိနေပြီပဲ ဥစ္စာ၊ နှစ်စုံရှိရင် အလဲအလှယ်လုပ်လို့ရနေပြီပဲ ဒေါ်လေးရာ .."

ဟု သူ လက်တကာကာဖြင့် ပြောရှာပါသတည်း။ ဘဘညို ကတော့ လိမ္မာလိုက်သည့်ကောင်လေးဆိုသည့်အကြည့်ဖြင့် ငြိုး၍ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မိုးချိုသာ ပြန်နားတော့ .. ပြန်နားတော့"

ဟု ဒေါ်လေးပြောလာတော့ သူ ခဏတော့ ရပ်နေသေးသည်။ အဝတ်အစားကိစ္စ ဆက်ပြောချင်နေတာလည်း သိသာသည်။ ဒေါ်လေး ခပ်တည်တည်ကြည့်တော့မှ မျက်နှာငယ်လေးဖြင့် ထွက်သွားရှာပါ၏။

"ဖိုးလုံး နဲ့များ ကွာပါ .. ဒီကောင်ကတော့ အဝတ်သစ်ပဲ လိုချင်နေတာ၊ အရွယ်ကြီးလာရင် အဝတ်တွေ ငယ်ကုန်မယ်လို့ပြောတာတောင်မှ .. အဲဒါဆိုရင် ကလေးတွေက အဝတ်တွေ အသစ်မဝတ်ရတော့ဘူးလားလို့ ပြန်မေးတဲ့ကောင် ..၊ ဒီကောင် ရှေ့နေဖြစ်ဖို့ ကောင်းတယ်.. အလွန်ထောင့်စေ့တယ်၊ ချက်နဲ့လက်နဲ့ ပြောတာ"

ဟု မို့ ကို ဘဘညို ရယ်၍ပြောလာပါ၏။ ဒေါ်လေးလည်း လိုက်၍ ရယ်သည်။ မို ပန်းပန်းကန်တွေ ဆေးကြောဖို့ သယ်သွားသည်။ ဖိုးလုံး က ပန်းကန်ခွက်ယောက်ကိစ္စကိုတော့ ဒိုင်ခံဆေးသည့် ကလေးပါ။ ခုလည်း ဒူးဆစ်ဖုံးဘောင်းဘီလေးဖြင့် စွပ်ကျယ်လေးနှင့် ဖိုးလုံး ထိုင်ခုံပုလေးဖြင့် ကျကျနန ထိုင်ကာ ပန်းကန်တွေဆေး .. ပန်းကန်ရေစစ်စင်မှာ ထောင်ထားနှင့် ခပ်သွက်သွက်ရှိနေပါ၏။ မို အိုးတွေသွားယူလာပြီးချိန်မှာ လက်ကျန်ပန်းကန် သိပ်မကျန်တော့ ..။

"ကဲ .. ဖိုးလုံး သွားစာကျက်တော့ ..၊ မမမို အဲဒါတွေ ဆက်ဆေးလိုက်မယ်၊ အိုးလဲ တိုက်တော့မယ်"

ဟု ပြောပေမယ့် မရ။ ထုံးစံအတိုင်း ပန်းကန်ကို ပြီးအောင်ဆေးသည်။ မို အိုးခွက်တွေတိုက်တော့လည်း ဘေးမှာ ထိုင်ခုံပုလေးချ၍ ထိုင်ကာ ခါတိုင်းလိုပဲ လေပေါဖို့ ပြင်သည်။

"ကိုကိုမိုးချိုသာ က ချောတယ်နော် မမမို"

စပြီ ဇာတ်လမ်း။ မို ခေါင်းပဲ ညိတ်ပြလိုက်သည်။ အိုးတိုက်သံ ပေါ် အိုးတိုက်အဝတ်ကို ထပ်တင်ပြီး ဖွက်ဂျီဆပ်ပြာဖြင့် မို သေချာတိုက်





နေသည့် အိုးကိုလည်း ဖိုးလုံး ကြည့်သည်။

"မမမို က အိုးတိုက်ရင်လဲ သေချာတိုက်တာ .. ပြောင်လက်နေတာပဲ၊ တကယ်က မမမို ခုလို အိုးတွေဘာတွေတိုက်နေဖို့ မကောင်းဘူး သိလား .. ရုပ်ရှင်မင်းသမီး ဖြစ်ဖို့ကောင်းတာ၊ မမမို က ချောတာမှ မင်းသမီးကျနေတာပဲ ..၊ ဒီဆိုင်ကို တချို့ကိုကိုတွေက မမမို ကို ငေးချင်လို့ကို လာကြတာ သိလား .. ဖိုးလုံး သိတာပေါ့ .. ရည်းစားစာလဲ ပိုက်ဆံပေးပေးပြီး ဖိုးလုံး ကို ချော့ပေးခိုင်းကြတာ သိလား ..၊ ဘဘညို ဆူမှာစိုးလို့သာ ဖိုးလုံး ပိုက်ဆံလဲ မယူရဲ .. စာလဲ ယူမပေးရဲတာ၊ ယူများယူရင် ခုလောက်ဆို ဖိုးလုံး ကြိုက်တဲ့ ကစားစရာတွေ ဂျာကင်တွေ ကုန်တိုက်မှာ မမမို နဲ့အတူလိုက်လိုက်ပြီး အသာလေး ဝယ်ဝတ်လိုက်ရုံပဲ ..၊ ဘဘညို ကိုတောင် ပူဆာနေစရာ မလိုဘူး"

အတွက်အချက်နှင့် ဖိုးလုံး ပြောနေတော့မှ မို ခေါင်းလေးခေါက်ပစ်မလို ရှယ်ဖြသည်။ လက်မှာ ဆပ်ပြာတွေရှိနေတာမို့ တကယ်တမ်းတော့ ခေါင်းမခေါက် ဖြစ်။ ဘဲမီးဆံပင်လေးဖြင့် ဖိုးလုံး ရယ်သည်။

"မမမို တို့မောင်နှမနှစ်ယောက်က ချောကြတာပဲဥစ္စာ..၊ ဒေါ်လေးလဲ ချောတာပဲ၊ မမမို တို့က အချောမျိုးတွေ .. ဖိုးလုံး တို့က အသားလဲ မဖြူဘူး၊ ဘဘညို ကို ကြည့်ပါလား၊ အသားကို ညိုလို့ .. ဖိုးလုံး လဲ ညိုတာပဲ၊ ဇော်သေးတာပေါ့ အသားတွေ မမည်းနေလို့"

ကိုယ့်လက်မောင်း သေးညိုညိုလေးကို ကြည့်ကာကြည့်ကာဖြင့် အချောကြိုက် အလှကြိုက် ဖိုးလုံး လေပစ်နေရာသို့ ဘဘညို ရောက်လာပါ၏။

"ဖိုးလုံး စာကျက်တော့ ..၊ စာကျက်ပျင်းတိုင်း လေပေါသလိုလို ဘာလိုလို အိုးခွက်သယ်ကူမလိုလိုနဲ့ အပျင်းကပ်မနေနဲ့ .. သွား .."

ဟု ပြောတော့မှ မထချင့်ထချင်ဖြင့် ဖိုးလုံး နောက်ဘက်အခန်းလေးဆီသို့ ထွက်သွားပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ကျောင်းပိတ်ရက်ဥစ္စာ .. တစ်ညလေး မကျက်ဘဲ နေလို့ ဖြစ်တဲ့ဥစ္စာ"

နှင်တော့ ပေစောင်းပေစောင်းနှင့် လေသံပစ်ကြည့်သေးသည်။ ဘဘညို မျက်မှောင်ကုတ်၍ ...

"ငါ ထတီးလိုက်ရ ..၊ စာကျက်တာတောင်မှ ကျောင်းပိတ်ရက်တွေ ရှိလို့လေး ဘာလေးနဲ့.. အပျင်းကြောက ရှည်နေပြီ ..၊ မရဘူး .. ငါ့စည်းကမ်းထဲမှာ ညတိုင်း စာကျက်ရမယ်ဆိုတာ ပါတယ်.. သွား .. ကျက်"

ဟု ပြောတော့မှ အသံတိတ်သွားရသည်။ မကြာလိုက် .. ဖိုးလုံး၏ စာအော်ကျက်သံ ပေါ်လာပါသတည်း။ ဘဘညို ကိုတော့ ဖိုးလုံး လန့်သည်။ စာမကျက်လျှင် တကယ်တီးသည်ကိုးလေ။ မို အိုးခွက်တွေ ဆေးကြောပြီးတော့မှ ဒေါ်လေး ရှိရာသို့ ထွက်ခဲ့ရပါ၏။

ဒေါ်လေး ဘုရားရှိခိုးနေချိန်မို့ မို့ ဘေးမှာ ခဏထိုင်သည်။ နောက်တော့ ဘုရားကန်တော့သည်။ ဒေါ်လေး ပုတီးစိပ်နေဆဲပေမို့ မို တိုးတိုးသက်သာလေး အပြင်သို့ ထွက်ခဲ့ရပါ၏။

ကားဂိုဒေါင်ရှိရာဆီသို့ အလိုလိုပဲ မို ကြည့်လိုက်မိသည်။ အခန်းမီးမလင်းနေတော့ပြီ။ ဒေါ်လေး မှာသည့်စကားအတိုင်း သူ အိပ်ရာဝင်သွားချေပြီထင့်။ စံပယ်ရုံလေး ဘေးမှာ မို ခုံတန်းလေးထက်၌ ထိုင်လိုက်မိရင်း...

"သူ .. ဘယ်သူပါလိမ့် .."

ဟု တွေးမိရင်း သက်ပြင်းလေး ရှိုက်လိုက်မိရပါပြီတည်း။ ဘာကြောင့်ပဲဖြစ်ဖြစ် လောလောဆယ်မှာ သူသည် မို တို့ဆီမှာ သောင်တင်နေပြီ။ ဘယ်လောက်ကြာချေဦးမည် မသိ။ အကယ်၍များ သူသည် ချမ်းသာသူတစ်ယောက် ဖြစ်ခဲ့သည်ဆိုလျှင်ဖြင့် မို တို့ဆီမှာ အနေအစားဆင်းရဲရချေသည့်နယ် ဖြစ်နေပြီ။





"ဒေါ်လေး ပြောဖူးတယ် .. သိပ်ချမ်းသာသူတွေနဲ့ မပတ်သတ်တာကောင်းတယ်တဲ့ ..၊ သူ လူချမ်းသာထဲက မဟုတ်ဘဲ မို တို့လို အဆင့်အတန်းလောက်ထဲက လူတစ်ယောက်ဖြစ်ဖို့ ဆုတောင်းရမှာပဲလေ ..၊ မို တွေးထားသလိုပေါ့ .. ချမ်းသာရင် ကားနဲ့ သူသွားလာနေမှာပါလေ"

ဟု တွေးမိပြန်သည်။ မကူညီ မဖြစ်၍ ကူညီမိသည့်ကိစ္စ။ ဘာကြောင့်များ သူ့ကို လူချမ်းသာတစ်ယောက် မဖြစ်စေချင်သည်တော့ မသိရ ..။

"ရုပ်ရှင်တွေထဲမှာ တွေ့ဖူးတာကတော့ နောက်ကြောင်းကို ပြန်သတိရချိန်မှာကျတော့ အခုလောလောဆယ်မှာ သူ နေခဲ့ဖြစ်ခဲ့တဲ့အရာတွေကို ပြန်မေ့သွားတယ်ဆိုပဲ..၊ ဒါဆို သူ နောက်ကြောင်းကို ပြန်သတိရလာတဲ့အခါကျရင်ဖြင့် ပန်းရိပ်မြုံမှာ နေခဲ့တဲ့ကိစ္စ မေ့သွားမှာပေါ့"

ဟု တွေးမိပြန်သည်။

"အဲဒီအခါကျတော့ သူဟာ လူချမ်းသာတစ်ယောက်များ ဖြစ်နေတယ်ဆိုရင် ချမ်းသာဂုဏ်မောက်နေတဲ့ဟန်မျိုးနဲ့များ ကြုံရရင်ဖြင့် မို တို့ စိတ်မကောင်းစရာတွေ ဖြစ်ကုန်မှာ ..၊ အို .. သူ့နောက်ကြောင်းတွေ ပြန်မှတ်မိသွားရင် တော်ပါပြီလေ၊ ကျန်တာတွေက အရေးမကြီးပါဘူး၊ မို တို့က သူ့ဆီက ဘာမျှော်လင့်ချက်ကိုမှ မျှော်လင့်ထားတာမှ မဟုတ်တာ"

ဟု ဆက်တွေးမိပြန်သည်။

စံပယ်၏ရနံ့က သင်းမြမြ ဝေနေဆဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ရပါတယ် ဘဘရယ် .. ကျွန်တော် လုပ်နိုင်ပါတယ်"

တကယ်တမ်းကျတော့ မလုပ်တတ်ရှာတာ သိသာနေသည်ပါပဲ။ မနက်စာ ပူရီကြော်အတွက် ဂျုံနယ်နေသည့်သူ့ကို ဘဘညို ဘေးမှနေ၍ ...

"ဖိုးလုံး နယ်တတ်ပါတယ်ကွာ .. ဘေးက ကြည့်ပါဦး မောင်မိုးချိုသာ ရယ်၊ လက်သွားတကျဖြစ်ဖို့ဆိုတာ အရင်ဆုံးတော့ မျက်ရည်ဝဖို့ လိုသကွ ..၊ ဘဘညို အရင်နယ်မယ် .. ပြီးရင် ဖိုးလုံး နယ်လိမ့်မယ်၊ လူလေးက နောက်လေးငါးခြောက်ရက်ကျတော့မှ လုပ်ကိုင်ပါကွာ"

မနက်သုံးနာရီလောက်မှာ ဘဘညို နှင့် သူ မီးဖိုဆောင်လေးထဲမှာ ဂျုံနယ်သည့်အလုပ်ကို သူကလည်း လုပ်ချင်၊ ဘဘညို ကလည်း တားနှင့် ဖြစ်နေပြီ။

နောက်ဆုံးတော့လည်း ဘဘညို လက်လျှော့ကာ ထောပတ်နှင့် ဂျုံမှုန့်ကို အရင်သမအောင် မွှေထားပြီးမှ ရေနွေးလေးဖြင့် ရောကာ ရောကာ ဂျုံကိုနယ်စေဖို့ အစစ ဘေးမှလိုက်၍ ရေနွေးထည့်ထားရာ ဒန်ခရားဖြင့် ရေကို အလော်တော်ထည့်ထည့်ပေးနေစဉ်မှာ သူကတော့





လက်နှစ်ဖက်ဖြင့် ဂျုံသားတကျဖြစ်အောင် နယ်လိုက်မွှေလိုက်ဖြင့် အားစိုက်၍ လုပ်သည်ပါပဲ ...။

မနက်အစောကြီး သူ နိုးနေသည်။ ပြတင်းအနီးမှာရပ်ရင်း ဘယ်အချိန် ပန်းရိပ်မြုံ၏ မီးဖိုဆောင် ချက်ပြုတ်ရာအခန်းမှာ မီးလင်းလာချေသည်လဲဟု မျက်တောင်မခတ် မျှော်ကြည့်နေမိခဲ့ရသည်မို့ ...။ တကယ်တမ်း မီးလင်းလာတာနှင့် ခြေလှမ်းသုတ်သုတ်ဖြင့် ပန်းရိပ်မြုံ၏ စားဖိုဆောင်နေရာလေးဆီသို့ သူ ရောက်ခဲ့ရခြင်းပါ။

လောလောဆယ်မှာ သူနှင့် ဘဘညို ပဲ စားဖိုဆောင်လေးထဲမှာ ရှိနေသည်။ ဖိုးလုံး လည်း ထမလာသေး။ ကလေးပီပီ အအိပ်မက်နေဆဲ ဖြစ်ပေလိမ့်မည်။ ဂျုံထဲမှာ ဆားအလော့တော် တစ်ခါတည်း ထည့်မွှေ၍ နယ်ထားတာမို့ ...

"ထောပတ်ပါတာဆိုတော့ မုန့်ကပိုပြီး မွမွလေး ကြွကြွလေး ဖြစ်တာကွ၊ မနက်ဘက်ကို အာလူးပူရီလဲ ခုတစ်ပတ်မှာ တိုးပြီး လုပ်တယ်.. လူတွေ ကြိုက်ကြတယ်ကွ ..၊ နေ့လယ်ဘက်ကျတော့ ပူတင်းတို့၊ ဘဲသားမုန့်တို့၊ အာလူးကတ္တလိတ်တို့ ရသကွ ..၊ မနက်ပိုင်းတော့ ကောက်ညှင်းရွှေထမင်း၊ ကောက်ညှင်းချိတ်နဲ့ ငါးကြော်၊ ပေါင်မုန့်ကြော်၊ ပြီးတော့ .. အာလူးပူရီပေါ့ကွာ၊ တချို့ကကျတော့လဲ ထမင်းကြော်လေး ဘာလေး စားချင်သကွ၊ ကြော်ပေးရတာပေါ့ .. ပဲပြုတ်နဲ့လေ"

ပြောနေရင်းဖြင့် ပဲပြုတ်ပေါင်းထားရာ မြေပေါင်းအိုးအောက်ဆီသို့ မီးကို အနေတော် ထပ်၍ ဘဘညို ဖြည့်နေသည်။ သူကတော့ နဖူးပြင်မှာ ချွေးတွေ သီးနေပြီ။ လက်ကောက်ဝတ်နေရာတွေ နာလာတာကို သိနေရပါသည့်အဖြစ်။ လက်မောင်းရင်းတွေလည်း အောင့်နေပြီ ..။

သုံး၊လေးပိဿ ၁လောက်ရှိမည့် ဂျုံကို အသားတကျဖြစ်အောင် ချောနေသည့် သန့်ပြန့်သော စားပွဲပေါ်မှာ လိမ့်၍လိမ့်၍နယ်လိုက် ..

www.burmeseclassic.com



ဟိုဘက်သည်ဘက် ပြောင်းလိုက် ...။ ပြန့်နယ်လိုက်ဖြင့် ရှိနေရင်း လက်ကောက်ဝတ်တွေ နာလွန်းလာတော့ ဘဘညို မမြင်အောင် အသာလေး ကိုယ်ကိုတစ်ဖက်သို့တိမ်းလှည့်၍ လက်ကောက်ဝတ်ကို တစ်ဖက်စီ လက်ဖဝါးလေးဖြင့် နှိပ်နေမိရစဉ်ခိုက် ...

"ဒုက္ခပါပဲ .."

ဟု ညည်းမိလိုက်ရသည်က စားဖို့ဆောင်တံခါးလေးမှာ တံခါးပေါင်ကို လက်ဖြင့်ဖေးကိုင်ရင်း ရပ်ကြည့်နေသည့် မှီ့ ကို တွေ့လိုက်ရ၍ ပါတည်း။

မှီ့ မျက်ဝန်းလေးတွေက သူ့ကို မမှိတ်မသုန် ကြည့်နေသည်။ သူက ကမန်းကတမ်း ကိုယ်ကိုမတ်လိုက်မိရင်းမှ လက်နှိပ်နေတာကို ရပ်ပစ်လိုက်ကာ ပြန်၍ ဂျုံနယ်နေမိပြန်ပါသည့်အဖြစ် ...။

မှီ သူ့ဘေးမှာ ရပ်လာသည်။

"ဖယ် .. မှီ နယ်မယ်"

သူ လန့်သွားရပါ၏။

ဘုရားရေ .. ဤမျှ သေးနွဲ့နွဲ့နှင့် ကောင်မလေးက ဂျုံနယ်မည်တဲ့လား။ သူ့မှာဖြင့် လက်ကောက်ဝတ်တွေ ဆစ်ဆစ်ပါနေပြီ။ ဘဘညိုပဲ ပေါင်းအိုးကို မီးဖြည့်နေရာမှ မှီ့ အသံကြောင့် လှည့်ကြည့်ကာ ...

"မလုပ်ပါနဲ့ဆိုတာ မရပေါင်ကွယ် ... အင်း .. မှီ့ ဘကြီးကတော့ သားကို အတော်လေး နနနယ်နယ် ထားပုံရသကွယ့်"

သူ မလုပ်နိုင်မှန်းသိနေသည်ပဲဟု နားလည်လာရင်း ဘဘညို ကို သူ ကြည့်မိရပြန်သည်။ ဘဘညို ပြုံးကာ ...

"တစ်ဆင့်ချင်း တက်ရသကွယ့် လူလေးရဲ့ ...၊ လောလောဆယ် ဘဘညိုတို့ ဘယ်လိုလုပ်ကိုင်ကြတယ်ဆိုတာ ဘေးက ရပ်ကြည့်"

သူ လက်မခံချင် ...။ ဘယ့်နှယ် .. မှီ့ လို ပျော့နွဲ့နွဲ့ကောင်မလေးက ဂျုံနယ်နေတာများ ဘာမှမပင်ပန်းသည့်နှယ် ဟန်ကျပန်ကျပင်ရှိနေ





သေးချိန်မှာ သူက လက်ကောက်ဝတ်တွေ နာနေရမည်တဲ့လား။ ကြည့်... ဆံပင်လေးတိုတို မျက်နှာလေးဝင်းဝင်းဖြင့် မှုန်နုနေအောင် လှသည့်ကောင်မလေး။ နုနုဖန့်ဖန့်ဟန်လေးလည်း ရှိနေသည့် ကောင်မလေး။

ဤကောင်မလေး၏ သွယ်ပျောင်းပျောင်း လက်လေးတွေက ဤဂျုံ လေးပိဿာလောက်ကို နယ်နေနိုင်သည်တဲ့လား။ သူက ယောကျ်ားသားတစ်ယောက်ဖြစ်နေရင်း လက်ကောက်ဝတ်နာနေတာ လူမိချေ သည်မို့ ရှက်ပင်ရှက်လာမိရသည်ပါပဲ။

သူ မခံချင်စေဖြင့် ရုတ်တရက် စိတ်သွားရာကိုယ်ပါပြီး မှီ့ ကိုယ်လေးကို ဘေးသို့ တွန်းဖယ်လိုက်မိရပါသတည်း။ မှီ ကလည်း ထိုသို့ သူ မှီ့ ကို တွန်းဖယ်ပြီး ဂျုံနယ်နေချေလိမ့်မည်ဟု ထင်ထားပုံမရ။

အံ့သြသလိုလေး တစ်ချက်ကြည့်သည်။ သူကတော့ ပေတိပေကပ်ကြီး ဂျုံနယ်နေသည်မှ ဘေးလူဘယ်သူမှ လာမစားနှင့်ဆိုသည့်အနေဖြင့်ပါ။ နဖူးပြင်မှ ဆံစတွေ ပြိုကျနေရင်း ချွေးသီးချွေးပေါက်လေးတွေပင် နားထင်ဆီမှ စီးကျစ ပြုလာနေပြီဖြစ်သည့် သူ့ကို မှီ တိတ်ဆိတ်စွာပဲ ဘေးမှာရပ်ကြည့်နေပါ၏။

သူကလည်း မျက်စိစွေ၍ ကြည့်သည်။ ကြည့်သည့်အကြည့်က နည်းနည်းတော့ ခေါင်းမာနေသည့်အကြည့်။ ဖယ်မပေးနိုင်ပါဆိုသည့် အကြည့်။ မှီ ကလည်း သိပုံရသည်။

သူ့ကို ပြုံး၍ ကြည့်လာပါ၏။ ပါးချိုင့်လေးနှစ်ဖက် ခွက်ခွက်ပါအောင် ပေါ်လာပါသည့် မှီ့ မျက်နှာလေး၏ အရမ်းကို အပြစ်ကင်းစင်သော အရိပ်လေးတွေ ဖေးတင်နေသမျှကို သတိမထားမိဘဲနေ၍ကို မရနိုင် ...။

"ဒါဆိုလဲ မှီ ဆိုင်ထဲသွားပြီး လုပ်စရာရှိတာ လုပ်ထားလိုက်တော့မယ် ဘဘညို ...၊ ဒေါ်လေးလဲ ဘုရားရှိခိုးနေတာ ပြီးသွားရင် ဘဘဆီ ရောက်လာမှာပါ"

www.burmeseclassic.com



မကြာခင် ဒေါ်လေး ရောက်လာလိမ့်မည်ဆိုတာကို သိအောင် တမင် သူ့ကို ပြောပြခဲ့ခြင်းဟု သူ နားလည်လိုက်မိရပါ၏။ အိပ်ရာမှ နိုးထစ မိန်းမပျိုလေးတစ်ယောက်၏ အခြယ်အသကင်းစင်သော အလှ တရားတစ်ခုကိုတော့ သူဘယ်လိုမှ သတိမထားဘဲ နေ၍ကို မရနိုင်။

ဆံပင်တို ကုပ်ထောက်လေးကို လက်ဖြင့်ပဲ သပ်လာချေသည်လား မသိ။ သိပ်ပြီးတော့ သပ်သပ်ယပ်ယပ်တော့ ရှိမနေ။ မျက်နှာလေးကလဲ မျက်နှာသစ်ပြီးစ မိန်းကလေးတစ်ယောက်အဖြစ် စိုစိုရွှန်းရွှန်း ဝင်းဝင်း စင်စင်..။

မို သည် အလုပ်ဖောကပ်သည့် မို ဖြစ်သည်ဆိုတာကိုတော့ သူပို၍ နားလည်လာသည်။

"ငါလဲ အလုပ်လုပ်ရမယ် .. အများကြီး လုပ်ရမယ်၊ သူတို့ထက် ပိုလုပ်နိုင်သူဖြစ်ဖို့ ငါ ကြိုးစားရမယ်"

လက်တွေ့မှာ လက်ကောက်ဝတ်တွေ ကိုက်ခဲနာကျင်လာနေပေမယ့် လူကတော့ အလုပ်လုပ်ဖို့ပဲ ဖောတင်းအားခဲထားတာမို့ အားမာန် ဟူ၍တော့ ရင်ထဲမှာ ဖြစ်တည်လာရသည်ပါပဲ..။

လူက ဂျုံနယ်နေရပေမယ့် ရှေ့ဆိုင်ခန်းထဲမှ ခုံရွှေ့သံ၊ ပြတင်းဖွင့် သံတွေကြားတော့ ဖောက ဆိုင်ဘက်ကို ရောက်ပြန်သည်။ ဟိုမှာ က မို တစ်ယောက်တည်း လုပ်ကိုင်နေချေသည်ပဲဟု တွေးကာ ဆိုင်ဘက်ကို လည်း ပြေးလုပ်ကိုင် ကူလိုက်ချင်ပြန်သည်။ ဘဘညို ဘေးမှာလာရပ် ကာ ဂျုံကို လက်ဖြင့်ဖိကြည့်သည်။ လက်ချောင်းတွေဖြင့် သာသာလေး ထိုးကြည့်သည်။

"ရပြီ .. ရပြီ"

ဟု ပြောတော့လည်း သူ မသက်ာချင် ..။ လောလောဆယ် သူ နားလိုက်အောင် ပြောကာ သူ မရှိတော့မှ ဘဘညို ဂျုံဆက်နယ်ချေ မည်လားဟုလည်း တွေးမိပြန်သည်။





"သေချာလို့လား ဘဘညို"

ဟု မေးတော့ ဘဘညို ရယ်သည်။

"ရပါပြီကွာ ..၊ လိုလဲ နည်းနည်းပေါ့၊ ဟိုမှာ မို့ ကို သွားလုပ်ကိုင် ကူလိုက် လူလေး"

ဟုပြောတော့ သူ ပေကပ်ကပ်ဖြင့် ဂျုံကို ဆက်နယ်နေမိပြန်သေး သည်။ ဒါပေမယ့် မျက်စိလေး ပွတ်ကာပွတ်ကာဖြင့် ဖိုးလုံး ခုမှ အိပ်ရာ မှ ထလာပုံလေးဖြင့် စားဖိုးဆောင်ထဲသို့ ဝင်လာကာ အုတ်ကန်ထဲမှ ရေတစ်ဖလားခပ်ကာ ပြီးလွယ်စီးလွယ် မျက်နှာသစ်ဖို့ ကြံနေသည့် တူတော်မောင် ပျောင်းကို ဘဘညို မှ ...

"သေချာ သွားတိုက် .. မျက်နှာသစ် .. ဆပ်ပြာနဲ့သစ်"

"ကျောင်းသွားကာနီးမှ သွားတိုက်ပြီးတော့ ဆပ်ပြာနဲ့ မျက်နှာသစ် မယ် ဘဘရာ ..၊ အခုတော့ အေးတယ်ဗျ"

ဟု အုတ်ကန်ထဲမှ ရေအေးနှင့် မျက်နှာကို ရေစက်သလို ပက်ခနဲ လက်ဖဝါးဖြင့် ရေစိုရုံလုပ်ရင်း အအေးကြောက်နေသည့် ဖိုးလုံး ကို ဘဘညို မှ နားရွက်လေးဆွဲ၍ ကိုယ်တိုင် ဆပ်ပြာဖြင့် ပွတ်သစ်ပေးလိုက် ပါသတည်း။

"အေးတယ် ဘဘရ .. အေးတယ်"

ဟု တညည်းညည်း တညူညူဖြင့် ဖိုးလုံး တစ်ယောက် ခပ်တိုးတိုး ပြောပြီးမှ မထူးတော့ပြီပဲဟု စိတ်လျှော့ကာ သွားတွေဘာတွေ တိုက်နေ ပါသတည်း။

သူကတော့ ဂျုံနယ်နေရင်း ဘဘညို နှင့် ဖိုးလုံး တို့နှစ်ယောက်ကို ပြုံးကြည့်မိရပါ၏။ တူဝရီးဆိုတာထက် သားအဖနှယ်ပင် တူနေပါး သည့်အဖြစ်။

"ဖိုးလုံး လက်ကို သေချာဆေး .. ပြီးရင် ဒီမှာ ဂျုံလာဆက်နယ်၊ ငါ ကောက်ညှင်းပေါင်းဖို့ လုပ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာတော့ ဖိုးလုံး ခေါင်းညိတ်သည်။ ဘဘညို ၏ ပခုံးပေါ်သိုင်းတင်ထားသော တဘက်ငယ်လေးကိုယူ၍ မျက်နှာသုတ်ပြီး တာနှင့် သူ့အေးနား ရောက်လာသည်ကလည်း ဖိုးလုံး ပါ။

"ကိုကိုမိုးချို .. သား နယ်လိုက်တော့မယ်"

ဟု ပြောတော့ ဤတစ်ကြိမ်မှာ ဖယ်မပေး၍လည်း မဖြစ်တော့ပြီဟု နားလည်ရသည်မို့ ဖယ်ပေးလိုက်ရပါ၏။ ဘဘညို ကတော့ ကောက်သွင်းပေါင်းဖို့ လုပ်နေပြီ။ သူ အေးနားကပ်သွားတော့ လက်ကာ၍ ...

"မို့ ကို အရင် သွားလုပ်ကူလိုက်ချေဦး"

ဟု ခိုင်းပါလေ၏။ ဒေါ်လေးထား ပြောထားသည့်စကားအရလည်း သူနှင့် မို ဆိုတာက မောင်နှမသားချင်းတွေ ဖြစ်နေကြတာမို့ ဘဘညို ဘက်ကတော့လည်း မို သက်သာအောင် သူ့ကို မို့ ထံသို့ တွင်တွင် သွားလာလုပ်ကိုင် ကူခိုင်းနေခြင်းဆိုတာ နားလည်နေမိရသည်ပါပဲ။

သူ ကလည်း မို့ ကို လုပ်ကိုင် ကူညီချင်နေသည်။ မို့ ကျေးဇူးကြောင့် ဤနေရာလေးမှာ သူနေခွင့်ရခြင်း မဟုတ်ပါလားလေ..။ ဒါမှ မဟုတ်ချေလျှင်ဖြင့် ဘယ်သစ်ပင်အောက် သွားအိပ်ရချေမည် မသိ။

သူ ဆိုင်ခန်းနေရာလေးဆီသို့ စားဖိုဆောင်ဘက်ဆီမှ ကူးလာတော့ စားပွဲတိုင်းကို စားပွဲခင်း မီးပူကျလေးတွေ ခင်းနေသည့် မို့ ကို တွေ့ရပါ၏။

စားပွဲတစ်လုံးထက်မှာတော့ မီးပူခေါက်သားကျ စားပွဲခင်းတွေကို အထပ်လိုက်တင်ထားတာ မြင်နေရသည်။ စားပွဲဝိုင်းတွေက နှစ်ဆယ် ကျော်သည်ပဲလေ။ သူ စားပွဲခင်းတစ်ခုကို သွားယူကာ လွတ်နေသည့် စားပွဲတစ်လုံးမှာ သေသေသပ်သပ်လေး ပတ်ပတ်လည် အားလုံးညီနေအောင် စားပွဲခင်းအနားတွေ၏ အကျကိုကြည့်ကာ သေချာခင်းပါ၏။





သူလုပ်နေသမျှကိုလည်း မို သဘောကျသလို လှမ်းလှမ်း ကြည့်နေတာကို ကြုံတော့ ရင်ထဲမှာ ဝမ်းသာသွားရသည်။ ဘာပဲဖြစ်ဖြစ် မို တို့ ကျေနပ်ကြည်ဖြူသည်ဆိုလျှင်ဖြင့် သူ ဝမ်းမြောက်ရပါပြီ။ နေရထိုင်ရ တာလည်း အဆင်မြှတော့ မျက်နှာပူရ အားနာရတာတွေ သက်သာရ သည်ပေါ့။

"မို တို့ပန်းရိပ်မြုံမှာက မနက်တိုင်း စားပွဲခင်း လဲတယ်၊ မနေ့က စားပွဲခင်းကို ဒီနေ့ လျှော်တယ်၊ မီးပူတိုက်တယ်၊ အားလုံးချည်သား အကွက် စားပွဲခင်းတွေချည်းပဲ လေးစုံရှိတယ်၊ စားသောက်သူတို့ရဲ့ အမြင်မှာ အားလုံးဟာ သန့်ပြန့်နေရင် စားရသောက်ရတာ ပိုပြီး စိတ် သန့်တာပေါ့၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ဆိုင်ဆိုတာမျိုးက သန့်ရှင်းဖို့ဆိုတာလည်း အဓိကအရာထဲမှာ ပါတယ်လေ အစ်ကို မိုးချို သာ ရဲ့ .."

မို ပြောနေတော့ သူ ခေါင်းပဲညိတ်ပြသည်။ နောက်ထပ်စားပွဲခင်း တစ်ခုကို ထပ်ခင်းနေမိပြန်ပါ၏။

စားပွဲမျက်နှာပြင်ထက်မှာ အပြာရောင်အကွက်ပါသည့် စားပွဲခင်း ဖြူဖြူကို ပြန့်ရန့်နေအောင် မို လက်ဖြင့် သပ်၍ခင်းသလို သူက လိုက် တု၍ ခင်းသည်ပါပဲ။ သူလုပ်သမျှကိုလည်း မို တစေ့တစောင်း ကြည့် နေတာ သူ သိနေရပါ၏။

"လက်သုပ်ပဝါလေးတွေလည်း အဲသလိုပဲ မီးပူကျလေးတွေ ထား တာ၊ ဒီစားပွဲတစ်ဝိုင်း စားသောက်ပြီးသွားတာနဲ့ လက်သုတ်ပဝါ ထပ်လဲ ချထားပေးတာ ပန်းရိပ်မြုံရဲ့ မူပဲ..၊ တစ်နေကုန် တစ်နေခန်းကြီး စားပွဲ တစ်ဝိုင်းမှာ လက်သုတ်ပဝါမလဲဘဲထားတာမျိုး မဟုတ်ဘူး..၊ ဒါကြောင့် ဆိုင်မှာက လက်သုတ်ပဝါ ပိုကုန်တယ်"

ဟုပြောကာ လက်သုတ်ပဝါလေးတွေကို ဖန်ခွက်ရှည်မျော့မျော့ လေးတွေထဲမှာ ထောင့်ချိုးခေါက်၍ထည့်တော့ သူလည်း လိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



၍ ထည့်မိရပြန်ပါ၏။

မှီ ထွက်သွားကာ ပြန်လာတော့ ပန်းအိုးလေးတွေ ပါလာသည်။ ပန်းတုလေးတွေထိုးထားသော ပန်းအိုးလေးတွေ ..၊ ဖန်ပန်းအိုး ရှည်မျော်မျော်လေးတွေမှာ ဤနေ့မှာဖြင့် အဖြူရောင် နှင်းဆီတုတွေ ထိုးထားပါ၏။

"ညကတည်းက ဆိုင်ကို သေချာ လှည်းကျင်းထားတာလေ..၊ မနက်ဆို ဒါတွေ လုပ်လိုက်ရုံပဲ"

ဟု ပြောကာ ပြတင်းပေါက်တွေမှာ တပ်ထားသော ပန်းနုရောင်ဇာခန်းဆီးလေးတွေကို အသာအယာ ပြန့်နေအောင် ဆွဲဆန့်ပါ၏။

"ခန်းဆီးလေးတွေကိုတော့ သုံးရက်တစ်ခါ လဲတယ်၊ ဆိုင်မှာနေ့တိုင်း လာစားကြတဲ့သူတွေရဲ့ အမြင်မှာလဲ ဆိုင်ရဲ့အခင်းအကျင်းလေးတွေထဲမှာ ခန်းဆီးလေးတွေ လဲတပ်တာဟာလဲ ဆွဲဆောင်မှုတစ်မျိုးပဲရှင့်..၊ အမြင်အာရုံထဲမှာ ပြောင်းပြောင်းသွားတာပေါ့၊ ပန်းလေးတွေဆိုရင်လည်း ပန်းအိုးမှာ ပန်းတုလေးတွေ ထိုးတဲ့အခါထိုးတယ် .. ပန်းအစစ်ထိုးတဲ့အခါလဲ ထိုးတယ်"

ဟု ဆက်ပြောပြပြီးတာနှင့် နောက်ဖေးဘက်ထွက်သွားတော့ သူမှာ လက်ကျန်လက်သုတ်ပဝါလေးတွေကို ဖန်ခွက်လေးတွေတည်ထောင့်ချိုးလေးတွေ ခေါက်ထည့်၍ စားပွဲပေါ်လိုက်တင်နေရင်း ကျန်ခဲ့ရပါ၏။

ဒေါ်လေးထား ဆိုင်ခန်းဘက်ကူးလာတော့ အလုပ်ထဲရောက်နေသည့် သူ့ကို တွေ့သည်မို့ ကျေနပ်ပြုံးဖြင့် ကြည့်လာတာကို ကြုံရပြန်သည်။ မဆိုး ..။

သူ့ကံ မဆိုး ..၊ အားလုံးအတွက် သူသည် ဤနေရာလေးမှာ အံဝင်မကျဘဲ ရှိနေသူတစ်ယောက်တော့ ဖြစ်မနေ..။ စိတ်အနှောင့်အယှက်ပေးသည့်သူတစ်ယောက်အဖြစ်လည်း ရောက်မနေ..။ ဤအတွက် သူ





ဝမ်းသာရပါ၏။

"ခေါင်းကိုက်နေသလား မောင်မိုးချိုသာ ..၊ ဒီနေ့နဲ့ မနက်ဖြန်လောက်တော့ နားနေရင် ပိုကောင်းမယ် ထင်ပါရဲ့ကွယ်"

ဟု ပြောလာတော့ ရင်ထဲ ကြည်နူးရပါပြီ။ အဒေါ်သားချင်းတစ်ယောက်နှယ် ရှိနေသည့် အကြင်နာစကားကို ကြားရသည်ကိုးလေ..။

"ကျွန်တော် နည်းနည်းလေး မူးသလိုလိုတော့ ရှိပါတယ် ခင်ဗျာ"

ဟု ယောင်၍ပင် မပြောရဲ ..။ ခေါင်းလေး ခါ၍ ...

"နေကောင်းပါတယ် ခင်ဗျ"

ဟု တကယ့်ကို ဘာမျှမဖြစ်သည့်နှယ် ပြောမိရပါ၏။ ဒေါ်လေးထား စားဖိုဆောင်ဘက် ဝင်သွားချိန်မှာ မှီ မတ်တတ် အုန်းတံမြက်စည်းရှည်တစ်လက်ဖြင့် နောက်ဖေးခန်းမှ ထွက်လာတာမြင်တော့ ကမန်းကတန်း တံမြက်စည်းကို ပြေးယူမိပြန်သည်။ မှီ လက်ကိုတိမ်းလိုက်ကာ ...

"နေဦး .. ဒီနေ့ မှီ လုပ်တာကို လိုက်ကြည့် ..၊ ဘယ်နေရာတွေ တံမြက်လှည်းတယ်ဆိုတာ ကြည့်ပါဦး ..၊ လုပ်ဖို့ချည်း လောနေတော့တာပဲ .. ရှင်ကလဲ"

ဟု ငေါက်ဆတ်ဆတ်လေး ပြောတော့မှ သူ လန့်သလိုကြီး ကြည့်မိကာ ...

"လုပ်ချင်လို့ပါ မှီ ရယ် .."

ဟု ရင်ထဲက စကားကို ပြောမိရပါ၏။ မှီ ရှေ့မှသွားတော့ သူ နောက်မှ တကောက်ကောက် ပါလာရပြန်သည်။

ဆိုင်အဝင်လမ်းသွယ်လေးပမာရှိအောင် မှီ စိတ်ကူးတရလေး ဘေးဘက်မှာ ပွင့်တူရွက်တူ ပင်လေးတွေ စီတန်း၍ စိုက်ထားရာ ကျောက်ခင်းလမ်းလေးကို မှီ တံမြက်လှည်းသည်။

ကွန်ကရစ်လမ်းလေးမှာ ကျောက်လုံးချောလေးတွေ မြှုပ်ခင်းထား



www.burmeseclassic.com

www.burmeseclassic.com



ရာ လမ်းလေးသည် ဆေ့ဆေ့ဝိုက်ဝိုက်လေးဖြင့် ချစ်စရာလမ်းလေးတစ်ခု ဖြစ်နေပါ၏။ လမ်း၏တစ်ဖက်မှာကျတော့ ကားပါကင်ထိုးရာနှင့် ဆိုင်ကယ်လေးတွေ စက်ဘီးလေးတွေ ရပ်နားရန် နေရာလေးတွေအဖြစ် ကွန်ကရစ်ခင်းနေရာလေး ရှိသည်။

တစ်ဖက်မှာကျတော့ ပန်းခြံငယ်လေးတစ်ခု ရှိသည်။ နေရာလေးနှစ်ခုကို ဤကျောက်လုံးချောလေးတွေ ခင်းထားရာ လူသွားလမ်းလေးက ခြားထားပါ၏။

ကျောက်လုံးချောလေးတွေကို ရောင်စုံခြယ်ထားတာမို့ လမ်းလေးသည် ရောင်စုံလမ်းလေး ဖြစ်နေပြန်သည်။

"ဒါ မိုးရေခံ ဆေးဘူးငယ်လေးတွေ စုံအောင်ဝယ်ပြီး မှီ နဲ့ ဖိုးလုံးနဲ့ ဒီကျောက်ချောလုံးလေးတွေမှာ ခြယ်ထားတာလေ"

ဟု တံမြက်လှည်းနေရင်း ပြောတော့ သူ မှီ့ ကို ကြည့်မိသည်။ မှီ ဆိုတာ ရုပ်ကလေး နုနုနယ်နယ်လေး ရှိသည့်နှယ် ...။ အခြယ်အသကင်းစွာ ရိုးစင်းလွန်းသည့်နှယ် ...။ စိတ်ကူးလှလှလေးတွေကိုလည်း စဉ်းစားတတ်ချေသည်တကား...။

သူ မှီ့ လက်ထဲမှ တံမြက်စည်းကို ဖွတ်ယူမိကာ လမ်းလေးကိုလည်း လှည်းကျင်းသည်။ ကားပါကင်နေရာလေးနှင့် ဆိုင်ကယ်၊ စက်ဘီးပါကင်နေရာလေးမှာလည်း လှည်းကျင်းသည်။

မှီ ပန်းခြံလေးမှာ ရေဖျန်းပိုက်လေးဖြင့် ရေစုပ်စက်လေး ခလုတ်ဖွင့်ကာ ရေတွင်းမှ ရေကို စုပ်တင်၍ ရေဖျန်းနေတော့ သူ့မှာ ခပ်မြန်မြန်ကြီး တံမြက်လှည်းမိရပြန်ကာ ...

"ပေး .. ပေး .. ကျွန်တော် ဖျန်းပါ့မယ်"

ဟု တံမြက်စည်းကြီး အုန်းပင်ငယ်လေး၏ ပင်စည်မှာ ထောင်ပစ်ခဲ့ကာ ရေဖျန်းပိုက်ကို ယူမတတ်ကြီး ဘေးမှ တတွတ်တွတ် ပြောနေတော့ မှီ့ သူ့လက်ထဲ ရေဖျန်းပိုက်ကို မျက်မှောင်လေး ကုတ်ကွေး





၍ ဆောင့်အောင့်ထည့်ပေးလာပါသတည်း။

သူ ရယ်လိုက်မိရပါပြီ။

"ခက်တာပဲ .. မှီ ဖြင့် တုတ်တုတ်တောင် လှုပ်လို့မရတော့သလိုပါပဲလား၊ ဘာလုပ်လုပ် ရှင်က လိုက်လိုက်ပါနေတော့တာကိုး"

ဟု ညည်းတာကိုလည်း ပြုံးကြည့်မိသည်။ မျက်မှောင်လေးကုတ်ကွေး၍ တကယ့်ကို စိတ်လက်ညစ်နေပုံလေးဖြင့် ပြောနေသည့် မှီ ဆိုတာကလည်း စိတ်မောနေလျှင်ပင် ပါးချိုင့်လေးကတော့ စကားပြောလိုက်တာနှင့် ခွက်ခနဲ ပေါ်လာသည့်အဖြစ်။

ဤကောင်မလေး၏ စိတ်ထားလေးကလည်း သက်သာလျှင်ပြီးရောဆိုသည့်အမျိုးလေး မဟုတ်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်ချင်သည့်ကလေးမမျိုး ဖြစ်နေသည်။

"ကဲ .. ရေဖျန်း .. ရေဖျန်း .. ပြီးရင်း တရိတ်ဖက်စ် စားကြမယ်၊ မှီ တို့ ပန်းရိပ်မြုံမှာက အရင်ဆုံး ကိုယ်စားသောက်ဖို့ လုပ်ကိုင်တယ်၊ သူများလာစားတဲ့အခါမှာ ကိုယ်က ဝမ်းဟောင်းလောင်းဖြစ်နေတာမျိုး ဒေါ်လေးက မကြိုက်ဘူးရှင့်"

ဟု ပြောကာ ဆိုင်ထဲဝင်သွားတော့ သူ ရေဖျန်းရဖိုး ကျန်ခဲ့ပါ၏။

နှင်းဆီခင်းလေး၊ စံပယ်ပင်တန်းလေး၊ သစ်ခွရုံတန်းဝေလေး .. အားလုံးသည် လှနေသည်ပဲ။ ဖျတ်ခနဲ အာရုံထဲဝင်လာသည်က ကျယ်ပြန့်သော ဥယျာဉ်ကြီးတစ်ခု ..စိမ်းမြနေသော မြက်ခင်းပြင်ကျယ်ကြီး.. မြင့်မားသော အဆောက်အအုံ ..။

နုလို နှင်းဆီပန်းတွေ ဟိုသည်ယိမ်းနွဲ့နေရာ ဥယျာဉ်သည် ကျယ်ပြန့်သော ဥယျာဉ်တစ်ခု ဖြစ်နေသည်။ ခေါင်းကို လက်ဖြင့် ဖိလိုက်မိရပါ၏။

"ဘယ်နေရာလဲ ..ဘယ်နေရာလဲ .. အဲဒီပန်းဥယျာဉ်ကြီးကို ငါဘာလို့ မြင်လာမိရတာလဲ၊ ဒီပန်းတွေကို မြင်နေရင်း ဘာကြောင့် အဲ



www.burmeseclassic.com

www.burmeseclassic.com



သလောက် ကျယ်ပြန့်နေတဲ့ မြင်ခင်းပြင်ကြီးရှိရာနေရာ ပန်းတွေပွင့်ရာ နေရာတစ်ခုကို ငါ မြင်လာမိရတာလဲ"

ဟု စဉ်းစားနေမိရပြန်သည်။ ခေါင်းတွေကိုက်လာသည်။ မူးလာသည်။ မျက်ဝန်းကို စုံမှိတ်ချလိုက်မိရပါ၏။

စောစောက မြင်လာမိရာ ပန်းဥယျာဉ်ကြီးနှင့် မြက်ခင်းပြင်ကျယ်ကြီးဆိုတာက လွင့်ခနဲ ဝေးရာသို့ ရောက်သွားသလို ခံစားရသည်။ အဆောက်အအုံ မြင့်မြင့်ဖြူဖြူကြီးသည်လည်း ဝေဝေဝါးဝါး ဖြစ်လာသည်။

နောက်တော့ ခေါင်းထဲတိုး ဝင်လာသည်က လောလောဆယ် မြင်နေရသည့်အရာတွေချည်းပဲ ပြန်ဖြစ်ကုန်ရသည်ပါပဲ။ နောက်ထပ်တိုး၍ ဘာဆိုဘာမျှ တွေးမရဘဲ ဖြစ်သွားရသည်ပါပဲ။

ထိုစဉ်ခိုက် ဖိုးလုံး ရောက်လာကာ ...

"ကိုကိုမိုးချို ဒေါ်လေးက ပဲပြုတ်နဲ့ထမင်းကြော် စားမယ်တဲ့.. ကျန်တာကို စားပြီးမှပဲ ဆက်ဖျန်းတော့တဲ့"

ဟုပြောတာမို့ ရေနှုပ်စက် မီးခလုတ်ကို သူ သွားပိတ်သည်။ ဖိုးလုံး သေးမှလိုက်လာကာ ...

"အဲဒါတွေ မနက်တိုင်း မမမို လုပ်နေကျ သိလား ..၊ ကိုကိုမိုးချို ရောက်လာတော့ မမမို သက်သာတော့ပေါ့ ..၊ ဖိုးလုံး လဲ သက်သာတယ် ဂျုံနယ်တာ သိပ်မနယ်ရတော့ဘူးဗျ"

ဟု ကလေးပီပီ ရင်ထဲရှိရာကို ပြောနေခိုက် သူ ပြုံး၍ သေးမှလိုက်လာပါ၏။

"မနက်စာ စားပြီးရင်တဲ့ ဆိုင်မှာလာစားတဲ့သူတွေ ရှင်းသလောက်ရှိတဲ့အခါကျရင်တဲ့ ဘဘညို လဲ ဈေးသွား .. ကိုကိုမိုးချို လဲ အဝတ်အစားဝယ် ဆိုပြီး မမမို ကားနဲ့လိုက်ပို့ပေးဖို့ ဒေါ်လေး ပြောနေတယ် သိလား၊ ပွဲတာပဲ ကိုကိုမိုးချို အဝတ်သစ်တွေ ရတော့မှာ သိလား၊ ဖိုးလုံး





တောင် လိုက်ချင်တာ .. ဘဘညို က မလိုက်ရဘူးတဲ့လေ ..၊ ကျောင်းပိတ်တဲ့ဥစ္စာ .. ဒီရက်တစ်ရက်လေးလိုက်ဖို့ကိစ္စ လိုက်ပါစေလား၊ အဲဒါကို တားနေတယ်၊ ဘာမှမဟုတ်ဘူး .. ပိုက်ဆံကုန်မှာ ကြောက်လို့ဗျ..၊ ပြောလိုက်ရင် ဖိုးလုံး က ငယ်သေးတယ် .. အရပ်က ထွက်လာဦးမယ်၊ လူက ပိန်မလား ဝမလားဆိုတော့ အဝတ်တွေ နောင်နှစ်ဆိုရင် မကိုက်ဘဲ ဖြစ်မှာနဲ့ အဲဒါပဲ ပြောနေတယ်၊ ဒါဆို ကလေးတွေက အဝတ်များများ မဝယ်ရ မဝတ်ရတော့ဘူးပေါ့ .. မဟုတ်သေးပါဘူး"

ခေါင်းတခါခါ လည်တစ်ခါခါဖြင့် ညည်းနေသည့် ဖိုးလုံး ၏ပုံစံလေးက လူကြီးဝိုက်လေးပင် ဖမ်းချင်ချင် ..။ သူ့ရယ်၍ ခေါင်းလေးကို ချစ်စနိုးလေး ပုတ်မိလိုက်ရပါသတည်း။

ဖျတ်ခနဲ သတိရမိလာသည်က သူ ငယ်တုန်းကလည်း ထိုသို့ ခေါင်းကို ချစ်စနိုးပုတ်လိုက်တာမျိုး ခံရဖူးသည်။

ဟုတ်သည် .. ခံရဖူးသည်။ ဘယ်သူက ပုတ်လိုက်သည်တဲ့လဲ ..။ စဉ်းစားမရ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဟာ!... အဲဒါက ဈေးကြီးတယ် မီ .. မဝယ်ချင်ပါဘူး"

တစ်သောင်းနားကပ်နေသည့် စပို့ရှပ်အင်္ကျီ၏ ဈေးနှုန်းကတ်ပြားကို ကြည့်ကာ သူ ခေါင်းတခါခါဖြင့် ငြင်းသည်။ ဘာဘညို ကတော့ ဘေးမှ လျှောက်လာနေရင်း ပြုံးနေသည်ပါပဲ..။

"မီ့ မှာ ပိုက်ဆံရှိပါတယ် အစ်ကိုမိုးချိုသာ ရဲ့ .. နှစ်ထည်လောက်တော့ ဝယ်မှ ဖြစ်မှာလေ ..၊ ပုဆိုးနှစ်ထည် အင်္ကျီနှစ်ထည် အင်္ကျီထူနှစ်ထည် အဲသလောက်တော့ ဝယ်မှ ဖြစ်မှာ ..၊ ဆိုင်မှာ အစ်ကိုမိုးချိုသာ လုပ်ကိုင်ပေးတော့လဲ သပ်သပ်ရပ်ရပ်လေးတော့ ရှိဖို့ လိုတယ်လေ"

မီ က အင်္ကျီနှစ်ထည်ကို ရွေးကာ ကောင်တာမှာ ငွေချေဖို့ သွားတော့ သူ ခေါင်းခါ၍ ဘေးမှလိုက်သွားရင်း မီ့ လက်ထဲမှ အင်္ကျီကို ဖွတ် ပြန်ယူ၍ စောစောက ချိတ်ထားရာနေရာမှာ ပြန်သွားချိတ်လိုက်ပါသတည်း။

သူ မဝယ်ရက်၍ ခေါင်းခါခြင်းဆိုတာကို မီ သိပါသည်။ ဒါပေမယ့် သူ အားနာတကြီးဖြင့် ထိုသို့အင်္ကျီကိုပြန်၍ စတီးလ်တန်းချိတ်စင်နေရာလေးမှာ သွားချိတ်လိုက်တော့ ဈေးအရောင်းတာဝန်ခံ မိန်းကလေး





လည်း မျက်နှာပျက်နေပြီ။ ဘယ်သူက ကြိုက်မည်တဲ့လဲလေ ..။ မီ တောင်းပန်သလိုလေး ကောင်တာမှ မိန်းကလေးကို ကြည့်ကာ ...

"ဆောရီးနော်"

ဟုပြောကာ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်လာခဲ့ရပါ၏။ ကုန်တိုက်မှာ လူသူတို့ သွားလာနေကြလျက် .. တချို့ကလည်း ဝယ်ခြမ်းထားသည့် ဆွဲအိတ်လေးတွေဖြင့် အရာရာ လန်းဆန်းကြည်သာ ဖြစ်နေကြသလောက် သူကတော့ မျက်နှာကြီး တပျက်ပျက်ဖြင့် ဘေးမှ ပါလာသည်ပါပဲ..။ မီ စိတ်မရှည်သလိုလေး သူ့ကိုကြည့်လိုက်က ဆတ်ခနဲ ရပ်ပစ်လိုက်ရင်းဖြင့်ပါ ..။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ..၊ သူများတကာတွေက အဝတ်အစားလေးတွေ အသုံးအဆောင်လေးတွေ နှစ်သက်ရာဝယ်ပြီး ပျော်ရွှင်လန်းဆန်းနေကြတာ ရှင့်အမြင်ပဲ ..၊ ရှင့်ကို အဝတ်အစားသစ်လေး ဝယ်ပေးတဲ့ကိစ္စ-သူများတွေ အသစ်ရလို့ ဝယ်ခဲ့ရလို့ ပျော်နေကြသလို နည်းနည်းပါးပါးလေး ရောနှောပျော်တတ်တဲ့စိတ်မျိုးလေး မွေးကြည့်စမ်းပါ ..၊ ခု .. ဘယ်လောက်အားနာဖို့ကောင်းသလဲ၊ ဇကယ်ဝယ်မယ်ဆိုပြီး ယူသွားတဲ့ကိစ္စ .. ရှင် ယူပြီး ပြန်သွားထားလိုက်တာ ဆိုင်ကတာဝန်ခံမိန်းကလေး မျက်စိမျက်နှာပျက်ကုန်ရရော ..၊ မီ နောက် တစ်ထည်နှစ်ထည် ရွေးဝယ်နေရင်လဲ ရှင် အဲ့သလို ဆက်လုပ်နေမယ်ဆိုတာ သိလို့ အဲဒီဆိုင်ခန်းထဲက ခပ်သုတ်သုတ် ပြန်ထွက်လာရတာ .. နားလည်ရဲ့လား"

စိတ်လိုက်မာန်ပါလေး မီ ထွက်လာသည်က ခြေလှမ်းသုတ်သုတ်နှင့်ပေမို့ ..။ လူငယ်ဖြစ်သည့် သူက ခြေလှမ်းကြဲသုတ်သုတ်ဖြင့် မီ့နောက် လိုက်လာနိုင်သည်။ ဘာဘကတော့ နောက်မှာ ကျန်ခဲ့ရှာပါပြီ။ ခုလို စိတ်နောက်ကိုယ်ပါလေး ရန်တွေ့နေချိန်မှာ ဘာဘ ရှိမနေ။ ဘာဘရှေ့မှာ အစ်ကိုမိုးချိုသာ ဟု ခေါ်လာခဲ့တာတွေလည်း မေ့သွားရလျက် ရှင်တွေ

www.burmeseclassic.com



ဘာတွေဖြင့် ရန်တွေ့နေချိန်မှာ မျက်နှာငယ်လေးဖြင့် မို့ ကို ခခယယ လေးကြည့်ကာ ..

"ဈေးကြီးလွန်းလို့ပါ မို့ ရယ် ..၊ ဈေးကြီးလွန်းလို့ပါ မို့ ရယ်"

နှင့် တဖွဖွ တောင်းပန်သလိုလေး ပြောနေရှာပါ၏။ ဘာဘ ရောက်လာပြီမို့ မို့ စိတ်ကို ပြန်ထိန်းကာ ...

"ကဲ .. ဘယ့်နှယ်လုပ်မလဲ ဘဘ ..၊ ကော်တရာကပ်စေးအိုး အစ်ကိုမိုးချိုသာ ကို အဝတ်အစားဝယ်မယ့်ကိစ္စ အန်တီထား ကိုပဲ ပြန်ပြီး တာဝန်အပ်နှင်းလိုက်ရမလို ဖြစ်နေပြီ"

ဟု ညည်းလိုက်သည်ကဖြင့် စိတ်မောလက်မောဖြင့်ပါ ..။

"ကျွန်တော် ဖိုးလုံးကို မေးထားတယ် ဘဘ ..၊ ဈေးသက်သာတဲ့ဥစ္စာ ဘယ်မှာရမှာလဲလို့"

မို့ လျှောက်နေသည့် ဘေးမှာ နောက်တစ်လှမ်းခွာလောက် ချန်၍ ကုတ်ကုတ်လေး လျှောက်နေရင်းမှ မို့ ကို မပြောရဲသည်မို့ ဘာဘကို ခေါင်းတည်၍ သူ ပြောပါ၏။ မို့ ကတော့ အသံတိတ်နေပြီ။ မတိတ်၍ လည်း မဖြစ်တော့ပြီ။ ထိုသို့ အကျီကို ပြန်ပြန်သွားချိတ်သည်ဆိုတာက တစ်ဆိုင်တည်း မဟုတ်တော့ပြီ။ ငါးဆိုင်ရှိပြီတည့်။ ဘယ့်နှယ်လုပ်၍ ရှေ့ဆက်တိုးကာ ဈေးဝယ်သည့်ကိစ္စ လုပ်ရမည်ပင် မသိနိုင်တော့သည့် အဖြစ် ..။

"အဲ့ဒါ ပုံပုံဆိုင်မှာ ဈေးသက်သာတယ်တဲ့ ..၊ ဘောင်းဘီတို့ .. အကျီတို့ ရှိတယ်တဲ့၊ အဲ့ဒါ ဝယ်ကြမယ်လေ.. ဘယ်မှာလဲဟင် .. အဲဒီ ပုံပုံဆိုင်"

ကုန်တိုက်ကြီးထဲ ရောက်လာပြီး ပုံပုံဆိုင် မေးနေသည့် သူ့ကို မို့ ဘာဆက်ပြောရမှန်းပင် မသိနိုင်တော့။ ဘာဘညို လည်း ခေါင်းခါလိုက်သည်မှ စိတ်မောကိုယ်မောဖြင့်ပါ ..။

"အဲဒီကောင် ဖိုးလုံး လူတတ်ကို ဘယ်အချိန်သွားပြီး ဆရာတင်





ထိုက်တာလဲ မောင်မိုးချိုသာ ရယ်"

ဟု ညည်းသည်။

"ဒီကိုလာခါနီး မေးကြည့်ခဲ့တာ ဘဘ ..၊ သူတောင် လိုက်ချင်တာ သို့ ပြောနေတာ၊ ပြီးတော့ ပြောသေးတယ် ပုံပုံကို ဘာလို့ဝတ်မှာလဲ တဲ့..၊ ကုန်တိုက်ကဥစ္စာ ယူပေါ့တဲ့"

ဟု ပြောနေတော့ မို့ သက်ပြင်းတစ်ချက် ရှိုက်မိရပါ၏။ ဘာဘ တစ်ချက် လွှတ်ခနဲ ရယ်သည်။ နောက်တော့ အံ့ဩသလိုလည်း သူ့ကို ကြည့်လာပါ၏။

"လူလေးက ပုံပုံဆိုတာ မသိဘူးလား၊ လူလေးတို့ဆီမှာ မရှိဘူး လား"

ဟု မေးတော့ သူ အမ်းခနဲ ဖြစ်သွားပါ၏။ အသည်းအသန် သူ ဘွေးစားသည်။ ပုံပုံဆိုတာ သူ မသိ ..။ မို့ ကမန်းကတမ်း ရယ်လိုက်ကာ..

"အစ်ကိုမိုးချိုသာ သိတာ အထည်ဟောင်းဆိုင် ဘဘရဲ့ ..၊ ပုံပုံ ဆိုတာ မသိဘူးလေ ..၊ အဲသလိုပါ"

ဟု ဝင်ရှင်းလိုက်တော့မှ နားလည်လိုက်ရသည်က ပုံပုံဆိုတာ အထည်ဟောင်းဆိုင်ဆိုတာကိုပါတည့် ..။

မို့ ဤတစ်ကြိမ်မှာတော့ ကုန်တိုက်မှ ပြန်ဆင်းလာပါပြီ။ စိတ်တို နေမှန်းလည်း သူ သိနေလျက် မျက်နှာငယ်လေးဖြင့် နောက်မှ လိုက် လာသည်။ မို့ ကားပါကင်ထိုးရာသို့ရောက်တော့ ကားမောင်းသူနေရာ မှာ ဝင်ထိုင်လိုက်ပါ၏။ ဘာဘနှင့်အတူ သူလည်း နောက်ထိုင်ခုံမှာ ကုတ် ကုတ်လေး ဝင်ထိုင်သည်။ ကွက်ကြည့်ကွက်ကြည့်နှင့်လည်း မို့ ကိုပဲ အကြည့်ကြည့်နှင့် လုပ်နေရှာပါ၏။ မို့ စိတ်ဆိုးတာကို သိလျက် ဒုနေ အတ် မထိုင်တတ်ဖြစ်နေရှာသည့် သူ့အဖြစ်ကို ဘေးမှ ဘာဘပင် ရိုက်မိ သာရင်းမှ ...

"လူလေးကလဲ ကိုယ့်ညီမဝယ်ပေးတဲ့ဥစ္စာ ယူရတာပေါ့ကွယ့်၊ မို့



www.burmeseclassic.com

www.burmeseclassic.com



ကလဲ ကိုယ့်အိစ်ကိုက ငွေကုန်ကြေးကျများမှာကို အားနာနေတယ်ဆိုတာ သဘောပေါက်လေ"

ဟု နှစ်ဖက်မျှအောင် ပြောပေးရှာပါ၏။ မှီ လမ်းဘေးမှာ ကားကို ရပ်လိုက်သည်။ ကြည်ပြာစတိုးဆိုသည့် ဆိုင်ရှေ့မှာပါတည့် ..။ မှီ သူ့ကို မျက်နှာထားတည်တည်လေးဖြင့် ကြည့်လိုက်ကာ ...

"အဲဒါ ပုံပုံဆိုင်ပဲ .. လိုက်မလာနဲ့ ..၊ မှီ သွားဝယ်မယ် .. ကားထဲမှာနေခဲ့ .."

ဟု လေသံလေးပါမာ၍ ပြောတော့ သူ ကားထဲကမှ ဆိုင်ဘက်ကို လှမ်းကြည့်သည်။

"အသစ်တွေရောင်းတာ မဟုတ်ဘူးလား..၊ အဲဒီဆိုင်က .."

ဟု မေးခွန်းထုတ်လာတော့ မှီ မျက်မှောင်ကုတ်၍ သူ့ကို ကြည့်ကာ ...

"ဘပ်ပြောမယ် .. နေခဲ့ပါ"

ဟုပြောပြီး ကားပေါ်မှ ဆင်းသွားတော့ သူ မျက်စိမျက်နှာပျက်ကာ နေမထိ ထိုင်မသာ ဖြစ်နေသည်။ ဆိုင်ဘက်ကိုပဲ တကြည့်ကြည့်ဖြစ်နေသည်။

"အသစ်တွေ မဟုတ်လား ဘဘ"

ဟု မေးသည်ကိုက ပိုက်ဆံကုန်မှာစိုးသည့် ဇောဖြင့်ပါ..။ ဘဘ ငြိမ်နေသည်။ ဘာမျှ မဖြေ။ ဖြေ၍ မဖြစ်ချေသည်ကိုးလေ ..။ ဆိုင်က ပုံပုံဆိုင်မှ မဟုတ်ချေသည်ပဲကိုး ..။

"ဒုက္ခပါပဲ ..၊ အဲဒါ ပုံပုံဆိုင်မှ မဟုတ်တာ"

ဟု သူ ညည်းသည်။ ကားပေါ်ကလည်း ဆင်းချင်နေသည်။ ဆင်းလည်း မဆင်းရဲရှာ ..။ မှီ့ ကို လန့်နေတာလည်း သိသာနေသည်။ မှီ စိတ်လက်ဆိုးမှာကို လန့်နေခြင်း။ ဘဘ ရယ်လိုက်ကာ ...

"လူလေးက ညီမကိုတော့ အလန့်တတ်သားပဲကွယ့် ..၊ အင်း..



မှီ ကလဲ လူဖြောင့်စိတ်ဖြောင့် ကောင်မလေးဆိုတော့ အဲသလိုပဲ စေတနာနဲ့လုပ်တဲ့ကိစ္စ ကန့်လန့်ကန့်လန့်လုပ်နေရင် သိပ်တော့ မကြိုက်တတ်ဘူးလေ ..၊ မှီ က အဲသလိုလုပ်ရင် လုပ်တဲ့သူကို အလကားနေ့ရင်း အချိန်ပိုကုန်အောင် လုပ်တယ်လို့ ထင်တတ်တာ"

ဟု မှီ့ စိတ်ဓာတ်လေးကို ထည့်ပြောလာတော့ သူ ငြိမ်လိုက်ရပါပြီ။ မတတ်နိုင် ..၊ ဝယ်ချင်တာ ဝယ်လာစေတော့ ..။ ဝတ်ဖို့ပဲ ကျန်တော့သည့်အဖြစ်။ ဘာမျှ ကန့်ကွက်၍လည်း မရနိုင်တော့ပြီပဲလေ။ မှီ လက်ဆွဲအိတ်လေးတွေဖြင့် ဆိုင်ထဲမှ ထွက်လာသည်။ ကားပေါ် တက်ထိုင်ပြီးတာနှင့် သူ့ဘက်ကိုလှည့်၍ လက်ဆွဲအိတ်တွေကို ကမ်းပေးလာပါ၏။

"ပန်းရိပ်မြုံကိုရောက်ရင် အဲဒါတွေကို ဝတ်",

ဟုပြောတော့ သူ ဘာမျှ အသံပွင့်ကျမလာရဲ ..။ လက်ခံလိုက်ရပါ၏။ မှီ့ အကြည့်က သူ့လက်မှာ တစ်ချက် တန့်ခနဲဖြစ်သည်မို့ ကမန်းကတမ်း သူ့လက်ကို လက်ဆွဲအိတ်ဖြင့် ကွယ်ဖို့ကြိုးစားလိုက်ပေမယ့်..

"ဘဘ အစ်ကိုမိုးချိုသာ လက်ကို ဖြန့်လိုက်ပါဦး"

ဟု ပြောလိုက်သည့်အဆုံးမှာ သူ ဘာတတ်နိုင်ပါမည်တဲ့လဲလေ..။ ဘြမနက်မှာ ဂျုံနယ်တော့ လက်ဆစ်တွေ၊ လက်ကောက်ဝတ်တွေ နာကျင်ကုန်သည်။ တံမြက်လှည်းတော့ လက်ဖဝါးမှာ လက်ချောင်းလေးတွေ၏အရင်းဘက်နေရာ၌ အရည်ကြည်ဖုလေးတွေ ဖြစ်လာကုန်သည်။ ခု .. မှီ မြင်သွားချေပြီ တကား..။

ဘဘမှ သူ့လက်ကို ဆွဲဖြန့်လိုက်တော့ အရည်ကြည်ဖုတွေ လက်တစ်ဖက်မှာ သုံးလေးလုံး ဖြစ်တည်နေရာတာကို မြင်ရသည်မို့ ဘဘကိုယ်တိုင် စုတ်တသပ်သပ်ဖြင့် ဖြစ်သွားရှာပါသတည်း။ မှီကတော့ သူ့မျက်နှာကို ငေးစိုက်ကြည့်လာရင်း စိတ်ထဲမကောင်းနိုင်သည့်နှယ် အကြင်နာရိပ်တွေလည်း သမ်းလာသည်။ မျက်ဝန်းနက်နက်လေးတွေထဲ

www.burmeseclassic.com



မှာ စိတ်ထိခိုက်ရိပ်လေးတွေ စွန်းထင်းလာပါ၏။

"ဖြစ်ရလေကွာ .. လူလေးကို လူလေးရဲ့ ဖေဖေက အတော်ကြီး အလိုလိုက်ထားပုံရတယ်"

ဟု ဘဘညို ဖွင့်၍ ပြောရှာသည်အထိ စိတ်ထဲမကောင်းနိုင်ဘဲ ဖြစ်သွားသမျှ သူ ဘာမျှ ပြန်မဖြေနိုင်။ မို့ မျက်နှာထက်မှာ ဖေးတင်နေသည့် ထိခိုက်ရိပ်နှင့် အကြင်နာရိပ်လေးတွေကို ငေးကြည့်ရင်း လက်ကို ဖွက်ထားလိုက်သည်ပါပဲ..။

"တော်ပြီ .. အစ်ကိုမိုးချိုသာ မနက်ဖြန်ကစပြီး တံမြက်မလှည်းနဲ့ ..၊ အုန်းတံမြက်စည်းရှည်ဆိုတာက ဝါးလုံးရိုးတံနဲ့ ကိုင်လှည်းရတာ၊ အစ်ကို့လက်တွေကို အဲဒီဝါးလုံးနဲ့ ပွတ်တိုက်ပစ်သလို ဖြစ်ကုန်တာ.. တော်ပြီ မို ပဲ လှည်းမယ်"

"မို့ လက်လဲ နုနေတာပဲ ဥစ္စာ .. ကျွန်တော် လှည်းမယ် .. ကြာတော့ အလေ့အကျင့်ရတာပေါ့"

"အလေ့အကျင့်ရတာက နောက်မှ အဲဒီအရည်ကြည်ဖု ပေါက်ပြီး အနာဖြစ်သွားမယ် သိရဲ့လား..၊ ဘာမှတ်နေလဲ .. နားလည်း မလည်ဘဲနဲ့ သိပ်ခေါင်းမာတာပဲ"

ဟု မို ငေါက်တော့ သူ မျက်နှာပျက်နေပြီ။ လက်ကို မကျေမနပ်ကြီး ဖြန့်၍ ငုံ့မိုးကြည့်သည်ကလည်း ကိုယ့်လက်ကို ပြန်၍ ဒေါသဖြစ်နေသည့်သူ တစ်ယောက်နှင့် တူနေသည်။

"စိတ်ညစ်တာပါပဲ"

ဟုပင် ညည်းလိုက်သေးသည့်အဖြစ် ..။

"ဘဘ .. ဒါက ဘဘအတွက် .. ဒါက ဖိုးလုံး အတွက်"

မို ဘဘကို လက်ဆွဲအိတ်နှစ်အိတ် ထပ်ပေးလာတော့ ဘဘ အားနာနေရှာသည်။ မယူ၍လည်း မဖြစ်မှန်း သိတာမို့ ယူလိုက်ရသည် ပါပဲ။ သူ့ကိုတော့ မို ဘဘကိုမှ ရှေ့ဆက်မပြောချင်တော့သည့်နှယ်





ခပ်တည်တည်ပဲကြည့်ကာ ကားကိုမောင်းထွက်လာခဲ့ပါ၏။

သူကလည်း မျက်နှာပျက်နေတာ မရပ်နိုင် ..။ တပျက်တည်း ပျက်နေသည်။ မျက်နှာကြီး အိုအိုညိုညိုကြီး လုပ်ကာ ...

"ဒါဆို .. ကျွန်တော်က ဘာလုပ်ရမှာတဲ့လဲ..၊ ကဲ.. တံမြက်မလှည်း ရဘူးဆိုရင် .."

ဟု ဆူအောင့်အောင့်လေသံစွက်ကာ ပြောလာတော့ မို မျက်မှောင် ကုတ်၍ သူ့ကို ကြည့်ကာ ...

"ရှင့်လက်က တံမြက်လှည်းတဲ့လက် ဖြစ်မနေဘူး ..၊ ပန်းချီဆွဲတဲ့ လက် ဖြစ်နေတယ် သိရဲ့လား"

ဟု ငေါက်ဆတ်ဆတ်ပြောတော့ သူ့လက်ထဲမှ အထုပ်တွေ လွတ် ကျသွားကာ ...

"ပန်းချီဆွဲတဲ့လက်"

ဟု ခပ်တိုးတိုး ရွတ်လာသည်။ လက်ကိုဖြန့်၍ ကြည့်သည်။ ခေါင်း ကို ရုတ်ခနဲ ဖိလိုက်ကာ ...

"ပန်း .. ချီ .."

ဟု ထပ်၍ ခပ်တိုးတိုး ရွတ်ပြန်၏။ နောက်တော့ သူ့အာရုံထဲမှာ ပန်းချီကားချပ်များ ပေါ်လာပါ၏။ ပန်းပွင့်ပန်းခက်များ၊ သစ်တောစိမ်း မြမြများ၊ ပျံသန်းနေသည့် ကြိုးကြာငှက်များ .. ထိုပန်းချီလက်ရာများ သည် ဘာကြောင့် သူ့အာရုံဆီသို့ တိုးဝင်ဖြစ်တည် မြင်မိလာစေရပါ သတဲ့လဲ..။ သူ သိနေသည်။ ထိုပန်းချီကားများကို သူ ဆွဲသည်ဟု ..။ ထင်သည် .. ထိုသို့ သူ ခံစားနေရသည်။ မို့ ကို ကြည့်မိကာ ...

"ကျွန်တော် ပန်းချီဆွဲမယ်လေ .. မို .. ဝယ်ပေးပါလား"

ဟု အလိုလို ပြောမိသည်က ပန်းချီကားချပ်တွေ ရောင်းချခြင်းဖြင့် ငွေတွေ ရလာနိုင်ကောင်းရဲ့ဆိုသည့်စောဖြင့်ပါ ..။ ကားမောင်းနေရာမှ မို သည်ပင်လျှင် ထိုသို့ သူ ပြောလာချေလိမ့်မည်ဟု ထင်မိပုံမရ လှည့်၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လာသည်။ ဘဘညို လည်း သူ့ကို ငေးကြည့်နေ၏။ သူကတော့ လတ်တလောမှာ ပန်းချီဆွဲဖို့ဇာတစ်ခုပဲ တိုးဝင်လာနေသူတစ်ယောက် ဖြစ်နေကာ ဘဘညို ၏ တအံ့တသြအကြည့်ကို သတိမထားမိနိုင်သေးဘဲ ဖြစ်နေပါ၏။

"ကောင်းပြီ .. မီ ဝယ်ပေးမယ်"

ဟု ပြောကာ ကားကို ကုန်တိုက်ဘက်ဆီသို့ ပြန်၍ လှည့်မောင်းခဲ့ပါ၏။ ဤတစ်ကြိမ်မှာကျတော့ သူ မတားပါ ..။ ကားရပ်ပြီးတာနှင့် မီ သူ့ကိုကြည့်ကာ ...

"လိုက်ခဲ့ အစ်ကိုမိုးချိုသာ .. အဲဒီပစ္စည်းတွေကိစ္စ အစ်ကိုပဲ သိမှာ"

ဟုပြောတော့ သူ လိုက်ဆင်းလာသည်။ ဘဘကိုတော့ ကားထဲမှာပဲ ချန်ခဲ့စေသည်ကလည်း မီ ပါ ..။

"ကဲ .. ဝယ်တော့"

ပန်းချီပစ္စည်း အရောင်းဆိုင်နေရာသို့ မီ ခေါ်လာကာ ဝယ်ခိုင်းတော့ သူ ဝယ်သည်။ ရေဆေး၊ ဆီဆေး၊ ပန်းချီဆွဲဖျဉ်၊ ဆေးစုတ်တံ၊ ဆေးပုံသည့်အကွက်လေးတွေပါသော ဖိုင်ဘာပြား၊ ပန်းချီဆွဲသည့်ဒေါက် အားလုံး အခက်အခဲမရှိ ရွေးချယ်နိုင်နေတော့ မီ သူ့ကို ပန်းချီဆရာတစ်ယောက်ဖြစ်ခဲ့သောသူဟု မှတ်ယူလိုက်မိရပါပြီတည်း။

အားလုံးဝယ်ပြီးတော့ မီ သူ့ကို စားသောက်ဆိုင်သို့ ခေါ်ခဲ့ကာ အခန်းထောင့်ရှိ စားပွဲမှာ တူတူထိုင်ဖြစ်ပါ၏။ ဘေးစားပွဲတွေမှာက လူရှင်းနေသည်လေ ..။

"ကဲ .. ရှင်ဟာ ပန်းချီဆရာတစ်ယောက်တော့ ဖြစ်ခဲ့တယ်ဆိုတာ သိလာရပြီ၊ ဒီတော့ ရှင် ဆက်စဉ်းစားစမ်းပါ၊ ရှင် ဘယ်မှာနေသလဲ၊ ဒီမြို့ကို ပန်းချီဆွဲဖို့ လာတာလား..၊ အဲဒါ စဉ်းစားစမ်းပါ .. အရေးကြီးတယ်ရှင့်"

ဟု ပြောလာတော့ သူ့မျက်စိကို စုံမှိတ်သည်။ ခေါင်းထဲပေါ်မလာ





တော့ပြီကောလေ ..။ သူ ခေါင်းခါတော့ မီ သက်ပြင်းရှိုက်ကာ ...

"အားလုံးကတော့ တိုင်ပင်တွေ လွဲကုန်တာ အမှန်ပဲ ကိုမိုးချိုသာ..၊ ရှင့်ကို ဘဘကြီးတစ်ယောက်ရဲ့သားအဖြစ် ဒေါ်လေးထား က စီစဉ်ပြောပြထားတာ၊ ဆိုင်အတွက် အလုပ်သင်အဖြစ် ဘကြီးက လွှတ်လိုက်သလိုမျိုး ပြောထားတာ၊ ဘယ်တုန်းကမှ မရှိခဲ့တဲ့ ဘကြီးဆိုတာရယ် ဘကြီးရဲ့သားဆိုတာရယ်ကို တကယ်ရှိနေသလိုကြီး ဒေါ်လေးထား ဘဘညို တို့ကို ပြောထားခဲ့တာ၊ ခုတော့ ရှင်က ပန်းချီဆရာ ဖြစ်နေတယ်၊ ဒေါ်လေးထား ဟာ အစ်ကိုဖြစ်သူရဲ့သားဟာ ပန်းချီဆရာ ဖြစ်နေတယ်ဆိုရင် မသိဘဲနေမှာ မဟုတ်ဘူးဆိုတာ ဘဘညို လဲ တွေးမိမှာပဲ..၊ ခုလို ဆိုင်အလုပ်တွေ ခိုင်းတာထက် ပန်းချီလာဆွဲတာဆိုပြီး ခေါ်ထားပေးလိုက်ရမယ့်ကိစ္စမျိုးမှာ .. စကားနဲ့လက်တွေ့အဖြစ်တွေက ရှေ့နောက်မညီဘဲ ဖြစ်နေတယ်"

မီ ခေါင်းယမ်းလိုက်ကာ သက်ပြင်းရှိုက်၍ ...

"မထူးတော့တာမို့ ဘဘညို ကိုတော့ အဖြစ်မှန် ပြောပြလိုက်တော့မယ် အစ်ကို မိုးချိုသာ ..၊ ဒေါ်လေးကိုတော့ ပြန်တိုင်ပင်ရဦးမှာပေါ့၊ ဒေါ်လေးက ပြောပြလိုက်တော့ဆိုရင်တော့ ပြောပြလိုက်မယ်"

ဟုပြောကာ ထရပ်တော့ သူလည်း ဝယ်ခြမ်းထားသမျှ ပန်းချီပစ္စည်းတွေပါရာအိတ်တွေနှင့် နောက်မှ လိုက်လာရှာပါ၏။ ကားပေါ်ပြန်ရောက်ကြတော့ အပြန်ခရီးသည် စကားသံ တိတ်ဆိတ်နေသည်ပါပဲ။ သူလည်း ငြိမ်နေသည်။ မီလည်း ငြိမ်နေသည်။ ဘဘညိုလည်း ငြိမ်နေသည်။ ပန်းချီဆွဲရာ ပစ္စည်းစုံစုံဖြင့် ကားပေါ်ပါလာနေသည့် သူ့ကိုလည်း ဘဘညို ကွက်ကြည့်ကွက်ကြည့်နှင့် လုပ်နေတာ မီ ဇော သူရှာ သိနေသည်ပါပဲ ..။

ပန်းရိပ်မြုံရှေ့ရောက်တော့ ဆိုင်ထဲမှာ လာစားသူတချို့ကတော့ ရောက်နေကြပြီ။ ဖိုးလုံး နှင့် ဒေါ်လေးထား တို့ နှစ်ယောက်ဖြင့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



များနေချိန် ဖြစ်နေပါ၏။ နေ့လယ်ဘက် လူပါးချိန်လောက်ကိုမှ ရွေး၍ ကားဖြင့် ထွက်ခဲ့ရပေမယ့် ဆိုင်လေးကတော့ လူပြတ်ချိန်ဟူ၍ သိပ်တော့ရှိလှသည်မှ မဟုတ်ချေပဲလေ ...။ မနက်ဘက် ပို၍လူကျသည်။ ညနေဘက် လူပိုကျသည်။ နေ့လယ်ဘက်မှာကျတော့ လူအတန်မျှ နည်းသည်။ ဒါပဲ ကွာခြားသည်လေ ...။ မှီ ရောက်လာတာမို့ ဒေါ်လေးထား ပြုံးကာ ...

"မှီ ရေ ပန်းဝယ်မယ့်သူတွေ ရောက်နေတယ်၊ ရောင်းပေးပါဦး"

ဟု ပြောလာသည်မို့ ...

"ရှင် ... ကားဂိုဒေါင် အပေါ်ထပ်ကို သွားလိုက်တော့ ...၊ ဖြစ်နိုင်ရင် ရှင် အခု မှတ်မိလာတာထက် နောက်ထပ် ဘာများ ပိုမှတ်မိလာဦးမလဲ ဆိုတာ ရှင်သိချင်နေသလို မှီ လဲ သိချင်နေတာပါပဲ၊ ဘယ်သူမဆို ကိုယ့် အဝန်းအဝိုင်းမှာ ကိုယ်နေတာ ပိုကောင်းတယ်လေ၊ အခုပဲကြည့် ရှင်နဲ့ မအပ်စပ်တဲ့ ပန်းရိပ်မြုံလိုနေရာမှာနေရင်း မလုပ်ဘူးတာတွေ လုပ်ရလို့ ရှင့်လက်တွေ အရည်ကြည်ဖု ထွက်လာကုန်ရပြီ"

ဟု မှီ စိတ်ထဲမကောင်းသလို ပြောတော့ သူလည်း မျက်နှာမကောင်း ...။ ခေါင်းငိုက်ချလိုက်ကာ ...

"မှီ တို့ကို ဒုက္ခပေးသလို ဖြစ်နေပါပြီဗျာ ...၊ ခဏတော့ ဒီမှာ နေပါရစေ မှီ ရယ် .. မှီ တို့ကို တာဝန်ပေးသလိုကြီး ဖြစ်နေတာ ကျွန်တော် စိတ်မကောင်းပါဘူး၊ ခဏတော့ နေမယ်နော် မှီ"

ဟု နေစရာပျောက်နေသည့် ကလေးတစ်ယောက်နှယ် သူ ပြောလာတော့ မှီ ပို၍ ရင်ထဲမကောင်းနိုင်။ လူက လက်ဖဝါးတွေကအစ နုနုဖန့်ဖန့်နိုင်နေသည်။ ပန်းချီဆရာတစ်ယောက်၏ နောက်ကြောင်းမေ့ဝေဒနာကို ထိုလက်ချောင်းနုနုတွေက သိကြတာမဟုတ်။ အလုပ်လုပ်ရတော့ လက်တွေ အရည်ကြည်ဖုထွက်လာကြသည်သာ ...။

"မှီ တို့အတွက် ဘာမှတာဝန်အပိုရယ်လို့ မရှိပါဘူး အစ်ကို မိုးချို





သာ ...၊ ကဲပါ .. ဂိုဒေါင်ကို ပြန်လိုက်တော့နော်၊ အိပ်ရာထဲ လှဲနေလိုက်ပေါ့၊ ပြန်သတိရလာနိုင်သမျှကိုလဲ ကြိုးစားကြည့်နော် ...၊ ညနေဘက်ကျရင် ဟိုဘက်မှာ ဒေါက်တာ မမဖွေး ရဲ့အိမ်လေးရှိတဲ့နေရာကို မှီ ခေါ်သွားမယ် ...၊ မမဖွေး နဲ့ ရှင့်ကို ပြကြည့်မယ်လေ"

ဟု ပြောတော့ သူ လက်တကာကာဖြင့် ...

"ဟာ!... ဆေးကုပေးဦးမှာလား .. နေပါစေ မကုပါနဲ့ ...၊ ခုတောင် ငွေကုန်ကြေးကျ များလှပါပြီ၊ အဲသလောက်ထိ အကုန်အကျခံနေမယ် ဆိုရင်တော့ ကျွန်တော် ထွက်သွားလိုက်တော့မယ် မှီ ရယ်၊ ရင်ထဲ မကောင်းတော့ဘူးဗျာ .. အားနာလှပြီ၊ ဆေးတော့ မကုပေးပါနဲ့တော့ တကယ်ပြောတာပါ .. ဆေးကုပေးနေရင်ဖြင့် နောက်နေ့မနက်မတိုင်ခင် ဒီက ကျွန်တော် ထွက်သွားတော့မှာပါ .. ဘယ်ရောက်ရောက်ဗျာ"

ဟု ပြောတော့ မှီ့ ရင်ထဲ ပိုခံစားလာရသည်။ မှီ တို့ကို အရမ်းအားနာ၍ ဆိုတာလည်း သိနေရပါ၏။ သူ့ကိုကြည့်လိုက်တော့လည်း နောက်ကြောင်းသတိမရဘဲ ဖြစ်နေတာကလွဲ၍ ပြောတာဆိုတာအားလုံးသည် လူကောင်းသူကောင်းပကတိ ဖြစ်နေသည်။ နောက်တော့မှပဲ သူ့ကို ဖျောင်းဖျ၍ မမဖွေး နှင့် ပြသ ကုသတော့မည်ဟု မှီ တွေးမိရပါ၏။ လောလောဆယ်တော့ သူ့ကို ခေါ်နိုင်အံ့ မထင် ...။

"ရှင် ပန်းချီဆွဲလေ .. ပိုက်ဆံရတော့ ဆေးကုပေါ့ ဟုတ်ဖူးလား"

ဟု ရယ်ကာမောကာဖြင့် မှီ သူ့ကို ဆေးကုပေးနိုင်ဖို့ပြောတော့ ခေါင်းခါပြန်တာကိုပဲ တိုးရသည်။

"ဟာ .. ပန်းချီဆွဲလို့ ရောင်းရတဲ့အခါကျရင် ဒေါ်လေးကို ကန်တော့ရမှာပေါ့ မှီ .. ကျေးဇူးဆပ်ပါရစေဦး"

ဟု ပြောနေတော့ သူ့စိတ်ရင်းကောင်းကြီးကို မှီ ပို၍ သိရ... သူ့ကို အသနားပိုရနှင့်ပါ။

"ဟုတ်ပါပြီ ...၊ မှီ့ အတွက်လဲ တစ်ခုခု ဝယ်ပေးပေါ့၊ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတာပေါ့ အစ်ကိုမိုးချိုသာ..၊ အကယ်၍ အစ်ကိုမိုးချိုသာ ပြန်ပြီး အားလုံး မှတ်မိလာတဲ့အခါ အဲဒီကို ပြန်သွားရတဲ့အခါ မှီ တို့အတွက် အမှတ်တရဖြစ်ကျန်ခဲ့အောင် တစ်ခုခုဝယ်ပေးပေါ့ ဟုတ်ပြီလား .."

ဟု သူ့ပန်းချီကားတွေကို စိတ်အားထက်သန်စွာ ဆွဲဖြစ်အောင် မှီ ပြောလိုက်မိရခြင်းပါ။ ဒါမှ ပန်းချီတွေဆွဲနေရင်း ပြန်၍ပြန်၍ သတိရတာတွေ ရှိလာနိုင်သည့်လေ ..။ သူကတော့ မှီ့ အတွက် တစ်ခုခုဝယ်ပေးဖို့ ပြောလာသည့် မှီ့ စကားကို ကြားရသည်မို့ တကယ်ပဲ ကလေးတစ်ယောက်နှယ် ကြည်နူးအားတက်သွားရှာပါသတည်း။

"ဟာ .. ဝယ်ပေးမှာပေါ့ မှီ ..၊ ဒေါ်လေးအတွက် မှီ့ အတွက် ဘာဘာအတွက် ဖိုးလုံးအတွက် အားလုံး ဝယ်ပေးမှာ"

ဟု အားရဝမ်းသာကြီး ပြောနေသည်။ မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပလာကြသည်မှာလည်း အမှန်ပါ။ မှီ ရယ်လိုက်မိကာ ..

"ရှင့်အတွက်လဲ မဝယ်ဘူးလား အစ်ကိုမိုးချိုသာ ရဲ့"

ဟု မေးတော့ သူ ခေါင်းခါသည်။

"အပိုကုန်ပါတယ်ဗျာ"

ဟုပင် ချွေတာရေးစကားကို ဆိုလာပါ၏။ မှီ ကတော့ ထပ်၍ ရယ်မိသည်ပါပဲ..။

"ကပ်စေးနဲ တာတော့ သိပါတယ်နော် ..၊ အကျီ်ဝယ်ကတည်းက ပေါ့"

ဟု ပြောမိရပါ၏။ သူ ရုတ်ခနဲ သတိရလာလျက် အောင်းဘီအိတ်ကပ်ထဲ လက်နှိုက်သည်။

"မနေ့က မိုးရေစိုနေတဲ့ အဝတ်တွေထဲ ဟိုဟိုသည်သည် လက်နှိုက်တော့ ဒါလေး တွေ့တယ် မှီ ..၊ ကျွန်တော်နဲ့ ပါလာတာဆိုလို့ ဒီတစ်ခုတော့ ရှိနေတယ် သိလား၊ ရော့ .. လောလောဆယ် မှီ့ ကို ဒါလေးတစ်ခုကိုတော့ အမှတ်တရပစ္စည်းတွေထဲက ပထမဆုံးတစ်ခုအဖြစ်





ပန်းချီမဆွဲရသေးတဲ့အချိန် ဘာမှ ပိုက်ဆံမရသေးတဲ့အချိန်မှာ မှီ့ ကို ပေးထားချင်ပါတယ် .. ယူပါဗျာ"

ဟု ပေးလာတော့ မှီ ကြည့်မိလိုက်ရပါ၏။ စောစောက အပျော်သဘောဖြင့် ပြောမိသည်က မှီ့ အတွက်လည်း အမှတ်တရပေးပါဆိုသည့် စကား။ ခု .. တကယ်တမ်းကြီး ပေးလာတော့ မှီ ဘယ့်နှယ်လုပ်၍ ယူရက်ပါမည်တဲ့လဲလေ..။ ပေးလာသည်ကလည်း ရှေးပစ္စည်းဆန်သော ပစ္စည်းလေး ..။ ကြိုးလေးက ငွေရောင်ဝင်းလဲ့နေသည်။ ကြိုးအဆုံးမှာ နာရီဝိုင်းလေးက ငွေရောင်တောက်နေပါ၏။ အဖုံးပါသော နာရီလေး။ အဖုံးလေးကို သူ ဖွင့်ပြလိုက်တာမို့လည်း နာရီလေးမှန်းလည်း သိလိုက်ရသည်။ သံစုံမြည်သည့်အသံလေးလည်း ပေါ်လာသည်။ ဤသို့သော နာရီမျိုးဆိုတာ တကယ့်ကို ရှားပါးပစ္စည်း ဖြစ်နေပြီ။ ဘယ်လိုလုပ်၍ ဤပန်းချီဆရာထံမှာ ရှိနေသည်မသိ။ မှီ ခေါင်းလေးခါလိုက်မိကာ ကိုယ်လေးလည်း နောက်ဆုတ်လိုက်မိပါ၏။ သူ့မျက်နှာလည်း ကြည်လင်အေးချမ်းနေသမျှ ချက်ချင်း ညှိုးခနဲ ဖြစ်သွားပါပြီတည်း။ တကယ့်ကို စိတ်ကိုနှစ်၍ လက်ဆောင်ပေးနေချိန်မှာ မှီ ငြင်းလိုက်တော့ သူ စိတ်ထိခိုက်သွားတာလည်း သိသာနေသည်။

"နေပါစေ အစ်ကိုမိုးချိုသာ ရယ် ..ဒီပစ္စည်းလေးကြောင့်ရော သတိမရလာဘူးလား ..တစ်ခုခုကိုလေ ..ပြန်မှတ်ကြည့်ပါ ..ခဏခဏ နားထောင်ကြည့်လေ"

ဟု ပြောတော့လည်း သူ ခေါင်းခါပြသည်။

"မမှတ်မိလာဘူး မှီ ..၊ ပြောတော့ အဲဒီပစ္စည်းလေးကို လက်ထဲမှာ မထားချင်ဘဲ ဖြစ်နေတယ်၊ ယူထားလိုက်ပါဗျာ .. အဲဒီနာရီလေးကို ဖွင့်နားထောင်မိလေ စိတ်ထဲရှုပ်လာလေပါ၊ ယူထား .. ယူထား .. မှီ ဖွင့်နားထောင်လိုက်ချိန်ကျတော့ မှီ့ ကိုကြည့်ပြီး ရင်ထဲမှာကြည်နူးသွားတယ်ဗျ"

www.burmeseclassic.com



ဟု သူ ပြောမိရပါ၏။ မီ့ ကတော့ လက်ထဲမှ နာရီလေးကို ကြိုးလေးနှင့်အတူ ထွေးဆုပ်ထားရင်း ငေးစိုက်ကြည့်နေသည်။ ထိုစဉ်ခိုက် သူ့ရင်ထဲ ရှုပ်ထွေးသည့်ခံစားချက်တစ်ခု တိုးဝင်၏။ မိန်းကလေးတစ်ယောက်၏ မျက်နှာ .. ဖျတ်ခနဲ ပေါ်လာသည့်မျက်နှာ ..။ ထိုမျက်နှာလေးသည် လှတော့လှနေသည်။ ဒါပေမယ့် သူ့ရင်ထဲမှာ နှစ်မြို့နေမှုမရှိ။ ခေါင်းထဲက ချက်ချင်းထုတ်ပစ်လိုက်ချင်သည့် စေ့ဆော်မှုက တိုးဝင်လာသည်မှ အင်အားတကြီး ရှိလှသည်။ ထိုသို့ အမှတ်ရလာတာကိုတော့ မီ့ ကို ပြောမပြချင်။ မိန်းမတစ်ယောက်၏မျက်နှာကို ဖျတ်ခနဲ မြင်လာသည်ဆိုတာမျိုးကို ဘာကြောင့် မီ့ ကို သူ မပြောပြချင်ရပါသတဲ့လဲ..။ ဒါကိုတော့ သူ မခွဲခြားတတ်။

တစ်ခုတော့ ရှိသည်။ မီ့ မျက်နှာလေးက ရိုးစင်းသည်။ အေးချမ်းသည်။ ပြီးတော့ ဖြူစင်လွန်းသည့် အလှတရားတို့ဖြင့်လည်း ပြည့်ဝနေသည်။ ထိုသို့ အေးချမ်းသည့် မီ့ ကို ပူလောင်သည့် မိန်းမတစ်ယောက်၏ မျက်နှာအကြောင်းကို သူ မပြောချင်။ သူကိုယ်တိုင်လည်း သတိမရနေချင်။ အဆုံးစွန်ဆိုရလျှင်ဖြင့် ထိုမိန်းမနှင့်ပတ်သက်မှ အတိတ်ဆိုတာကို ပြန်အမှတ်ရမိမည်ဆိုလျှင်ဖြင့် မမှတ်မိချင်တော့သည့် ခံစားချက်က ထူးဆန်းဖို့ကောင်းအောင် အုံ့သြနေဖို့ကောင်းအောင် ရင်ကိုလာ၍ စိုးမိုးထားချေသည်တည့်။

"ယူထားပါ မီ့ရယ် နော် ..၊ ကျွန်တော် အဲဒါလေးကို ပြန်မယူချင်နေဘူးဗျာ"

ဟုပြောကာ မီ့ ကို ကြည့်ခိုက် ...

"လူတစ်ယောက် ဟုတ်တယ် .. လူတစ်ယောက် ငါ့ကို အဲဒီနာရီလေး ပေးလိုက်တယ်၊ ငါ့လက်ထဲမှာ စက်ဘီးတစ်စီးရဲ့လက်ကိုင်က ဆုပ်ဆုပ်ခဲခဲရှိနေချိန်ပဲ .. ရှိနေချိန်ပဲ .. မိန်းမတစ်ယောက်ပေးတာတော့ မဟုတ်ဘူး၊ အဲဒါ .. ဘယ်သူလဲ .. ဘယ်သူလဲ .."





ဟု ဆက်တိုက်တွေးနေသည်။ မရ ..၊ အာရုံသည် ချက်ချင်းပြန့်သွားသည်။ ပြီးတော့ ဝါးသွားသည်။ ပျောက်သွားချေသည်တည့်..။

"မီ့ က ငါ့ကို ပြောပြတယ်၊ မိုးရေထဲမှာ စက်ဘီးတစ်စီးနဲ့ ငါ့ကို တွေ့တာတဲ့..၊ ဒါဆို အဲဒီစက်ဘီးနဲ့ ငါ ထွက်မလာခင်မှာ ဒီနာရီကို ငါ့ကို တစ်ယောက်ယောက်က ပေးလိုက်တာ ဖြစ်မှာ ..၊ ငါ့ဆောင်းဘီအိတ်ကပ်ထဲ ငါထည့်ထားပြီး စက်ဘီးနှင်းထွက်လာတာဖြစ်မှာ .. ဒါဆို ဒီနာရီကြောင့် ငါက ဘာလို့ မိန်းမတစ်ယောက်ရဲ့ မျက်နှာကို မြင်နေရတာတဲ့လဲ၊ ငါ့ကို ဘယ်သူက ပေးတာတဲ့လဲ ..၊ လူတစ်ယောက်ပဲ .. လူကြီးတစ်ယောက်ပဲ"

ဟုတွေးကာ တစ်ချက်တော့ တွေခနဲ ဖြစ်သွားရပါပြီ။ မီ့ နာရီလေးကို လက်ခံလိုက်ဖို့ ဆုံးဖြတ်လိုက်ပုံလေးဖြင့် ခေါင်းညိတ်လိုက်တာကို မြင်ရတော့ တစ်ချက်ဝမ်းသာသွားရသည်ပါပဲ..။ နာရီလေးကို အဖုံးဝိုင်းလေး ဖွင့်လိုက်ပြန်သည်က မီ့ ပါ။ သံစုံမြည်သံလေးက ချစ်စဖွယ် ပေါ်လာတော့ မီ့ သူ့ကို ကြည့်ကာ ပြုံး၍ ...

"ရှင် ပြန်သတိရလာတဲ့အခါကျရင်တော့ မီ့ ဒီနာရီလေးကို ပြန်ပေးမှာနော် ..၊ အဲဒီအချိန်မှာ ရှင်က ရှင့်ပစ္စည်းကို တကယ်ပဲ မီ့ ကို ဆက်ပေးချင်နေသေးတယ်ဆိုရင်တော့ မီ့ ယူလိုက်ပါ့မယ်၊ လောလောဆယ်တော့ ရှင် စိတ်ချမ်းသာ ကျေနပ်သွားအောင် မီ့ ခဏတော့ ယူထားပေးလိုက်ပါ့မယ် .. ဟုတ်ပြီလား .."

ဟု ပြောတော့ သူ ခေါင်းညိတ်ပြပါ၏။ သံစုံမြည်သံလေးကတော့ နာရီ၏ အဖုံးဝိုင်းလေးကို ပြန်၍ မပိတ်မချင်း မြည်နေဆဲ ..။

www.burmeseclassic.com



## အခန်း (၁၀)

သူ ရေးဆွဲရာ ပန်းချီကားသည် ပန်းရိုပ်မြှု၏ ပုံလေးလည်း ဖြစ်နေသည်။ လှပသော ပန်းဥယျာဉ်ငယ်လေးလည်း ရှိရာ .. ကာ်းပါကင်ငယ်ငယ် စကာ်ဘီး၊ ဆိုင်ကယ် ပါကင်ငယ်ငယ်လေးတွေရှိရာ ပန်းလေးတွေနှင့်အတူ လန်းသစ်နေသော ပန်းရိုပ်မြှု၏ပုံလေးကို ခြံဝန်းလေးနှင့်တကွ ဆွဲထားသော ပန်းချီ ..။

ပန်းချီကားချပ်ကို ငေးစိုက်ကြည့်နေရင်း ရင်ထဲမှာ ကြည်နူးနေသည်။ ဤပန်းချီကားကို ပထမဆုံး မြင်ချင်သည်ကတော့ဖြင့် မှို ပဲ ဖြစ်လေသည်။ မှို့ ကို ပြချင်သည်။

သူ့လက်ရာကို မြင်လျှင် မှို ဘာပြောချေ မည်နည်းဆိုတာကိုလည်း စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းကြည့်နေလိုက်ချင်သည်။ မှို ၏ နက်မှောင်သော မျက်ဝန်းနက်နက်လေးတွေမှာ အေးချမ်းကြည်နူးသော ခံစားမှုတွေ နှလုံးအိမ်ဆီမှ ကူးစက်ဖြစ်တည်လာကြမှာမျိုးကို သူ ရှာလင်အောင့်တချင်သည်။ ဟုတ်သည် ..၊ အနုပညာတစ်ခုကို ခံစားလျှင် နှလုံးသားဆီမှ မျက်ဝန်းဆီသို့ ကူးစက်ခံစားနိုင်စွမ်းအောင် ရေးဆွဲနိုင်မှ ထို ပန်းချီကားသည် အသက်ဝင်သည်ဟု ခံစားလာမိနေရပါ၏။





ဤပန်းချီကားတစ်ချပ်ကို သူ ရေးဆွဲဖြစ်ခဲ့ပြီ။ သူ့လက်နှာနေတာတွေ သူ ပန်းချီဆွဲတတ်နေတာတွေကို ဒေါ်လေးကို ပြန်ပြောပြသူမှာလည်း မှို ပဲ ဖြစ်ချေမည်ဆိုတာ အလိုလို သိနေသည်ပါပဲ..။

ဒေါ်လေးက သူ့ကို ပန်းချီဆွဲကြည့်စမ်းပါဟု တည်တည်ငြိမ်ငြိမ်ပဲ ပြောလာသည်။ ပန်းချီလက်ရာကို ကြည့်ချင်သည်ဟုလည်း ပြောခဲ့သည်။ တကယ်ပဲ သူ ပန်းချီဆွဲဖြစ်ခဲ့ပါ၏။ ဆွဲမိသည့် ပန်းချီကားသည်လည်း ပန်းရိုပ်မြှုပဲ ဖြစ်နေချေသည်တကား။

ကားကိုဒေါင် အပေါ်ထပ်မှာ သူရပ်နေသည်။ ဆွဲပြီးပြီဖြစ်သည့် ပန်းချီကားကို ငေးစိုက်ကြည့်နေရင်းမှ တစ်ခုခု လိုနေသည်ပဲဟု ခံစားချက်က ရင်သို့တိုးဝင်၏။ စုတ်တံကို ကိုင်လိုက်မိပြီ။ ပန်းချီကား၏ ညာဘက်ထောင့်နေရာမှာ သူ့လက်က အလိုလိုရွေ့လျား ရေးထိုးလိုက်သည်က လက်မှတ်ဖြစ်နေချေသည်တကား ..။

လက်က အလိုလို အသော့အနင် ရေးဆွဲလိုက်ပြီး ဖြစ်နေပါသည့် လက်မှတ်။ အတွန့်အကွေး အဆွဲအငင်သည် ပန်းချီဆန်နေသည်။ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်က လက်မှတ်လေးကိုပါ။

ဘုရားရေ .. ထိုလက်မှတ်သည် သူ၏အမည် ဖြစ်နေချေသည်တကား။

ခန့်ထည်ဝါ .. ဟုတ်သည် .. ခန့်ထည်ဝါ ဟူသောအမည်။ ထိုးထားသောလက်မှတ်သည် အမည်တစ်ခုကို ဖတ်ရှု၍ရအောင် လှပသေသပ်သော လက်မှတ်တစ်ခု ဖြစ်နေသည်။ ပန်းချီကားချပ်ကို တိတ်ဆိတ်စွာ သူ ငေးစိုက်ကြည့်နေမိရင်းမှ ...

"ငါဟာ ပန်းချီဆရာတစ်ယောက် ဖြစ်တယ်၊ ငါ့နာမည်က ခန့်ထည်ဝါ ..၊ အဲဒါ ငါ သိလာရတဲ့ ငါ့ရဲ့ကျန်ခဲ့ရာ အတိတ်ထဲက တစ်စိတ်တစ်ပိုင်းပဲ"

ဟု တွေးနေမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဝမ်းသာရမည်။ ဟုတ်သည် ...၊ ဝမ်းသာနေသင့်သည်။ ဒါပေမယ့် သူ ဘာကြောင့် ဝမ်းသာမနေဘဲ ဖြစ်နေရပါသတဲ့လဲ..။

မီ .. မီ့ မျက်နှာလေးကို ချက်ချင်း ဘာကြောင့် မြင်လာမိရပါသတဲ့လဲ..။ တဖြည်းဖြည်းနှင့် သူ့အတိတ်ကို ပြန်၍ ဟိုသည်တစ်စ မှတ်မိစ ပြုလာချေပြီဆိုလျှင် ..။

မကြာမလင့်မီမှာ အားလုံးကို မှတ်မိလာချေမည်ဟု ထင်သည်။ ထိုအခါ သူ မီ တို့ကို ချန်ထားရစ်ခဲ့ရတော့မည်။ မီ နှင့် ခွဲလိုက်ရတော့မည်။ သူ ထိုအရာကို လက်မခံနိုင်ဘဲ ဖြစ်နေသည်။ ဤနေရာလေးမှာ သူပျော်နေသည်သို့ ရှိလာနေရပြီကောလေ..။

ယခု သူဝတ်ထားသည်ကိုက မီ သူ့အတွက် ဖွတ်အတင်းဝယ်ပေးခဲ့ရာ အဝတ်တွေပဲ ဖြစ်လေသည်။ အကျီလေးက စပို့ရှပ် အပြာစင်းလေး ဖြစ်သည်။

ခပ်ဖွဖွ လက်ဖြင့် ဖေးတင်သပ်မိရာမှ ပန်းချီကား နောက်တစ်ချပ် ဆက်ဆွဲလျှင် ကောင်းမည်ဟု တွေးမိပြန်၏။

"ငါ့နာမည် ခန့်ထည်ဝါ ဆိုတာ မီ သိသွားရင် နာမည်ကြောင့် အစဖော်ပြီး အစရှာပြီး စုံစမ်းတာတွေ ဖြစ်လာမလား ...၊ ငါ ဒီက မသွားချင်ဘူး"

ဟု တွေးမိနေရာမှ လောလောဆယ်မှာ ဤပန်းချီကားကို ဘယ်သူ့ ဘယ်သူ့ကိုမှ မပြသေးဘဲ ထားလိုက်ဖို့ ဆုံးဖြတ်မိရပါ၏။

ခန့်ထည်ဝါ ဟု ထိုးထားသော လက်မှတ်နေရာကိုလည်း ဆေးဖြင့် ဖုံး၍ ဖျက်ပစ်ဖို့ ဆုံးဖြတ်လိုက်မိသည်။ ထိုနေရာလေးမှာ မိုးချိုသာ ဆိုသည့်အမည်ကို သူရေးထိုးလိုက်လျှင် ကောင်းချေမည်လားဟုလည်း တွေးဖြစ်ပြန်၏။

"မဟုတ်ဘူး .. ငါဟာ မီ တို့ကို တာဝန်တွေ မပေးသင့်ဘူး၊ ငါ ဒီက မခွာချင်ဘဲ ဖြစ်နေတာဟာ ငါ့ရင်ထဲက ခံစားချက်သက်သက်ပဲ၊





အဲဒီအရာတွေကို လက်တွေ့ဘဝထဲမှာ ဖြစ်တည်စေလိုက်ရင် ငါဟာ မီ တို့အပေါ်မှာ မတရားရာ ရောက်သွားမှာပေါ့"

ဟု တွေးမိပြန်ကာ ဖျက်လုလုဆဲဆဲ လက်မှတ်နေရာကို သည် တိုင်း ပြန်ထားလိုက်မိရပြန်သည်။

"ငါဟာ နောက်ကြောင်းတွေကို ပြန်သတိရသွားတဲ့အခါမှာ ပန်းချီဆရာ ခန့်ထည်ဝါ အဖြစ် မီ တို့ဆီကို ဆက်လာနိုင်နေသေးတာပဲ၊ လာခွင့်လဲရဖို့ မီ တို့ကို ပြောရမှာပေါ့"

ဟု တွေးမိသည်။ အမှန်တရားတစ်ခုကို ဘာကြောင့် သူ ထိမ်ချန်ထားချင်နေရမည်တဲ့လဲ။ အဖြစ်မှန်တစ်ခုကို ရောက်ရှိဖို့ သူသည် ဤ လက်မှတ်တစ်ခုကို သည်အတိုင်း ထားသင့်သည်။

ဖုံးကွယ်လိုက်ခြင်းသည် မီ တို့အပေါ်မှာ မရိုးသားရာ ရောက်ချေမည်သာ။ သူသည် မီ တို့အပေါ်မှာ ရိုးသားသူတစ်ယောက်အဖြစ် ရပ်တည်သွားချင်သည်ပါပဲ။ သက်ပြင်းရှိုက်လိုက်မိကာ ကားဂိုဒေါင်၏ အပေါ်ထပ်ခိုးဆီမှ လှေကားထစ်လေးတွေကို နင်းဖြတ်၍ ဆင်းလာမိရပါ၏။

ဂိုဒေါင်ထဲမှာ ကားရှိနေသည်။ မီ ဘယ်မှ မသွားသေး။ နေ့လယ်လောက်မှ ပန်းတုအိုးလေးတွေ၊ ပန်းတုတွေကို မီ စတိုးဆိုင်သို့ သွားပို့ဖို့ ရှိနိုင်သည်။

မနက်စောစောကြီးမှာ သူ ခြေလှမ်းသုတ်သုတ်ဖြင့် ပန်းရိပ်မြုံလေးဆီသို့ ထွက်လာမိရပါ၏။ မနက်အစောကြီးထ၍ သူ တံမြက်လှည်းခဲ့သည့်ကိစ္စကိုလည်း အရင်ရက်၏ မနက်ခင်းများနှယ်ပင် မီသည် သူ့ကို မြည်တွန်တောက်တီးပေဦးတော့မည်။

ဒါကို သူ သိနေသည်ပါပဲ။ လက်ကို ပတ်တီးစည်းအုပ်ထားတာမို့ လက်အရည်ခွံလန်တာတွေက သက်သာလာနေပြီ။ ပတ်တီးဖြင့် ရှိနေသည့်လက်ပေမို့လည်း တံမြက်လှည်းသည့်အခါမှာ တံမြက်စည်းရိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ကအနာ တိုက်ရိုက်ပွတ်တိုက် ထိခတ်မိတာ မရှိခဲ့။

သူ့မှာ မှီ အိပ်ရာက မထခင်လောက်ကြီးကို ဝီရိယထား၍ တံမြက်အရင်မြေးလှည်းခဲ့ပြီးမှ ပန်းချီကားလေးကို ပြန်လာ၍ လက်စသတ်ခဲ့ရခြင်းပါ။ ဥယျာဉ်ဘေးမှာရှိသည့် ရေဒုတ်တိုင်မှာ ရေမုံးလေးခံ၍ ရေဖြည့်၊ ကားဂိုဒေါင်သို့ ပြန်လာကာ ကားကို ရေစိုဝတ်ဖြင့် သေချာပွတ်တိုက် သန့်စင်၏။ အဝတ်ခြောက်ဖြင့် ဖြန်၍ပွတ်သုတ်သည်။

လက်မှာစိုနေသည့် ပဝါတီးကို ပြန်ဖြည့်၍ ဆပ်ပြာဖြင့် ပွတ်တိုက်လျှော်ကာ ကြိုးတန်းလေးမှာ သွားလှန်းနေချိန် ဘေးသို့ရောက်လာသည်က မိုဝ်...။ ရေနူးပြီး ပွနေသည့် လက်အနာကို မှီ ကြည့်ချင်သည်မို့ ...

"လက်ဖြန့် ..."

ဟု မျက်မှောင်ကုတ်၍ ပြောစဉ်ခိုက်မှာ သူကလည်း ငြင်း၍မရနိုင်သည့်အတူတူ ယခင်နေ့မနက်ကနယ်ပင် လက်ကို ဖြန့်ပြလိုက်ရသည်ပါပဲ။

မှီ မျက်မှောင်လေးကုတ်၍ လက်ထဲ အသင့်ယူလာပါသည့် ဆေးနီရည်ဘူးလေးဖြင့် သူ့လက်အနာကို ဘူးနှုတ်သီးလေးထိကပ်၍ ဆေးထည့်ပေးသည်။

အသစ်ယူလာသော ပတ်တီးလိပ်ကိုယူ၍ နေရာမှာ ရပ်နေရင်းဖြင့်ပင် ပတ်တီးစည်းပေးသည်။ ဤသည်က မနက်တိုင်း ကြုံနေကျအဖြစ်တစ်ခုပါတည့်။

အရင်ရက်တွေတုန်းကလည်း ဤသို့နယ်ပင် မှီ သည် သူ့ကို မြည်တွန်တောက်တီးရင်း ပတ်တီးစည်းပေးခဲ့သည်ဘဲ ...။

"ရှင့်ကို နားနေပါလို့ ဒေါ်လေးကလဲ ပြောတယ်၊ မှီ ကလဲ ပြောတယ်၊ ပန်းချီပဲဆွဲပါလို့ ပြောထားတဲ့ကိစ္စ ဆွဲနေပါ့လား ...၊ ဒီလို တံမြက်လှည်းတာတို့ ကားဆေးတာတို့ကို မလုပ်ဘဲနေဖို့ဆိုတာ အလိုလိုကို နားလည်နေရမှာ၊ ခုလို မနက်တိုင်း ဆပ်ပြာရည်နဲ့ ကားကို ပွတ်တိုက်





ဆေး ...ရေသန့်နဲ့ ပြန်ပြီးပွတ်ဆေး လုပ်နေရင်ဖြင့် လက်ကအနာတွေ ဘယ်လိုခြောက်တော့မှာတဲ့လဲ...၊ ရှင်ဟာ တော်တော် ခေါင်းမာတဲ့လူပဲ၊ မနက်တိုင်း မှီ ဒီကိုရောက်လာရတာတွေဟာ မှီ လုပ်ရတဲ့ တံမြက်လှည်းတဲ့အလုပ်တွေ ကားဆေးတဲ့အလုပ်တွေကို ရှင်လုပ်ရင်း ဒီအနာကို သက်တမ်းရှည်အောင် လုပ်နေတာကို စိတ်ထိခိုက်ရလွန်းလို့ပဲ သိရဲ့လား...၊ ရှင့်ကို မှီ တို့က လက်တွေပေါက်ပြဲနေအောင် ခိုင်းနေသလိုကြီး ဖြစ်နေပြီ၊ ထမင်းကျွေးတာ စားတာ နှစ်ဖက်ရှိတဲ့အထဲမှာ ရှင်က ထမင်းဖိုးပြန်ဆပ်နေတာ ဓာန်ဖိုးကြီးလွန်းနေတာယ် ...သိရဲ့လား"

ခုလည်း တဆူဆူ တပူပူလုပ်နေသည့် မှီ ပါ။ မှီ့ ကုပ်ထောက်ဆံပင်တိုတိုနက်နက်လေးတွေက ထူထဲလျက် ပျော့ပျောင်းနေသည်။ နူးနူးညံ့ညံ့ ရှိသည်။ နက်နက်မှောင်မှောင် ရှိသည်။ ဆံပင်ကြမ်းမျိုးမဟုတ်။ ပိုးသားဆန်သော ဆံပင်ထူထူပျော့ပျော့လေးများ၊ မျက်ခုံးကလည်း ထူနက်နေသည်ပါပဲ။ နှာတံလေးစင်းကာ နှုတ်ခမ်းလေးကဖူးဖူးဥဥနှင့် နူဖတ်စိုလဲ့နေသည်။

ပန်းနုရောင်နှုတ်ခမ်းလေးကို ဖွင့်ဟ ရန်တွေ့နေချိန်လေးမှာပင် ပါးချိုင့်လေးက ခွက်ခွက်ပါနေ၏။ သွားတက်လေးနှင့် မှီ သည် အရုပ်လေးတစ်ရုပ်နယ် အရမ်းကို အပြစ်ကင်းစင်စွာ လှနေသည့် မှီ ဖြစ်နေပါ၏။

မှီ့ မှာ ဟန်ဆောင်ခြင်း[illegible]အရာ ဘာတစ်ခုမျှ ရှိမနေတာ သူ့အလို[illegible]နေသည်။

[illegible] တောင်မှ က[illegible] စားပွဲထိုးတာတို့ ဂျူနယ်တာတို့ တိုတိုထွာထွာလေးတွေ နိုင်းသမျှ ခွေးလုပ်နေတာတော့ ရှိနေတာပဲ မှီ ရယ်၊ ကျွန်တော်က လူကြီးပဲဥစ္စာ ဒီလောက်တော့ လုပ်နိုင်ရမှာ[illegible]

[illegible]လေးကို ချော့မော့သလို သူ ငုံ့မိုးကြည့်ရင်း [illegible]တော့ [illegible] မော့ကြည့်ကာ မျက်စောင်းထိုးလာပါ၏။ ချစ်စရာလေးဟု ရှင်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်၍ သူ တွေးမိရသည်ပါပဲ ...။

"ရှင် ပန်းချီဆွဲတတ်နေတဲ့ကိစ္စ .. မီ့ တောင်မှ မသိဘဲရှိနေတဲ့ကိစ္စ ဘာဘညို ရှေ့မှာ ပေါ်လာတော့ ဒေါ်လေးက နေရာတကာမှာ ကိုယ့်မိသားစုဆန်တဲ့ကိစ္စတွေကို ဘာဘညို ကို လိုက်ရှင်းပြနေသလို လုပ်နေဖို့ မလိုပါဘူးလို့ ဒေါ်လေးက ဆုံးဖြတ်ခဲ့တာကိုက ရှင်းလေရှုပ်လေဖြစ်မှာကို တားဆီးလိုက်တာလဲ ဖြစ်တယ်တဲ့၊ ရှင့်ကို ပန်းချီဆက်ဆွဲနေအောင်လို့လဲ ဖြစ်တယ်တဲ့၊ ဒေါ်လေး အဲသလို မီ့ ကို ပြောပြထားတယ်၊ ဒီတော့ ပန်းချီပဲ ဆက်ဆွဲနေပါ အစ်ကိုမိုးချိုသာ ...၊ ကဲ .. ကော်ဖီသောက်ကြမယ်၊ စနေနဲ့ တနင်္ဂနွေနေ့ဆိုရင် မနက်မှာ ဆိုင်ကို လူပိုကျလာမှာ...၊ ဒါကြောင့် အားလုံး မနက်စာကို စောစားကြရမှာ .. လာ .."

ဟု ပြောတာမို့ မီ နှင့်အတူ ပန်းရိပ်မြုံသို့ သူ လိုက်လာရပါ၏။ ဒေါ်လေး၏အကြည့်က မီ့ လက်ထဲမှ ဆေးနီရည်ဘူးနှင့် သူ့လက်မှာ အသစ်ပတ်ထားသည့် ပတ်တီးဖြူကို မြင်တာနှင့် အကြည့်က ညို့ခနဲ ဖြစ်သည်ဟု သူ ထင်လာမိသည်။ ရင်ထဲ လေးခနဲ ဖြစ်သွားရသည်ပါပဲ။

"လာ .. လာ .. စားကြရအောင်"

ဒေါ်လေး ခေါ်ချိန်မှာလည်း ခါတိုင်းနေ့တွေလို စားသောက်စရာတွေ မီ တို့နှင့်အတူ သယ်ကူမပေးရဲ။ ဘာဘညို ဘေးမှာပဲ ထိုင်လိုက်ရကာ မျက်နှာလေး ငယ်နေရပါပြီ။ စားသောက်ပြီးချိန်ကျတော့လည်း ဖိုးလုံး မှ ပန်းကန်တွေ သယ်ပြုဆေးကြောနေချိန်မှာ ပန်းရိပ်မြုံဆိုင်ရှေ့နေရာလေးသို့ သူ ရောက်သွားရပါ၏။ စားသူတို့ကို ကြိုဖို့ပါ။ အနီးဝန်းကျင်မှ လာစားသူလည်း ရှိသည်။ မြို့ထဲမှ လာစားသူလည်း ရှိသည်။ ဟိုတယ်မှာ တည်းခိုသူတို့ထဲမှ လာစားသူလည်း ရှိသည်။ အေးအေးချမ်းချမ်းလည်း စားသောက်ကြရသည်ကိုးလေ။ ပင်လယ်ပြင်ရှုခင်းကိုလည်း အုန်းပင်အုန်းတန်းတို့ကို ဖြတ်သန်းလျှောက်ရင်း သွားရောက် ခံစားကြည့်ရှုနိုင်သည်။ အုန်းလက်အုန်းခက်တို့၏ ရွက်ခတ်သံတွေကိုလည်း





ခံစားနိုင်သည်။ ကားနှင့် တကန်တက လာစားသူ၊ ဟိုတယ်မှ စက်ဘီးလေးနှင့် လာစားသူ၊ ဆိုင်ကယ်နှင့် လာစားသူတို့ဖြင့် ဆိုင်လေးမှာ လူသူတို့ စည်ကားလာပြီ။

မီ့ ပန်းအရောင်းဆိုင်လေးမှာလည်း ပန်းဝယ်သူတို့ ရှိနေကြပြီ။ စားသောက်သူတွေထဲမှ အမျိုးသမီးတိုင်းလိုလိုမှာ ပန်းလေးတွေကို ဝင်ကြည့်ကြ ဝယ်ပြန်ကြတာ များလေသည်။ နေ့လယ်ဘက် လူပါးသွားချိန်ရောက်မှပဲ အားလုံး နားဖြစ်ကြပါ၏။ ဒေါ်လေးမှ ...

"ဒီနေ့ ပန်းပို့ဖို့ ရှိသလား မီ"

ဟု မေးတော့ မီ ခေါင်းညိတ်ပါ၏။ သူ့ကိုလည်း ဒေါ်လေးမှ ခေါ်ကာ ...

"ပန်းချီဆွဲဖြစ်သလား ...၊ ဖိုးလုံး မနေ့က ပြောတာတော့ ပန်းချီဆွဲနေတယ်လို့တော့ ပြောတယ်၊ နောက်တော့ ဖိုးလုံး လာရင် ပန်းချီကားကို ပေးမကြည့်ဘူးဆို .. ပန်းချီဆွဲတဲ့ဒေါက်ကို ဟိုဘက်လှည့်ပစ်လိုက်တယ်ဆို ...၊ ဘာဆွဲနေတာလဲ မိုးချိုသာ .. ဘာပုံများ ဆွဲနေတာလဲ"

ဒေါ်လေး၏အကြည့်ထဲမှာ စူးစမ်းရိပ်တွေ ပြည့်သိပ်နေသည်။ စိုးရိမ်မှုနှင့် တစ်ခုခုကို ကြိုတင်၍ ပူပန်နေသည့်အရိပ်မျိုးလည်း စွန်းထင်းနေသည့်အကြည့်တွေ ဖြစ်နေပါ၏။ သူ ဖျတ်ခနဲ သိလာရသည်က ဒေါ်လေးထား သည် သူဆွဲသည့် ပန်းချီကားဆိုတာ မီ့ ပုံများ ဖြစ်နေချေမည်လားဟု ကြိုတင်ပူပန်နေခြင်းပေပဲ ဆိုသည့်အသိ...။

ဖိုးလုံး ကတော့ ကလေးပီပီ သူရှိရာ ကားဂိုဒေါင်အပေါ်ထပ်သို့ ရောက်လာတတ်သည်။ မီ ကတော့ ပထမနေ့က ရောက်ခဲ့ကာ သူ့နေရေးထိုင်ရေး လုပ်ပေးခဲ့သည်နေ့ နောက်ပိုင်းမှာ သူ့အပေါ်ထပ်နေရာလေးသို့ ရောက်လာတာမျိုး မရှိ ...။

"ကျွန်တော် ဒီနေ့ ပန်းချီကားတစ်ချပ် ပြီးပါတယ် ဒေါ်လေး...၊ အဲဒါလေးကို ချောင်းချင်ပါတယ်၊ ဒါမှမဟုတ်ရင်လဲ ဆိုင်မှာချိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ချင်လဲ ချိတ်ထားလို့ ရပါတယ် …၊ ဒေါ်လေး သဘောပါ"

ဟုပြောတော့ ဒေါ်လေးမျက်ဝန်းတွေမှာ စူးစမ်းရိပ်တွေ ပို၍ ထင်းခနဲ ပေါ်လာသည့်နှယ် …၊ အရမ်းကို ဝမ်းသာအားရလေးဖြစ်သွားပုံဖြင့် စိတ်အားထက်သန်စွာ ကြည့်လာပါသည့် မှီ့ ကိုလည်း တွေ့လိုက်ရသည်ပါပဲ …။

"ဖိုးလုံး ကတော့ ပြောနေတာ … အစ်ကိုမိုးချိုသာ ပန်းချီဆွဲနေတယ်ဆိုတဲ့အကြောင်း … ပြကိုမပြဘဲထားနေတယ်ဆိုတဲ့အကြောင်း… အဲဒါကြောင့် မှီ့ ငေါက်ခဲ့သေးတယ်၊ သွားမနှောင့်ယှက်နဲ့လို့ …၊ အခု ပြီးပြီဆိုတော့ ပြပါလား"

ဟု ပြောလာပါ၏။ မှီ့ မျက်ဝန်းလေးတွေက အရမ်းကို ဖြူစင်နေသည်။ ဘာအရောင်မှ မစွန်းထင်း။ စိုးရိမ်တာလည်း မရှိ၊ ပူပန်ရိပ်လည်း မရှိ။ စူးစမ်းနေသည့်အကြည့်မျိုးတွေလည်း ရောထွေးမနေ။ အဖျော်ပဲ ဖြစ်နေသည်။ ထိုမျက်ဝန်းလေးတွေကို သူ ဘယ်သောအခါတွင်မှ မေ့နိုင်တော့မှာ မဟုတ်ဟု အလိုလို နားလည်လာနေမိရပါ၏။

ထိုမျက်ဝန်းပိုင်ရှင်လေးကိုလည်း သူ မခွဲနိုင်စွမ်းတော့ပြီကော လေ။ ဒါပေမယ့် ထိုအရာများစွာတို့သည် ရင်ထဲမှာ သိုဝှက်စွာ သိမ်းဆည်းထားရချေမည်သာ။ အတိတ်ကိုမေ့နေသူတစ်ယောက်၏ ခံစားချက်ဆိုတာ အရာရာကို သိုဝှက်သိမ်းဆည်းထားရမည့်နေရာမှာပဲ တည်ရှိရချေမည်။ ကိုယ့်ဘဝကိုပင် မသိသည့်သူတစ်ယောက်က တစ်ပါးသူကို မခွဲနိုင်ဘဲ ဖြစ်နေသည်ဆိုတာကိုက မသိဆိုးဝါးရာ ရောက်နေချေသည့်အဖြစ် …၊ သူ့ရင်ထဲမှာ ကြေကွဲလာနေသည်။ ဆို့နစ်သော တစ်ဆို့ဆို့အရာသည် လည်ချောင်းမှာ ပြင်းထန်သောဝေဒနာတစ်ခုကို ဖြစ်တည်လာစေသည့်နှယ် ရှိ၏။

သူ ထရပ်လိုက်ကာ ပန်းချီကားကို သွားယူခဲ့ရပါ၏။ ဧည့်ခန်းမှာ ဒေါ်လေးနှင့် မှီ့ တို့နှစ်ယောက် သူ့ကို စောင့်နေကြပါ၏။ သူ့ယက်





ရာပန်းချီကို အကဲခတ်လိုသော စောင့်ဆိုင်းမှု …၊ ပန်းရိပ်မြုံ၏ ပန်းချီကားကိုတွေ့တော့ ဒေါ်လေးထား ၏ မျက်ဝန်းတွေ ပြန်၍ ရွှန်းလဲ့ကြည်သာလာသည်။ ပန်းချီကားချပ်ကို ကြည်နူးစွာ ကိုင်၍ ကြည့်ပါ၏။ မှီ့ ကလည်း အံ့ဩပျော်ရွှင်နေသော ကလေးတစ်ယောက်နှယ်ပင် ပန်းချီကားကို ကြည့်သည်။

"အမယ် မှီ့ တို့ရဲ့ ပန်းရိပ်မြုံကို တူအောင် ဆွဲထားတာကိုး"

ဟု ပန်းချီကားကို အနီးကပ်ကြည့်လိုက် အဝေးမှ ရပ်ကြည့်လိုက်နှင့် ရှိနေရင်း မှီ့ ပြောသမျှ သူကလည်း ကြည်နူးစိတ်ဖြင့် ငေးခနဲတော့ ကြည့်မိရသည်ပါပဲ …။

"ငါဆွဲတဲ့ ပန်းချီကားတိုင်းကို မင်း အဲသလို ကြည်ကြည်နူးနူးကြည့်နေပါလား မှီ့ ရယ် …၊ အဲဒီဘဝတစ်ခုကို ငါ တောင့်တလိုက်တာ ကောင်းမလေးရယ် …"

ဟု တွေးမိရသည်။ ဒါပေမယ့် ထိုအတွေးတို့သည် ရုတ်ခြည်းပင် တစ်စစီ ချေမွခံလိုက်ရချေသည်သာ …။ မှီ့ အကြည့်က ရုတ်ခနဲ တစ်နေရာမှာ တန့်သွားသည်။ အတန်ကြာမျှ ငြိမ်သက်စွာ တန့်နေသည်။ နောက်တော့ သူ့ကို မျက်ခနဲ ကြည့်လာပါ၏။

မှီ့ မျက်ဝန်းလေးတွေမှာ ထူးခြားသော ခံစားချက်တွေ၏အရိပ်တွေကို သူ ဖမ်းဆုပ် တွေ့မြင်နေရပါ၏။ ဟုတ်သည်။ ဝမ်းသာမှု … နောက် စိတ်လှုပ်ရှားမှု …၊ သူက လည်း မှီ့ မျက်နှာလေးကို ကြည့်လိုက်ရင်းမှ အားယူ၍ ပြုံးပြမိပါ၏။

မကြာခင်မှာ မင်းလေးနဲ့ ငါ ဝေးရတော့မယ် မှီ့ ဟု ပြောပြလိုက်ဖို့ဆိုတာ အင်အားမှ မကျန်တော့သည်ပဲ။ ဟုတ်သည် …၊ ဘဝနောက်ကြောင်းကို မှတ်မိလာသည်နှင့် သူသည် ပန်းရိပ်မြုံမှ ထွက်ခွာသွားရသည့် ခရီးတည်ပါ ဖြစ်နေရှိချေတော့မည်သာ …။

ဟုတ်တယ် မှီ့ …၊ ကျွန်တော့်ပန်းချီကား ပြီးသွားချိန်မှာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်လက်က အလိုလို အဲဒီနာမည်ကို ထိုးလိုက်တာပါပဲ”

ဟု ပြောလိုက်ချိန်မှာ သူ့အသံတွေ တုန်ခါနေသည်။ အက်အက်ကွဲကွဲ ဖြစ်နေသည်။

ဒေါ်လေး၏အကြည့်က ထိုအခါမှ လက်မှတ်နေရာကို အာရုံထားလိုက်မိပုံဖြင့် ကြည့်လိုက်ပါချေ၏။

“ဟုတ်တယ် ဒေါ်လေး .. ကျွန်တော် အဲဒီ ခန့်ထည်ဝါ ဆိုတဲ့နာမည်ကို ထိုးလိုက်မိတယ်၊ ကျွန်တော် ခန့်ထည်ဝါ ပါ ဒေါ်လေး..၊ အဲဒါ တစ်ခုကိုတော့ ကျွန်တော် မှတ်မိလာရပါပြီ .. သိလိုက်ရပါပြီ”

ဟု ပြောမိရပါပြီ။ ဒေါ်လေး သက်ပြင်းရှိုက်သည်။

“ဘာပဲဖြစ်ဖြစ် တိုးတက်လာတယ်ပဲ ပြောရမှာပဲ မိုးချိုသာ ..၊ လောလောဆယ်တော့ ဒီ မိုးချိုသာ ဆိုတဲ့နာမည်ကိုပဲ ဘဘညို တို့ တဲဝရီးရှေ့မှာ ဆက်သုံးနေရဦးမှာပဲ ..၊ ကဲ .. ကဲ မှီ အဲဒီပန်းချီကားကို ရောင်းဖို့စီစဉ် .. မိုးစက်မေ စတိုးကို ပန်းပို့တဲ့အခါ ပန်းချီကားကိုလဲ ရောင်းပေးဖို့ အပ်ခဲ့..၊ မောင်မိုးချိုသာ ကလည်း ပန်းချီကားတွေ ဆက်ဆွဲပေါ့၊ လိုတာလဲ ပြန်ဝယ် .. အဲသလို လုပ်..၊ ကဲ .. ကဲ နေ့လယ်စာ စားကြရအောင် .. ပြီးတာနဲ့ မိုးစက်မေ ကို မှီ သွားလိုက်တော့၊ မိုးချိုသာ တော့ နေခဲ့ပေါ့၊ အိမ်မှာပဲ ပန်းချီဆွဲချင် ဆွဲ .. နားချင်နားပေါ့၊ ဒီနေ့တော့ လိုက်မသွားနဲ့တော့ .. ပန်းတွေ ဟိုမှာ မှီ ပဲ ကားပေါ်က သယ်သွားလိမ့်မယ်”

ဟု ပြောလာပါ၏။

မှီ နှင့် သူ့ကို တူတူမသွားစေချင်၍များလား ဟု သူ တွေးမိကာ ရင်ထဲမကောင်း။ ဒါပေမယ့် ဘာတတ်နိုင်မည်တဲ့ လဲလေ ..။

မှီ့ ကို ကြည့်လိုက်တော့ ဒေါ်လေးအပေါ် ဘာမျှ သံသယထားပုံမရ ..။ သူ့ကို နားစေချင်၍ ဒေါ်လေးမှ ကျန်နေခိုင်းခဲ့ခြင်းဟုပဲ ယုံကြည်နေပုံရသည်ပါပဲ ..။





“မှီ ပန်းချီကားကို မှန်ဘောင်နေရာမှာ သွားအပ်ပြီး မှန်ဘောင်သွင်းလိုက်မယ် ဒေါ်လေးထား ..၊ ဒါမှ ပိုပြီး ခန့်သန့်သွားမှာ.. မှီ တို့ရဲ့ ပန်းရိုပ်မြုလှလှလေးကိုလည်း ဝယ်တဲ့သူက သူတို့အိမ်မှာ ချိတ်ထားမှာ”

ဟုပြောကာ ပန်းချီကားလေးကို သေသေချာချာလေး ယူသွားသည်က ကားနောက်ခန်း ထိုင်ခုံထက်မှာ တင်ထားဖို့ပါ ..။

“ညနေကျရင်တော့ ရှင့်ကို မမဖွေး ရဲ့အိမ်ကို ခေါ်သွားရလိမ့်မယ် အစ်ကိုမိုးချိုသာ ..၊ ရှင့်ကို အစစ ပြန်သတိရစေချင်တယ် သိရဲ့လား၊ မှီ ထင်တယ် .. ရှင်ဟာ နူးနူးညံ့ညံ့နေခဲ့ရသူပဲ ဖြစ်ရမယ်၊ ဒီမှာနေရထိုင်ရတာက ပင်ပန်းတယ်လေ”

ဟု ပန်းလေးတွေ သယ်နေရင်း မှီ ပြောလာပါ၏။ သူကလည်း ဒေါ်လေးက ကားနှင့်အတူ သူ လိုက်မသွားဖို့ပဲ တားတာမို့ ..။ ပန်းတွေကိုတော့ ကားပေါ်အထိ မှီ နှင့်အတူ လိုက်ပို့ပေးနေမိရသည်ပါပဲ ..။

သူ မှီ နှင့်အတူ ရှိနေချင်သည်လေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ကိုကို မိုးချိုသာ ဆွဲတဲ့ ပန်းချီကားကို မကြည့်လိုက်ရတာ နာတာပဲ မမမိ ရာ ... အဲဒီဥစ္စာကို မိုးစက်မေမှာ ရောင်းဖို့ သွားမပေးခင် ဖိုးလုံး ကို ပြတာမဟုတ်ဘူး၊ ခုကျတော့ မကြည့်လိုက်ရဘူး ဖြစ်နေပြီ၊ ဆွဲထားတာက ပန်းရိပ်မြုံပုံဆို ဒေါ်လေးပြောပြတယ်၊ ဒီအိမ်မှာ မကြည့်ရတာဆိုလို့ ဘဘညို နဲ့ ဖိုးလုံး နှစ်ယောက်ပဲ ကျန်တာ .. ကျူရှင်သွားနေတုန်းဆိုတော့ မကြည့်ရတော့ဘူးပေါ့ ...၊ ဘဘညို က စားဖိုဆောင်မှာရှိနေလို့ အဲဒီပန်းချီကားကို မြင်တောင်မမြင်ခဲ့ရဘူးတဲ့၊ ညှဲ့တယ်ဗျာ.. ဘဘညို ကဖြင့် .."

ဖိုးလုံး ကတော့ မချင့်မရဲပြောနေရင်း စိတ်ထဲရှိသမျှ ပြောပြောနေတာ မဆုံးနိုင်အဲ ဖြစ်နေပြီ။ မို ကတော့ ရယ်နေသည်ပါပဲ..။ ဆေးညို သုတ်ထားရာ သစ်ကိုင်းပြောင်ချောချောနေရာလေးမှာ အပေါက်လေးတွေကို လွန်ငယ်လေးဖြင့် ဖောက်ထားကာ အပေါက်လေးတွေမှာ သစ်ခက်စိမ်းစိမ်းလေးတွေ ထိုးလိုက် ...။ ပန်းခက်လေးတွေ ထိုးလိုက်ဖြင့် လှပသော နှင်းဆီပန်းအိုးတစ်လုံးကတော့ အလှစိုက် စဥ့်သုတ်ပန်းအိုးကြီးထဲမှာ တကယ့်ပန်းပင်တစ်ပင်အစစ်လား ရှိနေရပြီ။





သီဖြည့်ထားရာ စဥ့်ပန်းအိုး၏ မျက်နှာပြင်မှာ ရောင်စုံခြယ်ကျောက်တုံးချောလေးတွေကို အလှတင်ထားတာမို့ ဝယ်လိုသူကို များစွာညှို့ငင်ထားနိုင်မှာ သေချာနေသည်ဟု သူ ထင်သည်။

သဘာဝသစ်ကိုင်းအစစ်တွေကို သူ အညိုရောင် ဒါမှမဟုတ် အစိမ်းရောင်ဆေးတွေ သုတ်ပေးနေရင်းမှ ဖိုးလုံး ကိုလည်း ကြည့်မိရသည်ပါပဲ ..။ လောလောဆယ်မှာတော့ ပန်းချီဆရာ၏ လက်က သစ်ကိုင်းခက်လေးတွေကို ဆေးသုတ်နေသည့်သူတစ်ယောက် ဖြစ်နေသည်ပဲဟုလည်း တွေးမိရပြန်သည်။

ဘာပဲဖြစ်ဖြစ် .. မို့ အတွက် လုပ်ကိုင် ကူရသည်ပဲလေ။ ရင်ထဲမှာ ကြည်နူးမိရပါ၏။ မို ၏ ပန်းပင်တုလေးတွေ လုပ်ကိုင်ရာ အခန်းလေးထဲမှာတော့ဖြင့် မို့ လက်ရာ ပန်းပွင့်၊ ပန်းခိုင်လေးတွေ၊ ပန်းရွက်ပန်းလက်လေးတွေကဖြင့် သေသေသပ်သပ်ပင် ပလတ်စတစ်ပုံးကြီးတွေထဲမှာ အမျိုးတူ ရှိနေကြပါ၏။

သစ်ခွ၊ နှင်းဆီ၊ ချယ်ရီ၊ ရွက်လှ ပုံစံအမျိုးမျိုးအထိ ရှိနေသည်။ သူကတော့ အံ့သြနေသည်ပါပဲ။ ထိုမျှ များပြားသည့် ပန်းပွင့် ပန်းဖူးလေးတွေ ပန်းလက်ပန်းရွက်လေးတွေကို မို လုပ်နိုင်သည်တဲ့လား။ ညဘက်တွေမှာ ဤအခန်းနေရာလေး မီးလင်းနေတတ်တာ သူ့ကားကိုဒေါင်ထပ်ခိုးဆီမှ မြင်မြင်နေရပါ၏။ မို ညဘက် တွေမှာ အလုပ်လုပ်နေတာ ဖြစ်ချေမည်။

ဆံပင်တိုတို ကုပ်ထောက်လေးဖြင့် မို သည် ဘယ်အချိန်ကြည့်ကြည့် အပြစ်ကင်းသော ကလေးတစ်ယောက်၏ မျက်နှာလေးနှင့်ပဲ တူနေသည်။ ခုလည်း ရှေ့ဘက်ဝဲကျနေသည့် ဆံပင်နေရာလေးမှာ ကျောက်စီကလစ်လေးဖြင့်ထိုး၍ ထားလိုက်တာမို့ နဖူးပြင်ရှင်းရှင်းလေးကို ဝင်းစင်နေအောင် မြင်နေရပါ၏။ နဖူးစပ်နေရာလေးမှာ ဆံနုစလေးတွေက ပျောင်းနွဲ့နွဲ့တွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



*ကြည့်နေရင်း မှီ့ အလှလေးက အကြည့်လည်းခံကာ အရမ်းကို* ချစ်စရာချစ်စရာလေးလည်း ဖြစ်နေတာ သူ ပိုပို သိလာနေရသည်ပါပဲ..။

"မမမှီကလဲ အဲဒီပန်းချီကားကို ဖိုးလုံး ကြည့်ချင်တယ်ဆိုတာ မသိဘူးလားလို့ ..၊ အဲဒါကို ဖိုးလုံး မိုးစက်မေစတိုးဆိုင်ကို လိုက်ကြည့်မယ်ဗျာ၊ ခက်တာက .. အဲဒါကို ရောင်းပြီးနေရင် ဘယ်နှယ့်လုပ်မလဲ"

ရောဂါက တော်ရုံမဟုတ်တော့ပြီ။ မိုးစက်မေအထိ လိုက်ကြည့်မည်ဟု လေသံပစ်လာပြီဖြစ်သည့် ဖိုးလုံး ပါ..။

"နင် မမမှီ နဲ့ လိုက်ဖို့ဆိုတာက မြို့ထဲလည်ချင်နေတာပါ"

ဟု မှီ ရယ်၍ပြောတော့ ခေါင်းခါလိုက်သည်မှ မခံချင်ဖော်ဖြင့်ပါတည့် ..။

"ဟင့်အင်း .. အဲဒီပုံပဲ ကြည့်ချင်တာ"

ဟု ဆက်နေပြောစဉ်ခိုက် ပန်းရိပ်မြုံရှေ့မှာ ပရာဒိုကားပြာကြီး တစ်စီး ရပ်လိုက်တာကို လှမ်းမြင်လိုက်ရသည်ပါပဲ ..။ ပန်းဆောင်လေး၏ တစ်ဖက်ရှိ ပန်းလေးတွေပြုလုပ်ရာအခန်း၏ မှန်ပြတင်းဆိုတာက လမ်းတစ်ဖက်ကို လှမ်းမြင်နေရစေသည်ကိုး ..။

နေ့လယ်စာလဲ စားပြီးပြီ .. နေ့လယ်ဘက်မို့ ဆိုင်မှာ လူသိပ်မကျသေးတာမို့ ပန်းပင်လေးတွေ ပန်းအိုးထဲမှာ တကယ့်အပင်စစ်နှယ် ရှိအောင် လုပ်နေသည့် မှီ ..။ လုပ်ကူနေသည့် သူ ..၊ လုပ်တာက နည်းနည်း လေသံများများပစ်နေသည့် ဖိုးလုံး ..။ သူတို့သုံးယောက်ထဲမှ ဖိုးလုံး ထရပ်သည်။

"ပန်းလာဝယ်တာလား မသိဘူး ..၊ ဖိုးလုံး ပန်းဆောင်နေရာလေးကို လာခဲ့ဖို့ သွားကြိုလိုက်မယ် သိလား၊ ညနေဘက် ဖိုးလုံး ကို မိုးစက်မေကို ခေါ်သွားနော်"

ပန်းချီကားကြည့်ချင်သည့် ရောဂါအရှိန်မြင့်နေတာ သိသာနေသည်။ ခုလည်း စားသောက်ဖို့လာသည်လား .. ပန်းဝယ်ဖို့လာသည်





လားဆိုတာ မသိရသေးခင်မှာပင် ပန်ဝယ်အကြိုတွေဘာတွေ လုပ်ပေးဖို့ ဖိုးလုံး ပြေးထွက်သွားပါ၏။

ဒါမှ မှီ နှင့် ကားလေးလည်းစီးရင်း မိုးစက်မေလည်း ရောက်ရင်းဖြင့် ဖိုးလုံး ပျော်ရချေမည်ကိုး။ မှီ ကတော့ ရယ်လိုက်ကာ ပန်းခိုင်လေးတွေကို သစ်ကိုင်းသစ်ခက်လေးတစ်ခုမှာ ထိုးနေလိုက်သည့်အဖြစ် ..။ ထိုစဉ်ခိုက် ဖိုးလုံး ရောက်လာသည်။

"မမမှီ လူတစ်ယောက် ရောက်လာတယ်ဗျ ..၊ မနေ့က မမမှီ သွားပို့ထားတဲ့ အဲဒီပန်းချီကားလဲ ပါလာတယ်၊ သူ့လက်ထဲမှာ ပန်းရိပ်မြုံပန်းချီကား မှန်ဘောင်သွင်းထားတာကြီး ပါလာတယ်ဗျ ..၊ ဖိုးလုံး တွေ့လိုက်ရပြီ သိလား .. သိပ်လှတာပဲ .. တကယ့်ဓာတ်ပုံရိုက်ထားသလိုကို တူတာ သိလား..၊ အဲဒါပြောတာပေါ့ .. ဖိုးလုံး ပြောသားပဲ ဥစ္စာ သူများဝယ်သွားရင် မိုးစက်မေမှာ တွေ့ပါတော့မလားလို့ ..၊ ခု .. တကယ်ပဲ သူများဝယ်သွားပြီ သိလား၊ ဒါပေမယ့် တော်သေးတယ် .. အဲဒီ ဦးဦးက ဒီကိုရောက်လာလို့ပေါ့ ..၊ ဒါကြောင့် ဖိုးလုံး ပန်းချီကားကို မြင်လိုက်ရတာပေါ့ ..၊ အကယ်၍ မလာရင် ဘယ့်နှယ့်လုပ်မလဲ မြင်ကို မြင်ရတော့မှာ မဟုတ်ဘူး"

ပြောချင်တာတွေအားလုံး ဆက်တိုက်လေရှည်ပြီးမှ လက်ကလေး ပိုက်လိုက်ကာ ...

"အဲဒါ .. အဲဒီဦးဦးက ပြောတယ် ..၊ ဒီပုံဆွဲတဲ့သူ ဒီမှာရှိတယ်ဆိုတဲ့ .. ကိုမိုးချိုသာ ကို ပြောတာလားဆိုတော့ အဲဒီ ဦးဦးက ပြောတာက မဟုတ်ဘူးတဲ့ ခန့်ထည်ဝါ ကို ပြောတာတဲ့၊ ဖိုးလုံး အံ့သြသွားတာပဲ သိလား၊ လူလာမှားနေတယ် မမမှီ ရဲ့ ..၊ ဒါပေမယ့် ကိုကိုမိုးချိုသာရဲ့ ပန်းချီကားကိုကျတော့ ကိုင်လာတယ်လေ ..၊ အဲဒီပုံက ပန်းရိပ်မြုံရဲ့ပုံပဲ ဥစ္စာ .. ဖိုးလုံး မြင်တာနဲ့ သတာပေါ့ နော် ..၊ မမမှီ ပြောတော့ ကိုကိုမိုးချိုသာဆွဲတဲ့ပုံက ပန်းရိပ်မြုံရဲ့ပုံ ဆို..၊ ခုတွေ့တာလဲ ပန်းရိပ်မြုံရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံပဲဥစ္စာ"

ဖိုးလုံး ပြောနေခိုက်မှာ မို အလောတကြီး ထရပ်လိုက်မိရပါပြီ။ ဘုရားရေ .. ခန့်ထည်ဝါ ဆိုသည့်သူတစ်ယောက်နှင့် ပတ်သက်သူတစ်ယောက်ကဖြင့် ပန်းရိပ်မြုံသို့ ရောက်လာချေပြီကောလေ ..။

သူ့ကို ဖျတ်ခနဲ မို ကြည့်လိုက်တော့ သူ့မျက်နှာထက်မှာ ကြေကွဲရိပ် ထင်နေသည်ဟု မို ခံစားရသည်။ သူ့အကြည့်ကလည်း မို့ ထံမှာ တန့်နေသည်။

ခန့်ထည်ဝါ ဆိုသည့်အမည်ကိုတပ်၍ ရောက်လာသည့်သူတစ်ယောက်ဆိုတာကတော့ သူနှင့်ပတ်သက်ရာပဲ ဖြစ်ချေမည်ဆိုတာ အသေအချာပဲ ဖြစ်ချေသည်မို့ ..။ မကြာမလင့်မီမှာပင် သူသည် ဤ ပန်းရိပ်မြုံဆီမှ ထွက်ခွာသွားရချေတော့မည်ဆိုတာ အလိုလို နှစ်ယောက်စလုံး သိထားရပါ၏။

မို့ မျက်ဝန်းတွေမှာရော သူ့မျက်ဝန်းတွေမှာပါ ဝမ်းသာရိပ် ထင်မနေကြတာတော့ အမှန်ပါ ..။

"အဲဒီ ဦးဦး .. ဆိုင်ထဲမှာ ထိုင်စောင့်နေတယ် မမမို"

ဟု ဖိုးလုံး ပြောချိန်မှာ မို ဆိုင်ခန်းလေးဆီသို့ တံခါးလေးကို ဖြတ်ကူး၍ ဝင်လာရချိန်မှာ ဤတံခါးလေးတွေသည် သူနှင့် မို တို့အတွက် ခွဲခွာရာ တံခါးလေးတွေ ဖြစ်ချေသည်ပဲဟု တွေးမိရပါ၏။ သူကလည်း နောက်မှလိုက်လာသည်။

စားပွဲဝိုင်းနေရာမှာရှိသည့် ကုလားထိုင်မှာ ထိုင်နေရင်း ဟိုကြည့်သည်ကြည့်ဖြင့် ဘယ်ကများ ခန့်ထည်ဝါ ထွက်လာချေမည်လဲဆိုသည့် အတွေးဖြင့် စောင့်နေဟန်တူသည့် အသက်လေးဆယ်ကျော်ဝန်းကျင်ရှိ လူကြီးမှ ထရပ်လိုက်ပါ၏။

အသားညိုညို၊ ဖိန်ဖိန်ပါးပါးနှင့် နှာတံပေါ်သည့် ဦးလေးကြီးတစ်ယောက်ကို မို တွေ့လိုက်ရပါ၏။ ထိုဦးလေးကြီးမှ မျက်နှာထက်မှာ





စိတ်လှုပ်ရှားရိပ်တွေ ဖြစ်တည်လာရင်းမှ အလောတကြီးလည်း ရှေ့သို့ တိုးလာပါ၏။

"ငါ့ကောင်ကွာ .. အိမ်မှာဖြင့် မင့်ဒက်ဒီ စိတ်တွေပူနေပြီကွ ..၊ ဟိုတယ်ဖွင့်ပွဲလဲ မင်းမရှိဘဲ ဖြစ်ခဲ့ရပြီ..၊ အစ်ကိုကြီးခများ မင်း ပျောက်နေလို့ ဆေးရုံပြေးကြည့်ခိုင်း .. သူလဲ ဟိုရှာသည်ရှာနဲ့ ဒီရက်ပိုင်းအတွင်းမှာ ဘယ်ကိုလိုက်ရှာရမှန်းမသိအောင် မင်း ခြေရာဖျောက်ထားတာကိုး၊ ဒီကိုရောက်နေရင်လဲ ဖုန်းလေးဘာလေး လှမ်းဆက်ရောပေါ့ကွာ ..၊ အလင်းနု ရောက်မယ်ဆိုတာသိလို့ ရှောင်သွားတယ်ဆိုရင်လဲ ငါ့ကိုတော့ ဆက်သွယ်သင့်တာပေါ့ ငါ့လူရာ၊ ခု .. ငါ အဲဒီမိုးစက်မေဆိုတဲ့ ဆိုင်ကို ရောက်သကွ ..၊ ရောက်ရတာကလဲ အလင်းနု-က သူ ရန်ကုန် အပြန် တစ်ခုခုတော့ ဝယ်သွားချင်တယ်ဆိုပြီး မြို့ထဲကဆိုင်တကာ့ဆိုင်တွေကွာ သွားကြည့်လိုက် ဝယ်ချင်တာ ,ဝယ်လိုက် .. ကုန်တိုက်လဲ ဝင်သေးသကွ ..၊ သူ့အကြောင်း မင်း သိသားပဲ .. ငါက အဖော်အဖြစ် ကားတစ်စီးနဲ့ သူ့ကားနောက်က လိုက်ပေးရတာ၊ သူ့ကားက ရှေ့က မောင်း ငါက နောက်ကလိုက် အဲသလိုရှိရတာ .."

ပြောသမျှ မို နားထောင်နေသည့်နှယ် သူလည်း ငြိမ်သက်နားထောင်နေသည်။ သူ့မျက်နှာထက်မှာ စဉ်းစားရလွန်း၍ အားစိုက်မှုဒဏ်ကို ခံနေရသည့်နှယ် နဖူးကြောတွေ ထောင်နေတာကို မို မြင်နေရသည်။

သူ .. ထိုဦးဦးကို မှတ်မိနေပုံမရ ..။ တရင်းတနှီးနိုင်စွာ ငါ့လူ ငါ့လူနှင့် ပြောနေသည့် ထိုဦးဦး၏စကားကြောင့် ဟိုတယ်ဖွင့်ပွဲဆိုတာကိုလည်း မို ကြားနေရသည်။ အလင်းနု ဆိုသည့် အမည်ကိုလည်း မို ကြားနေရသည်။

သူ့ကို အကဲခတ်သလို မို ကြည့်မိရပါ၏။ အလင်းနု ဆိုသည့် အမျိုးသမီးတစ်ယောက်သည် သူနှင့် မည်သည့်အတိုင်းအတာအထိ



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်နေပါသတဲ့လဲ ...။

"အဲဒါကွာ မိုးစက်မေဆိုတဲ့ စတိုးဆိုင်ရှေ့မှာ အလင်းနု ရဲ့ကားရပ်သကွ ...၊ အဲဒီဆိုင်က မျက်နှာစာမှာ မှန်ချပ်ကြီးတွေနဲ့ အခန်းဖွဲ့ထားတာဆိုတော့ ချယ်ရီခက်တွေ ဖြိုင်ပွင့်နေတဲ့ စဥ့်ပန်းအိုးကို လှမ်းတွေ့တယ်ဆိုပြီး သူက ငါ့ကို ပြောသကွာ ...၊ သူ့ကားရပ်လို့ ငါ့ကားလည်းရပ်ရ .. ကားပေါ်က မဆင်းပဲရှိနေလို့ ငါ့မှာ သွားမေးကြည့်ရတော့ အဲဒါကို ပြောသကွ .. သွားဝယ်ပေးပါတဲ့ ...၊ ဘယ်လောက်လဲဆိုတာလည်း ဈေးနှုန်း မေးပေးပါတဲ့ ... ပန်းအိုးလဲ ယူလာပါတဲ့ ...၊ သူ အဲဒီပိုက်ဆံကို အဲဒီအခါကျတော့မှ တစ်ခါထဲ ငါ့ကို ပေးမတဲ့ကွာ ...၊ မင်းကြည့်မရတာလဲ ငါ အပြစ်မပြောပေါင် မောင်ရာ .. လေးလေးဆွေကို ပိုက်ဆံတောင် တစ်ခါတည်း မပေးဘူးကွ ...၊ တစ်ကျော့သွားပြောသူပေးမှ ငါက ဆိုင်မှာသွားရှင်း အဲသလိုလုပ်ရမတဲ့ ...၊ လူပျိုကြီး ငါ့မှာ ရှက်တာပေါ့ကွ ...၊ အဲဒီပန်းအိုးဖိုး ပန်းပင်ဖိုးဆိုတဲ့ဥစ္စာ ငါကစိုက်ပြီး ငါးထောင်ပေးခဲ့တယ်၊ သူ့ဆီရောက်တော့ ငါးထောင်ပါဆိုပြီး ငွေပြန်ယူရတာပေါ့ကွ ...၊ စောစောပိုင်းတစ်ခေါက် ပန်းအိုးဖိုး ဈေးနှုန်းသွားမေး ပန်းအိုးကြီးပွေ့ပြီး သူ့ကားနောက်ခန်းမှာထည့် ... ငါ စိုက်ဝယ်ခဲ့ရတဲ့ ပိုက်ဆံ သူ့ဆီကနေပြီး ပန်းဖိုးမချေရသေးသလိုလိုနဲ့တောင်း ဆိုင်ထဲပိုက်ဆံပြန်သွားပေးသလိုလိုနဲ့ မှင်သေသေလေး ငါ ပြန်ဝင်ခဲ့တော့မှ မင့်ပန်းချီကားကြီး ငါ တွေ့သကွ ...၊ တော်သေးတာပေါ့ မောင်ရာ အလင်းနု ခြေရှုည်ပြီး သူကိုယ်တိုင် အဲသဟာ ပန်းအိုးကြီး ဝင်မဝယ်ပေလို့"

လေးလေးဆွေ ...၊ မှီ သိလိုက်ရသည်က ထိုဦးဦးသည် လေးလေးဆွေ ဆိုသည့် သူတစ်ယောက် ဖြစ်နေပြီ။ တရင်းတနှီးနိုင်စွာ ပြောနေသည့် လေးလေးဆွေ နှင့် သူသည် ဘယ်လိုတော်စပ် ပတ်သတ်သည်ဆိုတာကိုတော့ မှီ မသိ ...။





လေးလေးဆွေ၏အပြောကြောင့်ပင်လျှင် မှီ သိလာရသည်က အလင်းနု ဆိုတာကို သူ သဘောမကျဆိုသည့်အချက်ပါ ...။ လေးလေးဆွေ ကလည်း ထို အလင်းနု ဆိုသည့်သူကို သဘောတွေ့ပုံ မရ ...။

"စောစောတုန်းကတော့ အလင်းနု ကိစ္စ ရှုပ်နေတာနဲ့ ပန်းအိုးဈေးမေးဟယ် ပန်းအိုးသယ်ဟယ်နဲ့ ရှိခဲ့ရသကိုး ...၊ ခုကျတော့ အလင်းနုဆီကပိုက်ဆံကို မှင်သေသေနဲ့ ငါပြန်ယူပြီး ပန်းဖိုးရှင်းသလိုလိုနဲ့ ကိုယ့်ပိုက်ဆံကို ကိုယ့်အိတ်ထဲပြန်ထည့်ဖို့ လာတာဆိုတော့ ဟိုဟိုသည်သည် အဲဒီအခါမှ ကြည့်မိသကွ ...၊ အဲဒီကျတော့မှ မင့်ပန်းချီကားကြီး ငါတွေ့တာလေ ...မင့်လက်မှတ် ငါ သိသကိုးကွ ...၊ စမ်းသာအားရကြီး ပြေးကပ်ကြည့်မြှော မင်းသေချာနေတာမို့ ငါ့မှာလေ ဟိုသူငယ်မ အလင်းနုမသိရအောင် မင်းဆီလာမှဖြစ်မှာဆိုပြီး ဆိုင်ရှင် ဘယ်သူလဲမေးရ ဆိုင်ရှင်အမျိုးသမီးကို အဲဒီပန်းချီကား ငါဝယ်ပါ့မယ် ခဏတော့ စောင့်ပါဆိုပြီး ငါ့ကားဆီ ငါ ပြန်လာရသကွ ...၊ အလင်းနု ကတော့ ထုံးစံအတိုင်း သိပ်စိတ်ရှည်တာမဟုတ်ဘူး ဆိုင်ထဲက ငါထွက်လာတာနဲ့ သူ့ကားကထွက်ပြီ ...၊ ငါ့မှာ သူ့ကားနောက် လိုက်ရတာပါပဲကွာ ...၊ အဲဒါ ဟိုတယ်ပြန်ရောက်တော့ သူ့အခန်းထဲ သူပြန်ရော ငါလည်း မင်းဒက်ဒီဆီ ပြေးတာပဲ ...၊ အစ်ကိုကြီး မရှိဘူးကွ .. သူလည်းကျိတ်ပြီး မင်းကို ရှာနေတာ ...၊ အဲဒါ ကားတစ်စီးနဲ့ အရှာထွက်နေတယ် ထင်ပါရဲ့ကွာ"

လေးလေးဆွေ ပြောပြီး သူ့ကိုကြည့်ကာ ...

"သားအဖချင်းပဲကွာ ... အလင်းနု ကို မကြိုက်ရင်လဲ ပြောပြလိုက်ပေါ့ ငါ့လူရာ .. ခုလို ရှောင်မနေနဲ့ ...၊ ဘာမပြောညာမပြော မင်း ရုတ်တရက်ကြီး ပျောက်ချက်သားကောင်းသွားတာတော့ မဟုတ်ဘူး ငါ့လူ အားလုံး စိတ်ပူရတယ်ကွ ...၊ ငါတောင်မှကြည့် .. ပူရတာပဲ၊ ခုလဲ ငါ စုထားတဲ့ပိုက်ဆံယူလာပြီး ပန်းချီကားလဲ တကယ်ဝယ် အဲဒီပန်းချီဆရာ ဘယ်မှာနေလဲလို့လဲ မေးတော့ ဆိုင်ရှင်အမျိုးသမီးလေးက ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဖို့လာအပ်တဲ့သူပဲ သိတယ်ဆိုပြီး ပန်းရိပ်မြုံဆိုင်ရဲ့ လိပ်စာရယ် လဝန်းမှီ ဆိုတဲ့ နာမည်ရယ် အဲဒါပြောပြတာပဲ၊ အဲဒါနဲ့ ငါလိုက်လာတာ ဒီရောက်တော့မှ မင်းဆွဲတဲ့ပုံက ဒီပန်းရိပ်မြုံဆိုတဲ့ဆိုင်ရဲ့ပုံ ဖြစ်နေတာကိုး ..”

ဟု ပြောနေသမျှ ခုကျတော့ နားထောင်သူဆိုတာက မှီ နှင့် ဖိုးလုံး တို့သာ မဟုတ်တော့ပြီ။ ဒေါ်လေးထား ရော ဘဘညို ရော ရောက်လာကြပြီ။

သူကတော့ ဘာမျှဝင်မပြောသေးဘဲ ငြိမ်၍ နားထောင်သူသက်သက် ဖြစ်နေသည်။

“ဧည့်ခန်းမှာ ဧည့်သည်ကို ခေါ်သွားလိုက် မှီ”

ဟု ဒေါ်လေးမှ ပြောလာတာမို့ မှီ လေးလေးဆွေ ကို ဧည့်ခန်းသို့ ခေါ်လာရပါ၏။ လေးလေးဆွေ ကိုယ်တိုင်ကလည်း ဘာကြောင့် ဒီလို သူ ဤပန်းရိပ်မြုံသို့ ရောက်ရှိနေရသည်ဆိုတာ တွေးမရပုံကြီးဖြင့် လိုက်လာသည်ပါပဲ ..။

ဒေါ်လေးထား ကကော့ ဘဘညို နှင့် ဖိုးလုံး ကို အပြင်မှာနေခဲ့ဖို့ အဝယ်လာလျှင် ရောင်းဖို့ပြောကာ ဧည့်ခန်းဆီသို့ လိုက်လာပါ၏။

“မင့်သတင်း ခြေရာခံမိပြီဆိုတာ ဟိုတယ်ရောက်တော့ အစ်ကိုကြီးကို မတွေ့တာမို့ အစ်ကိုကြီးဖုန်းကို ငါ ဆက်သေးသကွ ..၊ ဖုန်းက စက်ပိတ်ထားတာနဲ့ချည်း တိုးနေတယ်၊ ဒါမှမဟုတ်ရင်ဖြင့် အစ်ကိုကြီး ဒီကိုလိုက်လာလောက်ပြီ ..၊ ဟိုဆိုင်ရှင်ဆီက ရတဲ့လိပ်စာ ငါ အစ်ကိုကြီးကို ပြောပြမှာပေါ့ကွ”

ဟု လေးလေးဆွေ ဆက်ရှင်းနေရင်း ထိုင်လိုက်ချိန်မှာ သူ့နှုတ်ဆီမှ စကားသံ ပထမဆုံးပွင့်ကျလာသည်က အေးစက်စက် ဖြစ်သွားကာ ခေါင်းတခါခါဖြင့် ...

“ဝမ်းနည်းပါတယ် ဦး ..၊ ကျွန်တော် ဦးကို မမှတ်မိပါဘူး”





လေးလေးဆွေ အမ်းခနဲ ဖြစ်သွားကာ ခေါင်းတခါခါဖြင့် ...

“ဘာအချိုးလဲ ငါ့လူ လေးလေးဆွေ လေကွာ .. မင့်ကို ငယ်ငယ်ကတည်းက အလိုလိုက်ခဲ့တဲ့ လေးလေးဆွေ ..၊ မင်း အူကြောင်ကြောင် မလုပ်နဲ့နော် ..၊ အလင်းနု နဲ့ မဆုံချင်တိုင်း ဒီအပေါက် မချိုးနဲ့ .. တခြားလူ သွားလုပ် .. ငါ့ကို လုပ်လို့မရဘူး၊ ဒီမယ် ငါ့မှာဖြင့် အလင်းနု လာမယ်ဆိုတာ မင့်ကိုအာချောင်တာ ငါပဲဆိုပြီး အစ်ကိုကြီးကလဲ သိပ်မသက်ာချင်ဘူးကွ ..၊ ငါ့မှာဖြင့် အာလဲမချောင်ရ ဘာမှလဲ မပြောရနဲ့ ရှိခဲ့ရတာပါကွာ ..၊ ကဲ .. ထ .. ပြန်မယ်”

ဟု ပြောတော့မှ ဒေါ်လေးထား မနေသာတော့တာမို့ အဖြစ်စုံကို ပြောပြရပါ၏။ ထိုအခါကျတော့မှ လေးလေးဆွေ ခမျာ သူ့ကို ကြည့်-မှီ့ ကိုကြည့်ဖြင့် နားထောင်ရှာပါ၏။

“မယုံနိုင်အောင်ပဲ ငါ့လူရာ .. အံ့သြချက် ကြီးပါ့ကွာ ..၊ မင်း သေချာကြည့်စမ်း ဖိုးခန့် .. လေးလေးဆွေ ကွာ .. မင့် လေးလေးဆွေ”

ဟု ပြောနေပေမယ့် သူ ခေါင်းပဲခါနေသည်။

“မမှတ်မိဘူးဗျာ .. ပြီးတော့ ပြောတဲ့အထဲမှာ ပါတဲ့နာမည်-ဘယ်သူ အလင်းနု ဟုတ်လား .. သူ့လဲ မသိဘူး၊ ဦးပဲပြောတာနော် .. ဦး ရဲ့ ငါ့လူဆိုတာက အဲဒီ အလင်းနု ဆိုတာကို မကြိုက်ဘူးဆို ..၊ ကျွန်တော်က အဲဒီကို သွားလို့ဘယ်ဖြစ်မလဲ”

ဟု ပြောတော့ လေးလေးဆွေ မှ ရင်မောသံကြီးဖြင့် ...

“ငါ့လူဆိုတာက မင်းကွ .. မင်း .. ခန့်ထည်ဝါ ဆိုတဲ့ မင်း ..၊ ဘယ့်နှယ့်ပြောလိုက်တာလဲ ငါ့လူရာ ..”

ဟု ညည်းနေသည်။ မယုံနိုင်သလိုလည်း တကြည့်ကြည့်ဖြင့် ရှိနေပါ၏။

“ကျွန်တော့်နာမည် မိုးချိုသာ ပါ”

“အဲဒါ ဟိုတုန်းက မင့်ကို သူတို့ပေးထားတဲ့ နာမည်ဆိုကွ ..၊



www.burmeseclassic.com

www.burmeseclassic.com



ခုပဲ ဒီက မမလေး ပြောပြတဲ့ဥစ္စာ .. မရှုပ်ပစ်နဲ့ ငါ့လူ"

ဒေါ်လေးထား ကို ကြည့်ကာ သူ့ကိုပြန်ကြည့်ရင်း လေးလေးဆွေ ပြောလာတော့ သူ ခေါင်းခါသည်။

"မသိဘူးဗျာ .. အဲဒီ အလင်းနု ဆိုတာကို ဦးပြောတာတစ်ခုတည်းနဲ့ ကျွန်တော် ကြိုးလန့်နေပြီ ..၊ ရှုပ်ရှုပ်ယှက်ယှက်ဗျာ .. မလိုက်ဘူး"

ခြေကန်ငြင်းနေသည့် သူ့ကို မှီ ကြည့်ကာ ဖျောင်းဖျမှ ဖြစ်ချေမည်မို့ ...

"မဟုတ်ဘူးလေ .. အစ်ကိုမိုးချိုသာ ဆိုတာက နာမည်တစ်ခုရှိဖို့ လူတစ်ယောက်မှာ လိုကိုလိုအပ်တာမို့ မှီ တို့ပေးထားတဲ့ နာမည်ပဲ ဥစ္စာ၊ အခုက ခန့်ထည်ဝါ ဆိုတဲ့ နာမည်ကိုလဲ ပြန်မှတ်မိခဲ့ပြီပဲ ..၊ ဒီပန်းချီကားကြောင့်လဲ အစ်ကိုခန့်ထည်ဝါ ရဲ့ လေးလေးဆွေ လဲ ရောက်လာပြီပဲ..၊ အစ်ကို့ဒက်ဒီကလဲ စိတ်ပူနေတယ်ဆိုတာ သိနေပြီပဲ .. လိုက်သွားနော်"

ဟု ပြောတော့ သူ လေးလေးဆွေ ကို ကြည့်သည်။ စိတ်ညစ်နေပုံကြီးဖြင့် ရှိနေတာလည်း သိသာနေသည့် သူ့နှုတ်ဆီမှ ...

"ဘာကိုမှ မမှတ်မိရတဲ့အထဲမှာ အဲဒီ အလင်းနု ဆိုတဲ့ ဥစ္စာကလဲ ကြားနေရပြန်တော့ ဘာမှန်းညာမှန်းကို မသိဘဲ ပိုစိတ်ညစ်လာတယ်ဗျာ..၊ အဲပါ လေးလေးဆွေ ပဲ ထားပါ .. အဲဒီ အလင်းနု ဆိုတာ ဘာလဲဗျ .. လေးလေးဆွေ ကျွန်တော့်ကို ပြောပြပါဦး"

ဟု မေးလာတော့ လေးလေးဆွေ ဟင်းခနဲပါအောင် သက်ပြင်းချရင်း ...

"မင်းကိုကြိုက်နေသကွာ ..၊ ကဲ.. ရှင်းရော.. မင်းက ပြန်မကြိုက်ဘူးကွာ ..၊ အဲဒါ ပိုရှင်းရော .. ကိုင်း .."

ဟု စိတ်မောသံကြီးဖြင့် ပြောလာတော့ မှီ့ စိတ်တွေ လှုပ်ခတ်သွားရသည်က ကြည်နူးမှုဆန်နေသည်။ သူက ထို အလင်းနု ဆိုတာကို မနှစ်သက်တာ သိလိုက်ရတာမို့ ဘာကြောင့် မှီ့ ရင်ထဲမှာ ကြည်နူး





သွားချင်ရပါသတဲ့လဲ ..။

သူကလည်း ခေါင်းတခါခါဖြင့် စိတ်တွေရှုပ်ထွေးနေသည့်ပုံ ဖြစ်နေသည်။ လေးလေးဆွေ ထရပ်လိုက်ကာ ...

"ဒီဆိုင်မှာ ဖုန်းရှိလား ခင်ဗျာ"

ဟု မေးတော့ သူ လက်ကာပြန်၏။

"မဆက်ပါနဲ့ဗျာ .. ဘယ်ကိုဆက်မှာလဲ ..၊ အဲဒီ အလင်းနု ဆိုတာကိုလား"

ဟု မေးနေသည်။

"အစ်ကိုကြီးဆီ ဆက်မှာကွာ ..၊ ဘယ့်နှယ့် .. ငါ ငြိမ်နေလို့ဖြစ်မလား ငါ့လူရာ ..၊ မင့်ဘာသာ အတိတ်မေ့လဲ အစ်ကိုကြီး ဆေးဆက်ကုလိမ့်မယ် ..၊ မင့်ကို တွေ့တာတော့ ပြောမှကိုဖြစ်မှာ ငါ့လူရ"

ဟု ပြောနေတာမို့ မှီ့ ဆိုင်လေးမှာ ရှိပါသည့် ကြိုးဖုန်းလေးရှိရာသို့ ခေါ်လာရသည်ပါပဲ။ သူပြန်လိုက်သွားရတော့မှာကို မှီ သိနေသည်။ ရင်ထဲမှာ ဘာကြောင့်ရယ်မသိ ဟာနေသည်ပါပဲ ..။

ဒါပေမယ့် သူ့ဒက်ဒီသည် သားရှိရာကို လိုက်လာခွင့် ရှိသင့်သည်လေ။ ဒါမှ မျှတမည်။ ဆိုင်မှာက စားသောက်သူတို့ ဖုန်းပြောဖို့ ရှိလာလျှင်လည်း ဖုန်းပြောနိုင်သည်။ မှီ တို့လည်း ဖုန်းပြောခ,ရသည်။ ပြီးတော့ မှီ့ ထံသို့ ပန်းပို့ဖို့ မှာသူရှိလျှင်လည်း ပို့ပေး၍ ရသည်။ အစားအသောက် အော်ဒါ မှာလျှင်လည်း လုပ်ကိုင်ပေး၍ ရသည်။ ဒါကြောင့် မှီ့ ဆိုင်လေးမှာ ဖုန်းလေး ရှိရပါ၏။

ခုကျတော့ ဤဖုန်းလေးသည် သူ့ကို ပန်းရိပ်မြုံဆီမှ ခေါ်သွားဖို့ သူ့ဒက်ဒီထံ အကြောင်းကြားပေးရာ ဖြစ်သွားရချေပြီတကား..။

လေးလေးဆွေ ကတော့ ဖုန်းခေါ်နေပြီ။ မှီ့ ရင်ထဲမှာ ကျင်ခနဲ ခံစားရပါ၏။ ဪ .. မကြာမတင်မီမှာ သူသည် လေးလေးဆွေ နှင့်အတူ ပြန်လိုက်သွားရချေမည်သာ။ သူ လိုက်ချင်သည်ဖြစ်စေ မလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်ဖြစ်စေ လိုက်သွားရချေမည်သာ …။ ဤတစ်ကြိမ်မှာတော့ ဖုန်းခေါ်၍ ရပါ၏။

"အစ်ကိုကြီး … ဟိုတယ်ပြန်ရောက်နေတာလား …၊ သက်ဆွေပါ အစ်ကိုကြီး …၊ ဒီဖုန်းနံပါတ်က ပန်ရိပ်မြုံနံပါတ်မို့ အစ်ကိုကြီး မသိတဲ့ နံပါတ်အသစ်တစ်ခု ဖြစ်နေတာပါ …၊ ဟုတ်ကဲ့ … ဒီကဆက်တာက ခန့်လေး ကို ဒီမှာတွေ့လို့ အစ်ကိုကြီး"

ဆိုတာတွေ ကြားနေရသည်။

မို ဧည့်ခန်းဆီသို့ ပြန်လာခဲ့ရပါ၏။ သူကတော့ ဆက်တီထိုင်ခုံမှာ မှိုင်၍ ထိုင်နေသည်။ မျက်နှာကြီး ညိုနေ၏။ ရှုပ်ထွေးနောက်ကျိနေပုံလည်း ရသည်။ မျက်ခုံးကြောကြီးတွေ ရှုံ့နေသည်။

လေးလေးဆွေ ပြန်လာထိုင်ပါ၏။ သူ့ကို ကြည့်ကာ …

"အတိတ်မေ့သွားတယ်ဆိုတာ ငါ့ဖြင့် အံ့ရောကွာ"

ဟု ညည်းသည်။

"မင်း ပန်းချီဆွဲထွက်သွားတာပါဆိုပြီး မင်း မက်ဆေ့ချ်ပို့ထားတာတွေ ဘာတွေတောင် အစ်ကိုကြီးက အလင်းနု ကို ပြသေးတာ၊ မင်းက ဒီမှာ တကယ့်ကိုလှုပြီး ပန်းချီဆွဲနေတာကိုး …၊ နေစမ်းပါဦး … အလင်းနု ကို မတွေ့ချင်ရင်လဲ သားအဖချင်း ညှိပေါ့ကွ …၊ အစ်ကိုကြီးခမျာ မင်း မက်ဆေ့ချ်ပို့ထားသလေးဘာလေးနဲ့ ပြောပေမယ့် လိုက်လိုက်ရှာနေတာ ငါအသိ … ငါ့ကိုလဲ ရှာခိုင်းနေတာကွ၊ အဲဒါကြောင့် အစ်ကိုကြီးကို မင်း မက်ဆေ့ချ်ပို့တယ်ဆိုတာတောင် ငါက ဟုတ်ပါ့မလားလို့ ထင်နေမိတာ"

ဟု ပြောနေခိုက် သူကတော့ ခေါင်းကြီးမတ်လာကာ …

"အလင်းနု ဆိုတဲ့ နာမည်ကြီး မကြားချင်ဘူးဗျာ …၊ မမှတ်မိရတဲ့ အထဲ ဒီကိစ္စက တစ်မျောင့် …၊ မိန်းမတစ်ယောက်ရဲ့ နာမည်တစ်ခုက လာလာပတ်သက်နေတာကို ကျွန်တော် မကြိုက်ဆုံးပဲ"





ဟု စိတ်လိုက်မာန်ပါကြီး ပြောလာသည့် လေသံက အတန်မျှ မာကြောကြောနိုင်နေတာ အမှန် …။ မို ပင်ပလန့်သွားရပါ၏။

သူ့ကို ကြည့်လိုက်တော့ မျက်ဝန်းတွေ လက်တောက်နေကြကာ စိတ်ရှုပ်နေသည့်သူတစ်ယောက်၏ မျက်နှာအဖြစ်ပဲ မြင်လိုက်ရပါ၏။

သူ့ကို မို ယုံပါသည်။ သူ အတိတ်ကို မေ့နေသည်ဆိုတာကိုလည်း ယုံသည်။ အလင်းနု ဆိုသည့် အမျိုးသမီးတစ်ယောက်ကို မနှစ်မသက်ဖြစ်သည်ဆိုတာကိုလည်း ယုံသည်။

လောလောဆယ်မှာ သူသည် မမှတ်မိသည့်အရာတွေထဲမှာ နစ်မြုပ်နေရင်း စိတ်တွေရှုပ်ထွေး ပင်ပန်းနေသည်ဆိုတာကိုလည်း ယုံကြည်ပါသည်။ သူသည် ဟန်ဆောင်တတ်သူမဟုတ်မှန်း မို ယုံကြည်နေမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

မာစီဒီးကားနက်ကြီး ပန်းရိပ်မြုံရှေ့သို့ ရောက်လာချိန်မှာ လေးလေးဆွေ ခပ်သုတ်သုတ် ပြေးကာ အကြိုသွားလိုက်ပေမယ့် ကားတံခါးက အရင်ပွင့်သွားကာ အလောတကြီး ဆင်းလာသည့် လူကြီးတစ်ယောက်ကို မို လည်း လေးလေးဆွေ နောက်မှ လိုက်လာတာမို့ တွေ့လိုက်ရပါ၏။

အသားညိုညို ရုပ်ရည်သန့်ပြန့်ပါသည့် အသက်ငါးဆယ်ကျော်အရွယ် အန်ကယ်ကြီးကတော့ အလောတကြောပင် ဟိုဟိုသည်သည်ကြည့်နေပါ၏။

မည်သူ့ကို ရှာနေခြင်းဆိုတာ မို သိသည်ပါပဲ။

ဟုတ်သည် ..၊ မို တို့က မိုးချိုသာ ဟု အမည်ပေးထားသူ ..။ ခန့်ထည်ဝါ ဆိုသည့် လက်မှတ်တစ်ခုကို အလိုအလျောက် ထိုးမိသွားပါသည့် ပန်းချီဆရာတစ်ယောက် ..။

ယခု ထိုသူ၏ဖခင်ဆိုသူသည် ပန်းရိပ်မြုံသို့ ရောက်လာချေပြီတကား..။ ရှာနေသူသည်လည်း ခန့်ထည်ဝါ ဆိုသည့် သားတစ်ယောက်ပဲ ဖြစ်ချေမည်သာ ..။





လောလောဆယ်မှာတော့ ဆိုင်လေးထဲမှာ စားသောက်သူ သုံးလေးယောက်လောက်မျှသာ ရှိနေတာမို့ ဘဘညို နှင့် ဖိုးလုံး တို့ပဲ နိုင်နိုင်နင်းနင်း လုပ်ကိုင်ပေးနေနိုင်ကြပါ၏။ ဒေါ်လေးထား လည်း ဧည့်ခန်းမှာပဲ ရှိနေသည်။

မို ဦးဆောင်ခေါ်ခဲ့ရာ ဧည့်ခန်းဆီသို့ မှန်တံခါးချပ်လေး တွန်းဖွင့်၍ အန်ကယ်ကြီးကလည်း လိုက်ဝင်လာပါ၏။ ခုထိ ဧည့်ခန်း ဆက်တီထိုင်ခုံနေရာလေးမှာ ငူငူငိုင်ငိုင်ကြီး ငြိမ်ထိုင်နေသည့် သူ့ကို တွေ့တော့ အန်ကယ်ကြီးမှ ...

"သား .. ခန့်လေး .."

ဟု ခေါ်ပေမယ့် မော့ကြည့်ငေးနေပါသည့် သူ့မျက်ဝန်းတွေမှာ မှတ်မိသည့် အရိပ်အယောင်တွေ ထင်မလာကြပဲ စိတ်ရှုပ်ပင်ပန်းနေသည့်သူတစ်ယောက်၏ မျက်နှာပဲ ဖြစ်နေလေသည်။

အန်ကယ်ကြီးမှ ခြေလှမ်းကြဲကြီးဖြင့် သူ့ဆီသို့ သွားရပ်သည်။ နောက်တော့ သူ ထိုင်နေရာ နှစ်ယောက်ထိုင် ဆက်တီထိုင်ခုံမှာ အလောတကော ထိုင်သည်။ ရပ်နေစဉ်မှာလည်း သူ့မျက်နှာကိုသာ စိုက်ကြည့်နေကာ ထိုင်လိုက်တော့လည်း သူ့မျက်နှာကိုပဲ မမှိတ်မသုန် စိုက်ကြည့်နေသည်ပါပဲ ..။

ဖျတ်ခနဲ သူ့လက်ကိုဆွဲလိုက်ကာ မလွှတ်စတမ်းကြီး ဆုပ်ကိုင်ထားရင်းမှ ...

"ဒက်ဒီ ခုမှ သိရတာ ..၊ သားရဲ့ လေးလေးဆွေ ဖုန်းနဲ့ပြောပြတော့မှ သိရတာ ..၊ သား အတိတ်မေ့နေတာတွေ၊ ဘာကြောင့် မေ့သွားရတာတွေ၊ ဒီက မိန်းကလေးတို့မိသားစုက စောင့်ရှောက်ထားတာတွေ အားလုံး သိခဲ့ရတာ ..၊ လာ .. လာ .. ဒက်ဒီနဲ့ ပြန်လိုက်ခဲ့ ..၊ ဟိုမှာ သားကို ဒက်ဒီ အားလုံး ပြန်ကောင်းအောင် ဆေးကုပေးမယ်၊ ဒီက မိန်းကလေးနဲ့ ညီမကိုလဲ ကျေးဇူးတင်ပါတယ်၊ ထပ်ပြီးတော့လဲ လာတွေ့ပါမယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားကို ခုလို စောင့်ရှောက်ထားတာကိုပဲ ကျေးဇူးတင်လှပါပြီ"

ဟု ပြောနေတော့လည်း သူ ငြိမ်နေသည်။ မှီ ကို ကြည့်သည်။ ခေါ်လေးထား ကို ကြည့်သည်။ ဒက်ဒီပါဟု ဝမ်းနည်းဝမ်းသာကြီးဖြင့် ပြောရင်း သား၏လက်ကို ဆုပ်ကိုင်ထားပါသည်။ အန်ကယ်ကြီးကိုလည်း ကြည့်သည်။ နဖူးကြောတွေ ထောင်ထလာကာ ခေါင်းကိုလက်ဖြင့် တစ်ချက် ဖေးအုပ်ပစ်ရင်းမှ ...

"ကျွန်တော် မမှတ်မိနေဘူး အန်ကယ်"

ဟု ပြောလာစဉ်ခိုက်မှာ မျက်ရည်ကျလာသည်က ဦးဇေယျာ ပါ...။

"ရပါတယ်ကွာ .. ဒက်ဒီ့ကို မမှတ်မိဘဲရှိနေရင်လဲ ရှိနေပါစေ...၊ ဒက်ဒီ့သားကို ဒက်ဒီ ပြန်တွေ့ရတာပဲ ဟုတ်လှပါပြီ ...၊ ကဲ .. ကဲ .. ပြန်ကြစို့"

ဟု ပြောလာတော့ သူ မှီ ကို ကြည့်လာပါ၏။ မှီ အားယူ၍ ပြုံးပြကာ ခေါင်းလေးညိတ်ပြသည်။ လိုက်သွားပါ ဆိုသည့်သဘော ...၊ သူ့မျက်နှာ ညှိုးခနဲ ဖြစ်သွားပါပြီ ...။

"မှီ တို့အတွက် တာဝန်ပေါ့အောင် လိုက်သွားနိုင်းတာ မဟုတ်ပါဘူး အစ်ကိုမိုးချိုသာ ...၊ အဖေကို တွေ့ပြီဆိုတော့ အဖေနဲ့ လိုက်နေရမှာပေါ့ ...၊ မှီ တို့ဆီမှာ နေရထိုင်ရတာထက် အစ်ကိုမိုးချိုသာ ရဲ့ ဒက်ဒီ့ဆီမှာ နေရထိုင်ရတာက ချမ်းချမ်းသာသာနဲ့ သက်သောင့်သက်သာ နေရတာပါ ...၊ ဒီမှာက မှီ တို့ တတ်နိုင်သလောက် စီစဉ်ပေးထားရတာ ကားဂိုဒေါင်အပေါ်ထပ်လေးမှာ နေရတာလေ"

ဟု မှီ ပြောတော့ သူ ခေါင်းခါသည်။ မျက်ရည်လည်လာသည်။

"မဟုတ်ဘူး ...၊ ဒီမှာနေရတာ ကျွန်တော် ပျော်ပါတယ်၊ ဘာမှ ဒုက္ခရောက်နေတာမျိုးလဲ မရှိပါဘူး၊ အားလုံး နေသားတကျ ရှိနေတာပဲ မှီ .."

ဟု ပြောရှာပါ၏။





မှီ တို့က လက်မခံချင်၍ ပြန်ခိုင်းသည်ဟု ထင်မှာစိုးတာမို့ မှီ ရှင်းပြစဉ်မှာ သူ မသွားချင်တာကိုပဲ ထည့်ပြောလာချေသည်မို့ အန်ကယ်ကြီးမှာ မျက်နှာမကောင်းရှာ ...။ မှီ တွေ့နေရတော့လည်း သနားရသည် ပါပဲ ...။

"အန်ကယ့်နာမည် ဦးဇေယျာ ပါကွယ် ...၊ တော်ဝင်ဟိုတယ်က သားရဲ့ဟိုတယ်ပါ .. ခုမှဖွင့်တာပါ .. အဲဒီကို ခေါ်သွားမှာပါ ...၊ သားကလဲ ဒက်ဒီ့ကို မမှတ်မိနေသေးရင်တောင်မှ ဒက်ဒီဆိုတာကိုတော့ လက်ခံသင့်နေပြီလေကွယ် ...၊ ကိုယ့်သားအရင်းမဟုတ်ဘဲ ဘယ်သူက ဒက်ဒီ့ဟိုတယ်ကြီးတစ်ခုလုံးကို အပ်ပါ့မလဲ"

ဟု ပြောနေခိုက်မှာ မှီ ပြုံး၍ ခေါင်းလေးညိတ်ပြမိရပြန်ပါ၏။

"ဟုတ်တာပဲ မောင်မိုးချိုသာ .. လိုက်သွား .. လိုက်သွား ...၊ အန်တီထား တို့ကလဲ မိုးချိုသာ ဆိုတဲ့ နာမည်ကို နှုတ်ကျိုးနေလို့သာ ခေါ်နေမိရတာ .. တကယ်က ခန့်ထည်ဝါ ဆိုတဲ့ သူဌေးသားတစ်ယောက် ဖြစ်နေတာ မဟုတ်လား၊ အန်တီထား တို့ဆီ အလည်လာလို့ ရတာပဲ၊ ဒက်ဒီ့ကိုလဲ ဒက်ဒီလို့ အခုချိန်ကစပြီး ခေါ်လိုက်တော့ ...၊ ကံကောင်းထောက်မလို့ ဒီလောက်အချိန်တို ရက်တိုလေးအတွင်းမှာ သားအဖချင်း ပြန်ဆုံဖြစ်ရတာကွယ့် ...၊ ဒေါ်လေးထား တို့ကလဲ ကူညီစောင့်ရှောက်ရမယ့် လူ့စိတ်တစ်ခုတည်းနဲ့ လူလေးကို ကူညီခဲ့ကြတာ၊ ခု အဖေကို ပြန်တွေ့ပြီ .. ပြန်လိုက်သွားရမယ့်ဝတ္တရား လူလေးမှာ ရှိနေသလို လိုက်သွားဖို့ တိုက်တွန်းရမယ့်ဝတ္တရားလဲ ဒေါ်လေးထား တို့မှာ ရှိနေတယ်ကွယ့် ...၊ ကဲ .. ကဲ .. လိုက်သွားတော့ .. လိုက်သွားတော့"

ဟု ပြောလာတော့ သူ ငိုင်နေပါ၏။ မလိုက်ဘဲနေ၍လည်း မဖြစ်ချေပြီဆိုတာ နားလည်လာပုံလည်း ရသည်။

"ဒါဆိုရင် ဒီလိုလုပ်ပေးပါ ဒက်ဒီ"

ဒက်ဒီ ဟု စတင်၍ သူ့နှုတ်မှ ခေါ်လာတော့ အန်ကယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးဇေယျာ မဆိုထားနှင့် မီ နှင့် ဒေါ်လေးထား တို့ လေးလေးဆွေ တို့ပင် ဝမ်းသာကြည်နူးသွားရသည်ပါပဲ ..။ အန်ကယ် ဦးဇေယျာ ကလည်း သူ့ကို ကြည့်ကာ ...

"ပြောပါ ဒက်ဒီ ဘာလုပ်ပေးရမလဲ သား"

ဟု စိတ်ပါလက်ပါ မေးသည်က အရာရာကို အလိုလိုက်ဖို့ ဆုံးဖြတ်ထားသည့်နှယ်ပါ ..။

"မီ ရော ဒေါ်လေးရော ပင်ပန်းကြတယ် ဒက်ဒီ .. ကျွန်တော် သိတယ် ..၊ ဒက်ဒီပြောတဲ့အထဲမှာ တော်ဝင်ဟိုတယ်ဆိုတာ ပါတယ်"

ဟု ပြောနေရင်း တစ်ချိန်က သူ့အာရုံမှာ အရမ်းကို မြင့်မားလှပသည့် အဖြူရောင်အဆောက်အအုံမြင့်မြင့် ပန်းဥယျာဉ် ကျယ်ပြန့်ပြန့် မြက်ခင်းစိမ်းမြမြတို့ရှိရာနေရာတစ်ခုဆိုတာကို တော်ဝင်ဟိုတယ်ဆိုတာကြီးပဲ ဖြစ်ချေမည်လားဟု တွေးဆလာမိရပါ၏။

သူ ထစ်ချက်တန့် ငြိမ်သွားပြီးမှ မီ့ ကို ကြည့်သည်။ စကားကို ဆက်ပါ၏။

"ကျွန်တော့်ကို .."

"ဒက်ဒီ့ ကို စကားပြောတဲ့အခါမှာ သားဆိုတဲ့ စကားလုံးကိုပဲ သား သုံးပါတယ် သားရယ် ..၊ ကျွန်တော်ဆိုတဲ့ စကားလုံး အသုံးအနှုန်းကို ပြင်လိုက်ပါတော့ သား"

ဟု ပြောလာတော့ ဒေါ်လေးထား မှလည်း ...

"ဟုတ်သားပဲ လူလေးရယ် .. သားလို့ သုံးနှုန်းတာ ကောင်းပါတယ်၊ လူလေးရဲ့ အဖေကို ပြောနေတဲ့စကားတွေလေ"

ဟု ဝင်ပြောတာမို့ သူ့ အာရုံစိုက်လိုက်သည်က ဒက်ဒီ .. ပြီးတော့ သားဆိုသည့် စကားလုံး ..။

"ကောင်းပါပြီ ဒက်ဒီ ..၊ သားပြောချင်တာက သားရဲ့ အဲဒီဟိုတယ်မှာ မီ့ ကို သားရဲ့ရုံးခန်းမှာ စက္ကာထရီ ခန့်ချင်ပါတယ်"





အလိုအလျောက် ခေါင်းထဲပေါ်လာသည်က ရုံးခန်း .. စက္ကာထရီ ဆိုသည့်အရာ..။ ဒက်ဒီကတော့ ခေါင်းညိတ်သည်ပါပဲ ..။

"မီ ဟာ ပန်းလေးတွေကို လုပ်တဲ့သူပါ ဒက်ဒီ .. သူ့ပန်းလေးတွေကိုလည်း ဟိုတယ်မှာ အရောင်းဆိုင်လေးတစ်ခု ဖွင့်ပေးချင်တယ်၊ ပန်းလုပ်ဖို့အတွက်လဲ မီ့ အတွက် အလုပ်သမလေးတွေ ဒီပန်းရိပ်မြုံမှာ ပို့ထားချင်တယ်၊ မီ ဟိုတယ်ကို အလုပ်ဝင်နေတဲ့အခါမှာ မီ မှာခဲ့သလို အဲဒီမိန်းကလေးတွေက လုပ်ကိုင်ကြရမယ် ..၊ ဒေါ်လေးထား ကလဲ ကြီးကြပ်နိုင်မှာပါ၊ မီ့ ကို သား ကျေးဇူးဆပ်ချင်တယ် ဒက်ဒီ..၊ ဒေါ်လေးကိုလဲ ကျေးဇူးဆပ်ချင်တယ်"

"သားဖြစ်ချင်တာအားလုံး ဒက်ဒီ လုပ်ပေးမှာပါ"

ဟု စိတ်ပါလက်ပါကြီး အန်ကယ်ဦးဇေယျာ ပြောလာချိန်မှာ မီ ခေါင်းလေးခါမိရပါ၏။ ဒေါ်လေးထား ကလည်း ခေါင်းလေးခါလျက်...

"ဒေါ်လေးတို့က ဘာတစ်ခုမှ မျှော်ကိုးပြီး လူလေးကို ဒီမှာနေစေခဲ့တာ မဟုတ်ပါဘူးကွယ် ..၊ ဒေါ်လေးရဲ့ ဆိုင်လေးကိုလဲ ဖွင့်နေရဦးမှာပါပဲ ..၊ မီ ကလဲ ဆိုင်အလုပ်ရယ် ပန်းရောင်းတာလေးရယ် ပန်းလေးတွေလုပ်တာရယ်နဲ့ အသားတကျ ဖြစ်နေပါပြီ..၊ လူလေးသာ လူလေးရဲ့ ဒက်ဒီနဲ့ လိုက်သွားပါ"

ဟု ပြောနေချိန်မှာ သူ ခေါင်းမာသည့်ဟန်ကြီးဖြင့် ကိုယ်ကို မတ်လိုက်ကာ ...

"ဒါဆိုရင်လဲ သား ပြန်မလိုက်တော့ဘူး ဒက်ဒီ ..၊ ဒီမှာပဲ သားရဲ့ ကျေးဇူးရှင်တွေကို လုပ်ကိုင်ကူညီနေရင်း ကျေးဇူးဆပ် ကျန်နေရစ်ခဲ့တော့မယ်၊ ဒက်ဒီ သတိရတဲ့အခါ သားဆီ လာလည်ပေါ့ ဒက်ဒီ"

ဟု နောက်မဆုတ်တမ်းကြီး ပြောချလာတော့ အားလုံး လန့်သွားရပါပြီတည်း ..။ တကယ့်ကို ပြန်မလိုက်ဘဲနေမှာ သေချာနေမှန်း ယုံလည်း ယုံနေကြရပြီကိုးလေ ..။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇေယျာ မှာ မျက်စိမျက်နှာကြီးပျက်ကာ ...

"သားပြောတာကို လက်ခံပေးပါ ညီမရယ် .. ဒီက သမီးကလဲ လက်ခံပေးပါ ..၊ ဟိုတယ်မှာ စက္ကထရီလဲ တာကယ့်ကို လိုအပ်နေတာ ပါ၊ သမီးက ပန်းအလှလေးတွေ လုပ်ကိုင်တာလို့ သိရတာမို့ ဟိုတယ် အလုပ်နဲ့ ပိုလို့တောင် အပ်စပ်ပါတယ်ကွယ် ..၊ စက္ကထရီဆိုတာက ဟိုတယ်ကြီး လုပနေဖို့အတွက်လဲ စီမံပေးတဲ့သူတစ်ယောက်လဲ ဖြစ် နေတယ်လေ"

ဟု ပြောလာရှာပါသတည်း။

လေးလေးဆွေ ကတော့ ဤတစ်ကြိမ်မှာ ဘာမျှဝင်မပြောတော့ ပြီ။ သားအဖချင်း ပြောကြစေ။ ပန်းရိပ်မြုံမှ ဒေါ်လေးထား နှင့် မို့ တို့ သဘောအတိုင်း ဆုံးဖြတ်စေဆိုတာမျိုးဖြင့် ငြိမ်ကြည့်နေပါ၏။

ဒါပေမယ့် မျက်ဝန်းတွေဖြင့် လှမ်းကြည့်လာပါသည့် လေးလေး ဆွေ ၏ အကြည့်ထဲမှာတော့ဖြင့် မို့ ကို သူပြောနေတာတွေ လက်ခံပေး လိုက်ဖို့ တောင်းပန်ရာရောက်နေပါသည့်အကြည့်တွေပဲ ဖြစ်နေသည်။

သူကတော့ ကိုယ်ကိုမတ်၍ ငြိမ်သက်စွာ ထိုင်နေပါ၏။ မို့ ကို ကြည့်သည်။ ဒေါ်လေးကို ကြည့်သည်။ မို့ အလုပ်ကို လက်မခံလျှင် သူ မပြန်တော့ပြီဆိုတာကလည်း ခေါင်းမာကြည့်ဖြင့်ပင် သိသာနေ ပါ၏။

ခက်ပြီကောလေဟု မို့ ရင်ထဲမှ ညည်းမိရပါ၏။

"မို့ လိုက်ခဲ့မှာလား"

မေးသံသည် နောက်မဆုတ်သည့်လေသံ ဖြစ်နေပါ၏။ မို့ ကို သူ အပါခေါ်သွားချင်တာတစ်ခုပဲ သူ့ရင်ထဲမှာ ရှိနေတာ သူပဲ သိသည် ကိုးလေး။ မို့ နှင့် ခွဲနေရမှာ သူ့ရင်ထဲမှာ မခံနိုင်ပဲ ဖြစ်နေတာ ဘယ်သူ့ ဘယ်သူ့ကိုမှ မပြောပြနိုင်ပေမယ့် သူ့ရင်ထဲက အရာကိုတော့ သူ မြင် နေရသည် မဟုတ်ပါလားလေ ..။ ဒက်ဒီ ကို သူ ကြည့်တော့လည်း မို့





ကို တောင်းပန်ကြည့်ဖြင့် ကြည့်နေတာကို မြင်ရပါ၏။

ဒက်ဒီ .. ဟုတ်သည်။ ထိုအခေါ်တစ်ခုသည် သူ့အတွက် စိမ်း မနေသော အခေါ်တစ်ခုဆိုတာ သူ့အသွေးအသားထဲက လက်ခံလာ နေသည်၊ သိလာနေသည်။

ဒက်ဒီ့မျက်ဝန်းတွေသည်လည်း သူ့အာရုံထဲမှာ တရင်းတနှီးရှိလာ သည့် မျက်ဝန်းအကြည့်တွေ ဖြစ်လာနေပြီ။ ဘာမျှ မမှတ်မိသေးသည်ပဲ ရှိစေ ဒက်ဒီသည် သူ့ဒက်ဒီဖြစ်သည် ဆိုတာကိုတော့ လက်ခံလာမိရ ပါပြီတည်း..။

"ကဲပါ သမီးရယ် .. ခဏတော့ အဲဒီအလုပ်ကို ဝင်လုပ်ကြည့်..၊ အန်ကယ် လခလဲ ထိုက်ထိုက်တန်တန်ပေးပါ့မယ်၊ ပြီးတော့ သားပြော တဲ့အတိုင်း ဒီပန်းရိပ်မြုံကိုလဲ နေ့တိုင်း အလုပ်ဝင်ဖို့အတွက် ပန်းလုပ် ကိုင်တတ်တဲ့ ဝန်ထမ်းမိန်းကလေး သုံးလေးယောက် လွှတ်ပေးပါ့မယ်၊ လုပ်ငန်းလဲ တိုးချဲ့ရာရောက်တာပေါ့ကွယ် ..၊ ပြီးတော့ လောလော ဆယ်မှာ ဝေဒနာသည်ဖြစ်နေတဲ့ သားကို အားကနေပြီး ထိန်းကျောင်း ပေးရာ၊ ဖေးကူပေးရာလဲ ရောက်တာမို့ အဲဒီအလုပ်ကို လက်ခံပေးစေ ချင်ပါတယ် သမီးရယ် ..၊ သားက သမီးတို့ကိုပဲ ခင်တွယ် သိနေတာမျိုး ဖြစ်နေတာကိုး"

ဟု ပြောလာတော့ ဒေါ်လေးထားမှ ...

"မို့ လိုက်သွား .. အဲဒီအလုပ်ကို လက်ခံလိုက်တော့ ..၊ ညဘက် ကျရင်တော့ ပန်းရိပ်မြုံကို ပြန်လာအိပ်မှာပဲ ဥစ္စာ..၊ ဒီက ပန်းအလုပ်လဲ အဲဒီ ရောက်လာမယ်ဆိုတဲ့ မိန်းကလေးတွေကို မှာရပြုရဦးမှာ မဟုတ် လား၊ ညဘက်လဲ အရင်တုန်းကလိုပဲ မို့ ပန်းပင်လေးတွေ အိုးထဲထည့် တာတို့ ဘာတို့ လုပ်လို့ရတာပဲ"

ဟု ပြောလာသည်က သက်ပြင်းရှိုက်၍ပါ ..။ ထိုသို့ ဝင်ပြော၍ လည်း မဖြစ်ချေတော့ပြီကိုးလေ ..။



www.burmeseclassic.com

www.burmeseclassic.com



မှီ ထိုအလုပ်ကို လက်မခံလျှင် ပေတိပေကပ်ဖြင့် သူလည်း ပန်းရိပ်မြုံမှာ ကျန်နေချန်နေခဲ့ကာ ဦးဇေယျာ တို့ပဲ ပြန်သွားကြရတော့မှာ သိနေသည်ကို ..။

"မှီ့ ကို ကျွန်တော်ကိုယ်တိုင် ပန်းရိပ်မြုံကို ပြန်လာပို့ပေးမှာပါ.. စိတ်ချပါ"

ဟု သူ ဝင်ပြောမိရပါပြီ။

ဘာ့ကြောင့်ဆို မှီ့ ကို ပန်းရိပ်မြုံအထိ သူ လိုက်ပို့ပေးပြီးသည့်နောက်မှာ .. ညဘက်တွေမှာ မှီ ပန်းပင်လေးတွေ ပန်းလေးတွေ လုပ်ကိုင်ချိန်မှာ သူ ကူညီပေးချင်သည်လေ ..။ ခုမှ သူ ပို၍ သိသိလာနေရသည်က မှီ့ ကို မခွဲနိုင်တာပဲ ဖြစ်ဇလသည်။

မှီ့ မျက်ဝန်းလေးတွေက သူ့ကို ကြည့်လာသည်။ သူ ခေါင်းမာတာကို သိနေရ၍ စိတ်ညစ်နေပုံလည်း ရသည်။

ပြီးတော့ .. မှီ မပါမချင်း ပြန်မလိုက်ပါဟု အပြတ်ပြောနေပုံကြီးကိုလည်း အံ့ဩနေပုံလည်း ရနေပါချေ၏။





အခန်း(၁၃)

တော်ဝင်ဟိုတယ်သို့ လိုက်သွားရမည့်ကိစ္စ ..။ အန်ကယ် ဦးဇေယျာ၏ ကားနှင့်ရော လေးလေးဆွေ မောင်းလာသည့် ကားနှင့်ရော မှီ မလိုက်ချင် ..။

အန်ကယ်မှ ကိုယ်တိုင် မိတ်ဆက်ခဲ့တာမို့ အန်ကယ့်အမည်က ဦးဇေယျာ ..၊ တစ်ဦးတည်းသောသားဖြစ်သည့် ခန့်ထည်ဝါ ဆိုတာက အင်ဂျင်နီယာတစ်ယောက်ဖြစ်ကာ .. လေးလေးဆွေ ဆိုတာက သူ့သားချင်းပမာရှိသည့် ငယ်ငယ်ကတည်းက ထိန်းကျောင်းပေးရာလည်းရောက် အလိုလည်းလိုက် လေးလေးတစ်ယောက်ပမာရှိသည့် ဒရိုင်ဘာတစ်ယောက်ဆိုတာကို မှီ တို့ အားလုံး သိခဲ့ရပါ၏။

ခုကျတော့လည်း သူ့ အတိတ်မေ့ဖြစ်စဉ်ကိစ္စကို ဘဘညို တို့ရော ဖိုးလုံးရော သိသွားရသည်ပါပဲ..။

ပန်းရိပ်မြုံမှာ သူ မရှိတော့ဘဲ အဖေဖြစ်သူနှင့် ပြန်လိုက်သွားရမည့်အချိန်ပေမို့လည်း ဘာဆိုဘာမျှ ထိမ်ချန်ထားရန်လည်း မရှိပုံတော့သည်ကိုးလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘက တကယ့်ကို မမလေးထား ရဲ့ တူလို့ ထင်မိတာ"

ဟု လူရှိုးကြီးပီပီ ပြောရှာသည်က ဘာဘညို ပါ ...။

"ဖိုးလုံး ကိုလဲ ကျွန်တော်ခေါ်သွားချင်ပါတယ် ဒေါ်လေး ...၊ ဒီနေ့မှာ မို့ ဘေးမှာ အဖော်လဲ ရတာပေါ့"

ဟု သူ ဖိုးလုံး၏ကိုယ်လေးကို ခင်ခင်တွယ်တွယ်ဖြင့် ထွေးပိုက်ထားကာ ပြောလာတော့ ဒေါ်လေး ခေါင်းညိတ်လိုက်ပါ၏။ နောက်တော့ ဒေါ်လေး မို့ ကို မျက်ရိပ်ပြခေါ်ကာ အိပ်ခန်းထဲ ဝင်သွားတာမို့ မို လိုက်ခဲ့ရပါပြီ။

"မို လိုက်ကိုလိုက်သွား ...၊ ဒါမှလဲ မောင်မိုးချိုသာ ဩော် .. သူ့နာမည်ကလဲ အဲဒါပဲ နှုတ်ကျိုးနေသကိုး ...၊ မောင်ခန့်ထည်ဝါ သူ့အဖေနဲ့ ပြန်လိုက်သွားမှာ .. ဒါမှမဟုတ်ရင်ဖြင့် လိုက်မှာ မဟုတ်ဘူး မို ...၊ ဒီတော့ လောလောဆယ် အဲဒီသူငယ် သူ့အဖေနဲ့ ပြန်ပါသွားဖို့ အရေးကြီးတယ်၊ ဒါမှလဲ အဖေဖြစ်သူ စိတ်ချမ်းသာမှာပေါ့၊ မိဘပဲကွယ် .. သားကို ပြန်တွေ့မှဖြင့် ပြန်သာခေါ်သွားချင်မှာပဲလေ ...၊ ဒီတော့ မို အဲဒီအန်ကယ်ကြီးကို စိတ်ချမ်းသာအောင် ကူညီလိုက်ပါကွယ်၊ တစ်လလောက်ပဲဖြစ်ဖြစ် လဝက်လောက်ပဲဖြစ်ဖြစ် ခဏတော့ နေလိုက်ပေါ့၊ ပြီးတော့လဲ ဒီမှာပဲ အရင်အတိုင်း ပြန်လုပ်ကိုင်တာပေါ့ မို ရယ်.. အဲဒီအခါကျတော့လဲ လူလေးက သူ့နေရာမှာ နေသားတကျ ဖြစ်သွားမှာပါ"

ဟု ပြောလာပါ၏။

မို စဉ်းစားသလိုလေး ငြိမ်နေမိရပါပြီ။ ဒေါ်လေး ပြောတာလည်းဟုတ်နေသည်။ သူ့ပုံစံက မို မပါလျှင် ဘယ်လိုမှ ပြန်မလိုက်ဘဲရှိနေမှာက အသေအချာပဲ ဖြစ်နေချေသည်လေ။

"ဖိုးလုံး ကို ခေါ်သွားမှာဆိုတော့ ဆိုင်မှာ ဒေါ်လေးနဲ့ ဘာဘညိုပဲ ကျန်မှာ ...၊ ဆိုင်မှာ လာစားတဲ့လူ များလာတဲ့အခါ ဒေါ်လေး နိုင်ပါ့





မလား"

"ခု တစ်ရက်တည်းနဲ့တော့ ဘာမှမခက်ခဲပါဘူး မို ရယ် ...၊ အရင်တုန်းကလဲ ကျောင်းတက်ချိန်ဆိုရင် ဖိုးလုံး ဆိုင်မှာ ရှိနိုင်တာမှ မဟုတ်တာ"

ဟု ဒေါ်လေး ပြောကာ ပြုံး၍ ကျောလေးကို သပ်ပေးလာပါ၏။

"မဟုတ်ဘူး ဒေါ်လေးရဲ့ .. ခုဥစ္စာက မို က အဲဒီမှာ အလုပ်ဝင်ရင် ဆိုင်မှာ ဒေါ်လေးနဲ့ ဘာဘညို ပဲ ပင်ပန်းရမှာ ...၊ ဖိုးလုံး က ကျောင်းအားရက်နဲ့ ကျောင်းမတက်ခင်လောက်ပဲ ဒေါ်လေးကို ကူနိုင်မှာ .. ညနေဘက်ဆို ကျူရှင်ကို ပြေးရသေးတာ"

ဟု မို ပြောတော့ ဒေါ်လေး ပြုံး၍ ...

"လူတစ်ယောက်ကို ဒေါ်လေးတို့ ကူညီခဲ့ပြီ မို ...၊ မောင်မိုးချိုသာကို ကူခဲ့ပြီးပြီ ...၊ အခု သူနဲ့ပတ်သက်ပြီး သူ့အဖေ ရောက်လာပြီ...၊ သူ့အဖေကို ဆက်ပြီး ကူညီလိုက်ပါ မိုရယ် ...၊ အသက်အရွယ်ကြီးတဲ့သူကို ကူရတာ ကောင်းသောက်တရားကို ရစေပါတယ်"

ဟု ပြောကာ မို့ ကို ခေါ်၍ ဒေါ်လေး ပြန်ထွက်လာပါ၏။

"သူတို့က အရမ်းချမ်းသာတယ်နော် ဒေါ်လေး .. သိသာနေတယ်၊ မို တို့က ဘာမှရှိတာ မဟုတ်ဘူး၊ ကြာရှည်တော့ မဖြစ်ဘူးထင်ပါရဲ့"

ဘာကြောင့်ရယ် မသိ၊ မို့ ရင်ထဲမှာ လေးနေသည်။ ထင့်နေသည်။ ကူညီချင်သည့်စိတ်က ရင်ထဲမှာရှိပါသည်။ သူ့ကို သနားတာလည်း ပါပါသည်။ ဒါပေမယ့် ရင်ထဲမှာ ကြိုတင်၍ မမှန်းဆတတ်စွာဖြင့် ရင်ထဲမှာ လေးနေမိရသည့်အဖြစ်။

"ဒေါ်လေးကလဲ ကြာကြာတော့ မို့ ကို အဲဒီမှာ မနေစေချင်ပါဘူး၊ ဒေါ်လေး ပြောပြီးပြီလေ .. တစ်လ ဒါမှမဟုတ် ဆယ့်ငါးရက်လောက်ပဲ အဲဒီမှာ မောင်မိုးချိုသာ နေသားကျအောင် လိုက်ပြီး အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်သလိုလို အလုပ်ဝင်သလိုလိုလေး နေပေးလိုက်ရုံပါ ..၊ ဦးဇေယျာ သနားပါတယ်ကွယ်.. သူတို့က ချမ်းသာပေမယ့် ရိုင်းမယ့်ပုံတော့ မပေါ်ပါဘူး၊ ဒေါ်လေးကိုယ်တိုင်က မို့ ကို လူချမ်းသာတွေနဲ့ ရင်းနှီးကျွမ်းဝင်မနေဖို့ ပြောခဲ့တဲ့သူပါကွယ်၊ ခုကျတော့ ဦးဇေယျာ ကို ကြည့်တော့လဲ သနားဖို့ကောင်းနေတယ်၊ ရိုးသားမှန်းလဲ သိသာပါတယ် မို ရယ်''

ဟုပြောကာ ဧည့်ခန်းမှာ ပြန်၍ထိုင်လိုက်သည်က မို့ကို ဘေးမှာ တူတူထိုင်စေလျက်ဖြင့်ပါ။

''ဖိုးလုံး အဝတ်အစား သွားလဲ ..၊ မမမို နဲ့ ဒီနေ့ အဖော်လုပ် .. တူတူပြန်လာ .. ဟုတ်ပလား ..၊ ကိုကိုမိုးချိုသာ နဲ့ တူတူလိုက်သွားပေါ့''

ဟုပြောတော့ ထုံးစံအတိုင်း ဖိုးလုံး ကတော့ ဘယ်နေရာမှန်း မသိရသေးပေမယ့် လိုက်ရမည်ဆိုတာဖြင့်ပင် ကလေးပီပီ ပျော်သွားသည်ပါပဲ။ ခြေသွက်လက်သွက်ဖြင့် အဝတ်လဲဖို့ တစ်ချိုးတည်း လစ်ပါ၏။

သူကတော့ မို့ ကို အကဲခတ်သလိုပဲ ကြည့်ကြည့်နေသည်။ မို လိုက်မည်ဆိုတာကြောင့်မို့ နည်းနည်းတော့ မျက်နှာကြည်ကြည်လင်လင် ဖြစ်နေ၏။ ဒါပေမယ့် မို့ ပုံစံ အေးစက်စက်လေးကြောင့် သိပ်ပြီး စိတ်ချလက်ချ ရှိနေပုံမရ ..။

''ခဏတော့ လုပ်လို့မရဘူးနော် .. အမြဲလုပ်ရမှာ အဲဒီအလုပ်ကို''

မို့ ရင်ထဲကအကြံကို ကြိုသိနေသည့်နှယ် သူ စကားဦးသမ်းလာတော့ မျက်မှောင်လေးကုတ်၍ မို ကြည့်ပစ်လိုက်မိရပါပြီ။ သူ့ကိုခေါ်လာကတည်းက မို့ ဆက်ဆံရေးက ထိုသို့နှယ်ပင် မျက်မှောင်လေးချီ၍ စိတ်ထဲမတွေ့လျှင် ကြည့်ပစ်တာကလည်း ခေါက်သားတကျရှိနေပြီကိုးလေ..။

သူကလည်း မို့ မျက်မှောင်ကွေးကွေးဟန်လေးကို ကြည့်ကာ တုံ့ပြန်၍ မှုန်တေတေကြီး လုပ်ပစ်ရင်း ဒေါ်လေးကို အကူအညီ တောင်း





သလို အားကိုးကြည့်ဖြင့် ကြည့်ပါ၏။

''ပြောထားနော် ဒေါ်လေး .. သူက သိပ်ပြီးတော့ အဲဒီမှာ အလုပ်လုပ်ချင်ပုံ မပေါ်ဘူးဗျ .. ခဏလေးနဲ့ ပြန်လစ်မယ့်သဘော ဖြစ်နေတယ်''

ဟုပြောတော့ ဒေါ်လေး ရယ်နေလိုက်သည်ပါပဲ။ ထိုသို့ ခဏပဲနေမည့်အကြံထဲမှာ ဒေါ်လေးလည်း ပါနေသည်ကိုးလေ ..။

မကြာလိုက်.. ဖိုးလုံး ဝတ်ကောင်းစားလှနှင့် ရောက်လာသည်။ ဘောင်းဘီရှည်အဖြူ၊ အင်္ကျီအပြာစင်းလေးဖြင့် ဘဲမြီးဆံပင်ကို ဆီပင်လူးထားပါသည့် ဖိုးလုံး ပါ။ မျက်နှာမှာ မိုးပွင့်တွေဘာတွေပင် လူးထားသေးသည့်အဖြစ်။

''မို့ ကားနဲ့ပဲ နောက်ကလိုက်ခဲ့ပါ့မယ် အန်ကယ် ..၊ မို နဲ့ ဖိုးလုံး အန်ကယ့်တို့ကားနောက်က လိုက်ခဲ့ပါ့မယ်''

ဟု ပြောခိုက်မှာ ဘဘညို မှ လက်ဖက်ရည်နှင့် ဘဲသားမုန့်၊ အာလူးကတ္တလိတ်ကို လာချပေးသည်မို့ အန်ကယ်နှင့် လေးလေးဆွေ မငြင်းမဆန် စားသောက်ကြပါ၏။ စေတနာနှင့် ကျွေးချေသည်ဆိုတာကို သိချေသည်ကိုးလေ ..။

ပြီးတော့ ကျေးဇူးရှင်တွေအဖြစ်လည်း ပန်းရိပ်မြုံတစ်အိမ်လုံးကို သတ်မှတ်ထားတာလည်း သိသာနေသည်။ ထိုသို့သော အခြေအနေထဲမှာ ရှိနေသည့် နှစ်ဖက်ကြားမှာ ဟန်ဆောင်၍ ဟန်ဆယ်၍ ဟန်ထုတ်၍ ဒုက္ခရှာလို့ဗျာ ဆိုသည့် စကားမျိုးကို အစားအသောက်လာပို့သည့် ပန်းရိပ်မြုံကို ပြောရမှာ မသင့်ဟုလည်း အန်ကယ် ဦးဇေယျာ သဘောပိုက်ထားပုံ ရပါ၏။ တကယ့်ကို မြိန်မြိန်ရှက်ရှက် စားသည်။ အာလူးကတ္တလိတ်ကိုလည်း စားသည်။ ဘဲသားမုန့်ကိုလည်း စားသည်။

''ဒက်ဒီအတွက် ခုမှ စားမြိန်တဲ့ အစားအသောက် တွေ့တွင်းထဲရောက်လာရသလိုပါ သားရယ်..၊ သားအတွက် ဒက်ဒီ စိတ်ပူနေတာ..



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မသိလိုက်ရဘဲ ပျောက်သွားတာကိုး ..၊ ခက်တာက အလင်းနဲ့ ကြောင့်များလားလို့ ဒက်ဒီ တွေးမိတာကလဲ ရှိနေတာကိုး''

အလင်းနဲ့ ..၊ ပြန်၍ အန်ကယ့်နှုတ်ဆီမှ ပွင့်ကျလာသည့်အမည်။ မှီ အန်ကယ့်ကို တစ်ချက်ကြည့်မိသည်။ အန်ကယ် ပြုံး၍ ...

"အန်ကယ့်မှာ သားတစ်ယောက်ပဲ ရှိတာပါကွယ် ..၊ သားသဘော မကျတဲ့ကိစ္စ ဘာမှကို မလုပ်သင့်ဘူးဆိုတာ သား ပျောက်သွားချိန်မှာ ကောင်းကောင်း နားလည်သွားခဲ့ရတာပါ၊ အန်ကယ်ကတော့ အန်ကယ့် သားကို ခုလို ကူညီစောင့်ရှောက်ထားတာတစ်ခုကြောင့် ဘယ်တော့မှ ကျေးဇူးမမေ့နိုင်တော့ပါဘူး သမီးရယ် ..''

အန်ကယ့်နှုတ်မှ ချိုသာချောင်းသော စကားသံ နူးနူးညံ့ညံ့ကို ကြား ရ၍ထင့် .. သူ့မျက်နှာ ကြည်ကြည်သာသာ ဖြစ်လာသည်။ မှီ့ ကိုကြည့် ကာ ...

"ကြားတယ်နော် .. ဒက်ဒီပြောတာကို''

ဟု ဝင်ထောက်ပါချေ၏။ ထိုအခါကျတော့လည်း နှုတ်သွက်နေ ပြန်သည်။ စားသောက်ပြီးချိန်မှာ အန်ကယ် ထရပ်သည်။ လေးလေးဆွေ လည်း ထရပ်သည်။

သူကတော့ မှီ့ ဘေးမှာ ရပ်လာပါ၏။

"ကျွန်တော် မှီ့ ကားနဲ့ပဲ နောက်ကလိုက်လာမယ် ဒက်ဒီ''

ဟုပြောတော့ အန်ကယ် ဦးခေါင်းညိတ်၍ ပြုံး၍ မှီ့ ကို ကြည့်ပါ၏။ မှီ မပါဘဲ ပြန်လိုက်သွားရမှာကို လက်မခံနိုင်ပဲဖြစ်နေသည့် သား အကြောင်းကိုသိသည့် ဖခင်တစ်ယောက်၏အပြုံး..၊ ခေါင်းမာသည့် သားကို ချစ်စနိုး ပြုံးကြည့်သည့်အပြုံး ..။ သူကလည်း တကယ့်ကိုပဲ မှီ့ ဘေးမှာ ပေကပ်ကပ်ကြီး ရပ်နေသည်ပါပဲ ..။

"လူတွေရှေ့မှာ ကျွန်တော်လို့ မပြောပါနဲ့ သားရယ် ..၊ သားလို့ ပြောစမ်းပါ''





ဟု အန်ကယ် ဝင်၍ စကားကို ပြင်ပေးလာပါ၏။ မှီ မော့ကြည့် ကာ ...

"ဟုတ်သားပဲ .. ရှင်ကလဲ စကားနဲ့မြောနေလိုက်တာ .. သားလို့ ပြောတော့ ဘာဖြစ်မှာကျလို့ ..၊ ကျွန်တော် .. ကျွန်တော်နဲ့ မဟုတ်သေး ပါဘူး .. အန်ကယ်က ရှင့်ဒက်ဒီပဲ ဥစ္စာ''

ဟု မော့ပြောတော့ သူ့မျက်နက်ဝန်းကြီးတွေဖြင့် ငုံ့မိုး၍ ကြည့် သည်။ မျက်ခုံးထူထူ ပါးမြိုင်းမွေး စိမ်းသဲ့သဲ့ဖြင့် အရုပ်ကြီး မြင့်မားလှပါ သည့် သူ့ကို မှီ မော့ကြည့်နေရသမျှ .. သူ့မျက်ဝန်းတွေဆီမှ မှီ့ စကား ဆို နာခံဖို့အသင့်ဖြစ်နေသည့်အရိပ်တွေ စွန်းထင်းနေကြတာကိုလည်း မြင်လိုက်ရသည်ပါပဲ..။

"နည်းနည်း အသားမကျသေးလို့ပါ မှီ ရာ .. ခု ဥစ္စာက မမှတ်မိဘဲ အားလုံးဖြစ်နေပဲ ..၊ ဒက်ဒီဆိုလို့ လိုက်ပြီး ဒက်ဒီဖြစ်နေရတာ မှီ၊ ကျွန်တော် မှတ်မိနေတာက ဒီပန်းရိပ်မြုံပဲ .. မှီ တို့ပဲ ဖြစ်နေတာကိုး''

ဟု ခပ်တိုးတိုး ခေါင်းငိုက်၍ သူ ပြောလာပါ၏။

အန်ကယ်ကတော့ ရှေ့မှ ထွက်သွားပြီ။ လေးလေးဆွေ လည်း နောက်မှ လိုက်သွားပြီ။ သူကတော့ မှီ့ ဘေးမှာ ရပ်နေဆဲ။ သူ ရုတ်ခနဲ ထိုင်လိုက်ကာ ဒေါ်လေးကို အရင်ကန်တော့သည်။ ဘဘညို ကိုလည်း ကန်တော့သည်။

ထိုသို့ ကန်တော့လာမည်ဟု ဒေါ်လေး ထင်ထားပုံ မရ။ မျက်ရည် ပင် လည်လာသည်အထိ ဒေါ်လေး ရင်ထဲ ကြည်နူးသွားရှာသည်ပါပဲ။ တံခါးဝအနီးမှာ ရပ်နေသည့် ဘဘညို ကို ကန်တော့ချိန်မှာလည်း ဘဘညို မှ ...

"လာလည်ပေါ့ကွာ''

ဟု သံယောဇဉ်စကားကို ပြောရှာသည်။

"ဒေါ်လေးတို့ ကျေးဇူးကြီးလှပါတယ် ခင်ဗျာ ..၊ ကျွန်တော် ပန်း



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မြုံကို လာပါရစေ .. အမြဲ လာပါရစေ''

ဟု ပြောရာသည်က အသံတွေ လိုက်ခါနေရင်းဖြင့်ပါ ..။

''ဟိုမှာ လူလေးရဲ့ဒက်ဒီ စောင့်နေပြီ .. အားနာဖို့ကောင်းပါတယ်ကွယ် ..၊ ကဲ .. မှီ ကားကို ဂိုဒေါင်ထဲကထုတ်တော့.. ဖိုးလုံး နဲ့ လူလေးက လမ်းကပဲ စောင့်နေလိုက်''

ဟု ဒေါ်လေး ပြောကာ ဆိုင်ရှေ့လမ်းဆီသို့ ဦးဆောင်လျှောက်လာပါ၏။ သူ ဒေါ်လေးဘေးမှ လိုက်လာရင်း မှီ ကားဂိုဒေါင်သို့သွားရာဘက်ဆီသို့ လှမ်းလှမ်းကြည့်နေသေးသည်။ ခုလိုအချိန်ကျတော့မှ သူ အဘယ်မျှထိ မှီ့ ကို မခွဲနိုင်ဘဲ ဖြစ်နေတာကို သူပဲ သိနေရပါသည့်အဖြစ်။

မှီ ကားလေးမောင်းလာကာ ဘေးမှာရပ်တော့ သူ သုတ်သုတ်နောက်ခန်းတံခါးကိုဖွင့်၍ ဝင်ထိုင်ပါ၏။ ရှေ့ခန်းမှာ ထိုင်ချင်ပေမယ့် မထိုင်ရဲ ..။ မှီ မကြိုက်မှာကို လန့်နေသည်လေ။ ခုလို မှီ ပါလာတာကိုပဲ သူ့မှာ စမ်းသာချမ်းမြေ့နေရသည်ကိုး ..။

ဖိုးလုံး သည် သူ့ဘေးမှာ ထိုင်သည်။ ဖိုးလုံး ခေါင်းမှာ လူးထားသည့် အုန်းဆီရနံ့က နှာဖျားသို့ တိုးဝင်၏။ မှီ ကတော့ အဝတ်အစားလဲလာတာလည်း မရှိ ..။ ချည်သားပန်းပွင့်ထိုးလက်တို ပန်းရောင်လေးနှင့် မာစရိုက်ပန်းထိုး ထဘီအနီလေးကို ဝတ်ထားသော မှီ ..။

ပန်းပင်တုတွေကို ပန်းအိုးထဲ ထည့်နေရင်းဖြင့် ရှိနေခဲ့တာမို့ အိမ်နေရင်း အဝတ်အစားလေးဖြင့်သာ လိုက်လာပါသည့် မှီ ..။ နဖူးမှာ ဆံပင်လေးကိုသိမ်း၍ ကျောက်စီကလစ်လေးထိုးထာတာမို့ နဖူးပြင်လေး ရှင်းနေကာ နဖူးစပ်နေရာလေးမှာ စိမ်းဖန့်ဖန့် ဆံနုလေးတွေ ကွေးဝိုက်ဝိုက် ထင်နေသည့် မှီ ..။

မှီ့ လက်မှာ လက်ပတ်နာရီလေးပဲ ရှိနေသည်။ ဘာအဆောင်အယောင်မျှ မရှိ .. အရမ်းကို အနေအထိုင်းအစား ရိုးသားသည့် မှီ သည် ရုပ်





ကလေးကအစ ရိုးစင်းဖြူစင်ကာ ချစ်စရာလေးလည်း ဖြစ်နေသည်။ ချောမွေ့မွေ့လည်း နိုင်နေသည့် မှီ ..။

မှီ ကားမောင်းနေတာကို နောက်မှ ငြိမ်ကြည့်နေရင်း ဖြူဥဥလက်မောင်းလေးတွေဆီမှ အကြောမျှင် စိမ်းမြမြထင်နေတာကို သူ မြင်နေရသည်။ မှီ့ ပါးပြင်ထက်ဆီမှ ပြပြထင်နေသော အကြောမျှင် နုနုလေးတွေက ပန်းနုရောင်သမ်းတာလည်း ရှိနေသည်။ စိမ်းမြမြထင်နေတာလည်း ရှိနေသည်။ ဤမျှ နုဖန့်သည့် ကောင်မလေး ..။

အခေါ်နှင့်အတူ ဘဝကို တည်ငြိမ်အောင် တိုးတက်အောင် ရုန်းကန်နိုင်သည်။ ဘဝကို တိုးတက်အောင် ကြိုးစားနေသည်။ ဘယ်တော့မဆို မှီ သည် အလှပြင်ဖို့ အချိန်မရှိသည့် မှီ .. စိတ်မဝင်စားသည့် မှီပဲ ဖြစ်နေကာ အလုပ်ဆိုတာပဲ ရှိနေသည့် မှီ ပဲ ဖြစ်နေပါ၏။ ထိုသို့သော မှီ သည် သူ့စက္ကူထရီအဖြစ် သူ့ဘေးမှာ ရောက်လာရချေပြီတကား။

မှီ့ အရည်အချင်းတွေကို မကြာမတင်မှာပင် ဒက်ဒီလည်း သိလာရချေမည်သာ ..။ နှစ်သက် တန်ဖိုးထားချေမည်သာ ..။ ခက်သည်ကလောလောဆယ်မှာတော့ သူသည် မှီ တို့မှလွဲ၍ ဘာကိုမျှ မမှတ်မိသေးသော သူတစ်ယောက်အဖြစ်ပဲ ရှိနေသည်။ သူ့နာမည် ခန့်ထည်ဝါဆိုတာတစ်ခုကလွဲ၍ သူ ဘာမျှ မမှတ်မိနိုင်သေး။ ဒါကလည်း သူ့လက်တွေက အလိုလို ခန့်ထည်ဝါ ဆိုသည့် နာမည်ကို လက်မှတ်ထိုးလိုက်သည့် ပန်းချီကားတစ်ချပ်ကြောင့်ပဲ ဖြစ်ရကာ .. ထိုပန်းချီကားချပ်ကြောင့်ပင်လျှင် ခု ဒက်ဒီနှင့် ပြန်ဆုံရခြင်းပါတကား ..။

''အဲဒါ ကိုကိုမိုးချိုသာ ရဲ့ အဖေဆို .. ဘဘညို ပြောပြတယ်ဗျ..၊ အခု အဲဒီကို သွားမှာလား''

''ဟုတ်တယ် ဖိုးလုံး .. ဟိုတယ်တစ်ခုဆီကို ဆိုပါတော့ကွ''

''အဲဒါ ကိုကိုမိုးချိုသာ ရဲ့ဟိုတယ်လား ..၊ ဟိုတယ်ဆိုတော့ဖိုးလုံး ကျောင်းသွားရင်း စက်ဘီးနဲ့ လမ်းပေါ်နင်းသွားတဲ့အခါ ငေးကြည့်ခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မျိုးလား .. သိပ်လှတာပေါ့ .. အဲဒါ ကိုကိုမိုးချိုသာ ရဲ့ ဟိုတယ်လား”

စကားအဆုံး ဖိုးလုံး ကို မီ လှည့်ကြည့်ကာ မျက်မှောင်လေးကုတ်၍ ...

“အဲဒီကိုရောက်တဲ့အခါ ကြည့် .. စကားမများနဲ့၊ ကွက်ရှင် သိပ်များနေပြီနော် ဖိုးလုံး ... စကားများတာ မမမီ မကြိုက်ဘူးဆိုတာ သိတယ်မဟုတ်လား၊ ဟိုရောက်ရင် ပါးစပ်ပိတ်ထား .. ငြိမ်ငြိမ်နေ .. ဘယ်သူ့ကိုမှ ဟိုမေးသည်မေး မလုပ်နဲ့၊ ကိုကိုမိုးချိုသာ ကိုလဲ မမေးနဲ့၊ မမမီ ကိုလဲ မမေးနဲ့ .. ကလေးလိုနေ .. ကြားရဲ့လား၊ မမမီ ထိုင်ရင်လိုက်ထိုင် မမမီ နဲ့နေ၊ အကောင်းဆုံးကဘာလဲ ထပ်ပြောမယ် သေချာမှတ်ထား၊ မေးခွန်းတွေ ဘာမှမမေးနဲ့ ဒါပဲ”

မီ ပြောလူရပါပြီ ...။ မပြော၍လည်း မဖြစ်တော့ပြီ။ ခုကတည်းက မေးခွန်းတွေ တန်းစီထွက်နေသည့် ပါးစပ်။ လူကြားသူကြားထဲ ဟိုမေးသည်မေးလုပ်နေလျှင် အန်ကယ်တို့ကို အားနာဖို့ကောင်းသည်။

“ပြီးတော့ ထပ်မှာမယ် ဟိုရောက်ရင် ဟိုမော့သည်မော့နဲ့ တအံ့တသြတွေ နင်းကန်လုပ် နင်းကန်ငေးနေတာလဲ မလုပ်ပါနဲ့ ...၊ ဒီဥစ္စာက ကိုကိုမိုးချိုသာ ပိုင်တာလား ဘာလားနဲ့ မမေးနဲ့ ...၊ နင့်ကိစ္စ မဟုတ်ဘူးနော် ဖိုးလုံး ...၊ မမမီ စိတ်ညစ်အောင် မလုပ်ပါနဲ့”

ဟု ထပ်မှာရပြန်သည်။

ရှေ့မှ မောင်းနေသည့် ကားနှစ်စီးနောက်မှ မီ အသားတကျ ကျွမ်းကျွမ်းကျင်ကျင်ပဲ ကားလေးကို မောင်းလာမိစဉ်ခိုက်မှာ ဤတစ်ကြိမ်မှာတော့ ဖိုးလုံး လေကြောပိတ်သွားချေသတည်း။

ကားနှစ်စီး ကျယ်လွန့်သော ခြံကျယ်ဝန်းကြီးထဲမှာ အဖြူရောင် ငါးထပ်အဆောက်အအုံမြင့်ကြီးကို အနောက်တိုင်းနွယ်သော အသွင်အပြင်ဖြင့် သူ မြင်တော့ မမိုတ်မသုန်ကြီး ငေးစိုက်ကြည့်နေမိရပါပြီ။





ရှေးလက်ရာဆန်သော အဆောက်အအုံသည် မကြာမတင်ကမှ ပြီးစီးခဲ့သော သစ်သစ်လွင်လွင် အသွင်အပြင်မျိုး ဖြစ်နေသည်။ ထိုလက်ရာဒီဇိုင်းသည် သူနှင့်စိမ်းမနေ ...။

ကားရပ်သွားစဉ်မှာ ဒက်ဒီဆင်းကာ မီ့ ကားဆီသို့ လျှောက်လာနေပါ၏။ သူရော မီရော ကားပေါ်မှ ဆင်းသည်။ ဖိုးလုံး ကတော့ ဟိုသည်မငေးရဆိုသည့် မီ့ စည်းကမ်းကို စတင်၍ ချိုးဖောက်နေပြီ။ တမော့မော့ငေးနေသည့်အဖြစ်။

“ဒီဟိုတယ်ပုံစံကို သား ဆွဲခဲ့တာလေ .. မှတ်မိနေသလား သား”

ဟု ဒက်ဒီမေးလာသည်က မျှော်လင့်စိတ်ဖြင့်ပါ ...။ သူကလည်း ဟိုတယ်ကြီးကို ငြိမ်သက်ငေးကြည့်နေသည်။ ဟုတ်သည်။ သူနှင့် မစိမ်း။ ဤအဆောက်အအုံကြီး၏ပုံစံကို သူ ဆွဲခဲ့သည်တဲ့။ ဒက်ဒီ ပြောနေသမျှ သူ့စိတ်ကိုနှစ်၍ တွေးပစ်နေမိရသည်ပါပဲ။

ခေါင်းက တဆစ်ဆစ် ကိုက်ခဲလာသည်။ နားထင်ကြောတွေ ထောင်တက်လာနေတော့ မီ သိလိုက်ပါပြီ။ အရမ်းစိတ်ပင်ပန်း၍ မရနိုင်သေးဆိုသည့်အချက်ပါ။

“အစ်ကိုမိုးချိုသာ ဟာ တစ်ခုခုကို အရမ်းစဉ်းစားရင် အဲသလို နားထင်ကြောတွေ အရမ်းထောင်တက်လာတာ အန်ကယ် ...၊ ရှင် ခေါင်းကိုက်နေပြီလား ဟင်”

ထိုသို့ နားထင်ကြောတွေ ထောင်လာအောင် သူ ခံစားရပြီဆိုလျှင် ခေါင်းကိုက်နေပြီဆိုတာ မီ သိနေရတာမို့ မေးလိုက်တော့ သူ မညာချင်။ ခေါင်းညိတ်ပြလိုက်သည်ပါပဲ။

“ဖြည်းဖြည်းစဉ်းစားပေါ့ သားရယ် ...၊ ကဲ .. သွားကြရအောင်”

ဟု ဦးဇေယျာ ပြောကာ ရှေ့မှဦးဆောင်၍ ခေါ်စဉ်ခိုက်မှာ လေးလေးဆွေ ကတော့ နောက်ပါးမှ ခွာ၍ လိုက်လာပါ၏။ ဖိုးလုံး ကတော့ သူ့လက်ကိုဆွဲထားကာ ဟိုမော့သည်ငေးနှင့် ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ကျယ်ကြီးကိုလည်း ကြည့်သည်။ မြက်ခင်းစိမ်းကိုလည်း ငေးသည်။ ရေပန်းတို့ရှိရာ ကြာကန်ငယ်ကိုလည်း ကြည့်သည်။ ဟိုးဘက်ဆီမှ ရေကူးကန် ပြာပြာကြီးကိုလည်း လှမ်းမော့ ငေးနေသေးသည့် အဖြစ် ...။

ဆံပင်ဘဲမြီးတိုစိစိကို ဆီအရွှဲသားလူး၍ မျက်နှာလေးဆီ တပြန်ပြန်ဖြင့် ဖိုးလုံး ကတော့ ဤလူအုပ်ထဲမှာ အလွတ်လပ်ဆုံးနှင့် အပေါ့ပါးဆုံးသော လူတစ်ယောက် ဖြစ်နေပါ၏။ ဘာကြောင့်ကြမှုမှ မရှိ။

ကလေးဘဝ ငေးချင်သမျှငေးကာ အရာရာထဲမှာ အလိုက်သင့်အငေးတွေ မျောပါနေသည့်အဖြစ်။ ဟိုတယ်ထဲသို့ဝင်တော့ ပို၍ တခမ်းတနား ဖြစ်နေပြီ။ မာဘယ်လ်ကျောက်ပြားခင်း ကြမ်းပြင်သည် ရိပ်ရိပ်ထကာ အကွက်ဖော်ထားသော မာဘယ်ရောင်စုံခင်းသည့် သည်ဘက်ကကြည့်လျှင် ပန်းပွင့်နှင့်တူ၏။ ဟိုဘက်ကကြည့်လျှင် ပန်းခက်နှင့်တူ၏။ စိတ်ကူးစိတ်သန်းကောင်းလှချေသည်ကောဟု မို့ တွေးမိရပါ၏။

အန်ကယ်မှ အပေါ်ထပ်သို့ ဓာတ်လှေကားဖြင့် ဦးဆောင်၍တက်သည်။ ဓာတ်လှေကားရပ်သွားတော့ ဦးဆောင်၍ စင်္ကြံရှည်လေးအတိုင်း လျှောက်ပါ၏။ **အခန်းတံခါးတွေက** ပန်းကနုတ်ထွင်းထားသော ထုထည်ကြီးကြီး တံခါးရွက်တွေဖြစ်ကာ ဤအထပ်မှာ မည်သည့်အခန်းတွေ ရှိသည်ဆိုတာတော့ မို့ မသိ။ တည်းခိုသူတို့အတွက်တော့ မဟုတ်တန်ရာ ...။ လုံးဝ တိတ်ဆိတ်နေသည်။

"ဒါက စည်းဝေးခန်းလေ သား .. ဟိုဘက်က ဒက်ဒီ့အခန်း .. ဟိုးဘက်က သားရဲ့အခန်း"

ဟု အန်ကယ် ပြောနေတော့လည်း သူ ငြိမ်နေသည်။ အတွေးဖြင့် အာရုံစိုက်နေတာတော့ သိသာနေသည်ပါပဲ ...။ အခန်းတံခါးရွက်တစ်ခုကို အန်ကယ် ဖွင့်လိုက်တော့ သူနှင့်မို့ လိုက်လာခဲ့ပါ၏။ ဖိုးလုံးကတော့ သူ့လက်ကို ဆွဲထားဆဲ ...။ လေးလေးဆွေ လိုက်ပါမလာတော့ပါ။





အောက်ထပ်မှာ ချန်နေရစ်ခဲ့ပါ၏။

ပွင့်သွားသော တံခါးချပ်၏ အတွင်းဘက်ဆီမှ အခန်းသည် ကျယ်ပြန့်လှပသော ဧည့်ခန်းဆောင်တစ်ခု ဖြစ်နေပါ၏။ အနီရင့်ရောင် သားမွေးကော်ဇောကြီးက ခန်းလုံးပြည့်မျှ တောက်ပစွာ ရှိနေသည်။ အနီရင့်ရောင် ဆိုဖာဆက်တီတစ်စုံသည် ပန်းကနုတ်ထွင်း ကျွန်းစားပွဲကြီးနှင့်အတူ ရှိနေပါ၏။

စားပွဲထက်မှာ ငွေပန်းအိုးရှိနေကာ အဖြူရောင်နှင်းဆီတို့ ထိုးထားတာမို့ အခန်းသည် နှင်းဆီရနံ့ သင်းနေသည်။ လင်းချင်းသော မှန်ပြတင်းကြီးများမှာ တပ်ဆင်ထားသော အဝါရောင်ခန်းဆီးကြီးများသည် တန်ဖိုးကြီးသော ဇာတွေ ဖြစ်နေပါ၏။ အပျော်တမ်း ဂေါက်ရိုက်လေ့ကျင့်ရန် နေရာလေးတစ်ခု ...။ စန္ဒရားကြီးကလည်း ဧည့်ခန်းထဲမှာ ရှိနေသည်။

"အရမ်းချမ်းသာပါလား .. အရမ်းချမ်းသာပါလား ...၊ ငါ .. သူနဲ့ ကြာကြာ အလုပ်လုပ်နေဖို့ မကောင်းဆုံးအချက်ဟာ အဲဒီချမ်းသာမှုကြီးပဲ ဖြစ်နေတယ်"

မို့ ရင်ထဲ လေးလံလာရင်းမှ ချက်ချင်းပင် အခန်းထဲမှ ပြန်ထွက်သွားချင်စိတ်ပဲ ဖြစ်တည်လာရပါ၏။ သူ့ကို လက်တွဲထားသော ဖိုးလုံးကို လှမ်း၍ လက်ဆွဲခေါ်လိုက်တော့ သူ ချက်ချင်း မို့ ကို ကြည့်လာကာ...

"လှည့်ပြန်မလို့လား မို့ ...၊ မို့ ဒီကိုလာတာ ကျွန်တော်နဲ့ အလုပ်တူတူလုပ်ဖို့ဆိုတာ မမေ့ပါနဲ့ မို့"

ဟု မို့ ရင်ထဲမှာ ဘာရှိနေသည်ဆိုတာ သိလိုက်ပုံဖြင့် ပြောလာတော့ မို့ ခေါင်းခါလိုက်သည်ပါပဲ ...။

"ရှင့်အတွက် လိုအပ်တာက သူနာပြုဆရာမတစ်ယောက်ပါ .. ဒေါက်တာတစ်ယောက်ပါ ...၊ မို့ ဒီမှာနေလို့ ပျော်မယ်မထင်ပါဘူး အစ်ကို မိုးချိုသာ .. မို့ နဲ့ ဒီနေရာဟာ အရမ်းကို မအပ်စပ်ဟာ သေချာနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ ..၊ အန်ကယ် မှီ ပြန်ပါရစေ"

ဟု ဆုံးဖြတ်ထားတာ မပြင်တော့ပြီဆိုသည့် လေသံလေးဖြင့် မှီ ပြောတော့ သူကလည်း မျက်နှာကြီးတည်သွားကာ ဖိုးလုံး ၏လက်ကို ဆွဲ၍ ရှေ့မှ ဦးဆောင်ထွက်ပါ၏။

"ဒါဆိုလဲ ကိုကိုတို့ စြန်ကြတာပေါ့၊ ဖိုးလုံး ရေ .."

ပန်းရိပ်မြုံသို့ သူကပဲ ရှေ့ကသွားတော့မည်နှယ် ပြောလာတော့ မှီ စိတ်လက်ညစ်သွားရပါ၏။

"သမီးရယ် .. ဒီမှာပဲ အလုပ်လေး ဆက်လုပ်ပေးပါကွယ် .. အန်ကယ် တောင်းပန်ပါတယ်၊ သားကလဲ စိတ်မြန်ပါ့ကွာ .. အဲဒီအကျင့်ကတော့ ကျန်နေသေးသကိုးကွ ..၊ ကဲ .. ကဲ ပြန်ဝင်လာပါ သားရေ .. မှီ ကလဲ ဒီမှာ အလုပ်လုပ်ပေးပါကွယ်"

ဟု အန်ကယ့်ခမျာ ပျာပျာသလဲ သားကို ပြန်ဆွဲခေါ်ရ .. မှီ့ ကို တောင်းပန်ရနှင့် ဖြစ်သွားရှာပါ၏။ သူ မျက်မှောင်ကြီး ကုတ်၍ ...

"စကားကို ပြန်ပြန်ပြင်နေတာ ဘယ်ကောင်းမလဲ"

ဟု ရန်တွေ့စကားတွေဘာတွေပင် အဖေအားကိုးဖြင့် ပြောနေတတ်သည်က ကလေးပင် ဆန်နေသေးသည့်အဖြစ် ..။

"ဒါ ဒက်ဒီနဲ့ မာမီလေ"

ဒက်ဒီမှ ဓာတ်ပုံချိတ်ထားရာ နံရံရှေ့မှာ ရပ်လိုက်ကာ ပြောလာတော့ သူ မှီ့ ကို ပေ့စောင်းပေစောင်းဖြင့်ကြည့်ပြီးမှ ဓာတ်ပုံကြီးကို သွားရပ်ကြည့်သည်။

ဓာတ်ပုံထဲမှ ဒက်ဒီသည် နှုပျိုနေ၏။ မာမီသည်လည်း နုနုပျိုပျို ဖျတ်ခနဲ သူ့ခေါင်းကို စမ်းလိုက်မိသည်။ မာမီ၏ လက်နုနုလေးတွေဖြင့် ချစ်စနိုး ပုတ်လိုက်သည့် ခံစားမှုမျိုး ရင်ထဲသို့ တိုးဝင်လာပါ၏။ သူ - သူ ပန်းရိပ်မြုံမှာ ဖိုးလုံး ကို ခေါင်းလေးပုတ်လိုက်ချိန်မှာ ခံစားလိုက်ရပါသည့် ခံစားမှု။ ခု သိလာရပြီ ..။ ထိုပုတ်လိုက်သည့် လက်နုနုလေး





သည် မာမီ့လက် ဖြစ်နေသည်။ ထိုစဉ်က သူ ငယ်သည်။

ဟုတ်သည်.. ငယ်သည်။ မြက်ခင်းပြင်မှာ ..၊ မြက်ခင်းပြင်က စိမ်းမြနေသည်။ နောက်တော့ အရာရာအားလုံးသည် ပြန်၍ ဓူဝါး လွင့်စင်သွားသည့်နှယ် ဖြစ်သွားကာ ဘာကိုမျှ ဆက်မမြင်နိုင်ဘဲ ဖြစ်သွားရပြန်ပါ၏။

"မာမီရော .."

ဟု အလိုလို နှုတ်မှ မေးလိုက်မိသံက အရမ်းကို နွံ့နေသည်။ မျက်ဝန်းတွေက ဓာတ်ပုံထက်မှာ တန့်နေ၏။ သူ နားလည်လာသည်။ ဒက်ဒီသည် သူ့အတွက် အရမ်းကို စိတ်ပူပန်ခဲ့ချေလိမ့်မည်ဟု။ ခက်သည်က ဘယ်လိုက ဘယ်လို ... သူသည် ဒက်ဒီ့ကို ဤမျှထိ မမှတ်မိနိုင်ဘဲ ဖြစ်နေရပါသလဲ ဆိုသည့်အချက်ပါ။

"သားရဲ့မာမီ သား ခြောက်နှစ်အရွယ်ကတည်းက ဆုံးခဲ့ပြီလေ သား"

ဟုပြောလာတော့ မှီ ရင်ထဲ ထိခိုက်သွားရပါပြီ။ သူ့ကိုကြည့်လိုက်တော့ ငိုင်ကျသွားတာကို မြင်ရပါ၏။ ထိခိုက်ကြေကွဲရိပ်သည် သူ့မျက်နှာထက်မှာ စွန်းထင်းနေသည်။

"ဟုတ်လား"

သူ့အသံက အက်နေ၏။ တုန်ခါနေ၏။ မျက်ရည်လည်တက်လာနေသည်။ သူ အာရုံစိုက်နေမိရပြန်သည်က မာမီ ..။ မာမီဆုံးခဲ့ပြီဆိုသည့် အဖြစ်တစ်ခု .. ဟုတ်သည်။ သူ ငယ်နေသေးသည်။ မာမီ့ကို သူ ဖက်၍ ငိုနေသည်ပဲ။ လှပသော မာမီသည် ငြိမ်သက်နေ၏။ သူက မာမီ့ရင်ခွင်ထဲမှာ ငိုနေသည်။ သူ့ကိုယ်ကြီး ယိုင်ခနဲဖြစ်သွားကာ ခေါင်းကိုဖိ၍...

"မာမီ .."

ဟု အော်လိုက်သံက အတန်ကျယ်၏။ ရင်ထဲက ခွဲထွက်လာသည့် ရှိုက်သံလည်း ပွင့်ကျလာသည်။ မှီ လန့်သွားကာ သူ့ကို ဆိန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ ဦးဇေယျာ သည့်လည်း သားကို ချက်ချင်းမွေ့ဖွက်ထားလိုက်ပါ သတည်း။ သူ့ကို ဆိုဖာထက်မှာ ခပ်ဖြည်းဖြည်း ဦးဇေယျာ ထိုင်ခိုင်း သည်။ ရေခဲသေတ္တာမှ ရေတစ်ဖန်ခွက်ကို ပုလင်းထဲမှ လောင်းထည့်ကာ ခပ်သုတ်သုတ်လာပြီး သားကို တိုက်သည်။

သူ့မျက်နှာ ဖြူဖျော့ဖျော့ ဖြစ်နေ၏။ အရမ်းကို ထိခိုက်နာကျင်နေသည့် မျက်နှာ ..။ ကလေးငယ်တစ်ယောက် ငိုကြွေးနေတာမျိုးဖြင့် သူ ငိုနေပြီ။ မို မကြည့်ရက်တော့ .. မို့ မှာလည်း မိဘဟူ၍ မရှိ။ ဒေါ်လေးနှင့်ပဲ ကြီးခဲ့ရသည်။ မို့ ဖေဖေသည် မို မမွေးဖွားမီမှာပင် ကွယ်လွန်ခဲ့သည်တဲ့ ..။

မို့ ဖေဖေသည် ဆရာဝန်တစ်ယောက်ဖြစ်ကာ ခွင့်ရ၍ မေမေ ရှိရာသို့ ကားဖြင့် ပြန်လာစဉ်မှာ ကားမှောက်၍ ဆုံးခဲ့သည်တဲ့။ ဖေဖေ့အမည် ဦးစံသာ ဆိုတာပဲ မို သိရသည်။ ဖေဖေ့ဘက်ကလည်း ဆွေမျိုးညာတိမရှိတာမို့ မေမေသည် အထီးကျန်စွာပဲ မို့ ကို မွေးဖွားခဲ့ရသည်တဲ့။ မေမေ့ဘေးမှာ ဒေါ်လေးပဲ ရှိခဲ့တာ။ မေမေသည်လည်း မို့ကို မွေးဖွားပြီးတာနှင့် ဆုံးပါးခဲ့တာမို့ ..။ မို ဒေါ်လေးနှင့်သာ ကြီးခဲ့ရသည်။ ဒါတွေအားလုံး ဒေါ်လေးပြောပြ၍သာ မို သိရပါသည့် မို့ ငယ်ဘဝ ..။

မို့ မေမေနာမည်က ဒေါ်ထားမှုံ .. ဒေါ်လေးက ဒေါ်ထားအုံ ..။ ခုကျတော့ မို သည် မေမေ့ညီမ ဒေါ်လေးထားအုံ ၏လက်ပေါ် ကြီးပြင်းခဲ့ရသည့် လဝန်းမို အဖြစ် လူ့ဘဝမှာ ရှင်သန်ရပ်တည်လာရပါသည်ကောလေ ..။

သူသည်လည်း အရမ်းကို ခံစားရချေမည်သာ ..။ မို ကျတော့ လူမမယ်အရွယ်လေးမှာကတည်းက အဖေ့ကိုလည်း မမြင်လိုက်ရ .. အမေ့ကိုလည်း မမြင်လိုက်ရဘဲ ကြီးလာရသည့်ဘဝပေမို့ ဒေါ်လေးထားပဲ အဖေ ဒေါ်လေးထား ပဲ အမေ ဖြစ်နေရသည်။





သူကျတော့ အမေနှင့် ခြောက်နှစ်သားအရွယ်ထိ နေခဲ့ရသည်ဆိုတော့ ခု ပြန်၍မြင်စပြုလာကာ မှတ်မိလာ၍ ဖြစ်မည်။ ငိုနေချေသည်မှ ကလေးတစ်ယောက်ငိုနေတာနှင့် မခြား ..။

"သား ဆက်စဉ်းစားစမ်း .. ဆက်စဉ်းစားစမ်း .. ဘာတွေပြန်မှတ်မိလာသလဲ သား .. ဟင် .. ဟင်"

အဖေလုပ်သူကလည်း အစတစ်စကို ပြန်အမှတ်ရစဉ်မှာ အားလုံးပြန်သတိရသွားချေမည်လားဆိုသည့် မျှော်လင့်ချက်ဖြင့် တောက်လျှောက် မေးနေသည်။ သူကလည်း ငိုနေသည်။ ခေါင်းသာ တွင်တွင်ခါနေသည်။ စိတ်လှုပ်ရှားစွာ သားကို မျှော်လင့်တကြီး ငုံ့မိုးစိုက်ကြည့်နေသည့် အန်ကယ်ဦးဇေယျာ ၏မျက်ဝန်းတွေ မှိုင်းညို့သွားကာ ကြေကွဲရိပ်တွေသာ ထင်လာပါ၏။

"မမှတ်မိတော့ဘူး .. မမှတ်မိတော့ဘူး"

ဟု ပြောကာ ဆိုဖာကျောမှီပေါ် ခေါင်းကိုတင်ထားလိုက်သည့် သူ့ကိုကြည့်ကာ ...

"ခဏနားပါစေလား အန်ကယ်"

ဟု ပြောမိသည်က မို ပါ ..။ အန်ကယ် သက်ပြင်းရှိုက်ကာ ခပ်လှမ်းလှမ်းမှာ သွား၍ တစ်ချက်ငိုင်ရပ်သည်။ နောက်တော့လည်း ပြတင်းအနီးမှာ အတန်ကြာမျှ လက်ကိုနောက်ပစ်၍ ရပ်ပြီး ငြိမ်သက်နေပါချေ၏။

သူကတော့ မျက်ဝန်းတွေကို မှိတ်ချထားဆဲ ..။ သူ့ မျက်တောင်တွေက မျက်ရည်ဖြင့် စိုစွတ်နေကြပါ၏။ ဤအတိုင်း သူ ငြိမ်သက်နားနေလိုက်တာက ပို၍ကောင်းချေမည်။ မို ထရပ်လိုက်စဉ်မှာ သူ့မျက်ဝန်းတွေ ရုတ်ခနဲ ပွင့်လာကာ ...

"ပြန်တော့မလို့လား မို .. ထားခဲ့တော့မလို့လား"

ဟု မေးလာတော့ မို ရင်ထဲမကောင်းနိုင်တော့ပါ။ ဩော် .. မို



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ကို ချန်ထားရစ်ခဲ့မှာကို သူ့ရင်ထဲမှာ သိနေသည့်နှယ် ရှိနေချေသည်တကား ..။ ဤမျှ သူ ခံစားနေရချိန်မှာ မှီ ဘယ့်နှယ့်လုပ်၍ သူ့ကို ချန်ထားရစ်ခဲ့ရက်နိုင်ပါ့မည်တဲ့လဲလေ ..။ မှီ စောစောက အန်ကယ်ချထားရာ ဖန်ခွက်ကို ကိုင်လိုက်ကာ ...

"သောက်လိုက်နော် .. မှီ မပြန်ပါဘူး၊ မနက်ဖြန်လဲ ဒီကိုလာမှာပါ .. စိတ်ချပါ .. ခု အန်ကယ့်ဆီ မှီ ခဏသွားလိုက်မလို့ပါ၊ ရေသောက်လိုက်နော် ..၊ ပြီးရင် မျက်စိမှိတ်ပြီး ခဏမှိန်းနေလိုက်ပါလား အစ်ကိုမိုးချိုသာ"

ဟု ပြောတော့ သူ နာခံစွာပဲ ရေကိုသောက်ပါ၏။ မှီ မပြန်ဟု သိလိုက်ရတာမို့ ရင်ထဲအေးသွားတာလည်း သိသာနေသည်။ ရေသောက်နေရင်းလည်း မှီ့ ကို ကြည့်နေသည်ပါပဲ ..။ ရေတစ်ဖန်ခွက် ကုန်အောင်သောက်ပြီးတော့ ဖန်ခွက်ကို ကလေးလိုပဲ မှီ့ ကို ပြန်ကမ်းပေးသည်။ အားလုံးသောက်လိုက်သည်ဆိုသည့်သဘောဖြင့်လည်း ကြည့်လာပါ၏။ မှီ့ စကားကို နားထောင်ပါသည်ဟု ကလေးလို ကြည့်သည့်အကြည့်မျိုး ..။

မှီ ပြုံးပြလိုက်တော့မှ သူ့ကိုယ်က ဆိုဖာကျောမှီမှာ မှီကျသွားပါ၏။ မျက်ဝန်းကိုလည်း စုံမှိတ်ချထားလိုက်သည်။ မှီ အန်ကယ့်ဆေးမှာ သွားရပ်တော့ မျက်ရည်ကျနေတာကို မြင်ရသည်ပါပဲ ..။ အန်ကယ်မှ မှီ့ ကိုကြည့်ကာ ...

"သားကိုချစ်တဲ့ခေါနဲ့ ဒီဟိုတယ်ကြီးကို ဆောက်ခဲ့တာယ် .. သားရဲ့မွေးနေ့လက်ဆောင်အဖြစ် ပေးဖို့လေ ..၊ အန်ကယ့်ဘဝမှာ သားဟာ အဓိကပါပဲ ..၊ တစ်ခု အန်ကယ် မှားသွားတယ်ကွယ်၊ သားရဲ့သဘောကို မမေးဘဲ အလင်းနု နဲ့ပတ်သက်ပြီး အန်ကယ် စီစဉ်နေမိတဲ့ကိစ္စ၊ အလင်းနု က ချမ်းသာတယ် .. ရုပ်ရည်ချောမောတယ် .. အဲသလို မိန်းကလေးနဲ့ သားကို အန်ကယ် နေရာချပေးချင်တယ်ဆိုတာ မမှားဘူးလို့ အန်ကယ်





ထင်ခဲ့တာကိုး၊ ဒါပေမယ့် သားက မနှစ်သက်ဘဲ ဖြစ်နေမယ်ဆိုတာကိုတော့ အန်ကယ် ထည့်စဉ်းစားပေးသင့်တာပေါ့ ..၊ အန်ကယ် ဆုံးဖြတ်ထားပြီးပါပြီ .. သား နှစ်သက်ရာ မိန်းကလေးကို သား လက်ဆက်ခွင့် အန်ကယ် ပေးဖို့ပါ"

ဟု ပြောကာ အန်ကယ် မျက်ရည်ကျလာသည်။ မှီ ကတော့ တိတ်ဆိတ်စွာ သွားရပ်နေရပေမယ့် အတန်မျှ ရင်ထဲမှာ ရှုပ်ထွေးလာရပါ၏။ ဤစကားတွေကို ဘာကြောင့်များ မှီ့ ကို အန်ကယ်မှ ပြောပြနေရပါသတဲ့လဲ ..။

သား၏ အိမ်ထောင်ရေးကိစ္စတွေအကြောင်းကို ပြောပြနေခြင်းသည် မှီ့ ကို အသိပေးရုံသက်သက်မျှပဲ ဖြစ်နေချေသည်လား။ ဒါမှမဟုတ် သူနှင့် မှီ့ ကို ချစ်နေကြသူများဟု ထင်နေ၍များလားလေ။ မှီကတော့ သူ့ကို အန်ကယ်ကြည်ဖြူရာ အလင်းနု ဆိုသည့် မိန်းကလေးနှင့် အဆင်တပြေ ဖြစ်သွားစေချင်သည်ပါပဲ။ ချောမောလှပပြီး ချမ်းသာသော မိန်းကလေးတစ်ယောက်ကို သူ ကြာရှည်တော့ မချစ်ဘဲ မနေနိုင်ပါ။ ချစ်သွားရမည်သာ ..။

"သား ပျောက်သွားတဲ့အခါမှာကျတော့မှ အန်ကယ်ဟာ သားမြတ်နိုးရာပစ္စည်းတွေ သားရဲ့ဒိုင်ယာရီ ..၊ အဲဒါတွေကို အန်ကယ် သားရဲ့အခန်းထဲမှာ လိုက်ရှာကြည့်မိတယ်၊ ဒိုင်ယာရီကိုတော့ သား တစ်နေရာရာမှာ သိမ်းထားမယ် ထင်ပါရဲ့၊ ဒိုင်ယာရီကော ရေးမှရေးရဲ့လားတော့ မသိဘူးပေါ့လေ ..၊ အဲဒီမှာ အန်ကယ် တွေ့တဲ့ ပစ္စည်းတွေမှန်သမျှ တစ်နေရာတည်းမှာ စုထားလိုက်တယ်၊ သား ဒီဟိုတယ်ထိ ယူလာတဲ့ ပစ္စည်းတွေကလည်း သိပ်တော့ များများစားစား မရှိပါဘူး၊ သူ့အဝတ်အစားရယ် ပြီးတော့ ဒါလေးရယ် ..၊ အဲဒါကို အန်ကယ် အံ့ဩနေတာ .. အခု ဒီဥစ္စာလေးကို သားကိုပြမယ်လို့ ဆုံးဖြတ်ထားတာ.. သား အရမ်းခံစားနေရှာတော့လည်း မပြရက်သေးဘူး ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ငိုင်နေ၏။

"ဟုတ်ပါတယ် အန်ကယ် .. အစ်ကိုမိုးချိုသာ အရမ်းပင်ပန်းသွားတယ်ဆိုတာ အန်ကယ်ရော မို ရော သိနေရပြီလေ ..၊ တဖြည်းဖြည်းတော့ စိတ်ရှည်သည်းခံပြီး သူ့ကို ပြန်အမှတ်ရစေဖို့ ကြိုးစားယူကြရမှာပါ အန်ကယ် ..၊ တစ်ခါတည်း အားလုံး စုံပြုံပြီး သူ့ကို တန်းစီပြောလိုက်ရင် သူ ခံနိုင်မှာမဟုတ်ဘူးလို့ မို ထင်ပါတယ် အန်ကယ်၊ ပြီးတော့ အန်ကယ်က အစ်ကိုမိုးချိုသာ ကို ဆေးကုသပေးမှာပဲလေ၊ မို လည်း သူ့ကို မမဖွေး ဆီ ခေါ်ပြဖို့ ပြောပေမယ့် ပိုက်ဆံကုန်မှာ အားနာပုံရတယ် အန်ကယ်..၊ ဘယ်လိုမှကို ခေါ်လို့မရအောင် ငြင်းတာပါ၊ အန်ကယ်လဲ သိနေတာပဲလေ .. အရမ်း ခေါင်းမာတာ"

ဟု ပြောနေပါသည့် မို့ ကို အန်ကယ်မှ ရုတ်ခနဲ ဆံစလေးတွေ သပ်ပေးလာပါသတည်း။ တကယ့်ကို သမီးလေးပမာ ဆံစလေးတွေကို သပ်ပေးလာခြင်း။ မို ပင် ရင်ထဲကြည်နူးသွားရပါ၏။ မို .. ဘယ်တုန်းကမှ ဖခင်တစ်ယောက်၏ သမီးလေးအပေါ်မှာ ဆံစလေးတွေ သပ်ပေးလာတာမျိုးကို မခံခဲ့ရဘူးပဲကိုးလေ..။

"အန်ကယ့်သားကို စောင့်ရှောက်ထားတဲ့အတွက် အန်ကယ် ကျေးဇူးတင်လှပါပြီကွယ် ..၊ အန်ကယ်နဲ့ သားတို့ တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေက ရန်ကုန်က ရွှေစံအိမ်မှာ ရှိနေတာ ..၊ အဲဒီဓာတ်ပုံတွေကို သားမြင်ရင် မှတ်မိလာမလား မသိဘူး၊ လောလောဆယ် ဒီမှာ ဓာတ်ပုံတွေ မရှိနေတာ ခက်တယ်"

ဟု ပြောကာ ဘူးရှည်လေးတစ်ခုကို အန်ကယ် ယူလိုက်ပါ၏။ နောက်တော့ ဘူးထဲမှ ပစ္စည်းလေးတစ်ခုကို အန်ကယ် ထုတ်လိုက်တော့ မို မှင်တက်သွားရပါပြီတည်း။

ဘုရားရေ!... အဝါရောင်ထီးလေး တစ်လက် ..။ မှိုပွင့်ရောင်စုံလေးတွေပါသော ထီးလေးတစ်လက်ပါတကား။





မို မှတ်မိသည်။ မို့ ထီးလေး .. ဟုတ်သည်။ မို့ ထီးလေး ..။ ထီးလေးက အသစ်လေးပဲ ဖြစ်နေသည်။

"ဒီ .. ဒီဥစ္စာလေးကို အန်ကယ် ဘယ်က ရတာလဲဟင်"

ဟု မေးမိသံက တုန်ခါခါလေး ဖြစ်နေရပါပြီ။ မေးမိရပေမယ့် ဤပစ္စည်းလေး .. ဤထီးလေးကို သူသိမ်းထားတာပဲ ဖြစ်သည်ဆိုတာ အလိုလို သိနှင့်နေရပါ၏။ ဒါဆို.. ဒါဆို .. မို ငယ်တုန်းက .. မို မြတ်နိုးရာ ထီးလေးတစ်လက်ကို ပေးလိုက်ရပါသည့် ကောင်လေးသည် သူ ဖြစ်နေချေသည်တကား ..။

ပြီးတော့ သူသည်လည်း ဤထီးလေးကို အသစ်စက်စက်လေးနှယ် ရှိနေအောင် တကန်တက အမှတ်တရ သေချာသိမ်းဆည်းထားချေသည်ကောလေ..။ မို့ စိတ်ထဲမှာ ပြန်၍မြင်လာရသည်က မိုးရေထဲမှာ ဆံပင်ပျော့ပျော့လေးတွေ နဖူးပေါ် စိုကပ်နေကာ အသားလေးတွေ ပြာနှမ်းစပြုလာအောင် စိုနစ်နေသည့်ကောင်လေး ..။ ထိုကောင်လေးသည် သူ ဖြစ်နေသည်တည့် ..။

မို့ လက်ကလေးတွေက ထီးလေးကို တုန့်ခါနေသည့် လက်လေးဖြင့် ကိုင်ကြည့်မိရပါ၏။ ဟုတ်သည် ..၊ မို့ ထီးလေးပါ .. မို မှတ်မိနေသည်။ မို့ ထီးလေးပဲ သေချာနေသည်ဟု ခံစားဖြစ်ပါ၏။ ပုံစံတူထီးလေးတွေလည်း အများကြီး ထုတ်လုပ်ခဲ့တာမို့ ဤထီးလေးသည် မို့ ထီးလေးနှင့် ပုံစံတူ အခြားသော ထီးလေးတစ်လက်ရော မဖြစ်နိုင်ဘူးတဲ့လားလေဟုလည်း တွေးမိရပါ၏။ ဒါပေမယ့် ထီးလေးသည် မို့ ရင်ကို ညို့ငင်ထားနိုင်စွမ်းနေသည်။

မို့ ထီးလေးပေပဲဟုလည်း စွဲလမ်းယုံကြည်နေစေပြီ ..။ ဒါပေမယ့် မသေချာသော တိုက်ဆိုင်မှုတစ်ခုအဖြစ်ပဲ မို ကြေကြေကွဲကွဲ မှတ်သူလိုက်ရသည်ပါပဲ။ အထူးသဖြင့် သူ့လို အရမ်းချမ်းသာသည့်သူနှင့် ပတ်သက်သမျှတိုင်းကို မို သတိထားဖို့ လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤထီးလေးသည် မှီ့ထီးလေးပါဟု အဘယ်အထောက်အထားဖြင့် မှီ ပြောနိုင်ပါမည်တဲ့လဲလေ။ ထိုသို့သော ထီးအလက်ပေါင်းများစွာကို ထိုအချိန်က ထုတ်လုပ်ခဲ့သည် မဟုတ်ပါလား။ သူ ချမ်းသာတာကိုသိ၍ မှီ့ ထီးပါဟု ချက်ချင်းပြောလိုက်ကာ သူနှင့် ရင်းနှီးပတ်သက်ရာကို ချဉ်းကပ်ယူသည်ဟု မှီ အထင်မခံနိုင်ပါ ..။ အန်ကယ်ကတော့ မှီ ပြန်ကမ်းပေးရာ ထီးလေးကို တိုးသက်သော သက်ပြင်းလေးဖြင့် ပြန်သိမ်းလိုက်သည်က ကတ်ထူဘူးရှည်လေးမှာပါ။

"သားရဲ့ စားပွဲအံဆွဲထဲမှာ ကဗျာလေးတစ်ပုဒ် အန်ကယ် တွေ့ခဲ့ရတယ်၊ အဲဒီကဗျာလေးကို အန်ကယ် သားကို ပြရလိမ့်မယ် ..၊ သမီး ရော ကြည့်ချင်သလား"

ဟု မေးလာတော့ မှီ ခေါင်းယမ်းပြမိလိုက်ရပါ၏။ သူ ရေးထားရာ ကဗျာတစ်ပုဒ်ကို မှီ က ဘာကိစ္စနှင့် အလွယ်တကူကြီး ယူဖတ်ရမည်တဲ့လဲ။ မဖတ်သင့် .. ဟုတ်သည် .. မဖတ်သင့်။ သူနှင့် မှီ့ ကြားမှာ သူ့ကဗျာကို ယူဖတ်လိုက်နိုင်သည်အထိ ရင်းချာလွန်းသော ဆက်ဆံရေး မရှိခဲ့ ..။ ယောကျာ်းပျိုတစ်ယောက် ရေးရာ ကဗျာတစ်ပုဒ်ကို မှီ သည် ဘာမျှမပတ်သက်ဘဲနှင့် ယူဖတ်ခြင်းသည် သူ့ကိုယ်ပိုင်အခွင့်အရေးကို စွက်ဖက်ရာ စပ်စုရာလည်း မြောက်သည်။

မှီ့ သိက္ခာလည်း ကျသည်လေ ..။ မှီ က အရာရာမှာ မာနလေး တစ်ခုတော့ထား၍ ဘဝကို ရပ်တည်သူပါ။ မိန်းသားတို့၏ ထားအပ်ပါသော ကိုယ်ကျင့်သိက္ခာ မာန ..။

အန်ကယ် သက်ပြင်းရှိုက်ကာ သားဖြစ်သူထံ သွားလိုက်ချိန်ထိ မှီ နေရာလေးမှာ ရပ်၍ ငြိမ်သက်ကျန်ခဲ့ရပေမယ့် စိတ်တွေကတော့ မငြိမ်သက်နိုင် ..။ ထီးလေးသည် မှီ့ ထီးလေး ဖြစ်ချေမည်ဆိုလျှင်ဖြင့်..။ သူသည် ဘာကြောင့်များ ထိုထီးလေးကို ဤမျှအထိ သွားလေရာရာ ယူယူလာနေရပါသတဲ့လဲ ..။





မှီ့ ရင်ထဲမှာ နွေးခနဲ ဖြစ်သွားရပါ၏။ ထူးခြားသော ခံစားချက်တစ်ခုက နှလုံးအိမ်ဆီသို့ ပို့ဆောင်လာသည် .. ကြည်နူးခြင်းပါတကား။ ဟင့်အင်း ..ရင်ထဲမှ ထိုကြည်နူးခြင်းဆိုသည့်အရာကို မှီ မောင်းထုတ်ပစ်လိုက်ဖို့ ကြိုးစားကြည့်သည်။ ဒါပေမယ့် ကြည်နူးခြင်းဆိုသည့်အရာက နှလုံးအိမ်ဆီမှ မထွက်ခွာ .. ပို၍ပင် တည်မြဲလာချေသည်တကား။

သူ့ကဗျာ .. ဟုတ်သည်။ သူ့ကဗျာလေးကို ဖတ်ချင်စိတ်က ရင်ကို အုပ်မိုးလာပါ၏။ ဒါပေမယ့် မှီ့ မာနနှင့် သိက္ခာတရားတို့ကလည်း ထိုကဗျာလေးကို ဖတ်ဖို့ဆိုတာ ဟန့်တားနေကြသည်။ မှီ ကလည်း ထိုကဗျာလေးကို ဖတ်ချင်နေပေမယ့် ဘယ်တော့မှ ဖတ်ဖို့ ကြိုးစားမှာမဟုတ် ..။

မှီ အန်ကယ့်ကိုကြည့်တော့ သား၏ဘေးမှာ ငြိမ်ငြိမ်သက်သက် ထိုင်နေကာ .. သား၏လက်ကို ကြင်ကြင်နာနာ ထွေးဆုပ်ထားတာကို မြင်ရပါ၏။

"သား စိတ်ထိခိုက်စရာကို သား ကြားရအောင် မဆင်မခြင် အရင်ဆုံး ပြောမိခဲ့တာဟာ ဒက်ဒီရဲ့ အကောင်းမဝါးမှုတစ်ခုလို့ ထင်ပါတယ် သားရယ် .. အခု ဒက်ဒီ ပြမယ့်အရာဟာ သားရဲ့ရင်ထဲက ပွင့်ကျလာတဲ့ အရာပါ .. သား မြင်ရဖတ်ရတဲ့အခါမှာ အရမ်းကို အေးချမ်းသွားမယ်၊ တစ်ခုခုကို သတိရလာလိမ့်မယ်လို့ ဒက်ဒီ ထင်တယ်"

ဟု ပြောလာတော့ သူ ငြိမ်သက်၍ ဒက်ဒီ့ကို ကြည့်မိပါ၏။ သူ ဒက်ဒီ့မျက်ဝန်းတွေကို မော့ငေးကြည့်နေသည်။ ထိုမျက်ဝန်းများ .. ဟုတ်သည်။ ထိုမျက်ဝန်းများသည် သူ့အတွက် ကစားစရာအရုပ်တွေ ဝယ်လာပေးရင်း သူ့ကိုကြည့်ကာ ရယ်မောနေသည့်ပုံရိပ်ထဲမှ မျက်ဝန်းများ ဖြစ်နေသည်။

ဤအခန်းနံရံမှာ ချိတ်ထားရာ ဓာတ်ပုံထဲမှာ မြင်နေရသည့် နပျိုခြင်းတွေက ထိုမျက်ဝန်းတွေ၏ အရှင်သခင်ထံမှာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း အရုပ်တွေကို ပွေ့ပိုက်ရယ်မောနေရင်း ပါးပြင်ကို နမ်းဖို့ ခြေဖျားထောက်ချိန်မှာ ဒက်ဒီက သူ့ကို ပါးလေးငုံ့ကိုင်း ထိုးပေးတာကို မြင်ယောင်လာမိသည်။

လောလောဆယ်မှာ သူ မြင်မြင်ရာတို့သည် ဝေယံဘ၀တွေ ဖြစ်နေချေသည်တကား ..။ သူ မှတ်မိလာသည်။ ဟုတ်သည် .. မှတ်မိလာသည်။ ဒက်ဒီ၏အကြည့် .. ဒက်ဒီအပြုံး အားလုံးကို ပြန်၍မှတ်မိလာနေသည်။ ဒါပေမယ့် ရုတ်ခနဲ ထိုအရာတွေသည် လွင့်ခနဲ ဖြစ်သွားပြန်ချေ၏။

"ဒက်ဒီ .."

သူ ဒက်ဒီ့ကို ခေါ်မိရင်းမှ မျက်ရည်ကျလာပါသတည်း။

"မမှတ်မိတော့ပြန်ဘူး ဒက်ဒီရာ .. ဒါပေမယ့် ဒက်ဒီ့ကို သား မြင်လာမိတယ်၊ ယေတုန်းက .. ယေတုန်းကအဖြစ် အဲဒါကို မြင်လာမိတယ်၊ ကျန်တာတွေ ပျောက်နေတယ် ဒက်ဒီ"

ဟု ပြောတော့ ဒက်ဒီ့လက်တွေက အားတက်စွာမဲ့ သူ့ပခုံးပေါ် တင်လာကာ ...

"ဒါဆို .. ဒီထီးလေးကို သား ဘာလို့ ယူလာခဲ့တာလဲ သား ..၊ ဒီ ထီးလေးလေ"

ဟု ပြောလည်းပြော .. ထီးလေးကို ဘူးရှည်လေးထဲမှ ထုတ်၍ ပြတော့ သူ ကိုင်ကြည့်နေပါ၏။ ပြီးတော့ ထီးလေးကို ဖွင့်ကြည့်လိုက်ပြန်သည်။ မျက်တောင်မခတ်မျှပင် ထီးလေးကို ငေးစိုက်ကြည့်နေရာမှ ညင်သာစွာ ထီးလေးကို ပြန်ပိတ်လိုက်ပါ၏။

မီ့ ကတော့ သူ့လှုပ်ရှားမှု မှန်သမျှကို စိတ်လှုပ်ရှားစွာ ငေးကြည့်နေမိရပါပြီ။ မျက်ဝန်းတွေ စုံပိတ်ချလိုက်ရာမှ သူ့အသံက တိုးသက်စွာ ပေါ်လာပါ၏။

"မိုးတွေ ရွာနေတယ်"





မီ့ အသက်မရှူရဲတော့ပြီ ..။ သူ့ကို မှင်တက်ကြည့်နေမိရပြီ။ တိတ်ဆိတ်အံ့သြစွာ ကြည့်နေမိရပါပြီတည်း ..။ သူ .. ထီးလေးကို ပွတ်သပ်ကြည့်နေသည်။ အာရုံထဲမှာ ကောင်မလေးတစ်ယောက် ပေါ်လာပါ၏။ ဝကစ်ကစ် ဖြူဥဥနှင့် ကောင်မလေး ..။ ကျောလယ်လောက် ဆံပင်လေးကို ကျစ်ချထားကာ ဖဲကြိုးလေးချည်ထားပါသည့် ကောင်မလေး..။ ကောင်မလေး၏ လက်ထဲမှာ ထီးဝါဝါလေး ရှိနေသည်။

သူ့လက်က အုန်းလက်နွှားလေးကို တရွှတ်ဆွဲပုံစံဖြင့် ဆွဲကိုင်ထားသည်။ မိုးရေထဲမှာ သူသည် ကောင်မလေး ကမ်းပေးလာဝါသည့် ထီးလေးကို ယူနေသည်။

"သူ့ထီး ဒက်ဒီ .. အဲဒီကောင်မလေးရဲ့ ထီးလေး"

ဟု သူပြောကာ ထီးလေးကို မျက်တောင်မခတ် စိုက်ကြည့်နေပြန်၏။ နောက်တော့ ပုံရိပ်တွေ ရုတ်ခနဲ ရုတ်ခနဲ နောက်သို့ဆုတ်ကုန်ကြသည့်နှယ် ရှိကုန်ရင်း အားလုံးပျောက်သွားကြပါပြီ။ သူ ခေါင်းကို လက်ဖြင့် အုပ်မိုးလိုက်ပါ၏။

"ပျောက်ကုန်ပြီ ဒက်ဒီ .. ပြန်ပျောက်ကုန်ပြီ"

ဟု သူ ပြောနေချိန်မှာ ဦးဇေယျာ မှ စိတ်ကိုမလျှော့ ..။ သား၏ အာရုံတွေကို အရမ်းကို နှိုးကြွလာချိန်ဟု မှတ်ယူရင်း မျှော်လင့်တကြီး ဖြင့် အိပ်ခန်းတွင်းသို့ ဝင်သွားသည်။ စားပွဲ အံဆွဲတွင်းမှ စာရွက်ခေါက် လေးကို ယူ၍ ပြန်လာသည်။

အဆောတလျင် ထွက်လာချိန်မှာ သူကတော့ နံရံကို ငေးစိုက် ကြည့်ရင်း ငြိမ်သက်နေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲတက်နေ ပါ၏။ မီ့ ကတော့ သူ့ကို ကြေကြေကွဲကွဲလေး ငေးစိုက်ကြည့်နေမိရသဲ။

"မိုးတွေ ရွာနေတယ် .. မိုးတွေ ရွာနေတယ်"

ဟု သူ ဆက်တိုက်ရွတ်နေသည်။ နောက်တော့ သူ့ကိုယ်ကြီး ငိုက်ကျသွားပါ၏။ ဦးဇေယျာ မှာ သားကို စိုးရိမ်တကြီး ပွေ့လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ လက်တွင်းမှ စာရွက်ခေါက်လေး ကြမ်းပေါ် ကျသွားရကာ စာရွက်ခေါက်လေးကို ပြန်မကောက်အားနိုင်သေးဘဲ သားကို စိုးရိမ်တကြီး ကြည့်ကာ ...

"ဘုရားရေ .. ဒက်ဒီ သားကို အရမ်းစိတ်ပင်ပန်းအောင် လုပ်လိုက်မိပြီရောလား .. လုပ်လိုက်မိပါရောလား"

ဟု ပြောကာ သားကို ပွေ့ထိန်း၍ အိပ်ခန်းဆီသို့ ခေါ်သွားချိန်မှာ မှီ ကတော့ နေရာမှာ မရွှေ့နိုင်ဘဲ ငြိမ်ခြင်းမက ငြိမ်ကျရင်း ကျန်ခဲ့ရသည်ပါပဲ။

ဖိုးလုံး ကတော့ ကလေးပီပီ စာရွက်ခေါက်လေးကို ကောက်လိုက်ကာ မို့ ကို လာပေးပါ၏။ အခန်းထဲမှာ ကျန်သူနှစ်ယောက်ရှိလျက် မှီ က အကြီးပေမို့ ကောက်ပေးသည့်သဘော ..။

မို့ လက်လေးတွေက အလိုလို စာရွက်လေးကို ယူလိုက်မိရသည်။ မှီ တင်းမခံသာတော့ပြီကောလေ ..၊ စာရွက်ခေါက်လေးကို တုန်ခါနေသည့် လက်ချောင်းလေးတွေဖြင့် စိတ်လှုပ်ရှားစွာ ဖတ်လိုက်မိရပါပြီ။

သတိရခြင်းဆီမှ
အမြဲ တသသစိတ်
နှလုံးသားက ယိုဖိတ်လာ
ယိမ်စဉ်အခါက အဖြစ်
လွမ်းရစ်ဖို့ပဲ ကြုံလေမလား ..။
မင်းမျက်နှာ ငယ်နုသွေး
တစ်ခါလေးပဲ မြင်ခဲ့သမျှ
ဝိုးတဝါးပဲ မြင်နေနေ
ဝိုးတဝါးပဲ ထင်နေနေ
မေ့မနေတာက အမှန်စကား ..။





ဆုံများ ဆုံနိုင်ပါ့မလားလေ
မျှော်လင့်နေတဲ့စိတ်
တိတ်တဆိတ် နှစ်ရှည်ကြာခဲ့
မင်းနဲ့ငါ ဆုံပါရစေ ..။
သြော် ...
မင်းနဲ့ငါ ဆုံပါရစေ ..။

ဘုရားရေ .. သူသည် .. သူသည် .. မို့ ကို ရှာနေခြင်းပါတကား..။ ကဗျာလေးကို အစအဆုံး ဖတ်နေရင်း မို့ ရင်ထဲမှာ ကြေကွဲခြင်းမက ကြေကွဲလာနေရပါပြီ။ သြော် .. ဆုံများဆုံနိုင်ပါ့မလားလေဟု တွေ့လို ဖြင့် ကြေကွဲရင်း ဤကဗျာလေးကို ရေးသားခဲ့ချေသည်လား အစ်ကို မိုးချိုသာ ရယ် ..။

မို့ ရင်ထဲမှာ မကောင်းနိုင်တော့ပြီ ..။ ထိုအချိန်က မိုးတွေရွာနေချေသည်ကောလေ..။ မို့ ထီးလေးကို ကိုကိုကောင်လေးထံ ပေးခဲ့ရချိန်။

"အဲဒီ ထီးဝါဝါလေးကို ဒီနေ့မှာ မှီ မမြင်ခဲ့ရရင် ကောင်းမှာ ..၊ ရှင့်ကဗျာလေးကိုလဲ ဒီနေ့မှာ မှီ မဖတ်ခဲ့ရရင် ကောင်းမှာ ..၊ ဒီထီးလေး ဟာ မို့ ထီးလေးဖြစ်ပေမယ့် မှီ ဖွင့်မပြောသာတော့ပါဘူး၊ ရှင် ရှာနေတဲ့ ကောင်မလေးဟာ မှီ ပဲဆိုတာ သိနေရပေမယ့် ရှင့်ကို ဖွင့်မပြောသာ တော့ပါဘူး အစ်ကိုမိုးချိုသာ ရယ် .. ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ အရမ်းကို ချမ်းသာတဲ့ ခန့်ထည်ဝါ ဖြစ်နေလို့ပါပဲရှင် ..၊ ရှင့်စည်းစိမ် ချမ်းသာတွေကို မြင်ရတာမို့ မှီ ဟာ အဲဒီထီးပိုင်ရှင် ကဗျာထဲက ကောင်မလေးအဖြစ် နေရာဝင်ယူလိုက်ပြီး ရှင့်စည်းစိမ်တွေကို အပိုင် ကြံတယ်လို့ အဖြစ်မခံပါရစေနဲ့ .. အဖြစ်မခံပါရစေနဲ့ အစ်ကို မိုးချိုသာ ရယ် ..၊ ရှင်သာ ပန်းချီဆရာတစ်ယောက်ပဲ ဖြစ်နေရင် ကောင်းမှာ..၊ မို့ ထီးလေးကို ယူသွားတဲ့သူ .. မှီ ငယ်ကတည်းက မမေ့နိုင်ပဲ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ရတဲ့သူဟာ ခန့်ထည်ဝါ ဆိုတဲ့သူ မဟုတ်ဘဲ ပန်းချီဆရာ မိုးချူသာ ပဲ ဖြစ်နေဖို့ ကောင်းတာပါ"

ဟု တွေးနေရင်း မို့ ရင်ထဲမှာ ဆို့နင့်နေသည်။ လည်နေသည့် မျက်ရည်ကို အနိုင်နိုင်ထိန်းကာ စာရွက်ခေါက်လေးကို ဖြည်းညှင်းစွာ ခေါက်နေသည့် မို့ အသွင်လေးက ကြေကြေကွဲကွဲနိုင်နေသည်။

ဖြစ်ရလေသည်ကောလေ ဟု တွေးနေရင်း နှလုံးသားတို့ ဖွဲဖွဲကြေနေသည့်နှယ်လည်း ခံစားနေရသည်။ မို့ ကိုမှ တသသ စွဲလမ်းရင်း ရှာနေသည်တဲ့လားဟေ ..။ ဪ .. မို့ ရင်တွင်းမှ ကြေကွဲမှုအရှိန်ကို လွှတ်ချခွင့်သော်မျှ ဘဝကံအခြေအနေက မပေးချေသည်မို့ .. မျက်ရည်ကို ထိန်းနေရသည်ကလည်း မို့ ပါ..။

တည်ငြိမ်အောင် ကြိုးစားယူနေရရင်းဖြင့်ပင် ကဗျာစာရွက်ခေါက်လေးကို ဆက်တီစားပွဲပေါ်မှာ မို့ တင်ထားလိုက်မိရပါ၏။ စားပွဲပေါ်ရှိ မှန်ကြည် စာဖိတုံးလေးဖြင့် ဖိထားလိုက်မိရပြီးသည့်နောက်မှာ နေရာမှ အမြန်ဆုံး ပြန်ထွက်ခွာဖို့ပဲ မို့ မှာ ရွေးချယ်ရန် ရှိချေတော့သည်မို့ ..

"ဖိုးလုံး ရေ ပြန်ကြရအောင်"

ဟု ပြောမိရပါပြီ။ ဖိုးလုံး ကတော့ သူ့အိပ်ခန်းတံခါးဝမှာ ရပ်နေရင်း အဖွင့်ဘက်ကို ခန်းဆီးလေးမှ လှစ်ဟ၍ ချောင်းကြည့်နေဆဲ..။ သူ့အတွက် ဖိုးလုံး လည်း စိတ်ပူချေမည်သာ ..။ ထိုစဉ်ခိုက် အခန်းတံခါးခေါက်သံ ပေါ်လာသည်။ ခြေလှမ်းသုတ်သုတ်ဖြင့် အန်ကယ်လည်း ထွက်လာပါ၏။

"အန်ကယ့်ဟိုတယ် အောက်ဆုံးထပ်မှာ ပန်ထမ်းတွေအတွက် ဆေးခန်းထိုင်ပေးတဲ့ ဒေါက်တာ ဦးသီလဟာန် ကို အန်ကယ်ဖုန်းဆက်ခေါ်ထားတာ သူရောက်လာပြီ ထင်တယ်"

ဟု ပြောလာတော့လည်း မို့ ငြိမ်သက်နေမိရဆဲပါ ..။ အန်ကယ် တံခါးဖွင့်တော့ အခန်းတွင်းသို့ ဆေးအိတ်ဆွဲ၍ အန်ကယ်ကြီးတစ်





ယောက် ဝင်လာပါ၏။ နောက်ပါးဆီမှာကျတော့ မိန်းကလေးတစ်ယောက် အတော်လေးကို လှသည့် မိန်းကလေး ..။ အခန်းထဲ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်လာတာ ...

"ကိုကို နေမကောင်းဖြစ်နေတာဆို .. အလင်းနု ဟိုတယ်ရီဆက်ပ်ရှင်နားက နားနေ စာဖတ်ဖို့နေရာလေးမှာ ထိုင်ပြီး စာဖတ်နေတာ .. မနက်ဖြန်ပဲ အလင်းနု ပြန်တော့မလို့ ပြင်ဆင်ထားပြီးပြီ..၊ ကိုကို နေမကောင်းပဲ ပြန်ရောက်လာတယ်ဆိုတာ အခုမှ သိရတာ..၊ ရီဆက်ပ်ရှင်မှာ အန်ကယ် ဦးသီလဟာန် ပြောပြခဲ့ပြီး အရေးတကြီး သွားလိုက်တာမို့ ..အလင်းနု လဲ အန်ကယ်ကြီးကို မှီအောင် လိုက်လာခဲ့တာ.. တူတူ မာတ်လှေကားစီးဖြစ်လာတာပါ အန်ကယ်"..

ဟု ပြောကာဆိုကာဖြင့် အန်ကယ့်ကိုလည်း အကဲခတ်သလို ကြည့်လာသည်က တစ်ခုခုကို စိတ်ထဲမကျေနပ်နေသည့်အကြည့်မျိုး ဆန်နေသည်။ ထိုမျက်ဝန်းတွေသည် အတော်ကြီးကို အပေါ်စီးဆန်သောအကြည့်မျိုးဖြစ်နေလျက်.. ထိုသို့ကြည့်နေရသည့်အတွက်လည်း အားနာရမှန်းမသိသည့် အမူအရာမျိုးပဲ မျက်နှာထက်မှာ ထင်နေသည်။

"တကယ်ဆို အန်ကယ် အလင်းနု ကို ပြောပြဖို့ကောင်းတာပေါ့၊ ကိုကို ပြန်ရောက်လာတာ နေမကောင်းဖြစ်နေတာ"

ဟု အလိုက်ကမ်းတရား မသိစွာ ဆက်ပြောနေချိန်မှာ အန်ကယ် ဦးဇေယျာ ကတော့ ဘာမျှရှင်းပြမနေတော့ဘဲ ဆရာဝန်ကြီးကိုသာ ဦးဆောင်၍ ခေါ်ဝင်သွားသည်က သားဖြစ်သူ၏ အိပ်ခန်းတွင်းဆီသို့ပါ..။

အလင်းနု ၏ အကြည့်တစ်ချက်တော့ မို့ ထံသို့ ရောက်လာပါ၏။ မို့ ကို ကြည့်သည့်အချိန်သည် မကြာလှပေမယ့် မို့ ကို အကဲခတ်သလိုလည်း ဆန်သောအကြည့် .. မလိုလားသောအကြည့်မျိုးလည်း ဖြစ်နေပါသည့်အဖြစ်။ မို့ သိသည်ပေါ့ ..၊ အခန်းတံခါးနားမှာ ထိရပ်နေဆဲ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံး ကိုလည်း အထင်သေးသလိုပင် ကြည့်သွားသေးသည့်အဖြစ်။ ဖိုးလုံး ဘယ်လောက်ပဲ ဝတ်ကောင်းစားလှပဟူ၍ ရွေးချယ်ဝတ်လာသည် ပဲရှိစေ .. အလင်းနှ ဆိုသည့် အရမ်းကို ချမ်းသာမှန်းသိသာလောက်အောင် လက်ဝတ်ရတနာတွေ ညွှတ်နေလျက် ပိုးဂါဝန်ရှည်လှလှလေးဖြင့် ရှိနေသည့်အဆင့်မှ လူတစ်ယောက်၏အကြည့်ကတော့ ဖိုးလုံး သည် အတော်ဆင်းရဲနေသည့်အလွှာထဲကဟူ၍သာ မှတ်ယူချေမည်သာ ..။ မို ဖိုးလုံး ဘေးမှာ သွားရပ်သည်။ ဖိုးလုံး ၏လက်လေးကို ဆွဲလိုက်ကာ...

"ပြန်စို့"

ဟု ပြောမိရပါ၏။

"မို့ ကို ခေါ်ပေးပါ .. မို ဘယ်မှာလဲ .. ဘယ်မှာလဲ"

ဟု မေးနေသံ မို ကြားနေရသည်။ အန်ကယ်မှ သားကို အိပ်ခန်းထဲ ခေါ်သွားချိန်မှာ မို လိုက်မဝင်သင့်တာမို့ ဧည့်ခန်းကျယ်ကြီးထဲမှာ ကျန်ခဲ့ ချေသမျှ .. ခုကျတော့ မို့ ကို ခေါ်ခိုင်းနေချေသည်တကား။ မို့ ရင်ထဲမှာ ကျင်ခနဲ ခံစားရပါ၏။

"မမမို ကို ခေါ်နေတယ်လေ .. သွားတွေ့ရအောင်နော် ..၊ ကိုကို မိုးချိုသာ သနားပါတယ်၊ ခုနက ဘဘကြီးရဲ့ ရင်ခွင်ထဲမှာ ကိုကိုမိုးချို သာ ခေါင်းဝင်ပြီး ငိုနေတာ .. သူ့ခေါင်းထဲမှာ ကိုက်နေတယ်တဲ့ .. ခေါင်းလဲ မူးနေတယ်တဲ့ .. သတိမရတော့ဘူးတဲ့ .. ဘာကိုမှ ဆက်ပြီး သတိမရတော့ဘူးတဲ့ ..၊ အဲဒါတွေ ပြောနေတော့ ဘဘက ကိုကိုမိုးချို သာ ကို ခေါင်းလေးသပ်ပေးလိုက် ကျောလေးသပ်ပေးလိုက်နဲ့ လုပ်နေ တာ သိလား ..၊ ဖုန်းလည်း ဆက်တယ် .. အဲဒါ ဟိုဆရာဝန်ကြီးနဲ့ ဟိုမမ ရောက်လာတော့မှ ဘဘ ထွက်လာတာ"

ဖိုးလုံး ကတော့ မြင်ထားရလေသမျှ သူ့ကို သနားစိတ်ဖြင့် ပြော နေခိုက်မှာ မို ခေါင်းလေးခါ၍ ဖိုးလုံး ၏ ခေါင်းလေးကို ပွတ်ပေးလိုက် ရင်းမှ ...





"ဟိုမှာက ဆရာဝန်ကြီးလဲ ရောက်နေတာလေ .. မမမို တို့ ရောက်သွားရင် အလကားရှုပ်နေမှာ ဖိုးလုံး ရဲ့..၊ ဒီတော့ အေးအေး ဆေးဆေး ကုပါစေဟယ် .. မမမို တို့က ဘာမှ လုပ်ကိုင်တတ်တာမှ မဟုတ်တာ ..၊ ပြီးတော့ ဟိုမှာ မမတစ်ယောက်လဲ ရောက်နေပြီလေ"

ဟု ပြောတော့ ဖိုးလုံး မှ ...

"အဲဒီဆရာဝန်ဘဘကြီးက ပြောနေတာ သိလား ..၊ အိပ်ခန်းထဲ အစ်ကို့ဘဘနဲ့ တူတူဝင်လာရင်း ပြောပြနေတာ ..၊ ဆေးခန်းကို ရောက် တာ နာရီဝက်လောက်ပဲ ရှိသေးတာတဲ့ .. ဖုန်းဝင်လာလို့ ချက်ချင်း တက်လာရတာတဲ့၊ ဘယ်လိုဖြစ်တာလဲဆိုပြီး မေးရင်းပြောရင်း ဝင်သွား တာ .. အစ်ကိုမိုးချိုသာ ကို စမ်းကြည့်နေတယ် သိလား"

မြင်ထားရာကို ပြောနေသည့် ဖိုးလုံး ကို မို ပြုံးပဲ ပြုံးပြမိရကာ ရင်ထဲမှာတော့ ထိခိုက်နေရပါပြီ ..။ ရင်ထဲသို့ တိုးဝင်လာသည်က မကြာ မတင်လေးကမှ မို ဖတ်ခဲ့ရပါသည့် ကဗျာလေးထဲမှ ပထမပိုဒ်လေးပါ ..။

သတိရခြင်းဆိမှ<br>
နှလုံးသားမှ ယိုဖိတ်လာ<br>
ငယ်စဉ်အခါက အဖြစ်<br>
လွှမ်းရစ်ဖို့ပဲ ကြိုလေမလား ..။

ကဗျာလေးက မို့ ရင်ထဲသို့ ကြေကြေမြေမြေ တိုးဝင်သည်။ တကယ့်ကို လွှမ်းရစ်ဖို့ပဲ ကြုံရချေပြီကော အစ်ကိုမိုးချိုသာ ရယ်။ လွှမ်းရစ်ဖို့ ကြုံသည့်ဘဝ .. ဤအတိုင်းသာ ရှင်သန်ပါစေတော့ ..။ မို သည်လည်း အကြေကွဲဆုံး မိန်းမသားတစ်ယောက်ဖြစ်နေရသည်ဟူသော မို့ နှလုံးအိမ်မှသာ သိနေရစ်ပါစေတော့ ...။

ငယ်ဘဝဆီမှ အမှတ်ထင် ဆင် ဖြစ်ရှိနေမိရခြင်းများစွာတို့သည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချစ်နေမိခြင်းပါလား ဟူ၍ ယခုကျတော့မှ မှီ သိရပါချေသည်တကား ..။ လွမ်းကျွန်ရစ်စေဆိုသည့် လှပပျောင်းနွဲ့သော စာသားသည် မှီ့ ရင်ကို ပြင်းထန်စွာ နာကျင်ကြေကွဲနေစေမည်သာ ..။ မှီ အခန်းတံခါးရွက်ကို ဖွင့်မိရပါပြီ ..။

"မှီ .."

နောက်ပါးဆီမှ ခေါ်သံ .. ၊ သူ့ခေါ်သံ ..။ မှီ လှည့်မကြည့်ဘဲနေလိုက်ဖို့ ကြိုးစားနေမိပါ၏။ ဒါပေမယ့် ...

"မပြန်ပါနဲ့ မှီ ရယ် .. မပြန်ပါနဲ့"

သူ့အသံ ..။ သြော် .. ဆို့ဆို့နင့်နင့် လှမ်းခေါ်လိုက်ပါသည့် သူ့အသံကြောင့် မှီ့ ကိုယ်လေးသည် တင်းမခံသာစွာပဲ ပြန်၍ လှည့်လိုက်မိရချေသည်တကား ..။ သူ အိပ်ခန်းတံခါးမှာ တံခါးပေါင်ကို လက်ဖြင့်ဖေးကိုင်ထားရင်း မှီ့ ကို မလှုပ်မယှက်ကြီး ရပ်ကြည့်နေသည်။ သူ့မျက်ဝန်းတွေမှာ ထိုခိုက်နာကျင်ရိပ်တွေ စွန်းထင်းနေကြပါချေ၏။ မျက်ဝန်းတစ်ခုတည်းသာ မဟုတ် .. သူ့မျက်နှာထက်မှာလည်း ကြေကွဲရိပ်တွေ စွန်းထင်းနေကြသည်ပါပဲ ..။ သူ့အကြည့်က မှီ့ ထံမှာ တန့်နေဆဲ ..။

"ဒီအချိန်မှာ မှီ ကျွန်တော့်ကို ဘယ်လိုမှ ချန့်မထားခဲ့ရက်နိုင်ဘူးဆိုတာ ကျွန်တော် သိတယ် မှီ"

သူ ထပ်ပြောလာသည်။ အကြည့်က မှီ့ ထံမှာပဲ မမှိတ်မသုန် ရှိနေဆဲ ..။ သူ့မျက်နှာထက်မှာ ချွေးတွေ စို့နစ်နေသည်။ အရမ်းကိုစိတ်တွေနှစ်၍ လှုပ်ရှားပင်ပန်းထားခဲ့ရတာမို့ ချူးချူးကျနေသည့်ဟန်။ ဒါပေမယ့် သူသည် မည်မျှပင် စိတ်တွေ ရှုပ်ထွေး ချူးကျနေစေ မှီ့ ကိုတော့ မမေ့ပါချေသည်ကောလေ ..။

"မှီ .. ဘာကြောင့် ပြန်တယ်ဆိုတာ ကျွန်တော် သိနေတယ် မှီ"

အလင်းနှ ရောက်လာ၍ မှီ ပြန်သည်ဆိုတာကို သူ ပြောနေမှန်း





မှီ လည်း နားလည်သည်ပါပဲ ..။

"ကျွန်တော့်နားမှာ မှီ ရှိဖို့လိုတယ် မှီ ..၊ နောက်ကြောင်းတွေမေ့နေရတဲ့ မိုးချိုသာ အတွက် မှီ ဟာ ဘဝအလင်းတန်းပါ မှီ ရယ် ..၊ တစ်စိတ်တစ်ပိုင်းလေးတွေ ဟိုသည်တစ်စ တွေးယူရတာ ကျွန်တော်ပင်ပန်းလှပါပြီ ..၊ မိုးချိုသာ ဆိုတဲ့ ဘဝကတစ်ခုကိုပဲ ကျွန်တော် မှတ်မိနေတာပါ ..၊ မိုးချိုသာ အတွက်ကျတော့လဲ မှီ တို့ ရှိတာပါ .. မပြန်ပါနဲ့ မှီ ရယ် .."

သူသည် လတ်တလောမှာ ခံစားရပါသည့် ပင်ပန်းနွမ်းလျနေသည့် ခံစားချက် အရာအားလုံးကို မေ့လျော့စွာ မှီ့ ကိုပဲ တောက်လျှောက်ကြည့်နေသည်။ ခခယယ ပြောနေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေလည်နေသည်။ မှီ မည်သို့ တင်းခံနိုင်ပါမည်တဲ့လဲလေ ..။

"မှီ ပြန်ရလိမ့်မယ် အစ်ကိုမိုးချိုသာ .. ရှင်နဲ့ကျွန်မ ဆက်ပြီးတွေ့နေကြရင် သံယောဇဉ် ပိုကြီးလာကြမှာ"

ဟု ပြောချင်နေသည်။ မည်သို့ပြော၍ ဖြစ်မည်တဲ့လဲလေ ..။ အန်ကယ်ဦးဇေယျာ မှလည်း မှီ့ ထံသို့ လျှောက်လာကာ ..

"လာပါ သမီးရယ်"

ဟုခေါ်နေပြီ ..။ ဖိုးလုံး ကလည်း သူ့ ကိုကိုမိုးချိုသာ ကို သနားလွန်းနေတာမို့ မှီ့ လက်ကိုဆွဲ၍ပင် ခေါ်နေသည့်အဖြစ် ..။ သူ မှီ့ ထံသို့ လျှောက်လာနေပြီ။ စိတ်အရမ်းပင်ပန်း မွန်းကျပ်ထားသူတစ်ယောက်ဖြစ်နေသည့်ကြားမှ လျှောက်လာနေသည်။ မှီ့ လက်ကို ဆွဲထားသည့် ဖိုးလုံး ၏ လက်ကိုလည်း ကြည့်သည်။

နောက်တော့ မှီ ဘယ်လိုမှ ထင်မထားသည့်အဖြစ်တစ်ခုကို ရင်ဆိုင်ကြုံလိုက်ရပါပြီ ..။ သူ့လက်တွေက မှီ့ လက်ကို ပိုင်နိုင်လွန်းစွာအားလုံးရှေ့မှာ မလွတ်တမ်း ဆုပ်ကိုင်လာချေသည်တကား ..။ မှီ ပန့်သွားကာ ရုန်းပေမယ့် မရ ..။ သူ့မျက်နှာက တည်နေသည်။

www.burmeseclassic.com



"မို ..."

ဟု အရမ်းကို ခေါင်းမာသည့် နောက်မဆုတ်စတမ်းဟန်ဖြင့်လည်း သူတစ်ခွန်းတည်းပဲ ခေါ်သည်။ လက်ကိုမလွှတ်ဘဲ ညှော့ခန်းဆိုဖာထိ ခေါ်လာချိန်မှာ အန်ကယ် ဦးဇေယျာ ကတော့ ပြုံးနေသည်ပါပဲ ...။

အန်ကယ် ဆရာဝန်ကြီးကလည်း ပြုံးချင်နေသမျှကို ခေါင်းကြီး ဟိုသည်ငဲ့သယောင်လုပ်နေရင်း မျက်မှန်ကို ပင့်သယောင်ယောင်ပြု လျက် ထိန်းနေတာ သိသာနေသည်။ မို သည်-သူ့ဘဝမှာ အရေးပါ သူတစ်ယောက်ဆိုတာ ပြတ်သားစွာ အားလုံးကို အသိပေးလိုက်သည့် နှယ် ရှိသွားရပါပြီ။

မို ရုက်လန့်တကြားလေး အားလုံးကိုကြည့်ကာ လက်ကိုရုန်း သည်။ မရ ...၊ မို့ အကြည့်က အလင်းနု ထံရောက်တော့ စူးရှခါးသီး သောအကြည့်ကို ရင်ဆိုင်တိုးလိုက်ရသည်ပါပဲ ...။ သူ့လက်ကတော့ မို ရုန်းမရအောင် ဆုပ်ခဲကိုင်ထားဆဲ ...။

ဤတစ်ကြိမ်မှာတော့ သူ့ထံမှာ အင်အားတွေ ရတ်ခြည်းတိုးဝင် လာနေကြသည့်နှယ် ရှိလာနေချေသည်တည့် ...။





အခန်း(၁၄)

အန်ကယ်မှ ဒေါက်တာကြီး ဦးသီလဟန် နှင့် အလင်းနု ကို စာ ကြည့်ခန်းဆောင်ထဲ ခေါ်သွားပါ၏။ မို့ သိပါသည်။ သူ မည်သို့မည်ပုံ နောက်ကြောင်းမေ့သွားရသည်ဆိုတာတွေ ပြန်ပြောပြနေမှာ သေချာ နေသည်ပါပဲ။ ဆရာဝန်ကြီးကို ပြောပြသည်ကတော့ ထားပါ .. အလင်း နု ကို ဘာကြောင့် ထိုသို့အရေးတယူနေရာမှာထား၍ ပြောပြနေရမည်တဲ့ လဲလေ ...။

အန်ကယ်ဦးဇေယျာ သည် အလင်းနု နှင့် သူ့ကို သဘောမှုထား သည်။ ဒါကိုတော့ မို နားလည်နေမိရပြီးပြီ။ အလင်းနု ၏ အကြည့် .. ဆက်ဆံပုံကလည်း သူနှင့်တတ်သက်လျှင် ပိုင်စိုးပိုင်နင်း ဆန်နေသည်။ မို့ ကိုကြည့်သည့်အကြည့်ပင်လျှင် ကြည်ကြည်ဖြူဖြူ မရှိ။ ခါးသီးသော အကြည့်မျိုး ဖြစ်နေသည်။ မလိုလားရိပ်သည် သိသိသာသာပင် မို့ အပေါ် မှာ သက်ဆင်းနေသည်ပဲ မဟုတ်ပါလားလေ ...။

သူကတော့ မို့ ဘေး ကုလားထိုင်မှာ ထိုင်နေပါ၏။ အန်ကယ် ဦးဇေယျာ မှ ဖုန်းဖြင့် လှမ်းပြောခဲ့တာမို့လည်း ဟိုတယ်မိန်းကလေး နှစ်ယောက် အိုဗာတင်းနှင့် မုန့်မျိုးစုံကို တရိုတသေ လာပို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မီ တို့ရှိနေရာမှာလည်း ဆက်တီစားပွဲပေါ်မှာ အစားအသောက်တွေ ပြည့်နေသည်။ အိုဗာတင်းပူပူ ဖန်ခွက်ရှည်ကြီး သုံးခွက်နှင့် မုန့်အမယ် မျိုးစုံ ..။ ပြီးတော့ အန်ကယ်တို့ရှိနေရာ စာကြည့်ခန်းသို့လည်း အစား အသောက်တွေ သွားပို့ကြပြီးသည့်နောက်မှာ သေသေဝပ်ဝပ်လေးတွေ ပင် ပြန်ထွက်သွားကြပါ၏။

သူကတော့ မီ့ ကို အကဲခတ်သလို ကြည့်နေသည်။ အိုဗာတင်း ခွက်ကိုလည်း ယူ၍ အရင်ကမ်းပေးသည်။ မီ မယူ၍မကောင်းတာမို့ ယူလိုက်တော့ သူ့မျက်နှာ အတန်မျှ ကြည်လင်လာပါ၏။ ဖိုးလုံးကို ဖန်ခွက် ထပ်ကမ်းပေးသည်။ ဖိုးလုံး ကတော့ ကလေးပဲလေ .. ခပ်သွက် သွက်လေး ယူလိုက်သည်ပါပဲ။ နောက်ဆုံးကျတော့မှ သူ အိုဗာတင်း ခွက်ကို ယူသည်။ ခပ်ဖြည်းဖြည်း သောက်ပါ၏။ သောက်နေရင်းဖြင့် လည်း မီ့ ကို ကြည့်သည်။ အကဲခတ်ကြည့် ..။ ထိုသို့ တကြည့်ကြည့် လုပ်နေတော့ မီ့ စိတ်ထဲမရှည်ချင်တော့သလိုလေး ဖြစ်လာကာ ...

"တကြည့်ကြည့် လုပ်မနေနဲ့ .. ရှင့်ကို မီ ဒီအိမ်တိုင်ရာရောက် ပို့ပေးခဲ့ပြီ .. နေခဲ့တော့ ..၊ ဟိုမှာကလဲ ရှင့်နောက်ကြောင်းထဲမှာ ဘာမှန်း မသိခဲ့ရတဲ့ အလင်းနု ဆိုတာကလဲ မီ့ ကို ဘယ်လိုကြည့်နေတယ်ဆိုတာ ရှင် မြင်ခဲ့ပြီးနေပြီပဲ ..၊ တမိုတည်း မီ လုပ်မနေနဲ့ .. အဲဒီ အလင်းနု က ဘာပြောမလဲ .. ကဲ .."

ဟု စိတ်ထဲရှိရာ ပြောချလိုက်တော့ သူကလည်း အားကျမခံ ...

"ဘာပြောပြောပေါ့ .. ကဲ .."

ဟု ပြန်ပြောလာသည့်က ဂျစ်တစ်တစ် နိုင်နေသည်။ လောလော ဆယ်မှာ အရာရာ စိတ်ထဲပျော်မွေ့နေသည်ကတော့ ပူတင်းအုပ်နေသည့် ဖိုးလုံး တစ်ယောက်ပဲ ဖြစ်ပါ၏။

ပန်းရိုပ်မြုံမှာလည်း အလုပ်လုပ်ကြရင်း စကားပြောမတည့်ဘဲ ဖြစ်ဖြစ်နေတတ်ပါသည့် မီ နှင့် သူ့အဖြစ်ကို မြင်ခဲ့ရဖူးတာမို့ .. ခုလို





အချိန်မှာ စကားပြောမတည့်ဘဲ မီ နှင့် သူ ရှိနေတာကိုလည်း ရိုးနေ သယောင် ရှိနေသည့် ဖိုးလုံး ..။ နောက်ထပ် ပေါင်မုန့်ဆင်းဒဝှစ်ချ် တစ်ခုကို ထပ်ယူ၍ တီးနေပြီ။ သူနှင့် မီ သာ တစ်ယောက်ကိုတစ် ယောက် ပေစောင်းစောင်း ကြည့်နေကြပါသည့်အဖြစ်။ မီ ပြန်ချင်နေ ပြီ။ ခုလို တစ်ဖက်ခန်းထဲမှာ ကျိတ်ကျိတ်ကျိတ်ကျိတ်နှင့် အန်ကယ် ဦးဇေယျာ မှ အလင်းနု ကိုပါခေါ်၍ ဆရာဝန်ကြီးကို ပြောပြနေသည် ဆိုတာက သူနှင့် အလင်းနု သည် တော်ရုံပတ်သက်နေသူ မဟုတ်တော့ပြီ ဟု ပို၍ မီ သိလာနေရင်း ..။ ဤနေရာမှာ ကြာကြာနေဖို့ မသင့်ပြီဟု ဆင်ခြင်လာမိနေရသည်ပါပဲ ..။

"တစ်မိုတည်း မီ လုပ်မနေလို့ ကျွန်တော်က ဘာလုပ်နေရမှာ လဲ ..၊ ကျွန်တော် သိတာ မီ တို့ပဲရှိတာ ဥစ္စာ ..၊ ခု ဒက်ဒီတို့ ဘာတို့ဆို တာက ပြောလို့သာ ရေးတေးတေး မြင်လာရ .. ဒက်ဒီဆိုပြီး နေပေး လိုက်ရပေမယ့် အပီအပြင်သိနေရတာက မီ တို့ပဲ ရှိတဲ့ဥစ္စာ ..၊ အရေးထဲ ဟို အလင်းနု ဆိုတာကလဲ ဘာမှန်းမသိဘူး ..၊ မီ့ ကိုကြည့်တာ မကြိုက် ဘူး သိလား၊ အဲဒါ အပြတ်ပြောပစ်မှာ ဘာမှတ်လဲ"

ကြမ်းမည့်ပုံ ဖမ်းနေသည့်သူ့ကို ကြည့်ကာ ဤတစ်ကြိမ်မှာတော့ မီ လန့်သွားရပါ၏။ ထိုသို့ဖြစ်ကုန်လျှင် မီ ပို၍ မျက်နှာပျက်ရမည်ပေါ့။

"စိတ်ညစ်တော့တာပါပဲ အစ်ကိုမိုးချိုသာရယ် .. ဆောရီး ကိုခန့် ဆည်ဝါရယ်"

ဟု ညည်းတော့ သူ မျက်မှောင်ကုတ်၍ကြည့်ကာ ...

"မိုးချိုသာ လို့ပဲခေါ် မီ ရာ .. အဲဒါက နားဝင်ချိုတယ် .. ဟိုတစ် ယောက်ခေါ်နေတဲ့ ကိုကိုဆိုတာကြီးက အဲဒီ ခန့်ဆည်ဝါ ကို ရည်ညွှန်း နေတာကြီး ဆိုနေတယ်ကွာ ..၊ အဲဒီ အလင်းနု ဆိုတာ သူ့ကို မြင်မြင် ချင်း မကြိုက်ဘဲ ရင်ထဲ မွန်းကျပ်နေတော့တာ အမှန်ပဲ မီ"

ဟု သူ ပြတ်ပြတ်သားသား ပြောလာတော့ မီ သက်ပြင်းရှိုက်မိရ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ နောက်ထပ် ဟန်ဘာဂါဘက်ကို လက်လှမ်းနေသည့် ဖိုးလုံး ကိုလည်း ဖတ်ခနဲ လက်ကိုပုတ်လိုက်မိသည်က မို ပါ။ ဤမှာက မို စိတ်ညစ်နေကာ သူနှင့် စကားပြော အပေါက်အလမ်းမတည့်ချင်ပဲ ရှိနေချိန် .. အလိုက်ကမ်းတရားမသိဘဲ အစားမက်နေသည့် ဖိုးလုံး က လက်တံရှည်ကြီးနှင့် အကြိုက်အုပ်နေတာမို့ မတားဍ်လည်း မဖြစ်တော့ပြီကိုးလေ ..။

"ဘာလို့ ကလေးကို အစားပျက်အောင် လုပ်ရတာလဲ၊ စား .. ဖိုးလုံး .. စား .. အပြန်ကျရင် ထည့်ပေးလိုက်ဦးမှာ ..၊ အစ်ကိုမိုးချိုသာလဲ လိုက်လာမှာ သိလား .. တူတူပြန်လိုက်လာမှာ .. ဒီမှာ မနေချင်ပါဘူး၊ ဟိုမှာပဲ ပျော်တယ်ကွ"

ဟု ကလေးကို မုန့်လည်းထပ်ယူဖို့ မြှောက်ပေးနေရင်း သူပါ ပန်းရိပ်မြုံသို့ အတူပြန်လိုက်မည့်ကိစ္စ သွယ်ကာဝိုက်ကာ အသိပေးလာပါသည့်အဖြစ်။ မို ကြည့်တော့ သူ ဤတစ်ကြိမ်မှာ အိုဗာတင်းကို သောက်နေပါ၏။

"လူက ပင်ပန်းနေတာနော် .. စောစောက မို မြင်ပါတယ်.. အရမ်း ခံစားနေရတာပါ ..၊ အန်ကယ်ကြီးက ဆေးထိုးပေးထားတာ လူက မှိန်းချင်နေပြီ .. ဒါပေမယ့် မလှဲရဲဘူး ဖြစ်နေတယ် ..၊ မို ပြန်သွားမှာစိုးလို့ အဲသလိုဖြစ်နေတာ ..၊ ဟိုတစ်ယောက်နဲ့ ကျွန်တော့်ကို ဒီမှာ ချန်ထားရစ်ခဲ့မှာကို အလန့်ဆုံးပဲ"

ဟု လူကိုမကြည့်ဘဲ ပြောနေတော့ မို့ မှာ ဘာဆက်လုပ်ရမှန်းပင် မသိ။ မို့ ကို မကြည့်ဘဲ ပြောချင်တာ ဖြစ်ချင်တာ ပြောနေသည့် သူ့ကို တဖက်၍ ပြောနေလျှင်လည်း သူက တုံ့ပြန်ကြည့်လာတော့မည် မဟုတ်။ အိုဗာတင်းသောက်နေတာကို အချိန်ဆွဲနေချေဦးမည်သာ။ ပြီးတော့ မို့ ရင်ထဲ တိုးဝင်လာသည့် စောစောကစကား ..။ ဆေးရှိန်ကြောင့် သူ မှိန်းချင်နေရှာသည်ကောဆိုတာကို သိလာရချိန်မှာ ..။ သူ





သည် မို ပြန်သွားမှာကို စိုးရိမ်ဓောဖြင့် ပေတိပေကပ်လုပ်ကာ ခွတ်ထိုင်နေခြင်းပါလားဆိုသည့် အသိပါ ..။ ထိုသို့ကျတော့လည်း မို သူ့ကို ပစ်ပစ်ရက်ရက် မလုပ်ရက်ပြန် ..။

သံယောဇဉ်ဆိုတာကိုလည်း မို့ ရင်ထဲ အပ်နှံလာသည်။ ပြီးတော့ မို သည် ထီးဝါဝါလေးကို မြတ်နိုးစွာ ရှာဖွေနေသည့် သူ့အပေါ်မှာ တုံ့ပြန် မြတ်နိုးနေမိရသည်ကိုလည်း တိုးသက်သိုသိပ်စွာ သိနေရပါသည့် မို ဖြစ်နေချေသည်ကိုးလေ ..။

မို သူနှင့်ဘဝလက်တွဲဖော်အဖြစ် မဆုံမကြုံဖြစ်ရချေမည် .. ရှိရစေမည်ဆိုတာ အလင်းနု ဆိုသည့် မိန်းကလေးတစ်ယောက်ကြောင့် ပို၍ နားလည်လာနေမိရပေမယ့် သူ့ကိုတော့ ဤအချိန်မှာ ပစ်ပစ်ခါခါကြီး ထားပစ်ရမှာ အတန်မျှတော့ ဝန်လေးလာမိရပါ၏။ ဘာကြောင့်ဆို သူသည် ဝေဒနာသည်တစ်ယောက် ဖြစ်နေသည်ကိုးလေ..။ ဒါပေမယ့် အချစ်ဆိုသောအရာသည် ခွဲခွာရမှာကို သိနေရင်းဖြင့်လည်း ရင်ထဲမှာ အမြစ်တွယ်နေတတ်သည်ဆိုတာကိုတော့ မို သည် ဤတိုတောင်းသော အချိန်လေးမှာပင် သူ့ကြောင့် ပို၍သိလာရပါ၏။ မို့ နှလုံးသားကိုလည်း မို သိနေရသည်။ သူ့နှလုံးသားကိုလည်း မို မြင်နေရသည်။

ဒါပေမယ့် မို သည် လက်တွေ့ကျသော မို အဖြစ် ရှိနေရမည်ဆိုတာ ရင်ထဲမှခံစားချက်ကို ဦးနှောက်က လှမ်း၍ သတိပေးနေတာကိုလည်း ကြုံနေရသည့် မို ဖြစ်နေရပြန်ပါ၏။

ထိုစဉ်ခိုက် စာကြည့်ခန်းဆီမှ အန်ကယ်တို့ ထွက်လာကြပါ၏။ အလင်းနု ၏အကြည့်ကတော့ မို့ အပေါ်မှာ ခါးသီးသောအကြည့်တွေ ဖြစ်နေသည်ပါပဲ။ အန်ကယ် ဦးဇေယျာ မှ ဖိုးလုံး ၏ ဘေးမှာထိုင်ကာ ခေါင်းလေးကို သပ်ပေးပါ၏။

"စားနော် လူလေး .. စား .."

ဟု ပြောကာ နောက်ထပ် ဆင်းဒဝှစ်ချ်တစ်ခုကို ယူပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံး ကတော့ ပျော်ပြီး ယူလိုက်သည်ပါပဲ ...။

"သမီး မှီ ပြောပြထားခဲ့တဲ့ ဒီနေ့က သားကြုံကြိုက်ခဲ့ရတဲ့ အဖြစ်အပျက်တွေကို ဒီက ဒေါက်တာ ကိုသီလဟန့် ကိုရော ဒီက အလင်းနု ကိုရော အန်ကယ်ပြောပြလိုက်ပြီးပါပြီ ...၊ လောလောဆယ်မှာ သား စိတ်ချမ်းသာစေဖို့ အဓိကထားပြီး အားလုံးက နေပေးကြရမှာပါပဲ"

ဟု အန်ကယ်ပြောလာခိုက်မှာ ဒေါက်တာဦးသီလဟန် မှလည်း..

"လောလောဆယ်မှာ လူလေးက စိတ်ရောကိုယ်ရော အနားပေးထားဖို့ လိုပါတယ် ...၊ အန်ကယ် ဆေးလဲ တိုက်ပါ့မယ် .. ဆေးလည်း ထိုးသင့်တဲ့အခါ ထိုးပေးပါ့မယ် ...၊ မနက်ဖြန်မှာ ဦးခေါင်းပိုင်းကို ဓာတ်မှန်ရိုက်ကြည့်ပါမယ် .. စိတ်နားကိုယ်နား ဆေးဝါးလည်း သောက်၊ ကုသမှုလည်းခံယူ အဲသလိုနေလိုက်ရင် ဒီလိုနောက်ကြောင်းမေ့သူတွေဟာ ပြန်ပြီး တဖြည်းဖြည်းနဲ့ ပြန်သတိရလာတတ်တာ တွေ့ကြုံဖူးပါတယ် ...၊ အထူးသဖြင့် အဓိကကျတဲ့အချက်တစ်ခုခုမှာ အာရုံ ဒက်ခနဲဝင်သွားရင် ချက်ချင်း ပြန်သတိရသွားတာ တွေ့ကြုံဖူးတယ်"

ဟု ပြောလာတော့ အလင်းနု မှ ခပ်တည်တည်လေး သူ့ကို ကြည့်ကာ ...

"ကိုကို နောက်ကြောင်းမေ့နေတယ်ဆိုတော့ ပြန်သတိရအောင် အလင်းနု ပြောရလိမ့်မယ် ကိုကို ...၊ ကိုကို အလင်းနု ကို ဒီဟိုတယ်ဖွင့်ပွဲလုပ်ဖို့ရက်မတိုင်ခင် နှစ်ရက်မှာ ဖုန်းဆက်ပြီး ချစ်ခွင့်ပန်ခဲ့တယ်၊ အလင်းနု ကလဲ အလင်းနု လာမှာမို့လို့ အဲဒီဟိုတယ်ဖွင့်ပွဲရက် မတိုင်ခင် တစ်ရက်မှာ အဖြေပေးမယ်လို့ ဖြေခဲ့တယ်၊ အဲဒီအဖြေကို အလင်းနု တော်ဝင်ဟိုတယ်မရောက်ခင်မှာ ကြိုသိအောင် တစ်နည်းနည်းနဲ့ လုပ်ပေးမယ်လို့ ဖြေခဲ့တယ်၊ ကိုကိုက စိတ်မရှည်နိုင်ဘဲ ချက်ချင်းဖြေဖို့ လာနေသေးတာ .. အဲဒါ အလင်းနု ရဲ့ ဒရိုင်ဘာကိုညို နဲ့ ရွှေဟောင်းကြီးနာရီ သံစုံနာရီလေး လက်ဆောင်ပေးခိုင်းခဲ့တယ်လေ .. ကိုညို ကို





အဲဒီနေ့ထက် တစ်ရက်စောပြီး မြို့င်ကမ်းသာကို အရောက်သွားခိုင်းခဲ့တာ..၊ တခြားတည်းခိုခန်းတစ်ခုမှာ တည်းခိုင်းခဲ့တာ အဲဒီနေ့ မနက်ကျတော့ ကိုကို့ကို အဲဒီနာရီလေး ပေးခဲ့တယ်တဲ့ ..၊ ကိုကို ဟိုတယ်ထွက်ခါနီးမှာ တိုးတာတဲ့ .. ကိုကို့ကိုလည်း အလင်းနု အဲဒီနေ့မှာ ရောက်မယ်ဆိုတာ ကိုညို က ပြောပြခဲ့တာတဲ့ ..၊ နာရီလေးကိုယူပြီး ကိုကို စက်ဘီးလေးနဲ့ ထွက်သွားတာတဲ့ .. အားလုံး ကိုညို ပြောပြတယ် ..၊ အန်ကယ်က ကိုကို ပန်းချီဆွဲထွက်သွားတယ်လို့ ဖုန်းထဲမှာ မက်ဆေ့ချ်ပို့လာတယ် ဆိုပြီး အဲဒီနေ့မှာ အလင်းနု ကို ပြောပြလို့ အံ့သြနေမိသေးတာ"

ဟု ပြောနေတော့ သူ မျက်နှာပျက်နေသည်။ ခေါင်းကို ငိုက်ထားကာ မျက်ဝန်းကို စုံမှိတ်၍ တစ်ခုခုကို အရုအမိ ပြန်စဉ်းစားနေတာလည်း သိသာနေသည်။ အလင်းနု ကလည်း သူ့ကို မလွှတ်တမ်းကြီး ကြည့်ကာ တောက်လျှောက်ပြောနေဆဲပါ ...။

"အလင်းနု က ကိုကို့ကို အမြဲတမ်း သတိရနေမယ် .. ချစ်နေမယ်ဆိုတာ အဲဒီ ရှားပါး ရှေးဟောင်းသံစုံမြည်နာရီလေးကို ပေးပြီး ဖြေခဲ့တာပါ ကိုကို ...၊ အလင်းနု ရှေးဟောင်းပစ္စည်းတွေ စုတာတတ်တာ ကိုကိုလဲ သိပါတယ်၊ အဲဒီပစ္စည်းလေးတွေထဲက အလင်းနု အလွန်မြတ်နိုးတဲ့ အဲဒီ သံစုံနာရီလေးကို ပေးခဲ့တာပါ ကိုကို ..၊ ပြန်စဉ်းစားစမ်းပါဦး ကိုကိုရယ် .. ကိုကို မှတ်မိမှာပါ"

ဟု ပြောနေရင်း မှို့ကိုလည်း အလင်းနု တစ်ချက်ကြည့်လာသည်။ အောင်နိုင်သူ၏အကြည့်ဆန်နေပါသည်။ လှောင်ရိပ်လေးပင် ပါချင်မှပါ။

"အလင်းနု ရဲ့ ဒက်ဒီတောင်မှ ဟိုတယ်ဖွင့်တဲ့ရက်ကို လာခဲ့သေးတာပဲ ...၊ ကိုကို မရှိဘူးဆိုပြီး အလင်းနု စိတ်လက်ဆိုးရင် ဒက်ဒီကို ဖုန်းနဲ့လှမ်းပြောပေမယ့် ဒက်ဒီကတော့ ရောက်အောင်လာခဲ့တာပါ ကိုကို ...၊ အဲသလောက် သားမက်လောင်းအပေါ် ဒက်ဒီကလဲ ဝိတ်တတ်သူပါ .. ကိုကို ပန်းချီဆွဲထွက်သွားမို့ အလင်းနု စိတ်မဆိုးသင့်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



တောင် ပြောသွားသေးတာ ..၊ ဒက်ဒီပြန်သွားချိန်မှာလဲ အလင်းနု ကို ဒီတော်ဝင်ဟိုတယ်မှာ နေနေဖို့ .. ကိုကို့ကို စောင့်နေဖို့ မှာသွားတာပါ ကိုကို ..၊ အလင်းနု ကလည်း ကိုကို့ကို စောင့်နေတာပါပဲ ..၊ ခုလို နောက်ကြောင်းမေ့ပြီး ကိုကို ပန်းရိပ်မြုဆိုတဲ့ စားသောက်ဆိုင်ငယ်လေး ထဲမှာ အနေဆင်းရဲ အစားဆင်းရဲဖြစ်နေတာ အလင်းနု မသိခဲ့တာမို့ ကိုကို့ကိုတောင်မှ စိတ်လက်ဆိုးနေမိတာပါ ..၊ စောင့်ရတာ စိတ်မရှည် နိုင်ဘဲ ချစ်ဒေါသလေးတောင် ဖြစ်လာတာပါ ကိုကို၊ ဒီလောက် ဖြစ်လှ တာ မနက်ဖြန် ပြန်တော့မယ်ဆိုခါမှ ကိုကို ခုလို ပြန်ရောက်လာတာ ပါ..၊ ရောက်လာတော့ ဝေဒနာသည် ဖြစ်နေတာမို့ အရင် စိတ်ဆိုးမိခဲ့ လေသမျှ အလင်းနု မှားပါတယ် ကိုကိုရယ် ..”

ဟု ပြောနေတော့ မှီ သူ့ကို ကြည့်မိသည်။ သူပေးခဲ့သည့် နာရီ.. ဟုတ်သည်။ သံစုံမြည် ကြိုးနာရီလေး ..။ သူကလည်း ထိုနာရီဆိုတာ ပါလာ၍ထင့် ..။ အရမ်းကို မျက်စိမျက်နှာကြီးပျက်ကာ ခေါင်းကြီးငိုက် ၍ စဉ်းစားနေသည်။ အလင်းနု ပြောတာတွေကလည်း ရှေ့နောက် ညီညွတ်နေတာတွေ ရှိနေသည်မို့ မှီ ကတော့ သူသည် အလင်းနု ကို ချစ်ရေးဆိုခဲ့သည်ဆိုတာကို ယုံကြည်ပေးလိုက်ရပါပြီ။ လေးလေးဆွေ ပြောသည့်စကားထဲမှာ ပါချေသော အလင်းနု ကို မဆုံချင်၍ ရှောင်နေ သည်ဆိုသည့်စကားသည်လည်း သံစုံနာရီလေးဆိုသည့် အလင်းနု ၏ ပြောလာသည့်စကားကြောင့်ပင်လျှင် ဝေးလွင့်ပျက်ပြယ်သွားရပါချေပြီ ကောလေ ..။ ရင်ထဲမှာ မှီ နာကျင်ဆို့နင့်နေသည်။ သူနှင့် ဝေးကိုဝေးရ မည်ဆိုတာ မှီ ကြိုသိထားပေမယ့် မှီ့ ရင်ထဲမှာ ရှိနေသည့် ချစ်မြတ်နိုး ရခြင်းနှင့် သံယောဇဉ်ဆိုတာကတော့ အလိုက်ကမ်းတရားလိုက်၍ သိ ပေးနိုင်သေးသည်မှ မဟုတ်ချေပဲလေ ..။ နာကျင်ဆို့နင့်နေသည့် ရင် သည် မြွေမြွေကြေနေရသည်ပါပဲ။ ဤနေ့မှာပင် သူ့ စွဲလမ်းမှုတွေက မှီ့ အပေါ် သက်ရောက်နေသည်ဟု ထီးဝါလေးကြောင့် မှီ သိခဲ့ရသည်။





ဩော် .. ကဗျာလေးကြောင့် မှီ သိခဲ့ရသည်။

ခု မကြာမတင်လေးမှာပင် သိလိုက်ရပြန်ပါပြီ။ အလင်းနု ၏ ပြောစကားတွေဖြင့်ပင် သူသည် အလင်းနု ကို ချစ်ခွင့်ပန်ခဲ့ချေသည် ဆိုတာ သိရချေသည်တည့် ..။

သူဟာ ထီးဝါဝါလေးကိုရော အဲဒီကောင်မလေးကိုရော ရှာဖွေ ရတာ ငြီးပန်းသွားပြီ ထင်ပါရဲ့.. စိတ်လျှော့လိုက်ပြီ ထင်ပါရဲ့ ..၊ ကဗျာ လေးကိုလဲ ရင်ထဲက ထုတ်ပစ်လိုက်ပြီ ဖြစ်မှာပါ ..၊ လက်တွေ့ကျကျပဲ ဘဝကို ဖြတ်သန်းတော့မယ်ရယ်လို့ ဆုံးဖြတ်ပြီး အလင်းနု ကို သူ ချစ်ခွင့်ပန်လိုက်တာ ဖြစ်မှာပါ ..၊ သူချစ်နေတဲ့ အလင်းနု ဆိုတာကလဲ အရမ်းကို ချောတာ ..၊ သူ ဂုဏ်ရည်တူချင်းဖြစ်တဲ့ အလင်းနု နဲ့ ထိုက် တန်နေတာပဲလေ ..၊ အဲဒါ ဝမ်းသာပေးရမယ့်အရာ မဟုတ်လား”

မှီ တွေးကာ ပန်းရိပ်မြုသို့ ပြန်ဖို့ ဆုံးဖြတ်လိုက်ရပါ၏။ အမြန် ဆုံး ပြန်သင့်နေပြီ။ ဒါ မှီ့ အဆုံးအဖြတ် ..။

“ကိုကို့ကို သူတို့က ခေါ်ထားတယ်ဆိုပေမယ့် သေချာ ဆေးမကု ပေးခဲ့လို့ ဒီလို ကိုကို့ဝေဒနာရက်ရှည်နေရတာ ..၊ တကယ်ဆို သူတို့ သေချာ ဆေးခန်းတွေဘာတွေ ပြသင့်တာပေါ့ ကိုကို ..။ ကိုကို့ကို ဆိုင် မှာ ခိုင်းစားရတာမို့ အလကားခိုင်းရ ပြီးရောဆိုပြီး ခေါ်ထားတာဖြစ်မှာ”

ဟု အလင်းနု ပြောလာတော့ ငိုက်ထားသော သူ့ခေါင်းသည် မတ် ခနဲ ဖြစ်၏။ စောစောက ပြန်ပြောပြသည့်အထဲမှာ ပန်းရိပ်မြုမှာ သူ တစ်သွေးတစ်သားတည်း နေခဲ့စားခဲ့ လုပ်ကိုင်ခဲ့တာတွေကို ဒက်ဒီ ပြန် ပြောပြ၍ အလင်းနု ထိုသို့ စွပ်စွဲစကားပြောခဲ့တာကို သိလိုက်ရသည်မို့...

“သူတစ်ပါးရဲ့ စေတနာကို မစော်ကားပါနဲ့ မအလင်းနု ..၊ မှီ တို့က ခေါ်မထားရင် ကျွန်တော် ဘယ်မှာနေရမှာတဲ့လဲ .. စားရမှာတဲ့လဲ ကျေးဇူးရှင်ကိုတော့ မင်း မစော်ကားပါနဲ့၊ လောလောဆယ်မှာ မင်း ပြောတဲ့ ချစ်ခွင့်ပန်တယ်ဆိုတာတွေလဲ ငါ အမှတ်မရနေဘူး .. မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာ မင်းဟာ ငါနဲ့တော့ သူစိမ်းတစ်ယောက်အဖြစ်ပဲ ရှိနေတယ် အလင်းနု ...၊ မင်းပြောပြနေတဲ့စကားတွေကို ကြားနေရချိန်မှာလဲ ငါ့ရင်ထဲမှာ အချစ်ဆိုတာ ဖြစ်မလာဘဲ စိတ်ရှုပ်တာတွေပဲ ရှိနေတာကိုတော့ မင်း နားလည်ပေးပါ...၊ မှီ့ ကို စောစောကပြောခဲ့တဲ့ စကားအတွက် မင်း ပြန်တောင်းပန်သင့်တယ် အလင်းနု"

ဟုပြောတော့ မျက်နှာလေးတည်ကာ အလင်းနု မှီ့ ကို ကြည့်ပါ၏။ ခေါင်းလေးကို မတ်၍ ...

"တောင်းပန်တဲ့စကားကို အလင်းနု မပြောနိုင်ဘူး ကိုကို ...၊ သူတို့ဟာ ကိုကို့ကို နိုင်းခဲ့တဲ့သူတွေပဲ ဥစ္စာ"

ဟု ခေါင်းမာမာပဲ ပြောလိုက်ပြီး မှီ့ ကို ကြည့်သည်။

"ဘာပဲဖြစ်ဖြစ်လေ ကိုကိုက နောက်ကြောင်းမေ့နေတဲ့သူဆိုတော့ အလင်းနု ဟာ သူ့ချစ်သူဆိုတာ မမှတ်မိဘဲ ရှိနေစေဦးတော့ နောက်ကြောင်း အခုအချိန်မှာရော ဘာကိုမှ မမေ့ဘဲရှိနေတဲ့ ရှင့်ကိုတော့ အလင်းနု သေချာပြောထားလိုက်ပါရဲ့.. ကိုကိုဟာ အလင်းနု ရဲ့ချစ်သူပါ"

ဟု ပြောလာတော့ သူ ဝုန်းခနဲ ထရပ်လိုက်ပါပြီ။

"မပြောနဲ့ .. မင်း အဲသလို မှီ့ ကို မပြောနဲ့...၊ မင်းကိုငါ ချစ်မနေဘူး၊ အဲဒါကို ငါ အသေအချာသိနေတယ်၊ ဒက်ဒီ .. သား ဒီမှာမနေချင်ဘူး၊ ပန်းရိပ်မြုံကိုပြန်မယ် ဒက်ဒီ .. လေးလေးဆွေ ကို ခေါ်ပေးပါ .. လေးလေးဆွေ ကို ခေါ်ပေးပါ ...၊ မှီ့ ကို ကားမောင်းခိုင်းလို့ မဖြစ်လို့ပါ၊ မှီ က စေတနာကို အစော်ကားခံနေရတာ ဒက်ဒီ .. သူ ခံစားနေရတယ်ဆိုတာ သား သိနေတယ် ...၊ ပန်းရိပ်မြုံကို သားတို့ တူတူပြန်မယ် ဒက်ဒီ၊ ဟာ!... မှီ နေပါဦး .. ဘာလို့ထပြန်နေရတာလဲ .. မရဘူးဗျာ .. တူတူပြန်ကြမှာ"

ဟု သူ ပြက်ပြက်ထင်ထင်ကြီး ရပ်ပြောနေသည်။ ထပြန်ဖို့ ရပ်လိုက်ပြီဖြစ်သည့် မှီ့ ကိုလည်း ဘယ်သူ့ကိုမှ အာရုံထဲ မထားနိုင်တော့





ဘဲ မှီ့ လက်လေးကို ပေါ်ပေါ်တင်တင်ကြီး မလွှတ်တမ်းကြီး ဆုပ်ကိုင်ထားပါသတည်း။ သူ့မျက်နှာတစ်ချက် ဖွေးခနဲ ဖြစ်လာသည်။ ခေါင်းကို လက်ဖြင့်အုပ်မိုးလာသည်။ ယိုင်ခနဲ သူဖြစ်တော့ မှီ ပဲ သူ့ကိုယ်ကြီးကို စိုးရိမ်တကြီး ထိန်းပေးလိုက်ရသည်ပါပဲ။ သူ လဲကျသွားတော့မည် အလား ယိုင်သွားသည်ကိုးလေ ...။ အလင်းနု ၏စကားတွေက မှီ့ သိက္ခာကို စော်ကားနေတာမို့ ရင်ထဲမှာ နာနေရပေမယ့် သူ့ကိုတော့ ကြမ်းပေါ် ပြိုလဲကျသွားသည်အထိတော့ မျက်ကွယ်မပြုထားရက်ပါ။

"အန်ကယ် တောင်းပန်ပါတယ် အလင်းနု .. သားဟာ ဝေဒနာသည်ပါ ...၊ အဖေတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင်တော့ အန်ကယ့်အတွက် သားဟာ နံပါတ်တစ်ပါပဲ .. အရေးအကြီးဆုံးပါပဲ ...၊ သားစိတ်ဆင်းရဲမယ့်ကိစ္စတွေကို အန်ကယ် ဘာတစ်ခုမှ အဖြစ်မခံနိုင်ပါဘူး၊ အလင်းနု ကို လောလောဆယ်မှာ သူ မချစ်ဘူးဆိုတာကိုပဲ သိနေချိန်မှာ အဲဒီနေရာမှာပဲ အလင်းနု နေပေးပါလို့ အန်ကယ် မေတ္တာရပ်ပါတယ်၊ တကယ်လို့ သားဟာ နောက်ကြောင်းကို ပြန်အမှတ်ရလာပြီဆိုရင်ဖြင့် အလင်းနု ကို မေတ္တာရှိနေတယ်ဆိုရင် အန်ကယ် တခမ်းတနား လက်ထပ်ပေးပါ့မယ်၊ အရင်တုန်းကတော့ အန်ကယ်ဟာ ရွေးချင်းထပ် မြတ်တယ်ရယ်လို့ မှတ်ယူပြီး သားရဲ့သဘောကိုတောင် မမေးဘဲ အလင်းနုနဲ့ သားကို သဘောမျှနေမိခဲ့တာ မှန်ပါတယ် .. ဒါပေမယ့် ဒီအချိန်မှာတော့ အန်ကယ် သေချာ သင်ခန်းစာရထားတာတစ်ခု ရှိနေပါပြီ၊ သားရဲ့စိတ်ချမ်းသာရေးဟာ အန်ကယ့်အတွက် အရေးပါဆုံး ဖြစ်နေတာမို့ သူမြတ်နိုးရာကို အန်ကယ် လက်ခံမှာပါ ...၊ အကယ်၍ အလင်းနု ကို သူချစ်နေတာအမှန်ပဲဆိုရင်လဲ အန်ကယ် သဘောမျှမှာပါ ...၊ အကယ်၍ အလင်းနု ကို သူ့ညီမလေးလိုပဲ သဘောထားတယ်ဆိုရင်လဲ သူမြတ်နိုးရာ မိန်းကလေးကို အန်ကယ် လက်ထပ်ပေးမှာပါ၊ လောလောဆယ်မှာတော့ ဒီအတိုင်းပဲ သားကို စိတ်ငြိမ်းချမ်းသာ ရှိနေပါစေကွယ် ..



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် တောင်းပန်ပါတယ်”

ဟု ပြောလာသည်က စကားကုန် ဖြစ်နေပြန်သည်။ သားကိုချစ်သည့် အဖေတစ်ယောက်အနေဖြင့် သား စိတ်ချမ်းသာရာကိုသာလျှင် အဓိကထားတာကို ပြတ်ပြတ်သားသား ပြောလာသည့်စကား ဖြစ်နေသည်။ ပြောတာကလည်း မှုတနေသည်။ အလင်းနု မျက်နှာ ပျက်သွားပါချေ၏။

သားဖြစ်သူကိုလည်း ဆိုဖာရှည်ကြီးမှာ ထိုင်စေသည်။ တစ်ဖက်မှာက မို ပဲ ထိန်းပေးရသည်ပါပဲ။ ဒေါက်တာ ဦးသီလဟန် ကလည်း သူ့လက်ကောက်ဝတ်ကို သွေးစမ်းနေသည်။

“နှလုံးခုန်နှုန်း မြန်နေတယ် အစ်ကိုကြီး .. နားသင့်နေပြီ”

ဟု ပြောနေတာကိုလည်း မို ကြားနေရသည်။ အလင်းနု ကတော့ နေရာမှမရွေ့ဘဲ အံခဲ၍ သူ့ကို ကြည့်နေသည်က စိတ်ထဲနာနေသည့် အကြည့်ပဲ ဖြစ်နေပါ၏။

“သား .. ခဏလှဲလိုက်နော် .. ခဏလှဲလိုက်”

ဟု အန်ကယ် ပြောနေချိန်မှာ ...

“မို .. မပြန်ပါနဲ့”

ဟု ခုထိ မို့ လက်ကို မလွှတ်ဘဲ သူပြောနေတော့ မို မော့ခနဲ အလင်းနု ကို ကြည့်မိရပါပြီ။ မီးဝင်းဝင်းတောက်သည့်နှယ် မုန်းတီးကြည့်သည် မို့ ထံမှာ ရှိနေချေသည်တကား ...။

“မပြန်ပါဘူး သားရယ် .. မို ရှိနေမှာပါ ..၊ လောလောဆယ် သား အိပ်ရာထဲမှာ လှဲနေလိုက် ..၊ မို လဲ တူတူရှိနေဖို့ အန်ကယ် တောင်းပန်ပါတယ်၊ ဖိုးလုံးလေး လည်း တူတူရှိနေမှာပါကွယ်၊ အန်ကယ်လဲ သားရဲ့အခန်းမှာ ရှိနေမှာပါ .. အလင်းနု ကတော့ အခန်းပြန်နားလိုက်ဖို့ အန်ကယ် မေတ္တာရပ်ပါတယ်၊ ပြန်နားပါ မိန်းကလေးရယ် .. ဒေါက်တာကလဲ သားကို ကုသပေးပါဦး”





ဟု ပြောနေတော့ အလင်းနု ချာခနဲ လှည့်ထွက်သွားပါ၏။ မျက်ရည်ကျသွားတာကိုလည်း မို မြင်ရသည်မို့ ရင်ထဲမကောင်းနိုင် ...။

“ခက်ပြီပဲ .. နေရခက်လိုက်တာနော် .. ဒီမှာကလဲ ဝေဒနာခံစားနေရတာ မမြင်ရက်စရာ ဖြစ်နေတာ”

ဟု မို့ စိတ်ထဲမှ ကြေကြေကွဲကွဲလည်း ညည်းမိရ ...။ အနေရလည်း ခက်နေရသည်ပါပဲ ...။ သူသည် မို့ ကို လုံးဝမခွဲနိုင်ဘဲ ဖြစ်နေသည်ဆိုတာကလည်း လူသိသူသိကြီးကို ဖြစ်နေသည်တည့် ...။

“သား .. စိတ်အေးအေး ထား ..၊ ပန်းရိပ်မြုံကိုလဲ သားကိုနေဖို့ ဒက်ဒီကိုယ်တိုင် ကားနဲ့လိုက်ပို့ပေးမယ်၊ မို့ ကားကို သားရဲ့လေးလေး ဆွေ မောင်းလာလိမ့်မယ်၊ စိတ်အေးအေးနေ တစ်ချက်နားနေလိုက် .. ဟုတ်ပြီလား ..၊ တစ်ခု သေချာ သားသိထားပါကွယ် .. သား စိတ်မချမ်းသာမယ့်ကိစ္စ ဒက်ဒီ ဘယ်တော့မှ မလုပ်ဘူးသား”

ဟု အန်ကယ်ဦးဇေယျာ မှ အခိုင်အမာပြောလိုက်တာကိုလည်း မို ကြားနေရပြန်သည်။ သူ့လက်ကလည်း မို့ လက်လေးကို မလွှတ်တမ်းကြီး ထွေးဆုပ်ထားဆဲပါ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

သူ ဆေးရှိန်ဖြင့် တစ်ချက် အိပ်ပျော်သွားချိန်မှာ အန်ကယ့်ဖုန်း မြည်လာတာမို့ ...

"ဟုတ်ကဲ့ ကိုဘုန်းထက် .. ဖုန်းနံပါတ်မြင်တာနဲ့ ကိုဘုန်းထက် ဆီကဆိုတာ ကိုယ် သိပါတယ် ...၊ ဟုတ်တယ် မထင်မှတ်တာတွေ လာဖြစ်ကုန်တယ်၊ ဩော် .. အလင်းနု ငိုပြီး ဖုန်းဆက်တယ် ဟုတ်လား"

ဟု ပြောနေသံကို မှီ ကြားနေရသည်။ အန်ကယ်မှ တစ်ချက် စကားပြောတိတ်သွားကာ တစ်ဖက်မှ ပြောနေသံကို ငြိမ်နားထောင်နေ တာကိုလည်း မြင်နေရပါ၏။

နောက်တော့မှ ...

"အေးလေ .. ကလေးတွေကိစ္စဆိုတော့ သား နောက်ကြောင်း မေ့နေတဲ့ကိစ္စ ပြန်အမှတ်ရမှပဲ ရှင်းရှင်းလင်းလင်း သိရတော့မလို ဖြစ်နေတယ်၊ အလင်းနု ကိုလည်း နားလည်အောင် ဖြောပေးပါဗျာ ...၊ ဒီကိစ္စက သားရဲ့ကျန်းမာရေးနဲ့ပါ .. လောလောဆယ်မှာတော့ ဂရုစိုက်စရာ ဖြစ်နေတယ်၊ သား စိတ်အနှောင့်အယှက် မဖြစ်သင့်သေးဘူးလေ...၊ သူ စိတ်ချမ်းသာဖို့ဆိုတာ ကိုဘုန်းထက် တို့ ဝိုင်းလုပ်ပေးသင့်တာပါ...၊ ဟောဗျာ .. အလင်းနု ဟိုတယ်က ထွက်သွားပြီတဲ့လား၊ ဒီကလေးကလဲ စိတ်မြန်ချေသကိုး .. ကိုယ်ကလည်း သားကို ဆရာဝန်ပြ ဆေးထိုးဆေး တိုက်ကိစ္စတွေနဲ့ ဒီမှာ သားဧောကပ်နေရတာ ကိုဘုန်းထက် နားလည် ပေးမယ် ထင်တာပါပဲ ...၊ ဒါကြောင့်လဲ အလင်းနု ပြန်သွားတာကို မသိလိုက်နိုင်ဘဲ ဖြစ်သွားရတာ .. ကိုယ့်ဘက်က ဝတ္တရား ပေါ့သလို တောင် ဖြစ်သွားပါရောလား ...၊ ကိုဘုန်းထက် ကိုယ်တိုင် ဟိုတယ်ဖွင့်ပွဲ တက်ခဲ့တာမို့ ဘယ်လောက်ထိ ကိုယ်တို့မိသားစုအပေါ်မှာ ကိုဘုန်း ထက် ဂရုတစိုက်ထားတယ်ဆိုတာ ကိုယ် သိပါတယ်၊ ဒီမှာကလဲ ဒီနေ့မှ ပြန်တွေ့တဲ့သား ဆရာဝန်နဲ့ ပြနေရရင်း အလင်းနု ကို ဂရုမစိုက်လိုက်နိုင် သလိုကြီး ဖြစ်သွားတာမျိုး အထင်ခံရတော့မှာပါပဲ ...၊ သူပြန်သွားတာ မသိလိုက်ဘူးလေ .. ခုထိ ကိုယ် သားရဲ့အခန်းထဲမှာ ရှိနေတုန်းပါပဲ"

ဟု ပြောနေသံကို မှီ ကြားနေရသည်။ အတော်နေရခက်သည့် အချိန်ထဲ ရောက်နေသည့်အဖြစ်။ အလင်းနု ၏အဖေက ဖုန်းဆက်လာ နေသည်။ သူ့ဒက်ဒီက ဖြေနေသည်။ အလင်းနု ပြန်သွားတာကိုလည်း ကြားနေရပြီ။

အလင်းနု စိတ်ထဲမှာ မှီ ဆိုတာကိုလည်း ဘယ်ဇိုမှ မကြည်လင် နိုင်ပဲ ရှိနေတာကိုလည်း သိထားရသည်။ ဒါတွေအားလုံး သိထားရသည့် မှီ က ဤအခန်းထဲမှာ ငြိမ်ထိုင်ပြီး ကြားနေ မြင်နေရတာထက် အဘယ် မျှထိ အနေရခက်တာ ရှိနိုင်မည်တဲ့လဲလေ။

"ဟုတ်တယ် မှီ ဆိုတာလဲ ရှိတယ် .. သူက သားကို ကူညီစောင့် ရှောက်ထားတာပါ ...၊ သားရဲ့ကျေးဇူးရှင်တွေ ဆိုပါတော့ .. အလွန် စိတ်ထားပြည့်ဝကြတဲ့ မိသားတစ်စုပါ"

ဆိုတာတွေ ဆက်ကြားနေရသည်။ မှီ့ အမည်ကိုပါ တစ်ဖက်က မေးလာနေသည်ပဲဟု မှီ သိနေရပြန်သည်။ လောလောဆယ်မှာတော့ ဆေးရှိန်ဖြင့် အိပ်နေသည့်သူပဲ နားအေးသည်ဟု မှီ တွေးမိရပါ၏။




ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နားအေးပါးအေးရှိနေသူက ဖိုးလုံး ..။ ဝမ်းပြည့်အောင်စားပြီး ဧည့်ခန်းဆိုဖာရှည်ကြီးမှာ ကလေးပီပီ ခြေဆန့်လက်ဆန့်ဖြင့် ကောင်းကောင်းအိပ်ပျော်နေသည့် အဖြစ် ..။

"ဒါကတော့ ကိုဘုန်းထက် သဘောပါ ..၊ ကိုယ့်ဘက်ကတော့ စကားကျွံမိခဲ့တယ်ဆိုတာ ကိုယ် ဝန်ခံပါတယ်၊ ဒါပေမယ့် ခုလောလောဆယ်မှာတော့ ကိုယ့်အဆုံးအဖြတ်က သားအပေါ်မှာပဲ အတည်ဖြစ်ဖို့ ဆုံးဖြတ်ထားပါပြီ ..၊ ကိုယ်တို့ အသက်တွေ ရလာပါပြီ .. ငွေကြေးချင်းထပ် ချမ်းသာချင်းထပ်လို့ ပိုချမ်းသာ ပိုမြတ်တယ်လို့ မတွေးသင့်တော့ဘူးဆိုတာ သားပျောက်တဲ့အချိန်ကျတော့မှ ပိုနားလည်လာတာပါ ကိုဘုန်းထက် ..၊ ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. ခုလဲ စကားက အပြတ်မဟုတ်ပါဘူး၊ သားနဲ့ အလင်းနု ချစ်သူဖြစ်ကြတာအမှန်ဆိုရင်ဖြင့် ကိုယ့်ဘက်က ဘာငြင်းစရာရှိလို့လဲဗျာ"

ဟု ဆက်ကြားနေရပါ၏။

မို တစ်ချက် တွေးမိလာရပြန်သည်။ သားကိုချစ်သည့် အဖေ .. သားက မို့ ကို မခွဲနိုင်ဘဲ ဖြစ်နေချိန်မှာလည်း မို့ ကို ခေါ်ထားပေးသည်။ နေပေးပါဟုလည်း တောင်းပန်နေသည်။

တစ်ဖက်ကျတော့လည်း အကယ်၍များ သားဖြစ်သူက အလင်းနုနှင့် ချစ်သူ တကယ်ပဲဖြစ်နေသည်ဆိုလျှင် ရှက်ထပ်ပေးမည်ဟုလည်း ပြောနေသည်။ အတ္တဆိုသည့်အထဲမှာ သားကိုချစ်သည့်စေတနာဖြင့် ဖြစ်တည်သည့် အတ္တထဲမှာ မို့ အတွက် တွေးပေးဖော်တော့ မရှိချေသည်ပဲဆိုတာ ပို၍ နားလည်လာရပါပြီတည်း။ တစ်ဖက်မှ အလင်းနု ၏ဖခင်ထံမှ ဆက်လာသည့် ဖုန်းကို ဖြေနေပြောနေသည့် အန်ကယ်၏စကားတွေကို ကြားနေရခိုက်မှာ မို ပထမဆုံး ခံစားလာရသည်က ရှက်ခြင်း ..။

ဟုတ်သည် .. ရှက်ခြင်း..။ မို တို့သည် တန်ဖိုးမရှိတော့ပြီတဲ့လား..။ ထိုမျှအထိ ဦးဘုန်းထက် ဆိုသူနှင့် ပြောနေချိန်မှာ မို သည် ဘေးမှာရှိနေ





သည်ဆိုတာကို အန်ကယ် မသိဘဲ ရှိသည်မှ မဟုတ်ချေပဲလေ ..။ လူချမ်းသာတွေနှင့် ဝေးအောင်နေရမည်ဟု ပြောခဲ့ဖူးသည့် ဒေါ်လေးထား၏စကားကို မို ခုချိန်မှာ ရင်နှင့်ရင်း၍ နားလည်လိုက်မိရပါပြီ။

အန်ကယ်ကတော့ ကိုယ်ဘာလုပ်နေသည်ဆိုတာကိုပင် မို တို့အတွက် ထည့်တွေးနေမိပုံ မရ..။ အိပ်နေသည့် သား၏ ခုတင်ဘေးမှာ ကုလားထိုင်လေးနှင့် ထိုင်နေရင်း ဖုန်းကို တည်တည်ငြိမ်ငြိမ် ပြောနေခြင်း။

တစ်ဖက်မှ ဖုန်းချသွားပုံရသည်။ အန်ကယ်လည်း ဖုန်းလေးကို ပြန်ပိတ်လိုက်သည်ပါပဲ..။ မို ကတော့ ဤတစ်ကြိမ်မှာ တည်ငြိမ်စွာပဲ အန်ကယ့်ကို ကြည့်လိုက်မိရပါပြီ။

မတတ်နိုင် .. မို ဆုံးဖြတ်ရမည့်ကိစ္စ .. ဆုံးဖြတ်ရတော့မည်သာ..။ မိုးချိုသာ ဆိုသည့် သူ့အပေါ်မှာ ထားရှိပါသည့် သံယောဇဉ် .. ချစ်ခြင်းတွေကို မို သည် မို့ သိက္ခာနှင့် မာနအတွက် အကျေခံ .. ကြေကွဲခံလိုက်ရုံပဲ ရှိတော့သည်တည့် ..။

"အန်ကယ် သိထားတာ တစ်ခုရှိတယ် သမီး .. သားရဲ့ရင်ထဲမှာ အဲဒီ အလင်းနု ဆိုတာ"

ဟု တစ်ခုခုကို ရှင်းပြတော့မယောင် ပြုလာပါသည့် အန်ကယ့်ကို မို ပြုံး၍ ခေါင်းခါပြသည်။

"အန်ကယ်နဲ့ ခန့်ထည်ဝါ တို့ သားအဖရဲ့ မိသားစုကိစ္စ .. အလင်းနု ရဲ့ကိစ္စတွေ အားလုံးဟာ မို နဲ့ မသက်ဆိုင်ပါဘူး အန်ကယ် ..၊ မို တို့က အစ်ကိုမိုးချိုသာ ဆိုတဲ့ သူတစ်ယောက်အပေါ်မှာ ပြုသင့်ပြုထိုက်သော ကူညီစောင့်ရှောက်မှုကို ဖြူဖြူစင်စင်နဲ့ ပြုပေးခဲ့ကြသူတွေပါ ..အခု အန်ကယ်တို့ချင်း ပြန်ဆုံကြပါပြီ ..၊ အလင်းနု ကိစ္စနဲ့ မို တို့ ဘာမှ ထပ်ပြီး မပတ်သက်ပါရစေနဲ့တော့ ..၊ အခု အန်ကယ် ပြောသမျှလဲ မို ကြားပြီးပါပြီ .. တစ်ခုတော့ မို တည့်တည့်ပဲ ပြောပါရစေ အန်ကယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသူကြီးတစ်ယောက်အပေါ်မှာ မီ ရိုင်းတယ်လို့ အထင်မခံချင်ပါဘူး၊ ဒါပေမယ့် မီ ပြောသင့်တဲ့စကားကို ပြောခဲ့မှ ဖြစ်တော့မှာမို့ပါ၊ မီ အစ်ကိုမိုးချိုသာ ကို ကူညီခဲ့တာဟာ အန်ကယ့်သား ပြန်နေကောင်းတဲ့အထိ အလင်းနု နဲ့ ပြန်သင့်မြတ် လက်ထပ်တဲ့အထိ အားလုံး အဆင်တပြေဖြစ်အောင် အဖြည့်ခံ မီ အဖြစ် ဒီမှာလှာနေပေးရမလို ဖြစ်နေတယ်ဆိုတာ မီ ကောင်းကောင်း သဘောပေါက်သွားရတာမို့ မီ့ ကူညီပေးမှုဟာ လူချမ်းသာတို့ရဲ့အလွှာမှာ အသုံးချခံဘဝ ရောက်နေရပါပေါ့လားလို့ နားလည်လာရတယ်၊ ဖြူစင်တဲ့ ကူညီမှုဟာ အသုံးချခံတစ်ခုအဖြစ်တော့ အဖြစ်မခံလိုက်တာမို့ မီ ပြန်ပါ့မယ် အန်ကယ်"

ဟု ဖွတ်မိုတ်၍ ပြောလိုက်မိရပေမယ့် မီ မှ မီ ဖြစ်နေသည့် သူ့ကို မသနားရှိတော့ မဟုတ်ပါ ..။ ပြောမှဖြစ်သည့်ကိစ္စ အန်ကယ့်ကို ပြောရချေမည့်လမ်းပဲ ရှိတာမို့ ပြောလည်းပြော အိပ်နေဆဲ ဖိုးလုံး ကို ဆွဲပွေ့ထူ၍ နှိုးပြီး မီ ဟိုတယ်ပေါ်မှ အမြန်ဆုံး ဆင်းခဲ့သည်။

ဓာတ်လှေကားစီးရတာကို ထူးဆန်းသော အတွေ့အကြုံအဖြစ်မှတ်ယူရင်း လတ်လေးပိုက်၍ ကြည့်နေပါသည့် ဖိုးလုံး မှ ...

"ဘာလို့ ပြန်တာလဲ မမမီ .. ညနေမှပြန်မှာ မဟုတ်လား"

ဟု မေးနေသေးသည်။

"ဒေါ်လေး ဖုန်းနဲ့ခေါ်လို့ ဖိုးလုံး"

ဟု စကားငြိမ်းအောင် ဖြေလိုက်ရပြီးသည့်နောက်မှာ ..။ ဓာတ်လှေကားတံခါးပွင့်သွားတာနှင့် ဟိုတယ်အောက်ဆုံးထပ်၏ ကျယ်ပြန့်ခမ်းနားမှုတွေမှန်သမျှ ကြည့်မဝသလို တကြည့်ကြည့်လုပ်နေဆဲ ဖိုးလုံး လက်ကိုဆွဲ၍ မီ ကားပါကင်နေရာသို့ အရောက်ထွက်ခဲ့ရပါ၏။ ကားပေါ် သုတ်သုတ်တက်ကာ ဖိုးလုံး ကိုလည်း ...

"တစ်ခု မှာထားမယ် ဖိုးလုံး .. ပန်းရိပ်မြုံကို ပြန်မရောက်မချင်းပါးစပ်လေး ပိတ်ထား ..၊ မမမီ ကားမောင်းနေတုန်း စကားများနေတာ





မကြိုက်ဘူး"

ဟု ပိတ်ပြောလိုက်တာမို့ နောက်ခန်းမှာ ငြိမ်ကုတ်၍ ဖိုးလုံး လိုက်လာပါ၏။ ပန်းရိပ်မြုံသို့ရောက်တော့ ဖိုးလုံး က အရင် ခြေသွက်လက်သွက် ဆင်းသည်။ ကားဂိုဒေါင်မှာ ကားထားခဲ့ပြီး ပန်းရိပ်မြုံသို့ ပြန်ရောက်ချိန်မှာ ဖိုးလုံး လေကြောဖြင့် အတော်များများကို ဒေါ်လေးတို့ရော ဘဘညို ရော သိထားပြီးကြပြီ ..။

"အဲဒီ မမအလင်းနု ဆိုတာ ချောတယ်ဗျ .. အစ်ကို မိုးချိုသာကို သူ့ရည်းစားတဲ့"

ဟု မြင်ထားကြားထားသမျှတွေကို ဖောက်သည်ချခြင်းဖြင့် အဆုံးသပ်၏။

"အစ်ကိုမိုးချိုသာ က မဟုတ်ဘူးလို့ ပြောတာ သိလား၊ သိပ်ဆိုးတာပဲ အဲဒီ အလင်းနု ဆိုတဲ့ မမက .. သိပ်ပြီးတော့ မျက်နှာတင်းတာပဲ သိလား၊ အစ်ကိုမိုးချိုသာ က ပန်းရိပ်မြုံကို ပြန်လာနေမယ်လို့ ပြောနေတာ ဒေါ်လေးရဲ့ ..၊ ဖိုးလုံးဖြင့် အံ့ရော .. ဖိုးလုံး ဆို ဘယ်ပြန်မလဲ၊ ဟိုတယ်ကြီးက နန်းတော်ကြီးကျနေတာပဲ..၊ ပုံပြင်ထဲမှာ ကြားဖူးတဲ့ ဥစ္စာမျိုး .. ဖိုးလုံး ခုမှ လူကိုယ်တိုင် ဝင်နေဖူးခဲ့ရတာ သိလား .. လှလိုက်ချက်"

ဟု တံတွေးသီးမတတ် ပြောနေချိန်မှာ ဘဘညို နှင့် ဒေါ်လေးထား ကဖြင့် မျက်နှာမကောင်းနိုင်ကြ ..။ တံခါးဝမှာ ငြိမ်တွေ၍ ရပ်ကြည့်နေသည့် မီ့ ကို မြင်တော့ ...

"လာ မီ .. ဒေါ်လေးတို့ အေးအေးဆေးဆေး စကားပြောကြရအောင် .. ဘဘညို ဖိုးလုံးကို ခေါ်သွားလိုက်ပါဦး ..၊ ဆိုင်ထဲမှာ လူကျလာရင် နည်းနည်း ခဏထိန်းပြီး ဖိုးလုံး နဲ့ပဲ ရောင်းပေးပါ ..၊ ဖိုးလုံး ဘဘညို နဲ့ စားဖိုဆောင်ထဲ လိုက်သွား .. လက်ဖက်ရည်တစ်ခွက်သောက် .. ဘဲသားမုန့်လဲ ယူစား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ...

"ဟိုမှာ အများကြီး စားခဲ့ရတာ .. မုန့်မစားတော့ဘူး ဒေါ်လေး"

ဟု ဘဲသားမုန့်ကို ဘက်ကန်နေသည့် ဖိုးလုံး ဖြစ်နေပါ၏။ ဒေါ်လေးမှ မို့ ကို ညွှန်ခန်းလေးဆီသို့ မှန်တံခါးရွက်ကို ဖွင့်၍ဝင်သည်။

"ပြောစမ်းပါဦး မို့ ရယ် .. ဘာတွေဖြစ်တာတဲ့လဲ"

ဟု မေးလာတော့ မို့ ဒေါ်လေးကို အားလုံး ပြောပြလိုက်ရသည် ပါပဲ ..။ ဒါပေမယ့် .. ဩော် .. ဒါပေမယ့် မို့ မပြောပြဘဲ ချန်ထားသည့် အရာကတော့ ရှိပါသည်။

မို့ ထီးဝါဝါလေးကို သူ့ထံမှာ အမြတ်တနိုး သိမ်းထားတာကို မပြောပြမိခဲ့ပါ။ ကဗျာလေးကိုတော့ မို့ ဖတ်ခဲ့ရပေမယ့် ထိုကဗျာလေး ကိစ္စကိုလည်း မပြောပြတော့ပါ။ ဒါတွေအားလုံးကို မို့ ချန်ထားခဲ့ရပါ၏။ ကျန်တာတွေကိုတော့ မို့ ပြောပြရပါပြီ။ ဒေါ်လေးကတော့ မျက်နှာ မကောင်းဘဲ ငြိမ်နားထောင်နေရင်းမှ ...

"အင်း .. ဒီလိုဆိုတော့လဲ မို့ ပြန်လာတာ မှန်ပါတယ် ..၊ အဲဒီ ဟိုတယ်ကိုလဲ အလုပ်မဆင်းနဲ့တော့ မို့"

ဟု ဆုံးဖြတ်စကားကို ပြောလာပါ၏။ မို့ မျက်နှာထက်မှာ အရမ်း ကို စိတ်ပင်ပန်းနေတာ သိသာလောက်အောင်ပဲ ညှိုးချုံးသည့်အရိပ်တွေ ပြည့်သိပ်နေတာမို့ ...

"နားလိုက်တော့ မို့ .. အိပ်ခန်းမှာ နားနေလိုက် .. ဆိုင်ကိစ္စ ဒေါ်လေးနဲ့ ဘဘညို ရယ် ဖိုးလုံး ရယ်နဲ့ပဲ လုပ်ကိုင်လို့ ဖြစ်ပါတယ်၊ ညနေဘက် ထမင်းစားချိန်လောက်မှပဲ အပြင်ထွက်ခဲ့တော့ ..၊ တစ်ရေး လောက် မှေးလိုက်ရင် ပိုကောင်းမယ် မို့ ..၊ ပြီးမှ ရေမိုးလေးချိုးလိုက် ဟုတ်ပလား"

ဟု ပြောကာ ဆံစလေးကို သပ်ပေးပြီး ဒေါ်လေး တစ်ချက်တော့ ခပ်တိုးတိုးလေး ညည်းညည်းညူညူလေး ပြောလာပါ၏။





"အင်း .. ခက်တော့တာပဲကိုး .. ကူညီမိကာမှ အဲဒီ လူချမ်းသာ တွေနဲ့ ပတ်သက်ရပြန်သကောကွယ် ..၊ ဖြစ်ရလေ .. ဟိုသူငယ်လေး ကလဲ မို့ ကို ခင်ခင်တွယ်တွယ် ဖြစ်နေတယ် .. ဝေဒနာသည်လည်းဖြစ် နေတယ်၊ ခမျာ စိတ်တွေဖိစီးရှာဦးမယ် .. အဲဒီအတွက်တော့ ဒေါ်လေး စိတ်ထဲမကောင်းပါဘူးကွယ် ..၊ ဒီရက်တွေ အတောအတွင်းမှာ တူတူ နေခဲ့ရင်း ဒီကလေး စိတ်ရင်းကောင်း လူရည်မွန်လေးဆိုတော့ သံယော ဇဉ်တော့ ဖြစ်မိတာ"

ဟု ပြောသည်။ ပြီးမှ အခန်းတွင်းမှ ထွက်သွားသည်မို့ မို့ လည်း အိပ်ခန်းသို့ ဝင်ခဲ့ရပါ၏။ အခန်းတံခါးလေးပိတ်ကာ မို့ ခုတင်ထက်မှာ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေမိသည်။ ခုလောက်ဆို သူ နိုးနေချေပြီ လားမသိဟု စိတ်ကရောက်၏။

"အိုး .. မတတ်နိုင်ဘူး .. သူ့ကိစ္စ သူ့အဖေ ရှင်းပေ့စေ"

ဟု စိတ်ကို တင်းသည်။ မရ ..၊ သူ့မျက်ဝန်းညိုညိုတွေဖြင့် ခင်တွယ် စွာ ကြည့်သည့်အကြည့်က ရင်သို့တိုင် စူးနစ်တိုးဝင် မှတ်ထင်လာမိနေ ပြန်သည်။

မို့ ခေါင်းလေးကို ခါပစ်သည်မှ ဆံပင်ထူထူဖျော့ဖျော့လေးတွေ ခါသွားသည်အထိပါ။ မာန်ကိုတင်း၍ မို့ ငြိမ်ထိုင်နေမိရပေမယ့် ဖျတ်ခနဲ အာရုံထဲ တိုးဝင်လာသည့် နာရီလေး ..။ ဟုတ်သည် ..၊ နာရီလေး ..။

ရွှေယောင်းပစ္စည်းလေးဖြစ်သည့် ထို ကြိုးလေးတွဲလျက်ပါသော အိတ်ဆောင် သံစုံနာရီဝိုင်းဝိုင်းလေးသည် သူ့ထံမှနေ၍ မို့ ထံသို့ အမှတ် တရအဖြစ် ရောက်လာခဲ့သည်။ ဒါပေမယ့် ထိုနာရီလေးသည် အလင်းနု မှ သူ့ကိုပေးသော လက်ဆောင်ပစ္စည်းလေး ဖြစ်ချေသည်။ အလင်းနု ၏ ပြောစကားအတိုင်းဆိုလျှင်ဖြင့် ချစ်သက်သေ ချစ်အဖြေပစ္စည်းလေး တစ်ခုပင် ဖြစ်နေသေးသည်။

ထိုနာရီလေးကို အလင်းနု ပေးတာ သေချာနေသည့် အချက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကတော့ နာရီလေး၏ ပုံသဏ္ဌာန် သံစုံနာရီလေးဖြစ်သည်ဆိုတာက အစ အတိအကျ ပြောနိုင်နေသည် မဟုတ်ပါလား ..။

"သူတို့ချင်း ချစ်နေကြတဲ့နေရာမှာ မီ က ခုအချိန်မှာ သူနဲ့အတူ ဟိုတယ်မှာ ရှိနေပေးဖို့ဆိုတာက အလင်းနု ကို စိတ်ဆင်းရဲအောင် လုပ်နေတာနဲ့ အတူတူပဲ ..၊ ဘာလို့ သူတစ်ပါးကို စိတ်ညစ်အောင် မီ က လုပ်ရမှာလဲ .. အဲဒါ မလုပ်အပ်တဲ့ကိစ္စပဲ"

ခုလို သွေးအေးလာတော့လည်း အလင်းနု ဆိုတာ မီ့ အပေါ်မှာ မကြည်မဖြူ ဖြစ်သည်ဆိုသည့်အဖြစ်က သဘာဝကျသည်ပဲလေ ..။ ဘယ်မိန်းကလေးက ကိုယ်ချစ်သူဘေးမှာ သူစိမ်းမိန်းမသားတစ်ယောက်ကို ရှိနေတာ ကြည်ဖြူနိုင်ပါမည်တဲ့လဲ ..။

မီ ခုတင်လေးထက်မှာ လှဲလိုက်ကာ မျက်ဝန်းတွေကို စုံမှိတ်ထားမိလိုက်ပါ၏။ ပင်ပန်းသည့်စိတ်အရှိန်ဖြင့် မီ မေးခနဲ အိပ်ပျော်သွားရပါပြီ။

သူလိုက်လာသည်ဟု မီ သိနေရသည်။ သူ့အသံတွေ ကြားနေရသည်။ အရမ်းကို စိတ်လှုပ်ရှားစွာ မီ့ ကို ခေါ်နေသည့် အသံ ..။ အိပ်မက်ဟု မီ ထင်ကာ ကမန်းကတမ်း ထထိုင်လိုက်ချိန်မှာ ...

"မီ ရေ .. မီ .."

ဟု တကယ့်ကိုပဲ သူ့အသံကို ကြားနေရတာမို့ မီ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရပါ၏။

ဘုရားရေ .. မီ အိပ်မက်မက်နေခြင်း မဟုတ်။ တကယ့်ကိုပဲ သူသည် ပန်းရိပ်မြုံသို့ ရောက်နေခြင်းပါတကား။ အန်ကယ့်အသံ ခပ်တိုးတိုးကိုလည်း မီ ကြားနေရသည်။ ဧည့်ခန်းဆီမှ အသံတွေ ဖြစ်နေမှန်းလည်း သိနေရပါ၏။ တံခါးခေါက်သံနှင့်အတူ ...

"မီ ရေ .. ဒေါ်လေးပါကွယ် ..၊ ဆိုင်မှာလဲ လူတွေစားသောက်နေချိန် လူကျနေချိန် ဖြစ်နေတယ်၊ ကြာရင် မကောင်းဘူး .. လူတွေ





သိကုန်လိမ့်မယ်၊ လူလေးနဲ့ သူ့ဒက်ဒီ ရောက်လာတယ် မီ .. အပြင်ထွက်လာခဲ့တော့ ..၊ မီ အိပ်ပျော်နေတယ်ဆိုရင်တောင် အအိပ်ဆတ်တဲ့ မီ နိုးလာလောက်ပြီဆိုတာ ဒေါ်လေး သိတယ် .. ထွက်လာခဲ့တော့"

ဟု ခေါ်နေသံ ပေါ်လာပါ၏။ မီ တံခါးသွားဖွင့်တော့ ဒေါ်လေးမှ စိတ်လက်မောနေသည့်ဟန်ဖြင့် ခေါင်းခါပြကာ ...

"ခက်တာက လူလေးမိုးချိုသာ ပဲ မီ ..၊ သူ့စိတ်ထဲမှာ လန့်နေတာ တစ်ခုပဲ ရှိနေတယ်၊ မီ သူ့ကို အလင်းနု နဲ့ ချစ်သူတွေလို့ ထင်နေမှာ သိတယ်တဲ့၊ အဲဒါ သူ့ကို အကြီးကျယ်ဆုံး အဆိုးဆုံး နှိပ်စက်နေတယ် မီ ..၊ ထွက်ခဲ့တော့ .. ထွက်ခဲ့တော့ .. မီ အိပ်နေတယ်လို့ ပြောလို့လဲ မရဘူး..၊ ဧည့်ခန်းမှာ ငုတ်တုတ်ထိုင်စောင့်နေတာ ကြာလာတော့ သူ မီ့ ကို ခေါ်တော့တာပဲ ..၊ ရောက်နေကြတာ နာရီဝက်ကျော်ပြီ မီ ..၊ မီ အိပ်နေတယ်ဆိုလို့ ဦးဇေယျာ က အိပ်ပါစေ .. စောင့်နေပါ့မယ်ဆိုပြီး စောင့်နေတာ .. လူလေးက အခုကြားတဲ့အတိုင်းပဲ ခေါ်နေပြီ"

ဟု ပြောလာတော့ မီ ဆံပင်တိုလေးတွေကို စိတ်ရှုပ်စွာ တိုးဖွပစ်ရင်းမှ ...

"စိတ်ညစ်တော့တာပဲ ဒေါ်လေးရယ် .."

ဟု ရင်ထဲ ထိခိုက်နေတာကို ဖုန်းကွယ်နိုင်ဖို့ ကြိုးစားရင်း ညည်းမိရသည်။

"ဒေါ်လေး သွားနှင့်နော် .. မီ အခုလာပါ့မယ်"

ဟု ပြောတာမို့ ဒေါ်လေး သက်ပြင်းရှိုက်ကာ ...

"လူစိတ်မွေးမယ်ဆိုရင်ဖြင့် ဝေဒနာသည်တစ်ယောက်ကို မမြင်ရသေးခင်မှာ စိတ်ထဲတင်းပြီး ကင်းအောင်နေသင့်တယ်လို့ ဆုံးဖြတ်နိုင်သေးပေမယ့် တကယ်တမ်း ရင်ဆိုင်တွေ့ရချိန်မှာတော့ အဲဒီ တင်းထားတဲ့စိတ်ဟာ ပြေခနဲ ဖြစ်ရတာပါပဲ ..၊ အဲဒါဟာ လူ့စိတ်ဖြစ်တယ် မီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ထွက်သွားပါ၏။ မို စားပွဲအံဆွဲလေးထဲမှ နာရီလေးကို ယူလိုက်ကာ ထွက်လာခဲ့ပါ၏။ သူ့ကို ဧည့်ခန်းမှာ မားမားကြီးရပ်လျက် မြင်နေရသည်ပါပဲ။

မို ဧည့်ခန်းသို့ ဝင်လာတာမြင်တာနှင့် မို့ အခန်းဘက်သို့ လည်ဆန့်မျှော်နေသည့် သူ ချက်ချင်းအေးသို့ ရောက်လာကာ ...

"ဘာလို့ ပြန်သွားတာလဲ မို .. ကျွန်တော် ပန်းရိပ်မြုံကို ပြန်လိုက်မယ်ဆိုတာ သိရက်နဲ့ ဘာလို့ချန်ထားခဲ့ရတာလဲ ..၊ ဟို အလင်းနု ကြောင့် မဟုတ်လား .. သူ့ကို ခေါင်းထဲက ထုတ်ပစ်လိုက်ပါ မို ရယ်..၊ သူနဲ့ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲမှာ ချမ်းမြေ့တယ်ဆိုတာ ရှိကို ရှိမလာတာ သိနေရတယ် မို .. သူ့စကားတွေကို မယုံပါနဲ့ မို ရယ်.."

ဟု အားလုံးရှေ့မှာ ဟန်မဆောင်နိုင်စတမ်းကြီး ရှင်းနေတော့ မို့ ခေါင်းလေး ခါလိုက်ကာ ...

"အလင်းနု ဆိုတာကို ခေါင်းထဲက ထုတ်ပစ်ပါလို့ ပြောစရာကို မလိုပါဘူး အစ်ကိုမိုးချိုသာ .. အစကတည်းကိုက သူဟာ မို့ ခေါင်းထဲမှာ ပါမလာလို့ပါ ..၊ ဘာလို့လဲဆိုတော့ အလင်းနု တို့ အစ်ကိုမိုးချိုသာ တို့ ကိစ္စဟာ မို နဲ့ ဘာမှပတ်သက်နေတာ မဟုတ်တာ ..၊ သူဟာ အစ်ကိုမိုးချိုသာရဲ့ချစ်သူ ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ အဲဒါတွေဟာ အစ်ကိုမိုးချိုသာ နဲ့ သူ့ကိစ္စပါပဲ ..၊ မို နဲ့က ဘယ်လိုမှ ပတ်သက်နေစရာကိုမှ မရှိတာ ..၊ ရော့ .. အစ်ကိုမိုးချိုသာ ပေးခဲ့တဲ့ အလင်းနုရဲ့နာရီလေး ပြန်ယူသွားပါ"

ဟုပြောတော့ သူ မို့ မျက်နှာလေးကို မမှိတ်မသုန်ကြီး စိုက်ကြည့်နေသည်။ မို ပြောနေပုံကိုလည်း မခံချိမခံသာ ဖြစ်နေပုံလည်း ရသည်။

နာရီလေးကို ကမ်းပေးနေသည့် မို့ ကိုကြည့်နေရာမှ အကြည့်က မို့ လက်ဖဝါးပေါ်မှာ တင်နေသည့် နာရီဆီသို့ ရောက်၏။ ကြိုးလေးက မို့ လက်ဖဝါးပေါ်မှာ ခွေဝိုက်တင်နေပေမယ့် အစွန်းလေးကတော့ လက်





ဖဝါးဆီမှ တွဲရရွဲလေးကျကာ လှုပ်လှုပ်ခတ်ခတ်လေး ရှိနေသည်။ ဝန်းစက်စက်နာရီလေးကလည်း မို့ လက်ဖဝါးထက်မှာ ဖေးဖေးတင်တင်..။

မို ကလည်း အံလေးခဲကာ သူ့ကို မော့ကြည့်နေသည်။ ပြတ်သားရမည့်အချိန် .. ဟုတ်သည် ...။ ပြတ်သားရမည့်အချိန်သို့ တိုင်နေပြီပဲလေ။ သူ့အာရုံထဲမှ မို ဆိုတာကို ထုတ်ပစ်ရမှာ သေချာနေသည်ဆိုတာ သူ ကောင်းကောင်းသဘောပေါက်သွားဖို့ လိုသည်။

မို့ လက်လေးက နာရီ၏အဖုံးလေးကို ဖွင့်လိုက်တာနှင့် သံစုံ ဂီတသံစဉ်လေးတွေက ချစ်စဖွယ် ပေါ်လာပါ၏။ သူ၏မျက်နှာ တင်းခနဲဖြစ်သွားဟာ နာရီလေးကို ဆတ်ခနဲယူသည်။ ဘယ်သူမှ မထင်မှတ်လိုက်နိုင် .. မတားဆီးလိုက်နိုင်ချိန်မှာပင် နာရီလေးကို ကြမ်းပေါ်ပစ်ချကာ အနီးရှိ ပန်းတင်ခုံထက်ဆီမှ ကျောက်ပန်းအိုးလေးကို ယူလိုက်ကာ ထုချေပစ်လိုက်ပါသတည်း။ စိတ်လိုက်မာန်ပါကြီး ထုချေပစ်နေတာမို့ ပန်းအိုးလေးသည် သူ့လက်ထဲမှာ ယိမ်းခါနေသည်။ ပန်းတုလေးတွေလည်း ကြမ်းပေါ် ပြုတ်ကျကုန်ပြီ။ နာရီလေးလည်း မွမွကြေသွားသည်ပါပဲ။ သံစုံသံလေးဆိုတာကတော့ လုံးဝ ဆိတ်သုဉ်းသွားရပြီ။ သူ မို့ကို မော့ကြည့်လာသည်။ မျက်နှာထက်မှာ ချွေးတွေနစ်နေ၏။

"နောက်ကို အလင်းနု ဆိုတာကိုရော ဒီနာရီဆိုတာကိုရော ကျွန်တော့ကို ဘယ်တော့မှ မပြောပါနဲ့ မို"

ဟုပြောကာ ထရပ်လိုက်ပါ၏။ အကြည့်က မို့ ထံမှာ တန့်နေသည်။ ဝမ်းနည်းနေတာလည်း သိသာနေသည်။ အရှမ်းကို ထိခိုက်ခံစားနေတာလည်း သိသာနေသည်။ မို ကတော့ ရင်ထဲမကောင်းနိုင်ပေမယ့် ဟန်ဆယ်၍ စိတ်တင်းကာ တည်တည်ငြိမ်ငြိမ်လေးပဲ ရပ်နေသည်။ သူ့ကိုလည်း ခပ်တည်တည်လေး ကြည့်လိုက်သည်ပါပဲ ...။

အတတ်နိုင် ဆုံး သူစိမ်းဆန်သော အကြည့်မျိုးဖြစ်အောင် အကြည့်ကို အားစက်နေစေနိုင်ဖို့ မို ကြိုးစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို မီ ခုလို ကြည့်ရက်တယ်နော် ..၊ အေးလေ .. မီ့ဆီကို အိပ်ရာကနိုးနိုးချင်း မီ မရှိဘူးဆိုတာနဲ့ လိုက်လာတဲ့ ကျွန်တော့်ကို မီ ခုလို ဆီးကြိုရက်တာကိုပဲ ရင်ထဲမကောင်းတာပါ ..၊ ကျွန်တော် ဘယ်လောက်ထိ ခံစားပင်ပန်းနေတယ်ဆိုတာ မီ သိပါတယ်၊ မီ က ဒီကိုပြန်လာပြီး အေးအေးဆေးဆေး အိပ်နေနိုင်တယ်၊ ကျွန်တော်က ယောက်ယက်ခတ်ပြီး ဒီထိလိုက်လာချိန်မှာ မီ နိုးတဲ့အထိ စောင့်နေရတယ် .. မီ ရောက်လာတော့လဲ ဒီနာရီစုတ်ကို လာပေးနေတယ်၊ ပန်းရိပ်မြုံဟာ မီ တို့ နေရာပါ ..၊ မီ့ ရဲ့ လိုက်လှဲမှုမရှိတော့တဲ့ အကြည့်စိမ်းတွေကို မြင်ရတာနဲ့ပဲ နားလည်လာရပါပြီ ..၊ ဒီမှာ ကျွန်တော် မနေတော့ပါဘူး .. စိတ်အေးလိုက်ပါတော့"

ဟု ဆက်တိုက်ပြောပြီး မီ့ ကို မျက်တောင်မခတ် စိုက်ကြည့်နေသည့် သူ့မျက်ဝန်းတွေမှာ မျက်ရည်ဝဲ့လာနေကြတာ မီ မြင်နေရပါ၏။ မတတ်နိုင် ..၊ မီ စိတ်ကို တင်းထားသည်။ ဘာမျှ ခံစားချက်မရှိသည့် မီ အဖြစ် ခေါင်းလေးကို မော့ထားကာ နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်သည်ပါပဲ ..။

"အဲဒီနာရီလေးကို ဆီးပေးတယ်ဆိုတာကိုက ဘာအဓိပ္ပာယ်လဲဆိုတာ ကျွန်တော် သိတာပေါ့ မီ ..၊ ဒါပေမယ့် သိထားပါ မီ .. မီ တွန်းပို့နေတဲ့နေရာကို ကျွန်တော် ရောက်မှာ မဟုတ်ပါဘူး၊ အဲဒီ အလင်းနု ဆိုတာကြီးကို ကျွန်တော့်ရင်ထဲမှာ ဘယ်လိုမှ ရှိမနေတာကိုတော့ ကျွန်တော် သိနေတာပဲ မီ ..၊ သေချာသိထားပါ မီ .. နှလုံးသားဆိုတာ နောက်ကြောင်းမေ့နေရင်တောင်မှ အမှန်တရားကိုတော့ ဦးနှောက်ဆီကို အဖြေမှန်တစ်ခုကို ပို့ပေးတတ်ပါတယ် .. ဒါပါပဲ မီ"

ဟု ပြောကာ ချာခနဲ လှည့်ထွက်သွားစဉ်မှာ ယောကျ်ားမျက်ရည်စက်က ဝဲ့ခနဲကြွေ၏။ အခန်းတွင်းမှ သူ တောက်လျှောက်ထွက်သွားသည်က ဘယ်သူ့ကိုမှ ခေါ်နေတာပင် မရှိ ..။





အန်ကယ်နှင့် လေးလေးဆွေ ပင် ထိုင်နေဆဲပုံစံတွေဖြင့် ကျန်ခဲ့ရခြင်း ..။

"အန်ကယ်ကလဲ အဲဒါကို ပြောချင်တာပါ သမီးရယ် ..၊ သားဟာ အလွန်စွဲလမ်းတတ်သူတစ်ယောက်ဆိုတာ သား ခုလိုပျောက်သွားချိန်ကျတော့မှ သူ့အခန်းထဲဝင်ပြီး ဒီဘူးထဲက ဒီထီးလေး .. သူ့အံဆွဲထဲက ဒီကဗျာလေးကို တွေ့ရ မြင်ရ ဖတ်ရတော့မှ သိခဲ့တာပါ ..၊ အလင်းနုကို သားဟာ ဘယ်လိုမှ ချစ်ရေးဆိုမှာမဟုတ်ဘူးဆိုတာကိုလဲ အန်ကယ်သိနေ သဘောပေါက်နေရစေတဲ့ အရာတွေဟာ ဒီပစ္စည်းလေးတွေကြောင့်ပါပဲ ..၊ ဒါကြောင့်လဲ အလင်းနု ရဲ့ အဖေ ကိုဘုန်းထက် ကို အန်ကယ် ရဲရဲဝံ့ဝံ့ ပြန်ပြောရဲခဲ့တာပေါ့ ..၊ အလင်းနု နဲ့သာ ချစ်သူဖြစ်ရင် ဘာငြင်းစရာရှိပါ့မလဲလို့ ..၊ အဲဒါက သားနဲ့ အလင်းနု တို့ မချစ်ကြတာ မီ့ လက်ထပ်ပေးဖို့ကို မရှိတော့တာ အန်ကယ် သိနေတာကိုး"

ဟု ပြောလာရင်း ဒေါ်လေးထား ကို အန်ကယ် ကြည့်ပါ၏။ လေးလေးဆွေ ကတော့ သူထွက်သွားတာမို့ စိတ်လက်ပူကာ နောက်မှလိုက်သွားပြီ။ အခန်းထဲမှာ ဒေါ်လေးထား .. မီ နှင့် အန်ကယ်တို့ပဲ ကျန်ခဲ့ကြပါ၏။ အန်ကယ်မှ ဘူးရှည်လေးထဲမှ ထီးလေးကို ထုတ်ပြလိုက်ပါချေသည်တကား ..။ အိတ်ကပ်တွင်းမှ ကဗျာစာရွက်လေးကို ခေါက်လျက်သားလေး ဒေါ်လေးထံ ကမ်းပေးလာသည်။

"သားဟာ ဒီထီးလေးကိုလဲ အမြတ်တနိုး သိမ်းထားသလို ဒီကဗျာလေးကိုလဲ ရေးထားတယ်၊ ငယ်ဘဝမှာ သူ တစ်ယောက်ယောက်နဲ့ မေ့မရအောင် ပတ်သက်ခဲ့တယ် ..၊ အဲဒီ မေ့မရသူလေးဟာ သား ရင်ထဲမှာ ရှိနေတယ်လို့ ကျွန်တော် နားလည်ထားတာမို့ အကယ်၍များ သား သတိပြန်ရလာရင် နောက်ကြောင်းတွေ ပြန်မှတ်မိလာရင် အဲဒီအခါဟာ အဲဒီထီးပိုင်ရှင်လေးကို ဆက်စွဲလမ်းနေမှာ စိုးရိမ်နေတာမို့ လေးလောဆယ်မှာ ကျွန်တော် ဘာမှ စကားမပြောနိုင်ရဲဘဲ ဖြစ်နေခဲ့ရတာကို ကြိုတင်


www.burmeseclassic.com

www.burmeseclassic.com



ပြောပါရစေ ..။ တကယ်တမ်းကတော့ သားကို ကယ်တင်ထားတဲ့ မှီ.. သား အလွန်ကိုမှ မျက်စိအောက်ကကို အပျောက်မခံနိုင်အောင် ရှိနေတဲ့ မှီ့ ကို အန်ကယ် စကားမြန်းချင်နေတဲ့သူ ဖြစ်နေပါပြီ ..။ ဒါပေမယ့် သားကို တစ်ချက် စိတ်မချတာက အဲဒီကဗျာထဲက မိန်းကလေးကို မမေ့နိုင်ဘဲ ဖြစ်နေမှာစိုးနေတဲ့အတွက် .. နောက်တစ်ကြိမ် ထပ်မှားမှာ စိုးနေလို့ စကားကျွံမှာစိုးနေလို့ အန်ကယ် ခဏ ဒီတိုင်း နေနေရတာပါ မှီ ..။ ဟိုတယ်မှာ မှီ ခံစားပြီး ပြောသွားတုန်းက အန်ကယ် ရှင်းပြတာကို နားမထောင်သေးဘဲ အရင်ပြောသွားတာမျိုး ဖြစ်ခဲ့ရတာပါ ..။ တကယ်က အဲဒီကတည်းက အန်ကယ် ရှင်းပြမလို့ပါ .. အလင်းနု ကို ဘယ်လိုနည်းနဲ့မှ သားဟာ ချစ်ရေးဆိုမှာ မဟုတ်ဘူးဆိုတာ အန်ကယ် သိနေတယ်ဆိုတာ ရှင်းပြမလို့ပါ"

ဒေါ်လေးကိုကြည့်၍ အန်ကယ် ပြောပြ ရှင်းပြနေရာမှ နောက်ပိုင်းမှာ မှီ့ ကိုကြည့်ရင်း ရှင်းပြနေပါသည့်အဖြစ် ..။

မှီ မမှန်းဆမိ မတွေးထားမိသည့်အဖြစ်တစ်ခုက လတ်တလောမှာ လာဖြစ်နေသည်။ ထိုသို့ အန်ကယ်မှလာ၍ ထီးလေးကို ပြမည်ဟုလည်း သိမထား .. ကဗျာလေးကိုလည်း ဒေါ်လေးကို ပြလိမ့်မည်ဟု ထင်မထား။

ပြီးတော့ ထိုမျှအထိ မှီ နှင့် သူ့ကို စကားမြန်းဖို့အထိ အန်ကယ် ဆုံးဖြတ်ထားသည်ဆိုတာကိုလည်း မသိနိုင်စွမ်းခဲ့ ..။ ခုကျတော့ မမျှော်လင့်ရာတွေက တန်းစီ၍ ဖြစ်လာချိန်မှာ မှီ သည် သူ့ကို စိမ်းပြတ်ပြတ်နေပြလိုက်သည့် မှီ အဖြစ် ရှိပြီးသွားခဲ့ချေပြီတကား။

သူ .. သူ မှီ့ ကို စိတ်နာသွားပြီဆိုတာကိုလည်း အလိုလို သိနေရပြီ မှီ့ ရင်ထဲမှာ နာကျင်ကြေကွဲနေရပါပြီတည်း ..။

ဒေါ်လေးက ထီးလေးကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည်။





ထီးလေးကို အန်ကယ် ဖွင့်မည်ပြုခိုက်မှာ ဒေါ်လေး လက်ကာပါ၏။

"ဒီထီးလေးကို မောင်မိုးချိုသာ ဘယ်လိုရခဲ့တယ်ဆိုတာကိုတော့ ကျွန်မ မသိရသေးပါဘူး..။ ဒါပေမယ့် ဒီလို ထီးဝါဝါလေး မှိုပွင့်ရောင်စုံလေးတွေပါတဲ့ ထီးလေးကို မှီ့ အတွက် ကျွန်မ ဝယ်ပေးခဲ့ဖူးပါတယ်၊ မိုးတွေရွာနေချိန် အုန်းလက်နွားလေး လက်တစ်ဖက်ကဆွဲရင်း ကလေးတစ်ယောက်က လူကြီးတစ်ယောက်နဲ့ အုန်းတောမှာ ပြေးလာချိန်မှာ ကျွန်မနဲ့ မှီ တိုးခဲ့တယ်လေ .. အဲဒီလို ထီးဝါလေးကို မိုးတွေစိုနစ်နေတဲ့ ကောင်လေးကို ပေးလိုက်ဖို့ ပြောခဲ့တာမို့ မှီ ပေးလိုက်တာ ..။ ဒါပေမယ့် ကလေးက အဲဒီထီးလေးကို အလွန်စွဲလမ်းပြီး သတိတရရ ဖြစ်နေတာပါ .. အကယ်၍များ အခု ဒီကအစ်ကိုကြီးရဲ့ လက်ထဲက ထီးလေးဟာ မှီ့ ထီးလေး ဖြစ်တယ်ဆိုရင်ဖြင့် ထီးလေးကို ဖွင့်လိုက်တဲ့အခါမှာ အတွင်းဘက်မှာ အနားနေရာလေးမှာဖြင့် ကြယ်သီးဝါဝါလေး ချောချောလေး တစ်လုံးကို ကျွန်မ တပ်ထားတာ ရှိနေမှာပါ ..။ မူကြိုကျောင်းမှာ ပုံစံတူထီးများ ရှိနေရင်ဖြင့် ကလေးချင်း ထီးမမှားအောင် ကျွန်မ အမှတ်အသား လုပ်ထားတာပါ"

ဟု ပြောလာတော့ မှီ့ ရင်ထဲ လှုပ်ခတ်သွားရပါပြီ။ ဘုရားရေ .. ထိုသို့ ဒေါ်လေးထား က ထီးလေးကို အမှတ်အသားလေး ထီးအတွင်းဘက်မှာ လုပ်ထားသည်တဲ့လား..။ ကလေးဘဝကပေမို့ ထိုစဉ်ကတော့ မှီ လည်း သိနိုင်ခဲ့သည် မဟုတ်ချေပဲလေ ..။ ထီးလေးကို ဟိုတယ်မှာ ကြည့်ခဲ့စဉ်ကလည်း ထိုကြယ်သီးဆိုတာမျိုးလေး ထီးအတွင်းဘက်မှာ ရှိနေပါသလားဟု ခုအချိန်မှာ ပြန်စဉ်းစားမရ ..။ ဟိုတယ်မှာတုန်းကလည်း ထီးလေးဆိုတာကိုပဲ မှတ်မိနေရင်း ကြည့်ခဲ့တာပဲ ရှိသည်။ ကြယ်သီးကိစ္စလည်း မသိခဲ့။ ထိုမျှအထိလည်း အသေးစိတ် မကြည့်ဖြစ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ .. ဒေါ်လေးထား က အမှတ်အသားလေးကအစ ထည့်ပြောလာတာမို့ အန်ကယ်မှ ကမန်းကတမ်းကြီး ထီးလေးကို ဖွင့်လိုက်ပါချေသတည်း ..။ စိတ်လောတကြီးနိုင်စွာလည်း အန်ကယ်မှ ထီး၏အတွင်းဘက်ကို ကြည့်လိုက်ချိန်မှာ ...

"ညီမကြီးရေ .. ဒီမှာပါ ခင်ဗျာ"

ဟု ဝမ်းသာအားရကြီးပင် ထီးလေးကို ကမ်းပေးလာလျက် .. ကြယ်သီးဝါဝါလေးကိုလည်း လက်ဖြင့် ထိုးပြလိုက်ပါချေသတည်း။ မို့ ကိုလည်း ကြည်နူးစွာ အန်ကယ် ကြည့်လာသည်။

"အန်ကယ် ဝမ်းသာလိုက်တာ မိန်းကလေးရယ်"

ဟုလည်း ပြောလာပါ၏။ မို ကတော့ ဒေါ်လေးကို ကြည့်နေမိရဆဲပါ ..။ ဒေါ်လေးမှ ထီးလေးကိုလည်း ကြည့်သည်။ ပြီတော့ .. မို့ ကိုလည်း ကြည့်သည်။

"အန်ကယ် ဒီထီးလေးကို သမီးကို ပြခဲ့တာပဲ ..၊ ဒေါ်လေးကို ပြန်မပြောပြဘူးလား မိန်းကလေးရယ်"

ဟု အန်ကယ်မှ မေးလာတော့ ဒေါ်လေးမှ အံ့သြသလိုလေး လှမ်းကြည့်လိုက်သည်က မို့ ကိုပါ ..။

"ဘာလို့ ဒေါ်လေးကို မပြောပြတာလဲ မို"

ဟု မေးလာတော့ မို နေရာမှမရွေ့ ရပ်နေဆဲပုံစံလေးဖြင့် ရှိနေရင်းမှ ...

"ပုံစံတူထီးလေးတစ်လက် ဖြစ်နေမှာလားဆိုတာကိုလဲ မို တွေးမိလို့ပါ ..၊ မို့ ထီးပါလို့ မို ထင်နေပေမယ့် မပြောရဲလို့ပါ ဒေါ်လေး ..၊ ပြီးတော့ အလင်းနု ဆိုတာကလဲ သူ့မှာရှိနေတာပဲ ဥစ္စာ ..၊ သူ့နောက်ကြောင်း ပြန်သတိရလာချိန်မှာ အလင်းနု ဟာ သူ့ဘေးကို ပြန်ရောက်သွားရမှာမို့ ငယ်ဘဝက သတိရတာလေးတစ်ခုကို သူ့ရင်ထဲမှာ သူပြန်ခံစားနေရစေဖို့ဆိုတာ မလိုအပ်တော့လို့ပါ ..၊ ပြီးတော့ အစ်ကိုမိုးချို





သာ ဆိုတာက မို တို့သိထားရတဲ့ ပန်းချီဆရာလောက် မဟုတ်ဘဲ အရမ်းကိုချမ်းသာတဲ့သူ ဖြစ်နေတော့ မို အဲဒီထီးဝါလေးကို အကြောင်းပြပြီး ပတ်သက်ဖို့ ကြိုးစားတယ်လို့လဲ အထင်မခံနိုင်လို့ပါ"

ဟု ရင်ထဲက ရှိတာကို ရှင်းနေအောင်ပင် ပြောချလိုက်ပါသည့် မို့ ကို အန်ကယ်က ပြုံး၍သာ ကြည့်နေပါသတည်း။ ထိုင်နေရာမှ ထရပ်ကာ မို့ ထံ လျှောက်လာရင်း မို့ ခေါင်းလေးကို ဖွဖွသပ်ပေးသည်။

"အန်ကယ့်အတွက် အရမ်းကို တန်ဖိုးရှိတဲ့ စကားတွေကို အန်ကယ် ကြားနေရတာပါကွယ် ..၊ မို ဟာ အလွန်ရိုးသားပြီး မာနနဲ့ သိက္ခာလေးပါ တင်းထားတဲ့ မိန်းကလေးဆိုတာ ပိုသိရလေလေ အန်ကယ် ကြည်နူးရလေလေပါ"

ဟု ပြောနေချိန်မှာ ဒေါ်လေးကတော့ဖြင့် အန်ကယ် ယူလာ၍ပေးဖတ်စေပါသော ကဗျာလေးကို ဖတ်နေပါပြီတည်း ..။ မို့ ကို ကြည့်နေရင်းမှ ဒေါ်လေး ခေါင်းခါနေသည်။

"မို့ ကို ဒီလောက်အထိ မမေ့နိုင်ဘဲ ရှိနေတဲ့သူတစ်ယောက်ကို မို က ချန်ထားခဲ့တယ် ဟုတ်လား .. ရက်စက်တယ် မို ရယ်"

ဟု ဒေါ်လေးမှ ပြောလာတော့ မို မျက်ရည်လည်နေသည်ပါပဲ။ မို့ ရင်ထဲမှာ လောင်မြိုက်နေတာတွေကို ဘယ်နှယ့်လုပ်၍ ဆက်ရှင်းပြနိုင်ပါမည်တဲ့လဲလေ ..။

"အင်းလေ .. ကျွန်မတို့ကလဲ ခဏလေးပဲ ဆုံမိကြတာလေးပဲ ရှိတာမို့ ဒီကိစ္စကို မေ့ထားလိုက်နိုင်ကြပေမယ့် ကလေးတွေက မမေ့နိုင်ဘဲ ရှိနေတာက တိုက်ဆိုင်မှုပါပဲ ..၊ အဲဒီတုန်းက မိုးချိုသာလေး နဲ့ တူတူပါလာတာ လေးလေးဆွေ ပဲ ဖြစ်နိုင်မယ် ထင်တယ်၊ သူတို့က တူတွေ ရှိနေခဲ့တာလို့ သိနေရပြီကိုး ..၊ ဒါပေမယ့် တွေ့လိုက်တဲ့ ခဏလေးမှာ လူတစ်ယောက်ကို ဘယ့်နှယ်လုပ်ပြီး ပြန်မှတ်မိနိုင်ကြပါမလဲ၊ ကျွန်မလဲ လေးလေးဆွေ ဆိုတာကို ဒီနေ့မှာ တွေ့ခဲ့တာပါပဲ ..၊ သူလဲ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာပါပဲ .. ဒါပေမယ့် ကျွန်မရော သူရော အဲဒီတစ်ခါ ဆုံကြဖူးစဉ်က တွေ့ခဲ့ကြဖူးတဲ့သူနှစ်ယောက် ဖြစ်နေတယ်ဆိုတာ မသိခဲ့ကြဘူးလေ..၊ သူ့ကိုလဲ ကျွန်မ မမှတ်မိနေဘူး .. သူကလဲ မမှတ်မိနေဘူး ..၊ လူနှစ်ယောက် ခဏလေးဆုံခဲ့တဲ့ဥစ္စာ .. ဒီလောက် နှစ်ကြာတဲ့အထိ ပြန်ဆုံရင် မျက်နှာမြင်တဲ့အခါ ပြန်မှတ်မိဖို့ဆိုတာကလဲ မဖြစ်နိုင်တာပဲလေ ..၊ ဆုံခဲ့ကြတာကိုက မိုးထဲရေထဲမှာ ခဏလေး ဆုံခဲ့တာမျိုးကို"

ဟု ဒေါ်လေး ပြောနေချိန်မှာ မီ့ ကတော့ သူ့အပေါ် အရမ်းပြင်းထန်ခါးသီးစွာ စိမ်းစိမ်းပြတ်ပြတ် လုပ်ပြခဲ့လေသမျှ .. ခုလို အန်ကယ်နှင့် ဒေါ်လေးထား တို့ အဆင်တာပြေဖြင့် ပြုံး၍ပင် ပြောဆိုလာသည့် အချိန်မျိုး ရောက်လာချိန်မှာ ..။

"ငါ သူ့ကို ပြန်ပြီး ဘာယ်လို ခေါ်ခေါ်ပြောပြော လုပ်လို့ကောင်းပါ့မလဲ ..၊ သူ့ကိုနာရီလဲ ပြန်ပေးတယ် .. အလင်းနု နဲ့ ပတ်သက်သူလို့လဲ ငါ စွပ်စွဲခဲ့ပြီးနေပြီ"

ဟု တွေးကာ ခပ်ထွေထွေ ရပ်နေမိချိန်မှာ ...

"လာထိုင်ပါဦး သမီးရယ် .. အဲဒီထီးပိုင်ရှင်ဟာလဲ မီ့ .. ဒီကဗျာနဲ့ ပတ်သက်တာလဲ မီ့ .. အခု သား မခွဲနိုင်ဘဲ ခေါ်မဆုံးဖြစ်နေတဲ့သူဟာလဲ မီ့ ဖြစ်နေတာကို အန်ကယ် ဝမ်းသာလိုက်တာ သမီးရယ်..၊ ကဲ .. ထိုင်ပါဦး .. အန်ကယ့်ဘေးမှာ ထိုင်ပါဦး သမီးရယ်"

ဟု ခေါ်ကာ မီ့ ကို အန်ကယ် ခေါ်လာကာ ထိုင်စေသည်က နှစ်ယောက်ထိုင်ခုံမှာ တူတူထိုင်စေခြင်းဖြင့်ပါ ..။ မီ့ မျက်လွှာချထားမိသည်။ ဆံစလေးကို အန်ကယ်မှ သပ်ပေးကာ ..၊

"မနက်ဖြန် အန်ကယ့်ဟိုတယ်မှာ စက္ကာထရီအဖြစ် သမီးလေးလာခဲ့ပါ ..၊ အန်ကယ် ကားအကြိုလွှတ်ပါ့မယ် .. သားကိုလဲ သူ ဒီ ပန်းရိပ်မြုံမှာ နေချင်တယ်ဆိုရင်ဖြင့်လဲ ဒီကညီမကလဲ လက်ခံပေးပါ၊ သူနေခဲ့တဲ့နေရာလေးမှာ သူ နေပါစေ"





ဟု ပြောနေချိန်မှာပင် ..။ ပန်းရိပ်မြုံရှေ့ လမ်းနေရာမှာ ရပ်ထားပါသည့်ကား အရှိန်နှင့်မောင်းထွက်သွားသံ ..။

"ဟော့ ဘာယ်လိုလဲကွ .. ငါ့လူရ .. ဒုက္ခပါပဲ"

ဟု လေးလေးဆွေ ၏ အလန့်တကြား အော်လိုက်သံ ..။ ပြီးတော့ လေးလေးဆွေ က ကမန်းကတမ်းကြီး ဝင်လာတာ တွေ့ကြုံလိုက်ရပါပြီ။

"ခက်ဒီ ကြာလိုက်တာ သွားခေါ်ပေးပါဗျာဆိုပြီး ခိုင်းလို့ ကားပေါ်က ကျွန်တော် ပြန်ဆင်းလိုက်ရော ခြေလှမ်းမှ လေးငါးလှမ်းပဲ ရှိသေးတာ .. ဒီကောင် ကားမောင်းထွက်သွားတာ အစ်ကိုကြီးရ ..၊ ခက်တော့တာပဲ .. ကားထဲမှာ ငိုင်ပြီး ငြိမ်ထိုင်နေတာမို့ ကျွန်တော် သူ့ဘေးမှာ ထိုင်ရင်း ဘာမှလဲ ဖျောင်းဖျမတတ်တာနဲ့ စိတ်ညစ် ငြိမ်နေမိခဲ့တာဗျ..၊ ဟုတ်တယ်လေ .. ဖိုးခန့် ခမျာ ဒီကိုလာလိုက်တာ စိတ်ဆင်းရဲစရာ ထပ်ကြုံတော့ ခမျာ့ စိတ်ထိခိုက်ခြင်းမက ခိုတ်နေတာကို မြင်ထားတော့လဲ ဘာတွေ သူ့ကိုဖျောင်းဖျရမှန်းမသိဘဲ ဖြစ်နေရလို့ ကျွန်တော်ပါ ရော်ပြီး ငြိမ်ထိုင်နေ ငိုင်နေတုန်း အဲသလို သူက ခက်ဒီ့သွားခေါ်တော့ဆိုလို့ ဆင်းလာခဲ့တာ အဲသလို သူ ရုတ်ခနဲ ကားမောင်းထွက်သွားမယ်လို့မှ မသိတာ ..၊ သူလဲ စိတ်ထဲမနေချင်ဘူးဆိုပြီး ချက်ချင်းစိတ်နောက်ကိုယ်ပါ မောင်းထွက်သွားပုံရတယ် .. ခက်တယ်ဗျာ"

ဟု မီ့ ကိုလည်း မသိမသာလေး စောင်းချိတ်ချိတ်လုပ်ကာ ပြောသည်က ခန့်ထည်ဝါ ဆိုသည့် ကောင်လေးပေါ် ငယ်ကတည်းက ချစ်လာခဲ့ရသည့် စိတ်ဖြင့်ပါ ..။ မီ့ အနေခက်အထိုင်ခက်လေး ပိုဖြစ်သွားရသမျှ အန်ကယ်ကလည်း ရိပ်မိလျက် ...။

"အစကတည်းက ဒီကောင် မပွင့်လင်းခဲ့တာတွေ အများကြီးပါကွ ..၊ အုံ့ပုန်းလုပ်ပြီး ဟိုကောင်မလေးကို ရှာရှာနေတာ ..၊ အဲဒီတော့နဲ့ ဒီမြို့ကမ်းသာမှာ ဟိုတယ်ဖွင့်ချင်သလေး ဘာလေးနဲ့ ကြေသံပစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ .. ခုမှ ငါ သိရတာကွ ..၊ ဒီမယ် သူလဲ ကားမောင်းထွက်သွားပြီ .. လိုက်လို့လဲ မမီတော့ဘူး ..၊ မင်းက ဒီမှာကျန်ခဲ့ရင်း မို့ ကို စိတ်တိုချင်သလိုလိုတွေ ဘာတွေနဲ့ မင့်ကောင်ကို ချစ်တဲ့ဓာတွေနဲ့ စွတ်ပြောမနေနဲ့ကွ .. ရှုပ်ကုန်လိမ့်မယ် သိရဲလား ..၊ ဒီမယ် ဒီထီး မင်း သိသလား မောင်သက်ဆွေ"

ဟု ဦးဇေယျာ မှ နောက်ထပ် စိတ်အခန့်မသင့်တာတွေ လေးလေးဆွေ စကားပြောမတည့်တာတွေကြောင့် ဖြစ်မှာကို စိုးရိမ်ဓာဖြင့် ပြောလာတာကိုလည်း မို့ သိနေရသည်ပါပဲ ..။

လေးလေးဆွေ မှ နားမလည်နိုင်သလို အန်ကယ်ဦးဇေယျာ ကို ကြည့်လိုက် ထီးကိုကြည့်လိုက်နှင့် ရှိနေရာမှ ...

"အဲဒီထီးက ဘာဖြစ်တာလဲ"

ဟု မေးလာပါသတည်း။ မို့ သိလိုက်ပါပြီ။ ဤထီးလေးကို လေးလေးဆွေ မမှတ်မိနေ ..။

အန်ကယ်မှ ဖြစ်ကြောင်းကုန်စင်ကို ချက်ချင်း ပြောပြ ရှင်းပြလိုက်ပါ၏။ ဒါပေမယ့် ကဗျာရေးထားတာတွေကိုတော့ အန်ကယ် ထည့်မပြောခဲ့ပါ။ လေးလေးဆွေ ကဗျာကို တောင်းဖတ်မှာ သေချာသည်ကိုးလေ ..။

မို့ ရှက်နေမှာ အန်ကယ် တွေးမိပုံရပါ၏။

"အဲဒါ ဒီထီးကို သား သိမ်းထားတာ"

ဟု ပြောတော့မှ လေးလေးဆွေ ငြိမ်ကျ အံ့အားကြီးသင့်နေပါသတည်း။

"ဒီကောင် အဲသလို ဖြစ်နေတာကိုး .. ကျွန်တော်က ဒီထီးလေးကို ဘယ်မှတ်မိပါတော့မလဲ အစ်ကိုကြီးရာ ..၊ ဒီလောက်ကြီးထိ ရင်ထဲစွဲနေလောက်အောင်လဲ ကျွန်တော့်အတွက်တော့ ထင်ကျန်မနေတော့ဘူးလေ ..၊ ကူညီခဲ့တဲ့သူအပေါ် အဲဒီတုန်းက ကျေးဇူးတင်ခဲ့တာပဲ ရှိ





တယ်၊ ကြာတော့လဲ မေ့မေ့လျော့လျော့တောင် ဖြစ်သွားတာပေါ့ ..၊ ဒီက အစ်မကြီးကိုလဲ မမှတ်မိနေတော့ဘူး ခင်ဗျ"

ဟု ဖြေပါ၏။

ဒေါ်လေးထား ကလဲ ...

"ကျွန်မလဲ တူတူပါပဲ ..၊ နေ့စဉ်တွေ့နေကြရတဲ့လူတွေ အများကြီးထဲမှာ သိသူ ရင်းနှီးသူတွေရှိသလို တစ်ခါလောက်ပဲ တွေ့ခဲ့ရသူတွေ သူစိမ်းတွေဆိုဘာက နှစ်များစွာမှာ အများကြီးပေမို့ ကျွန်မကလဲ အဲဒီတုန်းက မိုးရေထဲမှာ တွေ့ခဲ့တဲ့အထဲက ရှင့်ကို မမှတ်မိနိုင်တော့တာ အမှန်ပါပဲ"

ဟု ပြောနေပါ၏။ မို့ မနေသာတော့ပါ ..။

"အစ်ကိုမိုးချိုသာ က နေကောင်းတာ မဟုတ်ဘူး အန်ကယ်..၊ မို့ ကားကို လေးလေးဆွေ မောင်းသွားပါ .. လိုက်သွားပါ .. အန်ကယ်လဲ လိုက်သွားပါ ..၊ အစ်ကိုမိုးချိုသာ နေမကောင်းဖြစ်ထားတာမို့ မူးတာတွေဘာတွေ ဖြစ်ကုန်ရင် ပိုဆိုးကုန်ပါလိမ့်မယ်၊ သွားပါ လေးလေးဆွေ"

ဟု ရင်ထဲပူပန်နေသမျှ ထိန်းမထားနိုင်ဘဲ ပြောလာတော့ အန်ကယ်မှ ကြည်နူးကျေနပ်စွာပြုံး၍ ထရပ်လိုက်ပါသတည်း..။

"အန်ကယ့်သားအတွက် စိတ်တွေပူနေရင်းနဲ့ အန်ကယ် လိုက်မသွားဘဲ စိတ်ကိုထိန်းရင်း စောင့်ဆိုင်းမျှော်လင့်နေမိတဲ့အရာဟာ အခုပြည့်စုံ ရရှိသွားပါပြီ သမီးရဲ့ .. သမီးရဲ့ရင်ထဲက ပူပန်တဲ့ဓာကို သားအတွက် အပ်နှင်းထားသမျှ အန်ကယ် မြင်လိုက်ရပါပြီ"

ဟုပြောကာ မို့ ကို ပြုံး၍ ကြည့်လာပါ၏။

"မို့ ကိုယ်တိုင် အဲဒီကားကို မောင်းမပေးနိုင်ဘူးလား သမီးရဲ့"

ဟု မေးလာတော့ မို့ ငိုင်ခနဲ ဖြစ်သွားရပါပြီ ..။ ရင်ထဲမှာ သူ့အတွက် စိတ်ပူနေတာက ဘယ်လိုမှ ထိန်းမရ ..။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့လည်း မှီ ကျန်နေရစ်ခဲ့ရချိန်မှာ ဆောက်တည်ရာမဲ့မျှ သူ့အတွက် စိတ်ပူနေမှာ သေချာနေသည်။

မှီ့ ကို ခုလို ကားလေးမောင်းဖို့ ပြောလာပါသည့် အန်ကယ့်ကို မှီ ဟန့်မဆောင်နိုင်တော့ပါ ..။

ဩော် .. ရင်ထဲမှ ချစ်ခြင်းဆိုသည့်က တကယ်တမ်း အရေးအကြောင်း ကြုံလာတော့လည်း ကြာရှည် ဟန်ဆယ်မထားနိုင်ဘဲ ရှိသွားရချေသည်ကောလေ ..။

မှီ .. ခေါင်းလေး ညိတ်ပြလိုက်မိပြီ ..။

ထိုခေါင်းလေးတစ်ညိတ်ကို မှီ့ နှလုံးသားက တိုက်တွန်းလိုက်ခြင်း ပါတကား ..။





အခန်း (၁၆)

ခေါင်းထဲမူးလာသည်မို့ ကားကို ထိုးရပ်လိုက်တာ ကားလက်ကိုင်ပေါ်မှာ မျက်နှာကို ဖေးတင်မှောက်ထားလိုက်ရင်း ရင်ထဲမှာ နာကျင်ကြေကွဲရှိန် မြင့်နေရသည်ပါပဲ ..။

"ရက်စက်လိုက်တာ .. ရက်စက်လိုက်တာ .. ငါ့မှာ သူ့ဆီကို ချက်ချင်း ဒက်ဒီနဲ့ ရောက်သွားချိန်မှာ သူ အားလုံးရဲ့ရှေ့မှာ အဲဒီနာရီလေးကို ပေးရက်တယ် ..၊ သူက .. သူက .. အလင်းနု ရဲ့ စကားကို အတည်ပြုထားတာ .. ယုံကြည်ထားတာ ..၊ ငါ့ကို မယုံဘူး .. ငါ့ခံစားချက်တွေကို ထည့်မတွက်ပေးဘူး..၊ ငါကရော ဘာလို့ ဒီလောက်ထိ သူ့ကိုမခွဲနိုင်ဘဲ ဖြစ်နေရတာလဲ .. ဖြစ်နေရတာလဲ ..၊ ငါ ညံ့တာ .. ငါ ညံ့တာ .. သူ့လို ငါက ပြတ်သားနိုင်တဲ့စိတ် မမွေးနိုင်တာကိုက ငါ ညံ့တာ"

သူ တွေးနေရင်း မျက်ရည်လည်နေသည်။ အံခဲထားရင်းဖြင့်လည်း ငြိမ်နေသည်။ ကားတံခါးခေါက်သံ ပေါ်လာတာမို့ သူ ကြည့်လိုက်တော့ ယုံပင် မယုံချင် ..။

တင်ထားသော ကားမှန်တံခါးကို ခေါက်နေသည့် မှီ ..။



www.burmeseclassic.com

www.burmeseclassic.com



မို့ မျက်ဝန်းနက်နက်လေးတွေမှာ တောင်းပန်ရိပ်ကို မြင်ရပါ၏။ ကားနောက်ကြည့်မှန်မှာ မြင်လိုက်ရသည်က မို့ ကားလေး ရပ်ထားခြင်း။ ကားပေါ်မှ ဒက်ဒီနှင့် လေးလေးဆွေ တို့ ရှိနေမည်ဟု သူ အလိုလို နားလည်လိုက်မိရသည်ပါပဲ ..။ ကားမှန်တံခါးကို ဆက်ခေါက်နေတော့ မှန်ကို ချပေးလိုက်ရင်းမှ ...

"ဩော် .. ဩော် .. ကျွန်တော့်ကားထွက်သွားတာဆိုတော့ ဒက်ဒီတို့ကို မို့ ကားနဲ့လိုက်ပို့ရင်း ဒီမှာ ဒီကားကြီးရပ်နေတာမြင်လို့ အသက်မှ ရှိနေသေးရဲ့လားလို့ လာကြည့်တာလား မို့"

ဟု ငေါ့ထေ့ထေ့ မေးချလိုက်မိရပါ၏။ တကယ်က ရင်ထဲမှာ ဝမ်းသာနေသည်။ ဒါပေမယ့် စောစောက နာကျင်ကြေကွဲရှိန်ကလဲ ရှိနေသည်။ ဝမ်းသာတာကို ဟန်ဆယ်ပြီး ငေါ့ထေ့ထေ့ပြောမိခြင်းက စိတ်ထဲမှာ ဝမ်းနည်းရှိန်ရှိနေသမျှ ဆိုးနွဲ့နွဲ့လုပ်ချင်သည့်ဇောလည်း ပါပါသည်။ မို့ ဘာမျှမပြော .. ခပ်တည်တည်လေး စိုက်ကြည့်ကာ ...

"ဟိုဘက်ကို တိုး .. မို့ မောင်းမယ်"

ဟု ပြောလာတော့ သူကလည်း ခပ်တည်တည်ပဲ တုံ့ပြန်၍ ကြည့်ပစ်လိုက်မိရပါ၏။

"ဘာလို့ ဖယ်ပေးရမှာလဲ .. မို့ အပူ မပါပါဘူး ..၊ ကျွန်တော် မောင်းနိုင်ရင် မောင်းမယ်၊ မမောင်းနိုင်ရင် ဒီတိုင်း ကားရပ်ထားမယ်..၊ ရက်ရက်စက်စက်ကြီး လူတွေရှေ့မှာ ပြောခဲ့ရက်ပြီးမှ လူမြင်ကောင်းအောင် .. အပြစ်ဖြေလွှတ်အောင် ကားကို လာမောင်းပေးတာမျိုးတော့ မလုပ်လိုက်ပါနဲ့ မို့ ..၊ တောင်းပန်ပါရဲ့ မို့ ရာ .. ကျွန်တော် ခံစားရလွန်းလို့ပါ ..၊ မို့ က တို့တိတို့ထိလေးနဲ့ ဂရုစိုက်သလိုလေး လုပ်ပြလိုက် အဟုတ်မှတ်လိုက်နဲ့ ရှိခဲ့တာ များပါပြီ ..၊ တော်ပါပြီဗျာ .. စိတ်ထဲက မပါဘဲ လူမြင်ကောင်းအောင်တော့ ဟန်ဆောင်မနေပါနဲ့တော့ဗျာ"

မို့ တစ်ခုခု လေသံချိုလေးဖြင့် တုံ့ပြန်ပြောလာချေမည်လားဟု





တော့ ဘာကြောင့်များ မျှော်လင့်နေမိချင်ရပါသတဲ့လဲ ..။

"ဒါဆိုရင် ရှင်က မို့ ကို စိတ်နာနေတယ်ပေါ့"

ဟု ခပ်တည်တည်လေး မို့ ကြည့်လာကာ ပြောလာတော့ သူ ဘာဆက်ဖြေရမှန်း မသိ ..။ စိတ်နာနေတယ်ဆိုတာကို သူ ပြန်ဖြေရမှာ ဝန်လေးနေတာကရော ဘာကြောင့်ပါလဲ..။ တကယ်ဆို ဟုတ်တယ် စိတ်နာနေတယ် ဟု အလွယ်တကူကြီး ပြောချလိုက်ဖို့ ကောင်းနေပြီ။ မို့ လုပ်ခဲ့ပုံတွေက ဟုတ်မှ မဟုတ်ချေသည်ပဲလေ။ သူ့ရင်ကို နာကျင်နေစေခဲ့သည်ကလည်း အမှန်ပင် မဟုတ်ပါလား။ သူ ငုငုကြီး ငြိမ်နေတော့ မို့ ဘာမှကို ပြန်မပြော .. ချာခနဲ လှည့်ထွက်သွားတော့ သူ့ရင်ထဲ ဟာခနဲ ဖြစ်ကျန်ခဲ့ရပါပြီ။

သွားပြီ .. မို့ သူ့ကို တုံ့ပြန် နာကျည်းသွားပြီ။ မကြာလိုက် .. ရပ်ထားသော မို့ ကားလေးရှိရာသို့ လျှောက်သွားတာ ..။ ကားပေါ်တက်မောင်းလာတာ ..။ ကားဘေးမှာ မို့ ကားလေးရပ်လိုက်ကာ .. အားလုံးကို သူ့လမ်းဘေးမှာ ကားရပ်ထားရင်း ကြုံလိုက်ရပါ၏။

ကားနောက်ခန်းမှ လေးလေးဆွေ နှင့် ဒက်ဒီတို့ ဆင်းလာသည်။ ရပ်ထားသော သူ့ကားဘေးဆီသို့ လေးလေးဆွေ ရှောက်လာကာ ...

"မင်းကလဲကွာ .. မို့ က မောင်းပို့ပေးပါ့မယ်လို့ ပြောနေတဲ့ကိစ္စ မင်း လက်မခံဘူးဆို .. မို့ အဲသလိုပြောတယ်..၊ မင်းက စိတ်နာနေတယ်လို့လဲ ပြောတယ် ..၊ ကဲ .. ကဲ ဟိုဘက်ဖယ်ပေးလိုက် မို့ မောင်းပါစေကွာ .. မင်းကလဲ"

ဟု ပြောနေချိန်မှာ ဒက်ဒီကတော့ ကားနောက်ခန်းတံခါးကို ဖွင့်၍ ဝင်ထိုင်လိုက်ရင်း ...

"မင်းကွာ .. ငါ့ရှေ့မှာကျတော့ တမိုတည်း မို့ နေပြီး ခုကျတော့ မို့ ကို စိတ်နာတယ်လို့ ပြောရတယ်လို့ကွာ ..၊ ခက်တာပဲ .. ပြီးတော့လဲ မို့ မရှိရင် နေတတ်တာလဲ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းနေမိက်မှာ ...

"မှီ သွားလိုက်ပါဦးမယ် အန်ကယ် .. အဲဒီကားက သူ့ကားပါ..၊ သူ့ကားကို မောင်းခွင့်မပေးတာမို့ မှီ ပြန်ပါတော့မယ် အန်ကယ်"

ဟု ကားမောင်းနေသူနေရာလေးဆီမှ မှီ ပြောလိုက်ကာ .. ကားလေးကို ဘက်ဆုတ်ကွေ့လိုက်ပြီး နောက်ကြောင်းပြန်မောင်းသွားတာကို သူ ကြံုလိုက်ရပါသတည်း။

ထိုသို့ မှီ ပြန်မောင်းသွားမည်ဟု ဒက်ဒီလည်း ထင်ထားပုံ မရ..။ လေးလေးဆွေ ကလည်း မှီ နောက်တစ်ခေါက် ပြန်ဆင်းလာကာ သူ့ကို ဖယ်ခိုင်းမည် .. ကားမောင်းပေးမည်ဟု ထင်ထားပုံရသည်။

ထိုသို့လည်း လေးလေးဆွေ က ဖြစ်စေချင်သည်။ ခုကျတော့ မျက်နှာကြီးပျက်ကျကာ ငြိမ်နေသည့် သူ့ကိုကြည့်ကာ လေးလေးဆွေ ခေါင်းယမ်းရင်းမှ ...

"ကဲ .. ဟိုဘက် တိုး ..ငါ ဖယ်ခိုင်းကတည်းက ဖယ်ပေးလိုက်ရင်လဲ ကိစ္စပြတ်နေပြီ ..၊ မင်းဥစ္စာကွာ .. ဟိုက မောင်းပို့ပေးမယ်ဆိုတော့လဲ ခေါင်းခါတယ်၊ ခု ဒီကားနားအထိ မှီ က ငါတို့ကို မောင်းပို့ပေးတဲ့အချိန်ထိလဲ မင်းက ခေါင်းမာမာနဲ့ ကားမောင်းတဲ့နေရာမှာပဲ ထိုင်နေတယ် .. မဟုတ်သေးပါဘူး .. ပြီးတော့ အစ်ကိုကြီး ပြောသလိုပဲ မှီ မရှိဘဲ နေနိုင်တာလဲ မဟုတ်ဘူး"

ဟု ညည်းနေချိန်မှာ သူ ဘေးသို့ ဖယ်ပေးသည်။ လေးလေးဆွေ ကားမောင်းလာတော့ သူ့ရင်ထဲမှာ ဟာနေသည်။ မနေနိုင်တော့တာမို့ နောက်ဘက်သို့ ခေါင်းပြူ၍ကြည့်တော့ မှီ့ ကားလေး၏အရိပ်အယောင်ကိုမျှ မမြင်ရတော့ ...။

"ကြည့်မနေနဲ့တော့.. ပြန်သွားပြီ၊ မနက်ဖြန်ကျတော့မှ အသည်းအသန် သွားချော့တော့၊ ခုလောလောဆယ်တော့ ငါလဲ ပြန်မပို့ပေးချင်တော့ဘူး၊ မင်းဟာလေ တစ်ခါတစ်ခါမှာ မလိုအပ်ဘဲနဲ့ အလွန် မြုံစိစိ





လုပ်တတ်တဲ့ကောင်"

ဟု ဒက်ဒီကလည်း နောက်ခန်းမှနေ၍ ညည်းသည်။ စိတ်မောနေသည့်ဟန်ဖြင့်လည်း ဒက်ဒီခေါင်းကို ကုတ်ဖွပစ်လိုက်ပါသတည်း။

"သားက သူ့နောက်ကို လိုက်သွားရမှာလား ..၊ စိတ်မဆိုးပါနဲ့ မှီ ရယ်ဆိုပြီး ကားမောင်းပေးဖို့ ပြန်သွားခေါ်ရမှာလား"

ဟု မေးတော့ လေးလေးဆွေ ခေါင်းညိတ်သည်။

"အေးလေ .. တကယ်က မှီ ကပဲ မင်းကို နောက်တစ်ခေါက် ထပ်ပြီး ခယယနဲ့ ကားမောင်းပါရစေဆိုပြီး ထပ်တောင်းပန်နေရဦးမှာ..၊ မင်းကွာ .. ဟိုကလိုက်လာတာ မင်းက ရင်ဝဆီးကန်တယ်"

ဟုပြောတော့ သူ ငြိမ်ကျသွားသည်။ ဟိုဘက်တိုး မှီ မောင်းမယ်ဟု ပြောခဲ့ပါသည့် မှီ ...။ နောက်တစ်ခေါက်လောက်လေး ပြောကြည့်ပါလား မှီ ရယ် ဟု ရင်ထဲမှာ ထိထိခိုက်ခိုက် ဖြစ်နေရင်း တွေးနေမိရင်းမှ ...

"သူလဲ ကျွန်တော့်ကို ရင်ဝဆီးကန်တာပဲ ဥစ္စာ"

ဟု နောက်ကြောင်းပြန်၍ နာရီပေးသည့်ကိစ္စ ပြောလာတော့ ဒက်ဒီ့ထံမှ ...

"အခု မှီ လိုက်လာတာလေကွာ ..၊ စိတ်ကောက်ပြလိုက်တော့ ဟိုက ပြန်သွားပြီပေါ့ကွ ..၊ မိန်းကလေးပဲ ဥစ္စာ"

ဟု ထပ်ပြောလာသည်။ သူခေါင်းတွေကိုက်လာတာမို့ ဒက်ဒီရော လေးလေးဆွေ ရော ငြိမ်ကျသွားပါ၏။ သူ့လက်တွေက ခေါင်းကို ဖိနှိပ်လိုက်မိချေပြီကိုးလေ ...။

"ဟိုတယ်ရောက်ရင် နားလိုက် .. တကယ်က မင်း နားနေရမှာ.. ဒေါက်တာပေးတဲ့ဆေးသောက် နားနားနေနေ နေ အဲသလိုရှိရင်း ..၊ အိပ်ရာက နိုးလာတာနဲ့ မှီ ဆိုလို့ လိုက်ပို့ခဲ့ရတာ .. ခုကျတော့လဲ မှီ က ပြန်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဒက်ဒီက ညည်းပါ၏။

"ခမျာ မင်းအတွက် စိတ်ပူပြီး ချက်ချင်း ကားနဲ့လိုက်လာတာ..၊ မင်းက အဲသလို ပြောရက်တယ်ကွာ"

ဒက်ဒီ ထပ်ပြောလာတော့ သူ့ရင်ထဲ ကြည်နူးသွားရပြန်သည်။ မှီ က .. မှီ က သူ့အတွက် စိတ်ပူ၍ လိုက်လာသည်တဲ့ ..။

"ဟုတ်လား .. စိတ်ပူလို့လား ..၊ အဲသလိုပြောလား ဒက်ဒီ"

ဟု လှည့်၍ မေးစဉ်မှာ မျက်ဝန်းတွေ ကြည်လဲ့ရွှန်းတောက်လာပြန်သည့်အဖြစ် ..။

"ဒါဆို ကားပြန်လှည့်လေ .. လေးလေးဆွေ ပြန်လှည့် ..၊ မှီ့ ဆီ ပြန်သွားမယ် .. သူ စိတ်ပူနေမှန်းမှ မသိတာ"

ဟုပြောတော့ လေးလေး ကားကိုရပ်လိုက်သည်ပါပဲ..။ ဒက်ဒီ လက်ကာသည်။ သူ့ကိုလည်း စိတ်မောပုံကြီးဖြင့် ကြည့်သည်။

"ပန်းရိပ်မြို့မှာ လူတွေ ရှိတယ်ကွ ..၊ ဆိုင်ဆိုတာ လူအများရှိတဲ့နေရာ .. ခုပဲလာလိုက်ကြ ပြန်သွားကြ .. မှီ က ကားနဲ့လိုက်သွားပြီးတော့ မှီ တစ်ယောက်တည်း ကားမောင်းပြီး ပြန်ရောက်လာ .. အဲဒါတွေကို မြင်တဲ့သူတွေရှိကြတယ်ဆိုတာ မမေ့နဲ့ ..၊ ဒီလောက်နဲ့ပဲ တော်လောက်ပြီ ..၊ နောက်တစ်ကျော့ ထပ်ပြီး ဟိုကို မင်း ပျာတိပျာတာနဲ့ ရောက်လာဦးမယ် ..၊ ကားကြီးပြန်ရောက် မင်းကပြန်ဆင်း ဟိုမှာ ပြန်ပြီးတောင်းပန်နဲ့ ဖြစ်နေတာမျိုးဟာ ဘေးအမြင်မကောင်းတော့ဘူးကွ ..၊ ဒီတော့ မနက်ဖြန်မှ မင်း သွားခွင့်ရမယ် ..၊ မောင်သက်ဆွေ ကားပြန်မောင်း .. မှီ တို့ကို ထပ်ပြီး ဘေးလူတွေ အကဲခတ်ကြည့် .. ဘာများလဲတွေဘာတွေ တွေးကုန်အောင်လုပ်ဖို့ မသင့်တော့ဘူးကွ"

ဟု ဒက်ဒီပြောတော့ လေးလေးဆွေ ကားဆက်မောင်းပါသတည်း။ သူ ငိုင်နေသည်ပါပဲ။ ခုကျတော့လည်း ရင်ထဲမှာ ဆောက်တည်ရာ ပျောက်နေပြန်သည်။





"သားဟာ စိတ်သိပ်မင်ပန်းလို့ မကောင်းဘူးဆိုတာ သိထားရလို့ ဒက်ဒီ ဘာမှ ဆက်အပြစ်မပြောချင်ဘူး သား ..၊ ဒါပေမယ့် .. ဘာကိုပဲ လုပ်လုပ် နည်းနည်းတော့ သွေးအေးအေးထားပြီး စဉ်းစားချင့်ချိန် လုပ်၊ စိတ်နောက်ကိုယ်ပါ စိတ်မြန်လက်မြန် မလုပ်ပါနဲ့ကွာ ..၊ ခုကျတော့လဲ မှီ့ ဆီကို ပြန်နေချင်ပြန်ပြီ .. လူက စိတ်တွေယောက်ယက်ခတ်နေအောင် ဖြစ်နေရတာ ကြုံနေတော့ ဘယ်ကောင်းမလဲကွယ့်"

ဟု ထပ်ပြောလာတော့ သူ ငြိမ်ကျသွားရပါ၏။ ဒက်ဒီ ..၊ ဒက်ဒီ့ကျေးဇူးတဝါး မှတ်မိ လက်ခံလိုက်ရသည်ဆိုပေမယ့် အားလုံးကို ရှင်းလင်းပြတ်ထင် မှတ်မိနေတာ မဟုတ်။ ဒက်ဒီ့ကို ချစ်တဲ့စိတ်က ရင်ထဲမှာ ဖြစ်နေတာက အမှန် ..။ ဤခံစားချက်သည် နောက်ကြောင်းမေ့နေသည့် သားတစ်ယောက်၏ ရင်ထဲမှာရှိနေသော ချစ်ခြင်းဆီမှ ဖြစ်တည်လာသည့် ခံစားချက်ဆိုတာ သူ သိနေသည်။ လေးလေးဆွေ သည်လည်း တဖြည်းဖြည်း သူ့အာရုံထဲမှာ ရင်းနှီးရာ လူကြီးတစ်ယောက်အဖြစ် ဖြစ်တည်လာနေသည်ပါပဲ။

"ဒီနောက်ကြောင်း မေ့နေတာကြီးကို ဘယ်လောက်ထိ သားရင်ဆိုင်နေရမလဲ ဒက်ဒီရာ ..၊ မှီ တို့က နောက်ကြောင်းမေ့နေတဲ့ သားကို အရူးတစ်ယောက်လိုများ မြင်နေမလားနော်"

ဟု အားငယ်စိတ်ဖြင့် လွှတ်ခနဲ ပြောမိတော့ ဒက်ဒီ့လက်က သူ့ပခုံးပေါ် ကျလာသည်။ လှည့်ကြည့်မိတော့လည်း စိတ်ဖြေပြေနိုင်စေရာဖြစ်စေမည့် အားပေးပြုံးကို ဒက်ဒီ သူ့ကို ပြုံးပြနေတာကို ကြုံရသည်ပါပဲ..။

"အဲသလို သူတို့မမြင်တာ သေချာပါတယ် သား"

ဟု ခိုင်ခိုင်မာမာကြီး ဒက်ဒီ ပြောလာပါ၏။

"တစ်ခုပဲရှိတယ် သား ..၊ သားဟာ နောက်ကြောင်းကို ပြန်သတိရလာတဲ့အခါကျတော့ရင် မှီ့ ကို ခုလို မခွဲနိုင်ဘဲ ဖြစ်နေဦးမလား"


www.burmeseclassic.com

www.burmeseclassic.com



ဟု ကောက်ကာငင်ကာ ဒက်ဒီ မေးလာတော့ သူမခံနိုင်သလိုကြီး ဖြင့် …

"ဟာ .. မှို့ ကို သားက ဘယ်လိုမေ့ပစ်နိုင်ရမှာလဲ ဒက်ဒီရာ"

ဟု ချက်ချင်း ပြောလာမိရပါပြီ ..။ ဒက်ဒီကတော့ ရယ်လိုက်သည် ပါပဲ..။

"ထီးကလေးရယ်.. ကဗျာလေးရယ် .. ကောင်မလေးတစ်ယောက် ရယ် .. အဲဒါကို သတိရသလား သား"

ဟု မေးလာသံတွင် ချစ်စနိုးနိုင်သည့် အသံတွေလည်း ပါလာသည်။ မျှော်လင့်သည့် မျက်ဝန်းတွေနှင့်လည်း သူ့ကို ဒက်ဒီကြည့်နေပါ၏။

"ကဗျာ ဘာကဗျာလဲ ဒက်ဒီ ..၊ ထီးကလေးကတော့ ဒက်ဒီ ပြခဲ့ပြီးပြီ..၊ အဲဒီအချိန်က မိုးတွေရွာနေတာ ဒက်ဒီ .. အဲဒါကိုပဲ သား မှတ်မိနေတာ ..၊ ကျန်တာတွေ ပျောက်နေခဲ့တယ်လေ"

ဟု ပြောလာခိုက်မှာ ဒက်ဒီ ချက်ချင်းသတိရပုံဖြင့် ဟာခနဲ ဖြစ်သွားကာ ..

"မောင်သက်ဆွေ ရေ .. ထီးလေးနဲ့ ဘူးလေးရော အစ်ကိုကြီးရဲ့ ပိုက်ဆံအိတ်လေးရော မှို့ကားပေါ်မှာ ကျန်ခဲ့ပြီ ..၊ ကဗျာလေးက အဲဒီ ပိုက်ဆံအိတ်ထဲမှာ"

ဟု ညည်းပါ၏။ လေးလေးဆွေ မှ …

"ဘာ ကဗျာလဲ အစ်ကိုကြီး"

ဟု လှည့်မေးတော့ …

"မင်း မသိပါဘူးကွာ ..၊ မင်း ဒီကောင့်ဆီ ကားအထိ လိုက်သွားချိန်မှာ အဲဒီကဗျာလေးကို ငါ မှို့ ဒေါ်လေးကို ပြခဲ့တာကွ ..၊ အင်း .. ခုတော့ အဲဒီကဗျာလေးထည့်ထားမိတဲ့ ပိုက်ဆံအိတ်ရော ထီးဘူးလေးရော စောစောက ငါစီးလာခဲ့တဲ့ မှို့ ကားပေါ်မှာ ကျန်ခဲ့ပြီ ..၊ ဒီတော့





အဲဒီကိစ္စလဲ မနက်ဖြန်ကျတော့မှပဲ ပြန်ယူပြီး ကဗျာလေးကို ငါ့ပိုက်ဆံအိတ်ထဲကထုတ်ပြီး မင်းကို ပြမယ် သား ..၊ ခုတော့ မှို့ တို့ပဲ ဒက်ဒီ့ ပိုက်ဆံအိတ်နဲ့ ထီးလေးကိုလဲ ပြန်သိမ်းထားပေးကြပေမပေါ့ကွာ ..၊ အဲဒီကဗျာလေးကို မင်းကို မပြနိုင်သေးတာမို့ မင်းလက်ရေးနဲ့ မင်းကဗျာကို နောက်နေ့မှပဲ မင်း ဖတ်တော့..၊ အဲဒီတော့မှပဲ ပြန်မှတ်မိတာတို့ ဘာတို့က ဖြစ်လာနိုင်မှာ .. ကဗျာကို မဖတ်ရသေးချိန်မှာတော့ မင်းလဲ ဘာမှပြန်သတိရလာနိုင်သေးမှာ မဟုတ်ဘူး"

သူ မျက်ခုံးကြီး တွန့်၍ စဉ်းစားနေမိရပါ၏။ ကဗျာ ..၊ သူ့လက်ရေးနှင့် ရေးထားသည်တဲ့ ..။

"ဟိုတယ်မှာကတည်းက အဲဒီကဗျာလေး ပြရောပေါ့ ဒက်ဒီရာ"

"မင်းပဲ အိပ်ရာကနိုးလာတာနဲ့ တမိုတည်း မှို့ ..၊ ပန်းရိပ်မြုံကို ခုချက်ချင်း လိုက်မယ်ဆိုပြီး ဟိုတယ်ပေါ်က တက်သုတ်ရိုက်ဆင်းအဲသလိုရှိနေတဲ့ မင်းကို ငါက ကဗျာဖတ်ခိုင်းလို့ ရမှာလား ..၊ မင်းကရော ဖတ်မှာတဲ့လား..၊ ဝေးသေး .. မင်းဟာလေ ယောက်ယက်ခတ်ပြီဆိုရင် ဘေးလူ ငြိမ်နေလို့ကို မရတာ ..၊ အဲဒါကတော့ ငယ်ကျင့် .. မင်းရဲ့ ငယ်ကျင့်"

ဟု ဒက်ဒီ ညည်းတော့ သူ ငြိမ်သွားရပါ၏။ ဟုတ်သည်။ သူ ဟိုတယ်မှာ မှို့ ကို မတွေ့တာနှင့် ပန်းရိပ်မြုံသို့ လိုက်သွားဖို့ လောနေခဲ့သည် မဟုတ်ပါလား။

ဒက်ဒီသည် ထီးကလေးနှင့် ထိုကဗျာလေးကို ဘာကြောင့်များ ပန်းရိပ်မြုံသို့တိုင်အောင် ယူသွားခဲ့ရပါသတဲ့လဲ ..။ ဒက်ဒီ့ကို သူ ကြည့်လိုက်မိချိန်မှာ ဒက်ဒီ လက်ကာသည်။

"ဒက်ဒီ ပင်ပန်းလှပြီ သား .. ဒီတစ်ရက်ထဲမှာ ဒက်ဒီ ဆက်တိုက် ပင်ပန်းရတာတွေ များလှပြီ ..၊ ဒက်ဒီ ခဏလောက်တော့ မှိန်းချင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဘာမှ သူ့ကို ရှေ့ဆက်၍ ရှင်းပြတာတွေဘာတွေ မလုပ်နိုင်တော့သည့်အလား ပြောကာ တကယ်ပဲ မျက်ဝန်းတွေကို မှိတ်ချလိုက်တော့ လေးလေးဆွေ ကို ကြည့်မိရပါ၏။ လေးလေးဆွေ သည်လည်း တစ်ခုခုကို သိနေသည်ဟု သူ ထင်လာသည်။

"လေးလေးဆွေ ဘာသိထားတာရှိနေလဲ လေးလေးဆွေ"

ဟု ထပ်မေးမိသည်။

"အဲဒီထီးလေးဟာ ဘယ်သူ့ထီးလေးလို့ ထင်သလဲကွ"

ဟု လေးလေးဆွေ လေသံစလာချိန်မှာပင် ...

"အဲဒီကိစ္စ ကဗျာလေးကို သား ဖတ်ပြီးမှ ပြောဖို့ ငါ ဆုံးဖြတ်ထားတယ် ...၊ အဲဒီနှစ်ခုက ဆက်စပ်နေတယ် မောင်သက်ဆွေ .. အာမချောင်နဲ့ နားလည်လား"

ဟု ဒက်ဒီ့ထံမှ လှမ်းတားသံ ပေါ်လာပါသတည်း။

သူ စိတ်တွေ ရှုပ်ထွေးလာရပြန်သည်။

ကဗျာနှင့် ထီးလေးသည် ဆက်စပ်နေသည်တဲ့ ...။ ဘာကြောင့် ထိုနှစ်ခုကို တစ်ဆက်တစ်စပ်တည်း ဒက်ဒီ သတ်မှတ်ထားရပါသတဲ့လဲ ...။

ဒက်ဒီကတော့ သူ ဘာမှ ရှေ့ဆက်မမေးရအောင် မျက်ဝန်းတွေကို စုံမှိတ်ထားပါသတည်း။





အခန်း(၁၇)

"တကယ်တော့ သမီးရယ် .. မောင်မိုးချိုသာ ကလည်း သမီးကို အလွန် ခင်ခင်တွယ်တွယ် ဖြစ်သွားခဲ့ရှာတာ၊ သူ့ခမျာ နောက်ကြောင်းကို မေ့နေခဲ့ရတဲ့သူပေမို့ သူ့ဝန်းကျင် သူ့အဝန်းအဝိုင်းရယ်လို့ ဒေါ်လေးတို့ရဲ့ ပန်းရိပ်မြုံပဲရှိခဲ့တာမို့ တွယ်မိတွယ်ရာ သံယောဇဉ်တွယ်စရာ ဒါပဲရှိတာ မဟုတ်လား၊ မှီ က သူ့ကို ကူညီတဲ့သူဆိုတော့ ပိုခင်တွယ်ခဲ့ရှာတာပေါ့၊ မှီ့ စေတနာနဲ့ စိတ်ရင်းကောင်းလေးကိုလည်း သူ မြင်တတ်တာပဲလေ၊ တကယ်တော့ မှီ ရယ် .. စိတ်ရင်းဖြူစင်တဲ့သူကို မှီ့ ကို သူ့လို တွယ်ရာမဲ့နေသူတစ်ယောက်က အလွန်ခင်တွယ်သွားတာဟာ သဘာဝကျပါတယ် ...၊ ခုလို အဖေရယ်လို့ ပေါ်လာတော့လဲ သူများက အဖေဆိုလို့သာ သူ့မှာအဖေဆိုပြီး ငါ့မှာ အဖေရှိပါလားရယ်လို့လဲ လက်ခံခဲ့ရတာ .. ဒက်ဒီဆိုပြီး ခေါ်ခဲ့ရှာတာ ...၊

ရင်ထဲက အဖေဆိုတဲ့ သူအပေါ် ချစ်တဲ့ ပင်ရင်းခံအချစ်နဲ့ ရင်ထဲမှာ စွဲရှိနေတဲ့ အဖေ့ပုံရိပ်ဆိုတာက သူ့အာရုံမှာ ပေါ်လာတစ်လှည့် ပျောက်သွားတစ်လှည့်နဲ့ ဖြစ်နေရတဲ့အဆင့်မှာ ရှိနေတဲ့သူတစ်ယောက်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သမီး နားလည်ပေးသင့်တာပေါ့၊ သူ့ခများ ဟိုတစ်စလေးမြင်လာ အမှတ်ရလာ ပြန်ပျောက်ကွယ်သွားလိုက်နဲ့ .. ရှိနေရှာရတဲ့ဆူပါကွယ်"

ဒေါ်လေးကတော့ မို့ ကို ဘုရားရှိခိုးပြီးချိန်ထိ စောင့်ကာ မနက်စောစောကြီးမှာပင် နားချ စကားဆိုရှာပါ၏။ မနေ့က မို စိတ်လက်လေးဆိုးနေတာကိုလည်း ဒေါ်လေးထား သိထားသည်ကိုးလေ..။

သူ့ကို မို ကိုယ်တိုင် ကားမောင်းပို့ပေးမည်ဆိုတာကို လက်မခံဘဲနေပြခဲ့တာမို့ မို ရှက်လည်းရှက်သည်၊ ခံလည်းမခံချင်။ ပြန်လာပြီးကတည်းက မျက်နှာလေး ညှို့နေသည့် မို့ ပါ ..။ ခု မနက်ထိ ဒေါ်လေးတမင်စောင့်ဆိုင်းပြီးမှ မို့ ကို နားချခြင်းပါ။ မို့ စိတ်ထဲမှ မခံချင်ရိပ်လေးတွေ သက်သာအေးစက်စ ပြုလာချေလောက်ပြီဟု ဒေါ်လေး မျှော်လင့်ထားပုံ ရပါ၏။

ခုလည်း ဧည့်ခန်းမှာ ဒေါ်လေး ထိုင်ရင်း မို့ ကို ပြောနေခြင်းပါ။ ဆိုင်ဘက်ကိစ္စလည်း စိတ်တွေရှုပ်နေရ၍ မို ဤမနက်မှာ ဘာမျှ မယ်မယ်ရရ လုပ်ကိုင်နိုင်ခဲ့တာမရှိ ..။ ဘဘညို ကလည်း နားလည်ပေးရှာသည်။ ဖိုးလုံး ကို လိုအပ်တာလေးတွေ ကလေးတစ်နိုင်လောက် ခိုင်းကာ ကျန်တာတွေ ပင်တိုင် ဒိုင်ခံ၍ လုပ်ကိုင်ပေးနေသည်ပါပဲ ..။

ဒေါ်လေးထား ကိုလည်း မို့ ကို ဖျောင်းဖျပေးဖို့ ဘဘညို က တိုက်တွန်းနေသည့်သူပါ ..။ သူ့ကလေးဘဝကိစ္စ ..၊ ထီးကလေးနှင့် ကဗျာလေးကိစ္စတွေကအစ ..။ ဒေါ်လေးထား က အသေးစိတ်တော့ ဘဘညို ကို ပြောပြထားတာမျိုး မရှိသေးပါ။

သူ သတိပြန်ရလာချိန် ဩော် .. နောက်ကြောင်းတွေ ပြန်သိလာ မှတ်မိလာချိန်မှာ ဘာတွေဆက်ဖြစ်မည်ဆိုတာကိုတော့ ကံသေကံမ အသေအချာကြီး မသိနိုင်သေးဟု ဒေါ်လေး ကြိုတွေးထားပုံတော့ရသည်။ ဒါပေမယ့် ...

"လူလေးဟာ အလွန် အစွဲအလမ်းကြီးခဲ့တဲ့သူ ဖြစ်တယ်ဆိုတာ





သမီးလဲ သိနေရပြီပဲ ..၊ ထီးကလေးကို ခုထိ သိမ်းထားတာ ကြည့် .. ကဗျာလေးကိုကြည့် .. အဲဒါတွေကိုလဲ ဒေါ်လေးတို့ သိထားကြရပြီးပြီ ..၊ ပြီးတော့ သူ ရှာနေတဲ့သူဟာ .. အဲဒီကောင်မလေးဟာ မို ဖြစ်နေတယ်ဆိုတာ အကယ်၍များ သူ့နောက်ကြောင်းတွေ ပြန်မှတ်မိလာချိန်မှာ အဲဒီအချက်ကို သိသွားရင်ဖြင့် တကယ့်ကို သူ ဝမ်းသာကြည်နူးသွားမယ်လို့တော့ ဒေါ်လေး ရင်ထဲမှာ သိနေတယ် မို ..၊ ဒါပေမယ့် ကံတရားကံကြမ္မာဆိုတာကိုတော့ လျှော့တွက်ချန်ထားလို့ မရနိုင်ကြရတာမို့ တကယ်တမ်း သူ နောက်ကြောင်းပြန်မှတ်မိလာချိန်ထိကိုတော့ စောင့်ကြည့်ပြီးမှ ဘာတွေဆက်ဖြစ်လာမယ်ဆိုတာ သေသေချာချာ သိနိုင်ကြံနိုင်မှာပေါ့ မို"

ဟု ပြောလာသည်ကလည်း ဒေါ်လေးပါ ..။ မို ကတော့ မျက်မှောင်လေးကုတ်၍ ငြိမ်နားထောင်နေသည်။

"မဟုတ်ဘူး ဒေါ်လေး .. သူက အရမ်းကို ပြောင်းလဲနေတာ၊ အခု မို .. မို ဆိုပြီး လုပ်နေရာက အခုပဲ သူ့ဘာသာသူ နေနိုင်တယ်၊ သူ့ကားကို သူမောင်းမယ်၊ သူ့ကားကို မို မောင်းပေးစရာမလိုဘူးဆိုပြီး ကင်းကင်းပြတ်ပြတ်နေပြတာ ဒေါ်လေးရဲ့..၊ သူ့ဒက်ဒီနဲ့ လေးလေးဆွေတို့ရှေ့မှာ ဖြစ်ရတဲ့ဥစ္စာ .. မို ကြုံခဲ့ရပြီးနေပြီ ..၊ စိတ်ကိုက မငြိမ်တဲ့ လူတစ်ယောက် ဒေါ်လေးရဲ့"

ဟု ပြောနေခိုက်မှာပင် ဖိုးလုံး မှ အခန်းထဲဝင်လာကာ ...

"ဘဘတစ်ယောက် ကားကြီးနဲ့ ရောက်လာတယ် ဒေါ်လေး .. ဒီဆိုင်ကပိုင်ရှင်တွေနဲ့ တွေ့ချင်လို့တဲ့ သိလား ..၊ ကားကြီးက အကောင်းစားကြီးဗျ .. ဘဘကြီးကလဲ သူဌေးကြီးနဲ့တူတယ် .. ရှုံးကြီးနဲ့ သိလား၊ လက်ထဲမှာလဲ သားရေအိတ်ကြီးက ဟီးနေတာပဲ .. ကိုင်ထားတာ"

ဟု ပြောနေပါ၏။ ဖိုးလုံး ဆိုတာကတော့ ဤသို့ပါပဲလေ ..။ ဘာဖြစ်ဖြစ် လာသတင်းပို့ပြီဆိုလျှင်တော့ မြင်မြင်ထားရာကို အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြောပြတတ်ပါ၏။

တစ်ခါတစ်ခါကျတော့လည်း ထိုလေကြောရှည်လေးက အသုံးဝင်နေသည်။ ခုလည်း ဖိုးလုံး အပြောဖြင့် လူချမ်းသာတစ်ယောက် ပန်းရိပ်မြုံသို့ အလွန်ကောင်းသည့် ကားကြီးတစ်စီးနှင့် ရောက်လာသည်ဆိုတာ ကြိုသိလိုက်ရပြီ ...။ မီ တို့ကို လာတွေ့မည့်သူသည် မည်သို့သောသူ ဖြစ်သည်ဆိုတာကို မြင်မှ သိရတာမျိုး မဟုတ်တော့ပြီ။

"ဟဲ့ .. ဖိုးလုံး အစ်ကိုမိုးချိုသာ ရဲ့ ဒက်ဒီလား"

မီ မေးတော့ ဖိုးလုံး ခေါင်းခါ၏။

"ဟာ .. မမမီ ကလဲ အဲဒီဘဘကို သား မှတ်မိနေတာပဲ ဥစ္စာ .. ဒီဘဘက တခြားဘဘဗျ"

ဟု ဖြေတော့ ဒေါ်လေး ထရပ်ပါ၏။

"မီ ဒီမှာပဲ ထိုင်နေ .. ဒေါ်လေး အဲဒီကို သွားကြည့်လိုက်မယ်"

ဟု ပြောကာ ထသွားပါ၏။ မီ ကတော့ အဘယ် လူချမ်းသာတစ်ယောက်က ပန်းရိပ်မြုံသို့ ရောက်လာကာ ပိုင်ရှင်တွေနှင့် တွေ့ချင်သည်ဟု ပြောရချေသည်လဲဟု တွေးရင်း စိတ်ထဲ ရှုပ်ထွေးလာမိပြန်သည်။

"ပြောပုံကိုက ပန်းရိပ်မြုံရဲ့ပိုင်ရှင်ကို တွေ့ချင်တယ်လို့ပြောတာမျိုး ဖြစ်နေတယ် ...၊ ဒေါ်လေးရဲ့နာမည်ကို ခေါင်းတည်ပြီးပြောတာ မဟုတ်တဲ့အတွက် ဒေါ်လေးကိုတောင်မှ သိပုံမရတဲ့သူက ဘာကိစ္စနဲ့ ဒီလောက်စောစောစီးစီးမှာ ပန်းရိပ်မြုံကို လူတစ်ယောက်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတာတဲ့လဲ"

ဟု မီ တွေးနေမိရပါ၏။

"သူနဲ့ပတ်သတ်နေတဲ့သူများ ဖြစ်နေဦးမလား မသိဘူး .. စိတ်ညစ်ပါတယ် ...၊ ခုကြည့် သူ့ကလဲ မီ့ ဆီကို ဖုန်းလေးဆက်ပြီးတော့တောင်မှ တောင်းမန်လို့လား .. မာန်ကြီးတင်းတယ်နေလိုက်တာ ...၊ အဲဒါပေါ့ ငါပေးတဲ့ မိုးချိုသာ ဆိုတဲ့ နာမည်မျိုးမှ မဟုတ်တော့တာကိုး...၊



ခန့်ထည်ဝါ ဆိုတဲ့ နာမည်နဲ့ကိုက်အောင် ခန့်ခန့်ကြီးနေပြီး ထည်ထည်ဝါဝါ လုပ်နေတာမျိုး အချိုးပြင်နေပြီ"

အရေးထဲမှာ သူ့အကြောင်းက ခေါင်းထဲ ရောက်လာသည်။ တကယ်က သူ့ထံမှဆက်လာမည့် ဖုန်းကို မီ မျှော်နေမိခြင်းပါလားဟု အလိုလို သိလာနေမိရပြန်ပါ၏။

ဝန်ခံလာမိပြန်သည်က မီ သူ့ကို မျှော်နေမိခြင်းပါလား ဟူ၍ပါ...။ ဟုတ်သည် .. မျှော်နေမိခြင်း ...။ သူ့ထံမှ ဖုန်းခေါ်သံလေးကိုပင် မနေ့ညကတည်းက မျှော်နေမိသည့် မီ ဖြစ်ခဲ့ရသည်ပဲလေ ...။ သူကိုယ်တိုင်လာစေချင်သည်ဆိုတာကတော့ မီ့ ဘာသာ ဝန်ခံပေးလိုက်ရုံပဲ ကျန်သည်။

"ဟုတ်တယ် .. သူ့ဆီက ဖုန်းလေးကိုတောင် မျှော်နေတဲ့ငါဟာ သူ့ကို ပိုလာစေချင်နေတာပဲပေါ့ ...၊ ခု .. သူက ရောက်မလာဘဲ ဘယ်က လူကြီးက ရောက်လာတယ် မသိဘူး"

ဟု တွေးနေခိုက်မှာပင် ဒေါ်လေးထား နှင့် မျက်နှာစိမ်းအန်ကယ်ကြီးတစ်ယောက် ဧည့်ခန်းထဲသို့ ဝင်လာပါ၏။ ဒေါ်လေးထား မှ ဧည့်ခန်းတံခါးကို ချက်ချပိတ်လိုက်သည်။

"ထိုင်ပါဦး ဘုန်းထက်"

ဟု ဒေါ်လေးထား မှ အိမ်ရှင့်ဝတ္တရားအတိုင်း ပြုံး၍ ထိုင်စေချိန်မှာ မျက်နှာထက်တွင် ဟန်ဆောင်ပြုံးတစ်ခုကို တင်ထားသည့် မျက်နှာကြီးဖြင့် ထိုအန်ကယ်ကြီး ထိုင်ပါ၏။

ဦးဘုန်းထက် ဆိုသည့်အမည် ကြားလိုက်တာနှင့် မနေ့က အန်ကယ်ဦးဇေယျာ ကို ဖုန်းဆက်လာသူ ၏အမည်ကို ချက်ချင်းမှတ်မိသွားရပါပြီ ...။

ဦးဘုန်းထက် .. အလင်းနှ ၏ ဖခင် ...။

ဘာကြောင့် ဦးဘုန်းထက် ဆိုသူသည် ဤပန်းရိပ်မြုံသို့ မနက်

www.burmeseclassic.com



စောစောကြီးမှာ ရောက်လာကာ ဒေါ်လေးနှင့် မို့ ကို လာတွေ့ရပါသတဲ့လဲ..။

"မို ဒါ ဦးဘုန်းထက် တဲ့..၊ အလင်းနု ရဲ့ ဒက်ဒီလို့ ပြောပြီး ဒေါ်လေးကို အခုပဲ မိတ်ဆက်လာတဲ့သူပေါ့"

ဟု ဒေါ်လေးကလည်း မို့ ကိုကြည့်ကာ တည်တည်ငြိမ်ငြိမ်ပဲ ပြောလာပါ၏။ ဤမျှအထိ မြန်ဆန်လွန်းစွာ ဦးဘုန်းထက် ပန်းရိပ်မြုံသို့ ရောက်လာခြင်းသည် အလောတကော နိုင်လွန်းနေသည်ဟု မို တွေးမိသည့်နှယ် ဒေါ်လေးလည်း တွေးမိမည်သာ ..။

"ဟုတ်ပါတယ် မိန်းကလေး အန်ကယ်ဟာ အလင်းနု ရဲ့ ဒက်ဒီပါ ..၊ မနေ့က သမီး ငိုယိုရင်း ဖုန်းဆက်လာတယ် .. ဘာတွေဆက်လာတယ်ဆိုတာကိုတော့ ဒီကသမီး မို လဲ သိမှာပါ ..၊ အန်ကယ် ထပ်ဖြည့်ပြောပြမနေချင်တော့ပါဘူး ..၊ တော်ဝင်ဟိုတယ်က ထွက်လာတဲ့ သမီးဟာ လမ်းမှာပဲ ကားထဲကနေပြီး အန်ကယ့်ကို ငိုယိုပြောခဲ့တာပါ ..၊ သမီးဟာ အချစ်ကို လုယူခံနေရသူတစ်ယောက်အဖြစ် အလွန် ခံစားနေရပါတယ် သမီးမို"

ဟု ပြောနေချိန်မှာ မို ဒေါ်လေးကို ကြည့်မိရပါ၏။ ဒေါ်လေးက မျက်ရိပ်ပြသည်။ ဘာမှမပြောနဲ့ဆိုသည့်သဘော ..။ ဦးဘုန်းထက် ပြောချင်သမျှကို အရင်နားထောင်ဖို့ လှမ်း၍ သတိပေးသည့်သဘော။

မို ကတော့ ရင်ထဲမှာ ခံပြင်းလှပြီ ..။ ဘာတဲ့ .. အလင်းနု သည် ချစ်သူကို လုယူခံနေရသူတစ်ယောက် ဖြစ်နေသည်တဲ့လား..။ ဘယ်သူက အလင်းနု ၏ ချစ်သူကို လုနေလို့လဲလေ ..။ သဘောက မို က လုသည်ဆိုတာကို လာပြောနေတာပဲ ဖြစ်နေသည်။

မို မခံနိုင် ..၊ အိမ်မှာနေရင်း အစော်ကားခံနေရသလို ဖြစ်နေသည်။

ဦးဘုန်းထက် ၏ လေသံက ချိုချိုသာသာနိုင်နေပါ၏။ ဒါပေမယ့် စကားလုံးတွေက စော်ကားမော်ကား ဖြစ်နေသည်။





"အဲဒါ အန်ကယ်လဲ ချက်ချင်း ဦးဇေယျာ ကို ဖုန်းလှမ်းဆက်တယ် .. သူပြောတာတွေကိုလည်း နားထောင်ခဲ့ရတယ် ..၊ ဦးဇေယျာကလဲ သူ့သားကို သမီး အလင်းနု နဲ့ သဘောမမျှပါဘူးလို့ ခုထိ မပြောသေးပါဘူး၊ သူ့သားနဲ့ အလင်းနု တို့ရဲ့ ချစ်ခြင်းကို ခွဲမယ့်သူလဲ မဟုတ်ပါဘူး ..၊ ဒီတော့ သမီးမို ကို အန်ကယ် တွေ့ဖို့တော့ လိုနေပြီဆိုတာ ချက်ချင်းသဘောပေါက်သလို အလွန်စိတ်ထိခိုက်နေတဲ့ သမီး အလင်းနု ကိုလဲ အမြန်တွေ့မှဖြစ်မယ်ဆိုတာ သိနေတာမို့ ချက်ချင်းပဲ မြိုင်ကမ်းသာကို ကားနဲ့ လိုက်ခဲ့ရတာပါ ..၊ လမ်းမှာ ဆုံကြရတာမို့ အလင်းနု ရဲ့ကားကိုလဲ ပြန်လှည့်မောင်းခိုင်းခဲ့ရတယ်၊ သမီးရဲ့ကားကို ဒရိုင်ဘာက ပြန်လှည့်မောင်းလာ အန်ကယ့်ကားပေါ်ကို သမီး အလင်းနု ကို ပြန်ခေါ်လာရတာပါ ..၊ လမ်းမှာလဲ အလင်းနု ငိုနေသမျှ ရင်ကွဲခံပြီး အန်ကယ် ကြည့်ခဲ့ရတာပါ၊ ဖျောင်းဖျ နှစ်သိမ့်စကားတွေ ပြောနေတဲ့ အန်ကယ့် ရင်ခွင်ထဲမှာ အလင်းနု ဟာ ခေါင်းဝင်ပြီး ကလေးလို ငိုခဲ့ရှာတာပါ ..၊ အန်ကယ်က ဖခင်တစ်ယောက်ပါ မို ..၊ အလွန်စိတ်ထိခိုက်ခဲ့ရတာပါ..၊ ခုထိလဲ စိတ်ထိခိုက်နေရတာပါပဲ"

ဟု ပြောနေရင်းမှ အကဲခတ်သလို ကြည့်သည်က ဒေါ်လေးနှင့် မို့ ကိုပါ ..။

ချောင်းဟန့်သံတိုးတိုး ဒေါ်လေး ပေးပါ၏။ မို့ ကို ဘာမှ မပြောနှင့်ဟု တားခြင်း ..။ မို့ ဘေးမှာ ဒေါ်လေး နေရာပြောင်း၍ လာထိုင်သည်။ မို့ လက်ကို ကိုင်ထားသည်။ ငြိမ်နေဆိုသည့် သတိပေးလာမှု..၊ မို ကတော့ဖြင့် ရင်ထဲမှာ ခံပြင်းနေသည်။

မို က .. မို က အလင်းနု ၏ချစ်သူ ခန့်ထည်ဝါ ဆိုသူကို လုယူသည့် မို ဖြစ်နေပြီလေ ..။ မျက်နှာပြောင်တိုက်၍ လာပြောနေသည့် လူချမ်းသာ ဦးဘုန်းထက် ကို မို တုံ့ပြန် ရင်ဆိုင်လိုက်ဖို့အတွက် ရင်ထဲမှာ စကားတွေ တန်းစီနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒေါ်လေးထား က မှီ့ လက်ကို ဆုပ်ကိုင်ထားနေတာကိုပဲ ကြုံနေရပါ၏။

ဒေါ်လေး ပြောထားသည်လေ .. ဘာပဲဖြစ်ဖြစ် စိတ်ကိုငြိမ်အောင် ထိန်းကာ သွေးအေးအေးဖြင့် စိတ်အေးအေးဖြစ်အောင် ထိန်းပါဆိုသည့် စကား ..။

ခုလောလောဆယ်မှာက မှီ့ သွေးတွေက ဆူပွက်ထနေချိန် ..။

ဦးဘုန်းထက် ကလည်း တစ်ခုခုများ ဒေါ်လေး ပြောချင်ဆိုချင်တာမို့ နေရာပြောင်း၍ မှီ့ ဆီးမှာ လာထိုင်ခြင်းများလားဟု တစ်ချက်စောင့်နေသေးသည်။

နောက်တော့မှ စကားကို ပြန်ဆက်ပါ၏။

"အလင်းနု ဟာ မောင်ခန့် နဲ့ အရင်တွေ့ရတဲ့သူပါ .. အရင်လူပါကွယ် ..၊ သမီးလေး ဘယ်အထိ ငိုကြွေး ခံစားနေရတယ်ဆိုတာ မှီ နားလည်ပေးပါ ..၊ နောက်မှတွေ့တဲ့သူဟာ နောက်လူပါပဲကွယ် ..၊ ပြီးတော့ မောင်ခန့် ရဲ့ဘဝမှာ မှီ နဲ့ကြုံခဲ့ရတာက ခုလို နောက်ကြောင်းမေ့နေတဲ့အချိန်မှာ တွေ့ရတာမျိုးပါ ..၊ ဒါဟာ တာဒင်္ဂလေးပါ တခဏလေးပါ ..၊ သူ့နောက်ကြောင်းကို သူ ပြန်မှတ်မိလာချိန်မှာ သူ့ဘဝထဲကို တကယ့်ကို ဝင်ရမယ့်သူ၊ လက်တွဲရမယ့်သူ ဘဝဖော်ဟာ အလင်းနု ပါ"

ဟု ဆက်ပြောရာမှ ဦးဘုန်းထက် ဒေါ်လေးနှင့် မှီ့ ကို အပေါ်စီးဆန်သော အကြည့်ဖြင့် ကြည့်လာပါပြီ။ ပြန်ပြောရန်စကားပင် ရှာမတွေ့နိုင်လောက်အောင် အရှက်ရနေကြသည့် တူဝရီးဟုများ ထင်နေသည်လား မသိ။

"အဲဒါ .. သမီးလေးတစ်ယောက်ရယ်လို့ အလိုလိုက်ခဲ့တဲ့ အဖေ..၊ ချမ်းသာသမျှတွေ သမီးလေးအတွက်ပဲရယ်လို့ ပုံအော ချန်ထားခဲ့မယ့် အဖေ .. သမီးရဲ့မျက်ရည်ကို မကြည့်ရက်တဲ့ အဖေ .. သမီးလိုချင်တာ





သမီးဖြစ်ချင်တာ ဘာတစ်ခုမှ မဖြစ်လိုက်ရဘူးဆိုတာ အဖြစ်မခံဘူးဆိုပြီး သမီးတစ်သက်လုံး အလိုလိုက် ဖြည့်ဆည်းပေးခဲ့တဲ့ အဖေတစ်ယောက်မို့ အခုလို အန်ကယ်ဟာ ဒီပန်းရိပ်မြုံကို ရောက်လာရတာပါ၊ မနေ့က မြိုင်ကမ်းသာကို ရောက်ချိန်က ညဥ့်နက်ပိုင်းဝင်နေပြီမို့ ရွှေကမ်းသာဟိုတယ်မှာပဲ တည်းခိုလိုက်ပြီးတော့ ဒီမနက်မှာ အန်ကယ် ဒီကိုလိုက်လာရတာပါ မှီ"

ဟု ပြောလာပြီးသည့်နောက်မှာ ထပ်၍ပြုံးပါ၏။ သေချာပေါက်အနိုင်ရမည်ဟု ယုံကြည်နေသူတစ်ယောက်၏ အပြုံး..။

"ပန်းရိပ်မြုံဆိုတာကို စုံစမ်းကြည့်တော့ အလွယ်တကူပဲ သိရတာနဲ့ လိုက်လာနိုင်ခဲ့တာပါ ..၊ လူသိများတဲ့ စားသောက်ဆိုင်လေးနဲ့ ပန်းဆိုင်လေး ဖြစ်နေတာကိုး"

ဟု ပြောကာ မှီ တို့၏ ပန်းရိပ်မြုံလေးကို ဝေ့ကြည့်သည်။ ခြုံ၍ကြည့်သည်။ အကြည့်က သာမန် အသေးအမွှားနေရာလေးတစ်ခုကို ခမ်းနားဝင့်ထည်သောနေရာတစ်ခုမှ လူတစ်ယောက်က အထင်တသေးဖြင့် ကြည့်နေသည့် အကြည့်မျိုး ဆန်နေသည်။

ပထမပိုင်းက မြင်ခဲ့ရသော ဟန်ဆောင်အပြုံးနေရာမှာ အထင်သေးသောဟန်တွေ ပြည့်နေသည့်အပြုံးမျိုး ဦးဘုန်းထက် ၏ မျက်နှာမှာ တွေ့နေရပြီ ..။

"နောက်မှတွေ့တဲ့ မှီ့ ကို အန်ကယ် တောင်းပန်ပါတယ် .. နောက်ဆုတ်ပေးပါ ..၊ အလင်းနု ရဲ့ မျက်ရည်တွေကို ဘာလို့ ကျခိုင်းချင်နေရတာလဲ မှီ ..၊ ဒီအတွက် အန်ကယ် မှီ့ ကို ထိုက်တန်တဲ့ တုံ့ပြန်မှုကို ပေးမှာပါ၊ ဒီပန်းရိပ်မြုံထက် ပိုကောင်းတဲ့ဆိုင်တစ်ခု ပန်းဆိုင်ကြီးတစ်ခုကို ရင်းနှီးလုပ်ကိုင်နိုင်တဲ့ငွေကြေး အန်ကယ် ပေးပါမယ် ..၊ ဒီလိုညီမကိုလဲ အစ်ကိုကြီး တောင်းပန်ပါတယ် .. မေတ္တာရပ်ခံပါတယ်၊ ညီမရဲ့တူမလေးကို ထိန်းပေးပါ .. လမ်းကြောင်းမှန်ကို ချပေးပါ ..၊



www.burmeseclassic.com

www.burmeseclassic.com



အလင်းနု ကို မျက်ရည်ကျအောင် လုပ်နေတဲ့ မို့ ကို တားပေးပါ၊ ဒီအတွက် အစ်ကိုကြီးဘက်က တုံ့ပြန်မယ့်တန်ဖိုးကလဲ မနည်းပါဘူး”

ဟု ပြောကာ သားရေအိတ်ကြီးထဲမှ ငွေတွေကို ကတ်လိုက်အထပ်လိုက် ထုတ်လာပါ၏။ ငါးထောင်တန် ငွေကတ်များ ..။

“သိန်းငါးဆယ်ပါ .. ဒီငွေဟာ အန်ကယ့်အတွက် အလွယ်တကူ ဒီက မို့ တို့ကို ပေးနိုင်တဲ့အနေအထားမျိုး ဖြစ်နေပေမယ့် မို့ တို့အတွက်ကတော့ လုပ်ငန်းကိုင်ငန်းတိုးချဲ့ဖို့ရာ အလွန်အသုံးဝင်ပြီး ကံကောင်းစေမယ့် ငွေအတိုင်းအတာ ဖြစ်နေမယ်လို့ အန်ကယ် ယုံကြည်ပါတယ်..၊ ဒါပေမယ့် အန်ကယ် ထပ်ပြောပါမယ် .. နည်းသေးတယ်ထင်ရင် ထပ်တောင်းနိုင်ပါသေးတယ် .. အန်ကယ် ပေးပါ့မယ် ..၊ ခန့်ထည်ဝါ ရဲ့ဘဝထဲကို ဝင်မလာပါနဲ့ .. အလင်းနု ရဲ့ချစ်သူကို အလင်းနု ရဲ့လက်ထဲပြန်အပ်ပေးပါ”

ဟု ပြောလာတော့ မို့ ကိုယ်လေး မတ်လိုက်ပါပြီ။ ဒေါ်လေးထား မှ ချောင်းဟန့်နေပေမယ့် မရနိုင်တော့ပြီ။ မို့ ပဲလေ .. မို့ ဆိုတာက မှန်ရာကို ရင်ဆိုင်ဝံ့သော မို့ .. တုံ့ပြန်ရဲသော မို့ ဖြစ်သည်ပဲ ..။

“မို့ တို့က ငွေထပ်တောင်းမယ့်သူလို့ ထင်နေတာကိုက မှားနေတာပါ ..၊ ဘာလို့လဲဆိုတော့ အန်ကယ့်ငွေတွေကို ယူတောင် ယူမယ့်သူတွေ မဟုတ်လို့ပါပဲ”

ဟု မျက်နှာလေးတည်ကာ ပြောလိုက်ချိန်မှာ ဒေါ်လေးထား မှ ထရပ်လိုက်ပါပြီ။ မို့ စကားကြောင့် မျက်နှာပျက်သွားပါသည့် ဦးဘုန်းထက် ကို ဒေါ်လေးထား မှ လက်ကလေးကာပြကာ ...

“ခဏလေးစောင့် .. ခဏလေးစောင့်ပေးပါ အစ်ကိုကြီးရယ်”

ဟု လေသံအေးအေးစက်စက်ဖြင့် ပြုံး၍ ပြောလာပါသတည်း။ စောစောက ဒေါ်လေးကို ညီမဟုခေါ်ကာ ကိုယ့်ကိုယ်ကိုယ်လည်း အစ်ကိုကြီးဟု သုံးခဲ့တာကို ခနီးခနဲ့ တုံ့ပြန်ခြင်းပါတည့် ..။





“ညီမတစ်ယောက်လို သဘောထားပြီး အစ်ကိုကြီးတစ်ယောက်လို လာပြောတဲ့ ဦးဘုန်းထက် ကို ထား ကလဲ တစ်ခုလေး ပြန်ပြောချင်လို့ပါ .. ခဏ ..”

ဟု ထပ်ပြောပြီး ဒေါ်လေးအိပ်ခန်းတွင်း ဝင်သွားသည်။ ပြန်ထွက်လာတော့ စက္ကူအိတ်ကြီးတစ်လုံးပိုက်၍ ထွက်လာခြင်းပါ ..။ မို့ ဘေးမှာ ဒေါ်လေး ထိုင်သည်။ ဦးဘုန်းထက် တင်ထားပါသည့် ငွေအထပ်လိုက်ကိုကြည့်ကာ နားမှာ လက်ဖဝါးလေးကပ်၍ ...

“စောစောက စကားလေးမရှင်းလို့ ထပ်ပြောပါဦး အစ်ကိုကြီးရယ် ..”

ဟု ပြောလာတော့ ဦးဘုန်းထက် အံ့ခတ်သလို ကြည့်သည်။ ငွေကို လက်ခံချင်၍များ ရှင်းရှင်းလင်းလင်းရှိအောင် ထပ်ပြောခိုင်းခြင်းများပေလားဟုလည်း တွေးလိုက်ပုံ ရသည်။ မို့ က ထိုငွေတွေကို ငြင်းပေမယ့် ဒေါ်လေးကတော့ လက်ခံချင်နေသည်ဟု ထင်လိုက်ပုံ ရသွားကာ အားတက်သွားလျက် ...

“ဒီငွေသိန်းငါးဆယ်ကို ဒီကညီမတို့လဲ လုပ်ငန်းတိုးချဲ့နိုင်ရာရောက် သမီး အလင်းနု လဲ စိတ်ချမ်းသာရာရောက်အောင် ဒီက ညီမတို့က လက်ခံပေး .. မို့ ကလဲ နောက်ဆုတ်ပေးဖို့၊ အလင်းနု ရဲ့ချစ်သူ ခန့်ထည်ဝါလေး နဲ့ဝေးအောင်နေဖို့ အန်ကယ် ပြောတာပါ ..၊ ဒီငွေက ပြန်ပေးဖို့ကို မလိုတဲ့ငွေပါ .. အပိုင်ယူပါ”

ဟု ပြောလာသမျှ ဒေါ်လေး ကြည့်နေသည်။ စားပွဲထက်မှ ငွေကတ်လိုက်ကိုလည်း ရေတွက်နေသလိုလေး လက်ချောင်းလေးတွေဖြင့် တို့ထိ ရေတွက်နေသည်။

“အဲဒီကိစ္စ မပြောကြသေးခင် ရှင်းပြချင်တာ တစ်ခုရှိတယ်ရှင်.. မို့ က နောက်မှတွေ့တဲ့သူ မဟုတ်ပါဘူး .. အရင်တွေ့တဲ့သူပါ .. တွေ့တာမှ ခန့်ထည်ဝါလေးနဲ့ ငယ်ဘဝကတည်းက တွေ့တာပါ ..၊ ခန့်



www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါ ကလဲ မှီ့ ကို လိုက်ရှာနေတာပါ၊ ရှာနေရင်းနဲ့ ချစ်ရလွန်းလို့ ကဗျာလေးတောင် စပ်ထားသေး ..၊ ဒီမှာ မနေ့က မှီ့ ကားပေါ်မှာ အန်ကယ်ဦးဖေယျာ ကျန်ခဲ့တဲ့ ပိုက်ဆံအိတ်ထဲက ကဗျာလေး ဖတ်ကြည့်ပါဦး''

ဟုပြောကာ အကျီအိတ်ကပ်ထဲ ခုနလေးကမှ ဒေါ်လေးထား သွားယူထည့်လာလိုက်ပါသည့် ကဗျာလေးကို ကမ်းပေးလိုက်ပါ၏။ ကဗျာလေးကို ဦးဘုန်းထက် ဖတ်နေသည်။

"အဲဒါ ခန့်ထည်ဝါ ရဲ့ လက်ရေးရှင့် .. အဲဒီကဗျာထဲမှာ အလင်းနု ကို ရှာဖွေနေတာတွေ ပါမလာတာကတော့ သေချာနေပါတယ်နော်''

ဟု ပြောသည့် ဒေါ်လေးထား သည် ကဗျာစာရွက်ကို ကိုင်တာ ငြိမ်နေသည့် ဦးဘုန်းထက် ၏ လက်ထဲမှ ကဗျာစာရွက်လေးကို ဖျတ်ခနဲ ပိုင်စိုးစွာ ပြန်ယူလိုက်ပါ၏။

ပြီးတော့ တည်တည်ငြိမ်ငြိမ်ပဲ ပြန်ခေါက်ကာ အကျီအိတ်ကပ်ထဲ ပြန်ထည့်လိုက်ပါ၏။ နောက်တော့ စောစောက ပိုက်ပွေ့ယူလာရာ စက္ကူအိတ်ထူကြီးထဲမှ ထုတ်ယူလိုက်သည်က ငွေစက္ကူကတ်လိုက် အထပ်လိုက်ပါတကား ..။

မှီ့ ပင် အံ့အားသင့်သွားရပါ၏။ ဘုရားရေ .. ဒေါ်လေးထား သည် မှီ့ ပန်းဖိုးတွေအပ်ထားရာထဲမှ စားသောက်ဆိုင်မှ ရောင်းရငွေထဲမှ ငွေစုနေချေသည်တကား ..။ ထိုမျှ များပြားအောင် ဒေါ်လေးထား ကျိတ်၍ စုဆောင်းနေချေသည်ကောလေ ..။

"အဲဒီငွေ စုစုပေါင်းဟာ တစ်ထောင်ကတ် ငါးထောင်ကတ်တွေ ပေါင်းလိုက်ရင် ခြောက်ဆယ့်ငါးသိန်း ရှိပါတယ် ဦးဘုန်းထက် ရေတွက်ကြည့်ပါ''

ဟု ငွေအထပ်လိုက် အပုံလိုက်ကို ခပ်တည်တည်ပင် ဦးဘုန်းထက် ဘက်ဆီသို့ တွန်းပို့လိုက်တော့ ဦးဘုန်းထက် မျက်နှာပျက်နေပြီ။ ရေ





တွက်တာလည်း မလုပ်ရဲ ..။ ဒေါ်လေးထား က တည်တည်ငြိမ်ငြိမ်ဝင် ကိုယ်ကိုယ်မတ်လိုက်ကာ ပြုံးလိုက်ပါ၏။

"စောစောက ဦးဘုန်းထက် ပြောတဲ့အထဲမှာ ပါပါတယ် .. ခြောက် မှားသွားတယ် .. အစ်ကိုကြီး ပြောတဲ့အထဲမှာ ပါပါတယ် .. ညီမတို့ အတွက် လုပ်ငန်းကိုင်ငန်းတိုးချဲ့ဖို့ရာ အလွန်အသုံးဝင်ပြီး ကံကောင်းစေမယ့် ငွေအတိုင်းအတာဖြစ်မယ်လို့ ပြောခဲ့တာလေ ..၊ ဒါပေမယ့် ဒီက ဦးဘုန်းထက် ပေးတဲ့ငွေထက်တောင် ပိုနေတဲ့ငွေက ထား တို့ဆီမှာ စုစုဆောင်းဆောင်းရှိနေပြီးတာ လက်တွေ့ပြလိုက်တာပါ၊ ဦးဘုန်းထက် တို့လို လူချမ်းသာတစ်ယောက်အနေနဲ့ အလွယ်တကူပေးလိုက်နိုင်တယ် ဆိုတဲ့ငွေ .. အဲဒီထက်ပိုတဲ့ငွေဟာ ထား တို့ဆီမှာ ရှိနေတာပါ၊ ဒါပေမယ့် ထား တို့ကတော့ ကိုယ်စုဆောင်းထားတဲ့ ဒီငွေကို တန်ဖိုးထားတယ်ရှင့်''

ဟုပြောကာ ငွေတွေကို ပြန်၍ စက္ကူအိတ်ကြီးထဲ ထည့်လိုက်ပါ၏။ ဦးဘုန်းထက် မျက်နှာကြီး မည်းနေသည်။

"ရှင့်ပိုက်ဆံ ပြန်ပြည့်မပြည့် သေချာရေတွက်ပါ ..။ တော်နေကြာ ထား တို့ပိုက်ဆံထဲ ရောပါသွားပါတယ် ဖြစ်နေမှာစိုးလို့ပါ''

ဟုပြောပြီး တကယ့်ကို ပိုက်ဆံကို ပြန်ရေတွက်ခိုင်းသည်ကလည်း ဒေါ်လေးပါ ..။

မျက်နှာအပျက်ပျက်ဖြင့် ဦးဘုန်းထက် ငွေတွေကို အိတ်ကြီးထဲ ပြန်ထည့်နေချိန်မှာ ဒေါ်လေးထား ကလည်း အိတ်ကြီးထဲ ပြန်ထည့် နေချိန်မှာ ဒေါ်လေးထား ကလည်း စက္ကူအိတ်ကြီးကို မှီ့ ကို ကမ်းပေး လိုက်ကာ ...

"ဒေါ်လေးရဲ့ ဘီရိုထဲ ပြန်ထားလိုက် မှီ''

ဟု ပြောလာသည်မို့ မှီ ဒေါ်လေး၏ ဘီရိုထဲ သွားထားလိုက်ရပါ၏။ ပြန်ထွက်လာချိန်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ရှိတယ်၊ အလင်းနု ကို ခန့်ထည်ဝါ ချစ်ခွင့်ပန်နိုင်တာတော့ ရှိတယ်လေ၊ အဲဒါကို မဟုတ်ဘူးဆိုတာ ငြင်းနိုင်တဲ့သူကလဲ ခန့်ထည်ဝါ ပဲ ရှိတာ ..၊ လောလောဆယ်မှာ သူက နောက်ကြောင်းမေ့နေတာဆိုတော့ ဒီက မို ကို ပြောလိုက်မယ် .. နောက်ဆုတ်ပါ"

ဟု မလျှော့ဘဲ ထပ်၍ သမီးဖောနှင့် ဦးဘုန်းထက် ပြောလာပါ၏။

"သူဟာ မို့ ကို ငယ်ကတည်းက တွေ့ခဲ့တာနဲ့ လိုက်ရှာနေတယ်ဆိုရုံနဲ့ ဟောဒီကဗျာလေးကို ရေးခဲ့ဖူးတယ်ဆိုရုံနဲ့ ခန့်ထည်ဝါ ရဲ့ နှလုံးသားထဲမှာ မို ပဲ ရှိနေမယ်လို့တော့ အတိအကျ ဘယ်ပြောနိုင်မလဲ ..၊ ခန့်ထည်ဝါ ရဲ့ဘဝမှာ အလင်းနု လို ချောမွေ့လှပတဲ့ မိန်းကလေးတစ်ယောက် တိုးဝင်လာခဲ့တဲ့အချိန်တစ်ခုဟာ အဲဒီအရာတွေကို ပြောင်းလဲပစ်နိုင်တယ်လေ၊ မို့ ကို မေ့သွားစေနိုင်တယ်"

ဟု ဦးဘုန်းထက် ခေါင်းမာစွာ ထပ်ပြောလာသည်။

"နောက်ကြောင်းမေ့နေတဲ့သူတစ်ယောက်က လောလောဆယ်မှာ မို ဆိုတဲ့မိန်းကလေးတစ်ယောက်အပေါ် စိတ်သံယောဇဉ် တင်နေတာကို အဟုတ်မှတ်ပြီး ကြည်နူးနေမယ်ဆိုရင်တော့ မှားသွားမှာပေါ့ကွယ်၊ ကဲ .. ကဲ အန်ကယ် ပြန်မယ် .. အေးလေ အန်ကယ်ပေးတယ်ဆိုတဲ့ ငွေထုပ် မောင်ခန့်ထည်ဝါ ရဲ့ ချမ်းသာခြင်းတွေက အဆပေါင်းများစွာ သာနေတော့လဲ ဒီငွေကို ဘယ်လက်ခံချင်ပါ့မလဲ ..၊ လူကိုပဲ အပိုင်သိမ်းချင်မှာပေါ့"

ခနိုးခနဲ့နိုင်စွာပြောသည့် ဦးဘုန်းထက် ၏ မျက်နှာထက်မှာ ခံပြင်းရိပ်တွေ ပါနေသည်။

အထင်သေးစွာ ကြည့်နေသည်ဆိုတာကိုလည်း သိသာနေအောင် တမင်ပင် ကြည့်ပြနေသည့်အဖြစ် ..။

မို့ ရင်ထဲမှာ ဤတစ်ကြိမ်မှာတော့ဖြင့် ပြင်းထန်သော မခံချင်ဇောက ရင်ထဲက တုံ့ပြန်လိုသောဇောကို ဆွဲပေးသည့်နှယ် ဖြစ်နေရပြီ..။





"အန်ကယ် မှားနေတယ်ဆိုတာ သေသေချာချာ အန်ကယ် သိမယ့်ရက် ရှိနေတာပဲ အန်ကယ်ရယ် .. အဲဒီနေ့ဟာ သူ နောက်ကြောင်းတွေ ပြန်သတိရလာတဲ့နေ့ပဲ ဖြစ်မှာပါ ..၊ စောင့်ကြည့်ပါ အန်ကယ်"

ဟု ဤတစ်ကြိမ်မှာတော့ မို တည်တည်ငြိမ်ငြိမ်ပဲ ပြောချလိုက်မိရပါပြီ ..။ ရှင်းနှီးလိုက်ရတာကတော့ စွန့်စားမှုဆန်နေပြီ ..။

သူသည် မို့ ကို ရှာဖွေနေသည့် ကာလများစွာထဲမှာ ချစ်နေလျက်။ ခုထိလည်း အစဉ်တစိုက် ချစ်နေသည်ဟု ပြောချလိုက်ခြင်းသည် အတော်ကြီး စွန့်စားရာ ရောက်နေချေမည်လား..။

ဒေါ်လေးထား ယုံကြည်သည့်နှယ် မို လည်း သူ့အပေါ် ယုံကြည်လိုက်မိတာမျိုးလည်း ရှိနေတတ်လျက် .. တစ်ခါတစ်ခါကတော့လည်း သူ့အချစ်သည် အလင်းနု ဆိုသည့် မိန်းမလှလေးအပေါ် သာယာစိတ်ဖြင့် ဖြစ်တည်ခဲ့လေသည်လားဟုလည်း မဝံ့မရဲ တွေးမိတတ်သည်။

ဘာပဲဖြစ်ဖြစ် မို သည် သူ့ကဗျာထဲက မိန်းကလေးဖြစ်နေသည်ဆိုတာကိုတော့ စိတ်ချစွာ အကြွင်းမဲ့ ယုံကြည်နေမိသည်မို့ ..။

ခုလို ဦးဘုန်းထက် ကို ပြောလိုက်မိရသည့် မို ဖြစ်နေချေသည်။ အဓိက အရေးအကြီးဆုံးအရာက မို သည် သူ့ရင်ထဲမှာ ပထမဆုံးရောက်ရှိခဲ့သည့် မို ဖြစ်သည်ဆိုတာကို ဦးဘုန်းထက် လက်ခံပေးလိုက်ဖို့ပဲ ဖြစ်ကာ ..။

ထို မို သည် ယခုတိုင်တည်း သူ့နှလုံးအိမ်ထဲမှာ ရှိနေဆဲဖြစ်လျက် နောင်ကာလတွေမှာလည်း မို ပဲ ဖြစ်နေသည်ဆိုတာ သက်သေပြဖို့ပဲ ဖြစ်ပါ၏။

ထိုသို့ သက်သေပြနိုင်ဖို့ရာအတွက် သူသည် နောက်ကြောင်းတွေကို ပြန်သတိရလာသည့် ခန့်ထည်ဝါ ဖြစ်ဖို့ပဲ ဖြစ်လေသည်။

အားအင်အဖြစ် မို့ ကို ဖြစ်တည်စေသည့် ကဗျာအဆုံးပိုဒ်လေး ရှိနေသည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုများ ဆိုနိုင်ပါ့မလားလေ
မျှော်လင့်ထားနေတဲ့ စိတ်
တိတ်တဆိတ် နှစ်ရှည်ကြာခဲ့
မင်းနဲ့ငါ ဆုံပါရစေ ..။
ကြော် ...
မင်းနဲ့ငါ ဆုံပါရစေ ..။

မှီ နှင့် သူ အခု တကယ်ဆုံနေကြပြီ မဟုတ်ပါလားလေ ..။ သူ့ရင်ထဲမှာ မှီ ပဲ ရှိနေရမည်သာ ..။

ဤတစ်ကြိမ်မှာတော့ မှီ ဆုံးဖြတ်လိုက်မိပြီ ..။

ဟုတ်သည် ..၊ သူ့ရင်ထဲမှာ မှီ ရှိနေသည်။







နှလုံးသားထဲက
အရုပ်လှလှလေးရေ ...
မင်းနေဖို့ ဆောက်တဲ့အိမ်
ငါ့နှလုံးအိမ်ထဲမှာ ရှိ
လွမ်းမိတဲ့အခါ
မင်းလာဖို့ရာ လမ်း
ရင်တွင်း စမ်းချောင်းလေးမှာ
ရွက်လှေဝါဝါလေး ရှိနေမယ် ..။
အချစ်ရေ ...
ချစ်ရွက်လှေ ဝါရွှေအဆင်းမှာ
တေးသီချင်းကဗျာ မင်း သီဆိုဖို့ရာ
တယောပျို့တစ်လက်နဲ့ ငါ ရှိနေမယ် ..။
တေးကဗျာချိုချိုနဲ့
တယောပျို့တစ်လက်ကို ပွေ့ပိုက်ရင်း
မင်းနဲ့ငါ ရွက်လှေတစ်စင်းမှာ
ရှိနေပါရစေ ..။
ကြော် ...
ချစ်နေပါရစေ ...။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

စာကြည့်စားပွဲထက်မှာ သူရေးခဲ့ရာ ကဗျာစာရွက်လေးက သူ့ကို မော့ကြည့်နေသည်ဟု ခံစားဖြစ်၏။ သူ့ရင်ထဲမှာ ချစ်ခြင်းတွေပဲ ရှိနေသည်။ နူးညံ့သည်၊ အေးချမ်းနေသည်။

ဩော် .. ရင်တွင်းဆီမှ ချစ်ခြင်းဟူသည် ချစ်သူအား ပေးဆက်ရာ ကဗျာလေးတွေကိုလည်း ဖန်ဆင်းပေးနိုင်စွမ်းသည်။ အလွန် လှပနူးညံ့သော ကဗျာလေး ..။

မို့ ကို သတိရနေခြင်းသည် ချစ်ခြင်းတွေကြောင့်ဖြစ်လျက် .. ထို ချစ်ခြင်းကြောင့်ပင်လျှင် မခွဲနိုင်သည့် ခံစားချက်တွေက ရင်မှာ ဖြစ် တည်ရချေသည် မို့ ..။

"မို့ ရေ ကိုယ်ကတော့ မို့ ကိုလွမ်းနေတယ် .. ဒီလောက်လေးပဲ မမြင်ရသေးချိန်မှာတောင် ကိုယ် လွမ်းပြီး ရူးမတတ်ဖြစ်နေတယ် မို့..၊ မင်းကို ငါ့နှလုံးသားမှာ အိမ်လေးဆောက်ပြီးတော့ကို ထားချင်တာ၊ မင်း ငါ့နှလုံးသားမှာ ရှိနေတယ်ဆိုတာ သိနေရရင်ပဲ ငါ ကျေနပ်နေပါပြီ ..၊ အကယ်၍များ မင်း ကိုယ့်ကို လွမ်းများလွမ်းတတ်လာမယ်ဆိုရင် ဖြင့် မင်း ဆင်းလာဖို့ရာ လမ်းလေးဟာ ငါ့ရင်တွင်းက စမ်းချောင်းလေး





ပဲ ဖြစ်နေလိမ့်မယ် မို့ ..၊ အဲဒီစမ်းချောင်းလေးမှာ ရွက်လှေဝါဝါလေး တစ်စင်းကိုလည်း ငါ ဆိုက်ကပ်ပေးထားမယ် သိရဲ့လား ကောင်မလေး ရေ"

သူ တစ်ချက် ရင်ထဲတွင် သိမ့်ခနဲ လှုပ်ရှားပါ၏။

ကောင်မလေး .. ထိုအသုံးအနှုန်းလေးသည် ချစ်ခြင်းနှင့်အတူ ပွင့်ကျလာခြင်း ..။ ထိုသို့ သူ အရင်တုန်းကလည်း ပြောဖူးခေါ်ဖူးနေသည့် ခံစားချက်က ရင်သို့ တိုးဝင်လာ၏။ ခေါင်းကို ငိုက်ထားရင်း သူ အပြင်း အထန် စဉ်းစားမိပြန်သည်။

ဖျတ်ခနဲ အာရုံထဲ ပေါ်လာသည်က မိုးရေစိုနေသော ကောင်မလေး တစ်ယောက် .. ဝကစ်ကစ်နှင့် ကောင်မလေး .. ဖြူဥဥနှင့် ကောင်မ လေး ..။

ထိုစဉ်မှာ သူသည်လည်း မိုးရေထဲမှာ ရှိနေသည်။ မိုးရေ စိုရွှဲနေ သည်။ ကောင်မလေး၏ လက်လေးက သူ့ဘက်ကို ကမ်းပေးလာသည်။ ထီးဝါဝါလေး တစ်လက် ..။

"ဟင်.. သူဟာ ငါ့ကောင်မလေးရယ်လို့ ခေါ်မိနေတဲ့သူလား..၊ အဲဒီလောက် ငယ်နေတဲ့ ကောင်မလေးဟာ ငါ့ရင်ထဲမှာ ရှိနေပါလား၊ အို .. ဘယ်သူလဲ .. သူ ဘယ်သူလဲ"

ဟု တွေးနေရင်း စိတ်တွေ လွင့်ခနဲ ပျံ့၏။ နောက်တော့ အာရုံ ကို ပြန်၍ စုစည်းယူမိရကာ ကဗျာလေးကို ပြန်၍ စိုက်ငေးကြည့်လိုက် မိပြန်ပါ၏။

"မို့ ရေ အဲဒီရွက်လှေဝါဝါလေးဆီကို မင်း ရောက်လာတဲ့အခါ မို့ က သီချင်းလေးညည်းမယ်ဆိုရင် မင်းသီဆိုမယ့် တေးသီချင်းအတွက် တယောပျို့လေးတစ်လက်နဲ့ ငါ ရှိနေမယ် မို့ ..၊ မင်း အဲဒီ ငါ့ရင်တွင်း စမ်းချောင်းလေးဆီက ရွက်လှေဝါဝါလေးဆီကို ဆင်းလာလိုက်စမ်းပါ တော့ မို့ ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း ပြောနေမိခြင်းပါ ...။ အခန်းကျယ်ကြီးမှာ သူတစ်ယောက်တည်းသာ ရှိနေသည်။

သူ့လက်ရေးနှင့် ကဗျာစာရွက်လေးက နူးညံ့သိမ်မွေ့သော ချစ်စဖွယ် စာသားလေးတွေဖြင့် သူ့နှလုံးသားဆီသို့ မော့ငေးကြည့်နေသည် ဟုပင် ခံစားဖြစ်နေရပါ၏။

"မို ရယ် .. ငါအဖြစ်ချင်ဆုံးအရာဟာ မင်းနဲ့ အတူတူနေချင်တာပါပဲ ...၊ မခွဲနိုင်ဘူး မို .. အခု ကိုယ်ရေးထားတဲ့ ကဗျာထဲကလိုပဲ တေးကဗျာချိုချိုလေးတွေကို မင်း သီဆိုတဲ့အခါ တယောပျိုတစ်လက်ကို ငါ ပွေ့ပိုက်ရင်း မင်းနဲ့အတူ ရှိနေချင်တဲ့ ဟောဒီကဗျာလေးထဲကလိုပဲ မင်း ငါ့ကို လက်တွဲဖော်အဖြစ် လက်ကမ်းပေးနေတဲ့ ငါ့လက်ကို ရဲရဲကြီး လှမ်းကိုင်ပေးလိုက်စမ်းပါတော့ မို"

သူ ကဗျာလေးကို အစအဆုံး ငေးစိုက် ဖတ်မိလိုက်ရပါပြီ ...။

နှလုံးသားထဲက
အချစ်လှလှလေးရေ ...
မင်းနေဖို့ ဆောက်တဲ့အိမ်
ငါ့နှလုံးအိမ်ထဲမှာ ရှိ ...၊
လွမ်းမိတဲ့အခါ
မင်းဆင်းလာဖို့ရာ လမ်း
ရင်တွင်း စမ်းချောင်းလေးမှာ
ရွက်လှေငါငါလေး ရှိနေမယ် ...။
အချစ်ရေ ...
ချစ်ရွက်လှေငါ ရွှေအဆင်းမှာ
တေးသီချင်းကဗျာ မင်း သီဆိုဖို့ရာ
တယောပျိုတစ်လက်နဲ့ ငါရှိနေမယ် ...။





တေးကဗျာချိုချိုနဲ့
တယောပျိုတစ်လက်ကို ပွေ့ပိုက်ရင်း
မင်းနဲ့ငါ ရွက်လှေတစ်စင်းမှာ
ရှိနေပါရစေ ...။
ကြော် ..
ချစ်နေပါရစေ ...။

ကဗျာလေးကို အစအဆုံး ဖတ်ပြီးချိန်မှာ ...၊ ဤကဗျာလေးကို ဤနေ့မှာဖြင့် မို့ ကို ပေးဖတ်ဖို့ရာ မဝံ့မရဲလေး ဆုံးဖြတ်မိနေသမျှမှာ...

"မင်း ဒီကဗျာလေးကိုတော့ ဖတ်ကြည့်ပါ မို ရယ်.. မငြင်းလိုက်ပါနဲ့"

ဟု မို ငြင်းလိုက်မှာ ရင်ထဲကြောက်ရွံနေနှင့်ရင်း တောင်းပန်နေမိသည်။ ဖျတ်ခနဲ သတိရလာမိသည်က မနေ့က ဒက်ဒီပြောခဲ့သောစကား။ သူသည် ဤကဗျာလေးမတိုင်ခင် ကဗျာလေးတွေ ဘယ်မျှထိ ရေးခဲ့ဖူးပါသလဲ။ မမှတ်မိ .. လောလောဆယ်မှာ သူ မမှတ်မိ ...။

ဒါပေမယ့် ဒက်ဒီကတော့ ပြောခဲ့သည်။ သူ့လက်ရေးဖြင့် ရေးသားရာ ကဗျာလေးတစ်ပုဒ်ကို ဒက်ဒီ ဖတ်ခဲ့ရသည်တဲ့ ...။

"အဲဒီကဗျာလေးကို ငါ မမှတ်မိဘဲ ဖြစ်နေတယ် .. ဒက်ဒီကလဲ ငါ့ကိုမပြရသေးဘဲ ဘာလို့ ဒေါ်လေးထား တို့ဆီ သွားတဲ့အခါမှာ အဲဒီ ကဗျာလေးကို ဒက်ဒီပိုက်ဆံအိတ်ထဲ ထည့်ယူသွားရတာတဲ့လဲ...၊ အဲဒါကြောင့် ဒက်ဒီ ပြန်လာတဲ့အခါတုန်းက မနေ့က မို့ ကားပေါ်မှာ ကျန်ရစ်ခဲ့တာပေါ့ ...၊ ငါကလဲ ငါပဲ .. အေးအေးဆေးဆေး ပြန်ခဲ့မိရင် အကောင်းသား ...၊ အဲဒီတုန်းက မို ငါ့ကိုရက်စက်လိုက်တာဆိုပြီး ...တဲ့ စိတ်နဲ့ ကားကို တစ်ယောက်တည်း မောင်းထွက်မိခဲ့တာကိုး ...မို ကလဲ ငါ့ကို ဘာလို့ ဒက်ဒီရှေ့မှာ အဲဒီနာရီကို ပေးရတာတဲ့လဲ ...၊ အဲဒါ အလင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ်သက်ပြီး ငါ့ကို မယုံတဲ့သဘောဖြစ်နေတယ် မဟုတ်လား ..၊ ငါ မခံစားရင် ဘယ်သူက ခံစားရမှာတဲ့လဲ"

အတွေးတွေ တပြုံကြီး ပေါ်လာပြန်သည်။ ပြီးတော့ သူ မဖတ်လိုက်ရဘဲ ရှိနေသည့် ကဗျာလေးထဲမှာ ဘာတွေ သူ ရေးဖွဲ့ထားပါသတဲ့လဲ ..။ ထိုကဗျာလေးကို ဒက်ဒီက ပိုက်ဆံအိတ်ထဲထည့်ထားရင်း ပါသွားတာမျိုး မဟုတ်ဘဲ ဒေါ်လေးထား နှင့် မို့ ကိုများ ပြလိုက်တာမျိုး ရှိခဲ့ပြီလား မသိ ..။

"ဟင့်အင်း မဖြစ်နိုင်ဘူး ..၊ ငါ့ကဗျာကို ဘာလို့ ဒက်ဒီက မို့ နဲ့ ဒေါ်လေးတို့ကို ပြရမှာတဲ့လဲ .. ပြစရာအကြောင်းတော့ မရှိပါဘူး ..၊ ငါ့ကိုမပြရသေးတာမို့ ပိုက်ဆံအိတ်ထဲမှာ ထည့်ထားလိုက်တာပဲ ဖြစ်မယ်၊ တကယ်က ငါ အေးအေးဆေးဆေး မနေ့က ပြန်ခဲ့ရင် ငါ တစ်ယောက်တည်း ကားမောင်းမထွက်မိခဲ့ရင် ဒက်ဒီ အဲဒီကဗျာလေးကို ကားပေါ်မှာပဲဖြစ်ဖြစ် အဲဒီ မို့ တို့ရဲ့ ပန်းရိပ်မြုံက အပြန်မှာ ပြချင်ပြခဲ့မှာ"

သူတွေးနေရင်း မဖတ်ဖြစ်ရသေးသော ကဗျာတစ်ပုဒ်၏ အရိပ်က သူ့ကိုအုပ်မိုးလာသည့်နှယ် ရှိ၏။ အာရုံထဲက ဖျောက်မရနိုင် ..။

မို့ ထံသို့ ဖုန်းဆက်ချင်နေတာကလည်း မနေ့ကတည်းက ..။ ရင်ထဲမှာ ပြည့်ကျပ်နေအောင် ဆန္ဒတွေ မောက်လျှံနေပေမယ့် မဆက်ရဲဘဲ ရှိနေရပါ၏။ မို့ သူ့ကို စိတ်ဆိုးမာန်ဆိုးလေးဖြင့် ပြန်ရန်တွေ့လာမှာလည်း စိုးနေသည်။ ဖုန်းချပစ်လိုက်တာမျိုး ကြုံမှာလည်း စိုးနေသည်။

ပြီးတော့ကျတော့ မို့ ကားပေါ်မှာ ပါသွားသည့် ပိုက်ဆံအိတ်ထဲက ကဗျာဆိုတာကလည်း ဘာတွေများ ရေးဖွဲ့ထားရာ ကဗျာ ဖြစ်နေသည် မသိ ..။ ထိုကဗျာကို မို့ နှင့်ပတ်သက်၍ ရေးဖွဲ့ထားမှာ မဟုတ်တာကတော့ သေချာသည်။





ဘာကြောင့်ဆို ထိုကဗျာသည် သူ မို့ ထံ မရောက်ခင်ကတည်းက ရေးဖွဲ့ထားခဲ့ရာ ကဗျာ ဖြစ်သည်ဆိုတာကိုတော့ သူသိနေသည်လေ ..။

ဒါကြောင့်လည်း သူ ဤဟိုတယ်ကြီးကို ပြန်မရောက်တော့ဘဲ သတင်းအစအနပျောက်နေချိန်မှာ ဒက်ဒီက သူ့အခန်းထဲမှာ ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ချေသည်ပေါ့ ..။ ခုကျတော့ .. ထို သူ မမှတ်မိဘဲ ရှိနေသည့် ထိုကဗျာလေးကို သူ မဖတ်ရသေးခင်မှာများ မို့ တို့က ဖတ်မိသွားချေပြီလား မသိ ..။ ဘာကြောင့်ဆို ဒက်ဒီပိုက်ဆံအိတ်က မို့ ကားပေါ်မှာ ကျန်ခဲ့တာမို့ ..။

ကျန်ခဲ့ရာ ထိုပိုက်ဆံအိတ်လေးကိုများ မို့ တို့ ဖွင့်ကြည့်လိုက်လျှင် ကဗျာစာရွက်လေးကိုတော့ မလွဲမသွေ တွေ့ချေမည်သာ ..။ တွေ့လျှင် ဖတ်ချေမည် မလွဲ ..။

"ခက်တာပဲ .. အဲဒီကဗျာထဲမှာ မိန်းကလေးတစ်ယောက်ယောက် အကြောင်း ဒါမှမဟုတ် အလှအပအကြောင်းမျိုး ငါ မဖွဲ့နွဲ့ထားမိပါစေနဲ့ ..၊ အဲသလိုမျိုးများ ဖွဲ့နွဲ့တာဖြစ်နေရင်တော့ ငါ သေပြီ .. ရှင်းလို့ကို ရနိုင်တော့မှာ မဟုတ်ဘူး ..၊ အဲဒီကောင်မလေးကိုပဲ စက္ကူထရီခန့်ဆို ပြီး မို့ ပြောလာရင် ဘယ့်နှယ်လုပ်မလဲ"

သူ လန့်နေသည်။ မို့ ကိုလည်း ဖုန်းဆက်ချင်နေသည်။ လန့်လည်း လန့်နေသည်။ နောက်ဆုံးတော့ စိတ်ကို ချုပ်တီးရာလည်းရောက်အောင် တယ်လီဖုန်းလေးကို အဝတ်ဘီရိုကြီးဖွင့်၍ အံဆွဲထဲထည့်လိုက်ကာ ဘီရိုတံခါးကို ပြန်ပိတ် .. သော့ပိတ်ထားလိုက်မိပါ၏။

"ပြီးရော .."

ဟု စိတ်ကို ဖြတ်ယူပေမယ့် မရပြန် ..။ နောက်ဆုံးတော့ ဟန်ထည်သမျှအားလုံး လျှောကျသွားရကာ ဘီရိုကြီးပြန်ဖွင့် ဟန်းဆက်လေးကို ပြန်ယူ .. မို့ ထံသို့ ဖုန်းဆက်မိရပါသတည်း။

"ဟယ်လို .."



www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံး ၏အသံ ဖြစ်နေသည်။

"ကိုကိုမိုးချိုသာ ပါကွ …၊ မို ရှိလား"

ဟု မေးစဉ်ခိုက်မှာ ရင်ထဲမှာတော့ လှုပ်ရှားနေရသည်ပါပဲ …။ မို သူ့ကို လက်ခံစကားပြောပါစေဆိုသည့် ဆုကို ကလေးလိုပဲ မျက်ဝန်းကို စုံမှိတ်၍ တောင်းနေမိရပါပြီ။

"မင်း ဖုန်းလေးလာကိုင်လိုက်ပါ မိုရယ် .. လာကိုင်လိုက်ပါ"

ဟု ခဲခဲယယမျှ ရင်ထဲမှာ တောင်းပန်နေမိပါ၏။

"ရှိတယ် ကိုကိုမိုးချိုသာ .. မမမို ဖုန်းလာတယ်ဗျ"

ဟု လှမ်းခေါ်နေသံကို ကြားရသည်။ သူ ရင်ခုန်နေမိရသည်မှ အဆမတန်ပါ …။

"လာကိုင်လိုက်ပါ မို ရယ် .. လာကိုင်လိုက်ပါ"

သူ တိုးတိုးလေး ပြောနေမိရပါ၏။ တော်သေးသည်။ ဖိုးလုံး လှမ်းခေါ်စဉ်မှာ သူ့ဆီက ဖုန်းဆိုတာကို နာမည်တပ်၍ လှမ်းခေါ်တာမျိုး မရှိခဲ့ …။ မို လာကိုင်နိုင်ကောင်းရဲ့ ဟု မျှော်လင့်ချင်သည်။

"ဟယ်လို"

မို့ အသံလေးပါတကား …။ သူ ဝမ်းသာသွားရပါပြီ။ မို နှင့် ပတ်သက်လာလျှင် ဤမျှအထိ မို ဆိုတာက လွှမ်းမိုးနေချေသည်ကောဟုလည်း ပို၍ နားလည်လာနေမိရပါသည့်အဖြစ် …။

"မို ဖုန်းမချလိုက်ပါနဲ့နော် …၊ ကျွန်တော် မနေ့ကအဖြစ်ကို ပြန်တောင်းပန်တယ် မို ရယ် …၊ ကျွန်တော် အဲဒီအချိန်တုန်းက ဝမ်းနည်းသွားခဲ့လို့ပါ၊ တကယ်တော့ နောက်တစ်ခေါက်လောက်များ မို ကကားမောင်းပို့မလို့ ဖယ်စမ်းပါလို့ ခပ်ငေါက်ငေါက်လေးပဲ ပြောကြည့်ကျွန်တော်က ဖယ်ပေးမှာပါ .. ဖယ်ပေးမိမှာပါ …၊ မို မောင်းပို့တဲ့ကားမှာ ဘယ်မလိုက်ချင်ပဲနေပါ့မလဲ မို ရယ် .."

သူ ဆက်တိုက်ပြောမိသည်က တောင်းပန်သံ …။ မို ဖုန်းချလိုက်





မည်ဆိုလျှင်ဖြင့် မပြောပြ မရှင်းပြရသေးခင်မှာ မို ဖုန်းချလိုက်မှာ စိုး၍ ဆက်တိုက်ပြောရ တောင်းပန်ရခြင်းပါ …။

"အဲဒါပြောချင်လို့ ဆက်တာလား .. ဒါဆိုလဲ အခု မို နားထောင်ပြီးပြီ …၊ ရှင်ပြောချင်တာ ပြီးပြီမဟုတ်လား"

ဟု မေးသံပေါ်လာတော့ သူ ပျာပျာသလဲဖြင့် …

"ဟင်!… ဘယ်ပြီးရမှာလဲ မို …၊ မို့ ဆီက ခွင့်လွှတ်တယ်ဆိုတာလေးတော့ ကြားချင်တာပေါ့ မို …၊ ဒီနေ့ ကျွန်တော် ပန်းရိပ်မြုံကို လာခဲ့မယ်နော် .. လာပါရစေ မို ရယ်"

ဟု ပြောနေခိုက်မှာ မို့ ဘက်မှ တစ်ချက် ငြိမ်နေသည်။ သူ လန့်လာ၏။ ဖုန်းကြီးဘေးချထားခဲ့ကာ မို ထွက်သွားချေပြီလား မသိ။

"မို .."

ဟု သူ စိုးရိမ်လျက် ခေါ်မိတော့ မို့ အသံလေး ပေါ်လာသည်။

"ရှင် မိုးစက်မေစတိုးကို သိတယ်မဟုတ်လား"

"သိတယ် မို .. မို နဲ့ ပန်းတွေပို့ဖူးတာပဲ ဥစ္စာ၊ ပန်းရိပ်မြုံကနေပြီး ပန်းတွေသယ် .. အဲဒီကို ပို့ခဲ့တာပဲလေ"

ဟု ပြောရင်းဖြင့် ဒေါ်လေးမှ နောက်ပိုင်းမှာ ထိုသို့ သူ့ကို လိုက်ခွင့်မပြုခဲ့တာကို ပြန်သတိရလာမိပြန်သည်။ ဒေါ်လေးသည် မို နှင့် သူ့ကို မရင်းနှီးစေ့ချင်၍များလားဟု စိုးရိမ်မိပြန်၏။ ခုလို မနေ့က သူ စိတ်လိုက်မာန်ပါ ပန်းရိပ်မြုံမှ ပြန်သွားတာမျိုးကြုံတော့ ဒေါ်လေး ပို၍ အစိုးရိမ်ကြီးကာ မို နှင့် သူ့ကို ခပ်ကင်းကင်းနေဖို့ ဒေါ်လေး ပြောထားလိုက်ချေပြီလား မသိ။

"ဒုက္ခပဲ ပန်းရိပ်မြုံနဲ့ အဲသလို ခပ်ကင်းကင်းနေဖို့ ငါ့ကို ဒေါ်ပြောတော့မလို့လား မသိဘူး၊ မိုးစက်မေလို နေရာမျိုးဆိုတော့ ငါကလဲ မို့ကို အရမ်းတောင်းပန်နေဖို့ဆိုတာက ဘေးမှာ လူစိမ်းတွေရှိနေတော့ ငြိမ်နားထောင်ပြီး ပြန်ခဲ့ရုံပဲ ရှိမှာ …၊ ဒါကြောင့် အဲဒီနေရာကို ငါ့ကို မို



www.burmeseclassic.com

www.burmeseclassic.com



မေးနေတာများလား ..၊ အဲဒီကိုလာခဲ့ဖို့ ပြောတော့မယ် ထင်ပါရဲ့၊ တောက်.. အဲဒါ ဟို အလင်းနု ဆိုတဲ့မိန်းမကြောင့် ငါ့ကို ကင်းအောင်နေချင်ကြတာ''

တွေးချင်တာတွေးကာ ရင်ထဲမှာ လေးနေရင်း သူ အလိုလို ရင်ထဲမောလာသည်ပါပဲ ..။

"အဲဒီ မိုးစက်မေကို ဒီနေ့မနက် ဆယ်နာရီလောက် လာခဲ့ .. အဲဒီမှာ မီ စောင့်နေမယ်၊ ရှင့်ကို ပြောစရာတွေ ရှိတယ်''

ဟု ပြောလာတော့ သူ ငိုင်ခနဲ ဖြစ်၏။ ဟန်းဖုန်းလေးကို ကိုင်ထားရင်း သူ အသံတိတ်ကျသွားသည်ပါပဲ။ လည်ချောင်း တနင်နင်ဖြင့် ဖြစ်နေသည်။

"မီ ပြောတာ ကြားရဲ့လား''

ဟု တိုးဆတ်ဆတ်လေး မေးလာသံ ပေါ်လာတော့ သူ့ရင်ထဲ ပို၍ ထိခိုက်ရပြန်ပါ၏။

"ဘာပြောမလို့လဲ မီ ရယ်''

ဟု မေးမိရပါ၏။ အသံက တိမ်နေသည်။

"ရှင် လာမှာလား မလာဘူးလား အဲဒါပဲ ဖြေပါ ..၊ ရှင် မလာချင်ဘူးဆိုရင်ဖြင့် မီ ကလဲ အချိန်ကုန်ခံပြီး အဲဒီနေရာကို မသွားတော့ဘူးလေ''

ဟု ပြန်မေးသံကြားရတော့လည်း သူ့မှာ မနေသာ..။

"လာခဲ့မယ် မီ .. လာခဲ့မယ် .. ဆယ်နာရီနော်''

ဟု ပြောမိရသည်ပါပဲ ..။

"ဒီနေ့မနက်ကြီးမှာ ညှို့သည်တစ်ယောက် ရောက်လာတယ်ရှင့်၊ ဘယ်သူလို့ ထင်လဲ .. ဦးဘုန်းထက် ဆိုတဲ့သူပေါ့ .. အလင်းနု ရဲ့ဖေဖေလေ ..၊ သူက ဒေါ်လေးထား နဲ့ မီ့ ကို ပိုက်ဆံ သိန်းငါးဆယ်ကြီးတောင် လာပေးတာ သိရဲ့လား .. ရှင်းနဲ့ ကင်းအောင်နေပါတဲ့၊ အဲသလို လာ





ပြောတာ''

"ဟာ!... ဘာတွေလဲဗျာ .. ဘာဆိုင်လို့လဲ ..၊ ဒီမှာ မီ မဆိုင်ဘူးဆို မဆိုင်ဘူးနော်၊ အဲဒီ အလင်းနု ဆိုတာကို ကျွန်တော့်ရင်ထဲမှာ ရှိကိုမရှိဘဲဖြစ်နေတာ ယုံပါဗျာ၊ ဘာလို့ အဲသလောက်ပိုက်ဆံကြီး လာပေးရတာတဲ့လဲ''

"သိချင်ရင် သူ့ကိုမေးပေါ့ ကိုမိုးချိူသာ ..၊ မီ တို့ကတော့ အဲဒီငွေကို ကိုင်မကြည့်ခဲ့ပါဘူး၊ မီ တို့က မချမ်းသာပေမယ့် ငွေကတော့ မမက်ကြဘူးရှင့်''

ဟုပြောကာ မီ့ ဘက်က ဖုန်းချသွားတော့ သူ ငိုင်ကျန်ခဲ့ရသည်ပါပဲ။ ဖုန်းလေးကို ခလုတ်လေးနှိပ်လိုက်ကာ သူ ငြိမ်နေသည်။ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကိုကုတ်ဖွပစ်ကာ ခေါင်းယမ်းမိပြန်သည်။

"ဘာတွေလဲ .. ဘာတွေလဲ .. အဲဒီ ဦးဘုန်းထက် ဆိုတာ အလင်းနု အဖေတဲ့ ..၊ အဲဒီနာမည်လဲ ငါ မမှတ်မိတဲ့အထဲမှာ ပါနေတယ်''

ဟု တွေးမိရာမှ စိတ်နောက်ကိုယ်ပါကြီး စားပွဲကို ထုမိပြန်သည်။ ပြီးတော့မှ ကဗျာလေးကို ပြန်ငုံ့ကြည့်မိကာ စာရွက်လေးကို ခေါက်၍ ထိခိုက်နေမိရပါပြီ။

"ဒီကဗျာလေးကိုတော့ ကျွန်တော် ပေးတဲ့အခါ မဖတ်ဘဲ ဆုတ်ပစ်လိုက်တာမျိုး မလုပ်လိုက်ပါနဲ့ မီ ရယ် .. နော်''

ဟုလည်း အသံထွက်နေမိသည်အထိ တောင်းပန်နေမိရပြန်သည်။ မီ သူ့ကို မိုးစက်မေစတိုးမှာ ချိန်းထားတာကို ဘယ်သူ့ကိုမှလဲ မပြောချင်။ ဦးဘုန်းထက် ဆိုသူက မီ တို့ကို ငွေတွေသွားပေးသည့်ကိစ္စလည်း လောလောဆယ်မှာ ဒက်ဒီ့ကို မပြောပြချင်။ ပြောပြမိလျှင်လည်း ဘာမှ ထူးမှာမဟုတ်။

မီ တို့ထံသို့ ထိုလူကြီးက ရောက်ပင်ရောက်ခဲ့ပြီးနေပြီ။ ဘာ[illegible]၍ နောက်ဆုတ် ဖျောက်ဖျက်ပစ်၍ရသည့်ကိစ္စမှ မဟုတ်ချေ[illegible]ပလေ။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာကို အခန်းထဲမှာပင် ဒက်ဒီနှင့်တူတူ စားဖြစ်လိုက်သည်က ဒက်ဒီ သူ့အခန်းသို့ ရောက်လာပြီး မကြာခင်မှာပဲ ဖြစ်လေသည်။ ဟိုတယ်ဝန်ထမ်းကောင်လေးမှ လာပို့ပေးသည့် မနက်စာကော်ဖီနှင့် ဆင်းဒဝစ်ချ်ကို သူစားကာ စကားသံတိတ်နေတော့ အကဲခတ်သလို ဒက်ဒီ ကြည့်လာပါ၏။

"သား ပန်းရိပ်မြုံကို မသွားသေးဘူးလား"

ဟု အံ့ဩသလို မေးလာသည်။ မနက်လင်းတာနှင့် ပန်းရိပ်မြုံသို့ သူ သွားဖို့ တာစူစိုင်းပြင်းနေမည်ဟု ထင်ထားပုံရပါ၏။

သူ့ကဗျာလေးတစ်ပုဒ် ရေးနေမိတာမို့ .. မနက်စောစောကြီးမှာ ပန်းရိပ်မြုံသို့သွားဖို့ကိစ္စ နည်းနည်းနောက်ဆုတ်သွားရချေမည်ဟု တွေးမိခဲ့ပေမယ့် .. ခုကျတော့ မို့ က မနက်ဆယ်နာရီလောက်မှာ မိုးစက်မေသို့ လာခဲ့ဖို့ခေါ်ထားချေပြီမို့ ပန်းရိပ်မြုံသို့ သူ လောလောဆယ်မသွားရဲသေး။ သွားမိလျှင် ပိုဆိုးကုန်မည်။

မိုးစက်မေသို့ လာခဲ့ဖို့ ခေါ်ထားသည့်ကိစ္စ မန်းရိပ်မြုံသို့ ရောက်သွားချေသည်ဆိုလျှင်ဖြင့် မို့ စိတ်ဆိုးချေမည်မှာ သေချာနေသည်ကိုးလေ။

"မသွားသေးဘူး ဒက်ဒီ"

ဟု သူ မျက်နှာမလန်းဘဲဖြေတော့ ဒက်ဒီ ပို၍ အံ့ဩသွားသလို ကြည့်လာပါ၏။ နောက်တော့လည်း ပြုံးလိုက်ကာ ...

"ဒက်ဒီ့သား လန့်နေတယ်နဲ့တူတယ် ဟုတ်လား...၊ မနေ့က မို့ ကို လိုက်ပို့မခံခဲ့တာ ခုကျတော့ လန့်နေပြီဆိုပါတော့၊ သတ္တိကလဲ ကောင်းပါ့ကွာ ...၊ ဒက်ဒီ လိုက်ပို့ပေးမှာပေါ့ သားရဲ့ .. မစိုးရိမ်ပါနဲ့၊ ခုလောက်ဆို မို့ လဲ စိတ်တော့ နည်းနည်းပြေလောက်ပါပြီ .. လေးလေးဆွေ လဲ ပါမှာပေါ့ကွ"

ဟု ပြောလာတော့ သူ ခေါင်းခါလိုက်ကာ ...

"ဟင့်အင်း ဒက်ဒီ .. ဒီနေ့ ဆယ်နာရီလောက် တစ်နေရာကို





သား သွားစရာရှိလို့ ...၊ အဲဒီကို သွားပြီးမှပဲ ပန်းရိပ်မြုံကိုသွားမယ် ဒက်ဒီရာ ...၊ မိုးစက်မေကို လေးလေးဆွေနဲ့ပဲ မောင်းပို့ခိုင်းမယ်လေ"

ဟု ပြောမိသည်ကဖြင့် .. တစ်ယောက်တည်း သွားရတာထက် လေးလေးဆွေ ပါတော့ အားမှနေ၍ သူ့အတွက် ရောနှော၍ ဖျောင်းဖျ တောင်းပန်ပေးဖော်တစ်ယောက် တိုးချေမည်ပဲဟု မို့ ကို လန့်စိတ်ဖြင့် လေးလေးဆွေ ကို အားကိုးနေမိရ၍ပါ ...။

"ဒါဆိုလဲ ဒီမှာပဲ နားနေပေါ့ သား .. စားသောက်ပြီးရင် ဒက်ဒီ ကိုယ်တိုင် ဆေးစောင့်တိုက်မယ် ...၊ ပြီးရင် ရုံးခန်းခဏဝင်လိုက်ဦးမယ် သား .. ပန်းရိပ်မြုံကို မသွားသေးဘူးလို့ သား ပြောထားတော့လဲ ဟိုတယ်ကိစ္စ ဒီမနက်ဖက်မှာ ဒက်ဒီ ဝင်လိုက်ဦးမယ်၊ နောက်ပိုင်းမှာတော့ သား နေကောင်းလာရင် ဟိုတယ်ကိစ္စ ဦးဆောင်ရမှာနော်"

ဟုပြောကာ တကယ်ပဲ ဒက်ဒီ စောင့်တိုက်ကာ သူ့ခေါင်းကို သပ်ပေးပြီးမှ အခန်းတွင်းမှ ထွက်ခွာသွားပါ၏။ သူကတော့ အခန်းထဲမှာ ယောက်ယက်ခတ်မျှ လမ်းလျှောက်နေရင်း နာရီတကြည့်ကြည့်ဖြင့် ရှိနေရသည်ပါပဲ။ မို့ ဘာတွေပြောချေမည် မသိ။ ဦးဘုန်းထက် ဆိုသည့် လူကြီး စော်စော်ကားကား ဘယ်အထိများ ပြောသွားသည် မသိ။ မခံချင်ဒေါသတွေ သူ့အပေါ် အားလုံးစုပြုံချပြီး ရန်တွေ့လာချေမည်လား မသိ။

"ရှင့်ကြောင့် မို့ တို့ အထင်တသေး အပြောခံရတာ .. သူများလာပြီး နှိမ့်ချ စော်ကားပြောတာကို ခံရတာ .. ရှင် မလာပါနဲ့"

ဆိုတာမျိုးများ မို့ ပြောလိုက်လျှင်ဖြင့် သူ ရင်ကျိုးရချေလိမ့်မည်။

"မို့ ကိုမှ မခွဲနိုင်တာ မို့ ရယ်"

ဟု သူ လွှတ်ခနဲ ညည်းမိရပါပြီ။ မည်သို့ဆိုစေ သူ မသွားဘဲနေ၍လည်း မဖြစ်။ သူကိုယ်တိုင်ကလည်း မသွားပဲနေနိုင်တာမဟုတ်။ မသွားဘဲ နေမိမှ ပိုဆိုးမည်။ မို့ ပို၍ စိတ်ဆိုးမာန်ဆိုး ဖြစ်သွားနိုင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ရေချိုးလိုက်ကာ စိတ်လန်းသွားအောင် သူ ကြိုးစားယူရသည်။ ဒါပေမယ့် စိတ်တွေက လေးလံနေမြဲ …။

အဝတ်အစားလဲကာ ကဗျာစာရွက်ခေါက်လေးကို အင်္ကျီအိတ်ထဲ ထည့်မိချိန်မှာ အခန်းတံခါးခေါက်သံ ပေါ်လာပါ၏။ သူ တံခါးဖွင့်လိုက်တော့ လေးလေးဆွေ ပြုံး၍ ရပ်စောင့်နေတာနှင့် ကြုံသည်။

“အစ်ကိုကြီးက ပြောတယ် .. ငါ့လူ ဒီနေ့မနက် ဆယ်နာရီမှာ သွားစရာရှိတယ်တဲ့ .. လိုက်ပို့ပေးပါတဲ့ …၊ အဲဒါ အခု .. အချိန်လဲ နီးလာပြီဆိုတော့ လေးလေးဆွေ လိုက်ပို့ပေးမယ်ဆိုပြီး တက်လာခဲ့တာ”

ဟု ပြောလာတော့ သူ ခေါင်းညိတ်လိုက်ကာ …

“အခုပဲ သွားလိုက်ကြတာပေါ့ဗျာ …၊ ဟိုမှာ ကိုယ်က အရင်ရောက်နေရင် ကောင်းတယ် .. ကိုယ့်ကိုစောင့်နေရင် မကောင်းပါဘူးလေ”

ဟု ခပ်ညည်းညည်းပြောကာ လေးလေးဆွေ နှင့် အတူတူ ဟိုတယ်အောက်ထပ်ဆီသို့ ဓာတ်လှေကားဖြင့် ဆင်းလာခဲ့ပါ၏။ သူက လဲ ငြိမ်နေသည်။ ငြိမ်လွန်းနေသည့် သူ့ကို အကဲခတ်သလိုကြည့်နေရင်း လေးလေးဆွေ လည်း အသံတိတ်နေပါ၏။ ကားပါကင်ထိုးရာဆီသို့ လျှောက်ခဲ့တော့လည်း စကားမဆိုမိကြသေး။ ကားပေါ်ရောက်မှ လေးလေးဆွေ သူ့ကို ကြည့်ကာ …

“ဘယ်မောင်းရမှာလဲ ငါ့လူရ .. ခုထိ မပြောသေးပါလား”

ဟု မေးလာတော့ ကားနောက်မှီပေါ် ကိုယ်ကြီး ပစ်မှီချလိုက်ရင်းမှ …

“မိုးစက်မေစတိုးကို မောင်းပါ လေးလေးဆွေ”

ဟု ပြောမိရပါ၏။

“ဟ! .. ငါ သိတာပေါ့ကွ အဲဒီစတိုး …၊ မင့်ပန်းချီကား အဲဒီက ငါ ဝယ်ခဲ့ရ .. တွေ့ခဲ့ရတာကွ”

“အဲဒီပန်းချီကား မွှေတာပါပဲ လေးလေးဆွေ ရာ ..”





ဟု သူ စိတ်မောသံကြီးဖြင့် ပြောမိရပါသတည်း။ မိုးစက်မေသို့ ရောက်ချိန်သည် မိုးလေးသို့လာချိန် ဖြစ်နေသည်။ ရုတ်ခနဲ မိုးကသို့ လာကာ မိုးဖွဲလေးတွေ စတင်၍ ကျလာပါ၏။

“အရေးထဲ မိုးကလဲဗျာ ..”

ဟု ညည်းမိပြန်သည်။ မိုးစက်မေရှေ့မှာ ကားကိုရပ်ကာ လေးလေးဆွေ ဆင်းခိုက်မှာ သူလည်း အလျင်စလိုပဲ ကားပေါ်မှ ဆင်းရပါ၏။ မိုးစက်မေအတွင်းသို့လည်း သူ ခြေလှမ်းကြဲကြဲဖြင့် ဝင်သည်။

အလောတကြီးလည်း မို့ ကို ကြည့်မိပါ၏။ မို့ ရှိမနေ …။ ရောက်မလာသေး …။ သူ ဟိုဟိုသည်သည် ကြည့်နေတာကို လေးလေးဆွေကလည်း လိုက်၍ကြည့်ရင်းမှ …

“ဘယ်သူ့ ရှာနေတာလဲကွ”

ဟု မေးတော့ သူ မဖြေ …။

“မရောက်သေးဘူးဗျ .. စောင့်ရမှာ”

ဟုပဲ သူ ဖြေတော့ လေးလေးဆွေ နာရီကို ငုံ့ကြည့်ကာ …

“ဒါဆို လေးလေးဆွေ လေဆေး တစ်ချက်သွားဝယ်မယ် ဖိုးခန့် …၊ လေးလေးရဲ့ဆေး ကုန်နေတယ်ကွ …၊ လေအောင့်ချင်သလို ရှိနေပြီ …၊ ဆေးသောက်မှ ဖြစ်မှာ …၊ ပြီးရင် ပြန်လာမယ်လေ”

ဟု ပြောတော့ သူ ခေါင်းမဲ့ညိတ်ပြလိုက်မိရပါ၏။ မိုးဖွဲဖွဲကြားမှာ လေးလေးဆွေ ပြန်ထွက်သွားပါ၏။ သူလည်း နာရီတကြ[illegible]ဖြင့် ကျန်ခဲ့ရသည်ပါပဲ …။ စတိုးဆိုင်ထဲမှာက ဝန်ထမ်းမိန်းကလေးတွေပဲ ရှိနေတာမို့ သူ ဟိုဟိုသည်သည် ကြည့်သည်။ မို့ နှင့် အတူပါပါလာတာ မြင်ကြရဖူးတာမို့ တချို့ဝန်ထမ်းမိန်းကလေးတွေက သူ့ကို ပြုံး၍ နှုတ်ဆက်လာသည်မို့လည်း တုံ့ပြန်ပြုံးပြရသည်ပါပဲ …။ ဒါပေမယ့်

“မို့ ရောက်လာပြီလား”

ဟု မမေးရဲ။ ထိုသို့မေးလိုက်တာမျိုးကို မို့ မကြိုက်ချင် စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



စရာ ထပ်တိုးမှာမို့ ...။

"ဒုက္ခပါပဲ"

ဟုသာ ညည်းမိရပါသည့်အဖြစ် ...။

"မီ ရောက်နေတယ်ဆိုရင် သူတို့လဲ ငါ့ကို သိနေတာပဲ .. မီ နဲ့ တူတူ လာဖူးတဲ့ ငါ့ကိုတော့ မီ ရောက်နေပြီဆိုတာ တစ်ယောက် ယောက်ကတော့ ပြောပြလာမှာပါ"

ဟု တွေးမိပြန်သည်။ အဝတ်အစားကအစ သစ်လွင်သားနားနေသည့်အသွင်ဖြစ်နေသော သူ့ကိုလည်း ဝန်ထမ်းမိန်းကလေးတွေက အကဲခတ်သလိုတော့ ကြည့်နေကြပါ၏။ ပြီးတော့ ဒက်ဒီ့ကားကြီးဖြင့် ရောက်လာသည်မို့ .. တစ်ယောက်ယောက်ကလည်း ထိုကားပေါ်မှ သူ ဆင်းလာတာကို မြင်ခဲ့တာလည်း ရှိချင်ရှိနေချေမည်သာ။ ဘာကြောင့်ဆို မျက်နှာစာမှာက မှန်ကြည်ချပ်ကြီးဖြင့် ကာထားတာမျိုးပဲ ရှိချေသည် ကိုးလေ ...။

ကားရပ်တာကို မြင်သူရှိမည်။ ကားပေါ်မှ ဆင်းလာတာကိုလည်း မြင်သူရှိမည်။ ခုလည်း ကောင်မလေးတစ်ယောက်က သူ့ကိုကြည့်လိုက်သေးမှ ကောင်မလေးကို တိုးတိုးလေးပြောလိုက်နှင့် ရှိနေသည်။ လေးလေးဆွေ နှင့်တူတူ သူ ဝင်လာကာ .. ခုကျတော့ လေးလေးဆွေ ကလည်း ကားကြီးမောင်း၍ ပြန်ထွက်သွားတာလည်း ကြုံနေသည်ကိုးလေ။

[illegible]တော့ ဟိုးကရိုးရိုးပဲ ပြောနေကြသည်လား မသိရပေမယ့် ကိုယ်က [illegible]ကြည့်၍ ပြောကြသည်ဟု ထင်နေသည်။ ကိုယ့်အကြောင်းပြောနေသည်ဟု ခံစားနေရသည်။ မနေတတ်မထိုင်တတ် အနေကျုံ့လာတာမို့ အပြင်ဘက်သို့ ထွက်လာမိရပြန်၏။

ဆိုင်၏ တံစက်မြိတ်နေရာလေးမှာ သူ ရမ်သည်။ မိုးဖွဲဖွဲကြားမှ လေအေးကလည်း သူ့ကို တိုးတိုးတိုက်တိုက် ကြုံလင့်သည်မို့ ဂျာကင်အင်္ကျီကို ဆွဲစေ့၍ ရပ်မိကာ ဟိုဟိုသည်သည ကြည့်မိရပါပြီ။ ဘုရား





ရေ .. မီ့ ကားက တစ်ဖက်လက်ဖက်ရည်ဆိုင်ရှေ့မှာ ရပ်ထားသည်ကိုး လေ ...။ မီ ရောက်နေချေပြီပေါ့ ...။ စောစောက ထိုကားလေး ရပ်ထားတာကို မတွေ့ရ။ သူ ဆိုင်ထဲရောက်သွားချိန်မှာ မီ ထိုသို့ရပ်လိုက်တာ ဖြစ်မည်။

သူ ကမန်းကတမ်း တစ်ဖက်လမ်းဆီသို့ ကူးဖို့ပြင်နေချိန်မှာပင် သူ မြင်လိုက်ရသည်က မီ ...။ သူကလည်း လမ်းဘက်ကို စတင်၍ ကူး နေပြီ။ မီ ကလည်း ကူးလာနေသည်။ မီ့ လက်ထဲမှာ လက်ဖက်ရည် ခွက်လေး ကိုင်ထားသည်။ သူ့ကို လှမ်း၍လည်း လက်ပြသည်။ မိုးက တဖွဲဖွဲလေး ရွာနေချိန် ...။

ထိုစဉ်ခိုက်မှာ တစ်ဖက်ဆီမှ လေးလေးဆွေ ၏ ကားကလည်း မောင်းလာနေသည်။ ရပ်ထားသော မီ့ ကားကို ကျော်၍တက်သည်။ မီ ကလည်း သူ့ကိုပဲ လှမ်းကြည့်နေသည်။ လေးလေးဆွေ ၏ ကားကို လည်း မြင်ဟန်မတူ။ လေးလေးဆွေ ကလည်း မြင်ဟန်မတူ။

သူ မြင်လိုက်ရသည်က မီ နှင့် သူ့အမြင်ကြားထဲသို့ တိုးဝင်လာသည့် လေးလေးဆွေ ၏ ကား ...၊ ပြီးတော့ မီ့ ကို တိုက်မိလိုက်ကာ မီ့ လက်ထဲမှ လက်ဖက်ရည်ခွက် ကတ္တရာလမ်းပေါ် ကျသွားတာ .. မီ လဲကျသွားတာ .. ခွေခနဲ လမ်းပေါ်မှာ ရှိနေတာ ...။ အားလုံးကို ထိတ်လန့်တုန်လှုပ်စွာ သူ မြင်နေရသည်။ သူ့ရင်ထဲမှာ မီ ပဲ ရှိနေသည်။

မီ တစ်ခုခု ဆိုးဆိုးဝါးဝါး ဖြစ်ကုန်ပြီဟု သိနေသည်။ သူ့နှုတ်ဆီမှ အလန့်တကြား ထိတ်လန့်စွာ အော်လိုက်သံ ပေါ်လာပါ၏။ ရင်ခေါင်းသံဖြင့် ခေါ်လိုက်သံ ...။

"မီ .."

လူကလည်း မီ့ ထံ ပြေးသွားမိရပါ၏။

ဖျတ်ခနဲ တိုးဝင်လာသည့်ပုံရိပ်များ .. ဟုတ်သည် .. ပုံရိပ်များ။ တစ်ထပ်တည်းတူနေသည့် ပုံရိပ်များ ...။ တစ်ခုပဲရှိသည် .. အော်၍ပြေး



www.burmeseclassic.com

www.burmeseclassic.com



လာသူက မီ ဖြစ်နေသည်။ ခွေလဲနေသူက သူ ဖြစ်နေသည်။ ခုလိုပဲ မိုးဖွဲဖွဲကြားမှာ လက်ဖက်ရည်ခွက်လေးကိုင်မြှောက်ပြသူက သူ ဖြစ်နေသည်။ ပြီးတော့ ခုလို ကားနှင့် တိုက်ခဲ့တာ .. သူ့လက်ထဲမှ လက်ဖက်ရည်ခွက် ကျကွဲသွားတာ .. သူ လဲကျသွားတာ .. မီ ပြေးလာနေတာ.. သူ့ကို ပွေ့ယူလိုက်တာ အားလုံးပြန်ပေါ်လာနေသည်။ သူ ဟိုတယ်မှ ထွက်ခဲ့တာတွေလည်း ပေါ်နေသည်။

ဟိုတယ်မှ ထွက်လုထွက်ခင်မှာ အလင်းနု ၏ ဒရိုင်ဘာမှ သူ့ကို နာရီလေး လာပေးတာ .. အလင်းနု လာမည်ဆိုတာ ပြောပြနေတာကို လည်း ပြန်အမှတ်ရလာနေမိသည်။ သူ့စိတ်ထဲမှာ အလင်းနု ဆိုတာ ရောက်လာမည်မို့ စိတ်ညစ်ကုန်ရတာ။ စက်ဘီးလေး နှင့် ထွက်လာရင်း စက်ဘီး ဘီးပေါက်၍ ပြန်လာခိုက် မီ နှင့် တိုးခဲ့တာလည်း ပေါ်နေ သည်။ ဒက်ဒီမှ သူ့အတွက် ဟိုတယ်ကြီးဆောက်ပေးခဲ့သည့် အဖြစ် လည်း ပုံရိပ်တွေ အားလုံး တန်းစီ၍ ပေါ်နေသည်။

သူသည် ပစ္စုပ္ပန်ကိုလည်း သိနေသည်။ အတိတ်ကိုလည်း သိနေ သည်။ မီ နှင့် သူ ဆုံခဲ့တာကိုလည်း သိနေသည်။ မီ နှင့် မဆုံခင်က အဖြစ်တွေကိုလည်း သိနေသည်။ သူသည် အားလုံးကို ပုံရိပ်တွေအား လုံး ရိုပ်ရိုပ်ပါအောင် ဖြတ်သန်းပုံပေါ်နေသည့် ခန့်ထည်ဝါ လည်း ဖြစ် နေပြီ။ မိုးချိုသာ လည်း ဖြစ်နေသည်။

သူ မီ့ ထံ ပြေးသွားမိကာ .. မီ့ ကို ပွေ့ထူလိုက်မိသည်က စိုးရိမ် ဇောဖြင့်ပါ ..။ ဘုရားရေ .. သူ၏ မီ ဘာမှမဖြစ်ပါစေနှင့် ..၊ ဘာမှ မဖြစ်ပါစေနှင့် ..။ မီ လဲသွားတာမို့ လက်တံတောင်မှ သွေးစို့နေတာကို လည်း သူ ပွတ်သပ်ပေးနေမိရင်းမှ မီ့ ခေါင်းလေးကို အလောတကြီး ကိုင်စမ်းနေမိသည်။ သွေးသံထွက်နေပြီလား .. ခေါင်းလေးမှာ ဒဏ်ရာ တွေ ရှိနေပြီလား။ မီ ကတော့ သူ့ရင်ခွင်ထဲမှာ မျက်ဝန်းလေးတွေ မှိတ် ကျ၍ ငြိမ်သက်နေပါ၏။ မီ့ ကို ပွေ့ထားမိရင်းမှ ...





"မီ .. မီ .."

ဟု ပါးလေးကိုပုတ်၍ ခေါ်နေမိသည်။ လေးလေးဆွေ လည်း ကားပေါ်မှ ဆင်းလာပါ၏။ သူ စိုးရိမ်တကြီး မော့ကြည့်မိကာ ...

"မီ့ ကို ကြည့်ပါဦး .. မီ ဘာဖြစ်သွားတာလဲ မသိဘူး ..၊ ဘုရား ရေ .. ဘာတွေဖြစ်ကုန်ပြီလဲ လေးလေးဆွေ ရာ ..၊ မီ့ ကိုမှ တိုက်ရတယ် လို့ဗျာ ..၊ မီ .. မီ .."

ဟု ခေါ်နေရင်းမှ ယူကျုံးမရစိတ်ဖြင့် ကိုယ်လေးကို သိမ်းပွေ့ လိုက်ကာ ...

"မီ့ ကို လာတွေ့တာ .. မီ့ ကို ဒုက္ခပေးသလိုပါလားဗျာ"

သူ မျက်ရည်ကျလာရပါသတည်း။ လူသူတချို့ လျှောက်လာနေ ကြချိန်မှာ လေးလေးဆွေ မှ ...

"မီ ကားပေါ်တက်ရအောင်"

ဟု ကိုယ်ကိုင့်ကိုင်း၍ ပြောလာခိုက် မီ သူ့ရင်ခွင်မှ ခွာလိုက်ကာ သူ့ကိုမော့ကြည့်လိုက်တာ ကြုံရရင်းမှ ဝမ်းသာသွားရင်း ...

"မီ .. ဘာမှမဖြစ်ဘူးနော် .. ဘာမှမဖြစ်ဘူးနော် ..၊ ဘုရားရေ.. မီ ဘာမှ မဖြစ်ဘူးနော်"

ဟု ကလေးလေးကို ပါးလေးစမ်း ခေါင်းလေးစမ်းသလို သူ စမ်း ကာ မျက်ရည်လည်နေရင်း မေးနေတော့ မီ သူ့ကို မော့ကြည့်ရင်း လိုက်၍ မျက်ရည်လည်လာပါ၏။

"မီ .. စွန့်စားလိုက်ရတာပါ အစ်ကိုမိုးချိုသာ .. အန်ကယ်နဲ့ ဒီက လေးလေးဆွေ ကို အရင်ဆုံး လှမ်းပြီး ဒီအစီအစဉ်ကို ပြောပြ.. ဒီအတိုင်း ဆက်ကခဲ့တဲ့ ဒီဇာတ်လမ်းထဲမှာ အစ်ကိုမိုးချိုသာ ပါလာရင်း အားလုံး ကိုများ ပြန်မှတ်မိလာမလားလို့ မီ စွန့်စားကြည့်တာပါ ..၊ ရှင် အားလုံးကို ပြန်များမှတ်မိလာပြီလား အစ်ကိုမိုးချိုသာ"

ဟု မေးလာတော့ သူ မျက်တောင်မခတ် ငုံ့မိုးကြည့်နေမိရင်းမှ—



www.burmeseclassic.com

www.burmeseclassic.com



"မှီ ရယ် .."

ဟု တိုးတိုးဖွဖွညည်းမိရင်း မှီ့ ခေါင်းလေးကို ရင်မှာ ဖေးကပ်ထားလိုက်မိရပါပြီ။ မျက်ရည်လည်း ကျလာရင်းမှ ...

"ကျွန်တော် အားလုံးကို ပြန်မှတ်မိသွားရပါပြီ မှီ .. မှတ်မိသွားရပါပြီ မှီ ရယ် ...၊ ခုလဲ မှီ ဟာ ကျွန်တော့်ရဲ့ မှီ ပါပဲ"

ဟု ပြောမိရပါသတည်း။

မှီ့ ကိုယ်လေးကို ထိန်းမွေ့လိုက်ကာ လဲကျရှိန်လေးကြောင့် ပွန်းပဲ့နေသည့် လက်တံတောင်ဆစ်နေရာ၊ လက်ကောက်ဝတ်နေရာလေးတွေကို မချိတင်ကဲ ငုံ့မိုး စိုက်ကြည့်မိရင်း ...

"ကားပေါ် တက်ကြရအောင် မှီ .. မှီ့ ကားကို ကျွန်တော် မောင်းမယ် ...၊ ပန်းရိပ်မြုံကိုပေါ့ မှီ"

ဟု နူးညံ့စွာပြောမိကာ မှီ့ ကို ကားဆီသို့ တွဲခေါ်လာမိရပါပြီ။

ဤတစ်ကြိမ်မှာတော့ မှီ့ လက်လေးတွေကို သူ ဘယ်လိုမှ လက်တွဲ အဖြုတ်မခံနိုင်တော့ပါ ..။







ရနံ့ထုံရာ
ပွင့်ဖတ်လွှာတို့၊ သင်းထုံညှိဆိုင်း
ပွင့်ဖာတိုင်းမှာ၊ ပွင့်နေကြတာ
မင်းတွက်ပါကွယ် ..။
ညယှက်တွင်းမှ
ပန်းလွှာလှတွေ မေးဆက်စောင့်
နှင်းစည်းထက်လျက်၊ တောင်စဉ်ဆက်မှာ
တောင်တန်းကြားတွင် ...
ပန်းပင်ပျိုတွေ၊ မောင်ပျိုးနေတာ
မင်းတွက်ပါကွယ် ..။
ဝတ်ရည်စွေချို
ပန်းလှပျိုးများ၊ မောင်နှာရှုံ့သားတွင်
တောင်တန်းသွင်နယ် ...
ရောင်စုံခြယ်မွမ်း၊ တောင်စဉ်ခင်းမှ
လှပစွာလေ ...
ချစ်သူတေးသာ၊ မင်းတောလာတွက်
ပန်းတော်ဆက်နေ ...
ပန်းတို့ဝေသော တောင်တန်းများ ..။
ကြော် ..
ပန်းတို့ဝေသော တောင်တန်းများ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

လူကြီးတွေကတော့ ပန်းရိပ်မြုံ၏ ညှော်ခန်းမှာ ကြည်နူးစွာ စကားတွေ လှိုင်နေကြချိန်မှာ မို ကတော့ ပန်းခြံငယ်လေးမှာ သွားထိုင်နေလိုက်မိရပါပြီ ..။ မို့ လက်တံတောင်မှာ ပတ်တီးလေး စည်းထားသည်။

အားလုံးကတော့ မို့ ကိုပဲ ချီးကျူးနေကြသည်မို့ .. ထိုင်နေရမှာ မို အနေခက်သည်လေ။ မကြာလိုက် .. သူ ရောက်လာသည်။ မို ထိုင်နေသည့် ထိုင်ခုံနေရာမှာ တူတူလာထိုင်သည်။ မို့ ကို မျက်မှောင်ကုတ်၍ ကြည့်သည်။

"မို ရာ အဲသလိုလုပ်လိုက်တဲ့အချိန်မှာ ကိုယ် ရူးသွားနိုင်တယ်ဆိုတာ တွေးမပေးဘူးလား ..၊ မို အဲသလို ကားတိုက်ခံရသလိုမျိုး ဟန်ဆောင်လိုက်တာက ကိစ္စမရှိဘူး .. ကိုယ်က တကယ်ထင်ပြီး မျက်စိတွေ ပြာကုန်ရတာ နှလုံးခုန်တောင် ရပ်သွားတော့မယ့်အတိုင်း ဖြစ်ကုန်ရတာ သိရဲ့လား ကောင်မလေးရဲ့ .. ဒီမနက်မှာ အဲဒီ ဦးဘုန်းထက် ပြန်သွားပြီးချိန်မှာ မို က ဒက်ဒီ့ဆီ ဖုန်းဆက်ပြီး ခုလို မို လုပ်ကြည့်ချင်လို့ ခွင့်ပန်တာဆို .."



"ဟုတ်တယ်လေ .. ဒါမှ ရှင် သတိပြန်ရလာပြီး ရှင့် အလင်းနု ကို ချစ်နေတဲ့ကိစ္စ ဝန်ခံလာမလားလို့ ထင်မိတာလေ ..၊ ဒါမှမဟုတ်ရင်လဲ ရှင့် အလင်းနု ကို ချစ်ခွင့်မပန်ခဲ့ဘူးဆိုတာ မှန်နေရင်လဲ အဲဒီအမှန်တရားက ပေါ်လာမှာပေါ့ရှင် ..၊ ရှင့်ကို ပြန်သတိရလာစေချင်ပြီ မဟုတ်လား..၊ ဒီလို ရှင်က နောက်ကြောင်းမေ့နေရင်းနဲ့ တမိုတည်းမှီ နေရင် မို က ရှင့်ကိုသနားလို့ ရှင် စိတ်ချမ်းသာအောင် ကူမိရင်း ရှင့် အလင်းနု က လာလာပြီး ဟိုပြောသည်ပြော လုပ်နေမှာရှင့်"

"ရှင့် အလင်းနု .. ရှင့် အလင်းနု နဲ့ကွာ ..၊ မဟုတ်ပါဘူးဆိုမှ အဲဒီကိစ္စပဲ ခေါင်တည်ပြောနေတာ ခက်တယ်သိလား၊ စိတ်ညစ်လာပြီ..။ သူ့ကို ဘာချစ်ရေးမှ မဆိုခဲ့ဘူးဆိုတာ အခုလဲ ကိုယ်ပြောတယ် နောင်လဲ ကိုယ်ပြောနေမယ် ..၊ သူ့ဆီကို ဘယ်တုန်းကမှ ချစ်ခွင့်မပန်ခဲ့တာပဲ ဥစ္စာ ..၊ ခဏခဏ ဒီစကားကို ပြန်ပြန်ရစ်မနေနဲ့ .. နားညည်းတယ် သိလား"

သူ ဝေါက်ဆတ်ဆတ်ပြောကာ မို့ ကို မျက်မှောင်ကုတ်၍ ကြည့်ပြန်သည်။ ဘာမျှမပြောင်းလဲ၊ ဟုတ်သည် ..။

မိုးချိုသာ ဆိုသည့်သူ စိတ်ထဲမကြည်သာလျှင်လည်း ခုလိုပဲ မျက်မှောင်ကြီးကုတ်၍ မှုန်တေတေကြီး လုပ်လုပ်ကြည့်တတ်သည်ပဲလေ..။ မို ပြုံးချင်ပေမယ့် မပြုံးဘဲ ဟန်ဆယ်ထားမိရသည်ပါပဲ။

"အားလုံး သေချာ အကွက်ရိုက်ပြီးမှ မို့ ကို အက်ဆီးဒင့်ဖြစ်တယ်ဆိုတာမျိုး လုပ်ချကြတာကိုး ..၊ ခေါက်တာ ဦးသိလဲဟန် ကလဲ ဒက်ဒီ မေးကြည့်တဲ့အခါတုန်းက အဲသလိုလုပ်ကြည့်တာ ကောင်းတယ်လို့ ထောက်ခံခဲ့တာတဲ့လေ ..၊ ဒက်ဒီ ပြောပြနေတာ ဒေါ်လေးကတော့ ခေါင်းညိတ် နားထောင်ကျန်ခဲ့လေရဲ့ ..၊

မိုကတော့ လုပ်ချင်တာတွေ အားလုံး လုပ်ခဲ့ပြီးတော့ လူကြီးဝိုင်းကထွက်လာပြီး ဒီမှာလာထိုင်နေတာ ကောင်းသလား၊ လေအေးလေးအေး



www.burmeseclassic.com

www.burmeseclassic.com



ကဆို မို ဆိုပြီး ကိုယ်အော်လိုက်တာများ မျက်နှာမှာ သွေးဆုတ်နေသလိုပဲတဲ့ ..၊ အဲသလို ပြောပြတယ် .. ပြေးလိုက်တာလဲ မြန်လိုက်တာမှ ရိပ်ရိပ်ပါနေသလိုပဲတဲ့ .. ပြောပြီး ပြုံးနေတယ် ..၊ လူသိတယ်တဲ့ .. ချစ်တာကို ဖုံးဖုံးကွယ်ကွယ်တောင် မရှိဘူးတဲ့ .. အဲဒါ ကောင်းသလား မို .."

"ကောင်းသလား မို .. ကောင်းသလား မို နဲ့ လာမေးမနေနဲ့ ..၊ ကောင်းလို့ပဲ အခု ရှင့်နောက်ကြောင်းတွေရော မိုးချုပ်သာ ဆိုတဲ့ ဘဝကိုရော .. အခု ရှိနေတဲ့အချိန်တွေကိုရော အားလုံး ကောင်းကောင်း မှတ်မိနေရတာပဲ ဥစ္စာ"

ဟု ပြောတော့ သူ မို့ ကို ကြည့်သည်။ မို မထင်မှတ်လိုက်နိုင်ချိန်ပဲ သူ့လက်ဖဝါးတွေက မို့ ပါးလေးကို ဖွဖွလေး ပုတ်လာသည်။ ဆံစလေးကို သပ်ပေးလာသည်။ မျက်တောင်မခတ်လည်း ငေးကြည့်နေပါ၏။ မို ဤတစ်ကြိမ်မှာတော့ မျက်လွှာလေးချလိုက်မိကာ ရင်ထဲမှာ သိမ့်ခနဲ အေးမြကြည်နူးဖွယ် ခံစားမှုလေးက သိမ်မွေ့ညင်သာတိုးဝင် လာပါချေ၏။

"ကိုယ်လေ ဒေါ်လေးထား ပြောပြလို့ ကိုယ်ရှာနေတဲ့ ကောင်မလေးဟာ မို ဖြစ်နေတယ်ဆိုတာကိုလဲ သိလိုက်ရပြီ၊ ကိုယ် အဲဒီလို ရှာဖွေနေတုန်းက ရေးခဲ့တဲ့ ကဗျာလေးကိုလဲ မို ဖတ်ခဲ့ရပြီးပြီဆို ..၊ အဲဒီလို ကိုယ်ရှာနေတယ်ဆိုတာကိုလဲ မို သိခဲ့ရပြီးပြီဆို"

ဟု မေးလာတော့ မို ခေါင်းလေးကို ငုံ့သည်ငဲ့၍ သူ့အကြည့်ကို ရှောင်နိုင်ဖို့ ကြိုးစားမိရသည်က ရှက်၍ပါ ..။

ဟုတ်သည်လေ .. သူက နောက်ကြောင်းမေ့လျက် ရှိနေချိန်မှာ မို က သူသည် မို့ ကို လိုက်ရှာနေသည့် ခန့်ထည်ဝါ ဆိုသူဖြစ်နေတာ သူ့ကဗျာလေးကြောင့် သိခဲ့ရသည့်နှယ် .. သူသိမ်းထားရာ ထီးဝါဝါလေးကြောင့်လည်း သိခဲ့ရသည် မဟုတ်ပါလားလေ ..။





ထိုသို့ သိသည်မို့လည်း သူ့နောက်ကြောင်းတွေ ပြန်သတိရစေဖို့ မို ကြိုးစားခဲ့လေသမျှသည် သူ့ထံမှ အချစ်တွေကို မို ရလို၍ဖြစ်သည်ဟု သူ တွေးနေချေမည်လား မသိ။

မို ကလည်း မို့ ထံမှ ထီးလေးကို ယူသွားသည့် ကောင်လေးကို မေ့မရဘဲ ရှိနေခဲ့တာတွေကိုတော့ လောလောဆယ်မှာ မို မပြောရဲသေးပါ။ မို ရှက်သည်လေ။

"မို"

သူ ခပ်တိုးတိုးခေါ်တော့ မို ခေါင်းမမော့ဘဲ ပေကပ်၍ ခေါင်းလေးငိုက်ထားတော့ မို့လက်ထဲကို စာရွက်လေးတစ်ရွက် ညင်သာစွာ သူ ထည့်လာပါ၏။

"ဒီမနက်မှာ မောင် စပ်ခဲ့တဲ့ ကဗျာပေါ့ မို"

သူ့အသံက အရမ်းကို နူးညံ့သိမ်မွေ့နေသည်။ မို့ ရင်သည်လည်း သိမ့်ခနဲ ဖြစ်၏။ မောင် .. တဲ့လားလေ ..။

"ဖတ်ကြည့် မို ရယ် .."

ဟု ပြောလာရင်း မို့ လက်ထဲမှ စာရွက်လေးကိုယူကာ ဖြန့်ပေးပြန်ပါ၏။ ပြီးတော့ မို့ လက်ထဲကို ပြန်ထည့်ပေးလာသည်။

မို ရှက်သွေးဖြန်းနေရင်း ကဗျာလေးကို ဖတ်လိုက်မိရပါပြီ။ တကယ်က မို သည်လည်း သူ့ကဗျာလေးကို ဖတ်ကြည့်ချင်နေသည်ပါပဲ ..။

သူ့ကဗျာလေးဆီမှ အက္ခရာလေးတိုင်းသည် သူ့ရင်တွင်းဆီမှ ချစ်ခြင်းများစွာတို့ကို မို့ နှလုံးသားဆီသို့ ပို့ဆောင်အပ်နှင်းရမည့်တာဝန်ကို နူးညံ့သိမ်မွေ့သော ခြေလှမ်းလေးတွေ လှမ်းနေရင်းဖြင့် ဖြစ်တည်လာစေလိမ့်မည်ဟု မို ထင်သည်။

ဟုတ်သည် .. မို့ နှလုံးသားဆီသို့ လှမ်းလာနေသည့် ကဗျာခြေလှမ်းလေးများ .. ကဗျာလေးကို မို မြင်းရက်စွာပဲ ဖတ်လိုက်မိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာလေးသည် စာရွက်ဖြူဖြူလေးထက်ဆီမှ မို့ အာရုံဆီသို့ တိုးသက်တိုးဝင် မြင်လာစေသည်က ...

စမ်းချောင်းလေးနှင့် ရွက်လှေဝါဝါလေး ..။

ရွက်လှေဝါဝါလေးမှာ တယောပျိုတစ်လက်နှင့် ရှိနေသည့် သူ။

ထိုရွက်လှေလေးမှာ တေးကဗျာလေးတွေ ညည်းနေသည့် မို့..။

တယောပျိုတစ်လက်ကို ထိုးနေသည့် သူ ..။

ထိုပုံရိပ်လေးတွေသည် လှပနူးညံ့စွာ မို့ နှလုံးသားသို့တိုင်မျှ တိုးဝင် မြင်လာစေနိုင်စွမ်းကြချေသည်တကား ..။

မို့ အကြည့်လေးက ကဗျာလေး၏အဆုံးပိုဒ်မှာ တစ်ချက် တန့်ခနဲ ဖြစ်နေမိသည်။ မို့ မျက်ဝန်းမှာ ကြည်နူးမျက်ရည်တို့ ဝေ့နေကြပြီဆိုတာကိုလည်း သိနေရသည်။

တေးကဗျာချိုချိုနဲ့
တယောပျိုတစ်လက်ကို ပွေ့ပိုက်ရင်း
မင်းနဲ့ငါ ရွက်လှေတစ်စင်းမှာ
ရှိနေပါရစေ ..။
အြော် ..
ချစ်နေပါရစေ ..။

ရေးတတ်ချေသည်ကောရှင်ရယ် .. ဟု မို့ သူ့အချစ်တွေကို မြတ်နိုးတန်ဖိုးထားရင်း တွေးမိရပါပြီ။

မို့ သည် သူ့ထံမှ ချစ်ခြင်းကို ရသည့်အတွက် ကံအကောင်းဆုံး မို့ ဖြစ်သည်ဆိုတာကို မို့ နှလုံးသားက သိနေရပါ၏။

သူသည် မို့ ကို ငယ်စဉ်က တွေ့ခဲ့ရပြီးသည့်နောက်မှာလည်း မေ့မရစွာ ရှိခဲ့သူ။ နောက်တော့လည်း မို့ ကို ရှာဖွေနေခဲ့သူ။ မို့ နှင့် ဆုံ





တော့လည်း မို့ မှ မို့ ဖြစ်နေသည့်သူ ..။ သူ့ကို မို့ ကလည်း ငယ်စဉ်ကတည်းက ဆုံခဲ့သည့်ဘဝလေးကို မေ့မရနိုင်ပဲ ရှိခဲ့သူ ..။ ခုကျတော့လည်း သူ့ကို မြတ်နိုးစွာ ချစ်နေရသည့်သူ ..။

ထိုအဖြစ်များသည် သူနှင့် မို့ ဘဝမှာ ဖြစ်တည်လာသည့်အတွက် ကံကြမ္မာကို မို့ ကျေးဇူးတင်ပါသည်။ ကဗျာလေးကို ညင်သာစွာ ခေါက်၍ သူ့ကို ပြန်ကမ်းပေးစဉ်မှာ သူ ခေါင်းခါသည်။

"သိမ်းတာပါ မို့ .. နှလုံးသားမှာ သိမ်းထားပါ"

ဟု တိုးသက်နူးညံ့စွာ ပြောလာပါ၏။

သူ့အကြည့်တိုင်းမှာ ချစ်ခြင်းတွေ ပြည့်သိပ်နေကြသည်။ သူ့လက်က မို့ လက်လေးကို ဖွဖွ ထွေးဆုပ်လာပါ၏။ ဤတစ်ကြိမ်မှာတော့ မို့ မရုန်းရက်တော့ပါ။

မို့ မြတ်နိုးရသူ၏လက် ..။ မို့ ကို မြတ်နိုးသူ၏လက်မှာ မို့ လက်လေးတွေကို သူ ထွေးဆုပ်ထားပါစေလေတော့ ..။

"မို့ .."

သူ တိုးသက်စွာ ခေါ်လာပါ၏။ ပန်းရိပ်မြုံဆီမှ အနီကယ် ဦးဇေယျာ အားလုံးနှင့်အတူ ဝမ်းသာပြောဆို ရယ်မောနေကြသံတွေကလည်း တစ်ချက်တစ်ချက်မှာ လွင့်ပျံ့လာပါ၏။ သူကတော့ မို့ ဆံစလေးကို သပ်ပေးလာကာ ...

"မင်္ဂလာရက်ကို ဒက်ဒီနဲ့ ဒေါ်လေးထား တို့ တိုင်ပင်နေကြပြီ မို့ .. ကိုယ် မို့ ဆီကို လိုက်လာချိန်မှာ ကိုယ်ကြားခဲ့ရတယ် ..၊ သူတို့ တိုင်ပင်နေကြပြီ သိလား"

သူပြောတော့ မို့ ရှက်အမ်းအမ်းလေး ခေါင်းငုံ့ချမိရပါပြီ။ သူကတော့ မို့ ခေါင်းလေးကို သူ့ပခုံးပေါ် ဖျတ်ခနဲ ဖေးယူတင်လိုက်ကာ မို့ ပြန်ရုန်းမရအောင် ခေါင်းလေးပေါ် လက်ဖဝါးကို ဖေးတင်ကာ ...

"မောင်ကတော့လေ မို့ ကို ချစ်လွန်းလို့ မို့ အတွက် ပန်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပျိုးမယ်ဆိုရင်တောင်မှ ဥယျာဉ်တစ်ခုနဲ့ မလုံလောက်ဘူးလို့ ခံစားရတယ်၊ ဥယျာဉ်မှာ ပွင့်တဲ့ပန်းဟာ နည်းနေသေးမယ်လို့ မောင် ထင်နေတယ် မို ..၊ မို့ အတွက်ဆိုရင်လေ ဟောဒီ မို့ ကေသာလေးမှာ ပန်းတွေ ဆက်နိုင်ဖို့အတွက် နည်းနေသေးတယ်လို့ မောင် မှတ်ယူတယ် မို ..၊ မို့ ခေါင်းမှာ ပန်းသရဖူလေးတွေ မောင် ဆင်ပေးချင်တယ်..၊ ပန်းလေးတွေ ပန်ပေးချင်နေတယ် ..၊ အလှဆုံးပန်းလေးတွေနဲ့ပေါ့ မို"

သူ့အသံက သိမ်မွေ့လျက် သူ့လက်တွေကလည်း မို့ ဆံစလေးတွေကို နူးညံ့စွာ ဖေးသပ်ပေးနေဆဲပါ ..။ မို့ မျက်ဝန်းလေးတွေကို မှေးစိတ်ထားမိလိုက်ရပါပြီ ..။

မောင်တဲ့လားလေ .. မောင့်ပခုံးထက်မှာ မို သည်လည်း ဤသို့ပင် အားကိုးစွာ ခေါင်းလေးကို ဖေးမှီထားချင်ပါသည် မောင် ဟု ..။ တစ်နေ့မှာ မို့ ချစ်ခြင်းရတွေနှင့်အတူ မောင့် ကို ဝန်ခံပါရစေ မောင် .. မို ဝန်ခံရချေမည်သာ။

"မောင်နဲ့ မို ဟာ ဆုံကိုဆုံရမယ့်သူတွေ မလွဲမသွေ လက်ဆက်ရမယ့်သူတွေမို့ ခုလို ဆုံကိုဆုံကြရတာလို့ မောင် သိထားတယ် မို ..၊ မောင်လေ မို့ ကို ပန်းလေးတွေပျိုးပြီး ပန်းတွေဆက်ချင်တာ ဘယ်လောက်ထိလို့ ထင်သလဲ မို .. ဟင် .."

သူ့ခေါင်းက ငိုက်ခနဲ ငုံ့ချလိုက်ကာ မို့ ဆံစလေးကို ဖွဖွလေး နမ်းလာပါ၏။

"တောင်တန်းတွေမှာ မောင် ပန်းတွေပျိုးချင်တယ် ..၊ မောင့်ရွှေမင်းသမီးလေး မို့ အတွက် မောင် ပန်းတော်ဆက်ချင်တာက ပန်းတို့ဝေနေတဲ့ တောင်တန်းနဲ့အမျှပါ မို"

ဟု ပြောလာတော့ မို မောင့်လက်ကို အားကိုးစွာ လက်လေးဖြင့် တွေးဆုပ်လိုက်မိရပါပြီ။

ဤမျှချစ်သော မောင့်ချစ်ခြင်းတွေကို မို ဤတစ်သက်နှင့်ပင်မက





နောင်ဘဝများစွာ ပိုင်ဆိုင်ချင်သည်ဆိုလျှင် မို လောဘကြီးရာ ကျနေချေမည်လား မသိ ..။

"မို အားကိုးလိုက်ရတာ .. ချစ်လိုက်ရတာ မောင်ရယ်"

ဟု ရင်ထဲမှ တိုးသက်စွာ ပြောနေမိရပါပြီ။ တကယ်တော့ မို သည် မောင် ဖန်တီးရာ ပန်းတို့ဝေသောတောင်တန်းများ၏ ပန်းတို့၏ သခင် ဖြစ်ရချေသည့်တကား ..။

"နောက်ထပ် မို့ အတွက် မောင် ပန်းချီကားတစ်ချပ် ဆွဲပေးမယ် မို..၊ ပန်းတို့ဝေနေသော တောင်တန်းများရဲ့ ပန်းချီကားတစ်ချပ်ပါ မို"

ဟု မောင်ပြောလာကာ ဤတစ်ကြိမ်မှာတော့ မောင့်အနမ်းသည် စိတ်လှုပ်ရှားစွာ မို့ နဖူးပြင်ထက်မှာ ဖေးတင်လာပါ၏။

မို့ နဖူးပြင်နုနုထက်မှာ ပထမဦးစွာ ဖေးတင်ခွင့်ရပါလေသော အနမ်းဖူး အနမ်းဦးလေးကို ခြွေသက်ခွင့် ဖေးသက်ခွင့်ကိုလည်း မို ကြည်ဖြူခွင့်ပြုလိုက်မိရပါပြီကောလေ ..။

သြော် .. ပန်းတို့ဝေသောတောင်တန်းများသည် မောင်နှင့် မို့ ဘဝမှာ လှပလွန်းစွာ သစ္စာတရားနှင့်အတူ တည်မြဲခိုင်တည် ရှိသွားရချေဦးတော့မည်သာတည့် ...။

ရန့်ထုံရာ
ပွင့်ဖတ်လွှာတို့ သင်းထုံသို့ဆိုင်း
ပွင့်တံကိုင်းမျှ ပွင့်နေကြတာ
မင်းတွက်ပါကွယ် ..။
ဥယျာဉ်တွင်းမှ
ပန်းလွှာလှတွေ ပေးဆက်စေလျှင်
နည်းမည်ထင်လျက်၊ တောင်စဉ်ဆက်ဖြာ
တောင်တန်းပြာတွင် ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းပင်ပျိုတွေ၊ ယောင်ပျိုးနေတာ
မင်းတွက်ပါကွယ် ...။
ဝတ်ရည်မွှေးချို
ပန်းလှပျိုများ၊ ယောင့်နှလုံးသားတွင်
တောင်တန်းသွင်နှယ် ...
ရောင်စုံခြယ်ပွင့်၊ တောင်စဉ်ဆင့်မျှ
လှပစွလေ ...
ချစ်သူ့ကောသာ၊ မင်းကောသာတွက်
ပန်းတော်ဆက်နေ ...
ပန်းတို့ဝေသော တောင်တန်းများ ...။
ကြော် ...
ပန်းတို့ဝေသော တောင်တန်းများ ...။ ။

မျှဝေခံစားခြင်းများစွာဖြင့် ...

မဟူရာ (လှိုင်ကော်)
(၆-၁-၂၀၁၂)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥရှုရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃၂၁၃၂၃



www.burmeseclassic.com